


မြသန်းတင့်
၆၆



ဖုန်း ၂၆၉၇၆၁

မြသန်းတင့်

[illegible]

# အပိုင်း ၁

# ၁

မောင်မောင်လတ်သည် အိပ်ရာမှ နိုးသောအခါ မျက်လုံးများကို ဖွင့်လိုက်ပြီး အကြောအခြင်တွေကို ညှစ်ထုတ်နေသေးသည်။ ထော်က နာရီကို ကြည့်လိုက်သော အခါ ခုနစ်နာရီ ထိုးနေပြီ ဖြစ်သည်။ သူသည် ဝါးခနဲ သမ်းဝေကာ ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်သေးသည်။

သူ အိပ်နေသော နေရာမှာ သူ့ ဇနီးနှင့် အတူ အိပ်နေကျ အိပ်ခန်းထဲက နှစ်ယောက်အိပ် ကျွန်း ခုတင်ကြီးပေါ်တွင် မဟုတ်ဘဲ အိမ်အောက်ထပ် ဧည့်ခန်း ထဲက ဆိုဖာပေါ်တွင် ဖြစ်၏။ သုံးမတ်လုံးခန့်ရှိ ကြိမ်လုံးကြီးများကို ဘောင် ခတ်၍ ခွေကာ ကူရှင်ကြီးများ ခံ၍ ထားသော ဆိုဖာကြီးပေါ်တွင် မောင်မောင် လတ်သည် ခေါင်းအုံး မရှိ၊ စောင် မရှိဘဲ တစ်ညလုံး အိပ်ပျော်နေခဲ့သည်။ သူ့ ကိုယ်တွင် ရှပ်အင်္ကျီ လက်ရှည်၊ ဘိုးတိုင် အနက်၊ သက္ကလတ် ဘောင်းဘီရှည် နှင့် ရှူး ဖိနပ်တို့ကိုလည်း မနေ့ ညက အတိုင်း ဝတ်လျက်သား တွေ့ရသည်။ ကုတ်အင်္ကျီက ခပ်လှမ်းလှမ်းရှိ ဆိုဖာပေါ်တွင် ပုံလျက်သား ရှိနေပေသည်။

မောင်မောင်လတ်သည် ဆိုဖာကြီးပေါ်တွင် အိခနဲ နေအောင် လှိမ့်လိုက် ပြီး တစ်ရေးလောက် အိပ်မည်ဟု မှိန်းလိုက်ပြန်သည်။ သူသည် အပြာနု ဖဲစ ပေါ်တွင် ပန်းခက်တွေ ထိုးထားသည့် ဆိုဖာ မှီအုံးကို ရင်ခွင်တွင် ပိုက်ပြီး တစ်ဖက်သို့ စောင်းလိုက်သည်။ သို့ရာတွင် အိပ်လို့ကား မပျော်တော့ပေ။

အိပ်ခန်းထဲသို့ မရောက်ဘဲ ဆိုဖာပေါ်တွင် ဘယ်ပုံ ရောက်ခဲ့သည်ကို ပြန် ၍ စဉ်းစားနေမိ၏။ မနေ့ ညက မီးရထား ဟိုတယ်တွင် မိတ်ဆွေ တစ်ဦး အမေရိကသို့ ပညာသင် သွားမည် ဖြစ်၍ ကပွဲ တစ်ခု ရှိရာ ထို ကပွဲတွင် မောင်မောင်လတ်သည် အရက်ကို တစ်ခွက်ပြီး တစ်ခွက် သောက်ခဲ့သည်။ မိန်းမတွေနှင့် တစ်ယောက်ပြီး တစ်ယောက် တွဲ၍ ကခဲ့သည်။ သည်မျှလောက် ကိုသာ မှတ်မိတော့သည်။ ဘယ်လို အိမ် ပြန်ရောက်လာသည်ကိုမူ စဉ်းစား၍ မရတော့ပေ။

မှန်ပြတင်းကို ကာထားသည့် ခန်းဆီးများ ကြားမှ နေရောင်သည် အခန်းထဲသို့ ဖြာကျလာ၏။ သည်တော့မှ မောင်မောင်လတ်သည် မြိန်းခနဲ ပြန်၍ ပက်လက် လှန်လိုက်သည်။ နောက် လက်နှစ်ဖက်ကို ဆန့်တန်း၍ ကမ်းပေးလိုက်၏။ သို့ရာတွင် အနားတွင် ဘယ်သူမှ မရှိပေ။ သူနှင့် ခင်ရီရီတို့၏ အိမ်ထောင် သက်တမ်း ခုနစ်နှစ်လုံးလုံး မောင်မောင်လတ်သည် အိပ်ရာက ဘယ်တော့မှ ကိုယ်တိုင် မထခဲ့ဖူးပေ။ သူက လက်များ ဆန့်တန်း၍ ကမ်းပေးလိုက်သည်နှင့် ချစ်ဇနီး ခင်ရီရီသည် ကမ်းလာသော လက်များကို ဆွဲကာ သူ့ကို အိပ်ရာမှ ဆွဲထူမြဲ ဖြစ်၏။ ယခုတော့ အနားတွင် ချစ်ဇနီး ခင်ရီရီလည်း မရှိပေ။

သည်တော့မှ မောင်မောင်လတ်သည် အိပ်ခန်းထဲက ကျွန်း ခုတင်ကြီးပေါ်တွင် ချစ်ဇနီး ခင်ရီရီနှင့် အိပ်နေခြင်း မဟုတ်ဘဲ အောက်ထပ် ဧည့်ခန်းထဲက ဆိုဖာပေါ်တွင် စောင် မရှိ၊ ခေါင်းအုံး မရှိ၊ အဝတ်အစား လဲခြင်း မရှိဘဲ တစ်ယောက်တည်း အိပ်ပျော်နေသည့် အဖြစ်ကို အမှတ် ရလာသည်။ ကိုယ့်အဖြစ် ကိုယ် အမှတ် ရသည်နှင့် မောင်မောင်လတ်၏ မျက်နှာသည် ညိုမှိုင်းကာ မျက်မှောင်ကြီး ချီထားလိုက်သည်။

မောင်မောင်လတ်သည် ဟင်းခနဲ သက်ပြင်းရှည်ကြီး တစ်ချက်ကို ချလိုက်ပြီး အဖြစ်အပျက်များကို ပြန်၍ စဉ်းစားမိသည်။ သူနှင့် ချစ်ဇနီး ခင်ရီရီတို့ ရန်ဖြစ်ကြသည်ကို မြင်ယောင်လာသည်။ သူ့အဖြစ်ကို သူ တွေးမိလာသည်။

'ငါ့ကိုတော့ ရီက ခွင့်လွှတ်တော့မှာ မဟုတ်ဘူး ထင်တယ်၊ ဒါတွေဟာ ငါ့ အပြစ်တွေချည်းပဲ၊ ငါ့ကြောင့် ဖြစ်ရတာတွေ၊ ငါကြောင့် ..'

မောင်မောင်လတ်သည် စိတ်ထဲတွင် ရွတ်ဆိုရင်း သက်ပြင်းကို ချလိုက်သည်။

လွန်ခဲ့သည့် သုံးရက်က မောင်မောင်လတ်နှင့် ခင်ရီရီတို့သည် ရန်ဖြစ်ခဲ့ကြ၏။ မောင်မောင်လတ်သည် အိမ်တွင် ကလေးများအား စာသင်ပေးနေသည့် ကပြား ဆရာမကလေးနှင့် ပလူးပလဲ လုပ်နေသည်ကို ခင်ရီရီ တွေ့သွားသည့်နောက် လင်မယား နှစ်ယောက် အကြီးအကျယ် စကား များခဲ့ကြသည်။

ခင်ရီရီက သည်လောက် သစ္စာ မဲ့သည့် ယောကျ်ားနှင့် မပေါင်းနိုင်တော့ပါဟု ငိုကြီးချက်မနှင့် ဆိုသည်။ လင်မယား ရန်ဖြစ်သည်မှာ သုံးရက်ရှိသွားပြီ ဖြစ်သော်လည်း ယခုတိုင် တစ်ယောက်နှင့် တစ်ယောက် စကား မပြောကြဘဲ သုန်သုန်မှုန်မှုန် လုပ်နေကြသည်။





သူတို့ လင်မယား ကိစ္စမှာ အစေခံများက အစ အားလုံး သိနေကြသဖြင့် ဘယ်သူမှ စကား ဟဟ မပြောရဲဘဲ ဆိတ်ဆိတ်သာ နေကြလေသည်။ သည်အတိုင်း ဆိုပါက မောင်မောင်လတ်နှင့် ခင်ရီရီတို့ အကြင် လင်မယား အဖြစ် ပေါင်းသင်းနေခြင်းသည် ဘာ အဓိပ္ပာယ် ရှိပါဦးမည်နည်း။

ခင်ရီရီသည် ရန်ဖြစ်ပြီး ကတည်းက မောင်မောင်လတ်ကို မျက်နှာချင်း မဆိုင်တော့ဘဲ မင်္ဂလာ တံခါး ရှေ့ရှိ သူ့မိဘများ အိမ်သို့ ကလေးတွေကိုပါ ခေါ်သွားပြီး တစ်နေ့လုံး သွားနေသည်။ ညကျမှ ပြန်လာကာ အခန်း တံခါးကို အတွင်းက ပိတ်၍ အိပ်နေတတ်သည်။ ကလေးများမှာ အကွပ် အထိန်း မရှိ ဖြစ်ချင်တိုင်း ဖြစ်နေကြသည်။ ဒရိုင်ဘာ လင်မယားနှင့် ထမင်းချက် လင်မယားတို့ကလည်း ရန်ဖြစ်နေကြသည်မှာ တစ်အိမ်လုံး ကမ္ဘာ ပျက်သကဲ့သို့ ပေတည်း။

ရန်ဖြစ်သည့် နေ့က မောင်မောင်လတ်သည် မီးရထား ဟိုတယ်တွင် ဝီစကီ နှစ်ခွက်လောက် သောက်ပြီး ခင်ရီရီနှင့် ကလေးတွေ စားရန် ခရု ခေါက်ဆွဲကြော် လေးထုပ် ဝယ်လာခဲ့သည်။ ကားကို ဂိုထောင်ထဲသို့ အသွင်း ခိုင်းပြီး အိမ်ထဲသို့ ဝင်လာခဲ့၏။ ခါတိုင်းဆိုလျှင် ခင်ရီရီသည် တစ်ကိုယ်လုံး မွှေးကြိုင်အောင် ခြယ်သကာ သူ့ကို တံခါးဝမှ နှုတ်ဆက်လေ့ ရှိ၏။ သို့ရာတွင် ယနေ့တော့ တိုက်ရှေ့က ဘီလပ် တံခါးမှာ ပိတ်ထားကာ သော့ခလောက်ကြီး ခတ်ထားသည်။ အစေခံမလေးက လာဖွင့်ပေးတော့မှ အထဲသို့ ဝင်ခဲ့ကာ ခင်ရီရီကို လိုက်ရှာသည်။ နောက်ဆုံးကျတော့မှ ခင်ရီရီသည် အိပ်ခန်းထဲက ခုတင်ပေါ်တွင် မှောက်လျက် ငိုနေသည်ကို တွေ့ရ၏။ ခင်ရီရီ လက်ထဲတွင်တော့ ဆရာမက မောင်မောင်လတ်ထံသို့ ပေးသော စာရွက်ပြာကလေး။

'ဒါက ဘာလဲ'

မောင်မောင်လတ်က အိပ်ရာပေါ်တွင် မှောက်၍ တရှုံ့ရှုံ့ ငိုနေသော ခင်ရီရီကို ချော့မည် အပြုတွင် ခင်ရီရီက အော်လိုက်၏။ ခင်ရီရီ၏ အသံမှာ တင်းမာလှသည်။ သူ့ မျက်လုံးများမှာ ဒေါသကြောင့် ဝင်းဝင်း တောက်နေ၏။

သည့်နောက်တော့ တစ်ယောက် တစ်ခွန်း စကား များကြသည်မှာ တစ်အိမ်လုံး စီစီညံသွားလေသည်။ မောင်မောင်လတ်သည် အမှန်ကို ဖွင့်၍ ဝန်ခံကာ ခွင့်လွှတ်ရန် တောင်းပန်ရမည့် အစား 'ဘူး' ကွယ်ကာ သူ့ကိုယ်သူ အပြင်းအထန် ကာကွယ်သည်။ လက်ဆုပ် လက်ကိုင် မိထားလျက်နှင့် မောင်မောင်လတ်က ခွတ် ငြင်းသော အခါ ပို၍ ဒေါပွ လာ၏။ နဂိုက စိတ် ထက်

ရသည့် အထဲတွင် လင်ယောကျ်ား၏ သစ္စာ မဲ့ပုံကို လက်ဆုပ် လက်ကိုင် မိထားလျက်က ဇွတ် အတင်း ခံငြင်းနေသည်ကို တွေ့ရပြန်သဖြင့် ယမ်းအိုးလို ပေါက်ကွဲ ထွက်လာကာ အိပ်ရာ ဘေး စားပွဲပေါ်က ဆေးလိပ်ပြာခွက်ဖြင့် လှမ်း၍ ပေါက်လိုက်သည်။ အရှောင် ကောင်း၍ မောင်မောင်လတ်တွင် အထိအခိုက် မရှိခြင်း ဖြစ်ပေ၏။ သည်ကတည်းက ခင်ရီရီသည် မောင်မောင်လတ်နှင့် စကားလည်း မပြော၊ မျက်နှာချင်းလည်း မဆိုင်ဘဲ နေခဲ့ခြင်း ဖြစ်ပေသည်။

ချမ်းမြေ့ သာယာသော အိမ်ထောင်များတွင်မူ ပျော်ရွှင်ခြင်းသည် ထောင့်တိုင်းမှ ပေါ်လာတတ်၍ ချမ်းမြေ့ သာယာခြင်း မရှိသော အိမ်ထောင်တိုင်းမှာကား စိတ်ဆင်းရဲခြင်းသည် ထောင့်တိုင်းမှ ပေါ်လာတတ်ပေသည်။

'ခွင့်လွှတ်ဖို့ တောင်းပန်ရ ကောင်းမလား၊ သူ့ မိဘတွေ အိမ် ခေါ်သွားပြီး ရှင်းပြရရင် ကောင်းမလား'

မေးခွန်းများသည် မောင်မောင်လတ်၏ ဦးနှောက်ကို တဒေါက်ဒေါက် တီးခေါက် နေကြ၏။ သို့ရာတွင် ဘာကိုမျှ အဖြေ မရပေ။

မောင်မောင်လတ်သည် စိတ်ပျက် လက်ပျက်နှင့် စားပွဲပေါ်ရှိ ယွန်း စီးကရက် ဘူးထဲက စီးကရက် တစ်လိပ်ကို ဆွဲ၍ ဖွာရှိုက် နေလေသည်။



၂

မောင်မောင်လတ်သည် စီးကရက်ကို ဖွာရှိုက်ရင်း ကိုယ့်ကိုယ်ကိုယ် ပြန်လှန်စစ်ဆေး နေမိသည်။ တကယ်ဆိုတော့ သူ့ ကိစ္စသည် ခင်ရီရီ အဖို့ မိန်းမတစ်ယောက် အနေဖြင့် ခွင့်လွှတ်စရာ မကောင်းသည်မှာ အမှန် ဖြစ်၏။ သူ့အပြစ်ကို သူလည်း ဖော့၍ မတွက်ချင်ပေ။ သူ့ အပြစ်သည် သူ့လို အလွှာမှ သာမန် ယောကျ်ားတို့ မှားရိုး မှားစဉ် ကိစ္စ တစ်ရပ်ဟုလည်း သူကိုယ်သူ မလိမ်ချင်ပေ။ သူ့လို ခံ့ညား၍ ကျက်သရေ ရှိသော အသက် ၃၀ မျှသာ ရှိသေးသည့် ယောကျ်ား တစ်ယောက်သည် သူ့ထက် တစ်နှစ်မျှသာ ငယ်၍ ကလေး သုံးယောက်၏ မိခင် ခင်ရီရီလို မိန်းမ တစ်ယောက်နှင့် လင်ခန်း မယားခန်း ပြတ်စဲ ကွာရှင်းကြဖို့ရန်ကလည်း မဖြစ်နိုင်သေးပေ။

တကယ်ဆိုတော့ ခင်ရီရီသည် နုနယ် ချောမောတုန်း ဖြစ်၍ ရင့်ကျက်သော အလှ၏ သရဖူကို ဆောင်းထားဆဲ အရွယ် ဖြစ်၏။ ယခုလို အိမ်ထောင်ရေးနှင့် စိတ် မချမ်းမြေ့စရာတွေ ပေါ်ပေါက်လာခြင်းမှာ ဘယ်သူ့ အပြစ်မှ မဟုတ်၊ လှပ နုနယ်သော ခင်ရီရီကို ကျောခိုင်းကာ ဖောက်လွဲ ဖောက်ပြန်ပြုသော သူ့ အပြစ်သာ ဖြစ်၏။ ခင်ရီရီ မသိအောင် ဖုံးကွယ်ခြင်း မပြုနိုင်သော သူ့ အပြစ်သာ ဖြစ်၏။ သူ ဖောက်လွဲ ဖောက်ပြန် ဖြစ်နေကြောင်း ခင်ရီရီ သံသယ ဖြစ်နေသည်ကို လုံးဝ မသိသော သူ့ အပြစ်သာ ဖြစ်လေ၏။

မောင်မောင်လတ်သည် သူ့ အပြစ်ကို သူ တွေးမိကာ ခင်ရီရီနှင့် ကလေးတွေကို သနားလာသည်။ သို့သော် ဖြစ်ပြီးသားမို့ ဘာမျှ မတတ်နိုင်တော့ပြီ။ အကောင်းဆုံးမှာ အဖြစ်အပျက်တွေကို မေ့ပစ်လိုက်ရန်သာ ဖြစ်သည်။

ထို့ကြောင့် မောင်မောင်လတ်သည် လေကို အားရပါးရ ရှူရှိုက်လိုက်ပြီး ပြတင်းပေါက်နားသို့ လျှောက်လာခဲ့သည်။

စားပွဲပေါ်က အစေခံ ခေါ်သည့် ခေါင်းလောင်းကလေးကို နှိပ်လိုက်ပြီး ပြတင်းပေါက်ကို ဖွင့်လိုက်သည်။

အစေခံ ဖိုးရွှေ ရောက်လာလေသည်။ ဖိုးရွှေသည် မောင်မောင်လတ်၏ အိမ်တွင် အစေခံလည်း ဟုတ်၏။ မောင်မောင်လတ်၏ ရုံးတွင် မင်းစေ လုလင်လည်း လုပ်လေသည်။ ဖိုးရွှေသည် လုံချည်၊ အင်္ကျီများနှင့် ကြေးနန်းစာ တစ်စောင်ကို ကိုင်လာလေသည်။

'ရုံးက အလုပ်တွေ ပါလာသေးသလားဟေ့'

မောင်မောင်လတ်က ဖိုးရွှေ လှမ်းပေးလိုက်သော ကြေးနန်း စာအိတ်ကို ဖွင့်ရင်း မေးလိုက်သည်။

'ဆရာ့ စားပွဲပေါ်မှာ တင်ထားပါတယ် ဆရာ'

မောင်မောင်လတ်သည် သံကြိုး စာအိတ်ထဲမှ စာရွက်ကို ဖွင့်ကာ ကောက်ဖတ်လိုက်သည်။ သူ့ မျက်နှာမှာ ဝင်းထိန်သွားသည်ဟု ထင်ရပေ၏။

'ဖိုးရွှေရေ၊ မမ မနက်ဖြန် ရောက်လိမ့်မယ်ဟေ့'

'ဟုတ်ကဲ့ ဆရာ'

ဖိုးရွှေက လက်နှစ်ဖက်ကို နောက်ပစ်ကာ ကိုယ်ကို ယို့၍ ပြော၏။

မမ ရောက်လာလျှင် သူ့ဆရာ လင်မယား၏ ပြဿနာမှာ ပြေလည် သွားနိုင်ဖွယ် ရှိသည် ထင်လေ၏။

'မမ တစ်ယောက်တည်းလား ဆရာ၊ မင်းကြီး ပါဦးမလား'

'ကြေးနန်းထဲမှာတော့ သူ တစ်ယောက်တည်း လာမယ်လို့ ဆိုတာပဲ၊ မင်းမမရီဆီကို သွားပြီး အခန်း တစ်ခန်း ပြင်ထားဖို့ ပြောချည်'

'မမရီ'

ဖိုးရွှေက အံ့အား သင့်သလို ပြောလိုက်ပြီးမှ အရှိန် သတ်ကာ ဆက်မပြောဘဲ ရပ်နေ၏။

'ရော့ ရော့၊ ကြေးနန်း စာရွက်ကိုလည်း ယူသွားပြီး ပြလိုက်၊ သူ ရှင်းခိုင်းတဲ့ အခန်းကို ရှင်းပေးလိုက်၊ မင်း တစ်ယောက်တည်း မနိုင်ရင် အေးရှင်တို့ လင်မယားကို ခေါ်'

ဖိုးရွှေသည် ကြေးနန်း စာရွက်ကို ကိုင်၍ အပေါ်ထပ်သို့ တက်သွားသည်။ မောင်မောင်လတ်မှာ ပြတင်းပေါက်တွင် စီးကရက်ကို ဖွာလျက် ကျန်ရစ်ခဲ့သည်။

ခဏ ကြာလျှင် ကြေးနန်း စာရွက်ကို ကိုင်လျက် ဖိုးရွှေ ဆင်းလာသည်။

'မမရီက သူ တပ်မင်း ကတော်တို့ အိမ် အလည် သွားမလို့တဲ့၊ ဆရာ့ဘာသာ စီစဉ်ဖို့..'





ဖိုးရွှေသည် ရှေ့ဆက် မပြောရဲဘဲ စကားကို ရပ်ထားလိုက်သည်။ သူ့ခေါင်းကို အောက်သို့ ငုံ့စိုက်၍ ထား၏။

'ဒါဖြင့် အပေါ်ထပ်က အခန်း တစ်ခန်းကို ရှင်းထားလိုက်၊ ဩော် ဖိုးရွှေ၊ ငါ ရေချိုးချင်တယ်'

ဖိုးရွှေက မျက်နှာသုတ် ပဝါ၊ ဆပ်ပြာခွက် စသည်တို့ကို အဆင်သင့် ပြင်ပေးလေလျှင် မောင်မောင်လတ်သည် အောက်ထပ် ရေချိုးခန်းထဲသို့ ဝင်လာခဲ့သည်။

ရေချိုးခန်း နံရံကို ပြောင်လက်သော ကြွေရည်သုတ် အီတာလျံ ကျောက်ပြားများ စီ၍ ထားပြီး ကြွေဇလုံ အထက်တွင် မှန် တစ်ချပ် ချိတ်ဆွဲထားသည်။ ခပ်လှမ်းလှမ်းက ကြွေအင်တုံကြီးထဲတွင်မူ ဖိုးရွှေ အဆင်သင့် ဖွင့်ပေးထားခဲ့သောကြောင့် ရေမှာ ပြည့်လျှံနေသည်။

မောင်မောင်လတ်သည် ဝက်မှင် ဘီးတောင့်ကို ယူ၍ မုတ်ဆိတ် ရိတ်ရန် ဆပ်ပြာဖြင့် ပွတ်တိုက်ပြီး မုတ်ဆိတ် ရိတ်နေသည်။ မှန်ထဲမှ သူ့ မျက်လုံးများသည် သူ့ကို မေးခွန်း ထုတ်နေသည်ဟု ထင်ရသည်။ သူ့ အပြစ်ကို သူ တဖြည်းဖြည်း သဘော ပေါက်လာသည်။ သို့ရာတွင် ခင်ရီရီမှာ စိတ်ဆတ်သူ ဖြစ်သည်။ စိတ်ဆိုးမိလျှင် တော်တော်နှင့် မပြေတတ်သော မိန်းမ တစ်ယောက် ဖြစ်သည်။ ခင်ရီရီက ခွင့်လွှတ်အောင် ဘယ်လို တောင်းပန်ရမည်ကို စဉ်းစား၍ မရအောင် ဖြစ်နေပေသည်။

မုတ်ဆိတ် ရိတ်ပြီးသွားသဖြင့် သူ့ ပါးပြင်နှင့် မေးဖျားမှာ စိမ်းဖန့်ဖန့် ဖြစ်နေ၏။ မောင်မောင်လတ်သည် ချောပြောင်နေသော ပါးပြင်နှင့် မေးဖျားကို လက်ဖဝါးများဖြင့် ပွတ်တိုက် စမ်းသပ်ပြီး၍ ပြောင်လောက်ပြီဟု စိတ်ချရတော့မှ ကြွေဇလုံကြီးထဲသို့ ဆင်း၍ ရေကို စိမ်နေလိုက်သည်။

# ၃

ရေချိုးခန်းထဲမှ ထွက်လာသော အခါတွင် ဖိုးရွှေသည် သူ့ အဝတ်အစားများကို အသင့် ယူလာပြီး ဖြစ်၏။ မောင်မောင်လတ်သည် တိုက် အောက်ထပ် ဧည့်ခန်းထဲမှာပင် အဝတ်အစားများကို လဲလိုက်သည်။ ရုံးတက်ချိန် နီးပြီ ဖြစ်၍ စာခြင်းကို အဆင်သင့် လုပ်ထားရန်နှင့် ကား ထုတ်ထားရန်တို့ကို ဖိုးရွှေအား တစ်ဆက်တည်း ခိုင်းပြီး သူကိုယ်တိုင်ကမူ ရှပ်အင်္ကျီ၊ သက္ကလတ် ဘောင်းဘီ မီးခိုးရောင်၊ ကုတ်အင်္ကျီ မီးခိုးရောင်တို့ကို ဝတ်လိုက်ပြီး လည်စည်းကို စည်းနေသည်။

အဝတ်အစား ဝတ်ဆင်ပြီးနောက် ထမင်းစားခန်းထဲသို့ ဝင်လာခဲ့သည်။ ထမင်းစားခန်းထဲတွင် ခင်ရီရီကိုလည်း မတွေ့ရ၊ သမီး နှစ်ယောက်ကိုလည်း မတွေ့ရပေ။ ခါတိုင်း ဆိုလျှင် နံနက် ကော်ဖီ သောက်ချိန်၊ ထမင်း စားချိန် ဆိုလျှင် ထမင်းစားခန်းထဲ သားအမိ သားအဖ တစ်တွေ တစ်သိုက် တစ်ဝန်းကြီး ရှိကြစမြဲ ဖြစ်၏။

မှန်ဗီရိုပေါ်တွင် ဆင်စွယ် ခွေ၍ တင်ထားသည့် မောင်းကလေးကို အစေခံ တစ်ယောက်က တီးလိုက်သည်နှင့် မောင်မောင်လတ်၊ ခင်ရီရီနှင့် ကလေးတွေကို စာသင်ပေးသော ဆရာမလေးနှင့် တကွ ကလေးများပါ ရောက်လာကြကာ စားပွဲတွင် ဝိုင်းထိုင်လေ့ ရှိကြသည်။

ယခုတော့ ဘယ်သူမှ မရှိဘဲ မောင်မောင်လတ် တစ်ယောက်တည်း ဟာ၍ နေသည်။

မောင်မောင်လတ်သည် ဟာလာ ဟင်းလင်း ဖြစ်နေသော ထမင်းစားခန်းကြီးကို မြင်လိုက်ရသဖြင့် ရင်ထဲမှာ ဟာသွားသလိုတော့ ရှိလေသည်။ ခင်ရီရီသည် သူနှင့် မတွေ့အောင် တမင် ရှောင်နေခြင်း ဖြစ်ကြောင်း သိသဖြင့် စိတ်ပြေနေရာက ဒေါသ ထောင်းခနဲ ထွက်လာကာ စားပွဲတွင် ဝင်ထိုင်လိုက်သည်။ စားပွဲပေါ်က ကော်ဖီ ကရား၊ လက်ဖက်ရည် ပန်းကန်၊ ပေါင်မုန့်လွှာများ ထည့်

ထားသော ပန်းကန်၊ ထောပတ် ထည့်သည့် ငွေအစ်၊ ခါးနှင့် ခက်ရင်း အစုံ၊ မကျက်တကျက် ကြော်ထားသော ကြက်ဥကြော် လေးလုံး၊ သစ်တော်သီးနှင့် ငှက်ပျောသီး သုံးလေးလုံး ထည့်ထားသည့် ပန်းကန်ပြားများကို တွေ့ရသည်။

မောင်မောင်လတ်သည် စိတ်ထဲမှာ ဟာတာတာ ရှိသည်နှင့် ရုံးစာခြင်းနှင့် သူ့ အတွက် ရောက်နေသော စာများကို ဖိုးရွှေအား အယူ ခိုင်းလိုက်ပြီး ကော်ဖီ သောက်ရင်း ဖတ်နေသည်။ စာတစ်စောင်မှာ မတ္တရာမှ ဆန်စက်ပိုင် တစ်ဦးထံမှ စာ ဖြစ်သည်။ ထိုစာမှာ ခင်ရီရီဘက်မှ အမွေ ရသော မတ္တရာ တစ်ဝိုက်မှ လယ်များကို သူ့အား ရောင်းပါရန် ရေးလိုက်သော စာ ဖြစ်၏။

ခင်ရီရီသည် မတ္တရာဘက်တွင် လယ်ယာမြေ ဧက ငါးရာလောက်ကို အမွေများ ရလိုက်လေသည်။ သို့ရာတွင် အစိုးရ၏ လယ်ယာမြေ ပြည်သူပိုင် ပြုလုပ်ရေး ဥပဒေကြောင့် လည်းကောင်း၊ သူပုန်များကြောင့် လည်းကောင်း သီးစားခ မရသည်မှာ ကြာလှပြီ ဖြစ်၏။ သူတို့ ကိုယ်တိုင်ကလည်း ခေတ် ပညာတတ်များ အဖြစ် ကြီးပြင်းလာကြပြီး အစိုးရ အရာရှိကြီးများ ဖြစ်နေပေရာ လယ်မြေ ကိစ္စကို ရောင်းပစ်ချင်သည်မှာ ကြာပြီ ဖြစ်၏။ သို့ရာတွင် ပြည်တွင်းစစ်ကြီးနှင့် အစိုးရ၏ လယ်ယာမြေ ပြည်သူပိုင် ပြုလုပ်ရေး ဥပဒေကြောင့် ဝယ်သူ မရှိခဲ့ဘဲ သည်အတိုင်းပင် ပစ်ထားခဲ့ရသည်။ ယခု မတ္တရာ ဆန်စက် ပိုင်ရှင်က လယ်မြေများကို ဝယ်ရန် စကား ကမ်းလှမ်း လာသည်ကို တွေ့ရသော အခါ အံ့အား သင့်နေပေသည်။ ယခုလို မြေရှင် အများအပြား မြေယာတွေကို စွန့်လွှတ်နေရသော အချိန်တွင် ဘာ စိတ်ကူးနှင့် ဝယ်သည်ကို ဝေ့စား မရအောင် ဖြစ်နေသည်။

*ဦးမောင်မောင်လတ်မှာ အစိုးရ အရာရှိကြီး ဖြစ်နေသည့်ပြင် လယ်များကို ဂရုစိုက်ချိန် မရဟု သိရသည့် အတွက် ယခုကဲ့သို့ ကမ်းလှမ်းခြင်း ဖြစ်ပါသည်။ ယခုကဲ့သို့ သီးစားခ မရဘဲ စွန့်ပစ်ထားသည့် အတူတူ သင့်လျော်သော နှုန်း ရလျှင် ရောင်းလိမ့်မည်ဟု မျှော်လင့်ပါသည်။ အကယ်၍ ရောင်းမည် ဆိုပါက စကား ပြောဆိုရန် ကျွန်တော် မန္တလေးသို့ ဆင်းလာပါမည်။*

မောင်မောင်လတ်သည် စာကို သေချာစွာ ဖတ်နေ၏။ လယ်များကို ဈေး ချောင်ချောင်နှင့် ရလိမ့်မည် အထင်ဖြင့် ရေးလိုက်သော စာ ဖြစ်သည်။ အမှန်ကတော့ မောင်မောင်လတ်တို့ကလည်း မတ္တရာ တစ်ဝိုက်မှ လယ်မြေများကို





ရောင်းချင်နေသည်မှာ ကြာပြီ ဖြစ်၏။ သူတို့ စိတ်ကူးမှာ မတ္တရာဘက်မှ လယ်ကို အစိုးရက ပြည်သူပိုင် မသိမ်းမီ အလျင်အမြန် ရောင်းချ ပစ်လိုက်ကာ ခင်ရီရီ အမည်ဖြင့် ညီအစ်မတစ်တွေ စုပေါင်းကာ ကန်ထရိုက် လုပ်ငန်းကြီး တစ်ခု လုပ်လိုသည်၊ သို့မဟုတ် သွင်းကုန် လုပ်ငန်းကြီး တစ်ခု လုပ်လိုသည်၊ သို့မဟုတ် ခင်ရီရီ၏ ဖခင်ကြီး လုပ်နေသော မုံရွာဘက်မှ ကွာရီထဲတွင် ရှယ်ယာ ထည့်လိုသည်။

သို့ရာတွင် ယခု လောလောဆယ် အချိန်၌ မောင်မောင်လတ်နှင့် ခင်ရီရီတို့ စိတ်ဆိုး မပြေ၊ ပြန်ပေါင်း မတုပ်သေးသမျှတော့ သည်အကြောင်းတွေကို စဉ်းစားနိုင်မည် မဟုတ်သေးပေ။ သည် စာကို ပြ၍ ခင်ရီရီနှင့် ဈေးစပ်ရေး စကား ပြောကြလျှင်လည်း သည်ယုန် မြင်၍ သည်ချုံ ထွင်သည်ဟု အထင် ရောက် ခံရမည်ကို စိုးရိမ်ရသေးသည်။ ထို့ကြောင့် သည်ကိစ္စကို စိတ်ကူးထဲ မထည့်နိုင်သေးဘဲ ဘေးဖယ် ထားလိုက်ရသည်။

စာတွေကို ဖတ်ပြီးနောက် စာခြင်းထဲက ရုံးစာတွေကို ကောက်ဖတ်လိုက်သည်။ တစ်စောင်မှာ မြို့နယ် တစ်ခုမှ တောင်သူ လယ်သမား အဖွဲ့အစည်း တစ်ခု၏ ခေါင်းဆောင် တစ်ဦးက လယ်သမားများအား ထုတ်ပေးသည့် အစ တော်ကြေး ငွေများကို ဖြတ်စားသည့် အစီရင်ခံစာ တစ်စောင် ဖြစ်သည်။

နောက် တစ်စောင်မှာ ပုသိမ်ကြီး-မန္တလေး ပြည်တော်သာလမ်း ဖောက် လုပ်ရေးနှင့် ပြည်တော်သာ ကျောင်းများ ဆောက်လုပ်ရေး အတွက် တင်သွင်းသော လျှောက်လွှာ ဖြစ်သည်။

မောင်မောင်လတ်သည် စာများကို အောက်မှ မှတ်ချက်များ ရေးကာ ကော်ဖီကို ဆက်၍ သောက်နေ၏။ ကော်ဖီ သောက်ရင်း လက်ဝဲ သတင်းစာ တစ်စောင်ကို ဖတ်နေသည်။

သတင်းစာ ခေါင်းကြီးပိုင်းက နု-အက်တလီ စာချုပ်တွင် စီးပွားရေး မလွတ်လပ်မှုများ ပါဝင်ကြောင်း၊ အီး စီ အေ၊ တီ စီ အေနှင့် ကိုလံဘို စီမံကိန်းများသည် အမေရိကန်နှင့် ဗြိတိသျှတို့က စီးပွားရေး နယ်ဝယ်များကို လက်ဝါးကြီး အုပ်ထားရေး အတွက် လမ်းဖွင့်ပေးသော စာချုပ်များ၊ စီမံကိန်းများသာ ဖြစ်ကြောင်း၊ နိုင်ငံခြား ကုန်သန်း ရောင်းဝယ်ရေးတွင် ဗြိတိသျှ ဘဏ် များက လက်ဝါးကြီး အုပ်ထားသဖြင့် တိုင်းရင်းသား အရင်းရှင်တို့ ပျက်ပြား လာရကြောင်း၊ ဗြိတိသျှ ဘဏ်များကြောင့် မြန်မာ့ ငွေကြေး စနစ်တွင် အကျပ် အတည်း တွေ့လာကြောင်း၊ ထို့ကြောင့် ဗြိတိသျှနှင့် အမေရိကန်တို့၏ လက်

[illegible]

မောင်မောင်လတ်တွင် နိုင်ငံရေး ယုံကြည်ချက် မရှိပေ။ မည်သည့် နိုင်ငံရေး ပါတီ တစ်ခုဘက်ကိုမှလည်း ယိမ်းယိုင်ခြင်း မရှိပေ။ သူသည် လစ [illegible] ဆောင်ကျော် ရသော အုပ်ချုပ်ရေး အရာရှိကြီး တစ်ဦးသာ ဖြစ်၏။ ထို့ကြောင့် နိုင်ငံရေး ဝါဒများကို လေးလေးနက်နက် မစဉ်းစားခဲ့ခြင်း ဖြစ်၏။

သူ့ အယူအဆ၌ ဘယ်အစိုးရ တက်တက် အစိုးရ အရာရှိ တစ်ဦးသည် အစိုးရ၏ ဝါဒ အတိုင်း လုပ်ဆောင်ရမည်သာ ဖြစ်လေသည်။ သို့ရာတွင် မဖုံးမကွယ်ဘဲ ဆိုရသော် အာဏာရ ဖဆပလ အစိုးရ၏ ပါတီဘက်သို့ အနည်းငယ်တော့ တိမ်းညွှတ်ပေသည်။

သို့ တိမ်းညွှတ်ရာတွင်လည်း မောင်မောင်လတ်မှာ နိုင်ငံရေး အယူဝါဒကြောင့် တိမ်းညွှတ်ရခြင်း မဟုတ်ဘဲ သူ့ဘဝ အခြေအနေကြောင့် တိမ်းညွှတ်ရခြင်းသာ ဖြစ်သည်။

သူသည် ၁၉၅၀ ပြည့်နှစ်တွင် ဝိဇ္ဇာ ဘွဲ့ကို ရရှိခဲ့ပြီး မြန်မာနိုင်ငံ ဝန်ထမ်းအကြီး စာမေးပွဲကို ပထမ အသုတ်တွင် အောင်မြင်ခဲ့ကာ အလုပ်သင်မှ နယ်ပိုင်အဖြစ် အဆင့်ဆင့် ဆောင်ရွက်ခဲ့ပြီးသည့်နောက် နှစ် အနည်းငယ် အတွင်းမှာပင် ခရိုင်တွင် အကြီးဆုံးသော အုပ်ချုပ်ရေး အရာရှိ တစ်ဦး အဖြစ်သို့ ရောက်ရှိလာခဲ့သည်။

ယင်းသို့ ထိပ်တန်း အရာရှိကြီး ဘဝသို့ လျင်မြန်စွာ ရောက်ရှိခဲ့ခြင်းမှာ အာဏာရ ပါတီ ခေါင်းဆောင် အချို့၏ ထောက်ခံချက်ကြောင့်သာ ဖြစ်ပေရာ အရေး ကြုံလာသော အခါ မောင်မောင်လတ်သည် အစိုးရ အရာရှိ တစ်ဦးပီပီဘက် မလိုက်ဘဲ ဆောင်ရွက်ရမည် ဖြစ်သော်လည်း အာဏာရ ပါတီဘက်သို့ တိမ်းညွှတ်မိပြီးသား ဖြစ်နေပေသည်။

မောင်မောင်လတ်သည် သတင်းစာ ခေါင်းကြီးကို ဖတ်ပြီး နောက် တစ်ခွက် သောက်ရန် ကော်ဖီ ကရားကို ငှဲ့လိုက်သည်။ ဧည့်ခန်းဘက်ဆီမှ သမီးအကြီး ချိုချိုနှင့် သားငယ် မိုမို၏ အသံကို ကြားရလေသည်။

'ဟယ် မိုမိုက ကောင်းဘူးဟယ်၊ နင်က ရထားကို မိုင်းဖုံး ခဏ ခဏ မထောင်ရဘူးဟယ်'



[illegible]

'အင်း ကလေးတွေကလည်း [illegible] အတိုင်းအတွက် မရှိတော့ဘူး'

မောင်မောင်လတ်က စိတ်ထဲမှ ညည်းညူလိုက်လေသည်။

ကလေး နှစ်ယောက်သည် သူတို့ ဖေဖေ ခေါ်သံကြောင့် ပြေးလာကြသည်။

'မေမေကော'

မောင်မောင်လတ်က သားငယ်ကို ပွေ့ချီလိုက်ပြီး သမီးကို လက်ဆွဲကာ ထမင်းစားခန်းထဲသို့ လှည့်ဝင်လာရင်း မေးလိုက်သည်။

'မေမေ အိပ်နေတယ်'

ချိုချိုက ဖြေ၏။ ညက ကောင်းကောင်းမှ အိပ်ပျော်ရဲ့လားဟု စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားသည်။

'မေမေ နေကောင်းရဲ့လား သမီး'

ချိုချိုသည် ဖေဖေနှင့် မေမေ ရန်ဖြစ်ကြသည်ကို သိပြီး ဖြစ်၏။ သူ့ ဖေဖေနှင့် မေမေ စကား မပြောကြသည်ကိုလည်း သိပြီး ဖြစ်၏။

ထို့ကြောင့် သူ့ ဖေဖေကို ကြည့်ပြီး

'မေမေ နေမကောင်းဘူးတဲ့၊ သမီးတို့ကိုလည်း စာကျက်ရမယ်လို့ မခိုင်းတော့ဘူး၊ တီချာလည်း မရှိတော့ဘူး၊ မေမေက ကိုဘအောင်ကို ကားမောင်းပို့ခိုင်းပြီး မေမေကြီးတို့အိမ် သွားကြတဲ့'

'ကဲ ကဲ ဒါဖြင့် သွားကြ၊ သမီးတို့ကို ပို့ပြီး ပြန်လာတော့မှ ဖေဖေ ရုံးသွားမယ်၊ သြော် ချိုချိုရေ ခဏ'

မောင်မောင်လတ်သည် မှန်ဗီရိုပေါ်က ချော့ကလက်ထုပ်ကို ယူ၍ ပေးလိုက်သည်။ ချော့ကလက်ထုပ်မှာ ရန်ဖြစ်သည့်နေ့ ကတည်းက ကလေးတွေဖို့ ဝယ်ခဲ့ခြင်း ဖြစ်သော်လည်း မေ့၍ မပေးဖြစ်ဘဲ ယခုတိုင် ရှိနေခြင်း ဖြစ်၏။

'ဆရာ ဧည့်သည် လာတယ်'

ဖိုးရွှေက အခန်းဝတွင် လာရပ်၍ ပြောလိုက်သည်။

'ဘယ်က ဧည့်သည်လဲကွ၊ ရှုံးကိစ္စ ဆိုရင် ရှုံးကို လွှတ်ပါလို့ ဘယ်နှယ့် ပြောရမလဲ'

'ဘုန်းကြီး နှစ်ပါး ဆရာ၊ အကျိုးဆောင် သံဃာ့ အဖွဲ့ချုပ်ကတဲ့၊ ပထမပြန် စာမေးပွဲ မေးခွန်း ပေါက်တာနှင့် ပတ်သက်လို့ လျှောက်လွှာ တင်ချင်လို့တဲ့'

'သွား သွား၊ ခဏ စောင့်ပါလို့ ပြော'

တိုက်ရှေ့မှ ကလေးတွေကို ပို့ပြီး ပြန်လာသော ကား ဆိုက်သံကို ကြား ရလေသည်။

မောင်မောင်လတ်သည် အိတ်ထဲတွင် စီးကရက်ဘူး၊ မီးခြစ် စသည့် အသုံး အဆောင်တွေ ပါ မပါ စမ်းလိုက်ပြီး ဘာများ မေ့နေပါလိမ့်ဟု စဉ်းစားလိုက် သည်။ ဘာမျှ မမေ့၊ အားလုံး အစုံအလင်ပင် ရှိသည်။

ဧည့်ခန်းထဲမှ ထွက်မည် အပြုတွင် ခင်ရီရီနှင့် ရန်ဖြစ်သည့် ကိစ္စကို အမှတ်ရလာပြန်သည်။ ခင်ရီရီကို သွားပြီး ချော့မော့ရ ကောင်းလေမလားဟု စဉ်းစားမိပြန်သည်။ သူက မာလျှင် ကိုယ်ကလည်း တင်းမည် ဆိုသော မာန စိတ်ကလေးက တလူလူ ခေါင်းပြူလာပြန်သည်။

သို့ရာတွင် ကိုယ်က အမှားကို ကျူးလွန်ထားသူ ဖြစ်သဖြင့် အပျက်ပျက် နှင့် နှာခေါင်းသွေး ထွက်ကြမည် ဆိုလျှင် ကိုယ့် တာဝန် ဖြစ်နေမည်လားဟု စိုးရိမ်လာသည်။ နောက်ပြီး သူလို ထိပ်သီး အရာရှိကြီး တစ်ယောက်၏ အိမ် ထောင်ရေး ပြိုလဲသွားသည် ဆိုလျှင် အသိုင်းအဝိုင်းတွင် အမည်းစက်ကြီး တစ် စက် အဖြစ် ထင်ကျန်ရစ်ခဲ့မည်ကိုလည်း စိုးရိမ်လာသည်။

မောင်မောင်လတ်သည် ပါးစပ်တွင် ခဲထားသော စီးကရက်ကို နှစ်ဖွာခန့် ဆက်တိုက် ဖွာရှိုက်လိုက်ပြီး စားပွဲပေါ်က ကနကမာ ပြာခံခွက်ထဲသို့ ထိုးခြေ ကာ အပေါ်ထပ် အိပ်ခန်းထဲသို့ ဝင်ခဲ့လေသည်။



## ၄

ခင်ရီရီသည် အိပ်ခန်းထဲက အဝတ်ထည့် ဗီရိုကြီးကို ဖွင့်ကာ တစ်ခုတစ်ခုကို ရှာနေသည်။ အခန်းထဲတွင် ပစ္စည်းများမှာ ပြန့်ကြဲနေ၏။ ကုလားထိုင်ပေါ်တွင် မောင်မောင်လတ်၏ ညဝတ် အင်္ကျီကြီးမှာ အပုံလိုက် ကျနေသည်။ ခင်ရီရီ၏ ညဝတ် အင်္ကျီမှာ ခုတင်ပေါ် ခြေရင်းတွင် တင်ထားသည်။ ခြင်ထောင်မှာ ချ ထားလျက်ပင် ရှိသည်။ ဘရိုကိတ် လုံချည်များမှာ အထပ်လိုက် အထပ်လိုက် ကုလားထိုင်များပေါ်တွင် တင်ထားသည်။ ခင်ရီရီတွင် ဘရိုကိတ် လုံချည်များ ဆယ်ဒါဇင်လောက် ရှိမည်ဟု ထင်ရသည်။ ခင်ရီရီသည် သူ့ အမြတ်နိုးဆုံး ဘရိုကိတ် လုံချည်တွေကို ရွေးထုတ်ပြီး အိမ် ပြောင်းသွားဖို့များ စိတ်ကူးနေ သလား မသိပေ။

ခင်ရီရီမှာ အဝတ်အစား လဲပြီး ဖြစ်၏။ လေဒီ ဟယ်မီတန် အင်္ကျီ၊ လေဒီ ဟယ်မီတန် လုံချည်ကို ဝတ်ထားပြီး အခန်းထဲတွင် စီးသည့် လွှာချင်း ဖိနပ် ပါးပါးကလေးကို စီးထား၏။ ဆံပင်ကို ခပ်မြင့်မြင့် ထုံးထားပြီး ရွှေဘီး အသေးကလေးကို စိုက်ထားသည်။ ဆံနွယ်များသည် ဝါဝင်းသော လည်ကုပ် ပေါ်တွင် ဝဲကျနေကြသည်။

မောင်မောင်လတ်သည် ပွတ်လုံးများလို ဝါဝင်း ချောမွတ်နေသော ပခုံး နှစ်ဖက်ကို လည်းကောင်း၊ နွယ်ရှင်များလို လှုပ်ရှားနေကြသော အိစက်သည့် လက်မောင်းများကို လည်းကောင်း၊ ဖြိုးမောက်နေသော ကိုယ် အထက်ပိုင်း၊ သေးသွယ် ကျစ်လျစ်သည့် ခါးနှင့် ပိုးပျော့ လုံချည်ထဲတွင် ထင်ရှားစွာ ပေါ် နေကြသော ကားစွင့်သည့် တင်ပါးများနှင့် အိစက် လုံးချောသော ပေါင်တံများ ကို နောက်မှ နေ၍ သိုင်းခြုံ ကြည့်လိုက်သည်။

ရန်ဖြစ်ပြီး ကတည်းက ခင်ရီရီသည် မိဘ အိမ်သို့ ဆင်းသွားမည်ဟု တကဲကဲ လုပ်နေသည်။ မောင်မောင်လတ်အား သူ့ အပြစ် အတွက် ဒဏ်ခတ် ချင်သည်။ သို့ရာတွင် ဖြစ်ချင်ရာ ဖြစ်ချေတော့ဟု ပြတ်ပြတ်စဲစဲ လုပ်ရဲသည်

မဟုတ်ပေ။ တကယ်တော့ ခင်ရီရီသည် သူ့လင်ကို မမုန်းနိုင်သေးဘဲ ချစ်မြဲချစ်လျက်ပင် ရှိ၏။ သူ့ မိဘများအိမ် ဆင်းသွား၍ မေးလား မြန်းလား လုပ်လျှင်လည်း သူတို့ ကိစ္စမှာ ဖွင့်၍ မပြောအပ်သော ကိစ္စ ဖြစ်နေသည်။ ယခုလို ဆင်းသွားမည်ဟု ဟန်ရေး ပြနေခြင်းမှာ မဖြစ်နိုင်မှန်း သိလျက် ကိုယ့်ကိုယ်ကိုယ် လိမ်လည်နေခြင်းမျှသာ ဖြစ်သည်။ ယောကျ်ားက လာ၍ ချော့အောင် ဟန်ဆောင်နေခြင်းမျှသာ ဖြစ်ပေသည်။

မောင်မောင်လတ်၏ ခြေသံကို ကြားသဖြင့် ခင်ရီရီသည် လှည့်၍ ကြည့်လိုက်သည်။ သူ့ မျက်လုံးများမှာ ဝင်းဝင်း တောက်နေကြသည်။ မျက်နှာမှာ ဒေါသကြောင့် ပန်းနုသွေး လျှမ်းနေပေသည်။

ခင်ရီရီသည် တစ်ချက်မျှ ကြည့်လိုက်ပြီး ဗီရို အံဆွဲကို လိုသည်ထက် ပို၍ တအား ဆွဲဆောင့်လိုက်ပြီး တစ်စုံတစ်ရာကို ရှာနေပြန်သည်။

'ရီ'

မောင်မောင်လတ်က မရဲတရဲဖြင့် ခပ်တိုးတိုး ခေါ်လိုက်သည်။ ခေါင်းကို တမင် ငုံ့ထားလိုက်ပြီး သနားစရာ အသွင် ဖြစ်အောင် လုပ်နေလိုက်သည်။ သို့ရာတွင် ရေမိုးချိုးပြီး သပ်သပ်ရပ်ရပ် ဝတ်စားထားသဖြင့် သူ့ သွင်ပြင်မှာ လန်းဆန်းနေသည်ဟု ထင်ရပေသည်။

'သူ့မှာတော့ ပျော်လို့၊ ငါ့မှာသာ စိတ်ဆင်းရဲနေရတာ၊ မထူးဘူး၊ သွားမယ်၊ သူနှင့် မနေတော့ဘူး'

ခင်ရီရီက စိတ်ထဲမှ ပြောနေခြင်း ဖြစ်သည်။ နီရဲသော နှုတ်ခမ်းကလေးများသည် တရှုရှု တုန်လာကြသည်။ မောင်မောင်လတ်ကို မြင်တော့ ဒေါသတွေ မီးလျှံလို တောက်လာသည်။

'ရီ'

မောင်မောင်လတ်၏ မရဲတရဲ အသံ။

'ဘာလဲ'

ခင်ရီရီက ခပ်ဆတ်ဆတ် ထူးလိုက်၏။ ခင်ရီရီ၏ ကိုယ်မှ ဂိုယာ ရေမွှေးနံ့သည် တသင်းသင်း ပျံ့လာ၏။ ခွဲမက်စရာ ကောင်းသော ရုပါရုံ၏ အင်အားကို ဂန္ဓာရုံ အင်အားက စစ်ကူ ဖြည့်ပေးလိုက်သကဲ့သို့ ရှိပေသည်။ အဆင်းနှင့် အနံ့ကြောင့် မောင်မောင်လတ်၏ စိတ်သည် ပို၍ ပျော့ပျောင်းလာသည် ထင်ရ၏။

'ဒီနေ့ မမ ရောက်လာလိမ့်မယ်'





'သူ့ဘာသာသူ ရောက်တာ ရီနှင့် ဘာဆိုင်သလဲ၊ ရီ မေမေတို့အိမ် သွားနေမယ်၊ မတွေ့ချင်ဘူး'

'ရီ ဒီလို မလုပ်ပါနှင့်ကွယ်၊ မမကို ရီ တွေ့မှ ဖြစ်မှာပေါ့'

'အို မတွေ့ဘူး၊ မတွေ့ဘူး သွား'

ခင်ရီရီက သူ့ကို မကြည့်ဘဲ အော်ပစ်လိုက်သည်။ ခင်ရီရီမှာ မချိမဆံ့ ဝေဒနာကို ခံစားနေရသူလို ဖြစ်နေ၏။ သူ့ မျက်နှာထားတို့ကလည်း မောင်မောင်လတ် အပေါ်တွင် ဒေါသ မပြေသေးကြောင်း သက်သေ ပြနေသည်။

မောင်မောင်လတ်က တံတွေးကို တစ်ချက် မျိုလိုက်ပြီး

'ရီရယ်၊ ရီ ဒီလို ထင်ရာ လျှောက်လုပ်ရင် အရှက်တကွဲ ဖြစ်ကုန်ပါလိမ့်မယ်၊ မောင့် အမှားပါကွယ်၊ မောင် တောင်းပန်ပါတယ်၊ ရီ သိတဲ့ အတိုင်း'

ခင်ရီရီက ခါးကို ထောက်၍ သူ့ဘက်သို့ လှည့်ကာ ဆတ်ခနဲ ကြည့်လိုက်သဖြင့် မောင်မောင်လတ်မှာ ရှေ့ဆက် မပြောဘဲ ရပ်နေသည်။

အတန် ကြာတော့မှ

'ရီ ကျေနပ်အောင် မောင် တောင်းပန်ပါတယ်ကွယ်၊ မောင့်ကို ပေးချင်တဲ့ အပြစ် ပေးပါနော် ရီ၊ လေး ငါး ခြောက်နှစ် ပေါင်းလာကြပြီးမှ မောင့်ဘက်က ခုလို မတော်တဆ'

'ဘာလဲ၊ တဏှာကြော ထတာကို မတော်တဆလို့ ပြောဦးမလို့လား။ တော်ပြီ တော်ပြီ၊ ရှင် ကျွန်မကို တောင်းပန်မနေနှင့်၊ ရှင် တဏှာကြော ထတာတွေကိုလည်း မကြားချင်ဘူး'

ခင်ရီရီက အော်ပစ်လိုက်ပြီး အားကုန်ကာ ပန်းသွားဟန်ဖြင့် ဘီရိုကိုက်လုံချည် အထပ်လိုက်ကို တင်ထားသည့် ကုလားထိုင် နောက်မှီကို လက်နှစ်ဖက်ဖြင့် ကိုင်ထားလိုက်သည်။ သူ့ နှလုံးမှာ တဒိတ်ဒိတ် ခုန်နေသည်။ အသက်ရှူသံမှာ မြန်၍ ပြင်းနေသည်။ လက်ဖျားများကလည်း အေးစက်နေကြပေသည်။

'ဟင်း ဟင်း ရှင့်လို ကိုယ်ကျင့်တရားကို မစောင့်ထိန်းနိုင်တဲ့ အရာရှိကြီးတွေ အုပ်ချုပ်တဲ့ တိုင်းပြည်မှ မပျက်စီးရင် ဘယ်တိုင်းပြည် ပျက်စီးဦးမှာလဲ'

ခင်ရီရီက နှုတ်ခမ်းကို မဲ့ပြီး တမင် လုပ်၍ ရယ်လိုက်၏။

'တော်ပါတော့ ရီရယ်၊ ကိုယ် မှားပါတယ်၊ ကိုယ် တောင်းပန်ပါတယ်လို့ ရှိကို အထပ်ထပ် ပြောပြီးပြီ မဟုတ်လား၊ ဒါကို ရီက မကျေနပ်ဘဲ အိမ်ပေါ်က ဆင်းသွားမယ် ဆိုရင် ဘယ် အခြေ ရောက်မယ် ဆိုတာ ရီလည်း

စဉ်းစား ကြည့်ပါဦး ရီရယ်၊ ကိုယ့်ကို မုန်းလို့ စွန့်ပစ်နိုင်တယ် ထားပါဦး၊ ဖေဖေတို့ မေမေတို့နှင့် ကလေးတွေ မျက်နှာကို ထောက်ဖို့ ကောင်းပါတယ်၊ ကိုယ့်ဂုဏ်ကို ငဲ့ညှာဖို့ ကောင်းပါတယ်၊ မောင့်ကို ခွင့်မလွှတ်နိုင်လို့ ဆင်းသွားရင် ကလေးတွေ မျက်နှာ ငယ်ကြတော့မယ်၊ အပြစ် ရှိတဲ့ မောင့်ကြောင့် အပြစ် မရှိတဲ့ ကလေးတွေ စိတ်ဆင်းရဲရမယ် ဆိုရင် မကောင်းပါဘူး ရီရယ်၊ ရီ မကျေနပ်ရင် မောင့်ကို ပေးချင်တဲ့ အပြစ် ပေးပါ၊ မောင် တောင်းပန်ပါတယ်၊ ရီ ဒီလို ဆင်းသွားတဲ့ အကြောင်းရင်းကို မိတ်ဆွေတွေ သိသွားရင် မောင်လည်း အရှက်ကွဲ ရီလည်း အရှက်ကွဲ တစ်မျိုးလုံး အရှက် ကွဲလိမ့်မယ်၊ ပြီးတော့ သတင်းစာတွေကရော ရေးကြတော့မယ်၊ အို အကုန်လုံး အရှက် ကွဲကုန်ကြလိမ့်မယ် ရီ'

ခင်ရီရီသည် ဘာမျှ မပြောတော့ဘဲ ကုလားထိုင်ပေါ်တွင် အရုပ် ကြိုးပြတ် ထိုင်ချလိုက်သည်။

ပြီးမှ နှုတ်ခမ်းကို တမင် မဲ့လိုက်ပြီး

'ဩော် ရှင်က ကလေးတွေ အတွက် ထည့်စဉ်းစားသေးသကိုး၊ ထတုန်းကတော့ ကလေးတွေ အကြောင်း ထည့်မစဉ်းစားဘဲ ခုမှ ကလေးတွေ အတွက် ပူပန် စိုးရိမ်နေသလား၊ ဟင်း ဟင်း ရယ်စရာ ကောင်းလိုက်တာ၊ ဒီမှာ ရှင် ကလေး အတွက် ပူတယ် ဆိုတာ ကျွန်မ ပူတာထက် ဆယ်ပုံပုံ တစ်ပုံတောင် မရှိဘူး၊ ဒီကလေးတွေကို ကျွန်မက မွေးထုတ်ထားရတာပါ'

ခါတိုင်း ဆိုလျှင် ခင်ရီရီက 'မောင်' ဟု ခေါ်၍ သူ့ကိုယ်သူ 'ရီ' ဟု ပြောလေ့ ရှိ၏။ ယခုတော့ ရှင် တစ်ခွန်း ကျွန်မ တစ်ခွန်းဖြင့် ရင့်သီးစွာ ပြောနေသည်။ မောင်မောင်လတ်သည် ဘာမျှ မပြောဘဲ ကုလားထိုင် လက်တင်ပေါ်တွင် တင်ထားသည့် ခင်ရီရီ၏ လက်ကို လှမ်းဆွဲလိုက်သည်။

ခင်ရီရီက အထိ မခံဘဲ လက်ကို ရုပ်ပစ်လိုက်ကာ

'ကလေးတွေ အတွက် ရှင် ပူတယ် ဆိုတာ ကျွန်မ အိပ်နေသလောက်ပဲ ရှိတယ်၊ ခု မေမေတို့အိမ် ဆင်းသွားဖို့ ဆုံးဖြတ်တာလည်း ကလေးတွေ အတွက် ပူလွန်းလို့ သိလား၊ သစ္စာ မဲ့တဲ့ အဖေရဲ့ ကလေးတွေ အလေ လိုက်တဲ့ အဖေရဲ့ ကလေးတွေလို့ အခေါ် မခံချင်လို့ ဆင်းသွားတာ သိပြီလား၊ ရှင်နှင့် အတူတူ နေရင် ကလေးတွေပါ အကျင့် စာရိတ္တ ပျက်ကုန်လိမ့်မယ်၊ ကြည့်စမ်းပါဦး၊ အိမ်မှာ မယားကြီး ငုတ်တုတ် ရှိရက်နှင့် ကလေးတွေ စာသင်ပေးတဲ့ ဆရာမ နှင့် ဖြစ်မိအောင် ဖြစ်လိုက်သေးတယ်'





'ရီရယ် မောင် တောင်းပန်ပါတယ်၊ ရီ ကျေနပ်အောင် မောင် ဘာလုပ်ရမလဲလို့သာ ပြောပါ၊ မောင့် အပြစ်ကို မောင် ဝန်ခံတာတောင်မှ ရီ မကျေနပ်နိုင်သေးဘူးလား'

မောင်မောင်လတ်က အက်ကွဲ ဆွေးမြည့်သံကြီးဖြင့် ပြောလိုက်၏။ ခင်ရီရီ၏ အဖြစ်ကို ကြည့်၍ လည်းကောင်း၊ လင်မယား ရန်ဖြစ်ထားသည့် သုံးရက်အတွင်း ဖြစ်ချင်တိုင်း ဖြစ်နေကြသော ကလေးတွေ အဖြစ်ကို စဉ်းစား၍ လည်းကောင်း မောင်မောင်လတ်မှာ စိတ်မကောင်း ဖြစ်နေသည်။

သည်လောက် ခင်ရီရီက ခါးခါးသီးသီး ဖြစ်နေသော အခါ ဝမ်းနည်း၍ လာကာ မျက်ရည်တွေ ဝေ့၍ လာပေသည်။

ခင်ရီရီက မျက်ရည်တွေ ဝေ့နေသော မောင်မောင်လတ်ကို လှမ်းကြည့်ကာ လှောင်ရယ် ရယ်လိုက်ပြီး

'ဟင်းဟင်း ကွယ်ရာမှာ ကမြင်းပြီးမှ မျက်ရည်ခံ ထိုးတတ်တဲ့ ယောကျ်ားမျိုး၊ မိန်းမ အပေါ်မှာ သစ္စာ မရှိတဲ့ ယောကျ်ားမျိုး၊ ဟင် ရှင် ကျွန်မကို ချစ်လို့ ယူခဲ့တာ မဟုတ်ဘူး၊ ကျွန်မ သိတယ်၊ ကျွန်မကို ရှင့် ဆန္ဒ ဖြေဖျော်ဖို့ အတွက် ယူခဲ့တာ၊ ကျွန်မနှင့် ငြီးငွေ့လာတော့ ရှင် နောက်တစ်ယောက်နှင့်၊ မဟုတ်ဘူးလား ဟင်၊ နောက်တစ်ယောက်ကို ငြီးငွေ့တော့ ရှင် အသစ် တစ်ယောက် ရှာဦးမှာပဲ၊ ကျွန်မ သိတယ်၊ ရှင့်မှာ အချစ် ဆိုတာ မရှိဘူး၊ သစ္စာ မရှိဘူး၊ အသည်းနှလုံး မရှိဘူး၊ ရှင့်လို အသည်းနှလုံး မရှိတဲ့ လူတစ်ယောက်ရဲ့ မျက်ရည်ဟာ ဘာမှ တန်ဖိုး မရှိဘူး သိလား၊ မျက်ရည်ခံ ထိုးမနေနှင့်၊ စဉ်းစားလေလေ ရှင့်ကို မုန်းစရာ ကောင်းလေ စက်ဆုပ်စရာ ကောင်းလေပဲ'

မောင်မောင်လတ်သည် မှုန်မှိုင်းသော မျက်လုံးများဖြင့် ခင်ရီရီကို ကြည့်လိုက်၏။ ခင်ရီရီမှာ ဒေါသကြောင့် နီမြန်းနေ၏။ နှုတ်ခမ်းများသည် တဆတ်ဆတ် ဖြစ်နေကြသည်။

တစ်ဖက်ခန်းမှ ကလေး အငယ်ဆုံး ပိုပို၏ ငိုသံကို ကြားရသည်။

ကလေး ငိုသံ ကြားရတော့မှ ခင်ရီရီ၏ မျက်နှာမှာ အနည်းငယ် တည်ငြိမ်သွားသည်။

ခင်ရီရီသည် ကုလားထိုင်မှ ထလိုက်ပြီး ဆက်လျက် အခန်းထဲသို့ ထသွားသည်။

'ရီ ခဏ နေပါဦး၊ မောင် တစ်ခွန်းလောက် ပြောပါရစေဦး'

မောင်မောင်လတ်က ခင်ရီရီ နောက်သို့ လိုက်သွား၏။

'ကျွန်မ အနားကို မလာနှင့်နော်၊ ကျွန်မ ကောင်မလေးတွေကို အော်ခေါ်လိုက်မယ်၊ ရှင့်အကျင့်တွေကို ခိုင်းတဲ့ ကောင်မလေးတွေ မသိဘူးများ အောက်မေ့မနေနှင့်၊ သွားမယ်၊ မေမေတို့ အိမ် သွားမယ်၊ ရှင့် မယားငယ်လေးနှင့် ရှင်နေရစ်'

ခင်ရီရီသည် တစ်ဖက်ခန်းမှ တံခါးကို ဂျိုင်းခနဲ မြည်အောင် ပိတ်လိုက်သည်။ မောင်မောင်လတ်သည် နဖူးတွင် စို့လာသော ချွေးသီးတွေကို သုတ်၍ အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။

'ဖိုးရွှေ ဖိုးရွှေ'

မောင်မောင်လတ် ခေါ်သံကြောင့် ဖိုးရွှေသည် ပြေးလာပြီး ရှေ့တွင် မတ်တတ် ရပ်နေသည်။

'မမ အတွက် ဘယ်အခန်း ပြင်ရမလဲလို့ မင်း မမရီကို မေးပြီး ပြင်ထားလိုက်'

မောင်မောင်လတ်က ဖိုးရွှေကို လှမ်းပြောကာ တိုက်ရှေ့က ကားပေါ်သို့ တက်လိုက်ပြီး ရုံးသို့ အမောင်းခိုင်းလိုက်သည်။

ဖိုးရွှေသည် တံခါးဝတွင် ငေး၍ ကျန်ရစ်ခဲ့လေသည်။

မော်တော်ကား ထွက်သွားသံ ကြားတော့မှ ခင်ရီရီသည် သူ့ အိပ်ခန်းထဲသို့ ပြန်ဝင်လာခဲ့လေသည်။ တလေး အငယ်ကိုမူ ကရင် နာနီကြီးထံ အပ်ထားခဲ့သည်။

ခင်ရီရီသည် အိပ်ခန်းထဲ ရောက်တော့ ခုတင်ပေါ်တွင် ပစ်လှဲ ချလိုက်သည်။ အိမ်မှု ကိစ္စတွေကို ခေါင်းထဲက ထုတ်ပစ်လိုက်သည်။ သည်လောက် လင်မယား တလောက်တဆ ဖြစ်နေသည့် ကြားထဲကပင် အိမ်မှု ကိစ္စများမှာ တစ်ခုပြီး တစ်ခု ပေါ်လာတတ်ကြသေးသည်။

'အငယ် ကလေးကို ခင်နီ ဒီကာ တိုက်ရင် နွားနို့ထဲ ရောတိုက်လိုက်ရမလား မမလေး'

နာနီက အခန်းဝမှ မရဲတရဲ မေးလိုက်သည်။

ခင်ရီရီသည် နာနီကို လှည့်မကြည့်ဘဲ

'မသိဘူး နာနီ၊ ခါတိုင်း တိုက်သလို တိုက်ပေါ့၊ လာ မေး နေရသေးသလား'

ခင်ရီရီက အော်လွှတ်လိုက်တော့မှ နာနီသည် မမြင်အောင် လျှာတစ်လစ် ထုတ်ပြီး ပြန်လှည့်သွားလေသည်။





မောင်မောင်လတ် ထွက်သွားသော်လည်း ခင်ရီရီမှာ ဒေါသ အရှိန် မပြေသေးပေ။ သူ့ ကောင်မနှင့် တွေ့ကြတုန်းပဲလားဟု တွေးနေမိသည်။ သူတို့ နှစ်ယောက် ဆက်တွေ့နေကြတုန်းပဲလားဟု မမေးလိုက်ရသည်ကို နောင်တ ရနေသည်။

ပစ်ပစ်ခါခါ ပြောမည့်သာ ပြောလိုက်ရသော်လည်း ခင်ရီရီသည် မောင်မောင်လတ်ကို မမုန်းနိုင်ပေ။

တကယ်တော့ မောင်မောင်လတ်အား ယခုလို စိမ်းစိမ်းကားကား ပြောချလိုက်ခြင်းမှာ ချစ်လွန်း၍ ပေါ်ပေါက်လာသော သဝန်ကို စိတ်က အပြောခိုင်းသောကြောင့်သာ ဖြစ်ပေသည်။

# ၅

မောင်မောင်လတ်မှာ ကျောင်းနေ ကတည်းက မိန်းမ ပွေသူ တစ်ဦး ဖြစ်သည်။ အင်းလျားနှင့် ဘင်တန်သို့ နေ့တိုင်း ရောက်ကာ မိန်းကလေးများကို ထည်လဲနှင့် တွဲတတ်သူ ဖြစ်သည်။ သို့ရာတွင် ဉာဏ်ကောင်းသဖြင့် အတန်းကျသည် ဟူ၍ မရှိဘဲ တစ်နှစ် တစ်တန်း မှန်မှန် အောင်လာခဲ့ပေသည်။

ဘီအေ အောင်ပြီး ရာထူးဝန် အဖွဲ့တွင် မြန်မာနိုင်ငံ ဝန်ထမ်း အကြီးတန်းကို ဖြေဆိုခဲ့ပြီးနောက် အလုပ်သင် မြို့အုပ် အဖြစ် ဝင်လုပ်ခဲ့သည်၊ နောက် နယ်ပိုင် ဝန်ထောက် အဖြစ် လုပ်ကိုင်ခဲ့ပြီး မကြာမီ သူနှင့် တစ်နှစ်တည်း အောင်သူများကို ကျော်လွှားကာ ခရိုင်ဝန် အဆင့်သို့ ရောက်ရှိလာခဲ့ပြီး ဝဏ္ဏကျော်ထင် ဘွဲ့ကိုပင် ရရှိခဲ့သည်။ သူနှင့် ပြိုင်ဘက်များ အနက် အတော်ဆုံးသော သူတို့ပင်လျှင် နယ်ပိုင် ဝန်ထောက်လောက်သာ ဖြစ်သေးသည့် အချိန်တွင် မောင်မောင်လတ်မှာ ခရိုင်ဝန် အဖြစ် ရာထူး တိုးမြှင့်ခြင်း ခံခဲ့ရပေသည်။

ယင်းသို့ အုပ်ချုပ်ရေး အရာရှိကြီး တစ်ဦး၏ နေရာသို့ လျင်မြန်စွာ ရောက်လာရခြင်းကား မောင်မောင်လတ်၏ အစ်မ၊ မမ၏ ခင်ပွန်း အစိုးရ ဌာန တစ်ခုမှ မင်းကြီး တစ်ဦး ဖြစ်သူ စည်သူ ဦးသက်ထွန်း၏ ကျေးဇူးကြောင့် ဖြစ်ပေသည်။ အကယ်၍ မင်းကြီး စည်သူ ဦးသက်ထွန်းက အကူအညီ မပေးသည့်တိုင် မောင်မောင်လတ်သည် သည်လို ရာထူးမျိုးကို သူ၏ အစ်ကိုများ၊ အစ်မများ၊ ဝမ်းကွဲ ဆွေမျိုးများ၊ ဦးလေးများမှ တစ်ဆင့် အလွယ်တကူပင် ရနိုင်ပေသည်။ သူ့ ဆွေမျိုးများမှာ အာဏာရ ပါတီ ခေါင်းဆောင်များနှင့် လည်းကောင်း၊ အစိုးရ အဖွဲ့ဝင် ဝန်ကြီးများနှင့် လည်းကောင်း အင်မတန် ရင်းနှီးသည့် အထက်တန်းလွှာမှသာ ဖြစ်ကြပေသည်။

မန္တလေးမြို့ တစ်မြို့လုံး အထက်တန်းလွှာများနှင့် ရန်ကုန် အထက်တန်းလွှာမှ အများစု အစိတ်အပိုင်းမှာ မောင်မောင်လတ်၏ မိတ်ဆွေများ၊ ဆွေမျိုးများသာ ဖြစ်ကြပေသည်။

မောင်မောင်လတ်သည် တန်ခိုး အာဏာရှင်တို့၏ အသိုင်းအဝိုင်းထဲတွင် မွေးဖွား ကြီးပြင်းလာခဲ့သူ ဖြစ်၏။

အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ အနက် သုံးပုံ တစ်ပုံလောက်မှာ သူ့အစ်ကိုများ၊ အစ်မများ၊ ဦးလေးများနှင့် ရင်းနှီးသော ကျောင်းနေဖက်များ ဖြစ်ကြပြီး ရှေးခေတ်ကတည်းက ယခုထိ အမှု ထမ်းရွက်နေသော အိုင်စီအက်စ်များနှင့် ထိပ်သီး အစိုးရ အရာရှိကြီးများ၊ သူ့အဖေ အတွင်းဝန် အိုင်စီအက်စ် ဦးဖေသိန်း၏ မိတ်ဆွေရင်းချာများ ဖြစ်ကြ၏။ ကျန် ဒုတိယ အတွင်းဝန်များ၊ လက်ထောက် အတွင်းဝန်များမှာ သူနှင့် ကျောင်းနေဖက်များ ဖြစ်ကြပေသည်။ ထို့ကြောင့် ယခုလို ထိပ်တန်း အုပ်ချုပ်ရေး အရာရှိကြီး တစ်ဦး အဖြစ်သို့ ရောက်ရှိရေးမှာ မောင်မောင်လတ် အဖို့ ခက်ခဲလှသော အလုပ် မဟုတ်ပေ။

သူ့ဘက်က တာဝန် ကျေပွန်အောင် ဆောင်ရွက်နိုင်ပြီး လူကြီး လူငယ် မရွေး ဝင်ဆံ့ဖို့သာလျှင် လိုပေသည်။ သို့သော်လည်း မောင်မောင်လတ်လို လူတစ်ယောက် အဖို့ ထိုအရည်အချင်းများမှာလည်း အင်မတန် ခက်ခဲလှသော အရည်အချင်းများ မဟုတ်ပါပေ။ သူ၏ ပွင့်လင်းမှု၊ သဘော ကောင်းမှုနှင့် ရိုးသားမှုတို့ကြောင့် မောင်မောင်လတ်ကို မိတ်ဆွေများက ခင်မင်တတ်ကြပေသည်။

နယ်ပိုင် ဝန်ထောက် အဖြစ် သုံးနှစ်လောက် အမှုထမ်း ပြီးသည်နှင့် တစ်ပြိုင်နက် အတွင်းဝန်ချုပ်၊ တိုင်းမင်းကြီး အတွင်းဝန်၊ လက်ထောက် အတွင်းဝန်များကပါ မောင်မောင်လတ်ကို မျက်စိ ကျလာကြသည်။ သူ့ လက်အောက် ငယ်သားများကလည်း သူ့ကို ချစ်ကြောက် ရိုသေလာကြသည်။ ဤအချိန်တွင် သူ့ အစ်မ မမ၏ ခင်ပွန်း မင်းကြီး စည်သူ ဦးသက်ထွန်းက စကား တစ်ခွန်း ပြောလိုက်သည်နှင့် မောင်မောင်လတ်သည် ထိပ်သီး အုပ်ချုပ်ရေး အရာရှိကြီး၏ နေရာသို့ တစ်ချက်တည်း ရောက်ရှိလာခဲ့ခြင်း ဖြစ်ပေသည်။

ရုံးသို့ ရောက်သည်နှင့် မောင်မောင်လတ်သည် သူ၏ ကိုယ်ပိုင် အခန်းထဲသို့ ဝင်ကာ ခေါင်းပေါင်းကို ကောက်စွပ်ခဲ့ပြီး အစည်းအဝေး ခန်းမထဲသို့ ဝင်လာခဲ့သည်။

ခရိုင် ပြည်တော်သာ အစည်းအဝေး ကျင်းပမည် ဖြစ်သဖြင့် ခရိုင် မြို့နယ်များမှ ပြည်သူ့ လွှတ်တော် အမတ်များ၊ နိုင်ငံရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အစိုးရ အရာရှိများ အားလုံး ရောက်ရှိကာ စကား ပြောနေကြသည်ကို တွေ့ရပေ၏။





မောင်မောင်လတ်သည် ရောက်နှင့်သော ပုဂ္ဂိုလ်များကို လှမ်း၍ နှုတ်ဆက်ကာ စားပွဲထိပ်တွင် ဝင်ထိုင်လိုက်သည်။

ပြည်တော်သာ အဖွဲ့၏ အတွင်းရေးမှူး ဖြစ်သော နယ်ပိုင် ဝန်ထောက်က စာရွက်စာတမ်းများကို ယူလာကာ သူ့ ရှေ့သို့ ချပေးရင်း

'က ပိုင်းမှာ ပြည်တော်သာ ရေတွင်း တူးဖို့နှင့် ပြည်တော်သာ တံတား ဆောက်ဖို့ ဆုံးဖြတ်ချက်တော့ ကျပြီ အစ်ကိုကြီး၊ ဒါပေမဲ့ အစ်ကိုကြီး လက်မှတ် မထိုးရသေးတာနှင့်'

သူ့ကို 'အစ်ကိုကြီး' ခေါ်သည့် နယ်ပိုင် ဝန်ထောက်မှာ အသက် လေးဆယ် ကျော်၍ ဆံပင်များမှာ ဖြူစ ပြုနေပြီ ဖြစ်၏။ ဆံပင်ဖြူနှင့် နယ်ပိုင် ဝန်ထောက်မင်းသည် အင်္ဂလိပ် လက်ထက် အကူ စာရေးမှ တစ်ဆင့် အဆင့်ဆင့် တက်လာကာ နယ်ပိုင် ဝန်ထောက် ဘဝသို့ ရောက်ရှိလာသူ ဖြစ်၏။

မောင်မောင်လတ်သည် သူ့ ရှေ့တွင် ကိုယ်ကို ယို့၍ နေသော နယ်ပိုင် ဝန်ထောက်မင်း၏ ဆံပင်ဖြူများနှင့် သူ့အား 'အစ်ကိုကြီး' ဟု ခေါ်သော အသံကို ဆက်စပ် စဉ်းစားမိရာမှ ပြုံးလိုက်မိသည်။ ပြီးမှ နယ်ပိုင် ဝန်ထောက်မင်း ထိုးပေးသော ဆုံးဖြတ်ချက်များကို လက်မှတ် ထိုးလိုက်သည်။

'ဒီနေ့တော့ မနေ့က အစည်းအဝေးက မပြတ်တဲ့ ဆည် တူးဖို့ ကိစ္စကို ဆွေးနွေးရင် ကောင်းမယ်လို့ ထင်တယ်၊ ဒါပေမဲ့ တစ်ခု ခက်တာက မတ္တရာ အမတ်မင်းနှင့် ပုသိမ်ကြီး အမတ်မင်းက သူ့နယ်ထဲမှာ တူးရေး ငါ့နယ်ထဲမှာ တူးရေး ဆိုပြီး အငြင်းပွား နေကြတာက ခက်တယ်၊ ကျွန်တော်တို့ ခရိုင် ပြည်တော်သာ အဖွဲ့ရဲ့ ရန်ပုံငွေနှင့် ချိန်ကြည့်လို့ ရှိရင် ဆည် များများ တူးနိုင်မှာ မဟုတ်ဘူး၊ ဒီတော့ အမတ်မင်း နှစ်ယောက် တစ်ယောက်နှင့် တစ်ယောက် ကွန်ပရိုမိုက်စ် လုပ်လို့ ရှိရင်တော့ ကျွန်တော်တို့လည်း ဆုံးဖြတ်ဖို့ လွယ်ကူတာပေါ့၊ မဟုတ်ဘူးလားဗျာ ဟဲ ဟဲ'

မောင်မောင်လတ်က မတ္တရာ အမတ်မင်းဘက်သို့ လှည့်ကြည့်၍ ပြောလိုက်သည်။ ပြည်တော်သာ အဖွဲ့ဝင် လူကြီးများ၏ မျက်လုံးများသည် သူ့ကို စူးစိုက် ကြည့်နေကြ၏။

မောင်မောင်လတ်သည် သူတို့တစ်တွေ စူးစိုက် ကြည့်နေသည်ကို တွေ့ရသော အခါ ကိုယ့်ဘာသာ မလုံမလဲ ဖြစ်လာသည်။ ငါ့ အကြောင်းကို သူတို့များ သိထားကြလေသလားဟု သံသယ ဖြစ်လာသည်။ လွန်ခဲ့သော နာရီဝက် အတွင်းက သစ္စာ မဲ့သူ၊ အလေ လိုက်သူ၊ စာရိတ္တ ပျက်ပြားသူဟု အစွပ်အစွဲ

ခံခဲ့ရပြီး အိမ်သူ သက်ထား၏ ဆူပူ ငေါက်ငမ်းခြင်းကို လည်းစင်း ခံခဲ့ရသည့် ဘဝ၊ ခရိုင် ပြည်တော်သာ သူကြီးများ၏ ရှေ့တွင် စားပွဲထိပ်မှ ထိုင်လျှက် ပြည်တော်သာ အဖွဲ့၏ ဥက္ကဋ္ဌကြီး အဖြစ် ဆောင်ရွက် နေရသော ကိုယ့် အဖြစ် ကိုလည်း တွေးတောမိကာ ရယ်ချင်သလိုလို ဖြစ်လာပေသည်။

အစည်းအဝေးကို ယနေ့ အပြီး ထိုင်ရန် ဖြစ်သဖြင့် တောက်လျှောက် ဆက် စည်းဝေးနေသည်။ အစည်းအဝေး လုပ်နေတုန်း ဆင်နားရွက် တံခါး သည် ကျိုခနဲ မြည်လာပြီး ပွင့်သွားကာ ခေါင်းတစ်လုံး အခန်းထဲသို့ ဝင်လာ၏။

သို့ရာတွင် အခန်းထဲတွင် အစည်းအဝေး ရှိနေသဖြင့် ခေါင်းသည် အပြင် သို့ ပြန်၍ ထွက်သွားကာ တံခါးဝမှ ရုံးစေ လုလင်ကို မေးမြန်းနေသံ ကြားရ သည်။

နေ့လယ် နာရီပြန် နှစ်ချက် ထိုး၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည် နှင့် မောင်မောင်လတ်သည် သူ၏ သီးသန့် နားနေခန်းသို့ ပြန်လာကာ အပေါ် အင်္ကျီနှင့် ခေါင်းပေါင်းကို ချွတ်လိုက်ပြီး ပက်လက် ကုလားထိုင်ပေါ်တွင် ပစ် ထိုင်လိုက်ရင်း စီးကရက် တစ်လိပ်ကို မီးညှိ၍ ဖွာနေသည်။

စီးကရက် ဖွာရင်းလည်း သူ့ စိတ်သည် ခင်ရီရီထံသို့ ရောက်နေသည်။ သည်အချိန်ဆို မေမေတို့ အိမ်သို့ ရောက်နေပြီလားဟုလည်း တွေးနေမိသည်။ တွေး၍ အမျှင် မပြတ်မီ ရုံးစေ လုလင်သည် ဆင်နားရွက် တံခါးကို ဖွင့်၍ အထဲသို့ လှမ်းကြည့်နေသည်ကို တွေ့ရသည်။

'ဘာလဲဟေ့'

သည်တော့မှ ရုံးစေ လုလင်သည် ဖိနပ် ချွတ်၍ အခန်းထဲသို့ မရဲတရဲ ဝင်လာကာ

'ဝန်မင်းကို အရေးတကြီး တွေ့ချင်လို့ ဆိုပြီး ဧည့်သည် တစ်ယောက် လာပါတယ်၊ ခုန အစည်းအဝေး လုပ်နေ ကတည်းက စောင့်နေပါတယ်'

'အေး အေး ခေါ်လိုက်'

ရုံးစေ လုလင် ထွက်သွားပြီး မကြာမီ လူတစ်ယောက် ဝင်လာလေသည်။

'ဟလို ဟလို ကိုအောင်မိုးပါလား၊ ဆိုစမ်း ဘာကိစ္စ'

မောင်မောင်လတ်က ပက်လက် ကုလားထိုင်မှ ထကာ ဝင်လာသူကို လက်ဆွဲ နှုတ်ဆက်နေ၏။

'ကိစ္စကတော့ ခင်ဗျားကို အရေးတကြီး တွေ့ချင်လို့ပဲ'





မောင်မောင်လတ်က စားပွဲ နောက်က ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး ကိုအောင်မိုးက သူနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

ကိုအောင်မိုးမှာ မောင်မောင်လတ်နှင့် သက်တူ ရွယ်တူ အသက် သုံး ဆယ်ခန့်မျှသာ ရှိသေး၏။ သူတို့ နှစ်ယောက်သည် စစ်ပြီးခေတ် တက္ကသိုလ် သို့ တစ်နှစ်တည်း ရောက်ခဲ့ပြီး ကျောင်းဆောင် တစ်ခုတည်း နေခဲ့ကြကာ ဘာသာ အတွဲ တစ်မျိုးတည်း ယူခဲ့ကြသူများ ဖြစ်ပေသည်။

သို့ရာတွင် ကိုအောင်မိုးမှာ တက္ကသိုလ် သမဂ္ဂ၊ ဗကသ စသည်တို့တွင် ဝင်ရောက်၍ တက်ကြွစွာ ပါဝင် ဆောင်ရွက်ခဲ့ပြီး မောင်မောင်လတ်မှာ ရာဇဝင် ဂုဏ်ထူးတန်း တက်ကာ စာအုပ်များနှင့်သာ ပျော်မွေ့နေခဲ့လေသည်။ အချိန်တန်၍ မောင်မောင်လတ် ဘီအေ အောင်ကာ အစိုးရ အရာရှိ ဝင်လုပ်ခဲ့ သည့် အချိန်တွင် ကိုအောင်မိုးမှာ ဘီအေကို ပြီးအောင် မဖြေတော့ဘဲ နိုင်ငံရေး နယ်ထဲသို့ ခြေစုံပစ် ဝင်ခဲ့ခြင်းဖြင့် သူတို့ နှစ်ယောက်၏ ဘဝ နှစ်ခု ကွာခြား လာကြပေသည်။

ကိုအောင်မိုးက မောင်မောင်လတ်တို့လို အစိုးရ အရာရှိ ဘဝမျိုးမှာ စက် ရုပ် ဘဝမျှသာ ဖြစ်၍ လွတ်လပ်သည့် အတွေးအခေါ် မရှိ၊ နောက်ပေါက် ဗျူရိုကရက်များဟု ထင်သည်။ သူသာ တကယ့် ဘဝထဲတွင် နစ်မြုပ်သူ၊ တိုင်း ပြည် အကျိုးကို ဆောင်ရွက်သူဟု ထင်၍ မောင်မောင်လတ်လို လူမျိုးမှာ စိတ် ကူးယဉ် ဝဲဂယက်ထဲတွင် နစ်မြောကာ ကိုယ့် တက်လမ်းကို ရှာဖွေ နေကြသူ များဟု ထင်သည်။

မောင်မောင်လတ်ကလည်း ကိုအောင်မိုးလို လူမျိုးမှာ မိဘ ငွေကို သုံး ဖြုန်းကာ ပါတီ နိုင်ငံရေး အမှောင့် ပယောဂ ပူးခံနေရသော သားကောင်များ ဖြစ်၍ စာမေးပွဲ မအောင်နိုင်သဖြင့် နိုင်ငံရေးထဲသို့ ခြေစုံပစ် ဝင်သွားသူဟု ထင်နေသည်။ သူသာလျှင် တကယ့် ဘဝကို အခြေ တည်သူ ဖြစ်၍ ကိုအောင် မိုးမှာ နိုင်ငံရေး မီးရှူး မီးပန်းများကို ကြည့်၍ ကြည်နူးကာ စိတ်ကူး ယဉ်နေသူ ဟု ထင်ပေသည်။ သို့ရာတွင် သူငယ်ချင်း အဖြစ်ကား ခင်မင် ရင်းနှီးမြဲပင် ဖြစ်ပေ၏။

မောင်မောင်လတ်က စီးကရက်ဘူးကို ထိုးပေးလိုက်လေသည်။

'ဟင့်အင်း ကျုပ် စီးကရက် မသောက်ဘူး၊ ဆေးပေါ့လိပ်ပဲ သောက် တယ်၊ စီးကရက်က ခင်ဗျားတို့လို လခကြီးစားတွေနှင့် ခိမ်ခံ လူတန်းစားတွေ သောက်တဲ့ ပစ္စည်း၊ ကျုပ် အဖို့တော့ ဒါပဲ'

ကိုအောင်မိုးက ရယ်၍ လွယ်အိတ်ထဲက နဂါး ဆေးပေါ့လိပ် တစ်လိပ်ကို ထုတ်၍ မီးညှိပြီး ဖွာနေသည်။

'ကျုပ်တို့က ဗျူရိုကရေစီ စက် ယန္တရားကြီး မောင်းနှင်ရာကို သွားနေရတဲ့ သားကောင်တွေပါဗျာ၊ ခင်ဗျားတို့ကမှ ကယ်တင်ရှင်ကြီးတွေပါ'

မောင်မောင်လတ်က သူ့ကို လှမ်းပြောကာ ခပ်ထေ့ထေ့ ပြုံးနေသည်။ ကိုအောင်မိုးသည် အနီး စခန်းမှ မန္တလေးသို့ မကြာခဏ ဆင်းလာတတ်သည်။ သူ ဘာကြောင့် လာသည်၊ ဘာတွေ လုပ်နေသည်ကို မောင်မောင်လတ်သည် ရေရေရာရာလည်း မသိ၊ သိပ်လည်း စိတ်မဝင်စားလှပေ။ ကိုအောင်မိုးကလည်း သူ့ကိစ္စကိုမှ အရေးကြီးသည် ထင်ကာ မြို့မှာ နေရသည်ကို ရွံမုန်းသည်။ မောင်မောင်လတ်တို့လို အစိုးရ တာဝန် ထမ်းဆောင်နေသူများကို ရယ်ကာ လှောင်ပြောင်တတ်သည်။

'ဟဲ ဆိုစမ်းပါဦး ခင်ဗျား ကိစ္စကို၊ တလောကတောင် ခင်ဗျား လာတယ်လို့ ကြားလိုက်သေးတယ်'

'ကိစ္စကတော့ တခြား မဟုတ်ပါဘူး၊ ကျုပ်တို့ဆီက ပြည်တော်သာ လုကြီး တချို့ လာဘ်စားတာတွေ မတရား လုပ်တာတွေ ခင်ဗျားကို ပြောပြချင်လို့ပဲ၊ ခင်ဗျားဆီကိုတောင် အစီရင်ခံစာ ရောက်ချင် ရောက်နေရောပေါ့'

'ဟဲ ဟဲ ဒါကို အကြောင်း ပြပြီး ခင်ဗျားက ခင်ဗျားတို့ ပါတီ အနေနှင့် အစိုးရကို ပစ်တွင်း ထားချင်တယ် ဆိုပါတော့'

မောင်မောင်လတ်က စီးကရက်ကို ပြာခံ ခွက်ထဲသို့ ထိုးခြေနေသည်။

'ဟင့်အင်း၊ ခင်ဗျားတို့မှာ ဒီလို မြင်ပုံ မြင်နည်းတွေကြောင့် ခက်နေတာ၊ ကျုပ်တို့ကလည်း အစိုးရ လုပ်သမျှ မကောင်းဘူးလို့ မပြောပါဘူး၊ ကောင်းတာကို ထောက်ခံမယ်၊ မကောင်းတာကို ကန့်ကွက်မယ် ဆိုတဲ့ ပေါ်လစီပါ၊ ပြီးတော့ ကျုပ်လည်း ခု ပါတီက ထွက်လိုက်ပါပြီ၊ ခု ပါတီ လုပ်ငန်း ဆိုလို့ ဘာမှ မလုပ်တော့ဘူး'

'ဟာ မြန်လှချည်လား၊ ဆိုစမ်းပါဦး၊ ဘာ အကြောင်းကြောင့် ဘယ်တုန်းက ထွက်လိုက်တာလဲ'

'ဇာတ်လမ်းကတော့ အရှည်ကြီးပဲ၊ အေးအေးဆေးဆေးကျမှ ပြောကြသေးတာပေါ့၊ အတိုချုပ်ကတော့ ကျုပ်တို့ ပါတီရဲ့ လမ်းစဉ်ကို မကြိုက်လို့ ဆိုပါတော့၊ ကျုပ်တို့ ပါတီ ခေါင်းဆောင်တွေဟာ အစိုးရကို ထောက်ခံသင့်တဲ့ နေရာမှာ ထောက်ခံ၊ ကန့်ကွက်သင့်တဲ့ နေရာ ကန့်ကွက်ရမယ့် အစား နေရာ





တကာမှာ လက်ညှိုးထောင် ခေါင်းညိတ် နေကြတယ်၊ ရွာတွေ ပျက်လို့ လယ်သမားတွေ တောင်းစားနေရတဲ့ အချိန်မှာ သူတို့ဟာ အစိုးရ အဖွဲ့ ဝန်ကြီးတွေနှင့် ထမင်း လက်ဆုံ စားနေကြတယ်၊ လယ်သမားတွေရဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ လယ်သမားတွေနှင့် တွေ့ဆုံ ဆွေးနွေးရမယ့် အစား ပန်ကာအောက် ထိုင်ပြီး စီမံကိန်း ကော်မရှင် အစည်းအဝေးတွေ ထိုင်နေကြတယ်၊ တိုင်းသူပြည်သားတွေ အဖို့ မုန်တိုင်းကြီး ကျနေတဲ့ အချိန်မှာ သူတို့ဟာ နိုင်ငံရေး လေပြည် တိုက်နေကြတယ်၊ သူတို့ဟာ ထမင်း လက်ဆုံ စားတာ ဧည့်ခံပွဲ သွားတာ စီမံကိန်း ကော်မရှင် အစည်းအဝေး ထိုင်တာလောက်ကို နိုင်ငံရေး ထင်နေကြတယ်၊ ဒါကြောင့်မို့ ထွက်လိုက်တာပဲ'

'စကားလုံးကလေးတွေကတော့ ပြောင်ပါပေ့ဗျာ'

'ကိစ္စကတော့ ဒါပါပဲ၊ ကျုပ် သွားစရာတွေ ရှိသေးတယ်ဗျာ၊ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာ တစ်ခုလည်း ခင်ဗျားကို တိုင်ပင်ချင်တယ်၊ ဘယ်အချိန်လောက် ခင်ဗျားနှင့် အေးအေးဆေးဆေး တွေ့နိုင်မလဲ'

မောင်မောင်လတ်က စဉ်းစား၍ နေသည်။

'ညနေ မီးရထား ဟိုတယ်မှာ တွေ့ရအောင်လေ၊ အဲဒီမှာ အေးအေးဆေးဆေး စကား ပြောနိုင်သားပဲ၊ ကျွန်တော်လည်း ညနေ ဆိုရင် အားပါတယ်၊ ဂေါက် ရိုက်ဖို့ ချိန်းထားတာ ဖျက်လိုက်မယ်'

'ကောင်းသားပဲ၊ သိပ်တော့ မကြာပါဘူး၊ ခပ်တိုတိုပဲ၊ ခင်ဗျားကို မေးချင်တာကလေး တစ်ခု နှစ်ခု ရှိလို့ပါ၊ အဲဒီ အပေါ်မှာ မူတည်ပြီး ကိစ္စ အရှည်ရှည်ကို ဆွေးနွေးကြတာပေါ့'

ကိုအောင်မိုးက မျက်လုံးများကို မှေး၍ စဉ်းစားရင်း ပြောလိုက်သည်။ သူ့ မျက်နှာမှာ နေလောင် ထားသဖြင့် ညိုနေသည်။ ကျယ်ပြန့်သော နဖူး၊ တောက်ပ ကြည်လင်သော မျက်လုံး၊ ထူထဲသော မျက်ခုံးတို့ဖြင့် ယောကျ်ား ပီသသော ရုပ်လက္ခဏာ ရှိပေသည်။

'ဟဲ ခပ်တိုတို ဆိုရင်လည်း ခု ပြောသွားလေဗျာ၊ ကျန်တာတော့ ညနေ ကျမှ ဆွေးနွေးကြတာပေါ့'

'ကိစ္စကတော့ အရေးမကြီးဘူး ဆိုလည်း ဟုတ်တယ်၊ အရေးကြီးတယ် ဆိုလည်း ဟုတ်တယ်'

ကိုအောင်မိုးမှာ သူ့ ကိစ္စကို ဖွင့်ပြောရန် ဝန်လေးနေပုံ ရ၏။ ရှက်နေပုံလည်း ရပေသည်။

ကိုအောင်မိုးက ရယ်၍ လွယ်အိတ်ထဲက နဂါး ဆေးပေါ့လိပ် တစ်လိပ်ကို ထုတ်၍ မီးညှိပြီး ဖွာနေသည်။

"ကျွန်တို့က ချွန်ကရော် စတဲ ယန္တရားကြီး မောင်းနှင်ရာကို သွားမ ရတဲ့ သားကောင်တွေပါဗျာ၊ ခင်ဗျားတို့ကမှ ကယ်တင်ရှင်ကြီးတွေပါ"

မောင်မောင်လတ်က သူ့ကို လှမ်းပြောတာ ခပ်လေးလေး ပြုံးနေသည်။ ကိုအောင်မိုးသည် အနီး စနေ့ကမှ ရွှေလေးလို့ ကြောဘော ဆင်းလာတာတ်သည်။ သူ ဘာကြောင့် လာသည်၊ ဘာတွေ လုပ်နေသည်ကို မောင်မောင်လတ်သည် ရေရေရာရာလည်း မသိ၊ သိပ်လည်း စိတ်မဝင်စားလှပေ။ ကိုအောင်မိုးကလည်း သူ့ကိစ္စကို အလေးကြီးသည် ထင်တာ မြို့မှာ နေရသည်ကို မှိုင်းမှိန်းသည်၊ မောင်မောင်လတ်တို့လို အစိုးရ တာဝန် ထမ်းဆောင်နေသူများကို ရယ်တာ လျောင်ပြောင်တတ်သည်။

"တဲ ဆိုစမ်းပါဦး ခင်ဗျား ကိစ္စကို၊ တလောလောတော့ ခင်ဗျား လာတယ်လို့ ကြားလိုက်သေးတယ်"

"ကိစ္စကတော့ တခြား မဟုတ်ပါဘူး၊ ကျုပ်တို့ဆီက ပြည်တော်သာ လူကြီး တချို့ လာတ်စားတာတွေ မတရား လုပ်တာတွေ ခင်ဗျားကို ပြောပြချင်လို့ပဲ၊ ခင်ဗျားဆီကိုတောင် အစီရင်ခံစာ ရောက်ချင် ရောက်နေရောပေါ့"

"ဟဲ ဟဲ ဒါကို အကြောင်း ပြုပြီး ခင်ဗျားက ခင်ဗျားတို့ ပါတီ အနေနှင့် အစိုးရကို ပစ်ကွင်း ထားချင်တယ် ဆိုပါတော့"

မောင်မောင်လတ်က စီးကရက်ကို ပြာခံ ခွက်ထဲသို့ ထိုးခြေနေသည်။

"ဟင့်အင်း၊ ခင်ဗျားတို့မှာ ဒီလို မြင်ပုံ မြင်နည်းတွေကြောင့် ခက်နေတာ၊ ကျုပ်တို့ကလည်း အစိုးရ လုပ်သမျှ မကောင်းဘူးလို့ မပြောပါဘူး၊ ကောင်းတာကို ထောက်ခံမယ်၊ မကောင်းတာကို ကန့်ကွက်မယ် ဆိုတဲ့ ပေါ်လစီပါ၊ ပြီးတော့ ကျုပ်လည်း ခု ပါတီက ထွက်လိုက်ပါပြီ၊ ခု ပါတီ လုပ်ငန်း ဆိုလို့ ဘာမှ မလုပ်တော့ဘူး"

"ဟာ မြန်လှချည်လား၊ ဆိုစမ်းပါဦး၊ ဘာ အကြောင်းကြောင့် ဘယ်တုန်းက ထွက်လိုက်တာလဲ"

"ဇာတ်လမ်းကတော့ အရှည်ကြီးပဲ၊ အေးအေးဆေးဆေးကျမှ ပြောကြသေးတာပေါ့၊ အတိုချုပ်ကတော့ ကျုပ်တို့ ပါတီရဲ့ လမ်းစဉ်ကို မကြိုက်လို့ ဆိုပါတော့၊ ကျုပ်တို့ ပါတီ ခေါင်းဆောင်တွေဟာ အစိုးရကို ထောက်ခံသင့်တဲ့ နေရာမှာ ထောက်ခံ၊ ကန့်ကွက်သင့်တဲ့ နေရာ ကန့်ကွက်ရမယ့် အစား နေရာ



တကယ်မှာ လက်ညှိုးထောင် ခေါင်းညိတ် နေကြတယ်၊ ရွာတွေ ပျက်တဲ့ ဘယ် သမားတွေ ထောင်းထနေရတဲ့ အချိန်မှာ သူတို့က အစိုးရ အဖွဲ့ ဝန်ကြီးတွေ နှင့် ထမင်း ထက်ဆဲ စားနေကြတယ်၊ လယ်သမားတွေရဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ လယ်သမားတွေနှင့် တွေ့ဆုံ ဆွေးနွေးရမယ့် အစား ဖဲကစားတော် ထိုင်ပြီး စီမံကိန်း ဆော်ရှင် အစည်းအဝေးတွေ ထိုင်နေကြတယ်၊ ထိုင်းလူ ပြည်သားတွေ အစို့ နုန်ကိုင်းကြီး ကျနေတဲ့ အချိန်မှာ သူတို့က နိုင်ငံရေး လေပြည် ထိုက်နေကြတယ်၊ သူတို့က ထမင်း ထက်ဆဲ စားတာ ရှေ့ဆိုတဲ့ သွားတာ စီမံကိန်း ဆော်ရှင် အစည်းအဝေး ထိုင်တာလောက်ကို နိုင်ငံရေး ထင်နေကြတယ်၊ ဒါကြောင့်မို့ ထွက်လိုက်တာပဲ"

"စကားလုံးကလေးတွေကတော့ ပြောင်ပါပေ့ဗျာ"

"ကိစ္စကတော့ ဒါပါပဲ၊ ကျုပ် သွားစရာတွေ ရှိသေးတယ်ဗျာ၊ ကျွန်တော်တို့ရဲ့ ကိုယ်ရေးကိုယ်တာ တစ်ခုလည်း ခင်ဗျားကို တိုင်ပင်ချင်တယ်၊ ဘယ်အချိန် လောက် ခင်ဗျားနှင့် အေးအေးဆေးဆေး တွေ့နိုင်မလဲ"

မောင်မောင်လတ်က စဉ်းစား၍ နေသည်။

"ညနေ မီးရထား ဟိုတယ်မှာ တွေ့ရအောင်လေ၊ အဲဒီမှာ အေးအေးဆေး ဆေး စကား ပြောနိုင်သားပဲ၊ ကျွန်တော်လည်း ညနေ ဆိုရင် အားပါတယ်၊ ဂေါ့ဖ် ရိုက်ဖို့ ချိန်းထားတာ ဖျက်လိုက်မယ်"

"ကောင်းသားပဲ၊ သိပ်တော့ မကြာပါဘူး၊ ခပ်တိုတိုပဲ၊ ခင်ဗျားကို မေးချင်တာကလေး တစ်ခု နှစ်ခု ရှိလို့ပါ၊ အဲဒီ အပေါ်မှာ မူတည်ပြီး ကိစ္စ အရပ်ရပ်ကို ဆွေးနွေးကြတာပေါ့"

ကိုအောင်မိုးက မျက်လုံးများကို မှေး၍ စဉ်းစားရင်း ပြောလိုက်သည်။ သူ့ မျက်နှာမှာ နေလောင် ထားသဖြင့် ညိုနေသည်။ ကျယ်ပြန့်သော နဖူး၊ တောက်ပ ကြည်လင်သော မျက်လုံး၊ ထူထဲသော မျက်ခုံးတို့ဖြင့် ယောကျ်ား ပီသသော ရုပ်လက္ခဏာ ရှိပေသည်။

"ကဲ ခပ်တိုတို ဆိုရင်လည်း ခု ပြောသွားလေဗျာ၊ ကျွန်တာတော့ ညနေကျမှ ဆွေးနွေးကြတာပေါ့"

"ကိစ္စကတော့ အရေးမကြီးဘူး ဆိုလည်း ဟုတ်တယ်၊ အရေးကြီးတယ် ဆိုလည်း ဟုတ်တယ်"

ကိုအောင်မိုးမှာ သူ့ ကိစ္စကို ဖွင့်ပြောရန် ဝန်လေးနေပုံ ရ၏။ ရှက်နေပုံလည်း ရပေသည်။

ကိုအောင်မိုးက ရယ်၍ လွယ်အိတ်ထဲက နဂါး ဆေးပေါ့လိပ် တစ်လိပ်ကို ထုတ်၍ မီးညှိပြီး ဖွာနေသည်။

'ကျုပ်တို့က ဗျူရိုကရေစီ စက် ယန္တရားကြီး မောင်းနှင်ရာကို သွားနေရတဲ့ သားကောင်တွေပါဗျာ၊ ခင်ဗျားတို့ကမှ ကယ်တင်ရှင်ကြီးတွေပါ'

မောင်မောင်လတ်က သူ့ကို လှမ်းပြောကာ ခပ်ထေ့ထေ့ ပြုံးနေသည်။ ကိုအောင်မိုးသည် အနီး စခန်းမှ မန္တလေးသို့ မကြာခဏ ဆင်းလာတတ်သည်။ သူ ဘာကြောင့် လာသည်၊ ဘာတွေ လုပ်နေသည်ကို မောင်မောင်လတ်သည် ရေရေရာရာလည်း မသိ၊ သိပ်လည်း စိတ်မဝင်စားလှပေ။ ကိုအောင်မိုးကလည်း သူ့ကိစ္စကိုမှ အရေးကြီးသည် ထင်ကာ မြို့မှာ နေရသည်ကို ရှုံမုန်းသည်။ မောင်မောင်လတ်တို့လို အစိုးရ တာဝန် ထမ်းဆောင်နေသူများကို ရယ်ကာ လှောင်ပြောင်တတ်သည်။

'ကဲ ဆိုစမ်းပါဦး ခင်ဗျား ကိစ္စကို၊ တလောကတောင် ခင်ဗျား လာတယ်လို့ ကြားလိုက်သေးတယ်'

'ကိစ္စကတော့ တခြား မဟုတ်ပါဘူး၊ ကျုပ်တို့ဆီက ပြည်တော်သာ လုကြီး တချို့ လာဘ်စားတာတွေ မတရား လုပ်တာတွေ ခင်ဗျားကို ပြောပြချင်လို့ပဲ၊ ခင်ဗျားဆီကိုတောင် အစီရင်ခံစာ ရောက်ချင် ရောက်နေရောပေါ့'

'ဟဲ ဟဲ ဒါကို အကြောင်း ပြပြီး ခင်ဗျားက ခင်ဗျားတို့ ပါတီ အနေနှင့် အစိုးရကို ပစ်ကွင်း ထားချင်တယ် ဆိုပါတော့'

မောင်မောင်လတ်က စီးကရက်ကို ပြာခံ ခွက်ထဲသို့ ထိုးခြေနေသည်။

'ဟင့်အင်း၊ ခင်ဗျားတို့မှာ ဒီလို မြင်ပုံ မြင်နည်းတွေကြောင့် ခက်နေတာ၊ ကျုပ်တို့ကလည်း အစိုးရ လုပ်သမျှ မကောင်းဘူးလို့ မပြောပါဘူး၊ ကောင်းတာကို ထောက်ခံမယ်၊ မကောင်းတာကို ကန့်ကွက်မယ် ဆိုတဲ့ ပေါ်လစီပါ၊ ပြီးတော့ ကျုပ်လည်း ခု ပါတီက ထွက်လိုက်ပါပြီ၊ ခု ပါတီ လုပ်ငန်း ဆိုလို့ ဘာမှ မလုပ်တော့ဘူး'

'ဟာ မြန်လှချည်လား၊ ဆိုစမ်းပါဦး၊ ဘာ အကြောင်းကြောင့် ဘယ်တုန်းက ထွက်လိုက်တာလဲ'

'ဇာတ်လမ်းကတော့ အရှည်ကြီးပဲ၊ အေးအေးဆေးဆေးကျမှ ပြောပြသေးတာပေါ့၊ အတိုချုပ်ကတော့ ကျုပ်တို့ ပါတီရဲ့ လမ်းစဉ်ကို မကြိုက်လို့ ဆိုပါတော့၊ ကျုပ်တို့ ပါတီ ခေါင်းဆောင်တွေဟာ အစိုးရကို ထောက်ခံသင့်တဲ့ နေရာမှာ ထောက်ခံ၊ ကန့်ကွက်သင့်တဲ့ နေရာ ကန့်ကွက်ရမယ့် အစား နေရာ



တကာမှာ လက်ညှိုးထောင် ခေါင်းညိတ် နေကြတယ်၊ ရွာတွေ ပျက်လို့ လယ်သမားတွေ တောင်းစားနေရတဲ့ အချိန်မှာ သူတို့ဟာ အစိုးရ အဖွဲ့ ဝန်ကြီးတွေနှင့် ထမင်း လက်ဆုံ စားနေကြတယ်၊ လယ်သမားတွေရဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ လယ်သမားတွေနှင့် တွေ့ဆုံ ဆွေးနွေးရမယ့် အစား ပန်ကာအောက် ထိုင်ပြီး စီမံကိန်း ကော်မရှင် အစည်းအဝေးတွေ ထိုင်နေကြတယ်၊ တိုင်းသူပြည်သားတွေ အဖို့ မုန်တိုင်းကြီး ကျနေတဲ့ အချိန်မှာ သူတို့ဟာ နိုင်ငံရေး လေပြည် တိုက်နေကြတယ်၊ သူတို့ဟာ ထမင်း လက်ဆုံ စားတာ ညစာပွဲ သွားတာ စီမံကိန်း ကော်မရှင် အစည်းအဝေး ထိုင်တာလောက်ကို နိုင်ငံရေး ထင်နေကြတယ်၊ ဒါကြောင့်မို့ ထွက်လိုက်တာပဲ'

'စကားလုံးကလေးတွေကတော့ ပြောင်ပါပေ့ဗျာ'

'ကိစ္စကတော့ ဒါပါပဲ၊ ကျုပ် သွားစရာတွေ ရှိသေးတယ်ဗျာ၊ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာ တစ်ခုလည်း ခင်ဗျားကို တိုင်ပင်ချင်တယ်၊ ဘယ်အချိန်လောက် ခင်ဗျားနှင့် အေးအေးဆေးဆေး တွေ့နိုင်မလဲ'

မောင်မောင်လတ်က စဉ်းစား၍ နေသည်။

'ညနေ မီးရထား ဟိုတယ်မှာ တွေ့ရအောင်လေ၊ အဲဒီမှာ အေးအေးဆေးဆေး စကား ပြောနိုင်သားပဲ၊ ကျွန်တော်လည်း ညနေ ဆိုရင် အားပါတယ်၊ ဂေါ့ဖ် ရိုက်ဖို့ ချိန်းထားတာ ဖျက်လိုက်မယ်'

'ကောင်းသားပဲ၊ သိပ်တော့ မကြာပါဘူး၊ ခပ်တိုတိုပဲ၊ ခင်ဗျားကို မေးချင်တာကလေး တစ်ခု နှစ်ခု ရှိလို့ပါ၊ အဲဒီ အပေါ်မှာ မူတည်ပြီး ကိစ္စ အရပ်ရပ်ကို ဆွေးနွေးကြတာပေါ့'

ကိုအောင်မိုးက မျက်လုံးများကို မှေး၍ စဉ်းစားရင်း ပြောလိုက်သည်။ သူ့ မျက်နှာမှာ နေလောင် ထားသဖြင့် ညိုနေသည်။ ကျယ်ပြန့်သော နဖူး၊ တောက်ပ ကြည်လင်သော မျက်လုံး၊ ထူထဲသော မျက်ခုံးတို့ဖြင့် ယောကျ်ားပီသသော ရုပ်လက္ခဏာ ရှိပေသည်။

'ကဲ ခပ်တိုတို ဆိုရင်လည်း ခု ပြောသွားလေဗျာ၊ ကျန်တာတော့ ညနေ ကျမှ ဆွေးနွေးကြတာပေါ့'

'ကိစ္စကတော့ အရေးမကြီးဘူး ဆိုလည်း ဟုတ်တယ်၊ အရေးကြီးတယ် ဆိုလည်း ဟုတ်တယ်'

ကိုအောင်မိုးမှာ သူ့ ကိစ္စကို ဖွင့်ပြောရန် ဝန်လေးနေပုံ ရ၏၊ ရှက်နေပုံ လည်း ရနေသည်။

ကိုအောင်မိုးက ရယ်၍ လွယ်အိတ်ထဲက နဂါး ဆေးပေါ့လိပ် တစ်လိပ်ကို ထုတ်၍ မီးညှိပြီး ဖွာနေသည်။

'ကျုပ်တို့က ဗျူရိုကရေစီ စက် ယန္တရားကြီး မောင်းနှင်ရာကို သွားနေရတဲ့ သားကောင်တွေပါဗျာ၊ ခင်ဗျားတို့ကမှ ကယ်တင်ရှင်ကြီးတွေပါ'

မောင်မောင်လတ်က သူ့ကို လှမ်းပြောကာ ခပ်ထေ့ထေ့ ပြုံးနေသည်။ ကိုအောင်မိုးသည် အနီး စခန်းမှ မန္တလေးသို့ မကြာခဏ ဆင်းလာတတ်သည်။ သူ ဘာကြောင့် လာသည်၊ ဘာတွေ လုပ်နေသည်ကို မောင်မောင်လတ်သည် ရေရေရာရာလည်း မသိ၊ သိပ်လည်း စိတ်မဝင်စားလှပေ။ ကိုအောင်မိုးကလည်း သူ့ကိစ္စကိုမှ အရေးကြီးသည် ထင်ကာ မြို့မှာ နေရသည်ကို ရွံမုန်းသည်။ မောင်မောင်လတ်တို့လို အစိုးရ တာဝန် ထမ်းဆောင်နေသူများကို ရယ်ကာ လှောင်ပြောင်တတ်သည်။

'ကဲ ဆိုစမ်းပါဦး ခင်ဗျား ကိစ္စကို၊ တလောကတောင် ခင်ဗျား လာတယ်လို့ ကြားလိုက်သေးတယ်'

'ကိစ္စကတော့ တခြား မဟုတ်ပါဘူး၊ ကျုပ်တို့ဆီက ပြည်တော်သာ လူကြီး တချို့ လာဘ်စားတာတွေ မတရား လုပ်တာတွေ ခင်ဗျားကို ပြောပြချင်လို့ပဲ၊ ခင်ဗျားဆီကိုတောင် အစီရင်ခံစာ ရောက်ချင် ရောက်နေရောပေါ့'

'ဟဲ ဟဲ ဒါကို အကြောင်း ပြုပြီး ခင်ဗျားက ခင်ဗျားတို့ ပါတီ အနေနှင့် အစိုးရကို ပစ်ကွင်း ထားချင်တယ် ဆိုပါတော့'

မောင်မောင်လတ်က စီးကရက်ကို ပြာခံ ခွက်ထဲသို့ ထိုးခြေနေသည်။

'ဟင့်အင်း၊ ခင်ဗျားတို့မှာ ဒီလို မြင်ပုံ မြင်နည်းတွေကြောင့် ခက်နေတာ၊ ကျုပ်တို့ကလည်း အစိုးရ လုပ်သမျှ မကောင်းဘူးလို့ မပြောပါဘူး၊ ကောင်းတာကို ထောက်ခံမယ်၊ မကောင်းတာကို ကန့်ကွက်မယ် ဆိုတဲ့ ပေါ်လစီပါ၊ ပြီးတော့ ကျုပ်လည်း ခု ပါတီက ထွက်လိုက်ပါပြီ၊ ခု ပါတီ လုပ်ငန်း ဆိုလို့ ဘာမှ မလုပ်တော့ဘူး'

'ဟာ မြန်လှချည်လား၊ ဆိုစမ်းပါဦး၊ ဘာ အကြောင်းကြောင့် ဘယ်တုန်းက ထွက်လိုက်တာလဲ'

'ဇာတ်လမ်းကတော့ အရှည်ကြီးပဲ၊ အေးအေးဆေးဆေးကျမှ ပြောကြသေးတာပေါ့၊ အတိုချုပ်ကတော့ ကျုပ်တို့ ပါတီရဲ့ လမ်းစဉ်ကို မကြိုက်လို့ ဆိုပါတော့၊ ကျုပ်တို့ ပါတီ ခေါင်းဆောင်တွေဟာ အစိုးရကို ထောက်ခံသင့်တဲ့ နေရာမှာ ထောက်ခံ၊ ကန့်ကွက်သင့်တဲ့ နေရာ ကန့်ကွက်ရမယ့် အစား နေရာ





တကာမှာ လက်ညှိုးထောင် ခေါင်းညိတ် နေကြတယ်၊ ရွာတွေ ပျက်လို့ လယ်သမားတွေ တောင်းစားနေရတဲ့ အချိန်မှာ သူတို့ဟာ အစိုးရ အဖွဲ့ ဝန်ကြီးတွေနှင့် ထမင်း လက်ဆုံ စားနေကြတယ်၊ လယ်သမားတွေရဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ လယ်သမားတွေနှင့် တွေ့ဆုံ ဆွေးနွေးရမယ့် အစား ပန်ကာအောက် ထိုင်ပြီး စီမံကိန်း ကော်မရှင် အစည်းအဝေးတွေ ထိုင်နေကြတယ်၊ တိုင်းသူပြည်သားတွေ အဖို့ မုန်တိုင်းကြီး ကျနေတဲ့ အချိန်မှာ သူတို့ဟာ နိုင်ငံရေး လေပြည် တိုက်နေကြတယ်၊ သူတို့ဟာ ထမင်း လက်ဆုံ စားတာ ဧည့်ခံပွဲသွားတာ စီမံကိန်း ကော်မရှင် အစည်းအဝေး ထိုင်တာလောက်ကို နိုင်ငံရေး ထင်နေကြတယ်၊ ဒါကြောင့်မို့ ထွက်လိုက်တာပဲ'

'စကားလုံးကလေးတွေကတော့ ပြောင်ပါပေ့ဗျာ'

'ကိစ္စကတော့ ဒါပါပဲ၊ ကျုပ် သွားစရာတွေ ရှိသေးတယ်ဗျာ၊ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာ တစ်ခုလည်း ခင်ဗျားကို တိုင်ပင်ချင်တယ်၊ ဘယ်အချိန်လောက် ခင်ဗျားနှင့် အေးအေးဆေးဆေး တွေ့နိုင်မလဲ'

မောင်မောင်လတ်က စဉ်းစား၍ နေသည်။

'ညနေ မီးရထား ဟိုတယ်မှာ တွေ့ရအောင်လေ၊ အဲဒီမှာ အေးအေးဆေးဆေး စကား ပြောနိုင်သားပဲ၊ ကျွန်တော်လည်း ညနေ ဆိုရင် အားပါတယ်၊ ဂေါ့ဖ် ရိုက်ဖို့ ချိန်းထားတာ ဖျက်လိုက်မယ်'

'ကောင်းသားပဲ၊ သိပ်တော့ မကြာပါဘူး၊ ခပ်တိုတိုပဲ၊ ခင်ဗျားကို မေးချင်တာကလေး တစ်ခု နှစ်ခု ရှိလို့ပါ၊ အဲဒီ အပေါ်မှာ မူတည်ပြီး ကိစ္စ အရပ်ရပ်ကို ဆွေးနွေးကြတာပေါ့'

ကိုအောင်မိုးက မျက်လုံးများကို မှေး၍ စဉ်းစားရင်း ပြောလိုက်သည်။ သူ့ မျက်နှာမှာ နေလောင် ထားသဖြင့် ညိုနေသည်။ ကျယ်ပြန့်သော နဖူး၊ တောက်ပ ကြည်လင်သော မျက်လုံး၊ ထူထဲသော မျက်ခုံးတို့ဖြင့် ယောကျ်ားပီသသော ရုပ်လက္ခဏာ ရှိပေသည်။

'ကဲ ခပ်တိုတို ဆိုရင်လည်း ခု ပြောသွားလေဗျာ၊ ကျန်တာတော့ ညနေကျမှ ဆွေးနွေးကြတာပေါ့'

'ကိစ္စကတော့ အရေးမကြီးဘူး ဆိုလည်း ဟုတ်တယ်၊ အရေးကြီးတယ် ဆိုလည်း ဟုတ်တယ်'

ကိုအောင်မိုးမှာ သူ့ ကိစ္စကို ဖွင့်ပြောရန် ဝန်လေးနေပုံ ရ၏။ ရှက်နေပုံလည်း ရပေသည်။

ကိုအောင်မိုးက ရယ်၍ လွယ်အိတ်ထဲက နဂါး ဆေးပေါ့လိပ် တစ်လိပ်ကို ထုတ်၍ မီးညှိပြီး ဖွာနေသည်။

'ကျုပ်တို့က ဗျူရိုကရေစီ စက် ယန္တရားကြီး မောင်းနှင်ရာကို သွားနေရတဲ့ သားကောင်တွေပါဗျာ၊ ခင်ဗျားတို့ကမှ ကယ်တင်ရှင်ကြီးတွေပါ'

မောင်မောင်လတ်က သူ့ကို လှမ်းပြောကာ ခပ်ထေ့ထေ့ ပြုံးနေသည်။ ကိုအောင်မိုးသည် အနီး စခန်းမှ မန္တလေးသို့ မကြာခဏ ဆင်းလာတတ်သည်။ သူ ဘာကြောင့် လာသည်၊ ဘာတွေ လုပ်နေသည်ကို မောင်မောင်လတ်သည် ရေရေရာရာလည်း မသိ၊ သိပ်လည်း စိတ်မဝင်စားလှပေ။ ကိုအောင်မိုးကလည်း သူ့ကိစ္စကိုမှ အရေးကြီးသည် ထင်ကာ မြို့မှာ နေရသည်ကို ရှုံ့မှုန်းသည်။ မောင်မောင်လတ်တို့လို အစိုးရ တာဝန် ထမ်းဆောင်နေသူများကို ရယ်ကာ လှောင်ပြောင်တတ်သည်။

'ကဲ ဆိုစမ်းပါဦး ခင်ဗျား ကိစ္စကို၊ တလောကတောင် ခင်ဗျား လာတယ်လို့ ကြားလိုက်သေးတယ်'

'ကိစ္စကတော့ တခြား မဟုတ်ပါဘူး၊ ကျုပ်တို့ဆီက ပြည်တော်သာ လူကြီး တချို့ လာဘ်စားတာတွေ မတရား လုပ်တာတွေ ခင်ဗျားကို ပြောပြချင်လို့ပဲ၊ ခင်ဗျားဆီကိုတောင် အစီရင်ခံစာ ရောက်ချင် ရောက်နေရောပေါ့'

'ဟဲ ဟဲ ဒါကို အကြောင်း ပြုပြီး ခင်ဗျားက ခင်ဗျားတို့ ပါတီ အနေနှင့် အစိုးရကို ပစ်တွင်း ထားချင်တယ် ဆိုပါတော့'

မောင်မောင်လတ်က စီးကရက်ကို ပြာခံ ခွက်ထဲသို့ ထိုးခြေနေသည်။

'ဟင့်အင်း၊ ခင်ဗျားတို့မှာ ဒီလို မြင်ပုံ မြင်နည်းတွေကြောင့် ခက်နေတာ၊ ကျုပ်တို့ကလည်း အစိုးရ လုပ်သမျှ မကောင်းဘူးလို့ မပြောပါဘူး၊ ကောင်းတာကို ထောက်ခံမယ်၊ မကောင်းတာကို ကန့်ကွက်မယ် ဆိုတဲ့ ပေါ်လစီပါ၊ ပြီးတော့ ကျုပ်လည်း ခု ပါတီက ထွက်လိုက်ပါပြီ၊ ခု ပါတီ လုပ်ငန်း ဆိုလို့ ဘာမှ မလုပ်တော့ဘူး'

'ဟာ မြန်လှချည်လား၊ ဆိုစမ်းပါဦး၊ ဘာ အကြောင်းကြောင့် ဘယ်တုန်းက ထွက်လိုက်တာလဲ'

'ဇာတ်လမ်းကတော့ အရှည်ကြီးပဲ၊ အေးအေးဆေးဆေးကျမှ ပြောကြသေးတာပေါ့၊ အတိုချုပ်ကတော့ ကျုပ်တို့ ပါတီရဲ့ လမ်းစဉ်ကို မကြိုက်လို့ ဆိုပါတော့၊ ကျုပ်တို့ ပါတီ ခေါင်းဆောင်တွေဟာ အစိုးရကို ထောက်ခံသင့်တဲ့ နေရာမှာ ထောက်ခံ၊ ကန့်ကွက်သင့်တဲ့ နေရာ ကန့်ကွက်ရမယ့် အစား နေရာ





တကာမှာ လက်ညှိုးထောင် ခေါင်းညိတ် နေကြတယ်၊ ရွာတွေ ပျက်လို့ လယ်သမားတွေ တောင်းစားနေရတဲ့ အချိန်မှာ သူတို့ဟာ အစိုးရ အဖွဲ့ ဝန်ကြီးတွေနှင့် ထမင်း လက်ဆုံ စားနေကြတယ်၊ လယ်သမားတွေရဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ လယ်သမားတွေနှင့် တွေ့ဆုံ ဆွေးနွေးရမယ့် အစား ပန်ကာအောက် ထိုင်ပြီး စီမံကိန်း ကော်မရှင် အစည်းအဝေးတွေ ထိုင်နေကြတယ်၊ တိုင်းသူပြည်သားတွေ အဖို့ မုန်တိုင်းကြီး ကျနေတဲ့ အချိန်မှာ သူတို့ဟာ နိုင်ငံရေး လေပြည် တိုက်နေကြတယ်၊ သူတို့ဟာ ထမင်း လက်ဆုံ စားတာ ဧည့်ခံပွဲ သွားတာ စီမံကိန်း ကော်မရှင် အစည်းအဝေး ထိုင်တာလောက်ကို နိုင်ငံရေး ထင်နေကြတယ်၊ ဒါကြောင့်မို့ ထွက်လိုက်တာပဲ'

'စကားလုံးကလေးတွေကတော့ ပြောင်ပါပေ့ဗျာ'

'ကိစ္စကတော့ ဒါပါပဲ၊ ကျုပ် သွားစရာတွေ ရှိသေးတယ်ဗျာ၊ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာ တစ်ခုလည်း ခင်ဗျားကို တိုင်ပင်ချင်တယ်၊ ဘယ်အချိန်လောက် ခင်ဗျားနှင့် အေးအေးဆေးဆေး တွေ့နိုင်မလဲ'

မောင်မောင်လတ်က စဉ်းစား၍ နေသည်။

'ညနေ မီးရထား ဟိုတယ်မှာ တွေ့ရအောင်လေ၊ အဲဒီမှာ အေးအေးဆေးဆေး စကား ပြောနိုင်သားပဲ၊ ကျွန်တော်လည်း ညနေ ဆိုရင် အားပါတယ်၊ ဂေါ့ဖ် ရိုက်ဖို့ ချိန်းထားတာ ဖျက်လိုက်မယ်'

'ကောင်းသားပဲ၊ သိပ်တော့ မကြာပါဘူး၊ ခပ်တိုတိုပဲ၊ ခင်ဗျားကို မေးချင်တာလေး တစ်ခု နှစ်ခု ရှိလို့ပါ၊ အဲဒီ အပေါ်မှာ မူတည်ပြီး ကိစ္စ အရပ်ရပ်ကို ဆွေးနွေးကြတာပေါ့'

ကိုအောင်မိုးက မျက်လုံးများကို မှေး၍ စဉ်းစားရင်း ပြောလိုက်သည်။ သူ့ မျက်နှာမှာ နေလောင် ထားသဖြင့် ညိုနေသည်။ ကျယ်ပြန့်သော နဖူး၊ တောက်ပ ကြည်လင်သော မျက်လုံး၊ ထူထဲသော မျက်ခုံးတို့ဖြင့် ယောကျ်ားပီသသော ရုပ်လက္ခဏာ ရှိပေသည်။

'ကဲ ခပ်တိုတို ဆိုရင်လည်း ခု ပြောသွားလေဗျာ၊ ကျွန်တော်ကတော့ ညနေကျမှ ဆွေးနွေးကြတာပေါ့'

'ကိစ္စကတော့ အရေးမကြီးဘူး ဆိုလည်း ဟုတ်တယ်၊ အရေးကြီးတယ် ဆိုလည်း ဟုတ်တယ်'

ကိုအောင်မိုးမှာ သူ့ ကိစ္စကို ဖွင့်ပြောရန် ဝန်လေးနေပုံ ရ၏။ ရှက်နေပုံလည်း ရပေသည်။

'ခင်ဗျား ယောက္ခမကြီး အိမ်ဘက် ရောက်သေးသလား၊ သူတို့ အခြေအနေ ဘယ်လိုလဲဗျ'

မောင်မောင်လတ်သည် ကိုအောင်မိုးထံမှ ထွက်လာသည့် စကားကို သိလိုက်သဖြင့် မသိမသာ ပြုံးလိုက်သည်။ ကိုအောင်မိုးမှာ သူ့ခယ်မ အငယ်ဆုံး ခင်သီသီကို ချစ်နေကြောင်း သိပြီး ဖြစ်ပေသည်။

'ခင်ဗျားက တိုတို မေးပေမဲ့ ကျုပ်ကတော့ ရှည်ရှည် အဖြေ ပေးမှ ဖြစ်မှာ၊ သြော် ခဏ'

စောစောက နယ်ပိုင် ဝန်ထောက်မင်း ဝင်လာကာ မောင်မောင်လတ် ရှေ့တွင် စာရွက်ထပ်ကြီး တစ်ထပ်ကို လာချလိုက်သဖြင့် စကား ပြတ်သွားကြသည်။

ကိုအောင်မိုးက နယ်ပိုင်ကြီးကို ပြုံး၍ နှုတ်ဆက်လိုက်၏။ မောင်မောင်လတ်မှာ စာရွက်များကို လှန်ကာ လက်မှတ် ထိုးနေပေသည်။ လက်မှတ် ထိုးပြီးနောက် နယ်ပိုင်ကြီးသည် စာရွက်ထပ်ကြီးကို ယူ၍ ပြန်ထွက်သွားသည်။

'ဆိုစမ်းပါဦး'

'ပြောရမယ် ဆိုရင်တော့ အရှည်ကြီးပဲ၊ ခက်တာက ခင်ဗျားက မန္တလေးမှာ မနေတာ ခက်တယ်'

'ဘာဖြစ်လို့'

'နောက်တော့ ကျုပ် ပြောပြမယ်လေ၊ အကောင်းဆုံးကတော့ ခင်ဗျား အားရင် ကျုပ်အိမ်ကို တစ်နေ့လောက် လာပါဦး၊ ခု ကျုပ်လည်း ရီနှင့် စကားများထားတယ်ဗျ၊ ကဲပါလေ ဒါတွေ ထားပါဦး၊ အကောင်းဆုံးကတော့ ခင်ဗျား ဒီနေ့ ညနေ သူတို့အိမ်ကို သွားပါ၊ ကျုပ် ရုံးဆင်းတော့ ခင်ဗျားကို ဝင်ခေါ်ပြီး မီးရထား ဟိုတယ်ကို သွားကြမယ်'

'ကောင်းပြီလေ၊ ကျွန်တော် သီသီတို့ အိမ် သွားမယ်'

ကိုအောင်မိုးက ကုလားထိုင်ကို တွန်းရွှေ့ကာ ထိုင်ရာမှ ထလိုက်၏။

'ဟေ့လူ၊ အနီးစခန်းလည်း ပြန်မပြေးနှင့်ဦးနော်၊ ကျုပ်ကို စောင့်ဦး'

'စောင့်မှာပါဗျ'

ကိုအောင်မိုးသည် ကချင် လွယ်အိတ်ကို ပြင်၍ လွယ်လိုက်ပြီး အပြင်သို့ ထွက်သွားလေသည်။ မောင်မောင်လတ်မှာ ဖိုင်တွဲတွေဖြင့် အလုပ် ရှုပ်၍ ကျန်ရစ်ခဲ့ပေသည်။



၆

မောင်မောင်လတ်က သူ မန္တလေးသို့ ဆင်းလာသည့် အကြောင်းရင်းကို မေးသည်တွင် ကိုအောင်မိုးသည် မျက်နှာကြီး တစ်ခုလုံး နီရဲသွားကာ တော်တော်နှင့် အဖြေ မပေးနိုင်ဘဲ ဖြစ်နေခဲ့သည်။ သူ မန္တလေးသို့ ဆင်းလာခြင်းမှာ ခင်သီသီကို တွေ့ကာ ချစ်ရေး ဆိုဖို့ လာခဲ့ခြင်း ဖြစ်၏။

'ခင်ဗျား ခယ်မ ခင်သီသီကို လူပျို စကား ပြောမလို့ လာတာဗျို့'

သည်စကားလုံးများမှာ ကိုအောင်မိုး၏ ရင်ထဲမှာ ရှိနေသော စကားလုံးများ ဖြစ်၏။ သို့ရာတွင် ပါးစပ်ကတော့ ထွက်မလာပေ။ ခင်သီသီတို့ ညီအစ်မတစ်တွေ၏ မိဘများနှင့် ကိုအောင်မိုး၏ မိဘများမှာ နှစ်ဖက်စလုံး အထက်တန်းလွှာမှ ဖြစ်ကြပြီး တစ်မြို့တည်းသားများ ဖြစ်ကြသဖြင့် ရင်းနှီး ကြပေသည်။ ကိုအောင်မိုး ကျောင်းသား ဘဝက ဆိုလျှင် ပို၍ပင် ရင်းနှီးပေသည်။ ခင်ရီရီ၊ ခင်သီသီတို့၏ အစ်ကို ခင်မောင်ဇော်နှင့် ကိုအောင်မိုးတို့သည် မန္တလေး အကြို တက္ကသိုလ်ဝင် သင်တန်းတွင် အတူ တက်ခဲ့ကြပြီး ရန်ကုန် တက္ကသိုလ်သို့ တစ်နှစ်တည်း ရောက်ခဲ့ကြသည်။ သည်တုန်းက ကိုအောင်မိုးမှာ ခင်သီသီတို့ အိမ်ကပင် ပြန်သည် မရှိခဲ့ပေ။ လူကြီးတွေက အစ တစ်အိမ်သားလုံးနှင့် ရင်းနှီးသည့်ပြင် ညီအစ်မ တစ်တွေနှင့်လည်း ပို၍ပင် ရင်းနှီးခဲ့သည်။

ကိုအောင်မိုး၏ မိခင်မှာ ငယ်စဉ်ကပင် ကွယ်လွန် အနိစ္စ ရောက်ခဲ့သဖြင့် ကိုအောင်မိုးသည် ခင်သီသီတို့၏ မိခင် ဒေါ်ညွန့်ညွန့်ကိုပင် မိခင် အရင်းလို ချစ်ခင်ခဲ့သည်။

တက္ကသိုလ်ဝင် သင်တန်း အတွက် ခင်မောင်ဇော်နှင့် အတူ စာကျက်စဉ်က ဆိုလျှင် ခင်သီသီတို့ အိမ်မှာပင် စား၍ ခင်သီသီတို့ အိမ်မှာပင် အိပ်လေသည်။

ညနေတိုင်လျှင် ခင်မောင်ဇော်၊ ခင်ရီရီ၊ ခင်ကြည်ကြည်၊ ခင်သီသီတို့နှင့် အတူ ကျုံးဘေးတွင် လမ်းလျှောက်တတ်ကြသည်။

သည့်တုန်းက ခင်သီသီမှာ ခပ်ငယ်ငယ် ရှိသေးသည်။ ခင်သီသီက ကျုံးထဲက ကြာစွယ်များကို နှစ်သက်လွန်း၍ ကြာစွယ်များကို ဘယက် အသီ ခိုင်းလျှင် ကိုအောင်မိုးကပင် ဆင်းရူးပေးကာ ကြာစွယ်များကို အမျှင် တန်းရုံမျှ ဖြတ်၍ ဘယက် လုပ်ပေးရသည်။

တက္ကသိုလ် ရောက်တော့ ကိုအောင်မိုးသည် အကြီးဆုံး ခင်ရီရီကို ချစ်ခဲ့သည်။ သို့ရာတွင် ခင်ရီရီမှာ နယ်ပိုင် ပေါက်စ မောင်မောင်လတ်နှင့် လက်ထပ်သွားသဖြင့် အလတ် ခင်ကြည်ကြည်ကို ချစ်မိပြန်သည်။

ကိုအောင်မိုး၏ စိတ်ထဲတွင် သည်ညီအစ်မတစ်တွေ အနက် တစ်ယောက်မရလျှင် တစ်ယောက်ကို ရအောင် ယူမည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်ပေသည်။ သို့တိုင်အောင်လည်း ခင်ကြည်ကြည်မှာ နိုင်ငံခြားရေး ဌာန အတွင်းဝန် တစ်ယောက်နှင့် လက်ထပ် သွားပြန်သော အခါ ကိုအောင်မိုးမှာ သဲရေကျ ဖြစ်ခဲ့ရပြန်လေသည်။

၁၉၅၀ ပြည့်နှစ် ကိုအောင်မိုး တက္ကသိုလ်မှ ထွက်လာသော အခါ ခင်သီသီမှာ ဆယ်နှစ်ကျော်မျှသာ ရှိသေး၏။ သည်အတွင်း ခင်မောင်ဇော်မှာ လေတပ်တွင် ဖလိုက် လက်ဖတင်နင် အဖြစ် အမှုထမ်း နေရင်းက ရခိုင်ဘက်တွင် လေယာဉ်ပျံ ပျက်၍ သေဆုံးသွားပြန်သဖြင့် တစ်ကြောင်း၊ ကိုအောင်မိုးမှာလည်း နိုင်ငံရေး နယ်ထဲသို့ ခြေစုံ ပစ်ဝင်လာသည့် အတွက်ကြောင့် တစ်ကြောင်း ခင်သီသီတို့ မိသား တစ်စုနှင့် အရင်ကလောက် အဝင် အထွက် မရှိဘဲ အနေဝေးခဲ့ရပေသည်။

သို့ရာတွင် မနှစ်က သူ နိုင်ငံရေး နယ်မှ ထွက်ပြီး ခင်သီသီတို့ အိမ်သို့ ဝင်ရောက် လည်ပတ်သော အခါတွင်မူ ခင်သီသီမှာ လှသွေးကြွယ်ချိန် အသက်နှစ်ဆယ်ကျော် အရွယ် အပျိုကြီးဖားဖား ဖြစ်လျက် ရှိသည်ကို တွေ့ရသော အခါ အစ်မ နှစ်ယောက်နှင့် အချစ် စစ်ပွဲတွင် အရှုံး ပေးခဲ့ရသော ကိုအောင်မိုး၏ အချစ်သည် တလှိုက်လှိုက် ဆူ၍ လှုပ်ရှား ထကြွ လာပြန်လေသည်။

သာမန်အားဖြင့် ဆိုလျှင် အငြိမ်းစား အရေးပိုင် တစ်ဦး၏ သား ဖြစ်၍ အသက် သုံးဆယ်မျှသာ ရှိသေးလျက် ပစ္စည်းဥစ္စာ ဆို၍လည်း အဖေ ကွယ်လွန်လျှင် တစ်ဦးတည်းသော အမွေ ဆက်ခံစရာ ရှိသည့် ကိုအောင်မိုးလို လူတစ်ယောက် အဖို့ ခင်သီသီလို မိန်းမမျိုးကို လက်ထပ် ယူရန်မှာ ခက်ခဲလှသော ကိစ္စ တစ်ရပ် မဟုတ်ဟု ထင်စရာ ရှိပေ၏။ သို့သော်လည်း ခင်သီသီကို အရူးအမူး ချစ်မိပြီ ဖြစ်သော ကိုအောင်မိုး အဖို့ကား တကယ့် အခက်ကြီး





ခက်နေသည်။ ကိုအောင်မိုး အဖို့ ခင်သီသီသည် အသိမ် အမွေ့တို့ စုဝေးရာ၊ အနု အယဉ်တို့ ပေါင်းဆုံရာ အချော အလှတို့ ကိန်းဝပ်ရာ၊ အညွန့် အကောင်းတို့ တည်ရှိရာ ဖြစ်သည်။ ထို့ကြောင့် သူ့လို လေလွင့်ရာ မျောပါနေသည့် သစ်ရွက်ခြောက်ကလေး တစ်ရွက်လို အခြေ မကျ မရေရာလှသော နိုင်ငံရေး သမား လူထွက် တစ်ဦး အဖို့ ခင်သီသီနှင့် နီးစပ်ရန်မှာ မိုးနှင့် မြေလို အလှမ်း ကွာလွန်းလှသည်ဟု ထင်မိခဲ့သည်။

ကိုအောင်မိုးသည် အကြောင်း မရှိ အကြောင်း ရှာကာ မန္တလေးတွင် နှစ်လလောက် နေပြီး ခင်သီသီတို့နှင့် ပြန်၍ ရင်းနှီးရန် နေ့တိုင်း ဝင်ထွက် သွားလာနေခဲ့သည်။ ခင်သီသီ သွားလေ့ ရှိသော နေရာများသို့ ခင်သီသီအား ဝမ်းမြောက်ဝမ်းသာ လိုက်ပို့ခဲ့သည်။ သို့တိုင်အောင် သူနှင့် ခင်သီသီ နီးစပ်ဖို့ အရေးမှာ စိတ်ကူးထဲ မထည့်ရဲအောင် အထိ ကွာလှမ်းရကား စိတ်ပျက် လက်ပျက်ဖြင့် မေမြို့ အနီးစခန်းရှိ သူ့အိမ်သို့ ပြန်၍ ခပ်ကုပ်ကုပ် နေခဲ့လေသည်။

ခင်သီသီတို့ မိဘများ အမြင်တွင် သူသည် လှပ၍ ချစ်စရာ ကောင်းသော ခင်သီသီလို မိန်းကလေး တစ်ယောက်နှင့် လုံးဝ မထိုက်တန်သူဟု ထင်နေပေလိမ့်မည်ဟု ကိုအောင်မိုး ယုံကြည်သည်။ သည်လို လူတစ်ယောက်ကို ခင်သီသီကလည်း ဘယ်နည်းနှင့်မျှ ချစ်နိုင်မည် မဟုတ်ဟု ကိုအောင်မိုး စိတ်ထဲတွင် တထစ်ချ စွဲမြဲနေပေသည်။

တကယ်တော့လည်း ခင်သီသီတို့ မိဘများ အမြင်တွင် ကိုအောင်မိုးနှင့် ကျောင်းနေဖက်များ၊ သက်တူ ရွယ်တူများသည် အတွင်းဝန်ကလေးများ၊ စစ်ဗိုလ်များ၊ ကထိကများ၊ ပြည်သူ့ လွှတ်တော် အမတ်များ ဖြစ်နေချိန်၌ ကိုအောင်မိုးမှာ အလုပ်အကိုင် ရေရေရာရာ မရှိသော၊ လူ့ကုံထံ အသိုင်းအဝိုင်းတွင် မျက်နှာပန်း မလှသော၊ ရာထူး အမည် တပ်စရာ ဆို၍ ဘာမျှ မရှိသော အညတရ တစ်ယောက်မျှသာ ဖြစ်နေသည်။

တကယ်စင်စစ်လည်း ကိုအောင်မိုးသည် သူ့ ဖခင် ဝယ်ထားသည့် အနီးစခန်းမှ လယ်မြေ ဧက တစ်ရာကျော်လောက်ကို ခုတ်ထွင် ရှင်းလင်းကာ ယာထွန်ယက်နေသူ ဖြစ်၏။ ပန်း စိုက်ခြင်း၊ ဂျုံ စသည့် သီးနှံ စိုက်ခြင်း၊ ပိုးစာပင် စိုက်ခြင်း၊ ကြက်ဆူပင် စိုက်ခြင်း၊ ကြက် ဘဲ မွေးမြူခြင်းဖြင့် ရသော့ စိတ်ချမ်းသာမျိုးနှင့် လောကမှ ရှောင်ခွာ ထွက်ပြေးနေသူ တစ်ဦးမျှသာ ဖြစ်၏။ သည်လို အလုပ်မျိုးမှာ ကိုအောင်မိုး တစ်ယောက်တည်းသာ မဟုတ်ဘဲ ယခုခေတ် နိုင်ငံရေး လူထွက်တိုင်း လုပ်ကြသော အလုပ် ဖြစ်လေ၏။

[illegible]

[illegible]

ခင်သီသီ၏ အချစ်ကို ချွတ်လှဲ့ရာတွင် မလုံတလုံ ဖြစ်နေပြန်သေးသည်။

တကယ်ဆိုတော့ သူလို ဂုဏ်ပကာသန အရာတွင် လည်းကောင်း၊ အလားအလာတွင် လည်းကောင်း၊ အသွင်အပြင်တွင် လည်းကောင်း ချို့တဲ့နေသူ တစ်ယောက်သည် ခင်သီသီ၏ သာမန် မိတ်ဆွေ တစ်ယောက် အဖြစ်ဖြင့်သာ ထိုက်တန်တော့သည်ဟု သူ ထင်ပေသည်။

သူက ခင်သီသီကို ချစ်သလို ခင်သီသီက သူ့ကို ပြန်ချစ်ရန် အတွက် ဆိုလျှင် ကိုအောင်မိုးသည် ရုပ်ချောဖို့ လိုပေလိမ့်မည်၊ ခင်သီသီတို့ အသိုင်းအဝိုင်းတွင် ထင်ရှား ကျော်ကြားသူ တစ်ယောက် ဖြစ်ဖို့ လိုပေလိမ့်မည်ဟု ကိုအောင်မိုး စိတ်ထဲတွင် စွဲမြဲနေသည်။

အရုပ်ဆိုး အကျည်းတန်၍ မထင်ရှားသော သာမန် ယောကျ်ားများကို မိန်းမများက စိတ်ဝင်စားတတ်ကြသည်ဟု ကိုအောင်မိုး ကြားဖူးပါ၏။ သို့ရာတွင် သည်စကားကို သိပ် အယုံအကြည် မရှိလှပေ။ ကိုအောင်မိုး ကိုယ်တိုင်က ပြင်ဘက် ကင်းအောင် လှပ ချောမွေ့သော မိန်းမမျိုးကိုမှ ချစ်တတ်သဖြင့် ကိုယ်နှင့် နှိုင်းစာက သည်စကားမှာ ဖြစ်နိုင်စရာ အကြောင်း မရှိဟု ယူဆ၏။

ကိုအောင်မိုးသည် စိတ်ပျက်လက်ပျက်နှင့် အနီး စခန်းသို့ ပြန်လာကာ ယာတော ကိစ္စတွေကို နစ်လ လုပ်၍ အချိန် ဖြုန်းနေလိုက်သည်။ မမြို့သို့လည်း မတက်၊ မန္တလေးသို့လည်း မဆင်းဘဲ ယာတောမှာသာ ခပ်ကုပ်ကုပ် နေခဲ့သည်။

သို့ရာတွင် ကြာကြာ မနေနိုင်ချေ။ သူ့ ရင်ထဲတွင် လိပ်ခဲတည်းလည်း ဖြစ်နေသော ပြဿနာ၏ အဖြေကိုသာ သိချင်စိတ် စောနေသည်။



[illegible]

၇

ကိုအောင်မိုးသည် မန္တလေးသို့ ဆင်းလာတိုင်း သူ့ အစ်ကို ဦးအောင်မြင့် တိုက်တွင် တည်းခိုတတ်ပေသည်။ ဦးအောင်မြင့်မှာ ကိုအောင်မိုးနှင့် အဖေတူ မအေကွဲ အစ်ကို တော်စပ်၍ သစ်စက်ပိုင် တစ်ဦး ဖြစ်သည်။ လွတ်လပ်ရေး မရမီက ဗိုလ်ချုပ် အောင်ဆန်း အမှူးပြုသော ဖဆပလကို ဆန့်ကျင်ခဲ့သူ တစ်ဦး ဖြစ်၏။ သို့ရာတွင် လွတ်လပ်ရေး ရပြီး နောက်ပိုင်းတွင်မူ ဦးအောင်မြင့်သည် အာဏာရ ပါတီဝင်များနှင့် အကြောင်းသင့်ကာ အာဏာရ ပါတီ၏ ခရိုင် ခေါင်းဆောင် တစ်ဦး ဖြစ်နေပေသည်။ အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ အာဏာရ ပါတီ၏ ထိပ်တန်း ခေါင်းဆောင်ကြီးများ လာလျှင် သူ့ တိုက်တွင် အမြဲလိုလို တည်းခိုတတ်ပေသည်။

ကိုအောင်မိုးသည် မန္တလေး ရောက်လျှင် ရောက်ချင်း ရေမိုးချိုး အဝတ်အစား လဲကာ တိုက် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဦးအောင်မြင့်အား သူ မန္တလေးသို့ ဆင်းလာခဲ့သည့် အကြောင်းရင်းကို ပြောပြပြီး အကြံဉာဏ် တောင်းမည်ဟု စိတ်ကူး၍ ဆင်းလာခဲ့ခြင်း ဖြစ်ပေသည်။ သို့ရာတွင် ဦးအောင်မြင့်မှာ ခရိုင် နိုင်ငံရေး ခေါင်းဆောင် တစ်ယောက်နှင့် စကား ပြောနေကြသဖြင့် ကိုအောင်မိုးမှာ ခပ်လှမ်းလှမ်းတွင် ထိုင်ကာ သတင်းစာ တစ်စောင်ကို ဖတ်နေသည်။

ကိုအောင်မိုးသည် ဆေးပြင်းလိပ်ကို ဖွာရှိုက်လိုက်ပြီး သူ့အစ်ကိုနှင့် နိုင်ငံရေး ခေါင်းဆောင် ဆိုသူ၏ စကားကို စဉ်းစားမိသဖြင့် ပြုံးလိုက်သည်။ နာရီဝက်လောက် ကြာ၍ နိုင်ငံရေး ခေါင်းဆောင် ပြန်သွားတော့မှ ကိုအောင်မိုးသည် ထိုင်ရာမှ ထကာ ဦးအောင်မြင့် အခန်းထဲသို့ ဝင်လာခဲ့လေသည်။

ကိုအောင်မိုးသည် ခင်သီသီကို လက်ထပ်ယူမည့် အကြောင်း ဦးအောင်မြင့်အား ပြောပြကာ အကြံဉာဏ် တောင်းရန် လာခြင်း ဖြစ်၏။ သို့ရာတွင် ဦးအောင်မြင့်ကို မြင်လိုက်သော အခါ ဖွင့်ပြောရန် ဝန်လေး နေပြန်သည်။

ဦးအောင်မြင့်၏ အတွေးအခေါ်များသည်လည်း ခင်သီသီတို့ အသိုင်းအဝိုင်းက တွေးခေါ်ပုံနှင့် ဘာမျှ ခြားနားမည် မဟုတ်။ လက်ထပ်ခြင်းကို အရောင်းအဝယ်ကိစ္စ တစ်ရပ်လို သဘော ထားလေမည်လားဟု သံသယ ဖြစ်လာလေသည်။

'ဆိုစမ်းပါဦး၊ မင်းတို့ ပါတီက ဘာတွေ လုပ်နေသလဲ'

'ကျွန်တော် မသိဘူး'

'ဟာ မင်းတို့ ပါတီ လုပ်တာ မင်း မသိဘူးလား'

'ကျွန်တော် ပါတီဝင် မဟုတ်တော့ဘူး၊ ထွက်လိုက်ပြီးပြီ၊ ခုတော့ ဘာမှ မလုပ်သေးဘူး'

ကိုအောင်မိုးက ဆေးပြင်းလိပ်တွင် တောင့်နေသော ပြာများကို ခြွေချလိုက်သည်။

'အေး မင်း အမြင်မှန် ရတာပေါ့ကွာ၊ ဟား ဟား ဒါထက် မင်းအစ်ကို ကိုအောင်ဝင်း အကြောင်း ကြားပြီးပြီလား'

ကိုအောင်ဝင်းမှာ ကိုအောင်မိုး၏ အစ်ကို အရင်း ဖြစ်၏။ မိဘ လက်ထက်ကတည်းက ပေတေ ပျက်စီးနေသူ ဖြစ်၏။ ယခုတော့ ညီအစ်ကို တစ်တွေနှင့် မတည့်တော့ဘဲ မြင်းပွဲ၊ ကလပ်တို့တွင် အချိန် ဖြုန်းနေသူ ဖြစ်လေသည်။

ဦးအောင်မြင့်၏ အကူအညီဖြင့် သမဝါယမ အသင်း တစ်ခုတွင် မန်နေဂျာ လုပ်နေလေသည်။

'ဟင့်အင်း မကြားသေးဘူး'

'သမဝါယ ချည်ထုပ်ဖိုး နှစ်သောင်းကျော် မြင်းရှုံးလို့ တစ်နေ့က အစည်းအဝေးမှာ တဆူဆူ ဖြစ်နေကြတယ်၊ မနေ့ကတော့ ငါ့ဆီကို ငွေ နှစ်သောင်း လှည့်ပါ ဆိုပြီး လွှတ်လိုက်တယ်၊ ငါတော့ မပေးတော့ဘူးလို့ ဆုံးဖြတ်ထားတယ်၊ ဘယ့်နှယ်ကွာ တစ်ခါလည်း မဟုတ် နှစ်ခါလည်း မဟုတ်၊ တစ်နှစ်ကလည်း ဘော်ကြီုပွဲမှာ ၃၆ ကောင် ရှုံးလို့ ရွှေလဝန်း နို့ဆီ ကုမ္ပဏီက ငွေ တစ်သောင်းကို ငါ စိုက်လျော်လိုက်ရပြီ၊ ဒီ တစ်ခါတော့ ငါ မကြည့်နိုင်တော့ဘူး'

ဦးအောင်မြင့်က ပြတင်းပေါက်နားသို့ ထသွားကာ တံတွေး ထွေးလိုက်သည်။ ရွံရှာ စက်ဆုပ်ခြင်း၏ အမှတ်အသားတည်း။

'ဟုတ်ပါတယ်၊ ကိုကို တတ်နိုင်သလောက် ကူညီပြီးပြီပဲ၊ ခုတော့ သူ လုပ်ပုံက နောက်က လိုက်ပြီး ငွေထုပ်နှင့် လိုက်ရမယ့်ပုံပဲ၊ ဘယ်တတ်နိုင်တော့မလဲ၊ ကျွန်တော်လည်း သူ့ကို တွေ့လိုက်ပါဦးမယ်'





'မင်း သွားတွေ့ချင်တယ် ဆိုရင်တော့ သွားလေ၊ ငါကတော့ မတိုက်တွန်းချင်ဘူး၊ မင်းလည်း ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး၊ အနှိုက်ကတော့ ဒီကောင်နှင့် မတွေ့တာ အကောင်းဆုံးပဲ'

'တတ်တော့ မတတ်နိုင်ဘူးပေါ့ ကိုကို၊ ဒါပေမဲ့ သူ ဒီလို ခုလွှရောက်တုန်းမှာ ကျွန်တော်တို့က သူ့ကို ပစ်ပယ်ထားတယ်လို့ စကားနာ ထိုးမှာကိုလည်း စိုးရသေးတယ်'

ကိုအောင်မိုးသည် တောင်ပြင်ရှိ သူ့ အစ်ကို ကိုအောင်ဝင်း အိမ်သို့ သွားမည်ဟု ထွက်လာခဲ့သည်။ သို့ရာတွင် နာရီကို ကြည့်လိုက်သော အခါ လေးနာရီ ထိုးနေပြီ ဖြစ်၍ ခင်သီသီတို့ အိမ်သို့ သွားရန် ရှိသေးသည်ကို သတိရမိသဖြင့် စီဗီလိုင်းရှိ ခင်သီသီတို့ အိမ်သို့ လာခဲ့လေသည်။

ခင်သီသီတို့ အိမ်မှာ စီဗီလိုင်းရှိ ဝင်းခြံကျယ်ကြီး တစ်ခုထဲတွင် ရှိသော တိုက်ခံ အိမ်ကြီး ဖြစ်လေသည်။ အိမ်ရှေ့တွင်မူ သရက်ပင်များ၊ ကုက္ကိုပင်ကြီးများဖြင့် စိမ်းစိမ်းစိုစို ရှိသည်။ တံခါးဝ အုတ်တိုင်တွင်မူ ဦးငွေခင်၊ တေအက်စ်အမ်၊ တီဒီအမ်၊ အငြိမ်းစား အရေးပိုင် ဆိုသော ကြေးဝါ ဆိုင်းဘုတ်ကလေးကို ချိတ်ဆွဲထားသည်။

ကိုအောင်မိုးသည် ရထားလုံးပေါ်မှ ဆင်းကာ ခြံဝင်း တံခါးကို ဖွင့်ပြီး မြေနီလမ်းကလေး အတိုင်း လျှောက်လာခဲ့ပေသည်။ မြေနီလမ်း ဘေးတွင် ဗုဒ္ဓသရဏံပင်များသည် အပွင့်တွေ ဝေနေအောင် ဖူးပွင့်နေကြသည်။ မြေနီလမ်းဘေး မြက်ခင်းစပ်တွင် တရုတ် စံကားပွင့်များ ကြွေကျနေကြသည်မှာ ဖွေးဖွေး ဖြူနေကြပေသည်။ တရုတ် စံကားပွင့် ရနံ့များသည် မွှေးပျံ့လျက် ရှိပေသည်။ စက္ကူ ပန်းရောင်စုံများသည် နေခြည်ထဲတွင် အသွေးစုံ တောက်နေကြသည်။ သည်လို ပန်းကြွေသော လမ်းကလေးပေါ်တွင် ကိုအောင်မိုးသည် ခင်သီသီ၏ သွယ်ပျောင်းသော လက်ချောင်းများကို ဆုပ်ကိုင်ကာ လျှောက်သွားနေချင်ပေသည်။

ကြည်လင် ပြာလဲ့သော ကောင်းကင်မှ ညနေခင်း၏ နေခြည် ဖျော့ဖျော့များသည် ပြေပြေလျောလျော ဆင်းသက်လာကာ စိမ်းစိုသော သစ်ပင်ထိပ်ဖျားများပေါ်တွင် နားနေကြသည်။ နေခြည်ကြောင့် သစ်ပင်ဖျားမှ အစိမ်းရောင်သည် တောက်ပ နုပျိုလာသည်ဟု ထင်ရပေသည်။

ကိုအောင်မိုးသည် တံခါးတွင် ရပ်နေသော ခင်သီသီကို မြင်လိုက်သဖြင့် ရင် တဒိတ်ဒိတ် ခုန်လာသည်ဟု ထင်ရ၏။

ခင်သီသီသည် ကော်လာ မြင့်မြင့် ထောင်ထားသည့် စတော်ဘယ်ရီရောင် နိုင်လွန် လက်ပြတ်၊ နက်ပြာရောင် အောက်ခံတွင် ပန်းပွင့်ဝါကလေးများ ယှက်ထားသည့် တွတ်တယ် လုံချည်ကို ခပ်တိုတို ဝတ်ထားပြီး ဖိနပ် အနီကလေးကို စီးထား၏။ ထူးခြားသော ဆင်ယင် ထုံးဖွဲ့မှု မဟုတ်သော်လည်း ရိုးရိုးကလေးနှင့် အဆင် ပြေလှပေ၏။ ထိကရုံးပွင့် များကြားတွင် ထင်းခနဲ ပေါ်နေသည့် နှင်းဆီပွင့်၏ အလှလို ထင်ရှား ပြတ်သားသော အလှပေတည်း။

စိမ်းစိုနေသော ပတ်ဝန်းကျင်မှာ ခင်သီသီ၏ အပြုံးကြောင့် ပို၍ ဝင်းထိန်လာသည်ဟု ထင်ရ၏။ ပြည့်ဖြိုး ဝိုင်းဝန်းသော ပခုံးသား အိအိကြားထဲတွင် ခင်သီသီ၏ လည်တိုင် တိမ်းညွတ်နေပုံမှာ ပန်းအိုးထဲမှ ပန်းစည်းကလေး တစ်ခု ယွန်းငိုက် ကျနေသလို ဖြစ်နေပေသည်။

‘ဟော အစ်ကိုအောင်၊ ဘယ်တုန်းက ရောက်နေသလဲ’

ခင်သီသီက လက်တွင် လက်ကိုင် ပဝါကလေး တစ်ထည်ကို လက် နှစ်ဖက်ဖြင့် အမျှားမှ ကိုင်ကာ တင်းလိုက် လျှော့လိုက် လုပ်နေရင်း မေးလိုက်သည်။

‘အစ်ကိုအောင်လား။ အင်း သိပ် မကြာသေးပါဘူး၊ မနေ့က အဲ အဲ ဒီနေ့ မနက်ပဲ ဆိုပါတော့’

ကိုအောင်မိုးမှာ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

ခင်သီသီက ကိုအောင်မိုးကို ကြည့်၍ တခစ်ခစ် ရယ်ရင်း

‘ကိုယ် လာတဲ့ နေ့တောင် မမှတ်မိတော့ဘူး ထင်တယ်၊ အစ်ကို အောင်မိုးတို့ တွေ့လိုက်ရမှဖြင့် ဒီလိုချည်းပဲ၊ လာ အိမ်ထဲမှာ မေမေတို့လည်း ရှိတယ်၊ မမရီတောင် ကလေးတွေနှင့် ဝင်းလိုက်ကို ခေတ်ရှင်ကြည့် ဆိုပြီး ထွက်သွားလေရဲ့’

ခင်သီသီက ကိုအောင်မိုးကို ဧည့်ခန်းထဲသို့ ခေါ်သွား၏။ ခင်သီသီမှာ သနပ်ခါး ရေကျဲကို ခပ်ပါးပါး လိမ်းထားသည်။ သနပ်ခါး ရေကျဲ လူးထားသည့်ကြားမှ သူ့ အလှ၏ ဝင်းလက်နေပုံကို ကိုအောင်မိုး သတိ ထားလိုက်မိလေသည်။

‘အနီး စခန်းမှာ နေရတာ မပျင်းဘူးလား အစ်ကိုအောင်’

‘ပျင်းချိန် မရပါဘူးဟာ၊ အလုပ်နှင့် လက်နှင့် ပြတ်တယ်မှ မရှိဘဲ’

‘ဘယ်တော့လောက် ပြန်မလဲ’

‘မသိသေးဘူး၊ မပြန်ချင်သေးသမျှတော့ နေဦးမှာပဲ’





‘အစ်ကိုအောင် စကား ပြောရင် ဒီလိုချည်းပဲ၊ ကိုယ် ဘယ်တုန်းက လာပြီး ဘယ်တော့ ပြန်မယ် ဆိုတာကိုတောင် မသိလောက်အောင် အလုပ် များနေလို့လား’

‘အလုပ် များလို့တော့ မဟုတ်ဘူး သီသီရေ၊ ကိုယ် မန္တလေးကို ဆင်းလာတာက သီသီ့ကို ပြောစရာ စကားတွေ အများကြီး ရှိလို့ ဆင်းလာတာ၊ အစ်ကိုအောင် ဘယ်နေ့ ဘယ်ရက် ပြန်မယ် ဆိုတာက အစ်ကိုအောင့် အပေါ်မှာ မတည်ဘူး၊ သီသီ့ အပေါ်မှာ တည်နေတယ်’

‘ဟင် အစ်ကိုအောင်ကလည်း’

ခင်သီသီ၏ စကားဝါ ပန်းလို ဝင်းနေသော မျက်နှာလေးမှာ ပန်းသွေးလောင်းချလိုက်သလို နီရဲသွားသည်။

‘ဟော မောင်အောင်မိုးလားဟေ့၊ လာ လာ’

ဧည့်ခန်းထဲမှ ဒေါ်ညွန့်ညွန့်က လှမ်းခေါ်လိုက်သဖြင့် ကိုအောင်မိုးသည် ဧည့်ခန်းထဲသို့ ဝင်ခဲ့သည်။ ခင်သီသီက ခေါင်း ငုံ့၍ နောက်က ပါလာသည်။

ကိုအောင်မိုးသည် ဧည့်ခန်းထဲသို့ ဝင်လာခဲ့ရသော်လည်း လွတ်ခနဲ ပြောလိုက်မိသော စကားကြောင့် ကိုယ့်ဘာသာ ကိုယ် လန့်နေလေသည်။

ခင်သီသီသည် သူ ဘာပြောလိုသည့် အဓိပ္ပာယ်ကို နားလည်ကာ စိတ်ဆိုးသွားပြီလား ဟူ၍လည်း တွေး၍ စိုးရိမ်နေသည်။

ဒေါ်ညွန့်ညွန့်က ကိုအောင်မိုး နိုင်ငံရေးမှ ထွက်သည့် အကြောင်းတွေကို မေးပြီး ဆုံးမ သြဝါဒ ပေးနေ၏။ ခင်သီသီမှာ ခေါင်းကို ငုံ့၍ လက်သည်းချင်း ပွတ်နေလေသည်။ တစ်လုံး တစ်ပါဒမျှ ခွက်ဖက် မပြောပေ။

ကိုအောင်မိုးမှာ အလိုက်အထိုက်သာ ပြောနေရသော်လည်း ခင်သီသီဆီသို့ အလစ်တွင် လှမ်း၍ ကြည့်နေမိသည်။ တစ်ချက် တစ်ချက် ခင်သီသီနှင့် မျက်လုံးချင်း ဆိုင်မိသော အခါတွင် လျှပ်စစ်ဓာတ်နှင့် အတို့ ခံလိုက်ရသူလို ထိတ်ခနဲ ဖြစ်သွားမိလေသည်။

ဒေါ်ညွန့်ညွန့်က နိုင်ငံရေးကို မလုပ်ဖို့ အကြောင်း သြဝါဒ ပေးနေချိန်တွင် မောင်မောင်လတ် ကား ရောက်လာလေသည်။

မောင်မောင်လတ်မှာ ဒေါ်ညွန့်ညွန့်ကို မြင်လိုက်တော့ မျက်နှာပိုး သတ်လိုက်သည်။ သူ့ မျက်နှာမှာ မလုံမလဲ ဖြစ်နေသည်။

ဒေါ်ညွန့်ညွန့်က ခင်ရီရီတို့ သားအမိ တစ်တွေ ခေတ်ရှင် သွားကြောင်း ပြောလိုက်တော့မှ မောင်မောင်လတ်၏ မျက်နှာမှာ ဣန္ဒြေ ရလာသည်။

'ကဲ ကိုအောင်မိုး သွားကြဦးစို့၊ ကျွန်တော်လည်း အစည်းအဝေး ထိုင်နေရတာနှင့် နောက်ကျသွားတယ်ဗျို့၊ မေမေ ကျွန်တော် ကိုအောင်မိုးနှင့် မီးရထား ဟိုတယ် သွားပြီး ထမင်း စားမလို့၊ ရီတို့ ပြန်လာရင် ပြောလိုက်ပါနော်၊ ဟဲ့ သီသီ နင်ကော ဓာတ်ရှင် လိုက်မသွားဘူးလား'

ခင်သီသီက နှုတ်ခမ်းများ စူ၍ ပြုံးကာ ခေါင်းယမ်း ပြလိုက်သည်။ ကိုအောင်မိုးသည် ခေါ်သွန့်သွန့်နှင့် ခင်သီသီကို နှုတ်ဆက်၍ မောင်မောင်လတ်နှင့် အတူ ထွက်လာခဲ့လေသည်။



၈

မောင်မောင်လတ်နှင့် ကိုအောင်မိုးသည် မီးရထား ဟိုတယ်ထဲသို့ ဝင်လာခဲ့ကြသည်။ အပြင်ဘက်ခန်း စားပွဲများတွင် အသိ မိတ်ဆွေများက နှုတ်ဆက်သဖြင့် မောင်မောင်လတ်က ခေါင်းညိတ်၍ ပြုံးကာ နှုတ်ဆက်ပြီး အတွင်းခန်း တစ်ခုထဲသို့ ဝင်လာခဲ့ကြလေသည်။ စားပွဲထိုးက စားပွဲခင်း အသစ် တစ်ထည်ကို လာ၍ လဲပေးပြီး ရပ်၍ စောင့်နေသည်။

'ဆို ဘာမှာမလဲ'

မောင်မောင်လတ်က မီနူး ကတ်ပြားကို ကောက်ကြည့်ရင်း မေးလိုက်၏။

'ခင်ဗျား မှာချင်တာသာ မှာ၊ ကျွန်တော်တော့ ဆာနေပြီ'

'အိုင်ဆေး နည်းနည်း သောက်ရအောင်ဗျာ၊ ဘာ သောက်မလဲ၊ ကျွန်တော်တော့ ဘီဟိုက်ဖ် ချချင်တယ်'

'လုပ်လေ'

မောင်မောင်လတ်က ပျားအုံ တံဆိပ် ဘရန်ဒီ အလတ် တစ်လုံးနှင့် ဂဏန်းဟူရောင် တစ်ပွဲ၊ အသည်းနှင့် ဟင်းသီးဟင်းရွက်ကြော် တစ်ပွဲကို မှာလိုက်သည်။

'နေစမ်းပါဦး၊ ကျွန်တော် မလာခင် အဘွားကြီးနှင့် ဘာတွေ စကားလက်ဆုံ ကျနေကြသလဲ'

မောင်မောင်လတ်က အိတ်ထဲက ကနုကမာ စီးကရက်ဘူးကို ဖွင့်၍ စီးကရက် တစ်လိပ်ကို မီးညှိနေသည်။

'အလကားပါဗျာ၊ ထုံးစံအတိုင်း ကျွန်တော့်ကို နိုင်ငံရေး မလုပ်တော့ဖို့ ပြောတာပေါ့၊ ပြီးတော့ တခြား အလုပ် တစ်ခု လုပ်ဖို့ အကြောင်းပေါ့၊ အဘွားကြီးက ကျွန်တော့်ကို နည်းနည်း အထင်သေးနေပုံ ရတယ်ဗျ'

'ဟုတ်တယ်၊ ကျွန်တော်လည်း ဒီလိုပဲ ထင်တယ်၊ ခင်ဗျား နိုင်ငံရေး လုပ်နေတုန်းကလည်း ခင်ဗျားကို သိပ် မကြိုက်လှဘူး၊ ခုလို ကြက် ရွေးတာ

ခြံလုပ်တာတို့တော့ ဘယ်လိုလဲ မသိဘူး၊ သူတို့ သဘော မကျဆုံးကတော့ ခင်ဗျား စာမေးပွဲ မဖြေတော့ဘဲ အစိုးရကို အတိုက်အခံ လုပ်နေတဲ့ ကိစ္စပဲ၊ သူတို့ သဘောကတော့ အစိုးရဘက်မှာ ဖြစ်ဖြစ် တခြား အလားအလာ ရှိတဲ့ ဘက်မှာ ဖြစ်ဖြစ် လုပ်စေချင်တယ် ထင်တယ်၊ နိုင်ငံရေး လုပ်တောင် အနည်းဆုံး အာဏာရ ပါတီမှာ လုပ်စေချင်တာပေါ့ဗျာ၊ ခင်ဗျားလို လူ ဝင်လုပ်ရင် ပါလီမန် အတွင်းဝန်လောက် ဘုတ် အဖွဲ့ ချယ်ယာမင်လောက်တော့ ဖြစ်မှာပေါ့၊ ခင်ဗျားလောက် အရည်အချင်း မရှိတဲ့ လူတွေတောင် လူတွင်ကျယ် လုပ်နေကြတဲ့ ခေတ် မဟုတ်လား'

'အေးလေ၊ သူတို့ဘက်က ကြည့်မယ် ဆိုရင်တော့လည်း ကျွန်တော်ဟာ သိုးမည်း တစ်ကောင် ဖြစ်နေမှာပေါ့'

ကိုအောင်မိုးက ဆေးပြင်းလိပ်ကို မီးညှိ၍ ဖွာနေလေသည်။

'ကဲ ကျွန်တော့်ကို ပြောချင်တယ် ဆိုတဲ့ ကိစ္စက သီသီ့ ကိစ္စ မဟုတ်လား၊ စဉ်းစားပါဦး'

မောင်မောင်လတ်က ကိုအောင်မိုးကို ပြုံးစေ့စေ့ ကြည့်ရင်း မေးလိုက်သည်။

ကိုအောင်မိုးသည် ရုတ်တရက် မဖြေဘဲ ဆေးပြင်းလိပ်ကို ဖွာနေလေသည်။ မျက်နှာမှာ ပူထူသွားသည်ဟု ထင်လိုက်၏။

'ကမ်းအွန် ဘီဖရင့်ခ်၊ ကျွန်တော် ရိပ်ပါတယ်ဗျ၊ ခင်ဗျား အရင် တစ်ခေါက် မန္တလေးမှာ နှစ်လလောက် နေသွားကတည်းက ရိပ်မိတယ်၊ ကျွန်တော်တင် မကဘူး၊ ရီလည်း ရိပ်မိတယ်၊ သီသီကလည်း ရိပ်မိတယ်၊ အဘွားကြီးကတော့ ချက်ဆို နားခွက်က မီးတောက်ပြီးသား'

'ဒီကိစ္စလို့ပဲ ဆိုပါတော့လေ၊ ဒါပေမဲ့ ကျွန်တော်က သီသီ့ကို ဖွင့်ပြောလိုက်ရင် သီသီက ကျွန်တော်လို လူတစ်ယောက်ကို လက်ခံနိုင်ပါမလားလို့ ကျွန်တော့် စိတ်ထဲမှာ သံသယ ဖြစ်နေတယ်၊ သီသီက လက်ခံနိုင်တယ် ထားဦး အဘိုးကြီး အဘွားကြီးက လက်ခံချင်မှ လက်ခံနိုင်မယ်၊ တကယ်လို့ သူတို့က နိုး ဆိုလိုက်ရင် ကျွန်တော်နှင့် သူတို့ အခင်အမင် ပျက်ပြီး အထင် လွဲသွားကြမှာကိုလည်း စိုးရိမ်တယ်၊ ခင်ဗျား သဘောကကော'

မောင်မောင်လတ်က ဘွိုင် လာ၍ ငှဲ့ပေးထားသော ဘရန်ဒီ ဖန်ခွက်ကို သူ့ ရှေ့သို့ တိုးပေးလိုက်ပြီး အသောက်ခိုင်းသဖြင့် နှစ်ယောက်သား ဖန်ခွက်ကို ကောက်ကိုင် မြှောက်ပြီး တစ်ငုံစီ သောက်လိုက်ကြသည်။





'အင်း ကျွန်တော့် သဘောကတော့ ဖြစ်နိုင်မယ်လို့ ထင်တာပဲ၊ ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ ခင်ဗျားတို့ချင်းသာ အိုကေ ဆိုရင် ခင်ဗျား အဘိုးကြီးလည်း ရှိတယ်၊ ဦးအောင်မြင့်လည်း ရှိတယ်၊ ကျွန်တော်လည်း ရှိတယ်၊ သီသီတို့ အဘိုးကြီးကို ဘေးက ဝိုင်းလှော်ရမှာပဲ'

'ကျွန်တော်ကတော့ အဘိုးကြီး အဘွားကြီးက ငြင်းချလိုက်မှာ စိုးတယ်၊ ပြီးတော့ သီသီလည်း ကျွန်တော်က ပရိုပို့စ် လုပ်လိုက်လို့ စိတ် အနှောင့် အယှက် မဖြစ်စေချင်ဘူး'

'အိုင်ဆေး ကိုအောင်မိုး၊ ခင်ဗျား တော်တော် ရှော်သေးတဲ့ လူပဲ၊ မိန်းကလေး တစ်ယောက်ဟာ ကိုယ့်ကို ချစ်ပါတယ်လို့ အပြော ခံရတဲ့ အတွက် ဘယ်တော့မှ စိတ် အနှောင့်အယှက် မဖြစ်ဘူးဗျ၊ ဒါဟာ သူတို့ အဖို့ ဂုဏ်ယူစရာ သိလား'

'ဒို့ပြင် မိန်းကလေးတွေ အဖို့တော့ ဒီလို အပြော ခံရတာဟာ ဂုဏ်ယူစရာပဲ၊ ဒါပေမဲ့ သီသီ့ အဖို့တော့ မဟုတ်ဘူး ထင်တယ်'

မောင်မောင်လတ်က ကိုအောင်မိုးကို ကြည့်၍ ပြုံးလိုက်ပြန်သည်။ မောင်မောင်လတ်သည် ကိုအောင်မိုးကို ရင်းရင်းနှီးနှီး သိသူ ဖြစ်၏။

တကယ်တော့လည်း ကိုအောင်မိုး အမြင်၌ လောကတွင် မိန်းမ နှစ်မျိုးနှစ်စား ရှိ၏။ တစ်မျိုးတွင် ခင်သီသီမှ အပ ဖြစ်သော ကမ္ဘာကြီး တစ်ခုလုံးတွင် ရှိသည့် မိန်းမများ ဖြစ်၏။ သည်လို မိန်းမများသည် တစ်ဖက်ဖက်တွင်တော့ ပျော့ညံ့ချက်များ ရှိသည်ဟု ထင်၏။ အခြား တစ်မျိုးကား ပျော့ညံ့ချက်၊ ချို့ယွင်းချက် ဆို၍ ဘာမျှ မရှိသော မိန်းမမျိုး ဖြစ်၏။ သည် အမျိုးအစားထဲတွင် ခင်သီသီ တစ်ယောက်သာ ရှိသည်ဟု ထင်သည်။

'ကဲပါ၊ နည်းနည်း ချလိုက်ပါဦး'

မောင်မောင်လတ်က သူ၏ ပထမ ခွက်ကို အပြီးသတ်၍ နောက်တစ်ခွက် ထပ်ငှဲ့ကာ ဆိုဒါနှင့် ရောနေသည်။

'သောက်တာပေါ့ ဖြည်းဖြည်းပေါ့၊ ကျွန်တော့် အဖို့တော့ ဒီပြဿနာဟာ သေရေး ရှင်ရေးပဲ ကိုမောင်မောင်လတ်ရေ၊ ကျွန်တော် ဒီကိစ္စကို ဘယ်သူ့မှ ဖွင့်မပြောသေးဘူး၊ ခင်ဗျားကို ပထမဆုံး ပြောခြင်းပဲ၊ ခင်ဗျားကတော့ ကျွန်တော်နှင့် အယူအဆချင်း အမြင်ချင်း မတူပေမဲ့ တစ်ယောက် အကြောင်း တစ်ယောက် နားလည်ပြီးသား ဆိုတော့ ခင်ဗျားကိုပဲ ပြောရမှာပဲ'

'ကျွန်တော့် အထင်ကို ပြောရမလား'

'ပြောပါ၊ ပွင့်ပွင့်လင်းလင်းပေါ့'

မောင်မောင်လတ်က ပြုံးနေသည်။ မောင်မောင်လတ်၏ အပြုံးမှာ နှစ်လိုဖွယ် ရှိပေ၏။

'ကျွန်တော့် အထင်ကို မပြောခင် ကျွန်တော့် မိန်းမ အထင်ကို အရင် ပြောမှ ဖြစ်မယ်၊ ခင်ဗျား သိတဲ့ အတိုင်း ရီဟာ ဖြတ်ထိုးဉာဏ် ကောင်းတယ်၊ အကင်းပါးတယ်၊ သူ့ ထင်တာတွေက သိပ် မလွဲလှဘူး၊ အထူးသဖြင့် အိမ်ထောင်ရေးနှင့် ပတ်သက်တဲ့ သူ့ အထင်တွေဟာ သိပ် မလွဲလှဘူး'

'ဆိုပါဦး'

ကိုအောင်မိုးက အရက်ခွက်ကို မော့၍ သောက်ပြီး ပြုံးနေ၏။

'တကယ် ပြောတာ၊ ဒီကိစ္စမှာ ရီက ခင်ဗျားဘက်မှာ ရှိတယ်'

'တကယ်လားဗျ'

'တကယ်ပါ၊ ရီဟာ ခင်ဗျားကို ခင်တယ်၊ ပြီးတော့ သီသီ့ကို ခင်ဗျား ခွံမှာပဲလို့ သူက တွက်ထားတယ်'

ကိုအောင်မိုးမှာ မောင်မောင်လတ် စကားကြောင့် မျက်နှာ တစ်ခုလုံး ဝင်းထိန်သွားလေသည်။ သူ့ မျက်လုံးများမှာ တလက်လက် တောက်ပနေကြ၏။

မောင်မောင်လတ်က ဖန်ခွက်ထဲတွင် ကျန်နေသည့် အရက်ကို မော့ချလိုက်ပြီး

'ဒါပေမဲ့ ခင်ဗျားကို ကျွန်တော် တစ်ခု ပြောစရာ ရှိတယ်၊ ခင်ဗျား ကိုသက်ဆွေကို သိသလား'

'ဟင့်အင်း ဘာဖြစ်လို့လဲ'

'ကိုသက်ဆွေနှင့်တော့ ခင်ဗျား အကြိတ်အနယ် ချရလိမ့်မယ် ထင်တယ်'

'ဘယ်က ကိုသက်ဆွေလဲဗျ'

စောစောက ဝင်းထိန်နေသော ကိုအောင်မိုး၏ မျက်နှာမှာ ညိုမှိုင်းသွားသည်ဟု ထင်ရ၏။

'ကိုသက်ဆွေ ဆိုတဲ့ လူက တရားဝန်ကြီး ဦးစံထွန်းရဲ့ သား၊ မန္တလေး ယူနီဗာစီတီမှာ ကထိက လုပ်နေတယ်၊ ကျွန်တော်နှင့်တော့ သိပ် မရင်းနှီးပါဘူး၊ ကျွန်တော်တို့ထက် နည်းနည်း ဂျူနီယာ ကျပါတယ်၊ သူ့ အရည်အချင်းကတော့ ရုပ်ချောတယ်ဗျာ၊ ပိုက်ဆံ ရှိတယ်ဗျာ၊ သဘော ကောင်းတယ်ဗျာ၊ အဖေက တရားဝန်ကြီး သူက ကထိက ဆိုတော့ ဂုဏ် ရှိတယ်၊ ပညာ တတ်တယ်၊ ယေးလ် တက္ကသိုလ်က ဒေါက်တာဘွဲ့ ရခဲ့တယ်ဗျာ၊ မိန်းကလေးတွေ သဘော ကျတတ်တဲ့ အရည်အချင်း ရှိတယ်'





ကိုအောင်မိုးသည် ဘာမျှ မပြောနိုင်ဘဲ မျက်မှောင်ကြီး ကုတ်ကာ ဆေးပြင်းလိပ်ကို ဖွာရှိုက်နေ၏။

'ကျွန်တော့် အထင်တော့ သီသီ့ကို ပိုးနေတယ် ထင်တယ်၊ ဒီအထဲ အဘွားကြီးကလည်း ခင်ဗျား သိတဲ့ အတိုင်း'

'ကျွန်တော်ကတော့ ခင်ဗျား ပြောမှ ရိပ်မိတာပဲ၊ အေးလေ အမှန်ကတော့ ခင်သီသီလို မိန်းမ တစ်ယောက်ကို ပိုးကြပန်းကြမှာပေါ့'

'ဟဲ ဟဲ စိတ်မပျက်ပါနှင့်ဦးဗျ၊ ခင်ဗျားဘက်ကလည်း သိပ် မဆိုးပါဘူး၊ ချန့်စ် ရှိပါသေးတယ်'

နှစ်ယောက်သား စကား တပြောပြောနှင့် သောက်နေကြသည်မှာ ပုလင်းရှိ တံဆိပ် ဘရန်ဒီ အလတ်စား တစ်ပုလင်း ကုန်သွားကြပြီ ဖြစ်၏။ မီးရထား ဟိုတယ်တွင် တဖြည်းဖြည်း လူပါးစ ပြုလာပေသည်။ အနေတော်လောက် ဖြစ်သည့် အတိုင်း ကျသင့်ငွေကို ရှင်းကာ နှစ်ယောက်သား ထလိုက်ကြသည်။

'အေးဗျာ စမ်းတော့ စမ်းကြည့်ရမှာပဲ၊ အရပ် ကူပါ လူ ဝိုင်းပါ ဆိုတဲ့ ကြားထဲက မစွံရင်လည်း ကျွန်တော့် ကံပေါ့၊ ဟဲ ဟဲ ခင်ဗျားလည်း ယောလီးဒေးတို့ ဘာတို့မှာ အနီး စခန်း တက်ခဲ့ပါဦးဗျ၊ အမဲ ပစ်လို့ ကောင်းတယ်၊ ချေတွေ သိပ် ပေါတာပဲ'

'အားရင်တော့ လာတာပေါ့ဗျာ၊ ဒါပေမဲ့ ကိုယ့်လူလည်း သတိ ထားနော်၊ မိန်းမ ဆိုတာ ယောကျ်ားတွေကို လက်ဖဝါးပေါ်မှာ ဂျင်ကလေး တင်ပြီး လှည့်သလို လှည့်ချင်ကြတာ၊ ကျွန်တော်တောင် ခု ရီနှင့် စကား များထားလို့'

'ဟင် ဘာဖြစ်လို့လဲ'

ကိုအောင်မိုးက အံ့အားသင့်စွာ မေးလိုက်သည်။

တကယ်ဆိုတော့ မောင်မောင်လတ်နှင့် ခင်ရီရီတို့၏ အိမ်ထောင်ရေးသည် နှင်းဆီပန်းတို့ ခင်းအပ်သော လမ်းကဲ့သို့ သာယာ ဖြောင့်ဖြူးသည် မဟုတ်ပါလား။

'ကိစ္စကတော့ သိပ် မဆန်းပါဘူး၊ ဖြစ်ရိုး ဖြစ်စဉ် ဆိုပါတော့၊ ခင်ဗျားကို ကျွန်တော် တစ်ခု မေးမယ်'

'မေးမှာသာ မေးစမ်းပါလေ'

'ဆိုပါတော့၊ ခင်ဗျားဟာ မိန်းမ တစ်ယောက်နှင့် လက်ထပ်ပြီးတဲ့နောက် ခင်ဗျား မိန်းမကို ခင်ဗျား ချစ်တယ်၊ ဒါပေမဲ့ ခင်ဗျားဟာ တခြား မိန်းမ တစ်ယောက်ကို အကြောင်းကြောင်းကြောင့် စွဲလမ်းမိတယ် ဆိုပါတော့'

'အို ဒါကတော့ မဖြစ်နိုင်တာဘဲဗျ၊ ကိုယ့်မှာ မိန်းမ ရှိတယ်၊ ကိုယ့် မိန်းမကိုလည်း ချစ်တယ် ဆိုရင် ရှင်းနေတာပဲ၊ အိမ်ကလည်း ထမင်းစား လာသေးတယ်၊ ခု တစ်ခါ မီးရထား ဟိုတယ် လာပြီး တိတ်တိတ်ပုန်း ခိုးစားတယ် ဆိုတော့ ဟား ဟား ဟား'

ကိုအောင်မိုးက ရယ်နေ၏။ မောင်မောင်လတ်ကမူ အရက်ကလည်း နည်းနည်း ထွေလာပြီ ဖြစ်သဖြင့် ပို၍ အာစ လျှာစ ရှင်လာကာ

'ဒါ ဘာဖြစ်လဲဗျ၊ တစ်ခါတလေကျတော့ အိမ်က စားလာခဲ့ပေမဲ့ ဒီရောက်လို့ ညှော်နံ့လေး ရလာပြီးမှ ထပ်စားချင်တဲ့ အခါလည်း ရှိသေးတာပဲ မဟုတ်လား၊ ဟား ဟား'

မောင်မောင်လတ်ကလည်း သူ့ စကားကို သူ သဘောကျကာ ပြန်၍ ရယ်နေသည်။

ပြီးမှ အသံ ခပ်လေးလေးဖြင့်

'အတည် ပြောတာပါဗျ၊ မိန်းမ တစ်ယောက်ဟာ လှတယ်၊ သိမ်မွေ့တယ်၊ ချစ်စရာ ကောင်းတယ်၊ တစ်ယောက်တည်း ကိုယ့်ဘဝ ကိုယ် ရုန်းကန်နေရတယ်၊ ယောကျ်ား တစ်ယောက်ကို ချစ်လို့ အစစ အရာရာကို စွန့်လွှတ်တယ် ဆိုပါစို့၊ ဒီ မိန်းကလေးကို စွန့်ခွာ ပစ်လိုက်တဲ့ ယောကျ်ားဟာ ရက်စက်ရာ မကျပေဘူးလား၊ တစ်ခါ ယောကျ်ားဘက်ကလည်း သားမယား ရှိလို့ သူ့ကို မစွန့်လွှတ်ချင်ဘဲ စွန့်လွှတ်လိုက်ရပေမဲ့ စွန့်လွှတ်ပြီးတဲ့ နောက်မှာ ဒီ မိန်းမကို သူ့ဘဝ သူ ရပ်တည်နိုင်အောင် မကူညီသင့်ပေဘူးလား'

'ပွင့်ပွင့်လင်းလင်း ပြောရမယ် ဆိုရင်တော့ မယားကြီး ရှိမှန်း သိရက်သားနှင့် ကြိုက်တဲ့ မိန်းမကိုတော့ ကျွန်တော် အထင် သေးတယ်ဗျာ'

'ဒါက သာမန်အားဖြင့် ကြည့်ရင်တော့ ဟုတ်မှာပဲ၊ ဒါပေမဲ့ ကိုအောင်မိုး ချစ်မိပြီ ဆိုတဲ့ အခါကျတော့ ကျွန်တော်တို့ မျက်လုံးတွေက တိမ်သလ္လာ ဖုံးလာကြတယ်၊ လုပ်သင့် မလုပ်သင့် ကိစ္စတွေ အားလုံးကို အချစ်နှင့် ချိန်ထိုးပြီး စဉ်းစား လာကြတယ်၊ နောက်ဆုံးတော့ အချစ်က လုပ်သင့်တယ်လို့ ဆိုတာကို လုပ်ကြပြီး မလုပ်သင့်ဘူးလို့ ဆိုတာကို မလုပ်ဘဲ နေလိုက်ကြတယ်၊ အမှန်ကတော့ ကျွန်တော်တို့ တစ်တွေဟာ အချစ် ဆိုတဲ့ မသိမြင်နိုင်တဲ့ စိတ်ကလေးရဲ့ စေခိုင်းရာကို ခံနေကြရတဲ့ သားကောင်တွေ မဟုတ်ဘူးလား'

ကိုအောင်မိုးသည် မောင်မောင်လတ်၏ စကားများကို နားထောင်၍ ငြိမ်နေ၏။





ထိုအခိုက် မောင်မောင်လတ်၏ မိတ်ဆွေ ဗိုလ်မှူး တစ်ဦး လာရောက် နှုတ်ဆက်သဖြင့် စကား ပြတ်သွားကြသည်။

ဗိုလ်မှူးက နှုတ်ဆက်ပြီး ထွက်သွားတော့မှ

'ကဲ ခင်ဗျားမှာ မိန်းမ ရှိရက်နှင့် တခြား မိန်းမ တစ်ယောက်ကို ချစ်မိပြီ ဆိုပါတော့၊ ခင်ဗျား ဘာလုပ်မလဲ'

'မီးရထား ဟိုတယ်မှာ လာပြီး ခိုးမစားနှင့်ပေါ့ဗျ'

မောင်မောင်လတ်က ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး

'ခင်ဗျား တွေးပုံ ခေါ်ပုံတွေဟာ ခေတ်မီသလိုလိုနှင့် ရှေးကျနေတယ်၊ ဒီမှာ ကိုအောင်မိုး၊ ကျွန်တော့် အဖို့မှာ မိန်းမ နှစ်မျိုး နှစ်စား ရှိတယ်ဗျ၊ တစ်မျိုးက သူကချည်းပဲ ခင်ဗျားဆီက အကုန် ယူချင်တယ်၊ သူက ဘာမှ ပြန်မပေးဘူး၊ တခြား တစ်မျိုးကတော့ သူကချည်းပဲ အကုန် စွန့်လွှတ်တယ်၊ ခင်ဗျားဆီက ဘာမှ မတောင်းခံဘူး၊ အဲဒီလို မိန်းမ နှစ်မျိုး ကြားမှာ ခင်ဗျား ရောက်နေရင် ခင်ဗျား ဘာလုပ်မလဲ၊ အဲဒါ ကျွန်တော့် အဖို့ ပြဿနာပဲ'

'အင်း တော်တော်တော့ ခက်တာပဲ'

ကိုအောင်မိုးက ညည်းလိုက်သည်။

'အဲဒါပဲဗျ၊ ကျောင်းတုန်းက ကျွန်တော်တို့ မကြာခဏ ဆွေးနွေး ဖူးသလိုပဲ ဘဝမှာ အလင်းနှင့် အမှောင် ဆိုတာ ရှိစမြဲပဲ၊ အပြင်ကနေ ကြည့်ရင် ကျွန်တော့် ဘဝဟာ ဘယ်လောက် ပျော်စရာ ကောင်းသလဲ၊ အမှန်ကတော့ ကျွန်တော့် ဘဝမှာလည်း စိတ်ပျက်စရာ စိတ်ညစ်စရာတွေ တစ်ပုံကြီးပဲ'

ကိုအောင်မိုးသည် ဘာမျှ ပြန်မပြောတော့ဘဲ သူနှင့် ခင်သီသီတို့ ကိစ္စကို တွေးနေသည်။ မောင်မောင်လတ်ကလည်း ဘာမျှ မပြောတော့ဘဲ ကွက်လပ်တွင် ရပ်ထားသော မော်တော်ကားပေါ်သို့ တက်လိုက်သည်။

# ၉

ခင်သီသီသည် ထမင်းစားပွဲပေါ်က ပန်းသီးကို အခွံ သင်ကာ အစိတ်ကလေး စိတ်လိုက်ပြီး ဒေါ်ညွန့်ညွန့်ကို လှမ်းပေးလိုက်၏။ ဒေါ်ညွန့်ညွန့်သည် ပန်းသီးကို တမြုံ့မြုံ့ ဝါးနေသည်။ ဦးငွေခင်မှာ အိမ်ရှေ့တွင် လမ်းလျှောက်နေသည်။ ဦးငွေခင်မှာ ဝသဖြင့် အစာ မစားဘဲ ပေါင်မုန့်နှင့် ကော်ဖီကိုသာ စားသောက်လေ့ ရှိပေသည်။

ဒေါ်ညွန့်ညွန့်သည် ပန်းသီးစိတ်ကို ဝါးနေရာမှ ခင်သီသီကို ငေးစိုက်ကြည့်နေမိသည်။

ခင်သီသီမှာ အသက်မှာ ၂၀ ကျော်၍ ၂၁ နှစ်ထဲ ဝင်ခါစ ရှိသေး၏။ ရန်ကုန် တက္ကသိုလ်နှင့် အထက်တန်းလွှာ အသိုင်းအဝိုင်းတွင် ခင်သီသီ၏ ဂုဏ်သတင်းမှာ သူ့ အစ်မ နှစ်ယောက် ကျော်သူ ဘဝကထက်ပင် မွှေးပျံ့လျက် ရှိသည်။ ခင်သီသီကို ဝိုင်းဝိုင်းလည် ပိုးပန်းနေသူများ အနက် စွဲစွဲမြဲမြဲ ပိုးပန်းနေသူများမှာ ကိုသက်ခွေနှင့် ကိုအောင်မိုးတို့ ဖြစ်ပေသည်။

ကိုအောင်မိုးမှာ လွန်ခဲ့သည့် နွေ ကျောင်းပိတ် နှစ်လလုံးလုံး မန္တလေးသို့ ရောက်လာကာ ခင်သီသီတို့ အိမ်တွင် ဝင်ထွက် သွားလာနေခဲ့သည်။ ကိုအောင်မိုးက ခင်သီသီကို နှစ်နှစ်ကာကာ ချစ်နေကြောင်းကို လူကြီးတွေကရော ခင်ရီရီတို့ကပါ ရိပ်မိနေသည်။ ကိုအောင်မိုးနှင့် ခင်သီသီ ကိစ္စကြောင့် ဦးငွေခင်နှင့် ဒေါ်ညွန့်ညွန့်မှာ ခေါင်းချင်းဆိုင် တိုင်ပင် နှီးနှောရာမှ စကား များသည် အထိ ဖြစ်ခဲ့ကြ၏။

ဦးငွေခင်က ကိုအောင်မိုးမှာ ခင်သီသီနှင့် အလိုက်လျောဆုံးဟု ဆိုကာ ကိုအောင်မိုးဘက်ကို မဲတင်းခဲ့ပြီး ဒေါ်ညွန့်ညွန့်ကမူ ခင်သီသီမှာ ငယ်သေးသည်ဟု လည်းကောင်း၊ ကိုအောင်မိုးကလည်း ခင်သီသီကို စွဲစွဲလမ်းလမ်း ရှိဟန် မတူဟု လည်းကောင်း၊ ခင်သီသီ ကိုယ်တိုင်ကလည်း ကိုအောင်မိုးကို နှစ်သက်ပုံ မရဟု လည်းကောင်း ယင်းကိစ္စမျိုးတွင် မိန်းမတို့၏ ထုံးတမ်းစဉ်

လာ အတိုင်း အကြောင်း အမျိုးမျိုး ပြကာ ဓာလည်ကြောင်ပတ် လုပ်နေခဲ့သည်။ သို့ရာတွင် ခင်သီသီကို ပို၍ အလားအလာ ကောင်းသော လူတစ်ယောက်နှင့်မှ ပေးစားသင့်သည်ဟု လည်းကောင်း၊ ကိုအောင်မိုးမှာ သူ မျှော်မှန်းသော အခေါ် လျှာလုမ်းလွန်းလှသည်ဟု လည်းကောင်း စသည့် မိမိ စိတ်ထဲတွင် တည်ရှိ နှင့် ကွာလှမ်းလွန်းလှသည်ဟု လည်းကောင်း စသည့် မိမိ စိတ်ထဲတွင် တည်ရှိ နေသော တကယ့် အကြောင်းရင်းကိုမူ ဒေါ်ညွန့်ညွန့်သည် ဖော်ပြခြင်း မရှိဘဲ သိုဝှက်ထားလေသည်။

ကိုအောင်မိုး စိတ်ပျက်လက်ပျက်နှင့် အနီး စခန်းသို့ ပြန်သွားသော အခါ တွင် 'ကဲ ဘယ့်နယ် ရှိစ၊ မပြောဘူးလား' ဟူသော စကားမျိုးဖြင့် ဒေါ်ညွန့် ညွန့်က ဦးငွေခင်အား အောင်ပွဲ ခံလိုက်လေသည်။ စိတ်ထဲကလည်း ကျိတ်၍ ဝမ်းအသာကြီး သာနေမိလေသည်။

ကိုသက်ဆွေ ရန်ကုန် တက္ကသိုလ်မှ မန္တလေး တက္ကသိုလ်သို့ ရောက်ရှိလာ ကာ အိမ်သို့ ဝင်ထွက် သွားလာသော အခါ၌မူကား ဒေါ်ညွန့်ညွန့်မှာ အတိုင်း ထက် အလွန် တံခွန်နှင့် ကုက္ကား ဖြစ်လျက် ခင်သီသီနှင့် အစစ အရာရာ အလိုက်လျောဆုံးသူမှာ ကိုသက်ဆွေ တစ်ယောက်သာလျှင် ဖြစ်သည်ဟု စိတ် နှလုံး တုံးတုံး ချလိုက်လေတော့သည်။

ဒေါ်ညွန့်ညွန့်၏ အမြင်တွင် ကိုသက်ဆွေနှင့် ကိုအောင်မိုးမှာ မိုးနှင့် မြေ လို ကွာခြားနေပေသည်။ ကိုအောင်မိုး၏ နိုင်ငံရေး အယူအဆများနှင့် ဟန်ပန် တို့ကို လည်းကောင်း၊ အထက်တန်းလွှာအား လှောင်ပြောင် သရော်တတ်သည့် အကျင့်ကို လည်းကောင်း၊ နောက်ဆုံး အနီး စခန်းတွင် ကြက်ဘဲ တိရစ္ဆာန် မွေးမြူကာ ခြံစိုက်နေသည့် အလုပ်ကို လည်းကောင်း ဒေါ်ညွန့်ညွန့်သည် နည်း နည်းမျှ မနှစ်မြို့ပေ။ ထို့မှုမက မိမိ၏ သမီး အထွေးဆုံး၊ အချောဆုံး၊ အယဉ် ဆုံး ခင်သီသီကို တစ်ဖက်သတ် ချစ်ကြိုက်နေသော ကိုအောင်မိုးသည် အိမ်သို့ တစ်လ ကိုးသီတင်း လာရောက် နေထိုင်ကာ ခွဲနပဲကြီးဖြင့် ပိုးပန်းနေသည်ကို လည်း စိတ်ထဲတွင် အခံရ ခက်နေသည်။ နောက်ဆုံး ကိုအောင်မိုး စိတ်ပျက်၍ ပြန်သွားတော့မှ ဒေါ်ညွန့်ညွန့်သည် ရင်ကို မကာ သက်ပြင်းကို ချနိုင်ခဲ့ပေ သည်။

ကိုသက်ဆွေကား ဒေါ်ညွန့်ညွန့်၏ စိတ်ကူးထဲက သမက် တစ်ယောက် ၏ အရည်အချင်းတွေ တင်းပြည့် ကျပ်ပြည့် ရှိသူ ဖြစ်၏။ တစ်ဦးတည်းသော သား ဖြစ်၍ အမွေတွေ အများကြီး ရရန် အလားအလာ ရှိသည်။ ပညာတတ်ရုံ မျှမက နိုင်ငံခြား ဒီဂရီကြီး တစ်ခုကိုပင် ရယူ ဆွတ်ခူးခဲ့သော ပါရဂူ တစ်ဦး





ဖြစ်သည်။ ရွှေကြီး မျိုးကြီးမှ ဆင်းသက် ပေါက်ဖွားလာကာ ရှေးတွင် အလေး အသာပေါင်း များစွာ ပွင့်သင်းလျက် ရှိသူ ဖြစ်သည်။

ထို့ကြောင့် ဒေါ်ညွန့်ညွန့် အမြင်တွင် ကိုသက်ဆွေသည် ပြောက်ပြစ်ကင်း သဲလဲစင် ဖြစ်နေသည်။ သည့်ထက် ပို၍ ခင်သီသီနှင့် လိုက်လျောသူ မရှိတော့ ဟုပင် ထင်မိပေသည်။

ကိုသက်ဆွေသည် ဧည့်ခံပွဲများ၊ ပါတီများ၊ ရုပ်ရှင်ရုံများသို့ ခင်သီသီနှင့် ပြောင်ပြောင်ပင် သွားလာလျက် အိမ်သို့လည်း မကြာခဏ ဆိုသလို ရောက်လာ တတ်ပေရာ ကိုသက်ဆွေသည် ခင်သီသီကို တကယ် ချစ်ခင်နေသည်ဟု ဒေါ် ညွန့်ညွန့်က တထစ်ချ ယူဆထားလိုက်လေသည်။ သို့တိုင်အောင် ဒေါ်ညွန့်ညွန့် မှာ ရင်တမမ ဖြစ်နေသေးသည်။ ခင်သီသီ ဘီအေ အောင်လျှင် ကိုယ်ကပင် တင်၍ တောင်းမည်ဟု အောက်မေ့မိပေသေးသည်။

ဒေါ်ညွန့်ညွန့် ကိုယ်တိုင် ဦးငွေခင်နှင့် လွန်ခဲ့သော အနှစ် သုံးဆယ်ကျော် က လက်ထပ်ခဲ့စဉ်တုန်းက ဆိုလျှင် သူ့ အမေကပင် ရွေးချယ်၍ လက်ထပ် ပေးခဲ့ခြင်း ဖြစ်၏။ တစ်ဖက်နှင့် တစ်ဖက် စနည်းနာကြပြီးနောက် ဦးငွေခင် က အိမ်သို့ လာ၍ လည်ရင်း သတို့သမီးလောင်း၏ အကဲခတ်ခြင်းကို ခံယူခဲ့ သည်။ နှစ်ဖက် လူကြီးချင်း စေ့စပ် ကြောင်းလမ်းပြီး နောက်မှ သူတို့ နှစ်ဦး တွေတွေဆိုင်ဆိုင် တွေ့ကာ တစ်ယောက် သဘောကို တစ်ယောက် တီးခေါက် ခဲ့ကြပြီး နေ့ကောင်းရက်သာ ရွေးလျက် လက်ထပ်ခဲ့ကြခြင်းသာ ဖြစ်ပေရာ သူ တို့ လက်ထပ်မင်္ဂလာ ကိစ္စမှာ အစစ အရာရာ ချောမောစွာဖြင့် ပြီးခဲ့ပေသည်။

သို့ရာတွင် သူ့သမီးများ အိမ်ထောင်ရေးကို စဉ်းစားလာရသော အခါတွင် မူကား သူ့တုန်းကလို ချောမော လွယ်ကူခြင်း မရှိသည်ကို တွေ့ရပေသည်။

အကြီးမ ခင်ရီရီနှင့် ခင်ကြည်ကြည်တို့ နှစ်ယောက်တုန်းက ဆိုလျှင် စိတ် သောက အရောက်ကြီး ရောက်ပြီးမှ သူ ကြိုက်ရာကို ရွေးနိုင်ခဲ့သည်။ ငွေကုန် ကြေးကျ အမြောက်အမြား ခံ၍ တင်တောင်းပြီးမှ ကိစ္စ ပြီးခဲ့သည်။ ဦးငွေခင် နှင့် အငြင်းအခုံ ဖြစ်ပြီးမှ နေရာချပေးနိုင်ခဲ့သည်။

ယခု အထွေးဆုံး ခင်သီသီ၏ အိမ်ထောင်ရေးကို စဉ်းစားလာရသော အခါ တွင်မူ အကြီးမ နှစ်ယောက်တုန်းကထက်ပင် စေ့ငု လေးနက်စွာ စဉ်းစားရ သည်။ ယခင် အခါများကထက်ပင် ဦးငွေခင်နှင့် ပို၍ စကား များရသည်။

ဦးငွေခင်ကမူ ဖခင်များ ထုံးစံအတိုင်း သမီးများကို သူတို့ ကိုယ်စွမ်း ကိုယ်စဖြင့် ပညာ ထွန်းထွန်းပေါက်ပေါက် ရှိသော သမီးများ ဖြစ်စေချင်သည်။

ယောကျ်ားကို မှီခို အားထားကာ ယောကျ်ား၏ ဂုဏ်ကြောင့် အရောင် တောက် နေရသော သမီးများ အဖြစ်မှ ကင်းလွတ်စေချင်သည်။ အထူးသဖြင့် သူ အချစ်ဆုံးသော သမီးထွေး ခင်သီသီကို ပို၍ ထွန်းထွန်းပေါက်ပေါက် ဖြစ်စေလိုပေသည်။ အိမ်ထောင်လျက်သား ချပေးသည့် တိုင်အောင် ကုန်ရောင်း ကုန်ဝယ် ကိစ္စ တစ်ခုတွင် အရှုံး အမြတ်ကို ကြိုတင် တွက်ချက်သကဲ့သို့ ယခုလောက် စေ့ငုနေသည်ကို မကြိုက်ပေ။ လူငယ်များကို သူတို့၏ စိတ်ဆန္ဒ အလျောက် ရွေးချယ်စေလိုပေသည်။

ဒေါ်ညွန့်ညွန့်ကလည်း လူငယ်များအား လွတ်လပ်ခွင့် ပေးထားခြင်းကို လုံးဝ သဘော မတူနိုင်အောင် ဖြစ်နေ၏။ သည်ခေတ်ကြီးသည် အလျင်အမြန် လှုပ်ရှားလျက် ရှိသည်ကို ဒေါ်ညွန့်ညွန့် မသိ မဟုတ်၊ ကောင်းကောင်း သိ၏။ ခင်သီသီလို အရွယ် မိန်းကလေးများသည် ယခုခေတ်တွင် ယောကျ်ားများနှင့် တွဲကာ လွတ်လပ်စွာ သွားလာနေကြ၏။ မော်တော်ကားကို ကိုယ်တိုင် မောင်းကာ လမ်းထွက်တတ်ကြပြီ ဖြစ်၏။

အရေးကြီးဆုံး အချက်ကား ခုခေတ် လူငယ်များသည် အိမ်ထောင်ရေးကို မိဘများ၏ အစွက်ဖက် မခံဘဲ သူတို့၏ ကိုယ်ပိုင် ကိစ္စ တစ်ခု ဖြစ်သည်ဟု ယူဆလာခြင်း ဖြစ်သည်။ လူငယ်များ၏ အိမ်ထောင်ရေးကို မိဘများက စီမံပေးခြင်းသည် ခေတ်မမီတော့ဟု ယူဆလာကြသည်။ ဒေါ်ညွန့်ညွန့်သည် သည်အယူအဆကို လုံးဝ လက်မခံနိုင်ပေ။ လူငယ်တွေ စိတ်ကြိုက် ရွေးခွင့် ပေးခြင်းကို ထောက်ခံ ပြောဆိုသူ မှန်သမျှအား သမီးချင်း မစာနာဟု ထင်မိသည်။ သည်လို လွတ်လပ်ခွင့် ပေးထားလျှင် ခင်သီသီသည် အိမ်ထောင်ဖက် အဖြစ် မသင့်တော်သည့် လူတစ်ယောက်ကို ရွေးမိပြီး ဖြစ်မှာ စိုးရိမ်နေသည်။ မိန်းကလေးများအား လွတ်လပ်ခွင့် ပေးထားခြင်းမှာ သူ့ အမြင်တွင် ကလေး တစ်ယောက်အား ယမ်း အပြည့် ထိုးထားသော ခြောက်လုံးပြူး သေနတ်နှင့် ကစားခွင့် ပြုထားသည်နှင့် တူနေပေသည်။

ထို့ကြောင့်လည်း ဒေါ်ညွန့်ညွန့်သည် ခင်သီသီ၏ ကိစ္စတွင် အမြဲတစေ အကဲခတ်၍ စောင့်ကြည့်နေခဲ့ခြင်း ဖြစ်၏။

ကိုသက်ဆွေသည် အတည် မဟုတ်ဘဲ ခပ်ပေါ့ပေါ့ပင် စိတ်ကူး ထည့်လေသလား ဟူ၍ စိုးရိမ်မိသေးသည်။ သို့ရာတွင် ခင်သီသီ ကိုယ်တိုင်က ကိုသက်ဆွေကို ချစ်လျက် ရှိပြီးရုံမျှမက ကိုသက်ဆွေလို လူတစ်ယောက်သည် သည်လို ရိုင်းရိုင်းပျပျတော့ စိတ်မကူးတန်ရာဟု ကိုယ့်ဘာသာကိုယ် ဖြေယူ





ရလေသည်။ မကြာသေးမီကမှ ခင်သီသီက သူ့အား ကိုသက်ဆွေက စကား စလာသည့် အကြောင်းကို ဒေါ်ညွန့်ညွန့်အား ဖွင့်ပြောခဲ့ဖူး၏။ ခင်သီသီသည် သည်လို ကိစ္စတွင် မိခင် စိတ်ကျေနပ်အောင် တိုင်ပင်သင့်သလောက် တိုင်ပင်ခဲ့ပေသည်။ ဒေါ်ညွန့်ညွန့်မှာ သည်တော့မှ စိတ်အေးသလိုလို ရှိသွားပေသည်။ ကိုသက်ဆွေက သူသည် အိမ်ထောင်ရေး ကိစ္စများလို အရေးကြီးသော ကိစ္စများကို သူ့ မေမေအား အမြဲတမ်း တိုင်ပင်သည်ဟု ခင်သီသီကို ပြောခဲ့သည်။ သူတို့ ကိစ္စကို နားဖောက်ရန် သူ့ မေမေကိုလည်း စာ ရေး၍ ခေါ်ထားကြောင်း ဖြင့် ကိုသက်ဆွေက ပြောပြကြောင်းကို ခင်သီသီက ဖွင့်ပြောခဲ့သည်။

သို့ရာတွင် ကိုအောင်မိုးကို မြင်လိုက်သော အခါ၌မူကား ဒေါ်ညွန့်ညွန့်၏ စိုးရိမ်ချက်များမှာ တဖွားဖွား ပြန်၍ ပေါ်လာပြန်လေသည်။

ခင်သီသီမှာ ကိုအောင်မိုးကို ငယ်ငယ် ကတည်းက ခင်မင်လာသူ တစ်ဦး ဖြစ်ရာ ကိုအောင်မိုးနှင့် နီးစပ်သွားမည် ဆိုလျှင် ခင်သီသီ ကိစ္စမှာ ရှုပ်ထွေး လာမည်ကို စိုးရိမ်နေမိသည်။

'နေပါဦး သမီးရဲ့၊ မောင်အောင်မိုးက ဘာဖြစ်လို့ မန္တလေးမှာ ဒီလောက် ကြာအောင် နေနေတာလဲ'

ဒေါ်ညွန့်ညွန့်က ခင်သီသီကို ပြောကာ ပန်းသီးစိတ်ကလေး ကိုက်လိုက်၏။ ခင်သီသီသည် သူ ကိုယ်တိုင် ပန်းသီး တစ်စိတ်ကို ကောက်ယူ စားလိုက်ပြီး

'အို မေမေကလည်း အစ်ကိုအောင် မန္တလေး ရောက်တာ ဒီနေ့ မနက်မှ ရောက်တဲ့ဟာပဲ'

'ဪ အေး ဟုတ်သားပဲ၊ စကား စပ်မိလို့ သမီးကို မေမေ ပြောရဦးမယ်'

ဒေါ်ညွန့်ညွန့်က လက်သုတ် ပဝါဖြင့် နှုတ်ခမ်းကို သုတ်နေသည်။ သူ့ မျက်နှာမှာ လေးနက်သည့် အသွင်ကို ဆောင်၍ သူ့ အသံမှာ တည်ငြိမ်နေသည်။ ခင်သီသီသည် ဒေါ်ညွန့်ညွန့် ပြောမည့် စကားကို သိပြီးသား ဖြစ်နေ၏။

'မေမေ ပြောမှာ သီသီ သိပါတယ် မေမေ၊ ဒီကိစ္စမှာ သီသီ့ကို စိတ်ချပါ၊ မေမေ ဒီလောက် တွေးပြီး စိတ်သောက ရောက်မနေပါနှင့်'

ခင်သီသီသည် မိခင်ကို ချစ်၏၊ သနား၏။ သို့ရာတွင် ဒေါ်ညွန့်ညွန့်၏ အိမ်ထောင်ရေး သဘောထားများကိုမူ သိပ် မကြိုက်လှပေ။ ရှေးဆန်သည်ဟု ထင်ပေသည်။

'မေမေ့ သဘောကတော့ ကိုယ် မယူနိုင်တဲ့ လူ တစ်ယောက်ကို ကြိုး ရှည်ရှည်နှင့် လံထားပြီး မျှော်လင့်ချက် ပေးမထား..'

'မေမေရယ်၊ သီသီလည်း သူငယ်နှပ်စားလေး မဟုတ်တော့ပါဘူး၊ ဒီ အကြောင်း မပြောပါနှင့်တော့'

ခင်သီသီက ညည်းညူ၍ ပြောလိုက်သည်။

'အေးပါကွယ်၊ သမီး သိပြီးသား ဆိုရင်လည်း မပြောတော့ပါဘူး၊ ဒါ ပေမဲ့ မေမေ မသိအောင် ဘာမှ ဖုံးကွယ် မထားပါဘူး ဆိုတဲ့ ကတိကိုတော့ မေမေ့ကို ပေးပါကွယ် နော် သမီး'

ခင်သီသီက ဒေါ်ညွှန့်ညွှန့်ကို ဆတ်ခနဲ ကြည့်ကာ

'ဒီမှာ မေမေ၊ မေမေ မသိအောင် သမီး ဘာမှ မလုပ်ဘူး စိတ်ချ၊ မေမေ ကသာ သမီးကို တပူပူ လုပ်မနေနှင့်'

သည်တော့မှ ဒေါ်ညွှန့်ညွှန့်သည် ခေါင်း တဆတ်ဆတ် ညိတ်ကာ သမီး ချောကို ကြည့်၍ ပြုံးနေလေသည်။

ခင်သီသီသည် ထမင်းစားခန်းမှ အိမ်ရှေ့သို့ ထွက်လာခဲ့လေသည်။ ဒေါ် ညွှန့်ညွှန့်မှာ အပေါ်ထပ် ဘုရားဆောင်သို့ တက်၍ ဘုရား ဝတ်ပြုနေသည်။ ဦးငွေခင်မှာ ခြံထဲတွင် လမ်းလျှောက်နေတုန်းပင် ဖြစ်လေသည်။

ခင်သီသီသည် နှစ်ယောက်ထိုင် ဆိုဖာကြီးပေါ်တွင် ပစ်ထိုင်လိုက်ပြီး သက်ပြင်း ချလိုက်မိသည်။ သူ့ ရင်သည် တဒိတ်ဒိတ် ခုန်လျက် ရှိ၏။ ယနေ့ ညနေတွင် ကိုအောင်မိုး လာမည်ဟု ပြောသွားသည်ကို အမှတ်ရနေသည်။ ကို သက်ဆွေကလည်း သည်အချိန် ဆိုလျှင် လာနေကျ ဖြစ်သည်။ သူတို့ နှစ် ယောက် လာ၍များ ဆုံကြလျှင် သူတို့ မျက်နှာထားတွေ ဘယ်လို နေကြမည်ကို တွေးကြည့်နေသည်။ ထိုမှ တစ်ဆင့် သူတို့ နှစ်ယောက် အကြောင်းကို ယှဉ်၍ စဉ်းစားနေမိသည်။

ကိုအောင်မိုးနှင့် ငယ်ငယ်က ရင်းရင်းနှီးနှီး နေခဲ့ကြသည်ကို အမှတ် ရနေသည်။ သေဆုံးသွားသည့် သူ့ အစ်ကို ခင်မောင်ဇော်နှင့် ကိုအောင်မိုးတို့ အောက်ထပ်က အခန်းထဲတွင် စာကျက်ရာသို့ လာ၍ ဆော့လျှင် အော်ငေါက် ထုတ်ကြပုံ၊ ထိပ်ကို မနာ့တနာ ခေါက်ကြပုံတို့ကို သတိရလာသည်။ သည်လို ရှေးဟောင်းနှောင်းဖြစ်တွေကို တွေးမိလျှင် ခင်သီသီ၏ စိတ်မှာ ကြည်နူးသလို ဖြစ်လာသည်။ ကိုအောင်မိုး၏ အချစ်မှာ ဖြူစင် သန့်ရှင်းကြောင်းကို ခင်သီသီ သိပေသည်။





ကိုသက်ဆွေ အကြောင်းကို စဉ်းစားလိုက်သည့် အခါတွင်မူ ဘာကြောင့် မှန်း မသိ ခင်သီသီမှာ ရင်လေးသလိုလို ဖြစ်နေမိသည်။ ကိုသက်ဆွေ ကိုယ် တိုင်ကမူ ရိုးသား၍ သဘော ကောင်းသူ တစ်ယောက် ဖြစ်၏။ သို့ရာတွင် စိတ်ထဲမှာ အလိုလို စိုးရိမ် ကြောက်လန့်နေပေသည်။

သို့သော်လည်း အိမ်ထောင်ဖက် အနေဖြင့် စဉ်းစားလျှင် ကိုသက်ဆွေနှင့် အိမ်ထောင်ရေးမှာ ချောမော ဖြောင့်ဖြူးလျက် ရှိပြီး ကိုအောင်မိုးနှင့် အိမ်ထောင် ရေးမှာ ခလုတ် ကန်သင်းတွေ ပြည့်နှက်နေသည်ဟု ထင်ရပေ၏။

ခဏ ကြာလျှင် တံခါးမှ ခေါင်းလောင်း တီးသံကို ကြားရလေသည်။ ဧကန္တ ကိုအောင်မိုးပဲဟု တွေးမိကာ ခင်သီသီမှာ ရင် တလှပ်လှပ် ခုန်လာလေ သည်။ ကိုအောင်မိုး လာလျှင် သူ့ အချစ်ကို တောင်းခံတော့မည်ဟု သိပြီး ဖြစ် ၍ စိတ်ထဲမှာ နောက်ကျိလာပြန်လေသည်။ သူ့ကို နှစ်နှစ်ကာကာ ချစ်နေသူ တစ်ယောက်အား ပြတ်ပြတ်တောင်းတောင်းကြီး ပြောပစ်ရမည်ကိုလည်း ဝန် လေးသလို ဖြစ်နေပေသည်။ သူ့အား သစ်စိမ်းချိုး ချိုးသည့် အဖြစ် မရောက်ရ လေအောင် တစ်ယောက်ယောက်နှင့် ချစ်နေသည်ဟု ပြောရန်ကလည်း မဖြစ် နိုင်ပေ။

ခင်သီသီသည် တံခါးဝသို့ သွားကာ ဘီလပ် သံတံခါးကို အထဲမှ သော့ ခတ်ထားရာက သော့ဖွင့်ပေးလိုက်သည်။

ကိုအောင်မိုးမှာ ရှပ်လက်ရှည် အဖြူကို လက်ခေါက် ဝတ်ထားပြီး ဘန် ကောက် လုံချည် တစ်ပတ်နွမ်းကို ဝတ်ထားလေသည်။ သူ့ မျက်လုံးများက ခင်သီသီကို စူးစိုက် ကြည့်နေကြပေသည်။

'စားသောက် ပြီးကြပြီလား၊ ကိုယ် လာတာများ စောနေသလား'

'ဟင့်အင်း၊ မစောပါဘူး'

ခင်သီသီက သော့ခလောက်ကို ပြန်ခတ်ပြီး သော့ကို တိုင်တွင် ချိတ်ထား ခဲ့ကာ မျက်နှာချင်းဆိုင် ဆိုဖာ တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

'သီသီ့ကို ပြောချင်တာတွေ ရှိလို့ စောစော လာခဲ့တာပဲ၊ ည ညမှာ ဧည့်သည်တွေ လာတတ်လွန်းလို့၊ အရင်တုန်းကလို ဧည့်သည်တွေ လာတုန်းပဲ လား'

'ဧည့်သည်ကတော့ ပြတ်တယ် မရှိပါဘူး၊ ဒီလိုပါပဲ၊ မေမေကလည်း အပေါ်ထပ်မှာ ဘုရား ရှိခိုးနေတယ်၊ ခဏ ကြာရင် ဆင်းလာမှာပါ'

ကိုအောင်မိုးက ခင်သီသီကို တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။

ခင်သီသီ၏ မျက်နှာမှာ နီမြန်းသွားသည်ဟု ထင်ရသည်။

'ကိုယ် မန္တလေးမှာ ဘယ်လောက် ကြာမယ် ဆိုတာ သီသီ့ အပေါ်မှာပဲ တည်တယ်လို့ ပြောတာ မှတ်မိသေးလား၊ ဟုတ်တယ် သီသီ၊ ကိုယ့် ဘဝဟာ သီသီ့ အပေါ်မှာ တည်နေတယ်'

ခင်သီသီသည် မျက်နှာတွေ ထူပူလာကာ ခေါင်းကို အောက်ကို ငုံ့ထားလိုက်သည်။ ဘယ်လို ဖြေရမှန်းလည်း မသိပေ။

'ကိုယ့် ရှေ့ရေးဟာ သီသီ့ အဆုံးအဖြတ်ပေါ်မှာ တည်နေတယ်၊ တကယ်ပဲ၊ ကိုယ် မန္တလေးကို ဆင်းလာတာဟာ ဒီအကြောင်းကို ပြောပြချင်လို့ပဲ၊ သီသီ သဘော တူတယ် ဆိုရင် ကိုယ် လူကြီးတွေကို နားဖောက်နိုင်မယ်'

ခင်သီသီသည် အသက်ရှူ မှားသလို မောနေသည်။ သူ့ တစ်ကိုယ်လုံးမှာ ပီတိတွေ ဝေဖြာနေသည်။

ယောကျ်ား တစ်ယောက်၏ ချစ်စကားကို နားထောင် ရသည်မှာ သည်လောက် ကြည်နူး ဝမ်းသာစရာ ကောင်းလိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့ပေ။ သို့ရာတွင် ခင်သီသီ၏ ကြည်နူး ဝမ်းသာခြင်းမှာ ခဏမျှသာ ကြာလိုက်ပေသည်။ ချက်ချင်းပင် သူ့ မျက်စိထဲတွင် ကိုသက်ဆွေကို မြင်ယောင် လာပေသည်။

ခင်သီသီသည် ကိုအောင်မိုးအား ခေါင်းငုံ့လျက်က လှမ်းကြည့်ပြီးနောက်

'သီသီ ခု မစဉ်းစားပါရစေနှင့်ဦး ကိုကိုအောင်၊ ဖြစ်လည်း ဖြစ်နိုင်မယ် မထင်ပါဘူး'

'သီသီက ငြင်းလိုက်မယ် ဆိုရင်တော့ ကိုယ်ဟာ လောကမှာ ကံ အဆိုးဆုံး လူတစ်ယောက်လို့ပဲ အောက်မေ့ရတော့မှာပေါ့ သီသီ'

ကိုအောင်မိုးက ပြန်ရန် ရုတ်တရက် ထလိုက်သည်။



## ၁၀

'မောင်အောင်မိုးလားဟေ့၊ ရောက်နေတာ ကြာပြီလား'

ဒေါ်ညွန့်ညွန့်က အိမ်ပေါ်မှ ဆင်းလာ၍ နှုတ်ဆက်လိုက်သည်။ မျက်နှာမသာမယာဖြင့် ကိုအောင်မိုးနှင့် ခင်သီသီတို့ နှစ်ယောက်တည်းကို တွေ့ရသောအခါ ဒေါ်ညွန့်ညွန့်မှာ မျက်နှာများ ပျက်သွားလေသည်။ ကိုအောင်မိုးက ပြုံး၍နှုတ်ဆက်လိုက်၏။ ပါးစပ်ကတော့ ဘာမျှ မပြောပေ။ ခင်သီသီကလည်း စကားတစ်ခွန်းမျှ မပြောဘဲ ခေါင်းငုံ့ကာ လက်သည်းချင်း ပွတ်နေလေသည်။ မောင်အောင်မိုးကို ငြင်းပစ်လိုက်ပြီ ထင်တယ်ဟု အရိပ်အခြည်ကို ကြည့်၍ အကဲခတ်လိုက်ပြီး စိတ်ချရလောက်တော့မှ ဒေါ်ညွန့်ညွန့်၏ မျက်နှာတွင် ပြုံးယောင်သန်းစ ပြုလာလေသည်။

ဒေါ်ညွန့်ညွန့်က ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး ကိုအောင်မိုးအား အလုပ်အကိုင် အခြေအနေကို မေးမြန်းနေသည်။ သည်တော့မှ ကိုအောင်မိုးသည် ပြန်၍ ထိုင်လိုက်ရပြန်ကာ ဒေါ်ညွန့်ညွန့်အား ပြောပြနေရသည်။ စိတ်ထဲကတော့ သိပ် မပါလှပေ။

ငါးမိနစ်လောက် အကြာတွင် အိမ်ရှေ့မှ ကားတစ်စီး ဆိုက်သံ ကြားရပြီး ခင်သီသီ၏ သူငယ်ချင်း ခင်လှလှ ရောက်လာလေသည်။ ခင်လှလှမှာ မနှစ်ကမှ ဗိုလ်မှူးကြီး တစ်ယောက်နှင့် လက်ထပ်ခဲ့သူ ဖြစ်ပေသည်။

ခင်လှလှမှာ ဝိန်ဝိန်ပါးပါး အသား ဖြူဖြူနှင့် ဖြစ်သည်။ သူ၏ ရင်အုံမှာ ခန္ဓာကိုယ်နှင့် မလိုက်အောင် ဖွံ့ထွားနေပေ၏။ ခင်လှလှနှင့် ခင်သီသီမှာ တက္ကသိုလ်တွင် ရင်းနှီးသော သူငယ်ချင်းများ ဖြစ်ခဲ့ကြ၏။ ခင်လှလှသည် ဗိုလ်မှူးကြီး တစ်ယောက်လို အလားအလာ ရှိသူနှင့် လက်ထပ်ခဲ့ပြီးနောက် ခင်သီသီကိုလည်း အလားအလာ ကောင်းသူ တစ်ယောက်ကိုမှ လက်ခံရန် မကြာခဏ နားချတတ်သည်။ ကိုသက်ဆွေအား လက်ခံရန် ခင်သီသီကို မကြာခဏလည်း တိုက်တွန်းသည်။ ကိုအောင်မိုးကိုကား လုံးဝ သဘော မကျပေ။

'သို့ လူက လူကလည်း နွကျကျ'

ခင်လှလှသည် ခင်သီသီနှင့် တွေ့တိုင်း ကိုအောင်မိုးကို ပြစ်တင် ရှုတ်ချကာ သူ့ကို ရယ်စရာ ဖြစ်အောင် လုပ်ပစ်တတ်သည်။

'လူက သူ့ကိုယ်သူ တိုင်းပြည်ကို ကယ်တင်တဲ့ ကယ်တင်ရှင်ကြီးလောက် ထင်ပြီး ဘဝင် မြင့်နေတာ သိရဲ့၊ ကိုယ်တို့ ဆိုရင် သူ့လောက် နားမလည်ဘူး မသိဘူး ထင်ပြီး စကားတောင် သိပ် ပြောချင်ပုံ မရဘူး၊ ကိုယ်ကလည်း ဒီလို ယောင်ခြောက်ဆယ်သမား ဆိုရင် ကြည့်လို့ကို မရဘူး၊ စပါးမွေး စူးတယ်'

အမှန်ကတော့ ခင်လှလှက ကိုအောင်မိုးကို မျက်ကြော မတည့်သည်မှာ သဘာဝ ကျပေသည်။ ကိုအောင်မိုးကလည်း ခင်လှလှလို မိန်းမမျိုးသည် အိမ်ထောင်ရေး ဈေးကွက်တွင် ယောကျ်ား ကောင်းကောင်း လိုက်ရှာနေသူ တစ်ဦးလောက်သာ သဘော ထားလေသည်။

'ဘယ့်နှယ် ဖောက်ပြန် ပျက်စီးနေတဲ့ ကျွန်မတို့ လောကကြီးထဲကို ပြန်ရောက်လာပြီ ဆိုပါတော့၊ ဘယ့်နှယ်လဲရှင့်၊ ကျွန်မတို့ လောကကြီးကို ပြင်လို့ ရပါဦးမလား'

ခင်လှလှက ကိုအောင်မိုးကို မထေ့တထေ့ ပြုံး၍ မေးလိုက်သည်။

တစ်ခါတွင် ကိုအောင်မိုးက အထက်လွှာ လောကကို ဖောက်ပြန် ပျက်စီးနေသော လောကဟု ရှုတ်ချခဲ့သည့် စကားကို ညွှန်းလိုက်ခြင်း ဖြစ်ပေသည်။

'ကျွန်တော့်လို အညတရ တစ်ယောက် ပြောတဲ့ စကားလုံးတွေကို ဒေါ်ခင်လှလှလို တပ်မင်းကြီး ကတော် တစ်ဦးက ခုလို စေ့စေ့စပ်စပ် မှတ်ထားတယ် ဆိုရင် ကျွန်တော့်မှာ အင်မတန် ဂုဏ်တက်လှပါပြီ'

ကိုအောင်မိုးကလည်း ခပ်ထေ့ထေ့ ပြန်၍ ပြောလိုက်သည်။

'မှတ်ရတာပေါ့ရှင်၊ ကိုအောင်မိုးတို့က တိုင်းပြည်ကြီး ဘာဖြစ်မယ် ဆိုတာ ဗျာဒိတ် ပေးနိုင်တဲ့ ပုဂ္ဂိုလ်တွေ မဟုတ်လား၊ ဒါထက် အသီရေ၊ ကိုယ်တို့လည်း ရှေ့လလောက်မှာ မြစ်ကြီးနား ပြောင်းရလိမ့်မယ်လို့ အမိန့် လာတယ်'

ခင်လှလှက ခင်သီသီနှင့် လှည့်၍ စကား ဆက်၍ ပြောနေ၏။ သည်တော့မှ ကိုအောင်မိုးမှာ နေသာထိုင်သာ ရှိသွားလေသည်။ သူတို့ နှစ်ယောက် စကား ပြောနေကြတုန်း ခင်သီသီကိုသာ မသိမသာ ကြည့်နေမိသည်။

သူ တိတ်ဆိတ်နေသဖြင့် ဒေါ်ညွှန့်ညွှန့်က သူ့ဘက် လှည့်ကာ

'ဒါထက် မောင်အောင်မိုး မန္တလေးမှာ တော်တော် ကြာကြာ နေဦးမလား၊ နိုင်ငံရေးကော လုပ်သေးသလား၊ သူပုန် ထတာကလည်း မပြီးသေးဘူးတဲ့





လားကွယ်၊ မီးရထားတွေ မိုင်းဖုံး ထောင် လူတွေ သေ ဆိုတော့ တိုင်းပြည် နစ်နာလှပါပြီကွယ်'

'ကျွန်တော် နိုင်ငံရေး မလုပ်တော့ပါဘူး ဒေါ်ဒေါ်၊ မန္တလေးမှာလည်း ခဏပဲ၊ သိပ် ကြာကြာ မနေနိုင်ပါဘူး'

တပ်မင်းကတော် ဒေါ်ခင်လှလှမှာ ကိုအောင်မိုး နိုင်ငံရေးက ထွက်လိုက်ပြီဟု ကြားသည်နှင့် ကိုအောင်မိုးကို လှည့်ကြည့်ပြီး ပြုံးလိုက်သည်။

ခင်သီသီ၏ ရှေ့တွင် ကိုအောင်မိုးကို လှောင်ပြောင် ပစ်လိုက်ချင်သည်။

တံခါးမှ ခေါင်းလောင်းသံ ကြားရသဖြင့် အိမ်ဖော်မလေး တစ်ယောက်က သွား၍ ဖွင့်ပေးလိုက်သည်။

ကိုအောင်မိုးက ထရန် ဟန်ပြင်လိုက်၏။ အစေခံမလေး နောက်က လိုက်လာသော အသား ဖြူဖြူ ရုပ် ချောချော ထောင်ထောင်မောင်းမောင်း လူ တစ်ယောက်ကို သတိ ထားလိုက်မိသည်။ ဧကန္တ ကိုသက်ဆွေ ဆိုတဲ့လူ ဖြစ်မှာပဲဟု တွေးလိုက်မိသည်။ သိပ် မသေချာလှသဖြင့် ခင်သီသီကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ ပြီး အကဲခတ်လိုက်သည်။ ခင်သီသီကလည်း ကိုသက်ဆွေကို ကြည့်ပြီး ကိုအောင်မိုးကို လှမ်း၍ ကြည့်လိုက်သည်နှင့် ဆုံနေသည်။

ခင်သီသီ၏ နက်မှောင်သော မျက်လုံးရွဲများမှာ တဖျတ်ဖျတ် တောက်ပနေသည်ဟု ထင်ရ၏။ ခင်သီသီနှင့် ကိုသက်ဆွေတို့ ချစ်နေကြပြီလားဟုလည်း တွေးလိုက်မိသည်။ ကိုသက်ဆွေကို ချစ်ပြီ ဆိုလျှင် ကိုသက်ဆွေမှာ ဘယ်လို အရည်အချင်းတွေများ ရှိလို့ပါလိမ့်ဟုလည်း တွေးမိလာသည်။ ထို့ကြောင့် ခင်သီသီ ချစ်သော ကိုသက်ဆွေကို အကဲခတ်ရန် ကိုအောင်မိုးသည် ထမည် ပြုရာမှ မထသေးဘဲ ဆက်၍ ထိုင်နေလိုက်သည်။

မိမိနှင့် ပြိုင်ဘက် တစ်ယောက်ကို ကြည့်မြင်ရာ၌ ပြိုင်ဘက် ဖြစ်နေသူ၏ 'ကောင်းကွက်' တွေကို ထည့်မစဉ်းစားဘဲ 'ဆိုးကွက်' များကိုသာ ကြည့်သူများလည်း ရှိကြ၏။ မိမိထက် သာသွားသော ယှဉ်ပြိုင်ဘက် ဖြစ်နေသူတွင် ဘယ်အရည်အချင်းတွေက ကိုယ့်ထက် သာနေသလဲ ဟူသော စိတ်ဖြင့် 'ကောင်းကွက်' များကိုသာ တွေးကြည့်သူများလည်း ရှိကြပေသည်။ ကိုအောင်မိုးမှာ ယှဉ်ပြိုင်ဘက် ဖြစ်၏။ ကောင်းကွက်များကိုသာ ကြည့်တတ်သူ ဖြစ်ပေသည်။

ကိုအောင်မိုးသည် ကိုသက်ဆွေ၌ မိမိထက် တစ်ပန်းသာနေသော အရည်အချင်းများ ရှိနေသည်ကို အလွယ်တကူပင် သတိ ထားလိုက်မိပေသည်။ ကိုသက်ဆွေ၏ မျက်နှာမှာ အစဉ် ချိုပြုံးနေသည်။ ဆံပင် လှိုင်းတွန့်များသည်

ညာဘက် နဖူးစွန်းတွင် ဝဲကျနေကြသည်။ ထူထဲ စိမ်းဖန့်သော မျက်ခုံး အောက်မှ မျက်လုံးများမှာ တဖျတ်ဖျတ် တောက်ပကာ ညှို့နေသည်ဟု ထင်ရသည်။ နှုတ်ခမ်း အစုံမှာ နီထွေး၍ ပြုံးယောင် သန်းနေပေ၏။ တက်ထရွန် ရှပ် လက်ရှည် အောက်မှ ကျယ်ပြန့်သော ရင်အုပ်မှာ ယောကျ်ား ပီသခြင်း၏ အမှတ်လက္ခဏာကို ဆောင်၏။ မီးခိုးရောင်ပေါ်တွင် အစိမ်းကွက် ကျဲကျဲ ရက်ထားသော ဇန်ကောက် လုံချည်ကို ခါးမှာ စည်းထားလေသည်။ ယောကျ်ား ပီသသော သူတစ်ယောက်ပေတည်း။

ကိုသက်ဆွေသည် အားလုံးကို နှုတ်ဆက်ပြီးမှ ခင်သီသီကို နှုတ်ဆက်၍ ထိုင်ချလိုက်သည်။ နှုတ်ဆက်သော အခါတွင် သူ့ မျက်လုံးများနှင့် နှုတ်ခမ်းများတွင် အပြုံးသည် ပိုမို ဝင်းလက်လာသည်ဟု ထင်ရ၏။

ကိုအောင်မိုးကသာ ကိုသက်ဆွေကို စူးစိုက် အကဲခတ်နေသော်လည်း ကိုသက်ဆွေကမူ ကိုအောင်မိုးကို တစ်ချက်မျှ လှည့်မကြည့်သေးပေ။

'ဟောဒါက မန္တလေး တက္ကသိုလ်က ကထိက ဒေါက်တာ သက်ဆွေတဲ့၊ မောင်သက်ဆွေ ဒါက မောင်အောင်မိုး ဆိုတာလေ'

ဒေါ်ညွှန့်ညွှန့်က မိတ်ဆက်၍ ပေးလိုက်သဖြင့် ကိုသက်ဆွေက ထလာကာ ကိုအောင်မိုးကို လက်ဆွဲ နှုတ်ဆက်လိုက်ပြီး

'ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျောင်းမှာတုန်းက တွေ့ဖူး သလိုလိုပဲ၊ လက်စသတ်တော့ မန္တလေးကကိုး'

'မန္တလေးက မဟုတ်ဘူး ဆရာရဲ့၊ ဇာတိကတော့ ရန်ကုန်ပဲ၊ ခုတော့ ကျွန်မတို့လို ရန်ကုန်တို့ မန္တလေးတို့မှာ နေတာ မဟုတ်ဘူး၊ ဖောက်ပြန်တဲ့ အထက်တန်းလွှာတွေကို တွေ့ရလွန်းလို့ မျက်စိ စပါးမွေး စူးတယ် ဆိုပြီး အနီးစခန်းမှာ သွားနေတယ်လေ၊ ဝတ္ထုထဲက ဇာတ်လိုက်တွေလိုပေါ့'

ခင်လှလှက ပြုံးစနဲ့နဲ့ဖြင့် ပြောလိုက်၏။ ခင်လှလှ နောက်ပြောင် ပြောသည်ကို သိသဖြင့် ကိုသက်ဆွေက ချိုသာစွာ ပြုံးလိုက်ရင်း

'ဪ အနီး စခန်းမှာ နေသလား၊ အေးတော့ အေးမှာပဲ၊ ဒါပေမဲ့ ပျင်းစရာတော့ ကောင်းလိမ့်မယ် ထင်တယ်နော်'

'ဟုတ်ကဲ့ ပျင်းတယ် ပျော်တယ်ရယ်လို့ မဟုတ်ပါဘူး၊ အခွင့် မသင့်တော့ ဒီလိုပဲ တော်ရာ ချောင်မှာ ခိုရတာပေါ့'

'ကျွန်တော်လည်း တော သဘာဝကို သဘော ကျတယ်၊ တောမှာ နေရတာဟာ စိတ်ချမ်းမြေ့လိမ့်မယ်လို့ ထင်တယ်'





ကိုသက်ဆွေက ပြောလိုက်သည်။

အမှန်ကတော့ ကိုသက်ဆွေသည် လိုက်လျောညီထွေ ပြောလိုက်ခြင်းမျှသာ ဖြစ်၏။ လူတစ်ဖက်သား အကြိုက်ကို လိုက်တတ်၍လည်း ကိုသက်ဆွေမှာ အပေါင်းအသင်းများ အလယ်တွင် မျက်နှာ ပွင့်လန်းသူ ဖြစ်နေပေသည်။

'ဒါပေမဲ့ ဆရာရယ်၊ ခဏ တစ်ဖြုတ်လောက်သာ ကောင်းမှာပါ၊ ကြာတော့လည်း ငြီးငွေ့စရာ ဖြစ်လာမှာပေါ့'

ခင်လှလှက ဝင်၍ ပြောလိုက်ပြီး အစေခံမလေး ကမ်းပေးလာသော လိမ္မော်ရည် ဖန်ခွက်ကို ယူပြီး စက္ကူစုပ်တံကို လှပစွာ ကိုင်ကာ စုပ်နေ၏။

'ကြာရင်တော့လည်း မပြောတတ်ဘူးပေါ့လေ၊ ရှမ်းပြည်နယ်က ရှုမျှော်ခင်းတွေ လှပြီး ရာသီဥတု ကောင်းတော့ ပျော်စရာ ကောင်းမလားလို့ပါ'

ကိုသက်ဆွေက ကိုအောင်မိုးကို တစ်လှည့် ခင်သီသီကို တစ်လှည့် ကြည့်၍ ပြောလိုက်သည်။ ကိုသက်ဆွေက စကားကို ဖောင်လောက်အောင် ပြောနေသဖြင့် ဒေါ်ညွှန့်ညွှန့်မှာလည်း ငြိမ်၍ နေသည်။ ခင်လှလှမှာလည်း ကိုအောင်မိုးကို မစတော့ဘဲ ကိုသက်ဆွေကိုသာ အထင် ကြီးသော မျက်လုံးများဖြင့် ကြည့်နေလေ၏။ ကိုသက်ဆွေကမူ အမေရိကန်ပြည် ကျေးတော ရှုခင်း သာယာပုံများကို ပြောပြနေပေသည်။

ကိုအောင်မိုးမှာလည်း ကိုသက်ဆွေ၏ အမေရိကန် ချီးမွမ်းခန်းကို နားထောင်ကာ ဘာမျှ မပြောဘဲ ငြိမ်သက်နေ၏။ ထ၍ ပြန်ချင်လှပြီ ဖြစ်သော်လည်း သူ့ ခန္ဓာကိုယ်ကြီးက မရွေ့ဘဲ ထိုင်လျက်သားပင် ရှိနေပေသည်။

အမေရိကန် ကျေးတော ရှုခင်း သာယာ လှပပုံမှနေ၍ အမေရိကန် ပညာရေး စနစ် အကြောင်း ရောက်သွားကြပြန်သည်။ ထိုမှတစ်ဆင့် မြန်မာ ကျောင်းသားများ အကြောင်း ရောက်သွားကြပြန်လေသည်။

'ကျွန်တော်တို့လည်း ကျောင်းသား ဘဝက လာတာပါပဲ၊ ဒါပေမဲ့ ခုခေတ် ကျောင်းသားတွေဟာ ဆရာကို ဆရာလို ရိုသေရမှန်း မသိကြဘူး၊ အရေးရှိရင် သမဂ္ဂ ဖွဲ့ပြီး ဆူပူဖို့လောက်ပဲ ကြည့်နေကြတာပဲ၊ ခုလည်း တန်းခွဲ တန်းချ စနစ် ဆိုတာကို ကန့်ကွက်နေကြပြန်ပြီ၊ တန်းခွဲ တန်းချ လုပ်မှ တက္ကသိုလ်ဟာ လူသန့်ပြီး တက္ကသိုလ်နှင့် တူလာမှာပေါ့၊ ခုတော့ တက္ကသိုလ်ဟာ ဇရပ်နှင့် တူနေပြီ၊ လူပေါင်းစုံ လာတာပဲ'

ကိုသက်ဆွေက တက္ကသိုလ်တွင် .ကျောင်းသားတွေ ပြည့်ကျပ်နေသည်ကို ငြီးကာ ချဲ့၍ ပြောနေသည်။

'လူပေါင်းစုံတာတော့ မပြောနှင့်တော့၊ အိမ်ကို လာလာပြီး နေတဲ့ ဒိုဘီ ကုလားကတောင် သူ့ သားကို တက္ကသိုလ်မှာ ထားနေပြီ'

ခင်လှလှက မဲ့ရွဲ့၍ ပြောလိုက်ပြီး လိမ္မော်ရည် ဖန်ခွက်ကို စားပွဲပေါ်မှ ငွေလင်ပန်းထဲသို့ ချထားလိုက်၏။

'ကျွန်တော့် သဘောကတော့ တက္ကသိုလ်ကို လူတွေ များများ လာနေကြတာကို ကြိုက်တယ်၊ တက္ကသိုလ်ဟာ အထက်တန်းလွှာ သားသမီး တစ်စုရဲ့ အိမ်ထောင်ရေး အရောင်းအဝယ် လုပ်တဲ့ နေရာမှာ ရှိုးပြတဲ့ ပြခန်းကြီး တစ်ခု မဖြစ်သင့်ဘူး'

ဖုံး ပေါက်ကွဲသလို ထွက်လာသော ကိုအောင်မိုး၏ စကားများကြောင့် ကိုသက်ဆွေမှာ အံ့အားသင့်သွားဟန် ရှိပေသည်။ သို့ရာတွင် ချက်ချင်း ပြန်၍ ပြုံးလိုက်ပြီး

'ဟုတ်ပါတယ်၊ ဒီလို ဆိုရင်လည်း တက္ကသိုလ်ဟာ ပညာတတ်တွေကို ဘယ်မှာ မွေးထုတ်ပေးနိုင်ပါ့မလဲ'

ခင်လှလှကမူ ကိုအောင်မိုးဘက်သို့ မျက်စောင်း ထိုးလိုက်ပြီး နှုတ်ခမ်းမဲ့လိုက်သည်။ ဘာမျှတော့ မပြောပေ။

'ဩော် ဒါထက် လာမယ့် လဆန်း ၃ ရက်နေ့မှာ သီရိ မွေးနေ့ ပါတီ လုပ်မလို့၊ အငြိမ့် ငှားရမလားလို့ စိတ်ကူးထားတယ်၊ အမာစိန်ရဲ့ အငြိမ့် ဆိုတာ နာမည် ကြီးလွန်းလို့ ဒေါ်ဒေါ်တို့လည်း မကြည့်ဖူးသေးတာနှင့်'

'ကောင်းတယ် ကြီးကြီးရဲ့၊ အရင် တပ်မင်းကြီး ပြောင်းတုန်းက အမာစိန် အငြိမ့်နှင့်ပေါ့'

'ကျွန်တော်လည်း ကျောင်းမှာ ကြည့်ဖူးတယ်၊ တော်တော် ကောင်းသားပဲ'

ကိုသက်ဆွေကရော ခင်လှလှကပါ ထောက်ခံကြသည်။ ကိုအောင်မိုးကမူ ဘာမျှ ပြန်မပြောပေ။ ကိုအောင်မိုးသည် သည် စကားဝိုင်းထဲတွင် ကြာကြာ မနေချင်တော့ပေ။ ထို့ကြောင့် အားလုံးကို နှုတ်ဆက်ကာ ထလိုက်၏။

ခင်သီသီကိုလည်း စေ့စေ့ကြည့်၍ နှုတ်ဆက်လိုက်၏။ ခင်သီသီ၏ မျက်နှာမှာ မသိမသာ ညှိုးနေသည်ဟု ထင်မိပေသည်။ ကိုအောင်မိုးက နှုတ်ဆက်ပြီး အထလိုက်တွင် ဦးငွေခင်မှာ ခြံထဲက လမ်းလျှောက်ပြီး အိမ်ထဲသို့ ဝင်လာလေသည်။

'ဟေး မောင်အောင်မိုးပါလားကွ၊ မန္တလေး ရောက်နေတာ ဘယ်တုန်းကလဲ'





ဦးငွေခင်က ကိုအောင်မိုးကို ဝမ်းသာအားရ နှုတ်ဆက်နေပြီး ကိုသက်ဆွေကိုမူ ပြုံး၍ ခေါင်းညိတ် နှုတ်ဆက်လိုက်သည်။

ဦးငွေခင်က ကိုအောင်မိုးကို ဝမ်းသာအားရ နှုတ်ဆက်သလောက် ကိုသက်ဆွေကို ဝတ်ကျေတန်းကျေမျှသာ နှုတ်ဆက်သဖြင့်လည်း ခင်သီသီမှာ ကိုသက်ဆွေကို အားနာသလို ဖြစ်နေပေသည်။

ကိုအောင်မိုးက ဦးငွေခင်နှင့် စကား အနည်းငယ် ပြောပြီး အားလုံးကို နှုတ်ဆက် ထွက်သွားလေသည်။

ဒေါ်ညွန့်ညွန့်က လှမ်း၍

'မောင်အောင်မိုးရေ၊ မင်း ညီမ သီသီ့ မွေးနေ့ကျရင် လာဖြစ်အောင် လာနော်၊ ဖိတ်စာလည်း ပို့လိုက်မယ်'

ကိုအောင်မိုး ပြန်သွားပြီး တော်တော် ကြာမှ ခင်လှလှနှင့် ကိုသက်ဆွေတို့ မရှေးမနှောင်း ပြန်သွားကြသည်။

ခင်သီသီသည် အပေါ်ထပ် သူ့ အိပ်ခန်းထဲသို့ တက်လာကာ ပြတင်းပေါက် တံခါးကို ဖွင့်လိုက်သည်။

လေပြည်သည် တညင်းညင်း တိုက်ခတ်လာပေသည်။ ပြတင်းပေါက် အောက်နားတွင် ပွင့်နေသော ဆောင်တော်ကူး ပန်းရုံမှ ပန်းရနံ့တို့သည် သင်းပျံ့နေသည်။ လမင်းသည် တိမ်လွှာတွေ ကြားထဲမှာ ပုန်းကွယ်နေပေရာ လရောင် ငွေရည်များသည် ရွှန်းလင်းခြင်း မရှိတော့ဘဲ မှုန်မှိုင်းနေသည်ဟု ထင်ရ၏။ ကြယ်ပွင့်များကြောင့် ကောင်းကင်သည် ငွေဇာမှော်ပွင့်တို့ ပေါက်ကြဲထားသော ပိုးကတ္တီပါ တစ်စကို ဖြန့်ကျင်းထားသလို ရှိပေသည်။

ခင်သီသီသည် တစ်ဖက်ရှိ ဦးငွေခင်နှင့် ဒေါ်ညွန့်ညွန့်တို့ အခန်းဘက်ဆီမှ တီးတိုး ပြောသံများကြောင့် နားစွင့်လိုက်သည်။ သဲကွဲစွာ မကြားရသော်လည်း သူ့ကိစ္စကို တိုင်ပင်နေကြမှန်းကိုကား ခွဲခြား၍ ရပေသည်။

'မင်းဟာ မာန ဆိုလို့ ရွေးစေ့လောက်မှ မရှိဘူး၊ ကောင်မလေးကို ဇန်းပြပြီး မောင်သက်ဆွေကို မြူဆွယ်နေတယ်လို့ အများက ထင်ကြရင် ဘယ် လောက် ရှက်စရာ ကောင်းမလဲ ထွီ'

'ကျွန်မက ဘာများ စကား လွန်သေးလို့လဲ ကိုခင်ရဲ့'

'စကား မလွန်ပေမဲ့ မင်း လုပ်တာ ဟုတ်သလားကွ၊ မွေးနေ့ ပါတီက ဘာလုပ်ရအောင် လုပ်ရတာလဲ၊ မွေးနေ့ ပါတီ မလုပ်တော့ ဘာဖြစ်သလဲ၊ လုပ်ရင်လည်း တော်ရုံတန်ရုံ လုပ်ရောပေါ့၊ လူတွေ ဖိတ်ပြီး ကျွေပ် သမီး

အသက် ၂၀ နှစ် ရှိပြီတော့၊ ချေး များများ ပေးနိုင်မယ့်လူ ရမယ် ဆိုတာမျိုး နှင့် မတွေ့ဘူးလား၊ သူ ကြိုက်တဲ့လူ သူ ယူပါစေ၊ တို့နှင့် ပေါင်းရမှာ မဟုတ်ဘူး၊ သူနှင့် ပေါင်းရမှာ၊ ပိုက်ဆံ ရှိရှိ မရှိရှိ အကျင့်စာရိတ္တ ကောင်းတယ်၊ ပညာ အသင့်အတင့် ရှိပြီး စဉ်းစားဉာဏ် ရှိတယ်၊ သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်းမယ် ဆိုရင် ပြီးတာပဲ၊ အခုတော့ မင်း လုပ်ပုံက..'

ဦးငွေခင်၏ အသံမှာ တဖြည်းဖြည်း ကျယ်လာ၏။

'တိုးတိုး ပြောပါတော့၊ ကိုခင့် အလိုသာ ဆိုရင် ကျုပ် သမီးတွေ ဘယ်တော့မှ လင်ကောင်း ရမှာ မဟုတ်ဘူး'

'ဟော လင်ကောင်း ရဖို့ တွေးပူတယ် ဆိုတာက သမီး မကောင်းတဲ့ မိဘတွေ တွေးပူတဲ့ အတတ်ကွ၊ ငါ့ သမီးဟာ အရည်အချင်း ရှိတဲ့ သမီးကောင်း တစ်ယောက် ဆိုရင် လင်ကောင်း လိုက်ရှာနေစရာ မလိုဘူး၊ မယားကောင်းကို လိုက်ရှာတဲ့ လူက လာလိမ့်မယ်၊ ဘာမှ ပူစရာ မလိုဘူး၊ ခုတော့ သမီး လင်ကောင်း ရချင်လို့ လိုက်ရှာလွန်းအားကြီးတော့ ကိုယ့်ဘက်က ဘယ်လောက် ရှက်စရာ ကောင်းသလဲ၊ ခု သမီးတွေ အတွက် မင်း ယောကျ်ား အရှာကောင်းလို့ ရှိရှိ ဘယ်လောက် စိတ်ဆင်းရဲနေရပြီလဲ'

'တော်ပါ၊ ဒါ မဆိုင်ပါဘူး'

နောက်တော့ တတွတ်တွတ်သာ ကြားရသည်။ ဘာမျှ မသဲကွဲတော့ပေ။



## ၁၁

ကိုသက်ဆွေသည် မီးခိုးရောင် ဖိယက် ကားကလေးကို ဘူတာကြီးရှေ့ ကားရပ်သော နေရာတွင် ရပ်ထားခဲ့ပြီး ဘူတာ ဂိတ်ဝသို့ ခြေကျင် လျှောက်လာခဲ့လေသည်။ ဘူတာဝတွင် မြင်းလှည်းများ၊ ဆိုက်ကားများ၊ သုံးဘီး တက္ကစီကားများနှင့် ဂျစ် တက္ကစီကားများကို တွေ့ရ၏။

ကိုသက်ဆွေသည် တက္ကသိုလ်ဘက်တွင် အိမ် တစ်လုံး ရထားပြီး ရန်ကုန်က သူ့ ကားကလေးကို ယူထားခြင်း ဖြစ်လေသည်။ သူ့ အိမ်တွင် သူနှင့် သူ့တပည့် အစေခံ နှစ်ယောက်တည်းသာ ရှိပေသည်။ ကိုသက်ဆွေသည် သည်လို တစ်ယောက်တည်း ထီးထီး နေရသည်ကို သဘောကျ၏။ မိဘတွေနှင့် ခွဲနေသည့် အကျင့် ရှိသဖြင့်လည်း လွတ်လွတ်လပ်လပ်ပင် နေစ ရှိနေပေသည်။

အမှန်ကတော့ ကိုသက်ဆွေသည် အသက် ၃၀ နားသို့ ချဉ်းကပ်လာပြီ ဖြစ်သော်လည်း မိဘနှင့် နေရသည် ဟူ၍ မရှိပေ။ ငယ်ငယ် ကတည်းက ကျောင်းအိပ် ကျောင်းစား နေခဲ့ရပြီး စစ်ကြီး ဖြစ်လာ၍ အိန္ဒိယသို့ မိဘများနှင့် အတူ ပါသွားသော အခါတွင်လည်း မိဘများက ဆင်းမလားတွင် နေ၍ သူ့ကိုမူ ဒါဂျီလင်သို့ ကျောင်းအိပ် ကျောင်းစား ပို့ထားလေသည်။ စစ် ပြီး၍ တက္ကသိုလ်သို့ ရောက်လာသည့် အခါတွင်လည်း ကျောင်းဆောင်မှာပင် နေခဲ့သည်။ ရန်ကုန် တက္ကသိုလ်မှ ဝိဇ္ဇာ ဘွဲ့ ရပြီးနောက်တွင် အမေရိကန်ပြည် ယေး တက္ကသိုလ်တွင် ပါရဂူ ဘွဲ့ကို ရရန် အတွက် လေးနှစ်မျှ နေခဲ့ရသည်။

ယေးမှ ပြန်လာပြီး ရန်ကုန် တက္ကသိုလ်တွင် လက်ထောက် ကထိက လုပ်စဉ်ကလည်း အိမ်မှာ မနေဘဲ ကျောင်းမှာပင် နေခဲ့ပြီး အိမ်သို့ တစ်ပတ် တစ်ခါလောက်သာ ပြန်တတ်လေသည်။

မန္တလေး တက္ကသိုလ်သို့ ပြောင်းလာသည့် နောက်တွင်မူ အိမ်သို့ ကျောင်း ပိတ်မှသာ ရောက်တော့လျက် တစ်ခါတစ်ရံ မိဘများ အလည်အပတ် လာသည်နှင့် ကြုံလျှင် ရန်ကုန်ကို မရောက်တော့ဘဲ မေမြို့ကို သွား၍သာ နေခဲ့ပေသည်။

ဘူတာရုံ ဂိတ်ဝသို့ ရောက်သည်နှင့် အပြာရောင် အိုပယ် ကားကြီး တစ်စီး လျှောခနဲ ရပ်လာကာ ကားပေါ်မှ ဆင်းလာသော မောင်မောင်လတ်ကို တွေ့လိုက်ရသည်။

'ဟော့ ကိုသက်ဆွေ၊ ဘယ်သူ့ လာကြိုတာလဲ'

မောင်မောင်လတ်က ကားပေါ်မှ အဆင်း လှမ်း၍ နှုတ်ဆက်လိုက်၏။

'ဟာ အစ်ကိုကြီးပါလား၊ မေမေ့ လာကြိုတာ'

ကိုသက်ဆွေက မောင်မောင်လတ်ကို ပြန်၍ နှုတ်ဆက်လိုက်သည်။

မောင်မောင်လတ်မှာ ကိုသက်ဆွေထက် လပိုင်းမျှလောက်သာ ကြီးသော်လည်း တခြား အရာရှိများ ခေါ်သလို 'အစ်ကိုကြီး' ဟု လွယ်လွယ် ခေါ်ခဲ့သည်။

'အသွားကြီး တစ်ယောက်တည်းလား'

'ဟုတ်တယ်၊ အစ်ကိုကြီးကော ဘယ်သူ့ လာကြိုတာလဲ'

'မမကို လာကြိုတာ၊ ဒီ ရထားနှင့် ပါမယ်လို့ သံကြိုး ရတယ်'

'ဩော် မင်းကြီး ကတော်လား'

'ဟုတ်တယ်၊ မမနှင့် သိတယ် မဟုတ်လား'

'ဟုတ်ကဲ့၊ ရန်ကုန်မှာတုန်းက တစ်ခါ နှစ်ခါ တွေ့ဖူးပါတယ်၊ မင်းကြီးကော မပါဘူးလား'

'ဟာ သူကတော့ မပြောနှင့်တော့၊ ယားလို့တောင်မှ ကုတ်အားတာ မဟုတ်ဘူး၊ ခု အစိုးရ စီမံကိန်းတွေနှင့် လုံးထွေးနေတာပဲ၊ ကိုကိုနှင့်ကော သိတယ် မဟုတ်လား'

'ဟုတ်ကဲ့၊ မင်းကြီးကိုတော့ မြင်ဖူးပါတယ်၊ တစ်ခါက သာသနာ့ ရိပ်သာမှာ ဖေဖေနှင့် ဒိဋ္ဌေဒိဋ္ဌမိတ္တံကို ဆွေးနွေးတုန်း ခဏပါပဲ၊ မင်းကြီးက ဘာသာရေး တော်တော် လိုက်စားဟန် တူတယ်'

'ဟာ ဘာသာရေး လိုက်စားတာတော့ မပြောပါနှင့်၊ အားရင် ကမ္မဋ္ဌာန်း ထိုင်နေတာပဲ၊ ကျွန်တော့်တောင် တစ်ခါ အထိုင်ခိုင်းလို့ ထိုင်ခဲ့ရသေးတယ်'

'လေ့ကျင့်ခန်း တစ်မျိုးပေါ့လေ၊ ဟော မီးရထား ဝင်လာပြီ'

ကိုသက်ဆွေက အင်္ဂလိပ်လို လှမ်းပြောလိုက်သည်။ သံလမ်း မီးတိုင်များမှ မီးစိမ်း ပြ၍ နေလေပြီ။ သံလမ်းများသည် တဖျွတ်ဖျွတ် မြည်လာကြလေသည်။ ပလက်ဖောင်းပေါ်တွင် အလုပ်သမားများ၊ မီးရထား အမှုထမ်းများ၊ အကြို လာသူများနှင့် ရှုပ်ယှက်ခတ်နေပေသည်။





မီးရထားကြီးသည် အရှိန်ဖြင့် ပြေးဝင်လာရာက ရှဲခနဲ လေဘရိတ် မြည်လိုက်သံနှင့် အတူ ထိုး၍ ရပ်လိုက်သည်။ ဂတ်ဗိုလ်သည် အလံစိမ်းကို ကိုင်ကာ ဂတ်တွဲထဲမှ ခုန်ချလိုက်သည်။ ခေါင်းတွဲ စက်ခန်းမှ စက်မောင်းသူက စက်ခေါင်းထဲမှ ကိုယ်တစ်ပိုင်း ထွက်ပြီး ဂတ်ဗိုလ်၏ အချက်ပြ အလံကို လှမ်း၍ ကြည့်နေလေသည်။

စူးရှသော ဥသြသံ ထွက်ပေါ်လာလေ၏။

ပလက်ဖောင်းပေါ်က လူအုပ်ကြီးသည် မီးရထားတွဲများ အနားသို့ တိုးဝှေ့ ကပ်လာကြပြီး အလုပ်သမားများက ကုန်တင်သော လက်တွန်းလှည်းများကို အပြေး တွန်းလာကြသည်။

မီးရထားထဲမှ ခရီးသည်များကလည်း တစ်ဦးနှင့် တစ်ဦး တိုးဝှေ့ကာ ပလက်ဖောင်းပေါ်သို့ ဆင်းလာကြလေသည်။ မီးလောင်နေသော သစ်တုံး တစ်တုံးပေါ်မှ ဆင်းလာကြသော ပိုးပရွက်များကဲ့သို့ပေတည်း။

ကိုသက်ဆွေနှင့် မောင်မောင်လတ်သည် လူအုပ် ကြားထဲမှ တိုးဝှေ့ကာ အထူးတွဲများဆီသို့ လျှောက်လာခဲ့ကြလေသည်။

'ဆရာ၊ ဆရာ့ မေမေ ဟိုတွဲမှာ ပါတယ် ဆရာ'

သားရေ သေတ္တာကြီး တစ်လုံးကို မနိုင့်တနိုင် ဆွဲသွားသော လူရွယ်တစ်ယောက်က အနီးမှ ဖြတ်သွားရင်း လှမ်းအော်သွားသည်။ ရန်ကုန် တက္ကသိုလ်တုန်းက တပည့် ဖြစ်ဖူးသော ကျောင်းသား တစ်ယောက် ဖြစ်ပေ၏။ ကိုသက်ဆွေသည် ကျောင်းသား ညွှန်ပြသွားသော အထူးတွဲများဆီသို့ လူအုပ် ကြားထဲမှ တိုးဝှေ့ လျှောက်လာခဲ့လေ၏။ မောင်မောင်လတ်မှာ လူအုပ် ကြားထဲတွင် ညပ်၍ ကျန်ရစ်ခဲ့လေသည်။

ကိုသက်ဆွေသည် ကျောင်းသား ညွှန်ပြလိုက်သော အထူးတွဲကို လှမ်း၍ တက်လိုက်သည်။

သူက လှမ်း အတက်လိုက်တွင် ရထားတွဲမှ မိန်းမပျို တစ်ဦး ဆင်းလာသည်နှင့် ကြုံနေသဖြင့် လှမ်းထားသော ခြေလှမ်းကို ပြန်၍ ရုပ်သိမ်းပြီး ရှောင်ပေးလိုက်ရသည်။

မိန်းမပျို၏ အသားမှာ ဝင်း၍ ဥနေသည်။ ဆံနွယ်များကို ရွှေတလင်းပြင်လို လှပသော နဖူးပြင်၏ ညာဘက် အစွန်တွင် ဝဲချထားသည်။ စင်ရော်တောင်လို ဝိုက်ကွေး စိမ်းဖန့်သော မျက်ခုံးများ အောက်မှ မျက်တောင်များ ကြားတွင် မှောင်မင်ရောင် စွဲသကဲ့သို့သော ရှည်လျား ကော့သွယ်သော မျက်

လုံးရွဲကြီးများကလည်း ဝန်းစက် ညို့ရီကာ တဖိတ်ဖိတ် ရွှန်းလင်းနေကြသည်။ နှုတ်ခမ်း အစုံမှာ ပြေပြေ နီရဲကာ မသိမသာ စုထားဟန် ကြားထဲမှ ပြုံးတော့မလို ရယ်တော့မလို ဖြစ်နေလေရာ ပန်းကြာပဒုံ ငုံအဖူးလို ကြည့်၍ လှပနေသည်။ ဝင်းစက် အိသွေးသော ပါးမို့မို့ပေါ်တွင် ပန်းနုသွေး စို့နေသဖြင့် နူးညံ့ပါးလွှာသော စကားဝါ ပွင့်ဖတ်ပေါ်တွင် နှင်းဆီရည် ပက်ဖျန်းထားသည်နှင့် တူနေ၏။ ပန်းလွှာပေါ်တွင် ပွင့်ဖတ်ကြောကလေးတွေ ပေါ်သလို သွယ်နွဲ့ ကြောရှင်းသော လည်တိုင်တွင် အကြောစိမ်းကလေးတွေ ပေါ်နေကြသည်။

သပြေသီး မှည့်ရောင် စပတ်ကလင်း နိုင်လွန် လက်ပြတ်ကို ဝတ်ထား၍ နူးညံ့ အိစက်သော ပခုံးသားများမှာ ပွတ်လုံး ခံထားသလို ဝင်းနေပေသည်။ နိုင်လွန် အကျီထဲမှ အိဖြိုးသော ရင်မို့မို့သည် လည်းကောင်း၊ သွယ်လျသော ခါးနွဲ့နွဲ့သည် လည်းကောင်း၊ နီညိုရောင် ချော့ချက် လုံချည် အောက်မှ အိစက်ကားစွင့်သော တင်နှင့် လုံးချော ဖြောင့်စင်းသော ပေါင်တံများသည် လည်းကောင်း ကောက်ကြောင်း ထင်ရှားစွာ ရေးပြထားသော ပန်းချီကား တစ်ကားလို လှပ နေပေသည်။

ခုံမြင့် ဖိနပ် အနီကို စီးထားသဖြင့် ခြေဖမိုးများ ခြေချင်းဝတ်မှ ပြေပြေလျှောဆင်းလာပုံမှာ ကနုတ်ပန်းနွယ် တစ်ခက်နှင့် တူပေသည်။ ခြေသည်းများ နီရဲအောင် ညီညာစွာ ဆိုးထားလေသည်။ ရဲဝံ့ ဝင့်ကြွားသော အလှနှင့် လိုက်လျော ပြေပြစ်အောင် ဆင်ယင်ထားသော အဆင်အယင်ပေတည်း။

မိန်းမပျိုသည် ပလက်ဖောင်းပေါ်သို့ ဆင်းလိုက်သည်။ ဂိုယာ ရေမွှေးနံ့များ မွှေးကြိုင်နေသည်။

မိန်းမပျို ဆင်းသွားတော့မှ ကိုသက်ဆွေက တွဲပေါ်သို့ လှမ်းတက်လိုက်သည်။ လှမ်းတက်ပြီးနောက် ကိုသက်ဆွေသည် မိန်းမပျိုကို နောက်ပြန်လှည့်ကြည့်လိုက်မိသည်။

မိန်းမပျိုကလည်း လက်ကိုင်အိတ် အနီကလေးကို လက်မောင်းတွင် ချိတ်ထားလျက်က လည်တိုင်ကလေး ငဲ့၍ နောက်ပြန် ကြည့်သည်နှင့် အကြည့်ချင်း ဆုံနေသည်။

မိန်းမပျို၏ မျက်လုံးရွဲကြီးမှာ အရည် လဲ့နေကြသည်ဟု ထင်ရ၏။ ကိုသက်ဆွေနှင့် မျက်လုံးချင်း ဆုံမိသည့် တစ်ခဏတွင် မိန်းမပျိုသည် နီရဲသော နှုတ်ခမ်းစုံကို စု၍ ပြုံးဟန် ပြုလိုက်ပြီးမှ လူအုပ်ထဲသို့ တိုးဝှေ့ကာ တစ်စုံ တစ်ယောက်ကို ရှာဟန်ဖြင့် လှမ်းမျှော်ကြည့်နေလေသည်။





ကိုသက်ဆွေသည် အထူးတွဲထဲသို့ လျှောက်လာခဲ့သည်။

ကိုသက်ဆွေ၏ မိခင် ဒေါ်ချစ်ချစ်မှာ ပြတင်းပေါက်နားက ခုံတစ်ခုံတွင် ထိုင်နေရာက ကိုသက်ဆွေကို မြင်၍ ထလိုက်စဉ် ကိုသက်ဆွေသည် မိခင် ဒေါ်ချစ်ချစ် ရှိရာ ထိုင်ခုံသို့ ခပ်သုတ်သုတ် လျှောက်လာခဲ့လေ၏။

'မေမေ ရိုက်လိုက်တဲ့ ကြေးနန်း ရတယ်နော်'

ဒေါ်ချစ်ချစ်က သားကို စေ့စေ့ ကြည့်၍ မေးလိုက်သည်။

'ရပါတယ် မေမေရဲ့၊ ရလို့ လာကြိုဖြစ်တာပေါ့၊ မေမေကော နေကောင်းတယ်နော်၊ ဖေဖေကော အလုပ် သိပ် များနေသလား'

ရထားတွဲ အပြင်ဘက်မှ စကား ပြောနေသော မိန်းမ အသံ တစ်သံကို ကြားရသဖြင့် ကိုသက်ဆွေက စကား ပြောရင်း နားစွင့်ထားလိုက်သည်။ အသံသာပုံကို ထောက်လျှင် စောစောက ဆင်းသွားသော မိန်းမပျို၏ အသံ ဖြစ်ရမည်ဟု တွက်ထားလိုက်သည်။

'ကောင်းပါတယ်၊ ခင်မေ ငါ့ လက်ဆွဲအိတ်ထဲက အော်ဒီကလုံးဘူး ပေးစမ်း၊ ခရီး မသွားတာ ကြာလို့လား မသိပါဘူး၊ မူးနောက်နောက်နှင့်'

စောစောက တံခါးဝတွင် တွေ့ခဲ့သော မိန်းမပျိုသည် တွဲထဲသို့ ပြန်၍ တက်လာသည်။

'မမရေ၊ အိမ်က လာကြိုတဲ့ လူနှင့် တွေ့ပြီလား၊ ကြီးကြီးတော့ တွေ့ပြီကွယ့်၊ ဟောဒါ ကြီးကြီး သားပဲ၊ မန္တလေး ကောလိပ်မှာ ကထိက လုပ်နေတယ်၊ မောင်သက်ဆွေတဲ့'

မမ ဆိုသူ မိန်းမပျိုက မောင်သက်ဆွေကို မျက်လုံးရွဲကြီးများဖြင့် တစ်ချက်မျှ လှမ်းကြည့်ပြီး သူ့ဟန် အတိုင်း နှုတ်ခမ်းများ စု၍ ပြုံးရင်း ခေါင်းညိတ် အသိအမှတ် ပြုလိုက်ကာ နွမ်းနယ်ဟန်ဖြင့်

'မတွေ့သေးပါဘူး ကြီးကြီးရယ်၊ သံကြိုးမှ ရရဲ့လား မသိပါဘူး'

သည်တော့မှ ကိုသက်ဆွေသည် မောင်မောင်လတ်နှင့် ရုပ်ချင်း ဆင်သလိုလို ရှိသည်ကို သတိ ထားလိုက်မိ၏။

'ဩော် မမကို ရန်ကုန်မှာတုန်းက တစ်ခါ နှစ်ခါ တွေ့ဖူးတယ်၊ အစ်ကိုကြီး လာကြိုပါတယ်၊ ရထား ဆိုက်မှ ကျွန်တော်နှင့် ကွဲသွားကြတာပါ၊ ကျွန်တော် ရှာပေးပါ့မယ်'

ကိုသက်ဆွေက မမကို ပြောလိုက်ပြီး ထလိုက်သည်။

သည်တော့မှ မမက ကိုသက်ဆွေကို စေ့စေ့ ကြည့်၍ ပြုံးလိုက်ပြီး

'ကျေးဇူးပါပဲ မောင်သက်ဆွေရယ်၊ လုပ်စမ်းပါဦး၊ မမတော့ မောနေပြီ၊ မောင်သက်ဆွေကိုတော့ မမ သိပ် မမှတ်မိတော့ဘူး၊ ဒါပေမဲ့ ကြီးကြီးက တစ်လမ်းလုံး သူ့သား အကြောင်း ပြောလာလို့တော့ သိနေပါပြီ'

မမက ဒေါ်ချစ်ချစ်ဘက်သို့ လှမ်းကြည့်ပြီး ပြောလိုက်သည်။ သူ့အား မောင်သက်ဆွေဟု ရင်းရင်းနှီးနှီး ခေါ်လိုက်သည်ကို ကိုသက်ဆွေ သတိထားလိုက်မိသည်။ ကိုသက်ဆွေက ပြုံး၍ အပြင် ထွက်မည် အပြုတွင် ပလက်ဖောင်း လူအုပ်ကြားထဲမှ ရထားဆီသို့ လျှောက်လာနေသော မောင်မောင်လတ်ကို လှမ်းမြင်လိုက်သည်။

'ဟော ဟော ဟိုမှာ ဟိုမှာ'

ကိုသက်ဆွေက လှမ်းပြောလိုက်သဖြင့် မမသည် မောင်မောင်လတ် တွဲပေါ် တက်လာသည် အထိ မစောင့်တော့ဘဲ အောက်သို့ ဆင်းသွားပြီး နှုတ်ဆက်နေသည်။

မမ၏ သွားဟန် လာဟန်မှာ ခိုမကလေးလို ပေါ့ပါး ဖျတ်လတ် လှပေသည်။ ကိုသက်ဆွေသည် မောင်မောင်လတ်နှင့် စကား ပြောနေသော မမကို လှမ်းမျှော်ကြည့်ပြီးမှ ဒေါ်ချစ်ချစ်ဘက်သို့ လှည့်လိုက်သည်။

ဒေါ်ချစ်ချစ်ကလည်း မမတို့ မောင်နှမဘက်သို့ လှည့်ကြည့်ရာမှ သူ့ဘက် လှည့်လိုက်ပြီး

'ဖျတ်ဖျတ်လတ်လတ်နှင့် ချစ်စရာကလေးကွယ့်၊ အသားကလေးတွေများ နုနေတာပဲ၊ ရန်ကုန်တုန်းက မင်းကြီး ကိုယ်တိုင် ဘူတာ လိုက်ပို့ပြီး မေမေနှင့် ထည့်လိုက်တာ၊ မေမေလည်း သူ ပါတော့ အပျင်း ပြေတာပေါ့ကွယ်၊ မင်းကို လွမ်းတော့ မင်း အကြောင်းကို တစ်လမ်းလုံး သူ့ပဲ ပြောလာရတာပဲ၊ မင်းကော နေကောင်းရဲ့လား၊ အသားတော့ နည်းနည်း ညိုသွားတယ်၊ ညိုမှာပေါ့လေ၊ မန္တလေးက သိပ် ပူတာ'

'ကဲ မေမေ အိမ် ရောက်တော့မှ အေးအေးဆေးဆေး စကား ပြောကြတာပေါ့၊ မေမေလည်း ပင်ပန်းလှရော့မယ်'

ကိုသက်ဆွေက အလုပ်သမားများကို ခေါ်၍ ပစ္စည်းများကို အချခိုင်းလိုက်သည်။

မမသည် ရထားပေါ်သို့ ပြန်တက်လာကာ

'တွေ့ပြီ ကြီးကြီးရေ၊ မောင်မောင်လတ် ဟိုဘက် တွဲမှာ မြင်လိုက်တယ် ထင်လို့ သွားရှာနေသတဲ့၊ ကြီးကြီးတို့လည်း မဆင်းကြသေးဘူးလား၊ အိမ်





ရောက်မှ သားနှင့် အေးအေးဆေးဆေး စကား ပြောကြရောပေါ့၊ ကြီးကြီးက သားနှင့် တွေ့တော့ လမ်းတုန်းက သား အကြောင်း ပြောပြီး အလွမ်း ဖြေခဲ့ရတာ ခုတော့ အလွမ်း ပြေရောပေါ့'

မမက ပွံ့ပွံ့ကလေး ပြုံး၍ ပြောလိုက်သည်။

'ကြီးကြီးကတော့ သားနှင့် တွေ့ရလို့ အလွမ်း ပြေသွားပါပြီ၊ မမကတော့ ခုမှ အတိုးချပြီး လွမ်းပေတော့၊ သြော် မမမှာ ခုနစ်နှစ် သားလေး တစ်ယောက် ရှိတယ် သားရဲ့၊ ဒီတစ်ခါပဲ သားနှင့် ခွဲဖူးလို့ ထင်ပါရဲ့၊ မမကလည်း တစ်လမ်းလုံး သူ့သား အကြောင်း ပြော၊ မေမေကလည်း မင်းအကြောင်း ပြောရင်း စကားလက်ဆုံ ကျလာကြတယ်'

ဒေါ်ချစ်ချစ်က မမကို ပြောပြီး ကိုသက်ဆွေဘက်ကိုပါ လှည့်ပြောလိုက်၏။

'ဟုတ်တယ် မောင်သက်ဆွေ၊ ကြီးကြီးက မောင်သက်ဆွေ အကြောင်း ပြော၊ မမက တူးတူး အကြောင်း ပြောနှင့် စကားလက်ဆုံ ကျလာ လိုက်ကြတာ တစ်လမ်းလုံးပဲ'

မမကပါ ကိုသက်ဆွေကို ပြုံး၍ ပြောလိုက်သည်။ မမ၏ အပြုံးမှာ နှစ်လိုဖွယ် ကောင်းသော အပြုံးပေတည်း။

'ကဲ ပစ္စည်းတွေ ကားပေါ် ရောက်ကုန်ပြီ၊ သွားကြဦးစို့'

မောင်မောင်လတ်က ပလက်ဖောင်းပေါ်မှ ရပ်၍ ခေါ်လိုက်သဖြင့် မမက မောင်မောင်လတ်နှင့် ဒေါ်ချစ်ချစ်ကို မိတ်ဆက်ပေးပြီးနောက် ကိုသက်ဆွေတို့ သားအမိကို နှုတ်ဆက်၍ ထွက်သွားသည်။

မမ၏ လမ်းလျှောက်ပုံမှာ တောင့်တင်း စိုပြည်သော ခန္ဓာကိုယ်နှင့် လိုက်အောင် ပေါ့ပါး ဖျတ်လတ်လှပေ၏။ ရေမွှေးနံ့သည် တသင်းသင်း ပျံ့၍ ကျန်ရစ်ခဲ့သည်။

'မင်းကြီး ကတော်က ချစ်စရာကလေး'

ဒေါ်ချစ်ချစ်က ပြောလိုက်သည်။ သည် စကားလုံးများမှာ ကိုသက်ဆွေ ပြောချင်သော စကားလုံး ဖြစ်ပါ၏။ ကိုသက်ဆွေသည် စိုပြည် လှပသော မမကို မျက်စိ တစ်ဆုံး ကြည့်ကာ ကျန်ရစ်ခဲ့သည်။

မောင်မောင်လတ်နှင့် အတူ မမ ပျောက်ကွယ်သွားတော့မှ

'ကဲ မေမေတို့လည်း သွားကြစို့၊ မင်း ကားကော အပြင်ဘက်မှာလား၊ ဟဲ့ ခင်မေ၊ လာ ဘာငေးနေတာလဲ'

ဒေါ်ချစ်ချစ်က အိမ်ဖော် မိန်းကလေးကို လှမ်း၍ ခေါ်လိုက်သည်။ ကိုသက်ဆွေက ဒေါ်ချစ်ချစ်ကို တွဲခေါ်ပြီး အောက်သို့ ဆင်းလာခဲ့သည်။ အိမ်ဖော်မလေးက ဒေါ်ချစ်ချစ်၏ လက်ကိုင်အိတ်၊ မှီအုံး စသည်တို့ကို ပိုက်၍ နောက်မှ ဆင်းလိုက်လာသည်။

ကိုသက်ဆွေတို့ သားအမိ ပလက်ဖောင်းပေါ်သို့ ရောက်သည်နှင့် ပလက်ဖောင်းပေါ်မှ လူအုပ်ကြီးမှာ ရုတ်ရုတ်သဲသဲ ဖြစ်ကာ ထိတ်လန့်စွာဖြင့် မီးရထားနောက်တွဲများဘက်သို့ ပြေးသွားနေသည်ကို မြင်လိုက်ရသည်။ ဂတ်ဗိုလ်နှင့် ရဲပိုင်တို့လည်း ပျာယီးပျာယာဖြင့် မီးရထား နောက်တွဲများဘက်သို့ ပြေးသွားနေသည်ကို မြင်လိုက်ရသည်။ တစ်ခုခုတော့ ဖြစ်သည်ဟု ထင်ရပေသည်။

ခဏ ကြာမှ လူ အချို့ ပြန်လာကြကာ

'ကျွတ် ကျွတ် ကျွတ် ကျွတ် မျက်နှာ တစ်ခုလုံး ရစရာ မရှိတော့ဘူး၊ သူ့ ဘာသာ သူ လှဲချတယ် ပြောတာပဲ'

ခရီးသည်များမှာ ကိုယ့် ထင်မြင်ချက်ကို တစ်ယောက် တစ်ပေါက် ပြောလာကြသည်။ လူအုပ်ကြီးနှင့် အတူ ညပ်ပါလာသော မောင်မောင်လတ်နှင့် မမတို့ကိုလည်း မြင်ရလေသည်။ သူတို့ နှစ်ယောက်မှာလည်း တစ်စုံတစ်ရာကို စိုးရိမ်နေပုံ ရလေသည်။

လူအုပ်ကြီး ပြိုဆင်းလာသဖြင့် သူတို့သည် ကိုသက်ဆွေတို့ ရှိရာ တွဲဘေးနားတွင် လာ၍ ရပ်လိုက်ကြသည်။

ကိုသက်ဆွေနှင့် မောင်မောင်လတ်သည် ဒေါ်ချစ်ချစ်၊ မမနှင့် ခင်မေတို့ကို တွဲပေါ်သို့ ပြန်တက်စေကာ လူအုပ်ကြီး ပြိုဆင်းသည့်ဘက်သို့ လိုက်သွားကြလေသည်။

မီးရထား နောက်တွဲများဘက်တွင် မီးရထား အလုပ်သမား တစ်ဦးမှာ နောက်ဆုတ်လာသော ခေါင်းတွဲက ကြိတ်သွားသဖြင့် သွေးသံ အလိမ်းလိမ်းဖြင့် လဲကျနေသည်။

လူအုပ်ကြီးက သံလမ်းဘေး အလောင်းနားတွင် ဝိုင်းအုံနေကြလျက် ရှိပြီး တစ်ယောက် တစ်ပေါက် ပြောဆိုလျက် ရှိ၏။ အချို့ အရက် မူး၍ လဲကျသွားသည်ဟု ဆိုသည်။ အချို့ကမူ သတ်သေသည်ဟု ပြောကြသည်။ ဘယ်သတင်းကို အမှန်ဟုတော့ ရေရေရာရာ မသိကြပေ။

ကိုသက်ဆွေနှင့် မောင်မောင်လတ်တို့ ပြန်မလာမီ ဒေါ်ချစ်ချစ်နှင့် မမတို့မှာ သတင်းကို ကြားပြီးပေပြီ။





'ဟာ မြင်လို့ မကောင်းပါဘူး မမရာ၊ ပေါင်နှင့် မျက်နှာကို နှစ်ဖက်ကြိတ်သွားတာ'

မောင်မောင်လတ်မှာ ပြန်ပြောရင်း မျက်နှာကို ရှုံ့မဲ့ထားလေသည်။ ကိုသက်ဆွေကမူ ဘာမျှ ပြန်မပြောပေ။ နုပျို ခံ့ညားသော သူ့ မျက်နှာ မသာမယာပင် ဖြစ်နေလေသည်။

'ကြီးကြီးရယ် ကျွန်တော်ဖြင့် သွားကြည့်မိပြီးမှ စိတ်မကောင်း ဖြစ်နေတယ်၊ မိန်းမက ယောကျ်ားကို အတင်း ဖက်ဖက်ပြီး ငိုလို့၊ ကလေးတွေကတော့ ဘာမှန်း မသိရှာဘူး၊ လူတွေ ကြည့်ကြည့်ပြီး ငိုနေတယ်၊ ခများမှာ လင်လုပ်စာ အပေါ်မှာ မှီခိုနေရတော့ ဘယ်လောက် ဒုက္ခ ရောက်ရှာမလဲ မသိဘူး'

မောင်မောင်လတ်က စိတ်မကောင်း ဖြစ်ဟန်ဖြင့် ပြောပြနေသည်။

မမသည် နီရဲသော နှုတ်ခမ်း အစုံကို ဟကာ မျက်လုံး ကလယ် ကလယ်ဖြင့် နားထောင်နေ၏။ နီရဲသော နှုတ်ခမ်းများ ကြားမှ ညီညာ ဖြူဖွေးသော သွားများကို မြင်ရပေသည်။

'မိန်းမ လုပ်တဲ့ လူကို သနားပါတယ် မောင်မောင်လတ်ရယ်'

မမက သက်ပြင်းကို ရှိုက်၍ စိတ်မကောင်းဟန်ဖြင့် ဆိုလိုက်သည်။ ကိုသက်ဆွေသည် မမကို တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီး တွဲအောက်သို့ ဆင်းသွားလေ၏။

'မေမေ ခဏနော်၊ ကျွန်တော် ခု ချက်ချင်း ပြန်လာခဲ့မယ်'

ကိုသက်ဆွေသည် တွဲနောက်ပိုင်းသို့ လူအုပ်တွေ ကြားထဲမှ တိုးဝှေ့၍ ထွက်သွားလေသည်။

ခဏ ကြာ၍ ကိုသက်ဆွေ ပြန်ရောက်လာသော အခါ မောင်မောင်လတ်မှာ မန္တလေး အကြောင်းကို ပြောပြနေသည်။

'ကဲ မေမေ သွားကြစို့'

ကိုသက်ဆွေက ခေါ်လိုက်သဖြင့် ဒေါ်ချစ်ချစ်၊ မောင်မောင်လတ်၊ မမနှင့် အိမ်ဖော်မကလေးပါ ဆင်းလာကြသည်။ ရှေ့မှ ကိုသက်ဆွေနှင့် ဒေါ်ချစ်ချစ်က လျှောက်လာပြီး နောက်မှ မောင်မောင်လတ်နှင့် မမ လိုက်လာကြသည်။

ဘူတာ ဂိတ်ဝနား အရောက်တွင် မီးရထား အလုပ်သမား ခေါင်းဆောင် တစ်ဦး အပြေး လိုက်လာကာ

'ဒီမှာ ခင်ဗျာ၊ သေသွားတဲ့ ကျွန်တော်တို့ သမဂ္ဂဝင် အလုပ်သမား အတွက် ငွေ နှစ်ရာ ထည့်တဲ့ အတွက် ကျေးဇူးတင်ပါတယ်၊ နာမည်ကလေး တစ်ဆိတ်

လောက် သိပါရစေ၊ ပြီးတော့ ဒီ ငွေကို ဘယ်လို အသုံးပြုစေချင်သလဲ ဆိုတာ ကလေးလည်း အမိန့် ရှိပါ'

ကိုသက်ဆွေက စီးရထား အလုပ်သမား သမဂ္ဂ ခေါင်းဆောင်ကို လှည့်ကြည့်၍ မြို့လိုက်ကာ

'ကိစ္စ မရှိပါဘူး၊ အမည် မဖော်လိုသူ တစ်ဦးလို့ပဲ ထည့်လိုက်ပါ၊ ကျွန် ရစ်တဲ့ မိန်းမနှင့် ကလေးကို ထောက်ပံ့ချင်လည်း ထောက်ပံ့ပေါ့ဗျာ'

'ဟေး ကိုသက်ဆွေ၊ လက်စသတ်တော့ ခင်ဗျား ငွေ သွားထည့်တာကိုး၊ အေးဗျာ ကျွန်တော်လည်း ရုံးကနေပြီး အထည့်နိုင်းလိုက်ရမယ်၊ ကောင်းတယ် ကောင်းတယ်၊ ကဲ ကြီးကြီး ကျွန်တော်တို့ကို ခွင့်ပြုပါဦး'

မောင်မောင်လတ်နှင့် မမသည် ဘူတာရုံ ရှေ့သို့ သူတို့ ကား ဝင်လာသည် အထိ ရပ်စောင့်နေကြသည်။ ကိုသက်ဆွေတို့ ကားမှာ ထွက်ခွာ သွားလေသည်။

'နှစ်ပိုင်း ပြတ်သွားတယ်လို့ ပြောတာပဲ'

'ကျုပ်တော့ သဘော ကျတယ်၊ ဘာ ဝေဒနာမှ ခံမနေရတော့ဘူး၊ သေရင်တော့ ဒီလို သေတာကမှ ခပ်ကောင်းကောင်း ရှိသေး'

သူတို့ အနားက ဖြတ်သန်းသွားကြသူများက ထင်မြင်ချက်တွေ အမျိုးမျိုး ပေးသွားကြလေသည်။

မော်တော်ကား ဆင်ဝင်ရှေ့ ရောက်လာသဖြင့် မောင်မောင်လတ်နှင့် မမသည် ကားပေါ်သို့ တက်ထိုင်လိုက်ကြ၏။

မမသည် ကားပေါ်တွင် စကား တစ်လုံးမျှ မပြောဘဲ မျက်နှာ မသာမယာ ဖြစ်နေလေသည်။

'ဟင် မမ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား'

မောင်မောင်လတ်က မမကို ကြည့်၍ မေးလိုက်၏။

'ကောင်းပါတယ်ကွယ်၊ ခုတင်က ကိစ္စ ကြားရတော့ မမ ရင်ထဲမှာ ကတုန် ကယင်ကြီး ဖြစ်နေတယ်၊ မမ စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ သွားတုန်း ကတည်းက ဒါမျိုး တွေ့ရတော့ နိမိတ် မကောင်းဘူး'

'ဒီ့ မကောင်းဘူး အမြဲတမ်း မရှိ တွေ့နေတယ်၊ ကဲပါ ဒါဒီ ကိစ္စ အသာ ထားလိုက် ကျွန်တော့် ကိစ္စကိုသာ..'

'ဒါထက် မောင်လတ်ရှေ့နဲ့ စပ်နေ့ ဒီကာ ဖော်ဖော် ကြည့်ပြီးဘဲ မမက စကား စလိုက်ရင် ဖြတ်၍ မေးလိုက်သည်။





'ကြားပါပြီ၊ ကျောင်းမှာ ကတည်းက တွေ့ဖူးနေတာပဲ၊ ကျွန်တော်တို့ထက် တော့ နည်းနည်း ဂျူနီယာ ကျတယ် ထင်တယ်၊ ခု ခင်သီသီနှင့်..'

'မမ သိပါတယ်၊ ကဲ ဆိုစမ်းပါဦး မင်း ကိစ္စ၊ မင်းက စာ တစ်စောင် ပေ တစ်ဖွဲ့ ရေးလိုက်လို့ ငါ လိုက်သာ လာရတယ်၊ ဘာမှန်းတောင် မသိဘူး၊ ကိုကိုတောင် လိုက်လာမလို့ မအားတာနှင့် နေရစ်ခဲ့တာ'

'အင်း ကျွန်တော့် ကိစ္စကတော့ မမပဲ ဖြေရှင်းပေးနိုင်မယ် ထင်လို့ ခေါ် ရတာပဲ'

'ပြောစမ်းပါဦး မင်း ကိစ္စကို'

မောင်မောင်လတ်က ခြွင်းချန်သင့်သည်ကို ခြွင်းချန်ကာ သူနှင့် ခင်ရီရီ တို့ ကိစ္စကို စာတ်ကြောင်း ပြန်လေ၏။ အိမ်ရောက်လျှင် မောင်မောင်လတ်မှာ ထမင်း မစားတော့ဘဲ အစည်းအဝေးသို့ ထွက်သွားလေ၏။

# ၁၂

မမသည် ရေးကြီးသုတ်ပျာနိုင်လှသော သူ့ မောင်ကို လှမ်းမျှော်ကြည့်ရင်း အိမ်ထဲသို့ ဝင်ခဲ့သည်။ မောင်မောင်လတ်တို့ မန္တလေး ပြောင်းလာမှ တစ်ခေါက်မျှ မရောက်ဖူးသေးသဖြင့် အိမ် အဆင်အပြင် အနေအထားကို အကဲ ခတ်နေမိသည်။

အစိုးရက သိမ်းထားသော တိုက် ဖြစ်သဖြင့် တိုက်မှာ ခေတ်ဆန်၍ ကျယ်ကျယ်ဝန်းဝန်း ရှိသည်။ ဧည့်ခန်း ပြတင်းပေါက်များမှာ မှန်တံခါး တပ်ထားသော ပြတင်းပေါက်ကြီးများ ဖြစ်၍ လင်းနေပေသည်။

ခင်ရီရီမှာ ဧည့်ခန်းရှိ ဆိုဖာ တစ်ခုပေါ်တွင် ထိုင်ရင်း အလတ် မိုမိုကို စာသင်ပေးနေသည်။ မိုမိုသည် စာသင်ရင်း ရင်ဘတ် ကြယ်သီးကို ဆွဲဖြုတ်နေသည်။ ခင်ရီရီက ကြယ်သီးကို မကိုင်ဖို့ ပြောသည့် အခိုက်ကလေးတွင်သာ ငြိမ်ငြိမ် နေသော်လည်း ခဏ ကြာလျှင် ကြယ်သီးကို ဆွဲဖြုတ်နေသည်။

ခင်ရီရီသည် မောင်မောင်လတ်ကို စိတ်ဆိုးနေတုန်း ဖြစ်သဖြင့်သာ မမ အလည် လာမည့် ကိစ္စကို ဘာမျှ မဆိုင်သလို စပါးရေပိတ် ပြောလိုက်ခြင်း ဖြစ်၏။ တကယ်ကမူ မောင်မောင်လတ်ကို စိတ်ဆိုး၍ မမကို အတွေ့ မခံဘဲ နေလျှင် သူ့ဘက်က ရိုင်းရာကျမည်ကို စိုးရိမ်မိပြန်သည်။ ထို့ကြောင့် ဘုတာသွားကြိုတုန်းက မလိုက်ဘဲ မေမေတို့ အိမ် သွား၍ ရှောင်နေခဲ့သော်လည်း မောင်မောင်လတ်တို့ ပြန်မလာမီကလေးတွင်ပင် အိမ်သို့ ပြန်လာကာ စောင့်နေခြင်း ဖြစ်နေလေသည်။ မိုမိုကို စာသင်ပေးနေသဖြင့်လည်း မောင်မောင်လတ်တို့ စီးလာသော မော်တော်ကားသံကို မကြားလိုက်မိပေ။

အိမ်ရှေ့ခန်းမှ ခြေသံကို ကြား၍ ထွက်ကြည့်လိုက်တော့မှ ဧည့်ခန်းထဲတွင် ရပ်နေသော မမကို မြင်ရသည်။

'ဟင် မမ၊ ရီတောင် မသိလိုက်ဘူး'

ခင်ရီရီက မမဆီသို့ သွားကာ မမ၏ ခါးကို သိမ်းကျုံး ဖက်လိုက်သည်။

'ခုလေးတင်ပဲ ရီ ဆော်ဆော်လာတော့ [illegible] ရှိလို့ [illegible] အခေါ်ကတောင် ဆော်တော့ဘူး ဖြစ်သွက်သွားလေရဲ့၊ ကလေးတွေကော'

'ရှိပါတယ်၊ မိုမိုရေ ကြီးကြီး လာတယ်ဟေ့၊ ချီချီကိုလည်း ခေါ်လိုက်'

ခင်ရီရီက လှမ်း၍ ပြောလိုက်သည်။ သူ့ မျက်လုံးများကမူ သူတို့ ကိစ္စကို မမ သိပြီးလေပြီလားဟု အကဲခတ်လျက် ရှိသည်။

'ဟော့ မိုမိုလားဟေ့၊ ကြည့်စမ်း ထွားလာလိုက်တာ၊ လာစမ်း လာစမ်း၊ ကြီးကြီးဆီ လာစမ်း'

မမက လက်ဆွဲအိတ် အနီကို ဆိုဖာပေါ် ပစ်ချလိုက်ပြီး မိုမိုကို ဖက်ယမ်းနမ်းရှုပ်နေ၏။ ခင်ရီရီမှာ မမ၏ ပစ္စည်းများကို အစေခံများအား နေရာ ချထားခိုင်းနေပေသည်။ ပြီးမှ

'မမကတော့ သိပ် နပြီး သိပ် လှနေတာပဲနော်'

'မမလား သိပါဘူးကွယ်၊ လူတိုင်းက ဒီလို ပြောကြတာပဲ၊ ကုသိုလ်လို့ပဲ'

'မမလား သိပါဘူးကွယ်၊ လူတိုင်းက ဒီလို ပြောကြတာပဲ၊ ကုသိုလ်လို့ပဲ အောက်မေ့ရမှာပေါ့ ဟဲ ဟဲ၊ မိုမိုက တူးတူးထက် ငယ်တယ်နော်'

'ငယ်တာပေါ့ မမရဲ့၊ မမတို့ ကသာ လာတုန်းက မိုမိုက ခြောက်လသားရှိသေးတယ်၊ တူးတူးက နှစ်ခါလည်ပြီးပြီလေ'

'သြော် ဟုတ်သားပဲ၊ အငယ်ဆုံး ကလေးကော'

'အိပ်ပျော်နေတယ် မမ၊ သူလေးက သိပ် ဆိုးတယ်၊ သူ လိုတာ မရရင်လည်း စိတ်ကောက်ရတာနှင့်'

ခဏ ကြာလျှင် လိမ္မော်ရည် ပုလင်းနှင့် ဖန်ခွက်ကို အိမ်ဖော်မလေးက ငွေ လင်ပန်းဖြင့် လာချလေသည်။

'ဘယ့်နှယ်လဲ၊ ရီတို့ ကိစ္စ မမ ကြားပြီးပါပြီကွယ်'

မမက လိမ္မော်ရည် ဖန်ခွက်ကို ကောက်၍ နှုတ်ခမ်းတွင် တေ့လိုက်ရင်း ပြောလိုက်သည်။ ခင်ရီရီသည် ဘာပြန်ပြောရမှန်း မသိဘဲ ငြိမ်နေသည်။ မမက သူ့အား အားပေး ဖျောင်းဖျလိမ့်မည်ဟု မျှော်လင့်နေမိသည်။ သို့ရာတွင် မမထံမှ ဘာမျှ ထွက်မလာပေ။

'အင်း မမ အနေနှင့်တော့ သူ့ဘက်က ရှေ့နေ မလိုက်ချင်ဘူး ရီ၊ သူ့ဘက်က ရှေ့နေ မလိုက်လို့ သူ့ကို ခွင့်လွှတ်ဖို့ ပြောရင်လည်း မမ မတရားဘူး၊ မမကတော့ ဒီ အကြောင်း ကြားရတာ နည်းနည်းမှ စိတ်မကောင်းဘူး'

မမက လေးတွဲ့စွာ ပြောရင်း သက်ပြင်း ချလိုက်၏။ ဖားလျား ညွှတ်ကျေသော မျက်တောင် အောက်မှ မမ၏ မျက်လုံးရွဲများမှာ မှိုင်းနေကြ၏။





မေသည် ခင်ရီရီ အနားသို့ တိုးကပ် ထိုင်လိုက်ပြီး ခင်ရီရီ လက်များကို ဆုပ်နယ်နေသည်။

ခင်ရီရီကမူ ခေါင်းကိုသာ ငုံ့နေသည်။

'ရီကတော့ ကလေးတွေ အတွက် စိတ်မကောင်းတာပါပဲ မမရယ်'

ခဏ ကြာတော့ ခင်ရီရီက ငိုသံပါဖြင့် ပြောလိုက်သည်။ မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလာ၏။

'အေးကွယ်၊ ဖြစ်ပြီးမှတော့ နောင် ဒီလို မဖြစ်အောင် ဘယ်လို လုပ်ရမလဲ ဆိုတာပဲ နည်းလမ်း ရှာရတော့မှာပေါ့၊ ငိုနေရုံ စိတ်ဆိုးနေရုံနှင့်လည်း ပြီးတာမှ မဟုတ်ဘဲ'

'ရီကလည်း ပြီးပြီးသား ပြီးပါစေတော့လို့ ထားတာပါပဲ၊ ဒါပေမဲ့ ရှိကို သူ မချစ်ဘူး ထားဦး၊ ကလေးတွေ အတွက်တော့ ငဲ့ပြီး စဉ်းစားဖို့ ကောင်းပါတယ် မမရယ်၊ ရီကလည်း ဒါပဲ တွေးပြီး ခေါသ ထွက်တာပါပဲ၊ တကယ် ဆိုတော့ ကွဲကြဖို့ ဆိုတာဟာ မဖြစ်နိုင်ပါဘူး။ သူနှင့် ရီ နှစ်ယောက် အနေနှင့် ပြတ်ပြတ်စဲစဲ နေနိုင်တယ် ထားဦး။ ကလေးတွေ အတွက်..'

ခင်ရီရီက ရှေ့ဆက် မပြောနိုင်ဘဲ ရှိုက်နေ၏။

'ကဲပါကွယ်၊ ကွဲ စကားတော့ မပြောနေပါနှင့်၊ ရီ [illegible] မမကိုသာ ပြောစမ်းပါ'

မမက ခင်ရီရီကို ကရုဏာသက်စွာ ကြည့်ရင်း မေးလိုက်သည်။

'ရီလည်း ခြောက်ပြစ်ကင်း [illegible] မဟုတ်ပါဘူး မမရယ်၊ [illegible] တယ်၊ ရီဟာ အိမ်မှာ [illegible] [illegible] ရှိမှာ အိမ်ထောင်ရှင်မ တစ်ယောက် အနေနှင့် [illegible] [illegible] ယောက်ျား့ရဲ့ အလိုက် မသိတတ်ဘူး၊ ရှိမှာ သူ့ကို [illegible] အချင်း တစ်ခုပဲ ရှိတယ်၊ သူ့ကို ယုံတယ်၊ အားကိုးတယ်၊ ရီ စိတ်ထဲမှာ သူဟာ ရီ တစ်ယောက်က လွဲလို့ ဘယ် [illegible] နဲ့ သူနှင့် အိမ်ထောင်ကျလို့ ကလေး သုံးယောက်တောင် [illegible] နှင့် ပတ်သက်လို့ သူ့ အပေါ်မှာ တစ်ခါမှ သံသယ [illegible]'

ခင်ရီရီသည် ဆက်၍ မပြောနိုင်ဘဲ ရှိုက်နေပြန်၏။

'သူဟာ [illegible] မေတ္တာ [illegible] တော့ [illegible] တွေ့နေကြတာ မမရဲ့ အိမ်မှာ ကလေးတွေ [illegible] အတွက် [illegible]

မေးတော့ ဂေါ့ဖ် ကလပ်ကို ပေးရလို့၊ ဆိုရှယ် ကလပ်ကို ပေးရလို့ ညာပြောတယ်၊ ရီ့ကိုကလည်း အလို့ပါ၊ စာ တွေ့တော့ ရီက စာ မပြဘဲ မေးတယ်၊ အဲဒါလည်း ရီ့ကို လိမ်ပြောတယ်၊ နောက်ဆုံး ရီက စာ ထုတ်ပြတော့မှ ဝန်ခံတော့တယ်၊ သူဟာမနှင့် ဒီလိုသာ မပြတ်မစဲ လုပ်နေကြဦးမယ် ဆိုရင်တော့ ရီနှင့် သူ အတူ နေဖို့ ခက်တယ် မမ'

'အို ဟုတ်ပါတယ်၊ ဒီလို ဘယ်နေလို့ ဖြစ်မလဲ၊ မမ နားလည်ပါတယ်'

မမက ခင်ရီရီ၏ လက်ဖျားကို ညှစ်၍ စိတ်အားထက်သန်စွာ ပြောလိုက်၏။

'မမပဲ စဉ်းစားကြည့်လေ၊ သူကတော့ သူဟာမနှင့် ကွယ်ရာမှာ ပျော်လို့ အကြည် ဆိုက်နေကြတာ၊ ရီ့မှာတော့ မျက်ရည်နှင့် မျက်ခွက်'

'ခုတော့ သူလည်း နောင်တ ရဟန်း တူပါပြီ ရီရယ်'

'မမ ရှေ့မို့လို့ပါ မမရယ်'

'အို ဒီလိုတော့ မဟုတ်ပါဘူး ထင်ပါတယ် ရီရဲ့၊ ကိုယ့် မောင်မို့လို့ ကိုယ် ပြောနေတာ မဟုတ်ပါဘူး၊ မမ အကဲခတ်လို့ ရသလောက်တော့ တကယ် နောင်တ ရပုံပါပဲ၊ သူ မှားတဲ့ အကြောင်း ရီ့ကို ခွင့်လွှတ်ဖို့ မမက ဖျောင်းဖျပေးဖို့ အကြောင်း မမကို တဖွဖွ ပြောလာပါတယ်၊ မမ သိသလောက်တော့ သူဟာ ကလေးတွေ အတွက်လည်း တွေးပြီး စိတ်မကောင်းဘူး၊ နောက်တစ်ခုက ရီ့ကိုလည်း သူ ချစ်တယ်၊ ရီ့ကို သူ ဘယ်လောက် ချစ်တယ် ဆိုတာတော့ မမလည်း ကောင်းကောင်း သိပါတယ်ကွယ်၊ မမရယ် ကျွန်တော့် အတွက် ရီ သိပ် စိတ်ထိခိုက်နေပြီ၊ ကျွန်တော် ရီ စိတ်ထိခိုက်အောင် လုပ်မိပြီ၊ ရီ ခွင့်လွှတ်အောင် ကျွန်တော် ဘယ်လို လုပ်ရပါ့မလဲနှင့် တဖွဖွပဲ'

ခင်ရီရီသည် သူ့ ယောက်မ၏ စကားများကို နားထောင်ရင်း ငေးစိုက်နေလေသည်။

သူ့ မျက်လုံးတွင် မျက်ရည်စများမှာ ခြောက်သွေ့စ ပြုလာပြီ ဖြစ်၏။

'ရီလည်း သူ့ကို သနားတော့ သနားပါတယ်၊ ခု ကိစ္စဟာ သူ့ အပြစ် ဆိုတာ သူ သဘော ပေါက်ရင်တော့ သူလည်း စိတ်ကောင်းနိုင်မှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ သူဟာမနှင့် ဒီအတိုင်းသာ ဆက်နေရင် ရီ ဘယ့်နှယ်လုပ် နေရမလဲ မမ၊ ဒီအတိုင်း နေသွားကြရင် ရီလည်း စိတ်ဆင်းရဲ သူလည်း စိတ်ဆင်းရဲ၊ အို မကောင်းပါဘူး မမရယ်'

ခင်ရီရီမှာ မျက်လုံးမှ မျက်ရည်တွေ စီးကျလာပြန်၏။





'သူဟာမက ရီ့ထက် လှတယ်၊ ငယ်တယ်၊ ကောလိပ် ကျောင်းထွက် ပညာတတ် မမရဲ့၊ ဒီတော့ ရီ့ထက် ခေတ်မီတယ်၊ ရီ့မှာ သူ မက်လောက်အောင် ရုပ်လည်း မရှိတော့ဘူး၊ ဒီလင်ကို ပြုစုရ ကလေးတွေ မွေးရတာနှင့်ပဲ အရွယ်လည်း ကျပြီ၊ ဒီတော့ သူ့ အနေနှင့် ရီ့ထက် ငယ်လည်းငယ် ချောလည်းချောတဲ့ သူဟာမကို သူ စွဲမှာပဲ မမ၊ မမ ဖျောင်းဖျပေမဲ့ ရီတော့ သိပ် မထင်ဘူး'

'ကိုယ့်မောင် အကြောင်း သိနေတော့ မမ ပြောချင်တာ တစ်ခုတော့ ရှိတယ်၊ အဲဒါကို ရီက..'

မမက စကား မဆက်ဘဲ ခင်ရီရီကို အကဲခတ်သလို လှမ်းကြည့်နေသည်။

'ပြောပါ မမ၊ ကောင်းမယ် ထင်တယ် ဆိုတာသာ ပြောပါ၊ ရီ နားထောင်ပါ့မယ်'

'မောင်မောင်လတ်မှာ ပြောလွယ် မေ့လွယ် ပျောက်လွယ်တဲ့ အကျင့် ရှိတယ် ဆိုတာ မမ သိတယ်၊ အမှား လုပ်မိရင်လည်း နောင်တရ လွယ်တယ်၊ ဒီတော့..'

'နောင်တရ လွယ်ပေမဲ့ နောင်တ ရတာကို မေ့ပြီး နောက်တစ်ခါ ပြန်လုပ်တာပဲ မမ၊ မမ မောင် အကြောင်း မမ မသိဘူးနော်'

'ဟုတ်ပါတယ်၊ အမှားကို ဝန်ခံပြီး ပြန်လုပ်ချင် လုပ်တတ်တဲ့ ဝသီလည်း ရှိတယ် ဆိုတာ မမ သိပါတယ်၊ ဒါပေမဲ့ ဒီကိစ္စမှာတော့ သူလည်း တော်တော် နောင်တ ရလိမ့်မယ်လို့ မမ ထင်ပါတယ် ရီရယ်၊ ဒီတော့ မမ ပြောချင်တာက ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်ပါ၊ ပြတ်စဲဖို့ ဆိုတာကလည်း စိတ်ဆိုးတုန်းမို့လို့ စဉ်းစားမိကြတာပါ၊ စိတ်လိုက်မာန်ပါ မလုပ်ပါနှင့်၊ တကယ် ခေါင်း အေးအေးနှင့် စဉ်းစားတဲ့ အခါကျတော့ ကလေးတွေ အတွက် စဉ်းစားရဦးမယ်၊ နှစ်ဖက် လူကြီးတွေကို ထည့်စဉ်းစားရဦးမယ်၊ ပတ်ဝန်းကျင်ကို ထည့်စဉ်းစားရဦးမယ်၊ ကိုယ့်သိက္ခာ ကိုယ့်ဂုဏ် ကိုယ့်အဆင့်အတန်းကို ထည့်စဉ်းစားရဦးမယ်၊ အို စဉ်းစားစရာတွေ အများကြီးပဲ ရီ၊ မမက ခုလို ပြောနေတာဟာ ရီ့ကို ကိုယ်ချင်း မစာလို့ ပြောနေတာ မဟုတ်ဘူး၊ ဒီ့ပြင် အကြောင်းတွေ အသာထား၊ ယောက်ျား တစ်ယောက်ဟာ ကိုယ့် မိန်းမကို အားချိတ်ပြီး တခြား မိန်းမ တစ်ယောက်နှင့် ကျူးလွန် ဖောက်ပြားမိတယ် ဆိုရင်ပဲ ဒီယောက်ျားဟာ တော်တော် အပြစ်ကြီး လှပြီ၊ ဒီတော့ မမလည်း ရီ့ကို ကိုယ်ချင်းစာပါတယ်၊ ဒါပေမဲ့ မမ သဘောက တော့ ရီဟာ သူ့ကို တကယ် ချစ်သေးတယ် ဆိုလို့ ရှိရင် ရီရဲ့ အသည်းနှလုံး ထဲမှာ သူ့ကို ချစ်တဲ့ စိတ်ကလေး ရှိနေသေးရင် သူ့ကို ဒီ တစ်ခါတော့ ခွင့်

လွှတ်လိုက်ပါနော်၊ ညီမကို မမ ခု ပြောတာဟာ သူ့ရဲ့ အစ်မ တစ်ယောက် အနေနှင့် ပြောနေတာ မဟုတ်ပါဘူးကွယ်၊ မိန်းမသား တစ်ယောက် အနေနှင့် ပြောနေတာပါ၊ ဟုတ်လားနော် ရီ၊ ဒီ တစ်ခါတော့ နောက်ဆုံးပါကွယ် နော် နော်'

မမက စိတ်အား ထက်သန်စွာ ပြောပြနေ၏။ သည်တော့မှ ခင်ရီရီမှာလည်း တောင်းပန်နေသော မမကို အားနာ သနားကြီး ဖြစ်၍ လာသည်။

'ရီ အနေနှင့် ဒီ တစ်ခါတော့ မမ သဘော အတိုင်းပါပဲ၊ ကဲ လာ မမလည်း ရီတို့ ကိစ္စ ပြောနေရတာနှင့် နားပဲ မနားရသေးဘူး၊ မမ နေဖို့ အပေါ်ထပ်မှာ အခန်း ပြင်ထားတယ်'

ခင်ရီရီက မမကို ခါးမှ ဖက်၍ အပေါ်ထပ်သို့ ခေါ်သွားလေသည်။ သည်တော့မှ မမ၏ မျက်နှာမှာ ကြည်လင် ဝင်းပလာကာ နှုတ်ခမ်းတွင် အပြုံးပန်းပွင့် ဖူးပွင့်လာပေတော့သည်။



## ၁၃

မမ ရောက်သည်ဟု ကြားသဖြင့် ဧည့်သည်တွေ တဖွဲဖွဲ ရောက်လာကြသည်။ အရာရှိ ကတော်များ၊ စစ်ဗိုလ် ကတော်များနှင့် အာဏာရ နိုင်ငံရေး ပါတီလက်အောက်ခံ အမျိုးသမီး အဖွဲ့ ခေါင်းဆောင်များ၊ ကုန်သည်များ စသဖြင့် ဝင်လာမစဲ တသဲသဲ ဖြစ်နေ၏။ မမသည် တစ်နေ့လုံး ဘယ်ကိုမျှ မထွက်ရဘဲ လာသမျှ ဧည့်သည်များကိုသာ ဧည့်ခံ စကား ပြောနေရသည်။ နေ့လယ် ရုံးဆင်းချိန်တွင် မောင်မောင်လတ် ပြန်မလာဘဲ ဒရိုင်ဘာသာ လာ၍ ကော်ဖီဘူးနှင့် စားစရာများကို လာယူလေသည်။ မမသည် မောင်မောင်လတ်အား ညစာကို အိမ်တွင် စားရန်နှင့် စောစော ပြန်လာရန် စာ ရေး၍ ဒရိုင်ဘာကို ပေးလိုက်လေသည်။

ညနေတွင် မောင်မောင်လတ်သည် စောစောစီးစီး ပြန်လာကာ ညစာကို အိမ်မှာပင် စားသည်။ ခင်ရီရီနှင့် စကား ပြောသည်။ ခင်ရီရီကလည်း သူ့ကို ခါတိုင်း ခေါ်သလို 'မောင်' ဟု ခေါ်သည်။ သို့ရာတွင် နှစ်ယောက်စလုံးမှာ ခပ်စိမ်းစိမ်း ဖြစ်နေသည်ကို တွေ့ရသည်။ မည်သို့ပင် ဖြစ်စေ ကွဲစကားတော့ နောက်ထပ် မပြောကြခြင်းမှာလည်း ကောင်းသော လက္ခဏာပင် ဖြစ်သည်။

ညစာ စားပြီး၍ ဝိုင်းဖွဲ့ စကား ပြောနေကြတုန်း ကားတစ်စီးဖြင့် ခင်သီသီ ရောက်လာလေသည်။ ခင်သီသီမှာ မမကို သုံးလေးခါလောက်သာ တွေ့ဖူးပေသည်။ ခင်သီသီ လာခြင်းမှာ ဝတ္တုရား အရ နှုတ်ဆက်ရန် လာခြင်း ဖြစ်သော်လည်း မမလို ရန်ကုန် အထက်တန်းလွှာတွင် ထင်ရှား ကျော်ကြားလှသော မင်းကြီး ကတော် တစ်ဦး၏ သွင်ပြင် လက္ခဏာကို လည်းကောင်း၊ ဝတ်စားဆင်ယင်ပုံကို လည်းကောင်း အကဲခတ်ရန် လာခြင်းလည်း ဖြစ်ပေသည်။

ခဏ ကြာလျှင် ခင်ရီရီ အပေါ်သို့ တက်သွား၍ ကလေး သွားသိပ်သည်နှင့် မောင်မောင်လတ်လည်း တက်လိုက်သွားလျှင် မမမှာ ပြုံး၍ ကျန်ရစ်ခဲ့လေသည်။

မမသည် ပိုးပျော့ အင်္ကျီ နက်ပြာရောင် လက်ပြတ်၊ တူတယ် လုံချည် အပြာရောင်နှင့် ဆံပင်ကို နောက်တွဲ ထုံးကာ ရိုးရိုးကလေး ဝတ်ဆင်ထားသည်။ ဟောင်ကောင်မှ ဝယ်လာသော နီလာမြုပ် နားတောင်းကို ပန်ထားသည်။ ညာဘက်တွင် ကြိုးပျော့ လက်ကောက် တစ်ဖက်နှင့် ဘယ်ဘက်တွင် နာရီ မြှုပ်ထားသည့် ပလက်တီနမ် လက်ကောက် တစ်ဖက်ကို ဝတ်ထားသည်။

ခင်သီသီသည် ခပ်ရိုးရိုး ဝတ်ဆင်ထားပြီး ကဗျာဆန်ဆန် လှနေသော မမကို ငေးစိုက်ကြည့်ကာ အဝတ်အစား အဆင်အပြင်ကို အသေးစိတ် မှတ်သား နေလေသည်။ နောက် မမအား သူ့ မွေးနေ့ ပြီးမှ ပြန်ရန် ပြောနေ၏။

'သီသို့ မွေးနေ့က ဘယ်တော့လဲ'

'သုံးရက်နေ့မှာပါ၊ သီသို့ မွေးနေ့ ရောက်အောင်တော့ နေပါဦးနော် မမ'

ခင်သီသီက ခပ်နွဲ့နွဲ့ကလေး ပြောလိုက်သည်။

'နေတော့ နေချင်ပါတယ် သီသီရယ်၊ ဒါပေမဲ့ ကိုကို တစ်ယောက်တည်း ရယ်၊ ပြီးတော့ သားကလည်း မေမေ မြန်မြန် ပြန်လာခဲ့ရမယ်လို့ တဖွဖွ မှာလိုက်တော့..'

'ဟင့်အင်း မမရယ်၊ သီသို့ မွေးနေ့ ပြီးမှ လာမယ်လို့ စာရေးပါ၊ သီသို့ ကိုယ်တိုင်လည်း မမကို သီသို့ မွေးနေ့ ပြီးမှ ပြန်လွှတ်မယ်လို့ အစ်ကိုကြီးဆီ စာတစ်စောင် ရေးလိုက်မယ်၊ ဟုတ်လားနော် မမ'

'သီသီက ဒီလောက် နေစေချင်မှတော့လည်း မမ နေရတာပေါ့ကွယ်၊ ဒီ အချိန်ဟာ သီသို့ အဖို့ အပျော်ဆုံး အချိန် မဟုတ်လား၊ သီသီရဲ့ အပျော်ဆုံး အချိန်မှာ မမပါ ရှိသင့်တယ်လို့ သီသီက ဖိတ်လို့ ရှိရင်လည်း မမက မငြင်း ရက်ပါဘူး၊ မောင်မောင်လတ် ပြောလို့ မမ သိပြီးပါပြီ၊ မောင်သက်ဆွေတောင် ဘူတာမှာ တွေ့ခဲ့သေးတယ်'

'ဩော် မမ တွေ့ခဲ့သလား၊ ဒါထက် နေပါဦး၊ အစ်ကိုလေးက သီသို့ အကြောင်း ဘာတွေများ မမကို ပြောလို့လဲ၊ ဟောဒီ အစ်ကိုလေးဟာ ဒီလို ချည်းပဲ'

ခင်သီသီက နှုတ်ခမ်းကလေး စူကာ ပြောလိုက်သည်။ မမက သီသီအား ပြုံး၍ ကြည့်ကာ

'အတင်းအဖျင်းတွေပေါ့ကွယ့်၊ မောင်သက်ဆွေရဲ့ မေမေလည်း မမနှင့် တစ်တွဲတည်းပဲ၊ သား အကြောင်း ပြောလိုက်တာလေ တတွတ်တွတ်နှင့်'

'ဘာတွေများ ပြောလို့လဲ မမရဲ့'





ခင်သီသီက သိချင်စိတ်ကို ဖုံးဖိ၍ ခပ်ပေါ့ပေါ့ဟန်ဖြင့် မေးလိုက်သည်။

'အို စုံလို့ပဲ၊ သူ့ အမေက မောင်သက်ဆွေကို တော်တော် ချစ်ပုံ ရတယ်၊ မောင်သက်ဆွေဟာ ပညာ ကြိုးစားကြောင်း၊ ငယ်ငယ် ကတည်းက တခြား ကလေးတွေနှင့် မတူ ထူးခြားကြောင်း၊ လူပျိုပေါက်တုန်းက မိန်းကလေး တစ်ယောက် ရေနစ်လို့ အသက်စွန့် ကယ်ဖူးတဲ့ အကြောင်းက စပြီး စုံလို့ပဲ၊ မောင်သက်ဆွေဟာ လူတော်ကလေးပါကွယ်'

မမသည် ခင်သီသီကို ပြောပြရင်း ဘူတာရုံတွင် အလုပ်သမား မိန်းမ အား ငွေ နှစ်ရာ ပေးခဲ့သည်ကိုပါ အမှတ် ရလာလေသည်။ သို့ရာတွင် သည် အကြောင်းကိုမူ ခင်သီသီအား ဖွင့်မပြောလိုက်ပေ။ မမသည် အမဂ်လာ အဖြစ် အပျက်ကြီးကို စိတ်ထဲတွင် ထင်မြင်ကာ ကတုန်ကယင်ကြီး ဖြစ်လာသဖြင့် အဖြစ်အပျက်နှင့် ပတ်သက်နေသည့် ငွေ နှစ်ရာ ပေးသည့် ကိစ္စကိုလည်း ချန် လှပ်ထားလိုက်ခြင်း ဖြစ်ပေသည်။

'အပေါ်ထပ် မမ အခန်းက အိုက်လိမ့်မယ် ထင်လို့ အခန်း သွားရွှေ့နိုင်း နေတာ၊ မောင်တော့ ပစ္စည်းတွေ နေရာ ချနိုင်းရင်း ကျန်ရစ်လေရဲ့'

ခင်ရီရီက ရှက်စနိုး ပြုံး၍ ပြန်ပြောသည်။

'အို ရီကလည်းကွယ် ကိစ္စ မရှိပါဘူး၊ အိုက်တဲ့ နေရာ လာတာ အိုက် မှာပေါ့၊ မမက ဘယ်နေရာ အိပ်ရ အိပ်ရ အိပ်ပျော်တာပဲ၊ ရီတို့ အစ်ကိုကြီးက တော့ နည်းနည်း ချေးများတယ်၊ နွေ ဆိုရင် ည တော်တော်နှင့် အိပ်မပျော်ဘူး'

မမက ပြန်လည်၍ အလွမ်းသင့်ကြဟန် တူသော ခင်ရီရီကို အကဲခတ်၍ ပြုံးနေသည်။

ခင်ရီရီ၏ မျက်နှာမှာ ကြည်လင် ဝင်းပလာသည်ဟု ထင်ရသည်။ မောင် မောင်လတ် ဆင်းလာသော အခါ မောင်မောင်လတ်မှာလည်း ရွှင်ပျနေသည်။ တစ်ယောက်နှင့် တစ်ယောက်ပင် နောက်ပြောင် ကျီစယ်နေကြသည်ကို တွေ့ ရသော အခါ ပြန်၍ အလွမ်း သင့်သွားကြပြီဟု တထစ်ချ ယူဆထားလိုက် သည်။

နောက် စားပွဲပေါ်က ဓာတ်ပုံ စာအုပ်များကို ကြည့်ရင်း အသိ မိတ်ဆွေ များ အကြောင်းကို ပြောနေကြခိုက် အိမ်ရှေ့မှ ကား တစ်စီး ဆိုက်သံ ကြားရ ပြန်သဖြင့် အားလုံး တံခါးဝသို့ ကြည့်လိုက်ကြသည်။

အစေခံမကလေးက တံခါး ဖွင့်ပေးလိုက်သော အခါ ကား မီးရောင် အောက်တွင် ပြုံးရယ်နေသော ကိုသက်ဆွေ။

မမသည် ကိုသက်ဆွေကို မြင်လိုက်တော့ ရွှင်လန်း အားရှိသွားသလို ခံစားမိသည်။ တစ်ပြိုင်တည်းမှာပင် ကိုသက်ဆွေ၏ ရက်ရော ဖော်ရွေမှု၊ ငွေ နှစ်ရာ ပေးခဲ့သည့် ကိစ္စ၊ နောက် အလုပ်သမား ရထား ကြိတ်မိသည့် အဖြစ်အပျက်ကို သွား၍ အမှတ်ရလိုက်သည်။ အမင်္ဂလာ အဖြစ်အပျက်ကြီးကို တွေးလိုက်မိသည်နှင့် မမ ရင်ထဲတွင် ကတုန်ကယင်ကြီး ဖြစ်လာပြန်လေသည်။

ကိုသက်ဆွေသည် အားလုံးကို ပြုံး၍ နှုတ်ဆက်ကာ မောင်မောင်လတ်နှင့် စကား ပြောနေသည်။ ခဏ ကြာတော့ မောင်မောင်လတ်နှင့် စကား ပြောပြီးသဖြင့် ပြန်ရန် အားလုံးကို နှုတ်ဆက်လိုက်သည်။

'ဟင် ပြန်တော့မလား ကိုသက်ဆွေ'

'ပြန်ဦးမယ် ရီရီ၊ ကိစ္စကလေးတွေ ရှိနေလို့၊ ကဲ အားလုံး သွားမယ်နော်'

ကိုသက်ဆွေက မမနှင့် ခင်သီသီကို တစ်လှည့်စီ ကြည့်ပြီး နှုတ်ဆက်ထွက်ခွာသွားလေသည်။

'မနက်ဖြန် ပညာရေး ဝန်ကြီး ရောက်မယ်လေ၊ အဲဒါ သူတို့ တက္ကသိုလ်ကလည်း ဒင်နာ ပေးချင်လို့ ပရိုဂရမ်ထဲ ထည့်ပေးစမ်းပါလို့ လာပြောတာ၊ ကိုသက်ဆွေက ခင်သီသီ ရှိတော့ နည်းနည်းလည်း ရှက်ဟန် တူပါရဲ့၊ ဟဲ ဟဲ'

မောင်မောင်လတ်က သူ့ ခယ်မချောကို နောက်နေသည်။

ခင်သီသီမှာ မျက်နှာကလေး နီရဲ သွားရာက 'အို ကိုလေးကလည်း' ဟု ဆိုကာ ရှက်ပြုံး ပြုံးရင်း ခေါင်းငုံ့နေလေသည်။

မမ၏ ချစ်စရာ ကောင်းသော မျက်လုံးများကမူ ပြုံးနေသည်ဟု ထင်ရပေ၏။



# ၁၄

ခြံကြီး တစ်ခြံလုံး မီးပွင့် ရောင်စုံတို့ဖြင့် ဝင်းထိန်လျက် ရှိသည်။ ခြံစည်းရိုးပုဏ္ဏရိက် ချုံများပေါ်တွင် လည်းကောင်း၊ သစ်ပင်များပေါ်တွင် လည်းကောင်း မီးပွင့် ပဒေသာတို့ကို ထွန်းညှိထားသဖြင့် နီလာရောင် ရွှေရောင် မြရောင် ပတ္တမြားရောင်တို့ ပြိုးပြက်သော အသီးများ အခိုင်လိုက် သီးနေသကဲ့သို့ ထင်ရသည်။ အထက်တွင် ကြိုးများဖြင့် ဆိုင်းကာ ငရဲမီး သွင်းထားသော ပူဖောင်း ရောင်စုံများကို ချိတ်ဆွဲထားသည်။ လေ တိုးသည့် အခါတွင် ပူဖောင်း ရောင်စုံများသည် တအိအိ ယိမ်းနွဲ့ လွင့်ပါနေကြ၏။

ခြံဝင်းထဲရှိ မြက်ခင်းပေါ်တွင် စားပွဲဝိုင်းများကို ကုလားထိုင် ငါးလုံးခန့် ခြံရံပြီး ချထားသည်။ စားပွဲဝိုင်းတွေ ဆုံးတော့မှ ထိပ်ဖျားတွင် အငြိမ့် စင်ကြီးကို ဟိန်းနေအောင် ထိုးထားလေသည်။ အငြိမ့် စင်တွင် အစိမ်းရောင် ကတ္တီပါ ကန့်လန့်ကာကြီးမှာ တဖိတ်ဖိတ် လက်နေ၏။

မြက်ခင်းဘေး အိမ်၏ လက်ယာဘက် ဆင်ဝင် အောက်က ဝရန်တာတွင်မူ ကာလပေါ် တီးဝိုင်း တစ်ခုကို နေရာ ပေးထားသည်။ သည်တီးဝိုင်းမှာ အငြိမ့်ပွဲ မစမီ ဧည့်သည်များအား ဧည့်ခံ ကျွေးမွေးစဉ် ဖျော်ဖြေရန် ဖြစ်သည်။ အကျွေး အမွေး ပြီးလျှင် မန္တလေး မြို့ပေါ်မှ နာမည် အကျော်ဆုံး အငြိမ့်နှင့် ဧည့်ခံရန် ဖြစ်လေသည်။

ကာလပေါ် တီးဝိုင်းမှ 'အထီးကျန် ဖြစ်သော ရက်ပေါင်း ခုနစ်ရက်' အမည်ရှိ အင်္ဂလိပ် သီချင်း တစ်ပုဒ်ကို လေမှုတ် ကိရိယာများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် တီးနေသည်။ ဘောင်းဘီ အနက်၊ ကုတ် အင်္ကျီ အဖြူ၊ ဘိုးတိုင် အနက် စည်းထားသော တူရိယာ သမားများကို မီးရောင်ထဲတွင် ကြည့်ရသည်မှာ ကြည့်၍ ကောင်းနေပေသည်။

အိမ်ရှေ့တွင် မော်တော်ကားများ အစီအရီ ဆိုက်ထားကြသည်။ မော်တော်ကားများမှာ များပြားလှသဖြင့် ယာဉ်ထိန်းရဲ ဌာနမှ ရဲသားများက လာရောက်

လမ်းရှင်း ပေးနေရသည်။ ခင်သီသီ၏ မွေးနေ့သို့ မန္တလေးမြို့ အထက်တန်း လွှာမှ မိန်းမ ယောကျ်ားများလည်း လာကြသည်။ တက္ကသိုလ်မှ အသိုက်အဝန်း များလည်း လာကြသည်။ စစ်တပ်မှ အရာရှိများ၊ အရာရှိ ကတော်များ၊ ကုန် သည်များ၊ အစိုးရ အရာရှိကြီးများ၊ နိုင်ငံရေး ခေါင်းဆောင်များ၊ သတင်းစာ ဆရာများ စသည်ဖြင့် စုံလင်လှပေသည်။

အိမ်ဝင်းထဲက ဆင်ဝင် အောက် အထိ မော်တော်ကားများ ဝင်လာပြီး နောက် ကြွလာသော မင်းပရိသတ်ကို ချပေးခဲ့သော မော်တော်ကားများမှာ အပြင်သို့ ထွက်၍ ရပ်နေကြသည်။ ယာဉ်ထိန်းရဲများက ကားများကို နံပါတ် ပြားများ ထုတ်ပေးသည်။ ပွဲ အပြီးတွင် ကားများကို နံပါတ်စဉ် အလိုက် အသံ ချဲ့စက်မှ ခေါ်ယူရန် အတွက် ဖြစ်လေသည်။ ဤသည်မှာ ကားများ အဝင် အထွက် လွယ်ကူစေရန် ဖြစ်ပေ၏။

မင်းပရိသတ်များသည် ဆင်ဝင် အောက်တွင် မော်တော်ကားပေါ်က ဆင်း ပြီး ဆင်ဝင်အား မြက်ခင်းပေါ်ရှိ ဧည့်ခံပွဲ ရှိရာသို့ လျှောက်လာကြသည်။

မြက်ခင်း အစပ်တွင် ဦးငွေခင်နှင့် ဒေါ်ညွန့်ညွန့်တို့က လာသမျှ ဧည့် ပရိသတ်ကို ဦးစွာ ဆီးကြို နှုတ်ဆက်သည်။ ဦးငွေခင်မှာ ဗန်ကောက် လုံချည် နှံ့သာရောင်၊ ပိုး အပေါ် အင်္ကျီ၊ ပန်းရောင် ခေါင်းပေါင်းတို့ကို ဝတ်ထားပြီး ဒေါ်ညွန့်ညွန့်မှာ ဘရိုကိတ် လုံချည်၊ နိုင်လွန် အထူ လက်ရှည်ကို ဝတ်ထားပြီး ပဝါကို စုံချထားသည်။ စိန် နားကပ်ကြီးမှာ ဝင်းနေ၏။

ဦးငွေခင်နှင့် ဒေါ်ညွန့်ညွန့်တို့ကို နှုတ်ဆက်ပြီး၍ ဧည့်ခံပွဲ ရှိရာသို့ လာလျှင် ခင်သီသီကို တွေ့ရမည် ဖြစ်၏။ ခင်သီသီမှာ ပန်းပွင့်ဖြူကလေးများ ဖောက်ထားသည့် ပန်းနုရောင် နိုင်လွန် စကတ် လက်ရှည်၊ ပန်းနုရောင် ဘို ကိတ် လုံချည်ကို ဝတ်ထားကာ ပန်းနုသွေး ဇာပဝါကို လွှမ်းခြုံထားသည်။ ဆံ ခေါင်းတွင် နှင်းဆီပွင့်ကြီး တစ်ပွင့်ကို ပန်ထားပြီး အနီရောင် ခုံမြင့် ဖိနပ် ထူထူကို စီး၍ ထားသည်။ စိန် နားကပ်၊ စိန် ဘယက်၊ စိန် လက်ကောက်ကို မွမ်းမံ ဆင်ယင် ထားလေသည်။ နဖူးပေါ်တွင် ဝဲချထားသော ဆံနွယ်များ သည် ကောင်းကင်တွင် လွင့်နေသော တိမ်ပန်း တိမ်နွယ်တို့နှင့် တူနေသည်။

ခင်သီသီ၏ မျက်ခုံး အစုံသည် တံစဉ်ကွေး လလို ညွတ်ကော့ နေကြ သည်။ ခင်သီသီ၏ မျက်လုံးများသည် ကြယ်ပွင့်များလို ဝင်းလက် နေကြ သည်။ ခင်သီသီ၏ နှုတ်ခမ်းသည် ဖူးစာရေး နတ်၏ လေးကိုင်းလို ကွေးညွတ် နေသည်။ ခင်သီသီ၏ မျက်နှာသည် လပြည့်ဝန်းလို ရွှန်းလင်းနေသည်။ ငွေ





ဖြည်ပြောက် ဇာပဝါသည် နဂါးငွေ့တန်းလို လွင့်ပါနေသည်။ ခင်သီသီ၏ အဆင်အပြင်သည် ကောင်းကင်ရှိ အရောတို့နှင်သာ နိုင်းအပ်သော အဆင်အပြင် ပေတည်း။

'ဩော် တပ်မင်းပါ ပါလာသကိုး၊ လာမှ လာနိုင်ပါ့မလားလို့၊ လုရေ တပ်မင်းကို မင်းပဲ ဧည့်ခံလိုက်ပါ'

ခင်သီသီက လက်ထဲက ကရမက် ယပ်တောင်ကို ဖွင့် ဝိတ် ကစားရင်း ခင်လှလှကို ပြောလိုက်သည်။ ခင်လှလှတို့ နံတွဲသည် လူအုပ် ကြားထဲတွင် ပျောက်ကွယ်သွားလေသည်။

'ဟော ကိုသက်ဆွေ၊ လာ လာ ဟိုရှေ့မှာ မမရီတို့ ရှိတယ်၊ သီသီ ပြီးတော့မှ လာခဲ့မယ်၊ ဧည့်သည်တွေ လိုက်နှုတ်ဆက်ဦးမယ်'

ကိုသက်ဆွေမှာ အင်္ဂလိပ် ဝတ်စုံကို ဝတ်ထားသည်။ ဘောင်းဘီနက်၊ ကုတ် အင်္ကျီ အဖြူ၊ ဘိုးတိုင် အနက်ကို စည်းထားသည်။ သွေးမြောက်သော ဆံပင်များသည် နဖူးပေါ်တွင် လှိုင်းတွန့်လို ဝဲနေသည်။

အရပ်အမောင်း ကောင်းကောင်း၊ ရင်အုပ် ကျယ်ကျယ်၊ အသား ဖြူဖြူ နှင့် ကိုသက်ဆွေကို အနောက် နိုင်ငံ အဝတ်အစားနှင့် ကြည့်ရသည်မှာ ကျက်သရေ ရှိလှပေသည်။

'မမရီ၊ မမကို အခေါ် လွှတ်လိုက်တော့လေ၊ အစ်ကိုလေးတော့ ဘယ် နေရာ ရောက်နေမှန်း မသိဘူး'

ခင်သီသီက အနားသို့ ရောက်လာသော ခင်ရီရီကို လှမ်း၍ ပြောလိုက် ၏။ မောင်မောင်လတ်နှင့် ခင်ရီရီမှာ ညီမ၏ မွေးနေ့ ပါတီသို့ ခပ်စောစော ကတည်းက ရောက်နေကြလေ၏။ မမကိုမူကား ဧည့်ခံပွဲ စမြဲရောက်မှ အခေါ် လွှတ်ရန် ဖြစ်လေသည်။ ခင်သီသီသည် အိမ်က ကားကို ဒရိုင်ဘာ ရှာကာ မမအား အခေါ် လွှတ်လိုက်လေသည်။

ခင်သီသီသည် ကိုအောင်မိုးကို အမှတ် ရနေပြန်သည်။ ကိုအောင်မိုးအား သူ့ မွေးနေ့ ဧည့်ခံပွဲသို့ လာရန် ဖိတ်ခေါ်လိုက်ပြီး ဖြစ်သော်လည်း ယခုထက် တိုင် မပေါ်လာသေးပေ။

ခင်သီသီမှာ မြက်ခင်း အစပ်မှ နေ၍ မင်းပရိသတ်များကို နှုတ်ဆက် နေရသဖြင့် ခြေထောက်တွေ တောင့်လာသည်။ အကြော အခြင်တွေ ဆိုင်းလာ လေသည်။

'ဟော မမရယ်၊ မျှော်လိုက်ရတာ'

ခင်သီသီက မမကို လှမ်း၍ နှုတ်ဆက်လိုက်သည်။ မမသည် ခြေလှမ်း စိပ်စိပ်ကလေး လှမ်းကာ ခပ်သွက်သွက် လျှောက်လာသည်။

မမ လမ်းလျှောက်ပုံမှာ လေ အပင့်တွင် ရွက်ကုန် ဖွင့်လာသော ရွက်လှေ တစ်စင်းလို ကြည့်ကောင်းနေပေသည်။

'ကား လွှတ်ဖို့ တယ်လီဖုန်း ဆက်မလို့ လုပ်တုန်း ကား ရောက်လာတာ သီသီရဲ့၊ အတော်ပဲ'

မမက ပြုံး၍ ပြောလိုက်သည်။ ခင်သီသီသည် မမ တစ်ကိုယ်လုံးကို သိမ်းကျုံး၍ အကဲခတ်နေသည်။

မမသည် ရွှေပွင့်တွေ ခတ်ထားသော အနက်ရောင် ဇာနိုင်လွန် လက်စကကို ဝတ်ထားပြီး အနက်ပိန်းပေါ်တွင် ရွှေပွင့် စိပ်စိပ်ကလေးတွေ ပေါက်ကြဲထားသည့် ဘရိကိတ် လုံချည်ကို ဝတ်ထားသည်။ ရွှေပွင့်တွေ ရက်ဖောက်ထားသော ဇာပဝါ ခြုံထားသည်။ ရွှေကြိုး ခပ်သေးသေး တပ်ထားသော ခုံမြင့်ဖိနပ် အနက်ကို စီးထားသည်။ နားတွင် အစိမ်း မှိုင်းမှိုင်း ကျောက်စိမ်း နားတောင်းကို ပန်ထားပြီး လက်တွင်မူ သာမန် ဝတ်ရိုးဝတ်စဉ်မျှသာ ဖြစ်သည့် နာရီ မြုပ်ထားသော ပလက်တီနမ် လက်ကောက်နှင့် ရွှေကြိုးပျော့ကို တစ်ဖက်စီ ပတ်ထားသည်။ ပုလဲသွယ် တစ်သွယ်မှာ အိစက် မောက်မို့သော ရင်ညွန့်ပေါ်တွင် ဝဲကျနေသည်။

မမ၏ တစ်ကိုယ်လုံးမှာ ရွှေပွင့်တို့ ခတ်ထားသော အနက်ရောင်ကို လွှမ်းခြုံထားပေသည်။ မဟူရာရောင် အင်္ကျီနှင့် ထဘီသည် မမ၏ ပေါ်လွင်သော အလှကို ထိန်းထားသလို ဖြစ်နေသည်။ မမ၏ ဝင်းဥနေသော အသားကို အနား ကွပ်ထားသလို ဖြစ်နေသည်။ ပေါ်လွင် ရဲတင်းသော အလှကို ရင့်ကျက်၍ ဣန္ဒြေ ရအောင် ထိန်းချုပ်ပေးသော အဆင်အယင်ပေတည်း။

မမသည် ခင်ရီရီ ခေါ်ရာ အငြိမ့်စင် ရှေ့ဆုံးတန်းသို့ ဣန္ဒြေရစွာ လိုက်လာခဲ့သည်။ ဘေးပတ်ဝန်းကျင်ကိုလည်း မကြည့်မိဘဲ ရှက်စနိုးဟန်ဖြင့် ဝန်းမို့သော မျက်လွှာကို ချထားသည်။ ဘေးပတ်ဝန်းကျင် စားပွဲများမှ မမကို လှမ်းကြည့်နေကြသည်ကို သတိ ထားလိုက်မိ၏။

အငြိမ့်စင် ရှေ့မှာ မတ်တတ် ကုလားထိုင်များ မဟုတ်ဘဲ ဆိုဖာများ ချထားလေသည်။ ရှေ့ဆုံးတန်းမှာ အထူး ဧည့်သည်တော်များ အတွက် ဖြစ်ပေ၏။ တိုင်း မင်းကြီး၏ ဇနီး၊ တပ်မင်းနှင့် ဇနီး စသည့် ထိပ်သီး အရာရှိများ အတွက် ဖြစ်လေသည်။





မမသည် ခင်ရီရီ ပြသော တစ်ယောက်ထိုင် ဆိုဖာပေါ်တွင် ဣန္ဒြေရစွာ ဝင်ထိုင်လိုက်သည်နှင့် နိုင်လွန် ဇာပဝါကို တင်းကျပ်စွာ ခြုံထားရာမှ ခပ်ပြေပြေ ဖြစ်သွားအောင် လျှော့ချလိုက်ပြီး ကိုယ်ကိုလည်း သက်သောင့်သက်သာ ရှိစေရန် ခပ်လျှော့လျှော့ မှီ၍ ထိုင်လိုက်လေသည်။ သူ့ ရှေ့က စားပွဲဝိုင်းပေါ်တွင် စားစရာများကို ချထားလေသည်။

'မမ မပြန်သေးဘဲကိုး၊ ပြန်သွားပြီလို့ ထင်နေတာ'

အသံ ကြားမှ မမသည် မျက်လွှာကို ချထားရာမှ သူ့ ဘေးက ဆိုဖာတွင် ထိုင်နေသူကို လှည့်ကြည့်လိုက်သော အခါ ကိုသက်ဆွေ ဖြစ်နေသည်ကို တွေ့ရပေသည်။

မမက ပြုံးသည် ဆိုရုံမျှဖြင့် ပုံ့ပုံ့ကလေး ပြုံးလိုက်ပြီး

'ဪ ကိုသက်ဆွေပါလား၊ မမ သုံး လေးရက် နေပြီး ပြန်မလို့ပါပဲ၊ သီသီက ဇွတ်အတင်း တားထားလို့ မပြန်ဖြစ်သေးပါဘူး၊ ကြီးကြီးကော မပါလာဘူးလား'

'မေမေ မေမြို့ တက်သွားပါတယ်၊ မေမြို့မှာ ခဏ နေပြီး ရန်ကုန်ကို လေယာဉ်ပျံနှင့် ပြန်ပါလိမ့်မယ်၊ ကျွန်တော်တောင် မေမေနှင့် လိုက်သွားမလို့ပါပဲ၊ ဒါပေမဲ့ သီသီက သူ့ မွေးနေ့မှာ နေရမယ် ဆိုလို့ နေခဲ့ပါတယ်'

ကိုသက်ဆွေ စကား ပြောပုံမှာ နူးညံ့လှပေသည်။ သူ့ အသံသည် ချိုသာ ပျော့ပျောင်းနေသည်။

မမသည် ရပ်နှင့် အသံ လိုက်လျောလှသော ကိုသက်ဆွေကို ကြည့်နေမိ၏။

ခဏ ကြာလျှင် ခင်သီသီ၏ မွေးနေ့ အတွက် ဆုတောင်းကြပြီး အငြိမ့် ကလေသည်။

မမမှာ လူသွား လမ်းဘေး ဆိုဖာပေါ်တွင် ရှိပြီး ကိုသက်ဆွေက သူ့ ဘေးက ဆိုဖာပေါ်တွင် ဖြစ်၏။ ကိုသက်ဆွေ၏ ဘေးတွင် တပ်မင်းနှင့် တပ်မင်း ကတော်တို့ ထိုင်နေကြသည်။ တပ်မင်း ကတော် ခင်လှလှ ဘေးတွင် ဦးငွေခင်၊ ဒေါ်ညွန့်ညွန့်တို့ ထိုင်သည်။ ဒေါ်ညွန့်ညွန့် ဘေးတွင် ခင်ရီရီ၊ နောက် မင်းကြီး ကတော်၊ တိုင်းမင်းကြီး၊ သူ့ ဘေးမှ မောင်မောင်လတ် စသည်ဖြင့် အစဉ် အတိုင်း ထိုင်နေကြ၏။

'မင်းပေါင်းစုံတဲ့ ပွဲမို့လို့ ပျော်တဲ့ ပြက်တဲ့ နေရာမှာ ညစ်ညမ်းသော ပြက်လုံးများကို ရှောင်ရလိမ့်မယ် ကိုရွှေမောင်းရေ'

'ဟုတ်ပေ့ ကိုရွှေလောင်း'

လူပြက် နှစ်ယောက်၏ အချီအချ အသံ။

'ပျော်စေ ပြက်စေ ကလက်စေလို့ ဆိုရိုး ရှိသော်လည်း ပျော်ကြ ပြက်ကြ ကလက်ကြတဲ့ အထဲမှာ ညစ်ညမ်းသော စကား အသုံးအနှုန်းများ မပါအောင် အနုသုခုမ ပညာ မြောက်အောင် ထိန်းသိမ်းရပေမဗျ'

'ဟုတ်ပါ့ဗျာ'

လူပြက် နှစ်ယောက်၏ အသံနှင့် အတူ ဆိုင်းမှ ပတ်တုတ်သံ။

'အသွင်မဒီလို နားဝင်ပီပြ ရှင်ကြည်လှတဲ့ ခင်သီသီ အလှ ဆိုတဲ့ သမီးကညာ တစ်ပါးရဲ့ မွေးနေ့ ပါတီ မင်္ဂလာ နာရီ အချိန်မှာ အငြိမ်းစား အရေးပိုင်မင်း ဦးငွေခင်နှင့် မင်းကတော် ဒေါ်ညွှန့်ညွှန့်တို့က ဟယ် ငရွှေမောင်းတို့မင်းတို့လည်းပဲ တစ်ဖက် တစ်လမ်းက လာ ကူလှည့်ကြ၊ ကြွရောက်လာတဲ့ မင်းပရိသတ်ကို ပျော်တော်ဆက်လှည့်ကြလို့ စေခိုင်းလာတဲ့ အခါကျတော့ ကျုပ်တို့ကလည်း တတ်တဲ့ပညာ မနေသာ ဆိုသလို ပျော်တော်ဆက်ရပေလိမ့်မဗျ'

'ဟုတ်ပေ့ ကိုရွှေလောင်းရေ'

လူရွှင်တော်များက ပဏာမ လေပြည် ခင်းပြီးနောက် မင်းသမီးကို ခေါ်၍ လူရွှင်တော်တွေက နောက်တစ်ချီ မင်းသမီး ယိုးဒယားဖြင့် ထွက်လာသည်။ လူရွှင်တော်တွေက နောက်တစ်ချီ ကကာ လူပြက်များနှင့် ပြက်လုံး ကြားညှပ်ထိုးပြီး မင်းသမီး နောက်တစ်ချီ ကကာ လူပြက်များနှင့် စကား ပြောနေလေသည်။

ခင်သီသီသည် အငြိမ့်ကို ထိုင်၍ ကြည့်နေရသော်လည်း သူ့စိတ်မှာ အငြိမ့်ခုံသို့ မရောက်ဘဲ တပ်မင်းနှင့် တပ်မင်း ကတော် လင်မယား ခြားနေသော ကိုသက်ဆွေနှင့် မမတို့ဆီသို့သာ ရောက်နေသည်။

ကိုသက်ဆွေက ကိုယ်ကို မမဘက်ရှိ လက်တင်ဘက်သို့ စောင်းငဲ့ထားပြီး မမက ကိုသက်ဆွေဘက်ရှိ လက်တင်ဘက်သို့ ကိုယ်ကို မှီထားပေးရာ သူတို့ မျက်နှာ နှစ်ခုသည် နီးကပ်နေသည်။

ကိုသက်ဆွေနှင့် မမသည် ပြက်လုံးများကို သဘောကျကာ ရယ်နေကြသည်။

နောက် တစ်ချီ မင်းသမီး အကတွင် ကိုသက်ဆွေက သူ့ အိတ်ထဲမှ ငွေစီးကရက်ဘူးကို ထုတ်ကာ မမဘက်သို့ ကမ်းပေးလိုက်သည်။ မမက ကိုသက်ဆွေ လှမ်းပေးသော ဘူးထဲက ဆေးလိပ် တစ်လိပ်ကို ဆွဲထုတ်လိုက်ပြီး နှုတ်ခမ်းတွင် တပ်ထားလိုက်သည်။ ကိုသက်ဆွေက အိတ်ထဲမှ ဓာတ်မီးခြစ်ကို





ထုတ်ကာ မမ ပါးစပ်တွင် တပ်ထားသော စီးကရက်ကို မီးညှိပေးပြီးမှ သူ့ စီးကရက်ကို မီးညှိနေသည်။

ကိုသက်ဆွေနှင့် မမသည် မီးခြစ်ကို ကြည့်ပြီး တစ်စုံတစ်ရာ ပြောကာ ရယ်နေကြသည်။

မီးခြစ်မှာ ဂျပန်လုပ် မီးခြစ် ဖြစ်သည်။ မီးခြစ်ပေါ်တွင် မိန်းကလေး တစ်ယောက်က ခုံတန်းလျားပေါ်၌ ထိုင်နေပြီး ယောကျ်ား တစ်ယောက်က ခပ်လှမ်းလှမ်းတွင် ထိုင်နေသည်။

မီးခြစ်အား ကိုင်တွယ်ပုံကို လိုက်၍ ယောကျ်ားရုပ်နှင့် မိန်းမရုပ်သည် နီးစပ်သွားကာ ဖက်ယမ်း နမ်းရှုပ်ဟန် ပေါ်လာသည်။ တစ်မျိုး ပြင်၍ ကိုင်လိုက်လျှင် မိန်းကလေးက စိတ်ဆိုးဟန် တစ်ဖက်သို့ လှည့်နေပုံ ပေါ်လာသည်။ နောက်တစ်မျိုး ပြင်ကိုင်လိုက်လျှင် ယောကျ်ားက မိန်းကလေးကို ချော့မော့နေဟန် ပေါ်လာသည်။

ခင်သီသီသည် သည်မီးခြစ်ကို မြင်ဖူးလေသည်။ သာမန်အားဖြင့် ကြည့်လျှင် မိန်းကလေး တစ်ယောက်နှင့် ယောကျ်ားလေး တစ်ယောက် ခုံတန်းလျား တစ်ခုပေါ်တွင် ခပ်လှမ်းလှမ်း ထိုင်နေကြပုံမျှသာ ဖြစ်၏။ သို့ရာတွင် မီးခြစ်အား ကိုင်တွယ်ပုံကို လိုက်၍ ပွေ့ဖက် နမ်းရှုပ်ဟန်၊ စိတ်ကောက်ဟန်၊ ချော့မြှူဟန်တို့ကို ရေးချယ် ပြထားပေသည်။

ခင်သီသီသည် စီးကရက် မီးညှိပေးသည်ကို လည်းကောင်း၊ မီးခြစ်ကို ကြည့်၍ နှစ်ယောက်သား ရယ်နေကြပုံကို လည်းကောင်း သတိ ထားလိုက်မိရာက မျက်နှာ ပျက်သွားလေသည်။

'လူပြက်တွေက တော်တော် ရယ်ရသား သီရဲ့'

ခင်လှလှက သူ့ဘက် လှည့်ပြောလိုက်တော့မှ ခင်သီသီမှာ ဣန္ဒြေ ဆည်ကာ ပြုံး၍ ခေါင်းညိတ်ပြီး အငြိမ့်စင်ဘက်သို့ မျက်လုံးများကို လွှတ်လိုက်ရသည်။ သို့တိုင်အောင် သူ့ စိတ်မှာ ကိုသက်ဆွေနှင့် မမဆီသို့သာ ရောက်နေလေသည်။

လူပြက်တွေ ပြက်လုံး ထိုးပြီး အငြိမ့် မင်းသမီး နောက်တစ်ချီ ကသည့် အခါတွင်မူ ခင်သီသီ၏ မျက်လုံးများသည် ကိုသက်ဆွေနှင့် မမဘက်သို့ ဝဲ၍ သွားပြန်သည်။

မမ၏ နိုင်လွန် ဇာပဝါမှာ ပခုံးမှ လျှောလာပြီး တင်ပါးနားတွင် ပုံလျက် ကျနေသည်။ အစွန်း နှစ်ဖက်မှာ ကုလားထိုင်ပေါ်မှ လျှောကျကာ မြေကြီးနှင့်

ထိုင်၍ နေသည်။ ကိုသက်ဆွေသည် မြေကြီးတွင် ပုံကျနေသော ပဝါစကို ကောက်ယူလိုက်ပြီး မမအား ခြုံပေးနေသည်။ မမကလည်း ရင်ကို ခပ်ကြော့ကြော့ကလေး ကော့ပေးလိုက်ပြီး အလိုက်သင့်ပင် နေလိုက်သည်။

ခင်သီသို့ စိတ်ထဲတွင် ဒေါသတွေ ပွက်ပွက် ဆူလာသည်ဟု ထင်လိုက်ရ၏။ အော်၍ ငိုပစ်လိုက်ချင်သလို ရင်ထဲတွင် လှိုက်ဖို၍ လာ၏။ လက်ဖျားခြေဖျားများမှာ အေးစက်နေလေသည်။ မျက်နှာမှာ မီး အဟပ် ခံလိုက်ရသလို ပူရှလာသည်။

ခင်သီသီသည် ဆိုဖာ နောက်မှီကို အားရပါးရ ပစ်မှီကာ ကရမက် ယပ်တောင်ဖြင့် ယပ်ခပ်နေသည်။ သို့ရာတွင် လှုန့်၊ စီးကရက်နံ့တွေကြောင့် ခေါင်းထဲက မူးနောက်နောက် ဖြစ်လာလေသည်။

ခင်သီသီသည် မျက်လုံးများကို မှိတ်ထားလိုက်သည်။ သို့ရာတွင် ကိုသက်ဆွေနှင့် မမကို ကြည့်ချင်သဖြင့် မျက်လုံးများကို ဖွင့်၍ လှမ်းကြည့်လိုက်သည်။

ကိုသက်ဆွေနှင့် မမကား ပတ်ဝန်းကျင် တစ်ခုလုံးတွင် သူတို့ နှစ်ယောက်တည်းသာ ရှိတော့သလို ရယ်ကာမောကာဖြင့် စကားလက်ဆုံ ကျနေကြသည်။ ကိုသက်ဆွေ၏ ခံ့ညား တည်ကြည်သော မျက်နှာသည် ချိုပြုံး ရွှင်ပျနေသည်ဟု ထင်ရ၏။ မမက ပြုံးလိုက်လျှင် မမ၏ အပြုံးသည် ကိုသက်ဆွေထံသို့ ကူးစက်သွားပြီးနောက် အပြုံးချင်း ရောယှက်နေကြ၏။

ခင်သီသီသည် မကြည့်ဘူးဟု စိတ်က တင်းသော်လည်း မမနှင့် ကိုသက်ဆွေဘက်သို့သာ ကြည့်နေမိသည်။ ဓာနိုင်လွန် အနက် အောက်မှ အိစက် သွယ်ပျောင်းသော လက်မောင်းများကလည်း စွဲမက်စရာ၊ ပုလဲသွယ် ရစ်ထားသည့် လည်တံ ကြော့ကြော့ကလည်း စွဲမက်စရာ၊ နဖူးတွင် လွင့်နေသော ဆံနွယ်များကလည်း စွဲမက်စရာ၊ သေးသွယ် နီထွေးသော လက် ခြေ လှုပ်ရှားပုံကလည်း စွဲမက်စရာ၊ နိုင်လွန် အင်္ကျီထဲက တွဲ့တွဲ့ ပျောင်းအိသော ရွှေရင်စိမ်းမြဲခဲကလည်း စွဲမက်စရာ၊ ဘရိုကိတ် ထဘီ အောက်မှ လုံးချော ကားစွင့်သော တင်ပါးကလည်း စွဲမက်စရာ။ ကိုသက်ဆွေ စွဲမက်မည် ဆိုလျှင်လည်း စွဲမက်ပမပေါ့။ မမက ချောပေသကိုး။

ခင်သီသီက မူးရိပ်ရိပ် ဖြစ်လာ၍ အသက်ရှူ မဝသလို ဖြစ်လာပြီး ခေါင်းကို ဆိုဖာ နောက်မှီသို့ လှန်ချလိုက်ပြီး မျက်လုံးများကို မှိတ်ထားလိုက်သည်။ ပတ်တုတ်သံကြီးမှာ ရင်ဝကို အလုံးကြီး တက်ဆောင့်လိုက်သလို ဖြစ်သွားသည်။ လူပြက်တွေ ပြက်လုံး ထိုးလိုက်သဖြင့် ဝေါခနဲ ရယ်သံကြီးမှာ တဘက်





ကြီး တစ်ကောင် နားနားသို့ ကပ်၍ အော်လိုက်သလို ထင်မိသည်။ အငြိမ့်မင်းသမီး၏ မြူးကြွသော သီချင်းသံမှာ မျောက်မင်း အူသံကို ကြားရသလို အမင်္ဂလာ ဖြစ်နေသည်။

'ဘာဖြစ်လို့လဲ သမီးလေး'

ဒေါ်ညွန့်ညွန့်က ခင်သီသီဘက်သို့ လှည့်ကြည့်ပြီး မေးလိုက်သည်။

'ခေါင်းထဲမှာ မူးနောက်နောက်ကြီး ဖြစ်နေတယ် မေမေ'

'ပင်ပန်းလွန်းလို့ ထင်တယ်၊ သမီး သိပ် မူးနေရင် တိုက်ထဲ သွားပြီး လှဲချည်လေ၊ မေမေ လိုက်ပို့မယ်'

'နေပါစေ မေမေ၊ သမီး ဘာသာ သွားမယ်'

ခင်သီသီသည် ခင်လှလှကိုသာ နှုတ်ဆက်၍ မသိမသာ ထလာခဲ့သည်။ ကိုသက်ဆွေနှင့် မမမှာ စကား ကောင်းနေကြ၍ သူ ထသွားသည်ကို မမြင်လိုက်ပေ။

'မမ မနက်ဖြန် ပြန်မယ်နော်'

'ဟုတ်တယ် မောင်သက်ဆွေ၊ ပြန်ဖြစ်လိမ့်မယ်၊ ကိုကိုနှင့် သားချည်းထားပစ်ခဲ့ရတာ'

'မမရယ်၊ လာမှတော့ အေးအေးဆေးဆေး နေရောပေါ့၊ မေမြို့တို့ စစ်ကိုင်းတောင်တို့ လိုက်မပို့ရပါလား'

'ဒီလို ပြောဖော်ရတာကိုပဲ ကျေးဇူးတင်လှပါပြီ မောင်သက်ဆွေ'

မမက ညို့အား ကောင်းသော မျက်လုံးများဖြင့် မောင်သက်ဆွေကို ကြည့်၍ ပြောလိုက်သည်။ မောင်သက်ဆွေကလည်း မမ၏ မျက်လုံးများကို တည့်တည့်ကြီး ပြုံး၍ ကြည့်နေသည်။ သူတို့ မျက်လုံး နှစ်စုံသည် ညို့အား ပြိုင်နေကြသလို ထင်ရပေ၏။

'ပါးစပ်ကတင် ပြောတာ မဟုတ်ပါဘူး မမရဲ့၊ မမ သွားချင်တဲ့ နေရာဆိုရင် စိတ်ထဲကလည်း လိုက်ပို့ဖို့ အဆင်သင့် ရှိပါတယ်၊ အဖော် ကောင်းရင်ငရဲ လိုက်မယ့်သူပါ မမရဲ့'

'အံမယ်လေး၊ မမကလည်း ငရဲကို မခေါ်ပါဘူးကွယ်၊ စကား တတ်လှချည်လား'

မမက အဝေးသို့ တစ်ချက်မျှ လှမ်းမျှော်ကြည့်၍ ပြောလိုက်သည်။

'ကျွန်တော် စကား ပြောတတ်လို့ မဟုတ်ပါဘူး မမရဲ့၊ မမရဲ့ အလှက စေ့ဆော်နေတဲ့ အတွက် ခုလို စကား ပြောတတ်လာတာပါ'

သည့်တစ်ခါတော့ မမသည် ဘာမျှ မပြောတော့ဘဲ အပေါ်တွင် လွင့်နေသော ပူဖောင်းများကို ငေးကြည့်နေမိလေသည်။ ကိုသက်ဆွေက ခုလို ပြောလိုက်သဖြင့် မျက်နှာကလေး နီရဲကာ ရှက်သွေးတွေ ဖြာလာသော်လည်း စိတ်ထဲမှာ ကျေနပ်သလို ဖြစ်နေမိသည်။ ဇာတ်စင်ပေါ်မှ အငြိမ့် မင်းသမီးမှာ တေးသီချင်း တစ်ပုဒ်ကို ဆို၍ ကနေသည်။

'ကျွန်တော် ပြောတာ မဟုတ်ဘူးလား မမ'

'ဟင်'

မမမှာ အိပ်ရာမှ လန့်နိုးသူလို ကိုသက်ဆွေကို လှည့်ကြည့်လိုက်သည်။ ကိုသက်ဆွေ၏ အပြုံးမှာ မမ၏ မျက်လုံးများကို ထိုးဖောက် သွားသလို ထင်ရ၏။

'ဩော် ကျွန်တော် ပြောတာ မဟုတ်ဘူးလားလို့ မေးတာပါ၊ ဘာတွေများ တွေးနေတာလဲ'

မမက နှုတ်ခမ်းများ ဇွေလျက်က ပြုံးလိုက်ရင်း

'ဩော် ဘာမှ မတွေးပါဘူး၊ ပူဖောင်းကလေးတွေ လှလို့ ကြည့်နေတာပါ'

'ဟုတ်တယ်နော်၊ ပူဖောင်းကလေးတွေက အလှသား'

ကိုသက်ဆွေက လေတွင် လွင့်နေသော ပူဖောင်းများကို တစ်ချက်မျှ မော်၍ ကြည့်လိုက်ရင်း မမကို ပြုံး၍ ကြည့်လိုက်လေသည်။

'လှတော့ လှပါရဲ့ မောင်သက်ဆွေရယ်၊ ဒါပေမဲ့'

'ဒါပေမဲ့ ဘာဖြစ်သလဲ မမရဲ့'

'အထဲမှာ ငရဲမီး ရှိတယ် မောင်သက်ဆွေ'

'ရှိပါစေ မမရယ်၊ ဒီလို လှတဲ့ ပူဖောင်းကလေးတွေထဲက ထွက်လာတဲ့ ငရဲမီးကြောင့်တော့ အဆိပ် သင့်ချင်လည်း သင့်ပါစေ၊ အဖော် ကောင်းရင် ငရဲတောင် လိုက်မယ့် လူဟာ ဒီလောက် ငရဲမီးကိုတော့ မမှုပါဘူး'

'ဟော မောင်သက်ဆွေ၊ ဟိုမှာ ခင်သီသီ အိမ်ထဲ ဝင်သွားပြီ၊ ဘာများ ဖြစ်လို့ပါလိမ့်'

မမက လူတွေကို ကွေ့ရှောင်ကာ တိုက် ဆင်ဝင် အောက်သို့ ဝင်သွားသော ခင်သီသီကို လှမ်းမြင်လိုက်သဖြင့် ကိုသက်ဆွေကို ပြောလိုက်သည်။

ကိုသက်ဆွေသည် မမ မျက်လုံးများ သွားရာဆီသို့ လိုက်ကြည့်ရာက

'ပင်ပန်းလို့ ထင်ပါရဲ့ မမရယ်၊ သီသီက ကျန်းမာရေး သိပ် မကောင်းဘူး'





နှစ်ယောက်သား စကား ပြတ်သွားကာ အငြိမ့်စင်ဘက်သို့ လှည့်ကြည့်နေမိကြသည်။ မမသည် အငြိမ့် ကြည့်ရသည်ကိုလည်း စိတ်မဝင်စားတော့ဘဲ ခေါင်း နောက်လာသည်။ ရင်ထဲမှာ တလှပ်လှပ် ခုန်လာလေသည်။

'မောင်သက်ဆွေ၊ ရီရီကို ခေါ်ပေးပါကွယ်၊ မမ ပြန်ချင်ပြီလို့'

မမက ကိုသက်ဆွေကို လှမ်းပြောလိုက်သည်။ ကိုသက်ဆွေက မမကို တအံ့တသြ ငေးကြည့်ကာ

'ဟင် ပြန်တော့မလား မမ'

'ပြန်မှပဲ မောင်သက်ဆွေ၊ မနက်ကျရင်လည်း ခရီး သွားရဦးမှာ'

မောင်သက်ဆွေက ဘာမျှ မပြောတော့ဘဲ ခင်ရီရီကို သွား၍ ပြောသဖြင့် ခင်ရီရီက ထလာကာ ကား ဒရိုင်ဘာကို ရှာ၍ အပို့ခိုင်းလိုက်သည်။ မမသည် မောက်သက်ဆွေကိုသာ နှုတ်ဆက်၍ ထလာခဲ့လေသည်။

## ၁၅

ကိုအောင်မိုးသည် မေ-မန်း တက္ကစီ ကားပေါ်မှ ဆင်းလိုက်ပြီး ကတ္တရာစေး လမ်းပေါ်မှ အောက်သို့ ဆင်းလိုက်သည်။ ပခုံးတွင် မန္တလေးမှ ဝယ်လာသော ပန်း မျိုးစေ့များ၊ ဟင်းသီးဟင်းရွက် မျိုးစေ့များကို လွယ်အိတ်ဖြင့် လွယ်ထား လေသည်။ ကိုအောင်မိုးသည် မြက်ပင်များဖြင့် ဖုံးအုပ်လုမတတ် ဖြစ်နေသော လူသွားလမ်းကလေး အတိုင်း တောစပ်သို့ ဆင်းလာခဲ့သည်။ လမ်းဘေး တော စပ်တွင် သစ်အိုပင်ကြီး တစ်ပင် ရှိသည်။ သစ်အိုပင် ပင်စည်တွင် 'သစ် တစ် ပင် ယာတောသို့' ဟူသော သင်္ဘောဆေး ဖြူဖြူဖြင့် ရေးထားသည့် သစ်သား ဆိုင်းဘုတ်ကလေးကို ချိတ်ဆွဲထားသည်။

ကိုအောင်မိုးသည် သူ့ကို အကြို လာမည့် သူကို လှမ်းမျှော်၍ ကြည့် သော်လည်း မမြင်သဖြင့် စတော်ဘယ်ရီခြံ နှစ်ခြံ ကြားမှ မြေနီ လှည်းလမ်း ကလေး အတိုင်း လျှောက်လာခဲ့သည်။ ဘေး တစ်ဖက် တစ်ချက်တွင် စတော် ဘယ်ရီသီးများသည် ပြွတ်သိပ်၍ နေအောင် သီးနေကြသည်။ စတော်ဘယ်ရီ သီးမှည့်နံ့များမှာ လေထဲတွင် မျောပါလာကာ မွှေးကြိုင်လှပေ၏။

စတော်ဘယ်ရီခင်း နောက်ဘက်တွင်ကား ပန်းခြံများ ရှိပေသည်။ မေမြို့ ပန်းပင်များသည် တောထအောင် ပေါက်ကာ ရင်ခေါင်းလောက် အထိ ရှင် သန် နေကြသည်။ မေမြို့ပန်း ရောင်စုံတို့သည် အခိုင်လိုက် အဆုပ်လိုက် ပွင့်ဖူး နေကြသည်။

ကိုအောင်မိုးသည် ခင်သီသီက သူ့အား ငြင်းပယ်လိုက်ပုံ၊ ခင်သီသီတို့ အသိုင်းအဝိုင်းက သူ့အား လှောင်ပြောင် သရော်သော မျက်လုံးများဖြင့် ကြည့် ကြပုံတို့ကို တရေးရေး မြင်ယောင်လာကာ ခံပြင်းလာလေ၏။ သူနှင့် ခင်သီသီ တို့ နီးကြဖို့ အရေးသည် မိုးနှင့် မြေပမာ ဝေးကွာကြသည်ကို သိလာသော အခါတွင် စိတ် အပျက်ကြီး ပျက်လာလေသည်။ တကယ်တော့ ကိုသက်ဆွေ နှင့် သူတို့ နှစ်ယောက်၏ ပြိုင်ပွဲ၌ သူသည် ရှုံးသူ ဖြစ်ပေသည်။

စားပေါက်သကဲ့သို့ မြို့ရွာကို ကျော်၍ ခရီးဆက်ရသည်ဟုဆိုရမည်။ တစ်ခါတလေ ကိုအောင်မိုး၏ အတွေးများသည် အဝေးသို့ ပြေးသွားကြသည်။ မုန့်ဆိုင်လေးများ အလှပဆုံး ပေါ်နေကြသည်။ လမ်းဘေးမှ ရွာငယ်လေးများ၊ လယ်ကွင်းများ၊ မြို့ငယ်လေးများ အကြား ခရီးနှင်ရင်း သစ်ပင်များ စိမ်းလန်းနေသော တောင်တန်းများ စသည်တို့ကို မြင်နေရသည်။ ထိုနေရာတွင် လှပသော ရှုခင်းများ ပေါ်လာကြ၏။ ရှေ့တွင် တောင်တန်းကြီးများ ပေါ်ထွက်လာကာ အရှေ့ဘက်သို့ ဆက်သွယ်နေကြ၏။ မြို့ပေါင်း များစွာ ဖြတ်ကျော်လာသည်။

ရှေ့မှ နှစ်မြို့ကော် ကျော်မိသည်နှင့် ချိုကွယ် လမ်းအကွေ့ဆီမှ မြူ၊ မြင်းလှည်း ခေါင်းတုံးကလေး တစ်စင်း ပေါ်လာလေသည်။ ဦးခမ်းလုံသည် သီချင်း တအေးအေးဖြင့် မြင်း လှည်း ခေါင်းတုံးလေးကို မောင်းလာလေသည်။

'နည်းနည်း နောက်ကျသွားတယ် ဆရာလေးရေ၊ နွားဖြူမကြီး နွားလေး မွေးနေလို့'

ဦးခမ်းလုံက ကိုအောင်မိုးကို မြင်သည်နှင့် ဇက် ဆတ်ကာ လှမ်း၍ အော် လိုက်သည်။ ဦးခမ်းလုံသည် လှည်းခေါင်းတုံးလေးကို လမ်းကျဉ်းကလေးပေါ် တွင် ဦးပြန်လှည့်လိုက်ကာ ကိုအောင်မိုးကို သမင်လည်ပြန် ကြည့်၍ ပြုံးနေ လေ၏။ သည်အပြုံးကြောင့် မည်းနက်သော သွားများ ပေါ်လာကြကာ မျက် လုံးပေါက်များမှာ ပိတ်လုမတတ် မှေးနေကြလေသည်။

'ဟုတ်လား၊ ကျွန်တော်က ဖြူမ မနက်ဖြန်လောက်မှ သားကျလိမ့်မယ် ထင်တာ'

ကိုအောင်မိုးက ခပ်သွက်သွက် လှမ်းလာခဲ့ပြီး လှည်းခေါင်းတုံးကလေး ပေါ်သို့ တက်ထိုင်လိုက်သည်။ ကိုအောင်မိုး ထိုင်လိုက်သည်နှင့် မြင်းလှည်း ကလေးသည် မြေနီ လမ်းပေါ်တွင် ပြေးနေလေသည်။

ဦးခမ်းလုံ၏ နောက်ကျောတွင် ချိတ်ထားသော ရှမ်း ခမောက်ကြီးမှာ ဆောင့်လိုက်တိုင်း လှုပ်လျက် ရှိသည်။ ဦးခမ်းလုံက မြင်းလှည်း မောင်းရင်း နွားကလေး ကျပုံကို ပြောပြနေသည်။

ကိုအောင်မိုးသည် သစ်တစ်ပင် ယာတော၊ ဦးခမ်းလုံ၊ ဖြူမ၊ ပန်းခင်း များ စသည့် ပတ်ဝန်းကျင်ကို ပြန်ရောက်လာတော့မှ စောစောက နောက်ကျို နေသော စိတ်တွေ ပျောက်လွင့်သွားကာ လန်းဆန်းလာသည်ဟု ထင်မှတ်လိုက် ရလေသည်။ ခင်သီသီကိုလည်း မေ့ပျောက်သွားသည်ဟု ထင်လိုက်ရသည်။





သူ့ အစ်ကို ပေးစာပို့ပြီး ကိုအောင်မိုးခင်၏ စိတ်မချမ်းမမြေ့ရာ တောင်းဆော သတင်းကိုလည်း မေ့သွားသကဲ့သို့ ထင်ရသည်။ သည်ပတ်ဝန်းကျင်ကို မြင်ရောက် လာတော့ ကိုအောင်မိုး၏ စိတ်ထဲတွင် ယာတောမှ လှုပ်ရှားနေသော မြင်း၍ မြင် ယောင်လာသည်။ ဆင်းရဲသော ရှမ်း တောင်သူကြီးများ၏ ဘဝကို မြင်နေ လေ၏။

မြင်းလှည်းကလေးသည် မုန်ခင်းများ၊ သရက်ခြံများ၊ ထင်းသီးတောင်ချွန် မြို့များကို ကျော်လာလေသည်။ ခြံတစ်ခြံကို ကွေ့လိုက်သည်နှင့် သစ်တစ်ပင် ယာတောသည် ဘွားခနဲ ပေါ်လာလေသည်။ မှိုင်းပြာသော တောင်နံရံကို မှီ လျက် စိမ်းစိုသော ခင်တန်းများ ကြားတွင် ထဲလျှောင်းသကဲ့သို့ ဖြစ်နေသော သစ်တစ်ပင် ယာတောကို ပြန်လာရသည်မှာ စိတ်ကြည်နူးဖွယ်ပါတကား။

မြင်းလှည်းကလေးသည် စမ်းချောင်းကလေးကို ကူးလာသော သစ်သား တံတားကို ကျော်ဖြတ်ကာ ဝါးလုံးတန်းများ ကာထားသော ခြံဝင်းထဲသို့ ဝင် လာခဲ့ပြီး နွား တင်းကုပ် ရှေ့တွင် ရပ်လိုက်သည်။

ကိုအောင်မိုးက နွား တင်းကုပ်ထဲသို့ ဝင်သွားသည်။ ဦးခမ်းလုံမှာ မြင်း ဖြုတ်၍ နွား တင်းကုပ်ဘက်သို့ ကူးလာခဲ့လေသည်။ တင်းကုပ်တွင် ပုန္နေးကာ ကောက်ရိုးနံ့၊ မြက်ခြောက်နံ့၊ နွားချေးနံ့တို့ဖြင့် မွှေးနေပေသည်။ တစ်ဖက်က နွားထီး နှစ်ကောင်မှာ ကောက်ရိုးများ ကြားတွင် စမြုံ့ပြန်နေကြရာက ဖြုန်း ခနဲ ထရပ်လိုက်ကြသည်။

ကိုအောင်မိုးသည် နွား နှစ်ကောင်ကို လက်ဖြင့် ပွတ်၍ နှုတ်ဆက်ပြီး ဖြူမကို သွားကြည့်နေသည်။ နောက် နီညိုရောင် နွားကလေးကို ကောက်၍ ပွေ့လိုက်သည်။

'အမွေးကတော့ ဖအေ့ အမွေးဗျ၊ ကြည့်စမ်း ဦးခမ်းလုံ၊ နောက်ခြေ နှစ် ချောင်း ကျဲနေပုံကတော့ မအေ့ အတိုင်းပဲ'

ကိုအောင်မိုးသည် နိုင်ငံရေးက ထွက်ပြီးနောက် သစ်တစ်ပင် ယာတော ကို ဦးစီး လုပ်ကိုင်ခဲ့သည်။ အစိုးရထံမှ မြေဧက တစ်ရာခန့်ကို ဂရန် ခံကာ လုပ်ခြင်း ဖြစ်၏။

ယာတော အရင်းအနှီး စရိတ်ကို သူ့ အဖေထံမှ တောင်းပြီး တောကို မီးရှို့ရသည်။ နောက် လယ်ထွန်စက် တစ်လုံး ဝယ်ကာ သစ်မြစ် သစ်အုံများကို ထွန်ယက် ပစ်လိုက်ခြင်းဖြင့် မြေမှာ စိုက်ပျိုးနိုင်သော မြေ ဖြစ်လာလေသည်။ မြေ တစ်ကွက်တွင်မူ သူ နေဖို့ အိမ်ကလေး တစ်လုံး ဆောက်လိုက်သည်။

အိမ်နှင့် ခပ်လှမ်းလှမ်းတွင် နွားတင်းကုပ်၊ မြင်းဇောင်း၊ ကြက်ခြံ၊ ထွန်စက်နှင့် ယာ အလုပ်သမားများ အတွက် တန်းလျား တစ်လုံး ဆောက်လိုက်ရသေးသည်။

သည်စရိတ်များဖြင့် ယာတော ရင်းနှီး စရိတ်မှာ တစ်ဝက်ကျော်ကျော် လောက် ကုန်သွားပေရာ ဧက တစ်ရာလုံး မလုပ်နိုင်ဘဲ ဧက ငါးဆယ်ကျော် လောက်ကိုသာ စမ်းသပ် လုပ်ကိုင်ခဲ့ရခြင်း ဖြစ်လေ၏။

ဧက ငါးဆယ်ကျော်လောက် အနက် ဆယ် ဧကလောက်ကို ဂျုံ စိုက်သည်။ ဂျပန်မှ ရာမီ ခေါ် ပိုးစာပင်မျိုးကို မှာယူကာ တစ်ဧက နီးပါးလောက် စမ်း၍ စိုက်ကြည့်သည်။ ထို့ပြင် ပြောင်းဖူး၊ ပဲပုပ်၊ နာနတ်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး စသည်တို့ကိုလည်း ကျိုးကျဲ ပျိုးထားလိုက်သည်။ စမ်းချောင်း နားက နှစ် ဧကလောက် မြေကွက်ကိုမူ ပန်းခင်းများ စိုက်ထားသည်။ ကြက်ဆူပင်များကိုကား စမ်းသပ် စိုက်ပျိုးသည့် အဆင့်တွင် ရှိသေး၏။ ဘယ်လောက် အောင်မြင်မည်ကို မပြောနိုင်သေးပေ။

ကိုအောင်မိုးသည် တင်းကုပ်ထဲက ဖြူမတို့ သားအမိကို ကြည့်ပြီးနောက် အိမ်ဘက်သို့ လျှောက်လာခဲ့သည်။ သူ့အိမ်မှာ သက်ငယ်မိုး ထရံကာ ဖြစ်၍ ကျယ်ဝန်း သန့်ရှင်းသည်။ ပြတင်းပေါက် ခပ်ကျယ်ကျယ် ဖောက်ထား၍ လေကောင်း လေသန့်လည်း ရသည်။

ကိုအောင်မိုး အဖို့ သည်အိမ်ကလေးနှင့် သစ်တစ်ပင် ယာတောသည် ကမ္ဘာလေး တစ်ခု ဖြစ်၏။

သူ့တွင် မြတ်နိုးသော စာအုပ်တွေ ရှိသည်။ သတင်းစာကိုမူ နံနက် လင်းလျှင် ဦးခမ်းလုံက မေ-မန်း ကားလမ်းက ခြံများသို့ နွားနို့ ပို့ရင်း လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှ ဝင်၍ ယူခဲ့ရ၏။ တစ်ရက်လောက်တော့ နောက်ကျပေသည်။ သို့ရာတွင် သူ့ အိမ်ကလေးတွင် ဂျပန်လုပ် ရေဒီယို အသေးစားကလေး တစ်လုံး ရှိသဖြင့် အရေးကြီးသော သတင်းများကိုမူ နေ့ချင်းပင် သိနိုင်ပေသည်။

သည်ကမ္ဘာလေးကို သူ့ စိတ်ကြိုက် ပြည့်စုံသော ကမ္ဘာ တစ်ခု ဖြစ်လာအောင် ဖန်တီးရန်မှာ အိမ်ထောင် တစ်ခု ရှိဖို့သာ လိုပေသည်။

ကိုအောင်မိုးသည် မိန်းမ တစ်ယောက်ကို ချစ်သောကြောင့် အိမ်ထောင် တည်လိုခြင်း မဟုတ်ဘဲ အိမ်ထောင် တစ်ခု တည်ရန် အတွက်သာ မိန်းမ တစ်ယောက်ကို ချစ်ခြင်း ဖြစ်ပေ၏။





သူ ချစ်လိုသည့် မိန်းမမျိုးသည် ခင်သီသီ ဖြစ်ကြောင်းကို တွေ့ခဲ့ရသည်။ သို့ရာတွင် မန္တလေးမှ ပြန်လာခဲ့ပြီးနောက်တွင်မူ ကိုအောင်မိုးသည် သူ့ အကြံကို လက်မြှောက်ချင်သလိုလို ဖြစ်လာပေသည်။

ကိုအောင်မိုးသည် လွယ်အိတ်ထဲတွင် ပါလာသည့် ပန်းမျိုးစေ့နှင့် ဟင်းသီးဟင်းရွက် မျိုးစေ့ထုပ်ကလေးများကို အံကလေးများ လုပ်ထားသော ဗီရိုထဲတွင် သိမ်းထားလိုက်သည်။

နောက် ဦးခမ်းလုံ၏ မိန်းမ မစိမ့် လာပေးသော နွားနို့ ပူပူ တစ်ခွက်ကို သောက်ပြီး ကြက်ခြံဘက်သို့ ထွက်လာခဲ့၏။

# ၁၆

ဝိုဝို မှုတ်သံနှင့် အတူ မီးရထားသည် ဂျိမ်းခနဲ မြည်ကာ တရွေ့ရွေ့ လိမ့်စပြုလာလေသည်။ မမသည် ပြတင်းဝတွင် ရပ်ကာ ပလက်ဖောင်းပေါ်တွင် ရပ်နေသော မောင်မောင်လတ်နှင့် ခင်ရီရီတို့ သားအမိ တစ်တွေကို လက် ပြပြီး တွဲထဲသို့ ဝင်လာခဲ့လေသည်။ တွဲမှာ အိပ်ခန်းတွဲ ဖြစ်၏။ အိပ်ခန်း တစ်ခန်းလုံး သူနှင့် ခင်မေတို့ နှစ်ယောက်သာ ရှိလေသည်။ ခင်မေသည် မမ၏ ပစ္စည်းများကို သိမ်းဆည်းကာ နေရာ ချထားပြီး ပြတင်းပေါက်တွင် ထိုင်ကာ ငေး၍ လိုက်ပါလာလေသည်။

မမသည် ဟင်းခနဲ သက်ပြင်း ချလိုက်ကာ ခြေထောက်များကို ထိုင်ခုံကူရှင်ပေါ်သို့ တင်ပြီး ထဘီ အနားဖြင့် လုံအောင် ဖုံး၍ ထွေးထားလိုက်ပြီး ကျုံ့ကျုံ့ ထိုင်လျက် ဝတ္ထု စာအုပ် တစ်အုပ်ကို ဖတ်နေလေသည်။

အစ ပထမသော် ဆူညံလှသော မီးရထား ဘီးသံများကြောင့် လည်းကောင်း၊ အပြင်တွင် လှမ်းမြင်နေရသော မန္တလေးမြို့၏ ရှုခင်းကြောင့် လည်းကောင်း စာ ဖတ်ရသည်မှာ သိပ် စိတ်မဝင်စားလှပေ။

အပြင်ဘက်တွင် မိုးဖွဲကလေးများ တဖွဲဖွဲ ကျလာသဖြင့် ခင်မေသည် မီးရထား ပြတင်းပေါက်များကို လိုက်၍ ပိတ်ပြီး ထိုင်လျက် အိပ်ငိုက်နေပေသည်။

မမသည် ဝတ္ထုကို ဖတ်ရင်း မန္တလေးတွင် သူနှင့် ကိုသက်ဆွေတို့ တွေ့ခဲ့ကြပုံကို အမှတ်ရကာ အငြိမ့်ပွဲ ကြည့်စဉ် ကိုသက်ဆွေ ပြောသွားသော စကားများကို ကြားယောင်နေပေသည်။

မမသည် ဝတ္ထု စာအုပ်ကို ပေါင်ပေါ်တွင် မှောက်လျက် တင်လိုက်ပြီး ခါး ကော့၍ ရင် မော့ကာ လက် နှစ်ဖက်ကို အထက်သို့ ဆန့်တန်း မြှောက်လိုက်ပြီး အညောင်း ဆန့်လိုက်သည်။ ကိုသက်ဆွေက သူ့အား ရိသဲ့သဲ့ ပြောခဲ့သည် မှန်သော်လည်း သူ့ဘက်က ဘာ တစ်ခွန်းမျှ အမှား ပြောခဲ့သည်ဟု

စဉ်းစား၍ မရပေ။ သို့ရာတွင် ကိုသက်ဆွေ မျက်နှာကိုကား ရဲရဲ မကြည့်ရဲသလို ဖြစ်နေခဲ့ပေသည်။ ကိုသက်ဆွေ၏ အကြောင်းကို စဉ်းစားလိုက်မိသည်နှင့် မမသည် သူ့ကိုယ်သူ မလုံမလဲ ဖြစ်လာလေသည်။ သူနှင့် မျက်နှာချင်းဆိုင် ထိုင်နေသူမှာ ခင်မေ မဟုတ်ဘဲ ကိုသက်ဆွေများလားဟု တွေးတော ကြောက်လန့် လာပေသည်။

အပြင်ဘက်တွင် မိုးဖွဲ ကျနေသဖြင့် တံခါး ပိတ်ထားပေရာ အထဲတွင် အိုက်စပ်စပ် ဖြစ်နေပေသည်။ မီးရထားသည် မြို့ကလေး တစ်မြို့ကို ကျော်ဖြတ်၍ လာ၏။ မြို့ကလေးသည် မီးပွင့်တွေ တထိန်ထိန်နှင့် နောက်တွင် ကျန်ရစ်ခဲ့လေသည်။

မမသည် ခြေထောက်ကို ခုံ အောက်သို့ ချကာ ဖိနပ်ကို မှန်းဆ၍ စွပ်လိုက်ပြီး

'ခင်မေ ငါ့ ဆွယ်တာ အင်္ကျီ ပေးစမ်း'

'အပြင် ထွက်မလို့လား မမ'

'အေး အထဲမှာ အိုက်စပ်စပ်ကြီး၊ မွန်းနေတာပဲ'

မမသည် နို့နှစ်ရောင် သိုးမွေး ဆွယ်တာကို ကောက်၍ ဝတ်လိုက်ပြီး တံခါးကို ဖွင့်ကာ အခန်းပြင်ဘက် စင်္ကြံကလေးပေါ်သို့ ထွက်လာခဲ့သည်။

စင်္ကြံ ပြတင်းပေါက်မှ အေးမြသော လေသည် စွတ်၍ ဝင်လာလေသည်။ ရထားသည် ကျောက်ဆည် ဘူတာတွင် ခေတ္တ ရပ်လိုက်သည်။ မီးပွင့်များ ထိန်ထိန် ဝေနေသော ရွှေသာလျောင်း တောင်ကို မြင်ရပေ၏။

မမသည် ပြတင်းပေါက် ပေါင်ပေါ်တွင် လက်မောင်းဖြင့် ထောက်၍ ကိုယ်အထက်ပိုင်း အပြင်သို့ ထုတ်ကာ ကျောက်ဆည်မြို့၏ ညကို ငေးကြည့်နေမိလေသည်။ တိုတောင်းလှသော ရထားချိန်ကလေး အတွင်းတွင် ဆင်းသူ တက်သူများသည် အလုအယက် ဆင်း တက်ကြလေ၏။

နောက်တွဲမှ လူများသည် သူ့ နောက်နားမှ ဖြတ်ကာ ရှေ့တွဲများဆီသို့ သွားနေကြသည်။ စီးကရက်နံ့သည် ပျံ့လွင့် လာလေသည်။ စားသောက်တွဲဆီသို့ သွားကြဟန် ရှိပေ၏။ ရထားသည် ဥသြ ဆွဲကာ ကျောက်ဆည်မှ ထွက်ခွာလာတော့မှ မမသည် အပြင်ဘက်သို့ ပြူထွက်နေသော ကိုယ် အထက်ပိုင်းကို အထဲသို့ ဆွဲသွင်းလိုက်ပြီး အခန်းထဲသို့ ပြန်ရန် လှည့်လိုက်သည်။

သူ့ ရှေ့တွင် ကုတ်အင်္ကျီ ဘောင်းဘီရှည် ဝတ်ထားသည့် လူတစ်ယောက် ရပ်နေသည်ကို တွေ့ရပေသည်။





'မမ'

ကိုသက်ဆွေက ဘောင်းဘီအိတ် နှစ်ဖက်ထဲသို့ လက် နှိုက်ပြီး စီးကရက်ကို နှုတ်ခမ်းတွင် ခဲထားလေသည်။

'ဟင် မောင်သက်ဆွေ'

မမ၏ တစ်ကိုယ်လုံးသည် လျှပ်စစ်ဓာတ်နှင့် တို့လိုက်သလို တွန့်သွားသည်ဟု ထင်လိုက်ရသည်။ မမသည် အလင်း တစ်ဝက် အမှောင် တစ်ဝက် ထိုးရိုက်နေသော ကိုသက်ဆွေ၏ မျက်နှာကို တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီး မျက်လွှာကို ချထားလိုက်သည်။

ကိုသက်ဆွေ၏ မျက်နှာ၊ မျက်လုံး၊ နှုတ်ခမ်းတို့မှာ မနေ့ ညက အငြိမ့်တွင် တွေ့ခဲ့ရသလို ပြုံးလျက် ရှိသည်။ သူ့အပြုံးသည် မမ တစ်ကိုယ်လုံးအား ပင့်ကူအိမ်တွင် မိသော ယင်ကောင်လို လှုပ်ရှားနိုင်ခြင်း မရှိအောင် လွှမ်းခြုံ ရစ်ပတ်ထားသည်ဟု ထင်လိုက်ရပေသည်။

'ဟင် မောင်သက်ဆွေ လာတာ မမတောင် မသိဘူး၊ ရန်ကုန်ကိုလား'

မမက ခဏမျှ ငိုင်နေမိရာက ဣန္ဒြေ ပြန်၍ ဆည်လိုက်ကာ အသံကိုလည်း ခပ်မှန်မှန် ဖြစ်အောင် ထိန်း၍ ပြောလိုက်သည်။

'ဟုတ်ကဲ့၊ ရန်ကုန်ကိုပဲ ဆိုပါတော့'

ကိုသက်ဆွေက မမကို စေ့စေ့ ပြုံးကြည့်ရင်း ပြော၏။ သူ့ မျက်လုံးများသည် ဘေးတိုက်မှ ဖြာကျနေသော မီးရောင်တွင် တလက်လက် တောက်ပနေကြပေသည်။

'ဘာကိစ္စ'

'မသိချင်ယောင် ဆောင်မနေပါနှင့် မမရယ်၊ ကျွန်တော့်မှာ မမနှင့် ပတ်သက်တဲ့ ကိစ္စက လွဲလို့ ဘာကိစ္စ ရှိဦးမှာလဲ၊ မနေ့ ညက အငြိမ့် ကြည့်တုန်းက ကျွန်တော် ပြောခဲ့တဲ့ စကားတွေ မမ မမှတ်မိတော့ဘူး ထင်တယ်၊ အဖော်ကောင်းရင် ငရဲပဲ လိုက်ရ လိုက်ရလို့ ပြောခဲ့တာလေ၊ ကျွန်တော့် ဘဝမှာ မမထက် ကောင်းတဲ့ အဖော် မရှိတော့ပါဘူး၊ ဒီလောက် ကောင်းတဲ့ အဖော်နှင့်ဆိုရင် ငရဲတောင်မကပါဘူး ငရဲ ဟိုဘက် ဆယ် ဘူတာ အထိ သွားရပါစေ'

'အို မောင်သက်ဆွေရယ်'

မမက နီရဲသော နှုတ်ခမ်းကလေး အစုံကို လှုပ်၍ မြည်တမ်းလိုက်၏။ သို့ရာတွင် မမ၏ အသံမှာ ရထား ပြတင်းမှ တိုးဝင်နေသော လေထဲတွင် ပျောပါသွားသဖြင့် မောင်သက်ဆွေထံသို့ ရောက်မလာကြတော့ပေ။

ရထားသည် တရိပ်ရိပ် ပြေးလျက် ရှိ၏။ ညအရေး၏ မဟူရာ သွေးတွင် အဝေးမှ တောခင်တန်းတို့သည် လေတွင် လွင့်နေသော ဆံမျှင် ဆံနွယ်များ ပမာ ရေးရေး ရိပ်ရိပ် အိပ်စက် ကျန်ရစ်ခဲ့ကြ၏။ တောခင်တန်း ထိပ်တွင် ငြိတွယ် နေကြသော ကြယ်ပွင့်များကား ဆံနွယ်ကို စိုးမိုးကြသော စိန်ဆံထိုးနှင့် တူပေသည်။

'ဆောရီး မမ၊ ကျွန်တော် ပြောလိုက်တဲ့ စကားကြောင့် စိတ် အနှောင့်အယှက်များ ဖြစ်သွားရင် ကျွန်တော် တောင်းပန်ပါတယ်'

ကိုသက်ဆွေက မတုန်မလှုပ် ကျောက်ရုပ်လို ရုပ်နေသော မမကို ကြည့်၍ လှိုက်လှဲစွာ ဆို၏။ သည်လိုကျတော့လည်း ကိုသက်ဆွေသည် အင်မတန် သိမ်မွေ့သော လူယဉ်ကျေး တစ်ယောက်ဟန် ပေါက်နေသည်။

'မမကို သနားရင် ဒီစကားတွေ မပြောပါနှင့် မောင်သက်ဆွေ၊ သနားကြင်နာတတ်တဲ့ လူ တစ်ယောက် ဆိုရင် မောင်သက်ဆွေ ပြောတာတွေကို မမ မေ့လိုက်ပါရစေ မောင်သက်ဆွေ၊ မောင်သက်ဆွေရဲ့ စကားတွေကိုလည်း မောင်သက်ဆွေ ကိုယ်တိုင် မေ့ပစ်လိုက်ပါလို့ မမ တောင်းပန်ပါတယ်'

မမက ခေါင်းမဖော်ဘဲ ဆွယ်တာ အင်္ကျီ ရင်စေ့မှ တွဲလောင်း ချထားသော ပန်းဖွား ကြိုးကလေးကို ပွတ်တိုက်ရင်း ပြောနေ၏။

'ကျွန်တော် ပြောတဲ့ စကားတွေကို မေ့ပစ်ပါ ဆိုရင် မေ့လို့ ရပါတယ် မမ၊ ဒါပေမဲ့ မမရဲ့ စကားတွေ မမရဲ့ အပြုအမူတွေ မမရဲ့ ဟန်ပန်တွေကိုတော့ ကျွန်တော် မေ့လို့ မရနိုင်ဘူး ထင်ပါတယ်၊ ဒီလို မေ့လို့ မရကောင်းလားလို့ ကျွန်တော့်ကို ကြင်နာတဲ့ နှလုံးသား မရှိဘူး၊ စောင့်စည်းအပ်တဲ့ အကျင့်သိက္ခာ မရှိဘူးလို့ ဆိုချင်ရင်လည်း ဆိုနိုင်ပါတယ် မမရယ်'

'တော်တော့ မောင်သက်ဆွေ တော်တော့၊ မမ မကြားချင်ဘူး'

မမက အသံကို မြှင့်၍ အော်လိုက်သည်။ မမ၏ မျက်လုံးများသည် ဝင်းဝင်း တောက်နေကြ၏။ မျက်နှာသည် နီရဲလျက် ရှိ၏။ မမသည် ဖြုန်းခနဲ တံခါးကို ဖွင့်ကာ အိပ်ခန်းထဲသို့ ဝင်လိုက်ပြီး အိပ်ရာပေါ်တွင် မှောက်လျက် လှဲချလိုက်မိသည်။

မောင်သက်ဆွေ၏ စကားများသည် တမာလို ခါးသည်ဟု ဆိုရမည်လား၊ ပျားရည်လို ချိုသည်ဟု ပြောရမည်လား၊ ဒါကိုလည်း မမ မဝေခွဲနိုင်ပေ။ လင်ရှိ တစ်ယောက် အနေဖြင့် ဆိုလျှင် မောင်သက်ဆွေ၏ စကားများသည် တမာတွင် ဆေးခါး စွက်သလို ခါးသက်လွန်းလှ၏။ သို့ရာတွင် မိန်းမချော တစ်ယောက်





အနေဖြင့် ကြည့်လျှင် ကိုသက်ဆွေသည် သူ့ အလှ ပင့်ကူအိမ်တွင် စေးဖွဲ့ ငြိတွယ်ခြင်း ခံရသည့် သားကောင် တစ်ကောင်မျှသာ ဖြစ်၏။ သည်ဘက်က လှည့်၍ တွေးတော့လည်း ကိုသက်ဆွေ၏ စကားများသည် ပျားရည်လို ချိုမြိန်သည်ဟု ထင်ရပြန်ပေသည်။

ရထားသည် တရိပ်ရိပ်နှင့် ပြေးနေ၏။ ဒက်ဒက် ဒက်ဒက် မြည်သော ရထား ဘီးသံသည် မမ၏ နှလုံး ခုန်သံလိုပင် လျင်မြန်သည်ဟု ထင်၏။ အပြင်ဘက်တွင်ကား ညဥ့်သည် မှောင်မြဲ မှောင်လျက် ရှိသည်။ မြို့ငယ်များကို ဖြတ်သန်းလာသော အခါကျမှ မီးပွင့်များ၊ မီးချောင်းများကို မြင်ရ၏။ သို့ရာတွင် မီးပွင့်များသည် အိပ်မက်ထဲမှာလို ကွယ်ပျောက် သွားကြပြန်ကာ အမှောင်သည်သာ ကြီးစိုးနေ၏။

မမသည် အမှောင်ထဲတွင် ပြေးသွား တိုးဝင်နေသော မီးရထားကြီး၏ အဖြစ်ကို စဉ်းစားမိကာ အားငယ်သလို ခံစားရသည်။

မမသည် တစ်ညလုံး အိပ်၍ မပျော်ဘဲ လူးကာ လွန့်ကာဖြင့်သာ အချိန်ကုန်ခဲ့ရသည်။ နံနက် လင်းခါနီးတော့မှ မှေးခနဲ ထိုင်လျက်သား အိပ်ပျော်သွားသည်။ သူ ပြန်နိုးလာသော အခါတွင် မီးရထားသည် ရန်ကုန် နားသို့ ချဉ်းကပ်လာပြီ ဖြစ်၏။

အရှေ့ဘက် လယ်ကွင်းများနှင့် ကောင်းကင်တို့ ထိတွေ့ရာ မိုးကုပ်စက်ဝိုင်းတွင် ပတ္တမြားရည် ဆိုး၍ ရောင်နီ ပျိုးလာတော့မှ မမ၏ စိတ်အားငယ်ခြင်းတို့သည် ပျောက်ကွယ်သွားကြ၏။ ရန်ကုန် နားသို့ ရောက်သည်နှင့် မမသည် အိမ်ကို ပို၍ အမှတ် ရလာ၏။ လင်နှင့် သားကို တွေ့ရတော့မည် ဟူသော အသိဖြင့် ရွှင်မြူး၍ လာပေသည်။

ရန်ကုန် ဘူတာကြီးထဲသို့ မီးရထား ဆိုက်လိုက်သည်နှင့် များပြားလှသော လူအုပ်ကြီးထဲမှ လင်တော်မောင် ဦးသက်ထွန်းကို လှမ်း ရှာဖွေမိသည်။ ခဏ ကြာတော့မှ သက္ကလတ် အပေါ် အင်္ကျီ၊ ပလေကပ် လုံချည်နှင့် လည်စည်းကို ဖရိုဖရဲ ပတ်ထားသည့် ဦးသက်ထွန်းအား လှမ်းမြင်လိုက်ရသည်။

မမက လက်ပြ၍ နှုတ်ဆက်လိုက်တော့မှ ဦးသက်ထွန်းသည် ခပ်သုတ်သုတ် လျှောက်လာ၏။

မမသည် ဦးသက်ထွန်းနှင့် တကယ် တွေ့လိုက်တော့ ရထားပေါ်တုန်းက လွမ်းခဲ့ရသလို နှစ်နှစ်ခြိုက်ခြိုက် မရှိလှဘဲ ဟာသလိုလိုကြီး ဖြစ်နေ၏။ လင် ရယ်လို့ အဝေးက မှန်း၍ လွမ်းရသလောက် နီးနီး တွေ့ရသော အခါ

လေးလေးပင်ပင် မရှိလှသော သူ့အဖြစ်ကို သူ သတိ ထားလိုက်မိသည်။ သည်လို ဟာတာတာ ခံစားချက်မျိုးကို အရင်တုန်းက ခံစားခဲ့ဖူးသော်လည်း မမသည် ကိုယ့်ကိုယ်ကိုယ် သတိ မထားခဲ့မိပေ။ ယခုမှပင် သတိ ထားမိခြင်း ဖြစ်ပေသည်။

'မျှော်လိုက်ရတာ မမရယ်'

ဦးသက်ထွန်းက မမ လက်တွင် ပိုက်လာသော ကုတ် အင်္ကျီ စသည့် တိုလီမိုလီ ပစ္စည်းကလေးတွေကို ဆီးကြို ယူရင်း ပြောလိုက်၏။

'တူးတူးကော နေကောင်းရဲ့လား ကိုကို၊ ဘာဖြစ်လို့ မခေါ်ခဲ့သလဲ'

'အမယ်လေး မမ သားက သူ့ မေမေကို လွမ်းလို့ ငိုလိုက်တာ မပြောနှင့်တော့၊ မခေါ်ခဲ့တာက ကျောင်း ပျက်မှာ စိုးလို့ပါ'

ဦးသက်ထွန်းက အပြင်မှ ရပ်ကာ တွဲထဲတွင် ရှိနေသေးသည့် ခင်မေကို ပစ္စည်းတွေ အသိမ်းခိုင်းနေသည်။

မမသည် မောပန်း နွမ်းနယ်စွာဖြင့် ပစ္စည်းတွေကို လိုက်၍ စစ်ဆေးနေသည်။

ကိုသက်ဆွေသည် ကုတ်အင်္ကျီကို လက်တွင် ပိုက်လျက် သားရေ သေတ္တာကို လက်တစ်ဖက်မှ ဆွဲကာ ပလက်ဖောင်းပေါ်သို့ ဆင်းရန် ရပ်လိုက်ပြီး မျက်လုံးများဖြင့် မမကို လိုက်လံ ရှာဖွေနေမိသည်။ လမ်းလျှောက်လျှင် လှုပ်လီလှုပ်လဲ့ နွဲ့ယိမ်းသော မမ၏ ကိုယ်ဟန်ကို ကြည့်လိုသေး၏။ နွမ်းလျော့သည့်ကြားကပင် အပြုံးဖြင့် ဝင်းလက်နေတတ်သော မမ၏ မျက်နှာကို မြင်လိုသေး၏။ စမ်းရေ စီးသံလို ချိုလွင် အေးမြသော မမ၏ အသံကိုလည်း ကြားလိုပါသေး၏။

ကိုသက်ဆွေ၏ မျက်လုံးများသည် မမကို လိုက်လံ ရှာဖွေနေကြ၏။ သို့ရာတွင် သူ့ မျက်လုံးများသည် မမကို မတွေ့ကြဘဲ တွဲဝနားတွင် အလုပ်သမားများအား ပစ္စည်း သယ်ခိုင်းနေသော ဦးသက်ထွန်းကို သွား၍ မြင်လျက်သားဖြစ်နေလေသည်။ သည်တော့မှ မမ အနားတွင် ဦးသက်ထွန်း ရှိပါသေးလားဆိုသည့် ခံစားမှုသည် ရင်ထဲမှာ ရိုက်ခတ်လာ၏။ ကိုသက်ဆွေသည် မမမှာ လင်ယောကျ်ား ရှိသည်ကို အစ ကတည်းကပင် သိ၏။ သို့ရာတွင် သည်အသည်းသည်ရင်ထဲတွင် ခံစားချက် တစ်ရပ် အနေဖြင့် ရိုက်ခတ်လာအောင် စူးရှခြင်း မရှိခဲ့ပေ။ ယခု ဦးသက်ထွန်းကို မျက်စိ ရှေ့တွင် ဘွားဘွားကြီး မြင်လိုက်တော့မှ အသိမှာ ပို၍ စူးရှလာသည်။ ခံစားချက်သည် ရိုက်ခတ်လာသည်။





ပစ္စည်းများကို အလုပ်သမားများက သယ်သွားကြပြီးနောက် ဦးသက်ထွန်းက မမ၏ ဝါဝင်း အိစက်သော လက်မောင်းအိုးများကို ကိုင်ကာ တွဲခေါ်သွားသည်။ ပိုင်ဆိုင်ခြင်း၏ အမှတ် လက္ခဏာပေတည်း။

မမက ပိုင်းပင်လို မြင့်ကျိုင်း၍ မိုးမခပင်လို သွယ်နွဲ့ကာ ငုပန်းပင်လို လှနေသည်။ ဦးသက်ထွန်းက ခေါင်း ပြောင်ပြောင်၊ ပါးစို့ အစ်အစ်၊ နှုတ်ခမ်း ထူတွဲတွဲနှင့် မန်ကျည်း ငုတ်တိုလို အကျည်းတန်သည်။

ကိုသက်ဆွေသည် ညီညွတ် ပြေပြစ်ခြင်း မရှိသော မမတို့ လင်မယားကို လှမ်းကြည့်ကာ ရင်ထဲမှာ ပူလောင်လာ၏။ လည်ချောင်းတွေ ခြောက်ကာ ရေငတ်သလို ဖြစ်လာ၏။

မမကို ကြည့်ရသည်မှာ စမ်းရေအိုင် တစ်အိုင်ကို တွေ့လိုက်ရသလိုပင် ဖြစ်၏။ သို့ရာတွင် ကြည်လင် သန့်ရှင်းသော စမ်းရေအိုင်ကို ဝက် တစ်ကောင်က မွှေနှောက်ခဲ့ချေပြီတကား။

ကိုသက်ဆွေသည် လူအုပ် ကြားထဲမှ တိုးဝှေ့ကာ ဦးသက်ထွန်းနှင့် မမတို့ ဘက်သို့ လျှောက်လာပြီး မျက်နှာချင်း ဆိုင်မိသည်နှင့် ပြုံး၍ နှုတ်ဆက်လိုက်၏။

မမကလည်း နွမ်းနယ်စွာ ပြုံး၍ သူ့ကို နှုတ်ဆက်၏။ နွမ်းနယ်သည့်ကြားထဲက ပြုံးစေကာမူ မမ အပြုံးမှာ တစ်ဖက်လူကို လန်းဆန်းစေသော အပြုံးဖြစ်ပါသည်။

'ဒါက ရာဇဝင် ကထိက မောင်သက်ဆွေလေ'

မနှစ်မြို့ဟန်ဖြင့် ကိုသက်ဆွေကို အကဲခတ်နေသော ဦးသက်ထွန်းကို လှည့်ကြည့်၍ ပြော၏။

ဦးသက်ထွန်းနှင့် ကိုသက်ဆွေသည် တစ်ယောက်ကို တစ်ယောက် ကြည့်၍ ပြုံးကြ၏။

ကိုသက်ဆွေ၏ အေးစက်သော အပြုံးသည် ဦးသက်ထွန်း၏ အေးစက်သော အပြုံးနှင့် ခိုက်မိသွားကြ၏။

ကျောက်ခဲကို တံစဉ် ခတ်သကဲ့သို့သာတည်း။

'တွေ့ဖူးသားပဲ၊ သွားတုန်းက အမေနှင့် သွားပြီး ပြန်တော့ သားနှင့် ပြန်လာတာပေါ့ ဟုတ်လား၊ ဟဲ ဟဲ'

ဦးသက်ထွန်းက မပြုံးချင် ပြုံးချင် ပြုံး၍ ပြောပြီးမှ မမဘက် လှည့်၍ ပြောလိုက်သည်။

'ဟုတ်ကဲ့၊ မေမေက မေမြို့ တက်သွားပါတယ်'

'ခွင့်နှင့် ပြန်လာတာ ထင်တယ်၊ ဟုတ်လား၊ မောင်သက်ဆွေက အမေကို တစ်ယောက်တည်း ထားခဲ့တာကိုး၊ ဟဲ ဟဲ ကဲ သွားကြဦးစို့၊ သွားဦးမယ်နော်'

'ဟုတ်ကဲ့၊ မပြန်သေးခင်တော့ မမတို့ဆီ လာခဲ့ပါ့မယ်'

ကိုသက်ဆွေက ဦးသက်ထွန်း နှုတ်ဆက်သည်ကို ခေါင်းညိတ်၍ အသိအမှတ် ပြုပြီးနောက် မမဘက်သို့ လှည့်၍ ပြော၏။

'ကဲ လာပါ၊ ပါတီတွေ အစည်းအဝေးတွေ မသွားရင်တော့ ညဦးပိုင်းဆိုရင် အိမ်မှာ အမြဲ ရှိတယ်၊ ဟုတ်လား မမ'

ဦးသက်ထွန်းက ကိုသက်ဆွေကို ကြည့်ပြီး မမကိုပါ လှမ်း၍ ပြောလိုက်သည်။

မမသည် ဘာမျှ ပြန်မပြောဘဲ ခေါင်းညိတ် ပြလိုက်ပြီး နှစ်ယောက်သား ဘူတာရုံ အပြင်ဘက်သို့ ထွက်လာကြပြီး ဘူတာရုံ ရှေ့တွင် ရပ်ထားသည့် ချက်ပလက် ကားကြီးပေါ်သို့ တက်ထိုင်လိုက်ကြသည်။

'မောင်သော်ရေ၊ အသံလွှင့်ရုံကို မောင်းဟေ့၊ ဩော် မမရေ ကိုကို စီမံကိန်း ကော်မရှင် အစည်းအဝေး ရှိတယ်၊ အဲဒီကနေပြီး ရုံး ဆက်တက်မယ်၊ အိမ်ကို မလိုက်တော့ဘူး၊ ဟုတ်လား နော်'

ဦးသက်ထွန်းက မမကို ပြောပြီး မမ၏ လက်ဖျားများကို ဆုပ်နယ်နေသည်။

'ပင်ပန်းလှချေလား ကိုကိုရယ်'

'အေးကွာ၊ ကိုယ့် မိန်းမနှင့် ကိုယ်တောင် အေးအေးဆေးဆေး မနေရပါဘူး၊ တစ်နေရာ သွားပြီး အေးအေးဆေးဆေး နေချင်လှပြီ'

အသံလွှင့်ရုံတွင် ဦးသက်ထွန်းကို ချပေးခဲ့ပြီး ကားသည် တက္ကသိုလ် ရိပ်သာလမ်း အင်းလျားကန်စွယ်ရှိ ခြံကြီး တစ်ခြံထဲသို့ ချိုးဝင်ခဲ့ပြီး တိုက်ဆင်ဝင် အောက်တွင် ထိုးရပ်လိုက်သည်။

'ဟော မေမေ ပြန်လာပြီ၊ မေမေ ပြန်လာပြီ'

တူးတူးက အိမ်ပေါ်ထပ်က ပြေးဆင်းလာ၏။

တူးတူးမှာ ကျောင်းတက်တော့မည် ဖြစ်၍ အဝတ်အစားများ လဲကာ လွယ်အိတ်ကို လွယ်ထားလေသည်။ တူးတူးကို မြင်လိုက်တော့ မမသည် ရင်ထဲမှာ ကြည်လင် ချမ်းမြေ့၍ သွားသည်ဟု ထင်ရ၏။





အမေတူ သားကို မြင်လိုက်ရတော့ အပန်းပြေ သွားသလို ထင်ရ၏။

မမသည် တူးတူးကို ပွေ့ဖက် နမ်းရှုပ်ပြီး ခင်ရီရီတို့ ပေးလိုက်သည့် လက်ဆောင်များကို ထုတ်ပေးနေသည်။

'ချိုချိုက လေးတန်း ရောက်ပြီ သားရဲ့၊ ပိုပိုကတော့ တစ်တန်းပဲ ရှိသေးတယ်၊ သိပ် စာဖတ်တတ်နေပြီ၊ သားလည်း စာ မြန်မြန် ဖတ်တတ်အောင် ကြိုးစားနော် ဟုတ်လား၊ ရော့ ချိုချိုက သား စားဖို့တဲ့ သစ်ကြားသီးတွေ ပေးလိုက်တယ်'

တူးတူးက သစ်ကြားသီးများကို ဘောင်းဘီအိတ် နှစ်ဖက် ပြည့်အောင် ထည့်နေသည်။ တူးတူး ကျောင်းသို့ ထွက်သွားတော့မှပင် မမ အိမ်ပေါ်သို့ တက်လာခဲ့ရလေတော့သည်။

# အပိုင်း ၂

၁

'မင်း အကြောင်းကိုတော့ မမက ခဏ ခဏ ပြောတယ်'

ဒေါ်မြမြမေက မောင်သက်ဆွေကို လှမ်း၍ ပြောလိုက်သည်။

မောင်သက်ဆွေသည် အိမ်ရှေ့ဘက်သို့ လှမ်းကြည့်လိုက်ပြီး စီးကရက်တစ်လိပ်ကို မီးညှိ၍ ဖွာနေသည်။ ဒေါ်မြမြမေမှာ မီးရထားဘက် အရာရှိကြီးတစ်ဦး၏ ဇနီး ဖြစ်၍ မောင်သက်ဆွေ၏ အစ်မ ဝမ်းကွဲ ဖြစ်ပေသည်။

မမသည် အားအား ရှိလျှင် ကား တစ်စီးဖြင့် အသိ မိတ်ဆွေများ အိမ်သို့ လျှောက်လည်တတ်သည်။ မမ၏ အသိ မိတ်ဆွေများမှာလည်း အမျိုးမျိုး ရှိသည်။ ဦးသက်ထွန်းနှင့် ပတ်သက်၍ သိကျွမ်းခဲ့ရသော အရာရှိ ကြီးငယ်များ၊ မင်းကတော် စိုးကတော်များသည် လည်းကောင်း၊ မမ၏ ငယ် သူငယ်ချင်း ကျောင်းနေဖက်များသည် လည်းကောင်း၊ ဦးသက်ထွန်းနှင့် သူ အိမ်ထောင်ကျပြီးမှ သိကျွမ်းရသော ဝန်ကြီး ဝန်ကလေးများ၊ အထက်တန်းစား အရာရှိကြီးများ၊ နိုင်ငံခြား သံတမန်များ၊ ပါလီမန် အမတ်များ၊ ကုန်သည်များသည် လည်းကောင်း မမ၏ ပတ်ဝန်းကျင်တွင် ရှိကြသည်။ သည်အသိုင်းအဝိုင်းတွင် သူတို့သည် တစ်ယောက် အကြောင်းကို တစ်ယောက် သိပြီး ဖြစ်ကြသည်။ ဘယ် မင်းကတော်က ဒရိုင်ဘာနှင့် ဖြစ်နေကြောင်း၊ ဘယ် အရာရှိ သမီးက ဇာတ်လိုက် မင်းသားနှင့် ကြိုက်နေကြောင်း၊ ဘယ် အရာရှိက ဘယ်သူ့ကို ချောက်တွန်းကာ ရာထူး ခုန်တက်သွားကြောင်း၊ ဘယ် ကုန်သည်က ဘယ် နိုင်ငံရေးသမားကို ကပ်၍ လိုင်စင် သိန်းချီ၍ ရကြောင်း စသည့် သတင်းတွေကိုလည်း တစ်ယောက်နှင့် တစ်ယောက် ဖလှယ်ကြစမြဲ ဖြစ်လေ၏။

မမသည် ဘယ်အသိုင်းအဝိုင်း ရောက်ရောက် သူတို့ တစ်တွေနှင့် လိုက်လျောညီထွေစွာ နေထိုင်တတ်သည်။

နိုင်ငံခြား သံတမန်များ၊ အထက်တန်း အရာရှိကြီးများ အသိုင်းအဝိုင်း ရောက်လျှင် အင်္ဂလိပ် စကားကို လှပ သွက်လက်စွာ ပြောတတ်သည်။

ကမ္မဋ္ဌာန်း တရား အားထုတ်သည့် ဝန်ကြီးနှင့် နီးစပ်သော အသိုင်းအဝိုင်း သို့ ရောက်လျှင် ကမ္မဋ္ဌာန်း အကြောင်းကို ပြောတတ်သည်။ ကုန်သည် အသိုင်း အဝိုင်း ရောက်လျှင် ကုန်သည် စကားကို ပြောတတ်သည်။ မင်းကတော် စိုး ကတော်များ ကြားထဲ ရောက်လျှင် နောက်ဆုံးပေါ် အဆင်ဆန်းများ အကြော က စ၍ အမေရိကန်နှင့် နာမည် အကျော်ဆုံးသော ရေမွှေး အကြောင်း အဆုံး ပြောတတ်သည်။ မင်းကတော် စိုးကတော်များသည် မမကို ကြည့်၍ အံ့ ဖြင့်တတ်ကြသည်။

အထူးသဖြင့် အားလျှင် မမသည် ဒေါ်မြမြမေ အိမ်သို့ မကြာခဏ ပေါက် ၍ လာတတ်သည်။ ဒေါ်မြမြမေ အိမ်ကို အရင်တုန်းက သည်လောက် အဝ် အထွက် ရှိလှသည် မဟုတ်သော်လည်း မန္တလေးက ပြန်လာပြီး ကတည်းက မောင်သက်ဆွေကို သူ့ အစ်မ ဒေါ်မြမြမေ၏ အိမ်တွင် မကြာခဏ တွေ့ရတတ် သဖြင့် အားလျှင် ရောက်၍ လာတတ်သည်။ ပျင်းလျှင် မောင်သက်ဆွေပါ ဝိုင်းဖွဲ့၍ ပိုကာ ဒေါင်းကြသည်။ တစ်ခါတစ်ရံ မောင်သက်ဆွေနှင့် အတူ ကပွဲများသို့ သွားတတ်ကြသည်။

မောင်သက်ဆွေကလည်း မမ ရှိသည့် နေရာသို့ ရောက်၍ လာတတ် သည်။ အခွင့် ကြုံတိုင်း မမ၏ အချစ်ကို ဖွင့်ဟ တောင်းခံတတ်သည်။ အစ တော့ မမသည် မောင်သက်ဆွေကို ကြောက်သလိုလို ရှိသော်လည်း နောက် တော့ သာယာသလိုလို ဖြစ်လာသည်။

သို့ရာတွင် မောင်သက်ဆွေက သူ့ အချစ်ကို ဖွင့်ဟပြောသည့် အခါတိုင်း မမသည် ညင်ညင်သာသာဖြင့် ငြင်းခဲ့သည်သာ ဖြစ်သည်။

'မမ ကြည့်ရတာ တစ်မျိုးပဲ၊ မန္တလေးက ပြန်လာ ကတည်းက နုပျိုလာ သလိုပဲ၊ မမက နုပျိုသလောက် ဦးသက်ထွန်းကတော့ တစ်နေ့တခြား အိုစာ လာတယ် ထင်ရတယ်၊ ငါတော့ ဒီလောက် အသက် ကြီးတဲ့ ယောကျ်ား ရတဲ့ မမကို တွေးမိတိုင်း သနားတယ်'

ဒေါ်မြမြမေက ပြုံး၍ ပြောလိုက်သည်။

'ဒီနေ့ မမ လာဦးမလား'

'မင်း မရောက်ခင်လေးတင် သူ့ဆီက ဖုန်း လာတယ်၊ လာခဲ့မယ်တဲ့၊ ဟော ပြောရင်း ဆိုရင်း ကားသံ ကြားတယ်'

အိမ်ရှေ့မှ ကားဆိုက်သံ ကြားရ၏။ ဒေါ်မြမြမေသည် မောင်သက်ဆွေ ကို ပြုံးကြည့်ကာ တံခါးပေါက်သို့ လျှောက်သွားသည်။





ကား တံခါး ပိတ်သံနှင့် အတူ မမသည် လက်ပွေ့အိတ်ကို လက်မောင်း ချိတ်ကာ အခန်းထဲသို့ ဝင်လာ၏။

'စောစော လာမလို့ပဲ မြရေ၊ အပ်ချုပ်ဆိုင် ဝင်နေလို့၊ မန္တလေးက ပြန်လာ ကတည်းက အင်္ကျီတွေ အပ်ထားတာ သွားကို မရွေးနိုင်သေးလို့ ခုမှ ရွေးခဲ့ တယ်'

မမက ဒေါ်မြမြမေကို ပြုံး၍ ပြောလိုက်သည်။

မမသည် ဈေးဂျက် နိုင်လွန် ၁၂ ဝတ်စာကို နာမည်ကြီး အပ်ချုပ်ဆိုင် တွင် အပ်ထားခဲ့သည်။ အပ်ချုပ်ဆိုင်မှာ ရုပ်ရှင် မင်းသမီးများ၊ တက္ကသိုလ် ကျောင်းသူများ၊ မင်းကတော်များ၏ လက်စွဲ အပ်ချုပ်ဆိုင် ဖြစ်သည်။ မမနှင့် ဒေါ်မြမြမေသည် နောက်ဆုံးပေါ် အဆင်ဆန်းများ အကြောင်းကို ပြောလာကြ သည်။ အနား ရောက်တော့မှ မမက မောင်သက်ဆွေကို ပြုံး၍ နှုတ်ဆက် လိုက်သည်။

'ဆိုင်မှာ အတွင်းဝန် ဦးမြသွေး သမီးနှင့်တောင် တွေ့ခဲ့သေးတယ်၊ ကလေး မလေးက အင်ဂျင်နီယာ တစ်ယောက်နှင့် မင်္ဂလာ ဆောင်တော့မယ် ဆိုပါလား မြရဲ့'

'ဟုတ်တယ်၊ မြလည်း ကြားတယ်၊ သူတို့ချင်းလည်း ချစ်နေကြတယ်ဆို ထင်ပါရဲ့'

'တောက်တီးတောက်တဲ့ မြရယ်၊ လူကြီးချင်း ပေးစားတာပါ၊ ကောင်မ လေးက ကောလိပ် ကျောင်းသားလေး တစ်ယောက်နှင့် ချစ်နေသတဲ့၊ ဒါပေမဲ့ ကောင်လေး မိဘများက တောက မထင်မရှား ဆိုတော့ မပေးစားဘူးလို့ ငြင်း လွှတ်လိုက်ပြီး ခု အင်ဂျင်နီယာကလေးနှင့် ပေးစား လိုက်တာတဲ့၊ အေးလေ နောက်တော့လည်း ချစ်ချင် ချစ်လာမှာပေါ့၊ လောကမှာ လူ အမျိုးမျိုး ရှိတယ် ဆိုရင် စိတ် အမျိုးမျိုး ရှိမယ်၊ အသည်းနှလုံးလည်း အမျိုးမျိုး ရှိမယ်၊ ဒါကြောင့် အချစ် ဆိုတာလည်း အမျိုးမျိုး ရှိမှာပေါ့'

မမက လှမ်းပြောရင်း မောင်သက်ဆွေကို ကြည့်၍ မျက်နှာချင်းဆိုင် ထိုင် လိုက်သည်။

'ရောက်နေတာ ကြာပြီလား မောင်သက်ဆွေ'

'ဟုတ်ကဲ့၊ နည်းနည်း ကြာသွားပါပြီ'

'ဩော် ဒါထက် မမ၊ မန္တလေး ခင်ရီရီဆီက စာ ရတယ်၊ ခင်သီသီ တစ် ယောက် တော်တော် နေထိုင်မကောင်း ဖြစ်နေသတဲ့'

'အို ဟုတ်လား၊ ဒီပြင် ဘာတွေများ ရေးလိုက်သေးသလဲ မမ'

မောင်သက်ဆွေက သူ ခင်သီသီအား ပိုးနေကြောင်း စာထဲတွင် ပါလာ
သလားဟု မလုံမလဲ ဖြစ်လာသဖြင့် မေးလိုက်သည်။ ဒေါ်မြမြမေသည် အိမ်
နောက်ဖေး ထမင်းစားခန်းထဲသို့ ဝင်သွားသည်။

'အို ရေးလိုက်တာတွေကတော့ စုံလို့ပါပဲ၊ မမလည်း ဒီ အကြောင်းတွေ
မောင်သက်ဆွေကို အေးအေးဆေးဆေး ပြောချင်သေးတယ်၊ အမှန်ကတော့
မောင်သက်ဆွေဟာ သိပ် မိုက်တယ် မောင်သက်ဆွေ'

'ဘာမိုက်တာလဲ မမရဲ့၊ ကိုယ့်ကို မချစ်နိုင်ပါဘူးလို့ ငြင်းနေတဲ့ မိန်းမ
တစ်ယောက် နောက်ကို ကောက်ကောက် ပါအောင် လိုက်နေတာဟာ မိုက်
တယ်လို့ ပြောရင်တော့ ကျွန်တော် မိုက်တယ်ပဲ ထားပါတော့ မမရယ်'

'မဟုတ်ဘူး မောင်သက်ဆွေ၊ ကိုယ့်ကို ချစ်လို့ တကောက်ကောက် လိုက်
နေတဲ့ ခင်သီသီကို ခွာထွက်လာလို့ မင်းကို မိုက်တယ်လို့ ပြောတာ၊ မင်းမှာ
အသည်းနှလုံးမှ ရှိရဲ့လား မောင်သက်ဆွေ ဟင်'

ပါးစပ်ကသာ ပြောလိုက်သော်လည်း မမ၏ မျက်လုံးများကမူ မောင်သက်
ဆွေ အသည်းနှလုံး ရှိကြောင်းကို ထောက်ခံနေသကဲ့သို့ ရှိသည်။

'အသည်း နှလုံး မရှိဘဲ နေပါ့မလား မမရယ်၊ အသည်း နှလုံး ရှိလို့
အသည်း နှလုံးက ဒါကို မလိုချင်ဘူး၊ ဟိုဟာကို လိုချင်တယ်လို့ ခေါင်း ခါ
ပြီး စကား ပြောနေတာပေါ့'

'တော် တော် မောင်သက်ဆွေ၊ မမ ဒီစကားမျိုးတွေကို မကြားချင်ဘူး၊
ဒီကို လာတာ ဒီစကားမျိုးတွေကို နားထောင်ဖို့လည်း လာတာ မဟုတ်ဘူး၊
ဒီနေ့ မမ ဒီကို လာတာ မောင်သက်ဆွေကို ရပ်တန်းက ရပ်အောင် ပြောဖို့
လာတာပဲ၊ မမဟာ ခု အချိန်ထိ ကိုကိုက လွဲလို့ ဘယ် ယောကျ်ားကိုမှလည်း
မချစ်ဖူးဘူး၊ ကိုကို့ ကွယ်ရာမှာ အစွန်းအထင်း ရှိအောင်လည်း မနေခဲ့ဖူးဘူး၊
ဒီစကားကို မောင်သက်ဆွေ နောက်ထပ် မပြောရင် ကောင်းမယ် ထင်တယ်'

မမ မျက်နှာမှာ ရဲတက်သွားသည်။

ဒေါသ ထွက်တုန်းမှာပင် တောက်ပနေသော မမ၏ အလှကို မောင်သက်
ဆွေသည် ငေးကြည့်နေသည်။

'မပြောတော့ပါဘူး မမရယ်၊ မမက မပြောစေချင်ရင် ကျွန်တော် မပြော
တော့ပါဘူး၊ မမ စိတ်ချမ်းသာသလို နေပါ့မယ်၊ မမ စိတ်ချမ်းသာတယ် ဆိုရင်
ကျွန်တော် ကျေနပ်ပါပြီ'





'ကောင်းပြီ၊ ဒီလို ဆိုရင် မောင်သက်ဆွေ မန္တလေးကို ပြန်ပြီး ခင်သီသီ
စိတ်ချမ်းသာအောင် နေပါ၊ ခင်သီသီဟာ ဘယ်လောက် သနားစရာ ကောင်း
သလဲ'

'တကယ် ပြန်ရတော့မှာလား မမ'

'တကယ်ပေါ့၊ မောင်သက်ဆွေ ပြောသလို မမကို ချစ်တယ် ဆိုရင် မမ
စိတ်ချမ်းသာစေချင်ရင် မမ ပြောတဲ့ အတိုင်း လုပ်ပါ၊ ဒါပဲ'

မမက စီးကရက်ကို ကောက်၍ မီးညှိနေသည်။

'မမက ပြန်ဆိုရင်လည်း ပြန်ရမှာပေါ့ မမရယ်၊ ကျွန်တော့် ထိုက်နှင့်
ကျွန်တော့် ကံလို့ပဲ အောက်မေ့ရတော့မှာပေါ့၊ ဒါပေမဲ့ မမကို ကျွန်တော် သိ
စေချင်တာ တစ်ခုတော့ ရှိပါတယ်၊ အဲဒါကတော့ ကျွန်တော်ဟာ မမကို
အသည်းနှင့်အောင် ချစ်တယ် ဆိုတဲ့ အချက်ပဲ၊ မမမှာ ပိုင်သူ ဆိုင်သူ ရှိတယ်
ဆိုတာကို ကျွန်တော် သိပေမဲ့ ကျွန်တော် မစောင့်စည်းနိုင်တော့ဘူး မမ၊ ဒါ
ကြောင့် အရဲစွန့်ပြီး မမ နောက်ကို လိုက်လာခဲ့တာပဲ၊ ကျွန်တော့်မှာ မမကို
ချစ်တယ် ဆိုတဲ့ စိတ်မှ အပ အခြား ဘာမှ မရှိတော့ဘူး၊ ခုတော့ ကျွန်တော့်
အဖို့ မျှော်လင့်ချက်လည်း မရှိတော့ဘူးပေါ့နော် မမ'

ကိုသက်ဆွေက လှမ်း၍ မေးလိုက်သည်။

'မမ ပြောပြတဲ့ အတိုင်း မန္တလေးကိုသာ ပြန်ပါ မောင်သက်ဆွေ၊ မမ
ဒီစကားတွေကို နောက်ထပ် မကြားပါရစေနှင့်တော့၊ မမနှင့် မောင်သက်ဆွေ
ဟာ မိတ်ဆွေလိုပဲ နေကြပါစို့၊ ဟုတ်လား'

မမက တစ်လုံးချင်း ပြောနေသည်။

သို့ရာတွင် သည်စကားများမှာ အသည်း နာနာနှင့် ပြောလိုက်ရသော စကား
များ ဖြစ်ကြောင်းကို မျက်လုံးများက သက်သေ ခံနေသည်။

'မိတ်ဆွေလို နေကြဖို့ ဆိုတာ ထည့်မပြောပါနှင့်တော့ မမရယ်၊ ကျွန်တော်
နှင့် မမတို့ နှစ်ယောက်ဟာ အပျော်ဆုံး လူတွေ ဖြစ်ကြမလား၊ စိတ် အဆင်းရဲ
ဆုံး လူတွေ ဖြစ်ကြမလား၊ ဒီ နှစ်လမ်းပဲ ရှိပါတယ်၊ ဘယ်လမ်းကို သွားမလဲ
ဆိုတာ မမ အပေါ်မှာ တည်ပါတယ်'

မမက တစ်စုံတစ်ရာ ပြောရန် ပြုလိုက်သည်။

သို့ရာတွင် ကိုသက်ဆွေက

'ကျွန်တော့် အဖို့ မျှော်လင့်ချက် ရှိသေးသလား၊ မရှိတော့ဘူးလား ကျွန်
တော် ဒီတစ်ချက်ပဲ သိချင်ပါတယ်၊ တကယ်လို့ ကျွန်တော့်ကို မုန်းတယ် ဆိုရင်

"ကျွန်တော့် မျက်နှာကို မကြည့်ချင်ဘူးလို့သာ မမက တစ်ခွန်းတည်း ပြော လိုက်ပါ၊ မမ ကျွန်တော့်ကို မမြင်ရတော့ပါဘူး၊ ကျွန်တော် ရှိနေတာဟာ မမ အတွက် အနှောင့်အယှက် ဖြစ်နေမယ် ဆိုရင် ကျွန်တော် ရှောင်သွားပါ့မယ်၊"

ကိုသက်ဆွေက လှိုက်လှဲစွာ ပြောချလိုက်သည်။ မမသည် ကိုသက်ဆွေ ကို သနားသလို ဖြစ်သွားသည်။

'အို မောင်သက်ဆွေရယ်၊ မမကို ဒီလို မပြောပါနှင့်၊ မမက မင်းကို နှင် ထုတ်နေတာ မဟုတ်ပါဘူး'

'ဒီလိုဆို ကျွန်တော် မျှော်လင့်ချက် ထားနေပါရစေဦးနော် မမ'

အိမ်ရှေ့မှ ကားဆိုက်သံ ကြားရကာ ဦးသက်ထွန်း ရောက်လာလေသည်။ ဦးသက်ထွန်းသည် ဇနီးသည် မမနှင့် ကိုသက်ဆွေ နှစ်ယောက်တည်းကို ဧည့် ခန်းတွင် တွေ့လိုက်ရသော အခါ တစ်ချက်မျှ မျက်နှာ ပျက်သွားသည်။ သို့ရာ တွင် ချက်ချင်း ပြန်၍ ဣန္ဒြေ ဆည်ကာ ကိုသက်ဆွေကို ပြုံး၍ နှုတ်ဆက် လိုက်သည်။

ဒေါ်မြမြမေကပါ ရောက်လာကာ လေးယောက်သား စကား ပြောနေ ကြသည်။ နာရီဝက်လောက် စကား ပြောကြပြီးနောက် ဦးသက်ထွန်းနှင့် မမ သည် နှုတ်ဆက်၍ ပြန်သွားကြလေသည်။



## ၂

ဦးသက်ထွန်းသည် တစ်လမ်းလုံး စကား မပြောဘဲ စဉ်းစား၍ လိုက်ပါလာ သည်။ ကိုသက်ဆွေနှင့် မမကို ဧည့်ခန်းတွင် နှစ်ယောက်တည်း တွေ့လိုက်ရပုံမှာ သင်္ကာမကင်းစရာ ဟူ၍ကား ဘာမျှ မတွေ့ရသော်လည်း စိတ်ထဲတွင်မူ မသိုး မသန့် ဖြစ်နေမိသည်။ မနှစ်မြို့နိုင်ဘဲ ရှိနေသည်။ ထို့ကြောင့် မမကို ဖွင့်ပြော ရန် ဆုံးဖြတ်လိုက်သည်။

အိမ်သို့ ရောက်လျှင် ဦးသက်ထွန်းသည် ထုံးစံ အတိုင်း စာကြည့်ခန်းထဲ တွင် ထိုင်၍ စာ ဖတ်နေသည်။ သို့သော်လည်း စာကို စိတ်မဝင်စားတော့ပေ။ သူ့ မျက်စိထဲတွင် မမနှင့် ကိုသက်ဆွေ၏ ရုပ်ပုံကိုသာ မြင်ယောင်နေသည်။ စာ ဖတ်၍ မရတော့သဖြင့် အိပ်ရာဝင်ခါနီး ကမ္မဋ္ဌာန်း ထိုင်နေကျ အတိုင်း ကမ္မဋ္ဌာန်း ထိုင်ရန် ကြိုးစားသော်လည်း မရတော့ပေ။

ဦးသက်ထွန်းသည် အိပ်ခန်း တံခါးကို တွန်းဖွင့်ကာ အခန်းထဲသို့ လှမ်း ကြည့်လိုက်သည်။ မမသည် ခုတင်ဘေး မလှမ်းမကမ်း မီးတိုင် အောက်ရှိ ပက်လက် ကုလားထိုင် တစ်လုံးပေါ်တွင် စာ ဖတ်နေသည်။

မမနှင့် ကိုသက်ဆွေတို့ အနေအထိုင်ကို မမအား ဖွင့်ပြောတော့မည်ဟု ဆုံးဖြတ်လိုက်တုန်းကတော့ ခပ်လွယ်လွယ်ပဲဟု အောက်မေ့ခဲ့သည်။ သို့ရာတွင် တကယ် တော့တော့ဆိုင်ဆိုင် ပြောကြမည် ဆိုတော့ ထင်သလောက် မလွယ်သည် ကို တွေ့လာရသည်။

ဦးသက်ထွန်းသည် ဇနီးသည်အား မနာလိုခြင်းလည်း မဟုတ်ပေ။ ဇနီး သည်ကို ယောကျ်ား တစ်ယောက်နှင့် စကား ပြောရုံမျှဖြင့် မနာလို ဝန်တိုခြင်း မှာ ကိုယ့် ဇနီးအား ကိုယ်က ပြန်၍ စော်ကားရာ ရောက်သည်၊ အထင်သေးရာ ရောက်သည်ဟု ယူဆမိသည်။ အကြင်လင်မယား အဖြစ် ပေါင်းသင်းလာကြပြီး နောက်တွင် တစ်ယောက်ကို တစ်ယောက် အယုံကြည် ကင်းမဲ့နေကြလျှင် သည် အိမ်ထောင်ရေးသည် ဘာအဓိပ္ပာယ် ရှိတော့မည်နည်း။

သူသည် မမကို ချစ်မြတ်နိုး၍ လင်သား အပေါ်တွင် သစ္စာ ရှိသော မိန်းမ တစ်ယောက်ဟု အမြဲတမ်း ယုံကြည်ခဲ့သူ ဖြစ်သည်။ ယခု ကိစ္စကို ဖွင့်မေးရာမှ စ၍ သာယာသော သူတို့ အိမ်ထောင်ရေးသည် မုန်တိုင်း တိုက်ခတ်ခြင်း ခံရသလို ပြိုကွဲသွားမည်ကိုလည်း စိုးရိမ်မိသည်။

ထို့ကြောင့် ဦးသက်ထွန်းသည် ဆုံးဖြတ်၍ မရနိုင်ဘဲ တံခါးဝတွင် အတော်ကြာ ရပ်နေပြီးမှ အောက်ထပ် ဧည့်ခန်းထဲသို့ ဆင်းလာကာ ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်၍ နေမိပြန်သည်။

'ငါ ဆုံးဖြတ်ချက်ကို ဖွင့်ပြောလိုက်ရမလား'

ဦးသက်ထွန်းသည် စိတ်ထဲတွင် ချီတုံချတုံ ဖြစ်လျက် ရှိသည်။ ဘယ်က စ၍ ပြောရမည်ကိုတောင် စဉ်းစား၍ မရပေ။ ဇနီးသည်အား ကိုသက်ဆွေနှင့် စကား ပြောနေသည်ကို တွေ့ရုံကလေးဖြင့် ဖွင့်ပြောရန်ကလည်း တကယ်တော့ မိမိဘက်က သဘောထား သေးရာ ရောက်နေမည်လားဟု တွေးမိသည်။ သို့ရာတွင် မပြောဘဲ နေပါကလည်း ကိုသက်ဆွေနှင့် မမတို့ သည့်ထက်သည် ရင်းနှီးသွားကြကာ အများ ပြောစရာ ဖြစ်မည်ကို စိုးရိမ်မိပြန်သည်။ သားလေး အတွက်လည်း ရင်လေးမိပြန်သည်။ အခြေအနေ ဆိုးလာပြီး သူတို့ အိမ်ထောင်ရေး ဖရိုဖရဲ ဖြစ်သွားမည်ကို ပူပန်မိပြန်သည်။

ထို့ကြောင့် ဦးသက်ထွန်းသည် အိမ်ပေါ်ထပ်သို့ ဖြည်းညင်းစွာ တက်လာကာ အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။

မမသည် သူ့ ခြေသံကို ကြားတော့မှ စာအုပ်ကို ပိတ်ကာ ပါးစပ်ကို လက်ဝါးဖြင့် ဖုံး၍ သမ်းဝေလိုက်သည်။

'ကိုကို အိပ်တော့မလို့လား၊ မမလည်း စာဖတ် ကောင်းကောင်းနှင့် ဖတ်နေလိုက်တာ ဆယ်နာရီတောင် ခွဲသွားပြီ'

'မအိပ်သေးပါဘူး၊ မမကို စကား တစ်ခွန်းလောက် ပြောစရာ ရှိလို့ စောစော တက်လာတာ'

ဦးသက်ထွန်းက အခန်းထဲတွင် လမ်းလျှောက်ရင်း ပြန်ပြောလိုက်သည်။

'ဘာများ ပြောစရာ ရှိလို့လဲ ကိုကိုရယ်၊ ထူးထူးဆန်းဆန်း'

မမက အံ့အားသင့်စွာ မေးလိုက်သည်။ တစ်မူ ထူးခြားနေသော ဦးသက်ထွန်း၏ အမူအရာကိုလည်း အကဲခတ်နေမိသည်။

'တခြားတော့ မဟုတ်ပါဘူး၊ မမကို သတိပေး စကား တစ်ခွန်း ပြောချင်လို့ပါ'





ဦးသက်ထွန်းက မမကို မကြည့်ဘဲ ပြောလိုက်သည်။ မမ ရင်ထဲတွင် အလုံးကြီး တက်ဆောင့်သလို ဒိတ်ခနဲ ဖြစ်သွားသည်။

'ဘာများ သတိ ပေးစရာ ရှိလို့လဲ ကိုကို၊ မမ အပေါ်မှာ ဘာများ မကျေနပ်တာ တွေ့လို့လဲ'

မမက ဦးသက်ထွန်းကို ကြည့်နေသည်။ မမ၏ အသွင်အပြင် အမူအရာမှာ ပကတိ အပြစ် ကင်းစင်သော အမူအရာ ဖြစ်သည်။ အပြစ် ကင်းဟန်ဆောင်သော အမူအရာဟု ထင်လိုက်သည်။

'ကိုကို့ စကားတွေဟာ မမ အဖို့ ထူးဆန်းချင်လည်း ထူးဆန်းနေမှာပဲ၊ ဒါပေမဲ့ ကိုကို့မှာ ပြောဖို့ ဝတ္တရား ရှိတယ်၊ အခွင့်အရေး ရှိတယ် ထင်လို့ ကိုကို ပြောတာပဲ၊ မမကို ကြည့်ရတာဟာ နည်းနည်း သတိလက်လွတ် နေပုံရတယ်လို့ ကိုကို ထင်နေတယ်၊ ဒီအတိုင်းသာ မမ ဆက်နေသွားရင် တစ်နေ့မှာ ဘေးပတ်ဝန်းကျင်က ပြောစရာ ဖြစ်လာလိမ့်မယ်၊ ညဦးပိုင်းက မောင်သက်ဆွေနှင့် မမတို့ ပြောဆို ဆက်ဆံပုံတွေဟာ နည်းနည်း လက်ပွန်းတတီး ရှိလွန်းတယ်လို့ ကိုကို ထင်တယ်'

မမသည် ဦးသက်ထွန်းအား ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ မမ၏ မျက်လုံးများမှာ တလက်လက် တောက်ပနေကြသည်။

'ဘာလဲ၊ ကိုကိုက မမကို မောင်သက်ဆွေနှင့် တစ်မျိုး ထင်တယ် ဆိုပါတော့၊ ဒါတော့ မမကို တမင်သက်သက် အပြစ် ရှာတာပဲလို့ ထင်တယ်၊ လက်ထပ်ပြီးခါစတုန်းက မမ ဘာသာ မမ ခပ်အေးအေး နေတော့ မမဟာ ရိုးတယ် အတယ်၊ အရာရှိ ကတော်လို မနေတတ်ဘူး ဆိုပြီး အပြစ် ရှာတယ်၊ ခု အပေါင်းအသင်းနှင့် လိုက်လိုက်လျောလျော ခေတ်ဆန်ဆန် နေတော့လည်း အပြစ် တစ်မျိုး ရှာလာတယ်၊ ကိုကို ဒီလို မသင်္ကာတတ်ပုံမျိုးနှင့် ဆိုရင် မမ ဘယ့်နှယ်လုပ် နေရမလဲ'

မမက ရှိုက်သံနှင့် ပြောလိုက်သည်။ သူ့ အသံမှာ မသိမသာ တုန်၍ နေသည်။

'ဘယ်လိုလုပ် နေရမလဲ ဆိုတာ ကိုကို ပြောဖို့ မလိုပါဘူး၊ မမ ဘာသာ မမ သိပါတယ်၊ မနာလို ဝန်တို ဖြစ်တတ်တဲ့ စိတ်ဟာ မကောင်းမှန်း ကိုကို သိပါတယ်၊ ကိုကို့ အလုပ် ကိစ္စနှင့် ပတ်သက်လို့ပဲ ဖြစ်ဖြစ် မမနှင့် ပတ်သက်လို့ပဲ ဖြစ်ဖြစ် ကိုကိုဟာ မနာလိုစိတ် မရှိအောင် အမြဲ ကြိုးစားတယ်၊ ဒါပေမဲ့ လူမှာ လူ့အလိုက် စောင့်ထိန်းရမယ့် ကျင့်ဝတ်တွေ ရှိတယ် မမ၊ လူ့ကျင့်ဝတ်

တွေကို လူက မစောင့်ထိန်းလို့ ရှိရင် မစောင့်ထိန်းမှု အတွက် ဒဏ် ပြန်ခံရလိမ့်မယ်၊ ဒီနေ့ ည မမနှင့် မောင်သက်ဆွေတို့ ပြောပုံ ဆိုပုံ ကြည့်ပုံ ရှုပုံတွေဟာ တစ်မျိုးပဲလို့ ကိုကို ထင်တယ်၊ ကိုကို ပြောချင်တဲ့ အကြောင်းကတော့ ဒါပဲ'

'ကိုကို ထင်ချင်သလို ထင်ပေါ့၊ မမကတော့ ဘာမှ မထူးခြားဘူး၊ မောင်သက်ဆွေနှင့် မမဟာ ရိုးရိုးတန်းတန်း ဆက်ဆံတာပဲ'

မမက နှုတ်ခမ်းကို မဲ့၍ ပြောလိုက်သည်။

'ရိုးတယ် မရိုးတယ် ဆိုတာ ကိုကို့ အလုပ် မဟုတ်ဘူး၊ မမရဲ့ အလုပ်ပဲ၊ မမ စိတ်ထဲလည်း ကိုကို ဝင်ကြည့်နိုင်တာ မဟုတ်ဘူး၊ တကယ် ဟုတ် မဟုတ်တော့ မမသာ သိမှာပဲ၊ ကိုကို့ အဖို့ကတော့ ပြောသင့်တယ် ပြောဖို့ ဝတ္တရား ရှိတယ် ထင်လို့ ပြောတာပဲ'

'သြော် ဒါဖြင့် မမကပဲ ဝတ္တရား ပျက်ပြီး ဖောက်လွဲ ဖောက်ပြန် လုပ်နေတယ်ပေါ့လေ'

'ပြောပြီးပါကော၊ ဝတ္တရား ပျက်တယ် မပျက်ဘူး ဆိုတာ ကိုကို့ကို မမေးနှင့်၊ မမကိုယ် မမ ပြန်မေးပါလို့၊ ကိုကိုကတော့ ကိုကို့ အတွက်ကော မမ အတွက်ကော နှစ်ယောက်စလုံး အတွက် ပြောတာပဲ၊ မမရဲ့ ယောကျ်ားဟာ ကိုကို ဆိုတာ မမ သတိ ရဖို့ ကောင်းတယ်၊ ကိုကိုဟာ မမကို ချစ်တယ် မြတ်နိုးတယ်၊ မမ ချစ်တဲ့ လူဟာ ကိုကို တစ်ယောက်တည်း ဖြစ်သင့်တယ်လို့ ထင်တယ်'

မမသည် ဦးသက်ထွန်း၏ စကားများကြောင့် အံ့အားသင့်သွားသည်။ ဦးသက်ထွန်းလို လူ တစ်ယောက်က အချစ် အကြောင်းကို ပြောလာသဖြင့် အံ့အားသင့်နေသည်။ အချစ် ဆိုတာ သည်လို လူမျိုးတွင် ရှိမှ ရှိရဲ့လားဟုလည်း တွေးနေမိသည်။

မမက တစ်စုံတစ်ရာ ပြောရန် ပြင်လိုက်သည်တွင် ဦးသက်ထွန်းက လက်ကာ ပြကာ

'နေဦး မမ၊ ကိုကို ဆက်ပြောဦးမယ်၊ ကိုကိုဟာ မမကို ချစ်တယ်၊ ဒါပေမဲ့ ခု ဒီစကားကို ပြောနေရတာ ကိုကို့ အတွက် မဟုတ်ဘူး၊ ဒီကိစ္စမှာ အရေးကြီးဆုံးက ကလေး အတွက်ပဲ၊ ခု ကိုကို ပြောနေတာဟာ မလိုလို့ ပြောနေတာ ဖြစ်ချင် ဖြစ်မယ်၊ ကိုကို အထင်လွဲပြီး ပြောနေတာ ဖြစ်ချင် ဖြစ်မယ်၊ ဒီလိုဆိုရင် မမကို ကိုကို တောင်းပန်တယ်၊ ဒါပေမဲ့ မမ ဘာသာ မမ ခေါင်း





အေးအေးနှင့် စဉ်းစားပြီး ကိုကို အထင်လွဲတာဟာ လွဲသင့်လို့ လွဲတာကို တွေ့လာရင်တော့ မမကို ပြောတဲ့ စကားတွေကို သေသေချာချာ စဉ်းစားပါ၊ ဒါပဲ'

ဦးသက်ထွန်းသည် သူ ပြောချင်ရာတွေကို ပြောပြီး အောက်ထပ်သို့ ဆင်းသွားသည်။

မမသည် ငေး၍ ကျန်ရစ်ခဲ့သည်။ သူ့ မျက်စိထဲတွင် ဦးသက်ထွန်း၊ သားငယ် တူးတူးနှင့် ကိုသက်ဆွေတို့၏ ပုံသဏ္ဌာန်သည် တစ်လှည့်စီ ပေါ်နေကြသည်။

၃

ထိုညနောက်မှ စ၍ ဦးသက်ထွန်းနှင့် မမတို့၏ ဆက်ဆံရေးမှာ တစ်မျိုး တစ်ဖုံ ပြောင်းလဲလာခဲ့သည်။ မမကလည်း ပါတီများ၊ ညစာစားပွဲများ၊ ကပွဲများသို့ သွားနေပြီး အထူးသဖြင့် ဒေါ်မြမြမေ၏ အိမ်သို့ မကြာခဏ ရောက်တတ်သည်။ ရောက်တိုင်းလည်း ကိုသက်ဆွေနှင့် တွေ့တတ်သည်။ ဦးသက်ထွန်းမှာ သိသော်လည်း သည်အတိုင်းပင် ကြည့်နေရသည်။ ဘာမျှ မတတ်နိုင်ပေ။ သည်ကိစ္စကို ဖွင့်ပြောမည်ဟု ကြံစည်တိုင်း မမက ရှောင်လွှဲ၍ ထွက်သွားတတ်သည်။

အပြင်ပန်းအားဖြင့် ဦးသက်ထွန်းနှင့် မမတို့၏ အိမ်ထောင်ရေးမှာ ဘာမျှ ထူးခြားသော ပြောင်းလဲချက် မရှိသော်လည်း အတွင်းတွင်မူ အကြီးအကျယ် ပြောင်းလဲလာခဲ့သည်။ အစိုးရ အုပ်ချုပ်ရေး လုပ်ငန်းများကို နိုင်နင်းစွာ လုပ်ကိုင်နိုင်ခဲ့သော ဦးသက်ထွန်းသည် သူ့ အိမ်ထောင်ရေး ကိစ္စတွင် ဘာမျှ မတတ်နိုင်ဘဲ ဖြစ်နေသည်။ ဦးသက်ထွန်းသည် ကိုသက်ဆွေကို ရွံ့မုန်းကြီး ဖြစ်၍ နေသည်။ ဦးသက်ထွန်းက မုန်းသလောက် မမ အဖို့ ကိုသက်ဆွေသည် မြတ်နိုးစရာ ဖြစ်နေ၏။

ကိုသက်ဆွေသည် ဆိုဖာပေါ်တွင် ထိုင်ရင်း မမကို မိုး၍ ကြည့်နေသည်။ သူ့ လက်များသည် မမ၏ ဝါဝင်း နူးညံ့သော ပခုံးသားကို ဖျစ်ညှစ် ဆုပ်နယ်နေသည်။ မမသည် ဆိုဖာ ခြေရင်းရှိ ကော်ဇောခင်း ကြမ်းပြင်တွင် ဒူးထောက်ထိုင်ကာ ကိုသက်ဆွေ၏ ပေါင်ပေါ်တွင် မျက်နှာ အပ်၍ တရှုံ့ရှုံ့ ငိုနေသည်။

'မငိုပါနှင့် မမရယ်၊ တိတ်ပါနော် မမ၊ ဟုတ်လား'

ကိုသက်ဆွေက မမ၏ ဝါဝင်းသော ကုပ်ပေါ်တွင် ဝဲနေသော ဆံစ စိမ်းစိမ်း နုနုများကို ဖယ်ရှားကာ နမ်းလိုက်သည်။

'မမတော့ သေချင်တာပဲ မောင်သက်ဆွေ၊ မမ သေပစ်လိုက်ချင်တယ်'

မမ၏ ရင်ထဲတွင် တင်းကျပ်နေသည်။ သူ့ အဖြစ် အတွက်လည်း သူ ရှက်သလို ဖြစ်နေမိသည်။

ခုတော့ မမသည် ကိုသက်ဆွေ၏ လက်ခုပ်ထဲတွင် သွန်လိုသွန် မှောက်လိုမှောက် ကျရောက်သမျှကို ရင်ဆိုင်ဖို့သာ ရှိတော့သည်။

ကိုသက်ဆွေသည် မမ၏ မျက်နှာကို ဆွဲ၍ မော့ယူကာ နမ်းရှုပ် လိုက်ပြန်သည်။

'မောင်သက်ဆွေ၊ မမကိုတော့ ရက်စက် မသွားပါနှင့်နော်၊ မမကို လူတွေ အားလုံးက ကဲ့ရဲ့ကြတော့မယ်၊ မမမှာ အားကိုးစရာ ဆိုလို့ မောင်သက်ဆွေ တစ်ယောက်တည်းပဲ ရှိတော့တယ်'

မမက တဟင့်ဟင့် ရှိုက်နေသည်။

'မမကို စွဲလမ်းလို့ ကျွန်တော် အခက်အခဲတွေ ကြားထဲက လိုက်ခဲ့သူပါ မမရယ်၊ မမကို ရက်စက်ပါ့မလား၊ ဒီတော့ ဟောဒီ မမနှင့် တွေ့ရ ကြုံရတဲ့ ပျော်စရာ အချိန်တွေကို..'

'မင်း အဖို့တော့ ပျော်စရာတွေချည်းပဲပေါ့ မောင်သက်ဆွေ၊ မမ အဖို့တော့ ပျော်စရာရော စိတ်ညစ်စရာရော ဝမ်းနည်းစရာရော'

'အို မမကလည်း ဖြစ်ပြီးသားတွေ မပြောနှင့်တော့လို့ ပြောနေ၊ ကဲ ပြောဦး ပြောဦး၊ ဟောဒီ ပါးစပ်က ပြောဦး'

ကိုသက်ဆွေသည် မမ၏ နှုတ်ခမ်း အစုံကို ဖိ၍ နမ်းနေသည်။ မမသည် ကိုသက်ဆွေ၏ ရင်ခွင်ထဲတွင် ငြိမ်၍ ကျသွားသည်။ စိတ်ညစ်စရာတွေကို မတွေးတော့ဘဲ မေ့ပစ်လိုက်သည်။ သူ့စိတ်ထဲတွင် ဦးသက်ထွန်းသည် တရားဝင် လင်ယောကျ်ား ဖြစ်၍ ကိုသက်ဆွေသည် တရားမဝင်သော လင်ယောကျ်ားဟု ယူဆထားလိုက်သည်။

ကိုသက်ဆွေ အဖို့ ဆိုလျှင်လည်း မမသည် သူ၏ ချစ်သူ ဖြစ်သည်။ မမသည် တွေ့သည့် နေ့က စ၍ ကိုသက်ဆွေ၏ အသည်းနှလုံးများကို ကိုင်လှုပ်ခဲ့သည်။ ထို့ကြောင့် အပျိုစင် ခင်သီသီကိုပင် ရှောင်ခွာကာ မမ နောက်သို့ တကောက်ကောက် လိုက်လာခဲ့သည်။ ယခုတော့ မမ၏ အချစ်ကို ပိုင်ဆိုင်ရလေပြီ။

သို့ရာတွင် ကိုသက်ဆွေသည် သူနှင့် မမတို့၏ အချစ်ရေးကို တတ်နိုင်သမျှ လျှို့ဝှက် ထားခဲ့သည်။ ရင်းနှီးသော မိတ်ဆွေ သူငယ်ချင်းပိုင်းက စကားစလာလျှင်လည်း လှီးလွှဲခဲ့သည်သာ ဖြစ်လေသည်။

သို့ရာတွင် သူတို့ ကိစ္စမှာ အထက်တန်းလွှာ အသိုင်းအဝိုင်းတွင် ဖုံးအုပ်၍ မရတော့ဘဲ တီးတိုး ပြောသံများကို ကြားလာရသည်။





မမကို မနာလို ဝန်တို ဖြစ်ကြသော မင်းကတော်များကမူ သူတို့ ထင်သည့် အတိုင်း ဟုတ်ပြီဟု ဆိုကာ အချင်းချင်း မေးငေါ့ကြသည်။ တစ်နေ့တွင် ဖုံးမနိုင် ဖိမရ ပေါက်ကွဲလာတော့မည်ဟု ဝမ်းသာအားရ ပြောတတ်ကြသည်။ ဖုံးမနိုင် ဖိမရ အုတ်အော်သောင်းတင်း ဖြစ်လာသည့် အချိန်တွင် မမအား ရွှံ့ပုပ်များဖြင့် ပက်ရန်လည်း အဆင်သင့် ဖြစ်နေကြသည်။

ကိုသက်ဆွေ၏ မိခင် ဒေါ်ချစ်ချစ်သည် တီးတိုး စကားများကို ကြားနေရသော်လည်း သူ့ သားလို အပျိုစင် မိန်းမကလေး တစ်ယောက်ကို ခေါင်းခေါက် ယူနိုင်သည့် ပညာ တတ်၍ ရုပ်ချောသူ တစ်ယောက်သည် မမလို လင်ရှိ မယားကို ကြိုက်လိမ့်မည် မဟုတ်ဟု ယူဆခဲ့သည်။

သို့ရာတွင် ကိုသက်ဆွေသည် မန္တလေး တက္ကသိုလ်တွင် ပါမောက္ခ ရာထူး တစ်ခုကို ငြင်းပယ်ကာ ရန်ကုန် တက္ကသိုလ်တွင် ကထိက တစ်ယောက် အဖြစ် ပြန်လည် ပြောင်းရွှေ့လာသော အခါတွင်မူကား သံသယ ဖြစ်စ ပြုလာသည်။ တက္ကသိုလ် အသိုင်း အဝိုင်းမှလည်း သတင်းတွေ ကြားလာရပြန်သဖြင့် အထိတ်တလန့် ဖြစ်လာသည်။

ကိုသက်ဆွေ၏ ဝမ်းကွဲ အစ်ကို ဖြစ်သူ အရာရှိကြီး တစ်ဦးက ဆိုလျှင် ကိုသက်ဆွေ သတင်းများကို ကြားရသည်နှင့် ဒေါ်ချစ်ချစ်ထံသို့ အမောတကော ရောက်လာကာ တိုင်တန်း၍ သွားသည်။ သူ့ အမြင်တွင် ကိုသက်ဆွေသည် တကယ် ချစ်သည် ဖြစ်စေ၊ မချစ်သည် ဖြစ်စေ မမနှင့် ကျူးလွန် ဖောက်ပြားရန် မသင့်ဟု အကြောင်းပြသွားသည်။

ယောကျ်ားလေး ဖြစ်၍ ပျော်ချင် ပါးချင်လျှင် ပျော်နိုင်သော မိန်းကလေးတွေနှင့် ပျော်ရုံပါးရုံလောက် တွဲသည်ကိုမူ ထိုအရာရှိကြီးက အကျင့် စာရိတ္တ ပျက်ပြားသည်ဟု မထင်ပေ။ သူ ကိုယ်တိုင်ကလည်း နာမည် သိပ် မကျော်သေးသော ရုပ်ရှင် မင်းသမီး တစ်ယောက်ကို တိတ်တိတ်ပုန်း ယူထားသဖြင့် သည်လို ပျော်ရုံပါးရုံလောက် ဆိုလျှင်တော့ ပြင်းထန်စွာ ကန့်ကွက်မည် မဟုတ်ပေ။

သို့ရာတွင် ကိုသက်ဆွေမှာ ပျော်ရုံပါးရုံလောက် မဟုတ်ဘဲ စွဲစွဲလမ်းလမ်း ဖြစ်နေသည်ကို မြင်ရသော အခါ မကျေနိုင် မချမ်းနိုင် ဖြစ်လာပေသည်။

# ၄

ကိုအောင်မိုးသည် တိုယိုတာ လယ်ထွန်စက် ခေါင်းကို ဖြုတ်၍ ဆီထိုးနေရာမှ ခြံဘက်ဆီမှ မော်တော်ကားသံ ကြားသဖြင့် လှမ်း၍ ကြည့်လိုက်သည်။ အစိမ်းရောင် လင်းရိဗာကား တစ်စီးသည် ဟွန်းပေးကာ တံတားကလေးကို ဖြတ်ကူး၍ လာသည်။ ကိုအောင်မိုးသည် မလာစဖူး ပေါ်လာသော လင်းရိဗာ ကားကလေးကို ငေး၍ ကြည့်နေသည်။ ဘယ်သူများလဲဟုလည်း တွေးနေ၏။

'ဟာ ဝန်မင်းပါလား'

ကိုအောင်မိုးက ကား တံခါးကို ဖွင့်၍ ဆင်းလာသော မောင်မောင်လတ်ကို မြင်လိုက်သဖြင့် ဝမ်းသာအားရ အော်လိုက်သည်။ မောင်မောင်လတ်သည် ချာကင် အင်္ကျီ၊ ဘောင်းဘီရှည်တို့ကို ဝတ်ထားကာ လက်တွင်မူ သားရေအိတ်ကြီးများ စွဲထားသည်။ ခေါင်းတွင် ကက် ဦးထုပ်ပျော့ကလေးကို ဆောင်းထားသည်။

ကိုအောင်မိုးသည် မောင်မောင်လတ်ကို မြင်လျှင် မြင်ခြင်း ခင်သီသီကို အမှတ် ရလာသည်။ ခင်သီသီနှင့် ကိုသက်ဆွေ လက်ထပ်ကြမည့် အချိန်ကိုတော့ မောင်မောင်လတ်ထံမှ သိရလိမ့်မည်ဟု မျှော်လင့်ပေသည်။

'အားတာနှင့် ၄ကပ်စ် ထွက်လာတာ၊ ခင်ဗျားဆီလည်း မရောက်ဖူးသေးတာနှင့် ဝင်ဦးမှပဲ ဆိုပြီး ဝင်ခဲ့တာ'

မောင်မောင်လတ်က ကိုယ်ပေါ်တွင် ကပ်နေသည့် ဖုန်များကို လက်ကိုင်ပဝါဖြင့် ခါ၍ နေသည်။

'ကဲ လာဗျာ ဘယ်သူတွေ ပါသေးသလဲ၊ ရောက်တုန်း ပြုတုန်း အေးအေးဆေးဆေးပေါ့'

မောင်မောင်လတ်က ကားပေါ်တွင် ပါလာသည့် နယ်ပိုင်ကို လှမ်းခေါ်လိုက်သည်။ ကိုအောင်မိုးသည် သူ့ တဲလေးဘက်သို့ ဧည့်သည်များကို ခေါ်သွားသည်။ ကိုအောင်မိုးသည် သူတို့ကို နေရာ ချပြီးနောက် ရေမိုးချိုးကာ

အဝတ်အစား လဲနေသည်။ မစိန်က နွားနို့ ပူပူနှင့် သစ်တော်သီးများကို လာချ
ချလေသည်။

'ခင်ဗျား အလုပ်နှင့် ခင်ဗျားတော့ ပျော်နေတာပဲ ဟင်၊ အေးဗျာ ခင်ဗျား
ဘဝ ကြည့်ပြီး ကျွန်တော်တောင် အားကျလာပြီ၊ ကြည့်စမ်း အိမ်ကလေးနှင့်
ပန်းပင် သစ်ပင်တွေနှင့်'

ကိုအောင်မိုးက ရေမိုးချိုး၍ အဝတ်အစား လဲပြီး ထွက်လာသည်တွင်
မောင်မောင်လတ်က လှမ်းပြောလိုက်သည်။ နယ်ပိုင်ကြီးမှာ ပန်းခင်းများကို
လျှောက်ကြည့်နေသည်။

မောင်မောင်လတ်က စိတ်ဝင်စားစရာ မန္တလေးမှ သတင်းများကို ပြောပြ
နေသည်။ ခင်ရီရီက ကိုအောင်မိုးကို နှုတ်ဆက်လိုက်ကြောင်းဖြင့်လည်း ပြောပြ
နေသည်။ သို့ရာတွင် ခင်သီသီ အကြောင်းကိုတော့ မောင်မောင်လတ်က ဘာမှ
မပြောဘဲ ချန်ထားသည်။

ကိုအောင်မိုးမှာ သိချင်လှသော်လည်း မောင်မောင်လတ်က ဘာမျှ မပြော
သဖြင့် အသာပင် ငြိမ်နေလိုက်သည်။

ခဏ ကြာလျှင် မောင်မောင်လတ်က ခေါ်သဖြင့် ကိုအောင်မိုးပါ ယာ
တောအေး တောစပ်သို့ ငှက်ပစ် ထွက်လာကြသည်။ မောင်မောင်လတ်က ချိုး
နှစ်ကောင် ရသည်။ ကိုအောင်မိုးကလည်း ချိုး နှစ်ကောင်ပင် ရလိုက်သည်။

သူတို့ သုံးယောက် ငှက်ပစ်ကြသည်မှာ ညနေစောင်းသည် အထိ ချိုး
လေးကောင်သာ ရလေသည်။ ပြန်ခါနီးတွင် နယ်ပိုင်ကြီး လက်ချက်ဖြင့် စနိုက်
ခြောက်ကောင် ရလိုက်သည်။

ယာတောနှင့် တစ်မိုင်ခန့် ဝေးတော့မှ မောင်မောင်လတ်က လက်ပတ်
နာရီကို ကြည့်ကာ

'အိုင်ဆေး လေးနာရီတောင် ထိုးတော့မယ်ဗျို့၊ ပြန်ကြဦးမှပဲ'

'နေပါဦးဗျ စောပါသေးတယ်၊ နောက်ထပ် ချိုး နှစ်ကောင်လောက် ရ
အောင်တော့ စောင့်ပါဦး'

ကိုအောင်မိုးက ပြောလိုက်သဖြင့် မောင်မောင်လတ်ကလည်း အသာပင်
နေလိုက်သည်။

'ဘယ့်နှယ်လဲ ခင်ဗျား ခယ်မတော် ကိစ္စက ဘယ်တော့လဲဗျ၊ လက်ဖက်
ရည်လေး ဘာလေး မသောက်ရသေးဘူးလား၊ ဟဲ ဟဲ'

ကိုအောင်မိုးက မအောင့်နိုင်တော့သည့် အဆုံး မေးလိုက်ရသည်။





'သီသီက အပျိုကြီး လုပ်တော့မှာ ထင်ပါရဲ့ဗျာ၊ ခုထက်ထိ ဘာသံမှ
မကြားသေးပါဘူး၊ ခု သူလည်း မမာဘူး၊ မဒရပ်မှာ ရောက်နေတယ်၊ ခင်ဗျား
မကြားမိဘူးလား'

'ဟင် ဟုတ်လား၊ တော်တော် ဆိုးသလား'

'ဟုတ်တယ်၊ တီဘီလို့ ပြောတာပဲ၊ မိတ္ထီလာမှာ တစ်လလောက် သွား
ကုသေးတယ်၊ နောက် မပျောက်တာနှင့် မဒရပ်ကို သွားတယ်၊ တစ်ပတ်လောက်
ပဲ ရှိသေးတယ်'

သူတို့ နှစ်ယောက် စကား ကောင်းနေတုန်းတွင် နယ်ပိုင်ကြီးက အချက်
ပေး ဝီစီ မှုတ်လိုက်သဖြင့် ကောင်းကင်သို့ လှမ်းကြည့်လိုက်ကြသည်။ ချိုး
လည်ပြောက် ဖိုမ နှစ်ကောင် ရင်ပေါင်တန်း၍ ပျံလာသည်ကို မြင်ရသည်။
မောင်မောင်လတ်နှင့် ကိုအောင်မိုးသည် တစ်ကောင်စီကို ချိန်၍ ပစ်ချလိုက်ကြ
သည်။ နှစ်ကောင်စလုံး ထိမှန်ကာ ချုံကြီးထဲသို့ ကျသွားလေသည်။

'ကျသွားပြီဗျို့'

ကိုအောင်မိုးက ချုံစပ်သို့ သွား၍ ကောက်ယူနေသည်။ သို့ရာတွင် သူ့
စိတ်ထဲတွင်မူ ခင်သီသီ၏ ကျန်းမာရေးကို တွေးပူနေမိသည်။ နုနယ် လှပသော
မိန်းကလေး တစ်ယောက်ကိုမှ သည်ရောဂါဆိုး ဝင်လာလေခြင်းဟု ယူကျုံးမရ
ဖြစ်နေမိသည်။

'လာဗျို့ ကိုအောင်မိုး၊ မိုးချုပ်နေလိမ့်မယ်'

မောင်မောင်လတ်က လှမ်းခေါ်သဖြင့် ကိုအောင်မိုးသည် သေနတ်ကို ထမ်း
၍ ဖြည်းညင်းစွာ လျှောက်လာခဲ့လေသည်။

နေဝန်းသည် တောင်တန်းများ နောက်သို့ လျှောကျစ ပြုလေပြီ။

## ၁

ကိုသက်ဆွေသည် မြင်းပေါ်မှ ခုန်၍ ဆင်းလိုက်သည်။ မြင်းဆိုက်က ဇက်ကို ကိုင်ကာ မြင်းကို ဆွဲ၍ သွားသည်။ လွတ်လပ်ရေး ပြိုင်ပွဲတွင် အရာရှိများ မြင်းစီး ပြိုင်ပွဲ ရှိ၍ ကိုသက်ဆွေမှာ မြင်းစီး ကျင့်နေသည်။ သူ ကိုယ်တိုင်က မြင်းပွဲကို ဝါသနာ ပါသည့်ပြင် မိတ်ဆွေများကလည်း တိုက်တွန်းကြသဖြင့် မြင်းစီး ပြိုင်ပွဲကို ဝင်ရန် ဆုံးဖြတ်ခဲ့ကာ လွန်ခဲ့သည့် ဆယ်ရက်ခန့်က စ၍ မြင်းစီး ကျင့်ခဲ့၏။

ကိုသက်ဆွေသည် ချွေးတွေကို သုတ်ကာ မောင်ညွန့် ယူလာသော အဝတ်အစားများကို လဲလိုက်ပြီး ဂရင်းစတင်း ရှေ့တွင် ရပ်ထားသော မော်တော်ကားဆီသို့ လျှောက်လာခဲ့သည်။ ခါတိုင်း ဆိုလျှင် နံနက် ခြောက်နာရီက စ၍ ရှစ်နာရီလောက်ထိအောင် မြင်းစီး ကျင့်လေ့ ရှိသော်လည်း ယခုမူ ခုနစ်နာရီခွဲသည်နှင့် မကျင့်တော့ဘဲ ခပ်စောစော ထွက်လာခဲ့သည်။

လွန်ခဲ့သည့် သုံးရက်လောက်က မမနှင့် တွေ့ရန် ချိန်းဆို ထားသော်လည်း မသွားဖြစ်ခဲ့ပေ။ သည်တုန်းက ဦးသက်ထွန်းမှာ အစိုးရ ကိုယ်စားလှယ် အဖွဲ့တစ်ခုနှင့် ဟောင်ကောင်သို့ တစ်ပတ်ကြာမျှ သွားရောက်နေသဖြင့် ကိုသက်ဆွေနှင့် မမတို့မှာ များစွာ လွတ်လပ်နေသည်။ ယနေ့လောက် ဆိုလျှင် ဦးသက်ထွန်း ပြန်ရောက်လောက်ပြီဟု တွေးမိသည်။ ယခု သွားလျှင် ဦးသက်ထွန်းနှင့်များ တွေ့နေမလားဟု စိတ်ထဲတွင် ထင့်နေသည်။

နောက်ဆုံးတွင် ဦးသက်ထွန်းနှင့် ပါသွားသော အရာရှိ တစ်ဦး အိမ်သို့ တယ်လီဖုန်း ဆက်မေးကြည့်တော့မှ ဦးသက်ထွန်းတို့ အဖွဲ့မှာ ဟောင်ကောင်တွင် သုံးရက်လောက် ကြာဦးမည်ဟု သိရကာ စိတ်ချလက်ချ ဖြစ်သွားပြီး မမတို့ အိမ်ဘက်သို့ ကားမောင်း၍ ထွက်လာခဲ့သည်။

ကိုသက်ဆွေသည် အိမ်ရှေ့သို့ ကားထိုး၍ ရပ်လိုက်ပြီး အောက်သို့ ဆင်းလိုက်သည်။

ကိုသက်ဆွေသည် အသံ မပြုသေးဘဲ လည်တိုင် စောင်းငဲ့နေပုံ၊ ကိုယ်ဟန် ယိမ်းနွဲ့နေပုံ၊ လက်ချောင်းများ ညွတ်ပျောင်းနေပုံကို ငေး၍ ကြည့်ကာ မမ၏ အလှတွင် ကြည်နူးနေမိသည်။

မမက လှည့်ကြည့်လိုက်တော့မှ ကိုသက်ဆွေသည် မမ အနားသို့ လျှောက်လာခဲ့လေသည်။

'မမ ဘာဖြစ်လို့လဲ ဟင်၊ နေမကောင်းဘူးလား'

ကိုသက်ဆွေသည် မမကို ပွေ့ဖက်ကာ ယုယ ပိုက်ထွေးလိုက်ချင်သည်။ သို့ရာတွင် အစေခံများ မြင်သွားမည် စိုးသဖြင့် မရဲဘဲ မမ ဘေးက ကုလားထိုင်တွင်သာ ဖြည်းညင်းစွာ ထိုင်လိုက်သည်။ သူ့ မျက်နှာမှာ စိုးရိမ် ပူပန်သော အသွင် ပေါ်နေသည်။

'ဟင့်အင်း ဘာမှ မဖြစ်ပါဘူး၊ နေကောင်းပါတယ်၊ စောစောစီးစီးပါလား မောင်သက်ဆွေ'

မမက ကိုသက်ဆွေကို လှမ်းကြည့်၍ ပြောလိုက်သည်။ ကိုသက်ဆွေသည် မမကို စိုးရိမ်တကြီးဖြင့် ကြည့်လိုက်ပြီး မမ၏ လက်ဖျားများကို လှမ်းယူကာ ဆုပ်နယ်ပေးနေသည်။

'ဟင် လက်ဖျားကလေးတွေ အေးလို့ပါလား၊ ဘာဖြစ်လို့လဲ'

'ဘာမှ မဖြစ်ပါဘူးကွယ်၊ တူးတူးနှင့် အိမ်က နာနီ လမ်းလျှောက်သွားကြတာ ပြန်မလာသေးတာနှင့် စောင့်နေတာ၊ သူတို့ ဒီဘက်က ပြန်လာလိမ့်မယ် မောင်သက်ဆွေ၊ သူတို့ မြင်သွားရင် မကောင်းဘူး'

'ခုလို ဗွတ် လာတာကို ကျွန်တော် တောင်းပန်ပါတယ် မမရယ်၊ မမကို တစ်နေ့ မမြင်ရရင် မနေနိုင်လို့ပါ၊ မမကို နေ့တိုင်း မြင်ချင်တယ်၊ နေ့တိုင်း ကြည့်ချင်တယ်၊ မမကို မမြင်ရရင် စိတ်ထဲမှာ တစ်မျိုးပဲ'

'တကယ်လား မောင်သက်ဆွေရယ်'

မမက ခပ်လျော့လျော့ ပြုံး၍ မေးလိုက်လေသည်။

'တကယ်ပေါ့ မမရဲ့၊ မမကို ကြည့်ရတာ တစ်မျိုးပဲ၊ နေမကောင်းလို့လား စိတ်ညစ်လို့လားဟင်၊ ပြုံးတာတောင် အားရပါးရ မရှိဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ဘာတွေ တွေးနေတာလဲဟင် မမ'

'ထုံးစံ အတိုင်းပေါ့ မောင်သက်ဆွေ၊ မမမှာ ဒီ့ပြင် ဘာတွေးစရာ ရှိလို့လဲ'

မမက ပြုံး၍ ပြောသည်။ မမ၏ အတွေးများသည် စိတ်ကြည်နူးခြင်းနှင့် စိတ်ဆင်းရဲခြင်းတို့ ရောပြွမ်းလျက် ရှိသည်။

မမသည် မောင်သက်ဆွေက ဘယ်လို တုံ့ပြန်မည်ကို သိလိုသဖြင့် မောင်သက်ဆွေ၏ မျက်နှာကို စူးစိုက်၍ ကြည့်နေမိသည်။

မောင်သက်ဆွေ၏ မျက်နှာမှာ သွေး မရှိတော့သလို ဖြူဖပ်ဖြူရော်၍ သွားသည်ကို သတိ ထားလိုက်မိသည်။ သူ့ နှုတ်ခမ်းများသည် တစ်စုံတစ်ရာကို ပြောတော့မလို တလှုပ်လှုပ် ဖြစ်ပြီးမှ ငြိမ်သက်၍ သွားသည်ကို မြင်လိုက်ရသည်။

ကိုသက်ဆွေသည် မမ၏ လက်ကို ဖြည်းညင်းစွာ လွှတ်ချလိုက်ပြီး ခေါင်းငိုက်စိုက် ကျနေ၏။

မမသည် ခေါင်းငိုက်စိုက် ကျကာ ကျောက်ရုပ်လို ငြိမ်သက်နေသော ကိုသက်ဆွေကို ကြည့်၍ သနားသလို ဖြစ်သွားသည်။ အားကိုးစိတ်များလည်း တဖွားဖွား ပေါ်လာကြသည်။ ထို့ကြောင့် မောင်သက်ဆွေ၏ လက်ကို ဆွဲယူ၍ ဖျစ်ညှစ်နေမိသည်။

ကိုသက်ဆွေသည် မမ စကားကို ကြားလိုက်ရတော့ ဦးသက်ထွန်းအား မုန်းတီးစိတ်များသည် ဆူပွက်လာသည်ဟု ထင်မှတ်လိုက်ရသည်။ သူ အမျှော်လင့်ကြီး မျှော်လင့်ခဲ့ရသော အချိန်ပိုင်း၊ သူ အတောင့်တကြီး တောင့်တခဲ့ရသော ကာလ အပိုင်းအခြားသည် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီဟုလည်း တွေးလိုက်မိသည်။

သူတို့၏ အချစ် ဇာတ်လမ်းကို ဦးသက်ထွန်း မသိအောင် ဖုံးဖိ၍ မရတော့သည့် အချိန်သည် ဆိုက်ရောက်လာပြီဟု လည်းကောင်း၊ သူတို့ နှစ်ဦး၏ သဘာဝ မကျသော တိတ်တိတ်ပုန်း ဆက်ဆံရေးကို တစ်နည်းမဟုတ် တစ်နည်းအားဖြင့် အဆုံးသတ်ရန် အချိန်သည် ဆိုက်ရောက် လာပေပြီဟု လည်းကောင်း တွေးလိုက်မိသည်။

ကိုသက်ဆွေသည် ဟင်းခနဲ သက်ပြင်းရှည်ကြီး တစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး လက်ကို မမထံမှ အသာ ရုန်းထွက်ကာ စင်္ကြံတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေသည်။

'ဟုတ်တယ် မမ၊ ကျွန်တော်နှင့် မမဟာ တစ်ယောက်ကို တစ်ယောက် အသည်းနှင့်အောင် ချစ်ခဲ့ကြတယ်၊ ကျွန်တော်တို့ နှစ်ယောက်ရဲ့ အချစ်ဟာ အပျင်းပြေရုံ အပေါ်ယံကြော ချစ်ခဲ့ကြတဲ့ အချစ် မဟုတ်ဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ နှစ်ယောက်စလုံးဟာ တကယ့် ဘဝကို မေ့ပြီး ကိုယ့်ကိုယ်ကိုယ် လိမ်နေခဲ့ကြတယ်၊ နေရေးထိုင်ရေး ပြဿနာတွေကို မစဉ်းစားခဲ့ကြဘဲ ရှောင်

## ၆

ကိုသက်ဆွေသည် သူတို့ ကိစ္စကို စာရင်း ရှင်းရန် မမအား မကြာခဏ ပူဆာခဲ့ဖူးသည်။

သို့ရာတွင် သူနှင့် အတူ လိုက်နေရန်ကိုပါ ပြောင်ပြောင်တင်းတင်းကြီး ပြောချလိုက်သည်မှာ ယခု အကြိမ်သည် ပထမဆုံး အကြိမ်ပင် ဖြစ်သည်။ သူက ပူဆာတိုင်း မမသည် မရေရာသော အကြောင်းပြချက်များဖြင့် စကားကို လှည့်လွှဲခဲ့သည်ချည်းပင် ဖြစ်သည်။ မမသည် ပတ်ဝန်းကျင်ကို ရင်မဆိုင်ရဲဘဲ ရှောင်ပြေးနေသည်ဟု ထင်မိသည်။

'သူ သိသည် ဖြစ်စေ မသိသည် ဖြစ်စေ ဒါက အရေးမကြီးပါဘူး မမရယ်၊ ကျွန်တော်တို့ အဖို့သာ စဉ်းစားစမ်းပါ၊ ကျွန်တော်တို့ ဒီလိုချည်းပဲ နေသွားလို့ ဖြစ်မယ် ထင်သလား မမ၊ ခုကိစ္စ ပေါ်လာတော့ သာတောင် မဖြစ်သေးဘူး'

'ဒါဖြင့် ဘယ်လို လုပ်ရမလဲ မောင်သက်ဆွေ၊ မမတော့ မတွေးတတ်အောင် ဖြစ်နေပြီ'

မမက ဆံပင်များကို ဖွ၍ ကုတ်လိုက်ပြီး သစ္စာပန်း ပွင့်လွှာလေး တစ်လွှာကို ကောက်ယူကာ ဆိတ်ဖွဲ့နေသည်။

'သူ့ကို အကုန် ပြောပြလိုက်ပြီး ကျွန်တော်နှင့် လိုက်နေပေါ့ မမရဲ့၊ ဘာခက်တာ မှတ်လို့'

'မင်း ပြောသလောက် မလွယ်ဘူး မောင်သက်ဆွေ၊ ကောင်းပါပြီ မင်းပြောသလိုပဲ လုပ်ပြီ ဆိုပါစို့၊ ဒီ ကိစ္စ အေးအေးဆေးဆေး ပြီးသွားမယ် ထင်သလား၊ မပြီးဘူး မောင်သက်ဆွေ မပြီးဘူး၊ မမတော့ ခုတည်းက မြင်နေပြီ၊ မင်းကို အစက သတိ ပေးခဲ့သားပဲ၊ ဂုဏ်သိက္ခာ ပျက်မယ်၊ လူ ပြောစရာ ဖြစ်မယ်၊ ငါ့စကားမှ မင်း နားမထောင်ခဲ့ဘဲကိုးလို့ သူက ကိုယ့် အပေါ်မှာ အပြစ်ပုံတော့မယ်၊ ဒါတင်မကဘူး ခုလို ဖြစ်လို့ မမကို သူ ပြတ်ပြတ်စဲစဲ လုပ်လိမ့်

သို့ရာတွင် သည်ကိစ္စတွင်တော့ မမသည် စိတ် မချမ်းသာမှုကို ကြိတ်မှိတ်၍ ခံနေခဲ့သည်။ မပြတ်မသား ဖြစ်နေသည်။ ယင်းသို့ ဖြစ်နေခြင်းမှာ သားကလေး တူးတူး အတွက် ဖြစ်ကြောင်းကို ကိုသက်ဆွေသည် ယခုမှပင် သဘောပေါက် နားလည်စ ပြုလာသည်။

မမ အဖို့လည်း ဤ အခက်အခဲမှာ အခက်တကာ့ အခက်ကြီး ဖြစ်နေသည်။ တူးတူး အကြောင်းကို တွေးလိုက်တိုင်း တူးတူးသည် ကြီးပြင်းလာသော အခါတွင် သူ့အား သားနှင့် အဖေကို ရက်ရက်စက်စက် စွန့်ပစ်သွားသော မိန်းမရိုင်းကြီး တစ်ယောက်ဟု စိတ်ထဲတွင် စွဲနေတော့မည်ကို စိုးရိမ်ကြောက်လန့်နေသည်။

'တော်ပါတော့ မောင်သက်ဆွေရယ်၊ ထွက်ပြေးဖို့ ကိစ္စ မမကို နောက်ထပ် မပြောပါနှင့်လို့ မမ တောင်းပန်ပါတယ်'

'ကျွန်တော်ကလည်း မပြောချင်ပါဘူး၊ ဒါပေမဲ့'

'တော်ပါတော့ မောင်သက်ဆွေ၊ မပြောပါနှင့်လို့ မမ တောင်းပန်ပါတယ်၊ ခုလို နေရတာဟာ မမ အဖို့ မကောင်းမှန်း သိပါတယ်၊ ဒါပေမဲ့ မောင်သက်ဆွေ ပြောသလို လုပ်ဖို့ ဆိုတာက အပြော လွယ်သလောက် တကယ် လုပ်ဖို့ကျတော့ ခက်တယ် မောင်သက်ဆွေ၊ မမ တောင်းပန်ချင်တာကတော့ ထွက်ပြေးဖို့ ကိစ္စနှင့် ပတ်သက်လို့ နောက်ထပ် မမကို မပြောပါနှင့်တော့လို့သာ မမ တောင်းပန်ချင်ပါတယ်'

'မမက မပြောပါနှင့်တော့ ဆိုရင်လည်း ကျွန်တော် မပြောတော့ပါဘူး မမရယ်၊ ဒါပေမဲ့ မမမှ စိတ် မချမ်းသာဘဲ ကျွန်တော်လည်း ဘယ် စိတ်ချမ်းသာနိုင်ပါ့မလဲ မမရယ်၊ ကျွန်တော့် အဖို့ကတော့ တစ္ဆေခြောက် ခံရသူလို..'

'မမ စိတ် မချမ်းသာတာကို ထားပါကွယ်၊ မောင်သက်ဆွေကသာ ဒီအကြောင်းတွေကို နောက်ထပ် မပြောရင် ဒီ စိတ် မချမ်းသာမှုတွေဟာ ပျောက်ကွယ်သွားကြမှာပါ၊ ပျောက်မသွားတောင်မှ စိတ် မချမ်းသာမှုကို မမ တစ်ယောက်တည်း ကြိတ်မှိတ် ခံနိုင်ပါတယ်၊ မမကတော့ မောင်သက်ဆွေကိုပဲ သနားတယ်၊ မမကြောင့် မောင်သက်ဆွေရဲ့ ဘဝဟာ ပျက်စီးခဲ့ရတာကို တွေးပြီး စိတ်မကောင်း ဖြစ်မိပါသေးတယ်'

'ကျွန်တော့် အပြစ်နှင့် ကျွန်တော်ပါ မမရယ်၊ ကျွန်တော်ဟာ ကျွန်တော့် ဒုက္ခကို ကျွန်တော် ရှာရုံသာမက မမကိုပါ ဒုက္ခထဲ ဆွဲခေါ်ခဲ့သေးတယ်၊ ကျွန်တော့် အပြစ်ပါ၊ ကျွန်တော့်ကြောင့် မမ စိတ်မချမ်းသာ ဖြစ်ရတာပါ'

# ၇

ကိုသက်ဆွေသည် ခြေနင်းကွင်းပေါ်မှ တစ်ဆင့် မြင်းကျောပေါ်သို့ ပေါ့ပါးစွာ တက်ထိုင်လိုက်သည်။ မြင်းကြီးမှာ အုန်းခွံရောင် ဖြစ်၍ လည်ဆံမွေးတွေ တထောင်ထောင်ဖြင့် ကြွားကြွားရွားရွား ရှိလှသည်။ ကျောပေါ်သို့ သခင် ရောက်လာသည်နှင့် ရှေ့ လက်များနှင့် ခြေထောက်များမှာ လှုပ်ရှားနေကြသည်။

ကိုသက်ဆွေသည် မြင်းကျောပေါ်တွင် ထိုင်၍ ဇက်ကို ခပ်တင်းတင်း ဆွဲလိုက်ရာက တန်းစီနေကြသော ပြိုင်ဘက်များကို လှမ်းကြည့်လိုက်မိသည်။ အားလုံးပေါင်း နှစ်ဆယ်လောက် ရှိမည်ဟု ထင်ရသည်။ အားလုံးမှာ အရာရှိကြီးများ၊ စစ်ဗိုလ်များ၊ နာမည်ကျော် လုပ်ငန်း ပိုင်ရှင်များ စသည့် ရန်ကုန်မြို့၏ အထက်တန်းလွှာမှ ဖြစ်ကြသည်။ လွတ်လပ်ရေး နှစ်ပတ်လည် သဘင်ပြပွဲ ပြိုင်ပွဲ ကော်မတီ၏ စီစဉ်ချက်ဖြင့် လွတ်လပ်ရေး အကြိုနေ့တွင် ပျော်ပွဲကျင်းပပေးခြင်း ဖြစ်ပေ၏။ ပြိုင်ပွဲမှာ ဆယ်ပွဲလောက် ရှိရာ ကိုသက်ဆွေ စီးရမည့် ပွဲမှာ ကိုးကြိမ်မြောက်ပွဲ ဖြစ်လေသည်။

တာထွက်မှာ မြင်းပွဲများ တာထွက်သည့် နေရာက စ၍ ခရီးမှာ သုံးမိုင်လောက် စီးရမည် ဖြစ်သည်။ ပြေးလမ်း တစ်လျှောက်တွင် အမြင့် ငါးပေခန့်ရှိသော ပိုင်းတားပေါင်း ဆယ်ခုခန့် ချထားသည်။

တာလွှတ်သူက သုံးကြိမ်တိုင် လွှတ်ပြီး ဖြစ်သော်လည်း အားလုံး အဆင်သင့် မဖြစ်ကြသေးသဖြင့် တာဝတွင် ပြန်၍ ရပ်ကာ တန်းစီ ရပြန်သည်။ စတုတ္ထ အကြိမ်ကျမှ အောင်မြင်စွာ တာထွက်နိုင်ခဲ့လေသည်။

ပရိသတ်မှာ ခါတိုင်း မြင်းပွဲ နေ့များကဲ့သို့ပင် စည်ကားလှသည်။ ရိုးရိုးတန်းများတွင် လည်းကောင်း၊ အထူးတန်းများတွင် လည်းကောင်း လူတွေ ကြိတ်ကြိတ်တိုး နေကြသည်။

အထူးတန်းမှ ပုဂ္ဂိုလ်များမှာ သမ္မတကြီး၊ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ စစ်ဗိုလ်ကြီးများနှင့် အထက်တန်းလွှာမှ ပုဂ္ဂိုလ်များ ဖြစ်၏။

သူ့ မြင်းသည် ပိုင်းတားမှ ခြောက်ပေခန့် အကွာတွင် လွှားခနဲ ခုန်လိုက်သည်။ ကိုသက်ခွေသည် အသည်း အေးသွားသလို ခံစားလိုက် ရပြီးနောက် သတိ ရ၍ ကြည့်လိုက်သော အခါ သူ့ မြင်းမှာ ဒုန်းစိုင်း၍ ပြေးလျက် ရှိသည်ကို တွေ့ရသဖြင့် စက်ကို မြဲမြဲ ကိုင်ကာ လိုက်လာခဲ့ရသည်။ ကျန် မြင်းများမှာ ပိုင်းတား အကျော်တွင် နောက်ကျ ကျန်ရစ်ခဲ့သဖြင့် သူ့ ရှေ့တွင် တစ်ကောင်သာ ကျန်တော့သည်။

နောက်ထပ် ပိုင်းတား နှစ်ခုကို ကျော်မိသည့် အခါတွင်ကား ကိုသက်ခွေ၏ မြင်းမှာ ရှေ့ဆုံးသို့ ရောက်နေပြီး ဒုတိယ မြင်းမှာ သူ့နောက် ကိုက်ငါးဆယ်ခန့်တွင် ကျန်ရစ်နေသည်။

ကိုသက်ခွေသည် သည်ပွဲတွင် သူ နိုင်တော့မည်ဟု ကောင်းစွာ သိနေလေပြီ။

ပရိသတ် အားလုံးက ကိုသက်ခွေ၏ မြင်း နံပါတ်ကို အော်၍ ဩဘာပေးကြသည်။ တချို့က မတ်တတ် ရပ်၍ ကြည့်ကာ လက်သီးလက်မောင်းတန်း၍ အော်နေကြသည်။

ဦးသက်ထွန်းသည် ယောကျ်ားတွေ ကြားထဲက ကုလားထိုင်ပေါ်တွင်ထ၍ မတ်တတ် ရပ်ကာ မှန်ပြောင်းဖြင့် ကြည့်နေသော မိန်းမ တစ်ယောက်ကို သတိ ထားလိုက်မိသည်။ နေကာ မျက်မှန် တပ်ထားပြီး မျက်နှာမှာ ပန်းနုသွေး ကြွနေသည်။

ဦးသက်ထွန်းသည် မမြင်ချင်ယောင်ဆောင်ကာ မျက်နှာကို လှည့်မည် ပြုစဉ်မှာပင်

'ဪ မင်းကြီး ဘယ်တုန်းက ရောက်နေသလဲ၊ မမလည်း ပါတယ်'

ဒေါ်မြမြမေက စိတ်အား ထက်သန်စွာ မြင်းပွဲကို လှမ်းကြည့်နေသော မမကို လက်ညှိုး ညွှန်၍ ပြောလိုက်သည်။

မမကမူ ကြားဟန် မတူဘဲ မှန်ပြောင်းဖြင့် မြင်းပွဲကို လှမ်းကြည့်နေသည်။

'ဟုတ်ကဲ့၊ ကြည့်ကြပါ ကြည့်ကြပါ'

ဦးသက်ထွန်းက အေးအေးစက်စက် ပြုံးလျက် လက်ကာ ပြလိုက်ပြီး မြင်းပွဲကို ဆက်ကြည့်နေသည်။ သို့ရာတွင် နဂိုကမှ မြင်းပွဲ စိတ်မဝင်စားရသည့် အထဲတွင် အကြောင်းကလည်း ရှိနေသေးသဖြင့် မမဘက်သို့သာ မကြာခဏ လှည့်၍ ကြည့်နေမိသည်။

‘ကဲ မမ၊ အိမ် ပြန်လိုက်တော့မလား’

ဦးသက်ထွန်းက မေးလိုက်သဖြင့် မမသည် ဦးသက်ထွန်းကို မော့ကြည့်လိုက်သည်။

မမက တစ်စုံတစ်ရာ ပြန်ပြောမည်ဟု ပါးစပ် ပြင်လိုက်စဉ်မှာပင် ‘ဒေါက်တာ သက်ဆွေတော့ ခြေ ကျိုးသွားတယ်လို့ ပြောတာပဲ’ ဟူသော အသံကို စစ်ဗိုလ် နှစ်ယောက် ပြောသွားသံ ကြားလိုက်သဖြင့် မမမှာ မျက်နှာ တစ်ချက်ပျက်သွားသည်။

မမသည် ဒေါ်မြမြမေ ပြန်လာနိုးဖြင့် အပေါက်ဝ လှေကားဘက်ဆီသို့ မျှော်ကြည့်နေမိသည်။ သူ့ စိတ်ထဲတွင် ကိုသက်ဆွေ၏ အခြေအနေကို သိချင်နေသည်။

‘ကဲ မင်းကြီး ကတော်၊ ကျုပ် အိမ် ပြန်မလို့ အိမ်ကို ပြန်မယ် ဆိုရင် လိုက်နိုင်ပါတယ်’

ဦးသက်ထွန်းက ခပ်ထေ့ထေ့ ပြောကာ သူ၏ လက်မောင်း တစ်ဖက်ကို ကမ်း၍ ပေးလိုက်သည်။ လိုက်လိုက လိုက်ခဲ့ပါ ဆိုသည့် အဓိပ္ပာယ်ပင် ဖြစ်၏။

‘ဟင့်အင်း မမ နေရစ်ဦးမယ်’

မမက ခေါင်းယမ်း၍ ပြောလိုက်သည်။ ဒေါ်မြမြမေသည် ပြုံးရွှင်စွာ ရောက်လာသည်။ ကိုသက်ဆွေမှာ ခြေ တစ်ဖက် နာသွားရုံမှအပ ဘာမျှ မဖြစ်ဟု ဒေါ်မြမြမေက ပြောပြသဖြင့် မမမှာ စိတ် သက်သာရာ ရသွားသည်။

‘အိမ် ပြန်ရင် လိုက်နိုင်ပါတယ်လို့ တတိယ အကြိမ်မြောက် ခေါ်နေပါတယ်’

ဦးသက်ထွန်းက မမကို ကြည့်ကာ မဲ့ပြုံး ပြုံး၍ ပြောလိုက်သည်။ သူ့အသံမှာ လှောင်ပြောင် သရော်သံ ပါနေသည်။ မမသည် ဘာပြန်ပြောရမှန်းမသိဘဲ အဝေးသို့ ငေးကြည့်နေသည်။

‘ဩော် မြက မမကို မြင်းပွဲ ခေါ်လာတာပါ မင်းကြီး၊ မြ လိုက်ပို့လိုက်ပါ့မယ်’

ဒေါ်မြမြမေက အနားသို့ ရောက်လာပြီး ဦးသက်ထွန်းကို လှမ်းပြောလိုက်သည်။

‘ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဒေါ်မြမြမေ၊ မမ ကြည့်ရတာ ကောင်းကောင်း နေမကောင်းဘူးလို့ ထင်ပါတယ်၊ ဒါကြောင့် အိမ်ကို ကျွန်တော်ပဲ ခေါ်သွားပါရစေ’

ဦးသက်ထွန်းက ဒေါ်မြမြမေကို ပြုံး၍ ယဉ်ကျေးစွာ ပြောလိုက်သည်။ သို့ရာတွင် သူ့ အသံမှာ အနည်းငယ် တင်းမာနေသည်။ မမသည် ဘာမျှ မပြောတော့ဘဲ ဦးသက်ထွန်း လက်မောင်း တစ်ဖက်ကို ကိုင်လိုက်သည်။

'မြ မောင်သက်ဆွေကို လွှတ်လိုက်မယ်နော်'

ဒေါ်မြမြမေက သူ့ အနားသို့ ကပ်၍ ပြောလိုက်သည်။ အထူးတန်းမှ အဆင်းတွင် ဦးသက်ထွန်းက တွေ့သမျှ မိတ်ဆွေများကို နှုတ်ဆက်နေသဖြင့် မမကလည်း အလိုက်သင့် နှုတ်ဆက်နေရသည်။

သို့ရာတွင် မမ၏ စိတ်သည် မမ၏ ကိုယ်ထဲတွင် မရှိဘဲ တခြားသို့ ရောက်နေသည်။ သူ့ စိတ်ထဲတွင် ကိုသက်ဆွေကို တွေ့ချင်နေသည်။ ကိုသက်ဆွေ၏ အခြေအနေကို သိချင်နေသည်။

အပြင်ဘက် ရောက်၍ ကားနောက်ပိုင်းတွင် နှစ်ယောက်သား ထိုင်လိုက်လာခဲ့ကြသည်။ နှစ်ယောက်သား တိတ်ဆိတ်ကာ ဘေးကိုသာ ကြည့်၍ လိုက်လာခဲ့ကြသည်။

ဦးသက်ထွန်းကလည်း သူ့ အတွေးနှင့် သူ၊ မမကလည်း သူ့ အတွေးနှင့် သူ။

'ဒီနေ့ မမရဲ့ အပြုအမူတွေနှင့် ပတ်သက်ပြီး ကျုပ်မှာ မမကို ပြောဖို့ တာဝန် ရှိလာတယ်'

မိုးကြိုး ပစ်သလို ထွက်လာသော ဦးသက်ထွန်း၏ အသံ ဖြစ်သည်။ ဦးသက်ထွန်းသည် 'ကျုပ်' ဆိုသော နာမ်စားကို တမင် သုံးလိုက်ခြင်း ဖြစ်သည်။

'မမ ဘာလုပ်လို့လဲ'

မမက ကားပြင်သို့ ငေးကြည့်နေရာမှ ဦးသက်ထွန်းအား ဆတ်ခနဲ လှည့်ကြည့်၍ မေးလိုက်သည်။ မမ၏ အသံမှာ အနည်းငယ် ကျယ်သွားသည်။

'သိပ် မအော်ပါနှင့်၊ ခပ်တိုးတိုးပဲ ပြောပါ'

ဦးသက်ထွန်းက ဒရိုင်ဘာဘက်သို့ မေးငေါ့၍ ပြောလိုက်သည်။

'မမက ဘာများ လုပ်လို့လဲ'

မမက ဆက်၍ မေးလိုက်သည်။

'မြင်းစီး ပြိုင်ပွဲမှာ လူ တစ်ယောက် လိမ့်ကျသွားတုန်းက မမရဲ့ အပြုအမူကို မမ ပြန်စဉ်းစားကြည့်ပေါ့'

ဦးသက်ထွန်းက မမအား လှည့်ကြည့်လိုက်သည်။ မမသည် ဘာမျှ ပြန်မပြောဘဲ ရှေ့တည်တည့်သို့ စိုက်ကြည့်နေသည်။





'လူပြော သူပြော မခံရအောင် အနေအထိုင် ဆင်ခြင်ပါလို့ မမကို ကျုပ် ဘယ်နှခါ ပြောခဲ့ပြီလဲ၊ မမ အနေအထိုင်တွေဟာ လူ ပြောစရာ ဖြစ်လာလိမ့်မယ်လို့ ကျုပ် ဘယ်နှခါ သတိ ပေးခဲ့ဖူးပြီလဲ၊ ဒီကြားထဲက ဒီနေ့ မမ အပြုအမူဟာ ဘယ်လောက် ဣန္ဒြေ ပျက်သလဲ ဆိုတာ မမ စဉ်းစားဖို့ ကောင်းတယ်၊ အေးလေ မမကလည်း ကလေးလေးမှ မဟုတ်တော့ဘဲ၊ ကျုပ်က အစစအရာရာ လိုက်ဆုံးမနေစရာ လိုမယ် မထင်ပါဘူး၊ နောက်တော့သာ ဒီလို ဣန္ဒြေ ပျက်တာမျိုး မတွေ့ပါရစေနှင့်လို့ ကျုပ် ဆုတောင်းပါတယ်'

မမသည် ဦးသက်ထွန်း ပြောသမျှကို မကြား တစ်ဝက် ကြား တစ်ဝက် ဖြစ်နေသည်။

သူ့ စိတ်သည် ဦးသက်ထွန်း စကားများဆီသို့ မရောက်ဘဲ ကိုသက်ဆွေ ထံသို့သာ ရောက်နေသည်။ ကိုသက်ဆွေ ခြေထောက် မကျိုးဘူး ဆိုတာ ဟုတ်မှ ဟုတ်ရဲ့လားဟု တွေးနေမိသည်။

မမသည် ဦးသက်ထွန်း စကားများ အားလုံးကို မကြားမိဘဲ ဦးသက်ထွန်း ဖြစ်နေပုံကို ကြည့်၍ ပြုံးလိုက်သည်။ ဦးသက်ထွန်းသည် မမ၏ အပြုံးကို မြင်လိုက်တော့ ပို၍ ဒေါပွလာသည်။ သူ့ကို သဘောထား သေးသူ တစ်ယောက်ဟု ထင်၍ ပြုံးခြင်း ဖြစ်သည်ဟု ထင်လိုက်သည်။

'အေးလေ ကျုပ် ထင်တာဟာ မှားချင်းလည်း မှားပေမပေါ့၊ မှားရင်လည်း ကျုပ် တောင်းပန်ပါတယ်'

ဦးသက်ထွန်းက ပြော၍ ကား နောက်ပိုင်းကို မှီချလိုက်သည်။ သူ့ ရင်ထဲမှာတော့ မောနေသည်။

'ကိုကို မမှားပါဘူး၊ ကိုကို ထင်တာတွေဟာ အားလုံး အမှန်ချည်းပဲ၊ သူ မြင်းပေါ်က လိမ့်ကျတုန်းက မမ ဣန္ဒြေ ပျက်လောက်အောင် ဖြစ်တယ် ဆိုတာလည်း ဟုတ်မှာပဲ၊ ကိုကို့ စကားတွေကို နားသာ ထောင်နေတယ် မမ တစ်လုံးမှ မကြားဘူး၊ မမ သူ့ အကြောင်းချည်းပဲ တွေးနေတယ်၊ မမ သူ့ကို ချစ်တယ်၊ မမဟာ သူနှင့် ကျူးကျူးလွန်လွန် ဖြစ်နေကြပြီ၊ ကိုကို့ကို မမ မချစ်ဘူး၊ ကြောက်တယ် မုန်းတယ်၊ မမကို ကိုကို ကြိုက်သလို လုပ်နိုင်တယ်'

မမသည် ကား ကူရှင်ကို မှီကာ မျက်နှာကို အုပ်၍ ငိုချလိုက်သည်။ ဦးသက်ထွန်းသည် ဘာမျှ ပြန်မပြောဘဲ ကား ရှေ့တည့်တည့်ကို စူးစိုက် ကြည့်နေသည်။ သူ့ မျက်နှာသည် လူသေ၏ မျက်နှာလို အပြောင်းအလဲ မရှိဘဲ တစ်မျိုးတည်း ဖြစ်နေသည်။

အိမ် ရောက်၍ ကားပေါ်က ဆင်းတော့မှ ဦးသက်ထွန်းသည် မမဘက်သို့ လှည့်လိုက်ပြီး

'ကောင်းပြီလေ၊ မမ ပြောပြလို့ ဒီကိစ္စတွေကို ကျုပ် အားလုံး သိပြီ၊ ဘာလုပ်သင့်သလဲ ဆိုတာကို ကျုပ် စဉ်းစားပြီး မမကို ပြောမယ်၊ ဒီအတော အတွင်းမှာတော့ မမဟာ ဣန္ဒြေ မပျက် နေသွားလိမ့်မယ်လို့ ကျုပ် မျှော်လင့်တယ်'

ဦးသက်ထွန်းသည် ကားပေါ်မှ မဆင်းတော့ဘဲ မမကို ချပေးပြီးနောက် ဒရိုင်ဘာကို တစ်နေရာသို့ အမောင်းခိုင်းလိုက်သည်။ မမသည် အိမ်ထဲသို့ ဝင်လာခဲ့သည်။ အိမ်တွင် သူ့ အတွက် စာ တစ်စောင် ရောက်နေသည်။ မမသည် စာကို ဖွင့် ဖတ်လိုက်သည်။

မရေ

မြ သူ့ဆီကို ရောက်ခဲ့ပြီ။ ခြေထောက် ကျိုးတယ် ဆိုတာ မဟုတ်ပါဘူး။ ခြေထောက် နည်းနည်း နာသွားရုံလောက်ပါပဲ။ ဆေးရုံမှာ ခတ်မှန် ရိုက်ကြည့်ပြီးပြီ။ ဘာမှ မဖြစ်ပါဘူးတဲ့။ ခု အိမ်မှာ ရှိတယ်။

မြ

မမသည် စာကို ဖတ်၍ ပြုံးလိုက်လေသည်။



# အပိုင်း ၃

၁

ခင်ရီရီသည် ပန်းခြံထဲတွင် လမ်းလျှောက်နေရာက ကလေးများကို လှမ်းကြည့်လိုက်သည်။ ကလေးများမှာ ကလေး ထိန်းသည့် အိမ်ဖော်မလေးများနှင့် အတူ ကစားနေကြသည်။ ခြံစည်းရိုးတွင် ပန်းရိုင်းများသည် ဖွေးဖွေး လှုပ်အောင် ဖူးပွင့်နေကြပေသည်။

ခင်ရီရီနှင့် ကလေးများသည် နွေရာသီတွင် မေမြို့သို့ လာ၍ နေလေ့ရှိပေသည်။ မောင်မောင်လတ်သည် မေမြို့တွင် အိမ် တစ်လုံး ဝယ်၍ ထားပြီး နွေ ပေါက်လာလျှင် ခင်ရီရီနှင့် ကလေးများကို မေမြို့သို့ ပို့ထားတတ်သည်။ သူ ကိုယ်တိုင်မှာမူ စနေနေ့ ညနေတွင် တက်လာပြီး တနင်္လာနေ့ကျမှ မန္တလေးသို့ သွားတတ်သည်။

မောင်မောင်လတ်သည် လင်ကောင်း တစ်ယောက်နှင့် ဖခင်ကောင်း တစ်ယောက် ဖြစ်သော်လည်း တစ်ခါတစ်ရံတွင် သူ့တွင် ဇနီးသည်နှင့် သားသမီး တွေ ရှိသည် ဆိုသည့် အချက်ကို မေ့ပျောက်ကာ လူပျို တစ်ယောက်လို လွတ်လွတ်လပ်လပ် နေချင်သည်။ ထို့ကြောင့်လည်း နွေရာသီတွင် ခင်ရီရီတို့ သားအမိ တစ်တွေ သွားရောက် နေထိုင်ရန် အတွက် အိမ်တစ်လုံးကို တမင် ဝယ်ထားခဲ့ခြင်း ဖြစ်လေသည်။ ခင်ရီရီတို့ သားအမိ တစ်တွေ မေမြို့သို့ သွားရောက်နေထိုင်ခြင်းဖြင့် မောင်မောင်လတ်မှာ အနေအထိုင် များစွာ လွတ်လပ်လှသည်။ ထို့ပြင် စရိတ် အကုန်အကျလည်း သက်သာသည်။ နွေ ပေါက်လျှင် မန္တလေး၏ အပူရှိန်ကြောင့် မကြာခဏ နေထိုင်မကောင်း ဖြစ်တတ်ကြသော ကလေးများ အတွက်လည်း ကျန်းမာရေး ပိုမို ကောင်းမွန်လာစေသည်။ ထို့ကြောင့် မောင်မောင်လတ်သည် မေမြို့တွင် အိမ် ဝယ်ခဲ့ခြင်း ဖြစ်သည်။

မောင်မောင်လတ်မှာ အစိုးရ ကိစ္စဖြင့် ရန်ကုန်သို့ သွားစရာ ရှိလျှင်လည်း မန္တလေးမှ တိုက်ရိုက် မသွားဘဲ မေမြို့သို့ တက်လာပြီးမှ လေယာဉ်ပျံဖြင့် ရန်ကုန်သို့ လိုက်တတ်သည်။ ရန်ကုန်တွင် အစိုးရ အရာရှိကြီးများ၏ ကွန်ဖရင့်

ရှိသဖြင့် မနေ့ကမှ မေမြို့မှ တစ်ဆင့် ရန်ကုန်သို့ ထွက်ခဲ့ရာ ခင်ရီရီ ကျွန်ရစ်ခဲ့ခြင်း ဖြစ်သည်။

'မမလေး၊ အိုး ဧည့်ခန်းက ဧည့်သည် လာတယ်'

အိမ်ဖော်ကလေး လာပြောသဖြင့် ခင်ရီရီသည် ပန်းခြံဘက်မှ အိမ်ဘက်သို့ လျှောက်လာခဲ့သည်။ မြင်းလှည်း ခေါင်းတုံးကလေးဖြင့် ခြံထဲသို့ ဝင်လာသော ကိုအောင်မိုးကို တွေ့ရလေသည်။

'ရီရီလည်း ကလေးတွေနှင့် အလုပ် ရှုပ်နေတယ် ထင်တယ်'

ကိုအောင်မိုးက မြင်းလှည်းကလေးပေါ်မှ ဆင်းလာရင်း မေးလိုက်သည်။ စစ် ရှပ်အင်္ကျီစိမ်းနှင့် ချည် လုံချည်ကို ဝတ်ထားပြီး အဝတ် ဦးထုပ်စိမ်းကို ဆောင်းထားလေသည်။

'ရီတော့ ကလေးတွေနှင့်ပဲ အချိန် ကုန်နေတာပဲ၊ ကျောင်း ဖွင့်တာပဲ ကောင်းတယ်၊ ကျောင်းပိတ်ရင် သူတို့ ထိန်းရတာက အလုပ်ကြီး တစ်ခု၊ ရီတို့ ရောက်နေတာ သိလို့လား'

'သိတာပေါ့၊ ကလေးတွေ ကျောင်း ပိတ်ရင် လာနေကျပဲ၊ စတော်ဘယ်ရီတွေ လတ်တာနှင့် ကလေးတွေ စားရအောင် ဆိုပြီး ယူလာသေးတယ်၊ ကြက်ဥရော ပန်းဂေါ်ဖီရော ပါတယ်'

'အလကား ဒုက္ခ ရှာလို့ အစ်ကို အောင်မိုးရယ်'

'အို ဘာဒုက္ခ များတာ မှတ်လို့'

ခင်ရီရီက အိမ်ဖော် ကောင်မလေးအား ကိုအောင်မိုး ယူလာသော ပစ္စည်းများကို အသိမ်း ခိုင်းလိုက်ပြီး ဧည့်ခန်းထဲသို့ ဝင်လာခဲ့ကြသည်။

'သီသီ့ဆီက စာ ရတယ် အစ်ကိုအောင်ရဲ့၊ ဟိုမှာ သိပ် အေးအေးဆေးဆေး ရှိတယ်တဲ့၊ မေမေရော ဖေဖေရော နေကောင်းပါတယ်တဲ့၊ တလောကတောင် ဗုဒ္ဓဂယာကို သွားကြမလို့ဟာ ဆရာဝန်က မသွားနှင့်ဦးလို့ ပြောထားလို့ အပြန်ကျမှ လှည့်ဝင်တော့မယ်တဲ့'

ခင်ရီရီက မဒရပ်တွင် ရောက်နေသည့် ခင်သီသီ၏ သတင်းကို ဖောက်သည် ချလိုက်သည်။

'ဟုတ်လား၊ သီသီ ကျန်းမာရေးကကော ဘယ့်နှယ် နေသေးသတဲ့လဲ'

'တော်တော် ကောင်းနေပါပြီ၊ အဆုတ်လည်း တော်တော် ပြန်ကောင်းလာပါပြီ၊ ဓာတ်မှန် ရိုက်ကြည့်တော့ ဘာမှ မရှိတော့ဘူးလို့ စာထဲမှာ ပါတယ်၊ သီသီလည်း သူ့ ရောဂါ ပျောက်တာကို တော်တော် ဝမ်းသာနေတယ်၊ ဟိုကျ



ရာသီဥတုကလည်း ကောင်း၊ ဆေးဝါးကလည်း ကောင်းတယ် မဟုတ်လား အစ်ကိုအောင်ရဲ့'

'ဟုတ်လား၊ ဒါဖြင့် မြန်မြန်ပြန်လာကြတော့မယ်ပေါ့'

ကိုအောင်မိုးက ဝမ်းသာအားရ မေးလိုက်သည်။ သူ့ မျက်နှာမှာ ဝင်းထိန်လို့လာသည်။

'သိပ် မကြာတော့ပါဘူး၊ ရွှေလပေါက် ဆိုရင် ပြန်ရောက်လိမ့်မယ် ထင်တယ်၊ အစ်ကိုအောင့်ကို ရီ တစ်ခု မေးရဦးမယ်၊ အစ်ကိုအောင်နှင့် သီသီ ဘာဖြစ်ကြတာလဲ၊ စိတ်ဆိုးကြသလား'

ခင်ရီရီက ပြုံး၍ မေးလိုက်သည်။

'ဟင့်အင်း၊ ဘာမှ မဖြစ်ပါဘူး၊ စိတ်လည်း မဆိုးပါဘူး၊ ဘာဖြစ်လို့ မေးတာလဲ'

'အစ်ကိုအောင် ရီ့ကို ညာမပြောနှင့်နော်'

ခင်ရီရီက လက်ညှိုး ထောင်၍ နောက်သလို ပြောလိုက်၏။

'မညာပါဘူး'

'အစ်ကိုအောင် သီသီ့ကို စိတ်ဆိုးနေတာပါ၊ ရီ သိပါတယ်'

'မဟုတ်ပါဘူး ရီရီ၊ ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ'

'ဒါဖြင့် အစ်ကိုအောင် မန္တလေး ရောက်တော့ သီသီ့ဆီ ဘာဖြစ်လို့ မသွားတာလဲ၊ ခါတိုင်း ရောက်ရင် ဝင်နေကျ မဟုတ်လား'

'ဩော် ဒါတော့ ရီရယ်'

ကိုအောင်မိုးက ရှက်သွေး ဖြာ၍ မျက်နှာကြီး နီသွား၏။

'ဘာ ဒါတော့လဲ၊ ရီ မသိဘူး မှတ်လို့လား'

'ဒါဖြင့် ရီ သိတဲ့ အတိုင်းပေါ့၊ စိတ်ဆိုးတာတော့ မဟုတ်ပါဘူး၊ ရီသာ ကိုယ့် နေရာ ဆိုရင် ရီလည်း ဒီလိုပဲ ခံစားရမှာပေါ့'

'ရီလည်း အကုန်တော့ မသိပါဘူး၊ အကဲခတ် ကြည့်ပြီး ပြောရတာပါ'

'ကိုယ်က သီသီ့ကို ဖွင့်ပြောတော့ သီသီက ငြင်းလိုက်တယ်လေ၊ ဒါတော့ ရီ သိမှာပေါ့'

'ဟင့်အင်း၊ ရီ မသိပါဘူး'

'ဒါဖြင့် ခု သိပြီ မဟုတ်လား'

'သီသီက ရီ့ကို စောင်းပါးရိပ်ခြည်တော့ ပြောဖူးပါတယ်၊ ဒါပေမဲ့ အစ်ကိုအောင်က ဖွင့်ပြောတယ် ဆိုတာတော့ မပြောဘူး'

ကိုအောင်မိုးသည် ဘာမျှ မပြောတော့ဘဲ အဝတ် ဦးထုပ်စိမ်းလေး ဆုပ်ကာ လက်ပေါ် တင်၍ လှည့်နေသည်။

'ရီလည်း ရိပ်မိပါတယ် အစ်ကိုအောင်၊ ရီတို့ သဘောလည်း အစ်ကိုအောင် သိပြီးသားပါ၊ ဒါပေမဲ့ အစ်ကိုအောင်ကို ရီ တစ်ခု ပြောချင်တာ ရှိတယ်၊ အစ်ကိုအောင်ဟာ မိန်းမတွေ အကြောင်းကို နားမလည်ဘူးလို့ ရီ ထင်တယ်'

ကိုအောင်မိုးက ခင်ရီရီကို လှမ်းကြည့်လိုက်သည်။

'ဟုတ်တယ်၊ ယောကျ်ား တစ်ယောက် အဖို့ မိန်းကလေး တစ်ယောက်ကို ချစ်တယ်လို့ ဖွင့်ပြောဖို့ရာ လွယ်တယ်၊ ပြောလို့လည်း တင့်တယ်တယ်၊ မိန်းကလေးကျတော့ ယောကျ်ား တစ်ယောက်ကို ချစ်မိပြီ ထားဦး၊ သူက ပြောဖို့ မလွယ်ဘူး၊ မတင့်တယ်လည်း မတင့်တယ်ဘူး၊ ဘယ်လောက်ပဲ စိတ်ထဲက ကြိုက်နေနေ ယောကျ်ားလေးက လာပြောတာနှင့် တစ်ပြိုင်နက် အင်း ဆိုပြီး ခေါင်းညိတ်လိုက်ဖို့တောင် မလွယ်ဘူး၊ သူ့သိက္ခာကို စောင့်စည်းရသေးတယ်'

'ဒါကတော့ အသည်းနှလုံးက တကယ် စကား မပြောသေးလို့ပါ ရီ'

'မဟုတ်ဘူး အစ်ကိုအောင်၊ အသည်းနှလုံးထဲက တကယ် ချစ်တယ်ပဲထား၊ လွယ်လွယ်နှင့် ခေါင်းညိတ်လိုက်ဖို့ ဆိုတာ တကယ် မလွယ်ဘူး၊ အထူးသဖြင့် ပြိုင်ဘက် ပေါ်လာတော့ သာပြီး အစဉ်းစားရ ခက်သေးတယ်၊ ဘယ်သူ့ကို ရွေးရမလဲ ဆိုတာ ပြဿနာ ပေါ်လာပြီကိုး'

ကိုအောင်မိုးသည် ခင်ရီရီ၏ စကားများကြောင့် ခံပြင်း၍ လာသည်။ ခင်ရီရီကို သူ ပိုးခဲ့တုန်းကလည်း ခင်ရီရီသည် သည်အမြင်ဖြင့် မောင်မောင်လတ်ကို ရွေးချယ်ခြင်း ဖြစ်သည်ဟု ထင်လာကာ အတိတ်က ဖြစ်ရပ်များကို မြင်ယောင်လာသည်။

'တော်ပါတော့ ရီ၊ ဘယ်သူ့ကို ချစ် ဘယ်သူ့ကို မချစ်နှင့်လို့ အသည်းနှလုံးက ဘယ်တော့မှ မစေခိုင်းပါဘူး၊ အသည်းနှလုံးဟာ ဘယ်သူ့ကိုမှ အတန်းအစား မခွဲပါဘူး၊ ဦးနှောက်ကသာ အတန်းအစား ရွေးတာ၊ ဘယ်သူ့ကို လက်မထပ်နှင့် ဘယ်သူ့ကို လက်ထပ်လို့ ဦးနှောက်က စေခိုင်းတာ၊ ဒီလို ရွေးချယ်တာမျိုးကတော့ အချစ်ကို ရွေးချယ်တာနှင့် မတူပါဘူး ရီရာ၊ ဆိုင်မှာ အလှပြထားတဲ့ ကုန်ပစ္စည်းကို ရွေးတာနှင့် တူလှတယ်၊ တော်ပါတော့၊ ဒီအကြောင်း မပြောတာပဲ ကောင်းပါတယ်'





'အစ်ကိုအောင်က သီသီ့ကို ဖွင့်ပြောလိုက်တုန်းက သီသီက အစဉ်းစားရခက်တဲ့ အခြေအနေမှာ ရောက်နေတယ် ဆိုတာကိုလည်း အစ်ကိုအောင် စဉ်းစားဖို့ ကောင်းပါသေးတယ်၊ တကယ်တော့ သီသီဟာ ကလေးသာသာပဲ ရှိပါသေးတယ်၊ မိဘ ဩဇာ ပတ်ဝန်းကျင် ဩဇာကို ဖယ်ရှားပြီး စဉ်းစားနိုင်တဲ့အထိ မရင့်သန်သေးပါဘူး၊ သူ့ စိတ်ထဲမှာ အစ်ကိုအောင်နှင့် ဆရာ ကိုသက်ဆွေတို့ နှစ်ယောက်ကို ဝေခွဲမရ ဖြစ်နေတယ်လို့ ထင်တာပဲ၊ အစ်ကိုအောင်က တစ်ခါတလေမှ ပေါ်လာပြီး ဆရာ ကိုသက်ဆွေက နေ့တိုင်း ဝင်ထွက် သွားလာနေတော့လည်း စိတ်ထဲမှာ ဝေခွဲ မရဘဲ ဖြစ်ချင် ဖြစ်နေမှာပေါ့၊ ရီတို့ အနေနှင့်ကတော့ ကိုသက်ဆွေကို ကြည့်ရတာ တစ်မျိုးပဲ၊ ခု သီသီက ငြင်းလိုက်တာကြည့်ပြီးတော့လည်း သိပ် စိတ်မပျက်ပါနှင့်ဦး အစ်ကိုအောင်ရယ်'

ခင်ရီရီက လှိုက်လှဲစွာ ပြောလိုက်၏။ ခင်ရီရီသည် အချစ်ကံ မွဲလှသော ကိုအောင်မိုးကို ကြည့်၍ သနားနေပေသည်။ ညီအစ်မ နှစ်ယောက်စလုံးကို လက်လွတ်ပြီးကတည်းက သနားသလို ဖြစ်နေသည်။

'စိတ်ပျက်တယ်လို့တော့ မဟုတ်ပါဘူး၊ ကဲ သွားဦးမယ် ရီ'

ကိုအောင်မိုးက ထိုင်နေရာမှ ထလိုက်သည်။

'သီသီ ပြန်ရောက်ရင် အစ်ကိုအောင် လာလည်ဦးနော်၊ ဟုတ်လား'

'မလုပ်ပါနှင့် ရီရယ်၊ သူ့ဘာသာ သူ အေးအေး နေပါစေ၊ သိပ် မကျန်းမာရတဲ့ အထဲ ကိုယ် လာနေလို့ စိတ် အနှောင့်အယှက် ဖြစ်ပြီး ရောဂါ ပြန်ထိုးနေဦးမယ်'

ကိုအောင်မိုးက ရယ်မော၍ ပြောလိုက်သည်။

'အစ်ကိုအောင့်မှာလည်း ဒီလိုဟာမျိုးတွေကြောင့် ခက်နေတာ'

ခင်ရီရီက ကိုအောင်မိုးကို ကြည့်၍ ညည်းသလို ပြောလိုက်သည်။

ကိုအောင်မိုးသည် ဘာမျှ ပြန်မပြောတော့ဘဲ ခင်ရီရီနှင့် ကလေးတွေကို နှုတ်ဆက်ကာ ပြန်သွားလေတော့သည်။

# ၂

ဦးသက်ထွန်းသည် ရုံးခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေသည်။ သူ့စားပွဲပေါ်တွင် အလုပ် တစ်ပုံကြီး ရှိနေသော်လည်း အလုပ်ကို လုပ်ချင်စိတ် မရှိတော့ပေ။ ဦးသက်ထွန်းသည် အပေါ်ယံအားဖြင့် ကြည့်လျှင် အေးစက်၍ ရက်စက်သည့် အသွင် ပေါ်နေသည်။ သို့ရာတွင် သူ့တွင် အားနည်းချက် တစ်ခု ရှိသည်။ ယင်းမှာ မိန်းမက မျက်ရည်ခံ ထိုးလျှင် စိတ်ကျသွားခြင်း ဖြစ်သည်။

'မင်းကြီး၊ ဝန်ကြီးဆီက ကြေးနန်း လာတယ်'

လက်အောက် အရာရှိ တစ်ယောက်က ကြေးနန်း တစ်စောင်ကို လာပို့သည်။ ကြေးနန်းမှာ နယ်တွင် ရောက်နေသော ဌာန ဆိုင်ရာ ဝန်ကြီးက ဦးသက်ထွန်းအား အရေးတကြီး လိုက်လာရန် ရိုက်လိုက်သော ကြေးနန်း ဖြစ်၏။

ဦးသက်ထွန်းသည် အရေးထဲတွင် ကြေးနန်းရိုက် ခေါ်သော ဝန်ကြီးကိုပင် မကျေမနပ် ဖြစ်နေမိသည်။ မီးရထားနှင့် သွားရမည် ဖြစ်သဖြင့် အချိန် စောသေးသောကြောင့် ကြေးနန်းကို စားပွဲပေါ်သို့ ပြန်ချလိုက်ကာ သူ့ ပြဿနာကို ဆက်လက်၍ စဉ်းစားနေသည်။

ဦးသက်ထွန်းနှင့် မမသည် လွတ်လပ်ရေး အကြိုနေ့ ကတည်းက ယခုတိုင် စကား မပြောကြဘဲ ခပ်တန်းတန်းပင် နေခဲ့ကြသည်။ မြင်းစီး ပြိုင်ပွဲက ပြန်အလာတုန်းက ကားပေါ်တွင် ကိုသက်ဆွေနှင့် သူတို့၏ ကိစ္စကို မမက ဖွင့်ပြောလိုက်သော အခါတွင် ဦးသက်ထွန်းသည် ငယ်ထိပ်ကို မြွေပေါက် ခံလိုက်ရသလို ထူပူသွားသည်။ ဒေါသတွေ ဆူဝေလာသည်။ သို့ရာတွင် မမက မျက်ရည်စက်လက်နှင့် ငိုချလိုက်သည့် အခါတွင်ကား ဦးသက်ထွန်းသည် စိတ်ထဲမှာ သနားသလို ဖြစ်သွားသည်။ ထိုနေ့က မမကို လှည့်မကြည့်ဘဲ တခြားကို ငေးစိုက် ကြည့်လာခဲ့ခြင်း ဖြစ်ပေသည်။

တကယ် ဆိုတော့ မမ၏ စကားလုံးများသည် အသည်းနှလုံးကို မီးစနှင့် ထိုးလိုက်သလို ပူလောင်လှသည်။

သွားပိုး စားထားသော သွားမှာ တစစ်စစ် ကိုက်သလို ခံစားရ၏။

'အလကား မိန်းမ၊ အကျင့်သိက္ခာ မရှိတဲ့ မိန်းမ၊ အသည်းနှလုံး မရှိတဲ့ မိန်းမ'

ဦးသက်ထွန်းသည် စိတ်ထဲမှ ရွတ်ဆိုနေမိသည်။ သွားပိုး စားထားသော သွားကို နုတ်ပစ်လိုက်သလို မမအား သူ့ အသိုင်းအဝိုင်းမှ ဖယ်ထုတ်ပစ်လိုက်ချင်သည်။ သည်အတိုင်းသာ ကြည့်နေလိုက်လျှင် ရှုံ့စက်များသည် သူ့ကိုပါ စဉ်ကုန်မည် စိုးရပေသည်။

ထို့ကြောင့် တူးတူးကိုပင် ထည့်မစဉ်းစားချင်တော့ဘဲ မမနှင့် ဘယ်နည်း ဘယ်ပုံ စာရင်း ရှင်းရ ကောင်းမလဲဟု တွေးနေမိသည်။ လင်ခန်း မယားခန်း ကွာရှင်း ပစ်လိုက်ရ ကောင်းမလားဟု စဉ်းစားမိသည်။

ထို့ကြောင့် ဦးသက်ထွန်းသည် သူလို ဂုဏ်ရည်တူထဲမှ လည်းကောင်း၊ သူ့ မိတ်ဆွေများထဲမှ လည်းကောင်း လင်ခန်း မယားခန်း ပြတ်စဲကြသူများ အကြောင်းကို စဉ်းစား ကြည့်မိလေသည်။

သို့ရာတွင် သူတို့ လင်ခန်း မယားခန်း ကွာရှင်းကြခြင်းမှာ မိန်းမ ဖေါက်ပြား၍ မဟုတ်ဘဲ ယောကျ်ားများက အငယ် အနှောင်း ယူ၍လည် ကွာရှင်းရခြင်း ဖြစ်ကြောင်း တွေ့ရသော အခါ မမထက် သူ့အဖို့က ပို၍ ရှက်စရာ ကောင်းနေသည်ကို တွေ့ရပြန်လေသည်။

လင်ခန်း မယားခန်း ပြတ်စဲကြလျှင် ကဲ့ရဲ့ သံပြိုဟ် စကားတင်း ဆိုစရာ အကွက်ကောင်း ပေးလိုက်သလို ဖြစ်နေမှာလည်း စိုးရိမ်ရသည်။ သူနှင့် ပြိုင်ဘက် အရာရှိကြီးများ အဖို့ တိုက်ကွင်း တိုက်ကွက် ဆင်ပေးလိုက်သလို ဖြစ်နေမည်ကိုလည်း စိုးရိမ်မိသည်။

ထိုမျှမက ကွာရှင်း ပြတ်စဲလိုက်ခြင်းအားဖြင့်လည်း သူ ချစ်သော ဇနီးကို ကိုသက်ဆွေ လက်ထဲသို့ ဝကွက် အပ်လိုက်ကာ အရှုံး ပေးသည်နှင့် တူနေမည်ကိုလည်း စိုးရိမ်ရသေးသည်။ မမ အဖို့ ကိုသက်ဆွေနှင့် ပလူးရန် ပို၍ အကွက်ကောင်း ရသွားအောင် ဖန်တီးပေးသလို ဖြစ်နေလိမ့်မည်လားဟုလည်း တွေးလိုက်မိသေးသည်။

ထို့ကြောင့် ဦးသက်ထွန်းသည် နောက်တစ်နည်းကို စဉ်းစားရပြန်သည်။ ယင်းမှာ တရားဝင် ကွာရှင်းခြင်း မဟုတ်ဘဲ ငြိုပ်ပြေနဲ့ပြေ သဘောဖြင့် ခေတ္တ ခဏ ခွဲခွာနေကြရန် ဖြစ်သည်။ သို့ရာတွင် ထိုနည်းသည်လည်း တရားဝင် ကွာရှင်းခြင်းလိုပင် ပတ်ဝန်းကျင်တွင် ပြောစရာ ဖြစ်နေဦးမည် ဖြစ်သည်။





ထိုမျှမက ကာမပိုင် ဖြစ်လျက်နှင့် ဇနီးသည် မမကို ကိုသက်ဆွေ ရင်ခွင်ထဲသို့ ရက်ရက် ပို့ပေးသည်နှင့် ဘာမျှ ခြားမည် မဟုတ်၊ ပို၍ပင် ဆိုးသည်ဟု တွေးလိုက်မိပြန်သည်။

ဦးသက်ထွန်းသည် သူ့ ခံစားချက်များကို သူ ပြန်၍ တွေးကြည့်သည်။ သူ ကွာရှင်းနိုင်သလား။ မကွာနိုင်ပေ။ ခွဲနေနိုင်သလား ဆိုလျှင်လည်း မနေနိုင်ပေ။ ဤနည်းလမ်းများသည် အရှုံး ခံ၍ မမကို အနိုင် ပေးသကဲ့သို့သာ ဖြစ်နေပေလိမ့်မည်။ အမှန်ကတော့ ဦးသက်ထွန်းသည် မမအား အနိုင် ယူကာ ကျူးလွန်ခဲ့သော အပြစ် အတွက် မမအား အပြစ်ဒဏ် ပေးရန် ထို နည်းလမ်းများကို စဉ်းစားနေခြင်းသာ ဖြစ်သည်။

သို့ရာတွင် ထို နည်းလမ်းများ အားလုံးသည် လက်တွေ့တွင် မမအား ပြစ်ဒဏ် ပေးရာ မရောက်ဘဲ လွတ်လပ်ခွင့် ပေးရာ ရောက်နေသည်။

ထို့ကြောင့် တရားဝင် ကွာရှင်းခြင်းကို လည်းကောင်း၊ ခေတ္တ ခဏ ခွဲနေခြင်းကို လည်းကောင်း လုံးဝ စွန့်လွှတ်လိုက်သည်။ မမအား သူ ပြစ်မှုအတွက် ပြစ်ဒဏ် ပေးရန်မှာ တစ်နည်းသာ ရှိလေသည်။ ယင်းမှာ မမအား ချစ်သည် ဖြစ်စေ၊ မချစ်သည် ဖြစ်စေ အကြင်လင်မယား အဖြစ် ဆက်လက် ပေါင်းသင်းနေကာ ကိုသက်ဆွေနှင့် အဆက် ပြတ်အောင် သစ်စိမ်းချိုး ချိုးရန် ဖြစ်သည်။ ကိုသက်ဆွေနှင့် မမတို့၏ အချစ်ကို ဖျက်ဆီးပစ်ရန် ဖြစ်သည်။ ထို နည်းလမ်းသည် မမအား နောင်တ တရား ရလာကောင်း ရလာစေလိမ့်မည်ဟုလည်း တွေးမိသည်။

ဦးသက်ထွန်းသည် နာရီကို ငုံ့ကြည့်လိုက်သည်။ နှစ်နာရီ ခွဲနေပြီ ဖြစ်သဖြင့် အိမ်သို့ မပြန်တော့ဘဲ ရုံးမှ တောက်လျှောက် ဘူတာသို့ ဆင်းရန် စိတ်ကူးကာ ရုံးစေ လုလင်အား အိမ်သို့ ပစ္စည်းများ အယူခိုင်းလိုက်သည်။

'မြသဲ ပေဟု ခဏ နေဦး၊ ငါ စာ တစ်စောင် ရေးပေးလိုက်ဦးမယ်၊ ဒီစာကို မမ ပေးခဲ့၊ ဟုတ်လား'

ဦးသက်ထွန်းသည် စားပွဲတွင် ထိုင်ကာ စာတစ်စောင် အင်္ဂလိပ်လို တောက်လျှောက် ရေးချနေသည်။ သူ့ စာမှာ မမထံသို့ ပေးရန် ဖြစ်သော်လည်း မမ နာမည် မတပ်ဘဲ ချန်ထားသည်။

*မြင်းပွဲက ပြန်လာတဲ့ နေ့တုန်းက မော်တော်ကားပေါ်မှာ ကျုပ် ပြောခဲ့တဲ့ စကားတွေကို မှတ်မိလိမ့်မယ်လို့ ထင်တယ်။ အဲဒီတုန်းက မင်းတို့ ကိစ္စနှင့်*

ပတ်သက်လို့ ကျုပ် စဉ်းစားပြီးပြီ။ အဖြေကို မင်းကို ပြောပြမယ်လို့ ပြောခဲ့ဖူးတယ်။ ခု စာဟာ ကျုပ်ရဲ့ အဖြေပဲ။

ကျုပ်တို့ နှစ်ယောက်ဟာ မိဘတွေ ပေးစားလို့ အကြင်လင်မယား ဖြစ်လာကြပေမဲ့ အိမ်ထောင်ရေး သက်တမ်း ခုနစ်နှစ်လောက် အတွင်းမှာ ကျုပ်တို့ရဲ့ အချစ်ဟာ လှုယ်ချင်း စုံမက်လို့ ရလာကြတဲ့ ဇနီးမောင်နှံတို့ရဲ့ အချစ်ထက်တောင် လျော့မယ် မထင်ဘူးလို့ ကျုပ် ထင်တယ်။ မင်းဘက်ကတော့ မသိဘူး၊ ကျုပ်ဘက်ကတော့ ဒီအတိုင်းပဲ။ ဒီတော့ အဆင်မပြေတဲ့ ကိစ္စ တစ်ခုကြောင့် ဖြစ်စေ၊ လင်နှင့် မယား တစ်ယောက်ယောက်ဘက်က ဝတ္တရား ပျက်တဲ့ အကြောင်းကြောင့် ဖြစ်စေ ကျုပ်တို့ အိမ်ထောင်ဟာ ပြိုကွဲ မသွားသင့်ဘူးလို့ ကျုပ် ယူဆတယ်။ ကျုပ် အဖို့ကတော့ မင်းဘက်က ဘယ်လောက် ဝတ္တရား ပျက်ပျက် ကျုပ်ဘက်က မပျက်အောင် စောင့်ထိန်းရမယ်လို့ ဆုံးဖြတ်ပြီးပြီ။ ဒါကြောင့် ကျုပ်တို့ အိမ်ထောင်ရေးဟာ အရင်တုန်းကလိုပဲ ဥမကွဲ သိုက်မပျက် နေသွားတာ ကောင်းလိမ့်မယ်လို့ ထင်တယ်။ ဒါဟာ ကျုပ် အတွက်ရော မင်း အတွက်ရော တူးတူး အတွက်ရော သေရေး ရှင်ရေးတမျှ အရေးကြီးတယ်။ မင်းလည်း မင်း အမှားကို မင်း အရှိန်မီ ပြုပြင်နိုင်ပြီး အရင်ကလိုပဲ ကြင်ကြင်နာနာ ဆက်လက် နေသွားနိုင်လိမ့်မယ်လို့ မျှော်လင့်တယ်။ ဒီလိုမှ မဟုတ်ဘဲ ခုအတိုင်း ဆက်သွားကြမယ် ဆိုရင်တော့ မင်းနှင့် မင်း သားလေး အဖို့ ရှေ့လျှောက်ပြီး ဘယ်အခြေ ဆိုက်မယ် ဆိုတာကို မင်း လေးလေးနက်နက် တွေးဖို့ ကောင်းတယ်။

P.S. ကျုပ်လည်း ဝန်ကြီးက ကြေးနန်းရိုက် ခေါ်လို့ နယ်ကို လိုက်သွားရမယ်။ တစ်ပတ်လောက် ကြာမယ် ထင်တယ်။ ပြန်လာတော့မှ လူချင်း တွေ့ပြီး အေးအေးဆေးဆေး ပြောပြဦးမယ်။

သက်ထွန်း၊

ဦးသက်ထွန်းသည် စာကို တစ်ခေါက် ဖတ်ပြီး ကျေနပ်သွားသည်။ သူ့ စာထဲတွင် ရန့်ရင်း ကြမ်းတမ်းသည့် အသုံးအနှုန်းလည်း မပါ၊ ပုတ်ခတ် ပြစ်တင်သည့် အစိပ္ပာယ်လည်း မရောက်၊ လိုက်လျော အရှုံး ပေးသည့် သဘောလည်း မပါရှိပေ။ မှန်တန်းပင် ဖြစ်သည်။

သူ့ ရင်ခွင်ထဲသို့ မမ ပြန်လည် ရောက်ရှိလာရေး အတွက် ခင်းပေးလိုက်သော ရွှေတံတား ငွေတံတား ဖြစ်သည်။



၃

[illegible] လက်ရေးကို မြင်လိုက်သည်နှင့် ဦးသက်ထွန်းထံမှ စာ ဖြစ်မှန်း [illegible]ချင်း သိလိုက်သည်။ သို့ရာတွင် ဘာမျှ တုန်လှုပ်ခြင်း မရှိတော့ပေ။ ဖြစ် [illegible]ကို အေးဆေးစွာ ရင်ဆိုင်ရန် ပြင်ဆင်ပြီး ဖြစ်ပေသည်။

[illegible] အစေခံများက ဦးသက်ထွန်း အတွက် အိပ်ရာလိပ်နှင့် ပစ္စည်းများကို [illegible]ပြီး ပြင်ဆင်နေကြသည်။ မမသည် သူနှင့် ဘာမျှ မဆိုင်သလို နေလိုက်ပြီး [illegible]ရှိသော ဖွင့်၍ ဖတ်လိုက်သည်။ လက်ဖျားများ မသိမသာ တုန်ယင်နေသည် [illegible] သတိ ထားလိုက်မိသည်။ မမသည် စာကို ဆုံးအောင် ဖတ်ပြီး နောက် [illegible]ခေါက် ပြန်ဖတ်ပြန်သည်။ စာကို ဖတ်ပြီးနောက် မမ၏ တစ်ကိုယ်လုံး [illegible] အေးစက်သွားသည်ဟု ထင်လိုက်ရသည်။

[illegible] ဦးသက်ထွန်း၏ စာမှာ မျှော်လင့်ထားသော ဆူသံ၊ ပူသံ၊ ပုတ်ခတ် ပြစ် [illegible] ကွာရှင်း ပြတ်စဲလိုသံတို့ တစ်လုံးမျှ မပါဘဲ အေးဆေး တည်ငြိမ်ခြင်း [illegible]ရှိသော အခါ အကြီးအကျယ် အံ့အားသင့်သွားမိသည်။

[illegible] အတိုင်း ဆိုလျှင်တော့ ဦးသက်ထွန်းသည် သဘောထား ကြီးသူ၊ [illegible]တတ်သူဟု ထင်စရာပင် ဖြစ်သည်။ သို့ရာတွင် မမကတော့ ဦးသက် [illegible] အကြောင်းကို နောကျေနေအောင် သိပြီး ဖြစ်သည်။ ဦးသက်ထွန်း [illegible] အိမ်ထောင်သက် ခုနစ်နှစ် ကာလတွင် သူ့ ဘဝကို မြေမှုန့် ဖျက်ဆီးခဲ့သူ [illegible] ထင်သည်။ ဦးသက်ထွန်းသည် မမ၏ အသည်းနှလုံးကို ဓားပြ တိုက်ကာ [illegible]ကို ဝါးမျိုခဲ့သူ ဖြစ်သည်။ မမသည် သားလေး တူးတူးကို မွေးပြီး [illegible]နောက်တွင် သံယောဇဉ် အမျှင်တန်းပြီး ဖြစ်နေ၍ ဦးသက်ထွန်းကို ချစ် [illegible] ကြည့်ခဲ့ဖူးသည်။ သို့ရာတွင် မရခဲ့ချေတကား။ ထို့ကြောင့် မမ [illegible] ကိုသက်ရွှေအား သူ့ အသည်းနှလုံးကို ပုံအပ်ခဲ့ခြင်း ဖြစ်သည်။ သည့် [illegible]ကြောင့် ဦးသက်ထွန်းသည် မမအား ဖောက်ပြားသော မိန်းမ၊ အကျင့် [illegible] ပျက်သော မိန်းမဟု ရင့်ရင့်သီးသီး စွပ်စွဲကာ ပြတ်ပြတ်တောင်းတောင်း

လုပ်လိုက်စေချင်သည်။ ဦးသက်ထွန်းက သည်လို ခပ်ပြတ်ပြတ် လုပ်လိုက်ခြင်းဖြင့် သူ အဖို့ ချက်ကောင်း ရကာ ကိုသက်ဆွေနှင့် လွတ်လွတ်လပ်လပ် နေနိုင်မည်ဟု တွက်ဆ ထားခဲ့သည်။ ယခုတော့ သည်လို မဟုတ်ဘဲ ဦးသက်ထွန်းက သဘောထား ကြီးဟန် ပြကာ မမအား အနု နည်းဖြင့် ဖမ်းချုပ်လိုက်သည်။ သူ့ကို သဘောထား ကြီးသူဟု အထင် ရောက်စေကာ မမ လော်လည် ဖောက်ပြားသည့် မိန်းမဟု စကားတင်း ဆိုကြစေရန် လုပ်ခြင်း ဖြစ်သည်ဟု ထင်မိသည်။ သည်စာသည် သူ့အား အလိမ္မာကလေးနှင့် သတ်လိုက်ခြင်း ဖြစ်သည်ဟု မမ ထင်လေသည်။

'ခုအတိုင်း ဆက်နေသွားကြမယ် ဆိုရင်တော့ မင်းနှင့် မင်း သားလေး ဘယ်အခြေ ဆိုက်မယ် ဆိုတာ မင်း လေးလေးနက်နက် တွေးဖို့ ကောင်းတယ်'

သည်စာပိုဒ်မှာ တူးတူးလေးကို မအေနှင့် ခွဲထားမည်ဟု ခြိမ်းခြောက်လိုက်ခြင်း ဖြစ်သည်။ မမသည် သူ့ သားနှင့် မခွဲနိုင်ကြောင်းကို ဦးသက်ထွန်း ကောင်းကောင်း သိသည်။ ထို့ကြောင့် ထိုစကားလုံးများဖြင့် ခြိမ်းခြောက်ခြင်း ဖြစ်သည်ဟု မမ ယူဆမိသည်။ သို့မဟုတ်ဘဲ မမသည် သူ့ အချစ်ဆုံးသော သားကို စွန့်၍ ကိုသက်ဆွေ နောက်သို့ လိုက်သွားလျှင်လည်း မမအား အရက်စက်ဆုံးသော မိန်းမ၊ အမိုက်မဲဆုံးသော မိန်းမ တစ်ယောက် အဖြစ် လက်ညှိုး ငေါက်ငေါက် ထိုး၍ ပြနိုင်ရန် အတွက် ဆင်ထားလေသလားဟု တွေးမိပြန်သည်။

'မင်းလည်း မင်း အမှားကို ပြုပြင်ပြီး အရင်တုန်းကလို ကြင်ကြင်နာနာနှင့် ဆက်နေသွားနိုင်လိမ့်မယ်လို့ မျှော်လင့်တယ်'

မမသည် စာ တစ်နေရာကို ဖတ်၍ တွေးနေမိပြန်သည်။ သူတို့၏ အိမ်ထောင်ရေးတွင် ဘယ် အခါက ကြင်ကြင်နာနာ ရှိခဲ့ဖူးပါသနည်း။ သူတို့၏ အိမ်ထောင်သည် တကယ်တော့ ပစ္စည်း ဥစ္စာ ချမ်းသာသော်လည်း အချစ်ခေါင်းပါးသော အိမ်ထောင်ရေးသာ ဖြစ်၏။

ဦးသက်ထွန်းသည် အနုနည်းဖြင့် နှိပ်စက်သည့် အရာတွင် တစ်ဖက်ကမ်းခပ်သူ ဖြစ်ကြောင်းကို မမ သိ၏။ ယခုကဲ့သို့ ခွင့်လွှတ်ဟန် ဆောင်ခြင်းသည် သူ့အား အသည်း ကွဲအောင် အနုနည်းဖြင့် နှိပ်စက်ရန် နိဒါန်း ပျိုးခြင်းသာ ဖြစ်ပေသည်။ သူ့အား စိတ်ဆင်းရဲအောင် နှိပ်စက်မည့် ဦးသက်ထွန်းအား ဘာကြောင့် စိတ်ချမ်းသာအောင် လုပ်ရမည်နည်း။ ဦးသက်ထွန်း ပစ်လိုက်သော ကွန်ထဲတွင် ဘာကြောင့် လည်စင်း၍ ဝင်ရမည်နည်း။





မမသည် စာ ပြန်ရေးရန် စာရေး စားပွဲတွင် ထိုင်လိုက်သည်။ အစေခံများက ဦးသက်ထွန်း ပစ္စည်းများကို ထုပ်ပိုး ပြင်ဆင်ပြီး ဖြစ်၍ ရုံးစေ လုလင်ကလည်း မမထံမှ ပြန်စာကို စောင့်လျက် ရှိသည်။ သို့ရာတွင် မမသည် ဘာကို ရေးရမည် မသိဘဲ ငိုင်နေမိသည်။ မျက်ရည်များသည် တတွေတွေ စီးကျလာကြသည်။ ဦးသက်ထွန်း စာ အတိုင်း အရင်ကလို ပြန်၍ နေကြမည် ဆိုလျှင် အရင်ကထက် ပို၍ စိတ်ဆင်းရဲရတော့မည် ဖြစ်ကြောင်းကို မမ တွေးမိပြီး ဖြစ်သည်။

မမသည် ဦးသက်ထွန်းအား ပြတ်ပြတ်တောင်းတောင်း ရေးလိုက်ရန် ကြိုးစားကြည့်သည်။ သို့ရာတွင် မမသည် တကယ်တော့ သည်လောက် သတ္တိကောင်းသူ မဟုတ်ပေ။ ချစ်သူ အတွက် လင်နှင့် သားကို စွန့်ခွာ ထွက်ပြေးသော မိန်းမပျက် ဆိုသည့် ရှက်စရာ နာမည်ဆိုးကြီးကို မခံယူရဲပေ။ ထို့ကြောင့် မမသည် ဘယ်က စ၍ ဘာကို ရေးရမည် မသိဘဲ ငိုင်နေမိသည်။

'ရထားချိန် နီးနေပါပြီ မမ၊ မင်းကြီး စောင့်နေပါလိမ့်မယ်'

ရုံးစေ လုလင်က နံရံမှ နာရီကို မော့ကြည့်၍ မရဲတရဲ ပြောလိုက်သည်။

'ခဏ နေဦး၊ ရေးပြီးတော့ ခေါ်လိုက်မယ်'

မမက ရုံးစေ လုလင်ကို ပြောကာ ဖောင်တိန်ကို ကောက်ကိုင်လိုက်သည်။ သို့ရာတွင် သူ တစ်ယောက်တည်း ဘာကို ရေးရမည် မသိပေ။ ထို့ကြောင့် ကိုသက်ဆွေနှင့် တိုင်ပင်ရန် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် မမသည် ပြန်စာကို ရေးချလိုက်သည်။

*ကိုကို ပေးသော စာကို ရပါသည်။ မမ။*

စာမှာ ဤမျှသာ ဖြစ်သည်။ မမသည် စာကို စာအိတ်ထဲတွင် ပိတ်၍ ပေးလိုက်ပြီး စာ တစ်စောင်ကို ဆက်ရေးနေသည်။

*မောင်*

*မောင့်ကို မမ သိပ် အရေးတကြီး တွေ့ချင်တယ်။ ညနေ ဂလုပ်ရုံမှာ ၆း၃၀ ပွဲမှာ လက်မှတ် ဝယ်ထားပါ။ မမ ခြောက်နာရီ ဆယ့်ငါးမိနစ် အရောက် လာခဲ့မယ်။*

*မမ*

# ၄

အချိန် စောသေးသဖြင့် ကိုသက်ဆွေသည် ကားကို ခပ်ဖြည်းဖြည်း မောင်းလာခဲ့သည်။ ကားမောင်း လာရင်းလည်း ကိုသက်ဆွေသည် သူနှင့် မမတို့ ကိစ္စကို စဉ်းစားလာသည်။ သူ့ အဖို့မူ သည်ပြဿနာမှာ ရှင်းနေသော ပြဿနာ ဖြစ်သည်။ သူသည် မမကို အသည်းနှင့်အောင် ချစ်သည်။ မမသည် လင်နှင့်သားကို လည်းကောင်း၊ ဂုဏ်ပုဒ်ကို လည်းကောင်း နည်းနည်းမျှ ငဲ့ကွက်ခြင်း မရှိဘဲ အစွန့်စားကြီး စွန့်စားကာ သူ့ အချစ်ကို လက်ခံခဲ့သည်။ သည်အချက်နှင့်ပင်လျှင် မမ၏ အချစ်သည် တန်ဖိုး မဖြတ်နိုင်အောင် ကြီးမားလှသည်ဟု သူ ထင်မိသည်။

ဘေးပတ်ဝန်းကျင်နှင့် ပတ်သက်၍လည်း ကိုသက်ဆွေ၏ သဘောထားမှာ ပြတ်သားလှသည်။ ဘေးပတ်ဝန်းကျင်သည် သူနှင့် မမ ကိစ္စကို သိသော်လည်း ပြောင်ပြောင်တင်းတင်း ပြောရဲကြမည် မဟုတ်ဟု တွက်ဆထားသည်။ အကယ်၍ ပြောလာကြလျှင်လည်း သူတို့ ပါးစပ်များကို ပိတ်အောင် လုပ်ရန် အသင့် ရှိသည်။

ဦးသက်ထွန်းနှင့် ပတ်သက်လာလျှင်မူကား ကိုသက်ဆွေ သဘောမှာ ပို၍ပင် ပြတ်သားလှသည်။ သူနှင့် မမ ချစ်ခဲ့ကြပြီးသည့် အချိန်မှ စ၍ ဦးသက်ထွန်းအား ဘာမျှ မဆိုင်တော့သော အပြင်လူ တစ်ယောက်ဟု ယူဆထားခဲ့သည်။

ဦးသက်ထွန်းသည် သူတို့ ကိစ္စနှင့် ပတ်သက်၍ ဘာမျှ ပြောဆိုပိုင်ခွင့် မရှိတော့သူဟုသာ ယူဆခဲ့သည်။ မကျေနပ်လျှင် ဦးသက်ထွန်း အဖို့ ကြိုက်သည့် နည်းဖြင့် စာရင်း ရှင်းရုံသာ ရှိတော့သည်။ ကိုသက်ဆွေကလည်း အချိန်မရွေး စာရင်း ရှင်းရန် အဆင်သင့် ရှိပေသည်။

သို့ရာတွင် ကိုသက်ဆွေ အဖို့ အခက်အခဲကြီး တစ်ခု ရှိနေသည်။ ယင်းမှာ သူ့ ကိုယ်ရေးကိုယ်တာ ပြဿနာပင် ဖြစ်သည်။ မမနှင့် တွေ့ကြ၊ ဆုံကြ၊ ချစ်

တင်းဆိုကြတုန်းကတော့ ကိုသက်ဆွေသည် ဘာကိုမျှ မတွေးခဲ့ဘဲ အပျော်ကြီး ပျော်ခဲ့သည်။ သို့ရာတွင် မမတွင် ကိုယ်လေးလက်ဝန် ရှိလာပြီဟု ဖွင့်ပြောလိုက်သော အခါ၌ကား သူနှင့် မမတို့သည် သည်လို နေလို့ မဖြစ်ကြတော့ဘဲ တစ်ခုခု လုပ်မှ ဖြစ်တော့မည်ဟု သဘော ပေါက်လာခဲ့သည်။ ထို့ကြောင့် ဦးသက်ထွန်းအား စွန့်ခွာကာ သူ့နောက်သို့ လိုက်ရန် ပြောခဲ့သည်။ သည်စကားကို ကိုသက်ဆွေသည် ရုတ်တရက် ပြောခဲ့ခြင်း ဖြစ်၍ သေသေချာချာ စဉ်းစားသော အခါ မမ အဖို့သာမက သူ့ အဖို့ပါ မလွယ်ကူကြောင်းကို သိမြင်လာခဲ့ပေသည်။ ယင်းမှာ ကိုသက်ဆွေ၏ ကိုယ်ရေးကိုယ်တာ အခက်အခဲ ဖြစ်၏။

တကယ်တော့ မမနှင့် သူ အတူတကွ နေရေး အတွက် သူ့တွင် အဆင်သင့် မဖြစ်သေးပေ။ ကိုသက်ဆွေသည် ရာထူးကြီး ရာခံကြီးကို ရောက်ရမည်ဟု အားခဲထားသူ ဖြစ်သည်။ မမနှင့် တွေ့စ ချစ်စ ကြင်နာခါစတုန်းကတော့ မန္တလေး တက္ကသိုလ်က ပါမောက္ခ ရာထူး တစ်ခုကိုပင် စွန့်ပယ်ခဲ့သည်။ သို့ရာတွင် သူ့လောက်မှပင် ဒီဂရီ အရည်အချင်း မရှိသူများက ပါမောက္ခများ တက်ဖြစ်နေသော အခါတွင် ကိုသက်ဆွေ ရင်ထဲတွင် ကိန်းဝပ်နေသော အငုတ်ကလေးသည် ပြန်ပေါ်လာသည်။ ထို့ကြောင့် မမနှင့် အတူ နေရေး ကိစ္စကို ရွှေ့ဆိုင်းထားလိုက်ရမလားဟု စဉ်းစားလာခဲ့မိသည်။

ဂလုပ်ရုံ ရောက်သော အခါ မမကို အဆင်သင့် တွေ့ရသည်။ သူတို့နှစ်ယောက်သည် ရုံထဲသို့ ဝင်လာခဲ့ကြသည်။ တစ်နေရာတွင် ထိုင်မိကြတော့မှ မမက ကိုသက်ဆွေ၏ လက်များကို တင်းကျပ်စွာ ဖျစ်ညှစ်လိုက်ရင်း

‘အရေးတကြီး ချိန်းလိုက်လို့ မမကို စိတ်မဆိုးနှင့်နော် မောင်၊ မောင့်ကို ပြောစရာတွေ ရှိလို့’

‘အို ဘာလို့ စိတ်ဆိုးရမှာလဲ၊ ဒါထက် နေပါဦး၊ မမ အိမ်က ကားနှင့် လာတာလား၊ ဘယ်က လာတာလဲ’

‘ဒါက အရေးမကြီးပါဘူး မောင်ရယ်၊ အသာ ထားစမ်းပါ၊ အရေးကြီးတာက’

ကိုသက်ဆွေက မမ စကား မဆုံးခင် မမ၏ ပါးကို ရှုပ်ခနဲ နမ်းလိုက်သည်။

‘ဒါတွေ အသာ ထားစမ်းပါဦး မောင်ရဲ့၊ မမ ပြောတာ နားထောင်စမ်းပါဦး၊ မမနှင့် မောင်တို့ ကိစ္စကို သူ့ကို ဖွင့်ပြောလိုက်ပြီးပြီ၊ သူ့ကို ကွာရှင်းပေးပါလို့လည်း ပြောလိုက်ပြီ၊ အို သူ့ကို အကုန် ဖွင့်ပြောလိုက်ပြီးပြီ’





‘ဟင် ဖွင့်ပြောလိုက်ပြီးပြီ ဟုတ်လား’

မမက ခေါင်းညိတ်၍ ပြလိုက်ပြီး ကိုသက်ဆွေကို အကဲခတ်နေသည်။ မမ အထင်တွင် သည်စကားကို ပြောလိုက်လျှင် ကိုသက်ဆွေ ဝမ်းသာအယ်လဲ ဖြင့် သူ့နောက်သို့ အပါ ခေါ်လိမ့်မည်ဟု ထင်ခဲ့သည်။ ကိုသက်ဆွေ ခေါ်လျှင် မမလည်း လင်နှင့် သားကို စွန့်၍ လိုက်ရန် အဆင်သင့် ဖြစ်နေသည်။ သို့ရာတွင် ကိုသက်ဆွေကို ကြည့်ရသည်မှာ အားတက်သရော မရှိလှဘဲ အေးတိအေးစက် လုပ်နေသည်ကို မြင်ရသော အခါ မမသည် ဝမ်းနည်း၍ လာလေသည်။ သူ ထင်တာနှင့် တလွဲစီ ဖြစ်နေသည်ကို တွေ့ရသော အခါ ရင်ထဲမှာ [illegible]ကိုက်လာ၏။

‘ဒီမှာ သူ့စာ’

မမက လက်ပွေ့ အိတ်ထဲမှ ဦးသက်ထွန်း ပေးသော စာကို ထုတ်၍ ပြသည်။

‘မောင် နားလည်ပါတယ် မမရယ်’

ကိုသက်ဆွေက စာကို ယူပြီး မဖတ်သေးဘဲ လက်ထဲတွင် ကိုင်၍ ငိုင်နေသည်။

‘သူ့ စာကို သေသေချာချာ ဖတ်ကြည့်ပါဦး’

မမက နောက်တစ်ခါ တိုက်တွန်းတော့မှ ကိုသက်ဆွေသည် စာကို ဖွင့်၍ ဖတ်နေသည်။ စာအတိုင်း ဆိုလျှင် ကိုသက်ဆွေနှင့် မမတို့သည် ဝေးကြဖို့သာ ရှိတော့သည်။ သည်လို ဝေးကြရတော့မည် ဆိုလျှင် ကိုသက်ဆွေ ရင်ထဲမှာ [illegible]လာပြန်သည်။ ကိုသက်ဆွေသည် ကိုယ်ရေးကိုယ်တာကို မစဉ်းစားနိုင်တော့ဘဲ ရင်ထဲတွင် ဆူဝေလာပြန်သည်။

‘ဒီလိုတော့ ဘယ်ဖြစ်မလဲ မမရဲ့’

‘အဲဒါပေါ့၊ ဒီစာ အတွက် တိုင်ပင်ရအောင် မောင့်ကို ခေါ်တာ၊ ဘယ့်နှယ် လုပ်ကြမလဲ’

မမက သက်ပြင်း ချလိုက်သည်။

‘ဟုတ်ပါတယ် မမရယ်၊ ဘာပဲဖြစ်ဖြစ် အတူတူ နေရအောင် ထွက်သာ ပြေးကြပါစို့၊ ကြာကြာ ဆိုင်းမနေပါနှင့်တော့’

‘အတူတူ နေတာတော့ ဟုတ်ပါပြီ၊ သားသား အတွက်ကကော၊ သူ့ စာအတိုင်း ဆိုရင် သားသားကို ထားပစ်ခဲ့ရမယ့် ပုံပဲ၊ သားသားကိုတော့ မခွဲပါရစေနှင့် မောင်ရယ်’

ကိုသက်ဆွေသည် မမ မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

'ဒီမှာ မမ၊ မမမှာ လမ်း နှစ်လမ်းပဲ ရှိတယ်၊ တစ်လမ်းက သားသားကို ရော သူ့ကိုရော စွန့်ပစ်ခဲ့မလား၊ ဒါမှမဟုတ် သားကို မခွဲနိုင်တာနှင့် ခုလိုပဲ ကြိတ်မှိတ်ပြီး အနစ်မွှန်း ခံတော့မလား၊ ဒါပဲ ရှိတော့တယ်'

'ဘယ်သူ နစ်မွှန်းမှာလဲ မောင်'

'အကုန်လုံး နစ်မွှန်းမှာပဲ၊ အထူးသဖြင့် မမ အဖို့ ပိုဆိုးတယ်'

'နစ်မွှန်းတယ်လို့တော့ မပြောပါနှင့် မောင်ရယ်၊ မောင်နှင့် ချစ်ခဲ့တဲ့ နေ့က စပြီး မမရဲ့ ဘဝဟာ ပြောင်းလဲခဲ့ပါပြီ၊ မမ အဖို့ လောကကြီးမှာ တစ်ခုပဲ ရှိပါတယ်၊ ဒါဟာ မောင့်ရဲ့ အချစ်ပါပဲ၊ ရှက်တာတွေ ကြောက်တာတွေ လူ တွေက ပြောကြမှာတွေကို မမ ဘာမှ ဂရုမစိုက်တော့ပါဘူး မောင်၊ အချစ် တစ်ခုပဲ ရှိပါတယ်'

မမသည် မျက်ရည်တွေ စီးကျလာရာက အသံ တုန်တုန်ဖြင့် ပြောလိုက် သည်။ ကိုသက်ဆွေ ကိုယ်တိုင်လည်း ငိုချင်လာသည်။ လင်နှင့် သားက တစ် ဖက်၊ ချစ်သူက တစ်ဖက် ဘက်နှစ်ဖက် ကြားတွင် ဗျာများနေသော မမကို ကြည့်၍ သနားလာသည်။ မမ ခုလို အခြေကို ရောက်ရခြင်းမှာ သူ့ကြောင့်ဟု နောင်တ ရလာသည်။

'သားသားကို ခေါ်ခဲ့လို့ ဖြစ်ရင်လည်း ကောင်းမှာပဲ'

ကိုသက်ဆွေက ညည်းသလို ပြောလိုက်သည်။

'သားသားပါ ခေါ်လို့ ဖြစ်ရင်တော့ အကောင်းဆုံးပေါ့ မောင်၊ ဒါပေမဲ့ သူက ပါးတယ်၊ ထည့်မှာ မဟုတ်ဘူး၊ ခု သူ အညာကို သွားတယ်၊ စနေနေ့ လောက် ပြန်ရောက်လိမ့်မယ်'

'ဒါဖြင့် စနေနေ့ မတိုင်ခင် မမလည်း စဉ်းစားပါဦး၊ မောင်လည်း စဉ်းစား ထားမယ်၊ ဟုတ်လား'

ကိုသက်ဆွေနှင့် မမသည် ဘိုင်စကုတ် မပြီးခင် ထလာခဲ့သည်။ ကိုသက် ဆွေသည် မမကို ဒေါ်မြမြမေတို့ အိမ်သို့ လိုက်ပို့ခဲ့ပြီး နှုတ်ဆက်၍ ထွက်လာ ခဲ့လေသည်။



# ၅

မြို့လေး ရထား ဆိုက်ပြီး၍ ဦးသက်ထွန်း အိမ် ပြန်ရောက်လာသည့် အခါ တွင်မူ မမမှာ အိမ်ပေါ်တွင် ရှိနေသေးသည်။ ဦးသက်ထွန်းသည် သူ ရောက် လာကြောင်းကို အစေခံမလေး တစ်ယောက်အား အပြော ခိုင်းလိုက်သည်။ သို့ ရာတွင် မမမှာ တော်တော်နှင့် ဆင်းမလာပေ။ မမသည် အစေခံမလေး လာ၍ မပြောမီ ကတည်းက ဦးသက်ထွန်း အသံကို ကြားကာ ပြန်ရောက်လာကြောင်း ကို သိပြီး ဖြစ်သည်။ ဦးသက်ထွန်းသည် သူ့ကို လာ၍ နှုတ်ဆက်လိမ့်မည်ဟု ယူဆထားသည်။ သို့ရာတွင် တစ်နာရီခန့် ကြာသည့်တိုင် ဦးသက်ထွန်းမှာ မပေါ် လာသေးပေ။ မမသည် ကြာရှည် သည်းမခံနိုင်တော့ဘဲ အောက်ထပ် ထမင်းစား ခန်းထဲသို့ ဆင်းလာကာ ဦးသက်ထွန်း ကြားလောက်အောင် အသံကို မြှင့်၍ အစေခံမလေးများအား အမိန့်ပေးနေသည်။ သူ့ အသံ ကြားလျှင် ဦးသက်ထွန်း သည် ထမင်းစားခန်းထဲသို့ ဝင်လာလိမ့်မည်ဟု ယူဆထားသည်။ သို့ရာတွင် ဦးသက်ထွန်းမှာ မထွက်လာဘဲ စာကြည့်ခန်းထဲမှာပင် ရှိနေသည်။

တော်တော်နှင့် မပေါ်လာသော အခါတွင်မူကား မမမှာ နောက်ထပ် သည်းမခံနိုင်တော့ပေ။ စာထဲတွင် ပါသည့် ကိစ္စကို ဦးသက်ထွန်းနှင့် လူချင်း တွေ့ဆုံ၍ ရှင်းလိုစိတ်မှာ ပြင်းပြလာသည်။ သူ့ သဘောထားကို ပွင့်ပွင့်လင်း လင်း သိလိုလာသည်။

ထို့ကြောင့် မမသည် ဦးသက်ထွန်း အလာကို မစောင့်နိုင်တော့ဘဲ စာကြည့် ခန်းထဲသို့ ဝင်လာခဲ့သည်။ ဦးသက်ထွန်းမှာ သတ္တုလတ် အပေါ် အင်္ကျီကိုပင် မချွတ်သေးဘဲ ကုလားထိုင်တွင် ထိုင်နေသည်။

ခြေသံ ကြားတော့မှ ဦးသက်ထွန်းက မမကို လှည့်ကြည့်လိုက်သည်။ သို့ရာတွင် ချက်ချင်း မျက်လုံးများကို ပြန်၍ ရုပ်သိမ်းလိုက်ပြီး

'တူးတူးရော ကျောင်းသွားပြီလား'

'သွားပြီ'

ပြောလိုက်သည်။

မမက ဝပ်ပြတ်ပြတ် ပြောလိုက်သည်။

"ဒီနေ့ ကိုကို အိမ်မှာ မနက်စာ မစားတော့ဘူး၊ အစည်းအဝေး တက်စရာ ရှိတယ်"

ဦးသက်ထွန်းက စားအိတ် ဖောက်သည့် ဆင်စွယ်ပြားကလေးကို မှတ်ရင်း ပြောလိုက်သည်။

"မမလည်း စိတ်ပြေလက်ပျောက် မန္တလေး မောင်မောင်လတ်တို့ဆီ ခဏ သွားနေမလို့ စိတ်ကူးထားတယ်"

ဦးသက်ထွန်းသည် ဘာမျှ မပြောဘဲ မမကို တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။ နောက် ခေါင်းငိုက်စိုက် ချကာ တွေးနေသည်။

"ကိုကို"

မမက အနားသို့ လာရပ်၍ ခေါ်လိုက်သည်။ ဦးသက်ထွန်းသည် မမကို ဖြန့်၍ ထေ့သော မျက်ကြည့်လိုက်သည်။

"မမဟာ ယောအ ဝတ္ထုရေး ကျေပွန်တဲ့ မိန်းမ တစ်ယောက် မဟုတ်တော့ဘူး ကိုကို၊ သစ္စာ မဲ့တဲ့ မိန်းမ အကျင့် ပျက်တဲ့ မိန်းမ ဖြစ်နေပြီ၊ ကိုကိုငိုလို ပြောတဲ့ အတိုင်း မမဟာ မမ ဆုံးဖြတ်ချက်ကို မပြောင်းနိုင်တော့ဘူး၊ အရင်လို ဖြန့်နေဖို့ ဆိုတာ မဖြစ်တော့ဘူး၊ အဲဒါ ကိုကို့ကို လာပြောတာ"

"မင်းကို ကျုပ်က ဘာဖြေလို့ ဒီကိစ္စနှင့် ပတ်သက်ပြီး ပြောရတာလဲ"

ဦးသက်ထွန်းက လှမ်းပြောလိုက်သည်။ သူ့ အသံမှာ ဒေါသသံ ပါနေသည်။

"မေးပေမဲ့ ပြောစရာ ရှိတာကို ပြောပစ်လိုက်ကြတာ ကောင်းတယ် ကိုကို၊ ပြောစရာတွေ ရင်ထဲမှာ အပြည့် ရှိကြရက်သားနှင့် ဘာမှ မဖြစ်သလို ဟန်ဆောင်နေကြရင် အားလုံး ပေါက်ကွဲကုန်ကြလိမ့်မယ်"

"ကျုပ် စာထဲမှာ ကျုပ် သဘောထားကို ပွင့်ပွင့်လင်းလင်း ရေးခဲ့ပြီး မဟုတ်လား၊ မင်း စိတ်ထဲမှာ ပြောစရာတွေ ဘယ်လို ပြည့်သိပ်နေတယ် ဆိုတာကို ကျုပ် မသိဘူး၊ သိဖို့လည်း မလိုဘူး၊ ကျုပ်ဘက်ကတော့ လင် တစ်ယောက်အနေနှင့် ပြောသင့်တာတွေ အားလုံးကို ပြောပြီးပြီ၊ ဒါတွေ ကျုပ် ဘာမှ မသိချင်ဘူး၊ တစ်ခုတော့ ရှိတယ်၊ ကျုပ်ရဲ့ ဂုဏ်ကို အကြီးအကျယ် ထိခိုက်အောင် ထပ်လုပ်လာရင်တော့ တစ်မျိုး စဉ်းစားရလိမ့်မယ်၊ ခု အထိတော့ ကျုပ် စာထဲမှာ ပါတဲ့ အတိုင်း အရင်ကလိုပဲ ဣန္ဒြေ မပျက် ဆက်နေကြမယ်၊ ဒါ ကျုပ် သဘောထားပဲ"





... မမနှင့် သူ့ အခြေအနေက ဒီအတိုင်း ရပ်နေမှာ မဟုတ်ဘူး၊ ... တော် မကြားချင်ဘူး၊ မောမောပန်းပန်းနှင့် ပြန်လာတဲ့ ယောကျ်ား ... ကို ရင်ဝ ဆီးကန်သလို လုပ်တဲ့ မိန်းမဟာ လောကမှာ မင်း တစ် ... ရှိမယ် ထင်တယ်၊ ထွီ"

ဦးသက်ထွန်းက အော်ဟစ်လိုက်သည်။ မမပင်လျှင် သူ့ အော်သံကြောင့် ... သွားသည်။

"... မမနှင့် ရှင်နှင့်"

... စကားကို ဆုံးအောင် မပြောနိုင်ဘဲ ဆိုဖာပေါ်တွင် ပစ်ထိုင်ကာ ... ရှိုက်၍ ငိုချလိုက်မိသည်။ ဦးသက်ထွန်းက မရယ်ချင့် ရယ်ချင်နှင့် ... ရယ်လိုက်ပြီး

"... စိတ် သဘောထားနှင့် မင်း လုပ်ပုံတွေကတော့ လိုက်လည်း လိုက် ... ဟင်း ဟင်း၊ မင်းကို အင်မတန် အေးတဲ့ မိန်းမ တစ်ယောက်၊ တည် ... မိန်းမ တစ်ယောက်၊ ရိုးသားတဲ့ မိန်းမ တစ်ယောက်လို့ ငါ အထင် ... လေးစားခဲ့တယ်၊ ဟင်း ခုတော့ ယောက်မ မြင်းစီး ထွက်လာ ... မင်းကို အရင်က အထင် ကြီးခဲ့သလောက် ခု မင်းကို ငါ သိပ် အထင် ...ယ်"

...သည် ဘာမျှ မပြောဘဲ ရှိုက်၍ ငိုနေသည်။

"ကျုပ် အပေါ်မှာ မင်း ရက်စက်တာကို ကျုပ် အပြစ် မတင်ပါဘူး၊ ဒါ ... အပြစ် မရှိတဲ့ ကလေးကို ရက်စက်တာကတော့ ကျုပ် အံ့သြလို့ ... ဒီကလေးဟာ သစ္စာ မဲ့တဲ့ အမေရဲ့ ကလေး ဆိုတဲ့ နာမည်ဆိုးကြီးကို ... ပေးခဲ့တာတော့ ကျုပ် တွေးတိုင်း အသည်း နာတယ်"

ဦးသက်ထွန်းသည် မမ၏ ပျော့ကွက်ကို ကောင်းကောင်း မြင်သူ ဖြစ် ... သည်ပျော့ကွက်ကို ဖိ၍ နင်းလိုက်သည်။ မမသည် သား ... သံတွေခဲ မျိုလိုက်ရသလို ရင်ထဲမှာ ပူလောင်၍ လာ၏။

"... မမ ဘာလုပ်ရမလဲ ကိုကို၊ ကိုကို လုပ်စေချင်တာကို ပြောပါ"

ဦးသက်ထွန်းက လက်ကာ ပြလိုက်ပြီး

"... ကျုပ် လုပ်စေချင်တာကို မလုပ်ပါနှင့်၊ မမ လုပ်သင့်တာကိုသာ ... မမ လုပ်သင့်တာက ဘာလဲ ဆိုတာကတော့ ရှင်းရှင်းကလေးပဲ၊ နောက် ... လူနှင့် ဒီနေရာမှာ မတွေ့ပါနှင့်၊ ဒီနေရာတင် မကဘူး ဘယ်နေရာ

ဘယ် အချိန်မှာမှ ဒီလူနှင့် မတွေ့ပါနှင့်၊ ဒါဟာ မယား တစ်ယောက် အနေနှင့် မမ လုပ်သင့်တဲ့ ကိစ္စပဲ၊ လင် တစ်ယောက် အနေနှင့် ကျုပ် တောင်းဆိုချင်တဲ့ အချက်ပဲ၊ လင် တစ်ယောက် အနေနှင့် ကျုပ်ရဲ့ တောင်းဆိုချက်ဟာ မများပါဘူး၊ အဲ ကျုပ်ဘက်က မင်းကို မယားကောင်း တစ်ယောက် အနေနှင့် ပြန်ပြီး အသိအမှတ် ပြုမယ်၊ မင်း အပြစ်တွေ အားလုံးကို သင်ပုန်း ချေပစ်လိုက်မယ်၊ ဒါပဲ ကျုပ် ပြောချင်တယ်၊ ကဲ ကျုပ် သွားမယ်၊ မနက်ရော ညရော ကျုပ် အပြင်မှာပဲ ထမင်း စားမယ်'

ဦးသက်ထွန်းသည် ကုလားထိုင်ကို နောက်သို့ တွန်းရွှေ့ကာ ထွက်၍ သွားသည်။ မမသည် မျက်နှာကို လက်ဝါးနှင့် အုပ်လျက် ငိုကျန်ရစ်ခဲ့လေသည်။



# အပိုင်း ၄

၁

ဦးသက်ထွန်းနှင့် မမသည် တစ်အိမ်တည်း နေ၍ နေ့စဉ် နေ့တိုင်း မျက်နှာချင်းဆိုင်နေကြရသော်လည်း သူစိမ်းပြင်ပြင်လို ဖြစ်နေကြသည်။ ဦးသက်ထွန်းသည် အစေခံများ ရှေ့တွင်တော့ ဣန္ဒြေ မပျက် ခေါ်ပြောလေ့ ရှိသော်လည်း ညစာကိုမူ အိမ်မှာ မစားဘဲ အပြင်မှာ စားကာ ညဉ့်နက်မှချည်း ပြန်လာတတ်သည်။ မမသည် ဦးသက်ထွန်းက ကိုသက်ဆွေနှင့် နောက်ထပ် မတွေ့ရန် ပြောပြီးကတည်းက ကိုသက်ဆွေအား အိမ်တွင် ခေါ်မတွေ့တော့ပေ။ သို့ရာတွင် အပြင်တွင်မူ ခါတိုင်းလိုပင် တွေ့ဆုံကြသည်။ ဦးသက်ထွန်းကလည်း ကောင်းကောင်းရိပ်မိသည်။ သို့ရာတွင် ဘာမျှ မပြောသေးဘဲ နှုတ် ပိတ်ကာ အရိပ်အခြည်ကိုစောင့်ကြည့်နေခဲ့သည်။

အမှန်ကတော့ ဦးသက်ထွန်း၊ မမနှင့် ကိုသက်ဆွေတို့ သုံးယောက်စလုံးသည် ကိုယ့် ခံစားချက်နှင့် ကိုယ် ကြိတ်မှိတ်၍ ဟန်ဆောင် နေကြရခြင်း ဖြစ်သည်။

ဦးသက်ထွန်း အဖို့ ဆိုလျှင် အချိန်က ကုစားလာသော အခါတွင် မမ၏ ရူးရူးမူးမူး အချစ် စိတ်သည် ပျောက်ကွယ် လွင့်စဉ်သွားကာ သည် အခါတွင် ပတ်ဝန်းကျင်မှ တီးတိုးသံများသည်လည်း တိတ်သွားကြလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ ချီးမွမ်း ခုနစ်ရက် ကဲ့ရဲ့ ခုနစ်ရက် ဆိုသော စကား အတိုင်း အချိန်ကျလျှင် ပြီးသွားလိမ့်မည်ဟု မျှော်လင့်သည်။ ထို့ကြောင့် ကြိတ်မှိတ်၍ သည်းခံနေခဲ့ခြင်း ဖြစ်သည်။

မမ အဖို့ ဆိုလျှင်လည်း သူ့ကြောင့် ပေါ်ပေါက်ခဲ့ရသော သုံးပွင့်ဆိုင် အရှုပ် ဓာတ်ကြီးသည် တစ်နေ့တွင် တစ်နည်းမဟုတ် တစ်နည်းဖြင့် အဆုံးသတ်ကာ အရေ လည်သွားလိမ့်မည်ဟု မျှော်လင့်သည်။ သို့ရာတွင် ဘယ်လို အဆုံးသတ်မည်ကိုမူ စဉ်းစား၍ မရပေ။ သူနှင့် ဦးသက်ထွန်းသည် အရင်က အခြေသို့ ပြန်ရောက်မည်လား၊ သို့မဟုတ် သူနှင့် ကိုသက်ဆွေတို့ နှစ်ဦးပဲ

လျှော်ရှင်ရွာ တောင်သိမ်းရမလား၊ တစ်ခုခုတော့ ဖြစ်ရမည်ဟု ယူဆထားသည်။ ထို့ကြောင့် ထို တစ်ခုခု ဖြစ်မည့် အချိန်ကိုသာ ကျိတ်၍ တောင့်တနေခဲ့သည်။

ကိုသက်ဆွေ အဖို့ ဆိုလျှင်လည်း သည်ပြဿနာမှာ သူ့ အဆုံးအဖြတ် ပေါ်တွင် မတည်ဘဲ မမ၏ အဆုံးအဖြတ် အပေါ်တွင် တည်နေသဖြင့် မမသည် တစ်နေ့နေ့တွင်တော့ အဖြူ အမည်းကို ဆုံးဖြတ်ရလိမ့်မည်ဟုသာ စောင့်စား နေခဲ့သည်။

ကိုသက်ဆွေသည် တင်းနစ် ရိုက်ပြီးနောက် အင်းလျားလမ်းရှိ သူ့ အတွက် တက္ကသိုလ်မှ ပေးထားသော အိမ်သို့ ပြန်လာခဲ့သည်။ အိမ်တွင် မမထံမှ စာ တစ်စောင်ကို အဆင်သင့် တွေ့ရသည်။ စာထဲတွင်မူ..

မမ သိပ် နေမကောင်းဘူး မောင်။ အပြင်ကို လာနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့်မို့ မောင် မမဆီကို လာခဲ့ပါလား။ မောင်နှင့် မတွေ့ဘဲ မနေနိုင်ဘူး။ မောင့် မျက်နှာကို မြင်ချင်တယ်။ မောင့် အသံကို ကြားချင်တယ်။ သူလည်း ခုနစ်နာရီက ဆယ်နာရီ အထိ အစည်းအဝေး တစ်ခု သွားစရာ ရှိတယ်။ လာ ဖြစ်အောင် လာခဲ့ပါ။

မမ

ကိုသက်ဆွေသည် မမက အိမ်သို့ မခေါ်စဖူး ခေါ်ပြန်သဖြင့် အံ့အားသင့် သွားသည်။ ဦးသက်ထွန်းက ကိုသက်ဆွေအား သူ့ အိမ်သို့ မလာစေရန် မမ အား ပြောထားကြောင်းကို သိရသဖြင့် ပို၍ အံ့အားသင့်နေသည်။ သို့ရာတွင် မမ၏ ဖိတ်ခေါ်ချက်ကို ကိုသက်ဆွေ မငြင်းပယ်နိုင်ပေ။

ကိုသက်ဆွေသည် ရေမိုးချိုးကာ ထမင်းကို ခပ်သုတ်သုတ် စားပြီး ထွက် လာခဲ့သည်။ ကိုသက်ဆွေ ရောက်သွားသော အခါတွင် ကိုးနာရီ ထိုးရန် ဆယ် မိနစ်မျှသာ လိုတော့သည်။ ကိုသက်ဆွေသည် အိမ်ရှေ့ ပေါ်တီကို အောက်တွင် ရပ်ထားသော မာစီးဒီးစ် ကားကြီးကို မြင်လိုက်ရသည်။ သည်ကားမှာ မမ စီး သော ကား ဖြစ်သည်။ ဦးသက်ထွန်းမှာ အစိုးရက ပေးသော ဗီလီဂျစ် စတေး ရှင်း ဝက်ဂွန်း ကား အပြာရောင်ကိုသာ စီးလေ့ ရှိသည်။ သူ့ကို မစောင့်နိုင် သဖြင့် မမ ကိုယ်တိုင် လိုက်လာတော့မည်ဟု စိတ်ထဲက ထင်လိုက်မိသည်။ အမှန်အားဖြင့် ကိုသက်ဆွေသည် မမ အိမ်ကို သိပ် မသွားချင်လှဘဲ မမက ခေါ်၍သာ လာရခြင်း ဖြစ်သည်။





ထို့ကြောင့် ကားကို ဝင်ပေါက်ဝတွင် မီး မှိတ်လိုက်ပြီး ဝင်ရ ကောင်း မလားဟု စဉ်းစားနေမိသည်။ တော်တော် ကြာသည် အထိ ဘာလှုပ်ရှားမှုကို မျှ မတွေ့ရတော့မှ ကားကို ပေါ်တီကို အောက် အရောက် မောင်းကာ တံခါးမှ လူခေါ် ခေါင်းလောင်းကလေးကို နှိပ်လိုက်သည်။ လာမိမှတော့ မထူးပါဘူး လေ။

အစေခံမလေး တစ်ယောက်က တံခါးကို လာ၍ ဖွင့်ပေးသည်။ ကိုသက် ဆွေ အဖို့ သည်တစ်ခေါက် လာသည်မှာ တစ်မျိုး ဖြစ်နေသည်ဟု ခံစားလိုက် ရသည်။ အစေခံမလေးသည် သူ့ကို အံ့အားသင့်သလို ကြည့်နေသည်ဟု ထင် လိုက်ရသည်။ ကိုသက်ဆွေသည် အစိမ်းပုပ်ရောင် ပေါ်ပလင် ခန်းဆီးကို ဖယ် ကာ ဧည့်ခန်းသို့ ဝင်လိုက်သည်။

ဧည့်ခန်းထဲသို့ ဝင်လိုက်သည်နှင့် မတ်တတ် ရပ်၍ အပြင်ဘက်သို့ ငေး ကြည့်နေသော ဦးသက်ထွန်းက ပြန် အလှည့်လိုက်နှင့် ပက်ပင်း သွား၍ တိုး နေသည်။ ကိုသက်ဆွေသည် လျှပ်စစ်ဓာတ်နှင့် တို့လိုက်သလို တွန့်လှုပ်၍ သွား သည်။

ဦးသက်ထွန်းမှာ အင်္ကီလိပ် ဝတ်စုံကို ဝတ်ထားသည်။ သူ့ မျက်နှာမှာ ချောင်ကျကာ ပါးရိုးကြီးများပင် ငေါထွက်နေသည်။ အပေါ်မှ မီးရိပ်ကြောင့် မျက်လုံးများမှာ မျက်ခုံးရိုး အောက်တွင် မည်းမှောင်ကာ မျက်တွင်း ချိုင့်နေ သည်ဟု ထင်ရသည်။ ဦးသက်ထွန်းသည် အေးစက်သော မျက်လုံးများဖြင့် လှမ်းကြည့်နေသလို ကိုသက်ဆွေ ရင်ထဲတွင် ခံစားလိုက်ရသည်။

အတော်ကြာ တစ်ယောက်ကို တစ်ယောက် ကြောင်ကြည့် နေကြပြီးမှ ကိုသက်ဆွေက ပြုံး၍ နှုတ်ဆက်လိုက်သည်။ သို့ရာတွင် အသံ ထွက်မလာပေ။ သည်တော့မှ ဦးသက်ထွန်းကလည်း ပြန်၍ ပြုံးလိုက်သည်။ သို့ရာတွင် ပြုံး သည် ဆိုသော်လည်း နှုတ်ခမ်းကို မဲ့၍ အောက် နှုတ်ခမ်းကို ဘေးသို့ လိမ် လိုက်ခြင်းမျှသာ ဖြစ်သည်။ အရုပ် ဆိုး၍ ကြောက်စရာ ကောင်းသော အပြုံး မျိုး ဖြစ်သည်။

ဦးသက်ထွန်းသည် စားပွဲပေါ်မှ သားရေ လက်ဆွဲအိတ်ကို ကောက်ယူ ကာ ထွက်သွားသည်။

ဆင်ဝင် အောက်က ကား ထွက်သံ ကြားတော့မှ ကိုသက်ဆွေသည် ဟင်း ခနဲ သက်ပြင်းကို မှုတ်ထုတ်လိုက်ကာ ဆိုဖာပေါ်တွင် ပစ်၍ ထိုင်ချ လိုက်မိ သည်။ ဦးသက်ထွန်းသည် သူ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းရန် အတွက် သူ့အား

မချေမင် ပြောဆိုကာ သတ်ပုတ် ထိုးကြိတ်ခြင်း ပြုမည်လားဟု ကိုသက်ဆွေ မျှော်လင့် ထားခဲ့သည်။ သည့် အခါတွင် ကိုသက်ဆွေကလည်း ခုခံရန် ပြင်ဆင် ထားပြီး ဖြစ်သည်။ စာရင်း ရှင်းကြလျှင် သည်လို စာရင်း ရှင်းရသည်က သူ အဖို့ အဖတ် ဆယ်စရာ ရှိသေးသည်ဟု အောက်မေ့သည်။ သို့ရာတွင် ဦးသက် ထွန်းက ရှောင်ထွက်သွားသော အခါတွင်မူကား ကိုသက်ဆွေသည် ကိုယ့်ဘာသာ ကိုယ် အတွေး လွန်နေသည့် အတွက် ရှက်သလိုလို ဖြစ်လာမိသည်။

ကိုသက်ဆွေနှင့် မမသည် သူတို့ ပြဿနာကို လွတ်လပ်စွာ မဆုံးဖြတ် နိုင်ဘဲ တစ်ယောက်က ဆုံးဖြတ်ပေးနိုးဖြင့် စောင့်စား နေခဲ့ကြသည်။ မမက လည်း ကိုသက်ဆွေကို တစ်ကိုယ်လုံး ပုံအပ်ပြီးသည့် နောက်တွင် အနာဂတ် ကံကြမ္မာ တစ်ခုလုံးကို ကိုသက်ဆွေ စီမံသည့် အတိုင်း ဖြစ်လိုရာ ဖြစ်စေတော့ ဟု ပုံထားခဲ့သည်။ ကိုသက်ဆွေကလည်း သူတို့ ပြဿနာကို မမ သဘောကျ ဆုံးဖြတ်ကာ ဆုံးဖြတ်ချက် အတိုင်းပဲ လုပ်တော့မည်ဟု အောက်မေ့ ထားခဲ့ သည်။ သို့ရာတွင် နှစ်ယောက်စလုံး၏ ဆုံးဖြတ်ချက်များမှာ ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသား ဆုံးဖြတ်ထားခြင်းမျိုး မဟုတ်ဘဲ စိတ်ထဲတွင် မသိမသာ ဖြစ်နေသော ဆုံးဖြတ်ချက်မျိုးသာ ဖြစ်ပေသည်။

အခန်းဝမှ ခြေသံ တဖျပ်ဖျပ် ကြားရပြီး သင်းပျံ့လှသော လာဗင်ဒါ ရေ မွှေးနံ့ကို ရှူရှိုက်လိုက်ရသည်။

'စောင့်လိုက်ရတာ မောင်သက်ဆွေရယ်၊ ခုနစ် နာရီ ထိုးကတည်းက တမျှော်မျှော်နှင့်'

'ရှစ် နာရီ ထိုးခါနီးမှ တင်းနစ် ရိုက်က ပြန်လာလို့ နောက်ကျသွားတယ် မမ၊ ဆောရီးပဲ'

'မမကတော့ မလာတော့ဘူးလို့ ထင်နေတာ'

မမသည် ကိုသက်ဆွေ၏ ပါးပြင်၊ နှုတ်ခမ်း၊ နဖူးတို့ကို နမ်းရှုပ်လိုက်ပြီး မျက်နှာကို စူးစိုက် ကြည့်နေသည်။

'ဘာကြည့်နေတာလဲ မမ'

'မောင့် မျက်လုံးတွေကို ကြည့်နေတာပါ မောင်ရယ်၊ မောင့် မျက်လုံးတွေ ကို မြင်ရင် မမ အားရှိလို့ပါ'

ကိုသက်ဆွေသည် မမ၏ စကားများကို သဘော ကျကာ မမကို ပွေ့၍ နမ်းရှုပ်နေသည်။ အတန်ကြာတော့မှ မမက အသာအယာ ရုန်းထွက်ကာ

'ဒီအတိုင်း နေလို့တော့ မဖြစ်ဘူး ထင်တယ် မောင်'





မမက မျက်ရည်တွေ ဝဲကျလာရင်းက ပြောလိုက်သည်။ ကိုသက်ဆွေ သည် စီးကရက် တစ်လိပ်ကို မီးညှိ၍ သောက်နေသည်။

'မောင် သူနှင့် တွေ့လိုက်သေးသလား ဟင်'

ကိုသက်ဆွေက စီးကရက် မီးခိုးများကို မှုတ်ထုတ်ကာ ခေါင်းညိတ် ပြ လိုက်သည်။

'နှုတ်ဆက်သေးသလား'

'ဝတ်ကျေ တန်းကျေပါ၊ ပြုံးပြီး နှုတ်ဆက်ကြရုံလောက်ပါပဲ၊ စကားတော့ မပြောလိုက်ကြရဘူး'

မမသည် ဘာမှ မဖြစ်ဘဲ အေးအေးဆေးဆေး တွေ့သွားကြသည်ကို ကြား ရတော့မှ သက်ပြင်း ချနိုင်သည်။

'မောင် သူ့ အပြုအမူတွေကို နားမလည်ဘူး၊ ယောကျ်ား တစ်ယောက်ဟာ ကိုယ့် မိန်းမရဲ့ အချစ်ရေးတွေကို အကုန်လည်း သိတယ်၊ မိန်းမ ကိုယ်တိုင်က လည်း ဖွင့်ပြောထားတယ်၊ မိန်းမရဲ့ ချစ်သူနှင့်လည်း သူ့ အိမ်မှာ ပက်ပင်း ဝင် တိုးနေသေးတယ်၊ ဒါတောင် ဘာမှ မဖြစ်ဟန် ဆောင်နိုင်တာကို မောင် နား မလည်ဘူး၊ ဟန်ဆောင် ကောင်းလို့ရင်လည်း ဖြစ်ရမယ်၊ သဘောထား ကြီးလို့ ရင်လည်း ဖြစ်ရမယ်၊ မိန်းမကို စွန့်ပစ်ဖို့ ဝန်မလေးလို့ရင်လည်း ဖြစ်ရမယ်'

ကိုသက်ဆွေက လေးလေးနက်နက် စဉ်းစားနေရာမှ တစ်လုံးချင်း ပြော လိုက်သည်။

'သူက မမတို့ ဒီလို ဖြစ်နေတာကို ကျိတ် ကျေနပ်နေတာ မောင်ရဲ့၊ ကျိတ် ကျေနပ်နေတာ'

'ဒါဖြင့်လည်း ကျွန်တော်တို့ အဖို့ ဘာ စိတ်ညစ်နေစရာ ရှိသလဲ၊ လွယ် လွယ်ကလေးပဲ'

'အို သူကတော့ စိတ် မညစ်ပါဘူး၊ မမ သူ့ အကြောင်းကို အကုန် သိ တယ်၊ မောင်ပဲ စဉ်းစားကြည့်လေ၊ ခံစားချက် ရှိတဲ့ လူတစ်ယောက်ဟာ တခြား တစ်ယောက်နှင့် ဖြစ်နေတဲ့ ကိုယ့်မိန်းမနှင့် ဘာမှ မဖြစ်သလို တစ်အိမ်တည်းမှာ နေနိုင်ပါ့မလား၊ သူ့မှာ ခံစားချက် မရှိဘူး မောင်၊ သူ့မှာ အသည်း နှလုံး မရှိ ဘူး၊ မမသာ သူ့ နေရာ ရောက်ရင် ဒီလို သစ္စာ မရှိတဲ့ မိန်းမကို သတ်ပစ် လိမ့်မယ်လို့ ထင်တယ်၊ ခုတော့ သူ လုပ်ပုံဟာ မသိသလိုလိုနှင့်'

'ကဲ တော်ပါတော့ မမရယ်၊ သူ့ အကြောင်း မပြောကြပါနှင့်တော့၊ မမ ရော နေကောင်းရဲ့လား၊ ဆရာဝန်က ဘာပြောသလဲ၊ ဘယ်တော့ မွေးမတဲ့လဲ'

'သိပ် မလိုတော့ဘူးလို့ ပြောတာပဲ၊ ဒါပေမဲ့ မမတို့ ထင်သလောက်တော့ မမြိန့်ပါဘူး။ မမတော့ မြန်မြန် မွေးပြီး မမတို့ ကိစ္စကို မြန်မြန် ရှင်းချင်လှပြီ ကွယ်၊ ဒီအတိုင်း နေရတာဟာ မမလည်း စိတ်ဆင်းရဲတယ်၊ မောင်လည်း စိတ်ဆင်းရဲတယ်၊ ဒီအတိုင်း နေရတာထက်တော့ သေရတာက ကောင်းလိမ့်ဦးမယ်'

မျက်ရည်များသည် မမ၏ ပါးပြင်ပေါ်သို့ စီးကျလာကြသည်။ ကိုသက်ဆွေသည် မမကို ပခုံးမှ သိုင်းဖက်ကာ မျက်ရည်များကို သုတ်ပေးနေသည်။

'အဓိပ္ပာယ် မရှိတာတွေကို ပြောမနေပါနှင့် မမရယ်'

ကိုသက်ဆွေက မမကို ရင်ခွင်ထဲတွင် ပွေ့ထားလိုက်ပြီး နမ်းရှုပ်နေပြန်သည်။



## ၂

ဦးသက်ထွန်းသည် အစည်းအဝေး မဖြစ်သဖြင့် ပြန်လာကာ ဂျူဗလီဟောသို့ မောင်းနှင်လိုက်သည်။ ဂျူဗလီ လေဟာပြင် ဇာတ်ရုံတွင် တရုတ် ယဉ်ကျေးမှု ကပွဲ ပြသလျက် ရှိသည်။ ကပွဲကို ကြည့်ရသော်လည်း စိတ် မပါလှဘဲ နောက်ကျိနေသည်။ နာရီပြန် တစ်ချက်ထိုး ကပွဲ ပြီးတော့မှ အိမ်သို့ ပြန်လာခဲ့သည်။ သို့ရာတွင် အိမ် ရောက်တော့လည်း အိပ်ချင်စိတ် မရှိဘဲ မျက်လုံးများမှာ ကြောင်နေကြသည်။ ထို့ကြောင့် ဦးသက်ထွန်းသည် အောက်ထပ် စာကြည့်ခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်လိုက်၊ ထိုင်လိုက်၊ စာဖတ်လိုက်ဖြင့် ယောက်ယက် ခတ်နေသည်။ ကိုသက်ဆွေနှင့် မတွေ့ရန် ပြောထားလျက် အိမ်သို့ ခေါ်တွေ့သည်ကို မြင်ရသော အခါ မမကို ဒေါပွလာသည်။ ထို့ကြောင့် မမအား အပြစ်ဒဏ် ခတ်ရန် မလွဲသာ မရှောင်သာတော့ဘဲ ဖြစ်လာသည်။ ယင်းသို့ အပြစ်ဒဏ် ခတ်ရန်မှာ မမနှင့် ပြတ်ပြတ်စဲစဲ ကွာရှင်းကာ တူးတူးနှင့် မမကို ခွဲထားလိုက်ရန်ပင် ဖြစ်သည်။

တကယ်တော့ တစ်ခါတည်း ပြတ်ပြတ်စဲစဲ လုပ်ရေးမှာ မလွယ်ကူနိုင်ကြောင်းကို ဦးသက်ထွန်း ကောင်းကောင်း သိသည်။ သည်လို လုပ်လိုက်မှုအား ပတ်ဝန်းကျင်က ရှုံ့ပုပ်ရေးများဖြင့် ပြောင်ပြောင်တင်းတင်း ပက်လာမည်ကို ဦးသက်ထွန်း ကောင်းကောင်း သိသည်။ ရှုံ့ပုပ်ရေးများ မမ တစ်ယောက်တည်းကို သာမက သူ့ကို လည်းကောင်း၊ တူးတူးကို လည်းကောင်း လာစဉ်မည်ကိုလည်း သူ သိသည်။ သို့ရာတွင် သည်နည်းမှ အပ အခြား နည်း မရှိတော့ပေ။ သည်အတိုင်း လုပ်မည်ဟု မမကိုပင် ဖွင့်ပြောပြီးသား ဖြစ်နေသဖြင့် တကယ် မလုပ်လျှင် သူ့အား သတ္တိ ကြောင်သူဟု အထင် သေးစရာ ဖြစ်လာတော့မည်မှာ သေချာ လှပေသည်။

ဦးသက်ထွန်းသည် တစ်ညလုံး အိပ်၍ မပျော်ဘဲ သည်အတိုင်း မိုးစင်စင် လင်းခဲ့ရသည်။

ကြိတ်မျှိုထားရသော ဒေါသ လှိုင်းတို့သည် နှစ်ထပ်ကိန်း မြှောက်သလို တက်၍ တက်၍ လာကြသည်။

နံနက် လင်း၍ လက်ဖက်ရည် သောက်ပြီးသည်နှင့် ဦးသက်ထွန်းသည် ကြာရှည် သည်းမခံနိုင်တော့။ အပေါ်ထပ်သို့ တက်လာကာ အိပ်ခန်းထဲသို့ ဝင်ခဲ့သည်။

မမသည် ခြင်ထောင်ကို လှပ်ကြည့်လိုက်ပြီးမှ အထဲသို့ ဝင်ကာ ခြင်ထောင်ထဲမှ နေ၍ ဦးသက်ထွန်းကို အကဲခတ်နေသည်။

ဦးသက်ထွန်း၏ မျက်ခုံးများမှာ တွန့်နေကြသည်။ မျက်လုံးများကလည်း ဝင်းဝင်း တောက်နေကြသည်။ နှုတ်ခမ်းများမှာ မျဉ်းဖြောင့် တစ်ချောင်းလို တန်းနေအောင် ဖိထားသည်။ သူ့ မျက်နှာထား၊ သူ့ ဟန်ပန်မှာ တစ်ခုခု လုပ်တော့မည့်ပုံ ပေါ်နေသည်။

မမသည် သည်လို မျက်နှာထားကို သည်တစ်ကြိမ်သာ မြင်ဖူးသေးသည်။

ဦးသက်ထွန်းသည် မမအား တစ်ချက်မျှ လှမ်းကြည့်ပြီးနောက် ဘာမျှ မပြောဘဲ မှန်တင်ခုံဆီသို့ လျှောက်သွားကာ မှန်တင်ခုံ ရှေ့ရှိ စားပွဲ အံဆွဲကို ဖွင့်နေသည်။

'ဘာ ရှာတာလဲ'

မမက ခြင်ထောင်ထဲမှ လှူးလဲ ထလာကာ မေးသည်။

'မင်း လင်ငယ်ဆီက စာတွေ ဘယ်မှာလဲ'

'မရှိပါဘူး ဒီ အထဲမှာ'

မမက အံဆွဲကို ပိတ်ပစ်လိုက်သည်။

သို့ရာတွင် မမ၏ အမူအရာကို ကြည့်ခြင်းဖြင့် အံဆွဲထဲတွင် ရှိရမည်ဟု ဦးသက်ထွန်း တွက်လိုက်မိသည်။

ထို့ကြောင့် ဦးသက်ထွန်းက အံဆွဲကို ဆွဲဖွင့်လိုက်ပြီး သံသေတ္တာကလေး တစ်လုံးကို ကောက်ယူလိုက်၏။ သည် သေတ္တာမှာ မမ၏ အရေးကြီးသော စာရွက်စာတမ်းများ ထားသော သေတ္တာကလေး ဖြစ်ပေသည်။

မမက သံသေတ္တာကလေးကို လုယူလိုက်၏။

သို့ရာတွင် ဦးသက်ထွန်းက ရှောင်ကာ မမကို တွန်းပစ်လိုက်ရင်း

'ဘာလုပ်တာလဲ ထိုင်စမ်း၊ ငါ မင်းကို စကား ပြောစရာ ရှိတယ်'

ဦးသက်ထွန်းက သံသေတ္တာကလေးကို ချိုင်းကြားထဲတွင် တင်းကျပ်စွာ ညှပ်ထားလိုက်သည်။ အံကြိတ်ပြီး ပြောလိုက်သော သူ့ အသံကြီးမှာ ကြောက်





...ကောင်းနေသည်။ မျက်နှာမှာ နီရဲလျက် ရှိပြီး အသက် ရှူသံမှာ ဖားဖို ...ကျယ်လောင်နေသည်။

မမသည် လန့်ဖျပ်သွားကာ ဦးသက်ထွန်းကို မော့ကြည့်လိုက်မိသည်။

'မင်း လင်ငယ်ကို ငါ့ အိမ်ကို မလာစေနှင့် ဆိုတာ ငါ မင်းကို ဘယ် ...ပြောရမလဲ ဟင်'

ဦးသက်ထွန်း၏ အသံမှာ အနားတွင် ကပ်၍ ဗုံး ပေါက်ကွဲသလို ကျယ် ...ပြည်ဟည်း၍ သွားသည်။

'တွေ့စရာ ရှိလို့ တွေ့တာပေါ့ ကိုကိုရယ်၊ ပြီးတော့..'

မမက လေသံ ပျော့ပျော့ဖြင့် လှမ်း၍ ပြောလိုက်သည်။

ဦးသက်ထွန်းက မမ စကားကို နားမထောင်ဘဲ

'ဘာလဲ၊ မင်းတို့ဘာသာ မင်းတို့ ကမြင်းချင်တာကို တခြား အကြောင်း ပြဦးမလို့လား၊ လောကမှာ မင်းမတို့ မိန်းမတွေလောက် အကြောင်းပြ ...ကောင်းတဲ့ သတ္တဝါ မရှိတော့ဘူး၊ မင်းတို့လောက်..'

'ဒီမှာ ကိုကို၊ စကား ပြောရင် သတိထား ပြောပါ၊ ကိုကို့ စကားတွေ ...စော်ကားလွန်းတယ် ထင်တယ်'

မမက မျက်ခနဲ မော့ကြည့်လိုက်သည်။ မျက်နှာမှာ ရဲတက်လာကာ နှုတ် ...ကိုက်ထားလိုက်မိသည်။

'ဘာရယ်၊ မင်းကို စော်ကားတယ် ထင်တယ် ဟုတ်လား၊ နေပါဦး၊ ငါက ...စော်ကားရအောင် ငါက ဖောက်ပြားတာလား မင်းက ဖောက်ပြား ...တာလားဟင်၊ အင်မတန် ရိုးသားပြီး အပြစ် ကင်းတဲ့ မိန်းမ တစ်ယောက်ကို ငါက အပြစ် မရှိ အပြစ် ရှာနေတာလား ဟင်၊ ဖောက်ပြားတဲ့ မိန်းမကို ဖောက်ပြားတယ်လို့ ပြောနေတာကွ သိရဲ့လား၊ သူခိုးကို သူခိုးလို့ ပြောနေတာ၊ ...အရှမ်းကာရော ပြောနေတာ မဟုတ်ဘူး သိလား'

ဦးသက်ထွန်းမှာ ပို၍ ဒေါပွလာကာ တဆတ်ဆတ် တုန်နေသည်။ မျက် ...ဒေါသကြောင့် နီမြန်းလာ၏။

'ကိုကိုက မမကို ရက်စက်နိုင်သပေါ့ ဟုတ်လား'

မမက နှုတ်ခမ်းကို မဲ့၍ မေးလိုက်သည်။

'ဘာရယ် ရက်စက်တယ် ဟုတ်လား၊ မင်းတို့ မိန်းမတွေဟာ လွတ်လပ် ...ဖောက်ပြားခွင့် မပေးတဲ့ လင်ကို ရက်စက်တယ်လို့ ပြောတယ်၊ ရှက်လို့ ...ပြီး သည်းခံနေတဲ့ လင်ကျတော့ အတယ် နုံတယ်လို့ ထင်တယ်၊

ဟုတ်တယ်၊ ငါက မရက်စက်ရအောင် ကိုယ့် မိန်းမ လင်ငယ် နေတာကို ပြီး အပေါက်ဝက ထိုင် စောင့်ပေးရမှာလား ဟင်'

'ဟုတ်တယ်၊ ကိုကိုဟာ ရက်စက်တယ်၊ ဒါတင်မကဘူး ယုတ်မာတယ်၊ ကောက်ကျစ်တယ်၊ ကိုင်း သိပြီလား'

ဦးသက်ထွန်း မမ၏ လက်မောင်း နှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီး ခုတင်ပေါ်တွင် ထိုင်ချ နိုင်းလိုက်သည်။ ဖြူဝင်း အိစက်သော မမ၏ လက်မောင်း နှစ်ဖက်တွင် နီရဲလာကာ လက်ချောင်းရာတွေ ထင်နေသည်။

'အေး ငါ ယုတ်မာတယ်ပဲ ထားပါ၊ ဒါပေမဲ့ လင်ရဲ့ လုပ်စာကို စားပြီး လင်နှင့် သားကိုမှ မထောက်ဘဲ မျောက် မွေးတဲ့ မင်းလောက်တော့ မယုတ်မာသေးဘူး၊ သိရဲ့လား'

ဦးသက်ထွန်း သွားကြီးတွေ ဇေ၍ တစ်လုံးချင်း ပြောလိုက်ပုံမှာ ကြောက်စရာ ကောင်းနေသည်။ တစ်ခုခုကို လုပ်တော့မည့် ပုံမျိုး ဖြစ်နေသည်။

'ယုတ်မာတယ် ထင်ရင် ကိုကို လုပ်ချင်သလို လုပ်ပေါ့၊ သတ်ချင်ရင်လည်း သတ်ပစ်လိုက်၊ သတ်ပစ်လိုက်'

'သိပ် မအော်ပါနှင့်၊ ကောင်မလေးတွေ ကြားကုန်ပါ့မယ်၊ မင်းကို ဘာမှ သတ်စရာလည်း မလိုဘူး၊ လင်ငယ်နေတဲ့ မိန်းမ တစ်ယောက်ကို သတ်ပစ်လောက်အောင်လည်း ငါ မမိုက်သေးဘူး၊ အေးအေးဆေးဆေး ဖြစ်သွားမလားလို့ ကြိတ်မှိတ်ပြီး စောင့်ခဲ့ရက်သားနှင့် အေးအေးဆေးဆေး မဖြစ်လို့ ရှိရင် ပြီးအောင် လုပ်ဖို့ပဲ ရှိတယ်'

'အို ပြီးမှာပါ၊ မစောင့်ရပါဘူး၊ ဒီကလည်း ဒီကိစ္စ အေးအေးဆေးဆေး ပြီးမယ် ထင်လို့ စောင့်နေတာပါ၊ ခုတော့ မကြာတော့ပါဘူး'

'အေး ငါ သိတယ်၊ မင်းနှင့် မင်း လင်ငယ်နှင့် ထွက်ပြေးဖို့ စီစဉ်နေကြတယ် ဆိုတာ ငါ သိတယ်'

'ဒီမှာ ကိုကို၊ ဒီလောက် မရိုင်းစိုင်းပါနှင့်၊ ဒါ လူကြီး လူကောင်း ပြောတဲ့ စကားလား'

'ဟင်း ရယ်ချင်တယ်၊ မင်းကိုယ် မင်းရော ပြန် စဉ်းစားပါဦး၊ မင်း လုပ်တဲ့ အလုပ်ဟာ ဂုဏ်သရေရှိ အမျိုးသမီး လုပ်တဲ့ အလုပ်လားဟင်၊ မင်းဟာ မင်း အလို ဆန္ဒ အတွက်ပဲ ကြည့်တယ်၊ လင် အတွက် သား အတွက်



မစဉ်းစားဘူး၊ မင်း အတွက် ငါ့မှာ ဘယ်လောက် စိတ်ဆင်းရဲရသလဲ နည်းနည်းလေးမှ ထည့် မစဉ်းစားဘူး'

ဦးသက်ထွန်းသည် မျက်လုံးတွင် မျက်ရည်တွေ ဝဲကျလာသည်။ မမသည် ဦးသက်ထွန်းကို ပထမဆုံး အကြိမ် သနားသွားသည်။ သို့ရာတွင် သနား၍ ဘာများ တတ်နိုင်ပါဦးမည်နည်း။

မမသည် ခေါင်း ငိုက်စိုက် ကျ၍ စဉ်းစားနေသည်။ စကား တစ်ခွန်းမျှ မပြော။ ဦးသက်ထွန်းကလည်း စကား တစ်ခွန်းမျှ မပြောဘဲ အတန်ကြာ ငြိမ်သက်နေကြသည်။

'ဒီနေ့ မင်းကို လာတွေ့တာက..'

ဦးသက်ထွန်းက စကားကို ဆုံးအောင် မပြောဘဲ ဖြတ်၍ ထားလိုက်ပြီး အတန်ကြာမှ စဉ်းစားနေသည်။

'ကောင်းပြီ၊ ဒီ ကိစ္စကို ဘယ်လို အဆုံးသတ်ကြမလဲ ဆိုတာ မင်း ဘာသာ မင်း စဉ်းစားပါ၊ ငါ နက်ဖြန် မန္တလေးကို သွားမယ်၊ ဘယ်လောက် ကြာမယ် မပြောနိုင်သေးဘူး၊ ပြန်လာရင်လည်း ငါ ဒီ အိမ်ကို ပြန်မလာတော့ဘူး၊ ငါ့ ဆုံးဖြတ်ချက်ကို ဝတ်လုံက တစ်ဆင့် မင်းကို အကြောင်းကြားပြီး ကွာရှင်းရေး ကိစ္စကို စကား ပြောမယ်၊ တူးတူးကို ငါ့ နမတွေဆီ ပို့ထားမယ်'

'မနိုင် နိုင်ရာကို ဆွဲကိုင်တာပေါ့လေ၊ သားသားကို ခေါ်မသွားပါနှင့်၊ ထားပစ်ခဲ့ပါ၊ ကိုကိုလည်း သားသားကို ဒီလောက် ချစ်တာ မဟုတ်ပါဘူး'

'အေး ဟုတ်တယ်၊ မင်းက မွေးတယ်၊ ဒါကြောင့်မို့ မင်း သွေးတွေ ပါမယ် ဆိုပြီး သားသားကိုတောင် အရင်ကလောက် ငါ မချစ်ချင်တော့ဘူး၊ ဒါပေမဲ့ ငါ့သား ဆိုတော့ ငါပဲ ခေါ်သွားရလိမ့်မယ်၊ ဒါပဲ၊ ကဲ ငါ သွားမယ်'

ဦးသက်ထွန်းက ထွက်သွားရန် ဟန်ပြင်လိုက်သည်။ သို့ရာတွင် မမက လက်ကို လှမ်းဆွဲကာ

'သားသားကို ခေါ်မသွားပါနှင့်၊ မမနှင့်ပဲ ထားခဲ့ပါ၊ မမ ကိုယ်လေး လက်ဝန် ရှိတုန်းမှာ ဒီသားကလေးနှင့်ပဲ စိတ် ဖြေရမှာပါ၊ ထားပစ်ခဲ့ပါ'

ဦးသက်ထွန်းသည် မမကို မဲ့ပြုံး ပြုံး၍ ကြည့်လိုက်ပြီး လက်ကို ဆောင့်၍ ရုန်းလိုက်သည်။ နောက် ဘာမျှ မပြောတော့ဘဲ ထွက်သွားလေသည်။

## ၃

ဦးသက်ထွန်း မန္တလေးသို့ ရောက်သည်မှာ သုံးရက်ပင် ရှိသွားပြီ ဖြစ်၏။ ဦးသက်ထွန်းသည် အစိုးရ ဗိုလ်တဲတွင် လည်းကောင်း၊ မောင်မောင်လတ်ထံတွင် လည်းကောင်း တည်းခိုခြင်း မပြုဘဲ မီးရထား ဟိုတယ်တွင် လွတ်လွတ်လပ်လပ် တည်းခိုနေသည်။ ရောက်ပြီး နောက်တစ်ရက်တွင် စစ်ကိုင်းဘက်မှ မိတ်ဆွေ အရာရှိကြီး တစ်ယောက်ထံသို့ ကူးသွားပြီး ဘယ်မှပင် မသွားတော့ဘဲ ဟိုတယ်ထဲတွင်သာ အခန်းအောင်း နေခဲ့လေသည်။

ယနေ့ ညနေတွင်မူ ဦးသက်ထွန်း၏ မိတ်ဆွေ တစ်ယောက်က မန္တလေးတွင် သူ သွားလိုရာ သွားနိုင်ရန် အတွက် ဆိုကာ မော်တော်ကား တစ်စီး လွှတ်လိုက်သဖြင့် ဦးသက်ထွန်းသည် စိတ်ပြေလက်ပျောက် သဘောဖြင့် ကျုံးဘေးတွင် ကားထိုး ရပ်ခိုင်းပြီး ဆင်း၍ လမ်းလျှောက်နေမိသည်။

ကျုံးထဲတွင် ကြာပွင့် ကြာရွက်များ မျောနေကြသည်။ ပုစဉ်းများသည် ဗေဒါပွင့်များပေါ်တွင် ဝဲပျံနေကြသည်။ နီရဲသော မြို့ရိုး အရိပ်သည် ရေထဲတွင် ထင်းခနဲ ပေါ်နေ၏။ ဦးသက်ထွန်းသည် လှပသော ရှုခင်းကို မြင်ရသဖြင့် စိတ် ကြည်နူးသွားသလို ဖြစ်မိသည်။ ကျုံးဘေးတွင် လေညင်းခံ လာသူများဖြင့် ပြည့်နှက်လျက် ရှိနေပေ၏။

ဦးသက်ထွန်းသည် တော်တော် ကြာအောင် လမ်းလျှောက်နေပြီးမှ ပြန်ရန် ကားဆီသို့ လျှောက်လာခဲ့သည်။ မော်တော်ကား တံခါးကို ဖွင့်၍ ကားပေါ် တက်မည် အပြုတွင် ခေါ်သံ ကြားလိုက်သဖြင့် လှည့်ကြည့်မိသည်။ ဘယ်သူမျှ မတွေ့သဖြင့် ကားပေါ်သို့ တက်တော့မည် လုပ်တော့မှ နောက်ထပ် ခေါ်သံ ကြားရကာ ကျုံးဘေးတွင် ရပ်ထားသည့် ကားတစ်စီးပေါ်မှ ဆင်းလာသော မောင်မောင်လတ်ကို တွေ့မြင်လိုက်ရသည်။

မောင်မောင်လတ်မှာ ပြုံးရွှင်ကာ နုပျိုနေသည်။ မော်တော်ကားပေါ်တွင် ကလေး နှစ်ယောက်နှင့် ခင်ရီရီတို့ကိုလည်း မြင်လိုက်ရသည်။ ခင်ရီရီသည်

ဦးသက်ထွန်းကို မြင်တော့ လက်ပြ၍ နှုတ်ဆက်လိုက်သည်။ အမှန်ကတော့ ဦးသက်ထွန်းသည် မန္တလေးတွင် ဘယ် အသိ မိတ်ဆွေကိုမှ မတွေ့လိုပေ။ သူ့ ယောက်ဖ မောင်မောင်လတ်ကိုပင် မတွေ့ချင်လှပေ။

'ကိုကို ဘယ်တုန်းက မန္တလေးကို ရောက်နေသလဲ၊ ဘာမှလည်း မသိရပါလား၊ တည်းတော့ကော ဘယ်မှာ တည်းလဲ'

'ငါ သိပ် အလုပ် များတယ်၊ ဘယ်မှ သွားချိန် မရဘူး'

ဦးသက်ထွန်းက ခပ်တိုတိုပင် ပြောလိုက်သည်။ သူ့ အသံမှာ ခြောက်ကပ်ကပ် နိုင်လှသည်။

'ကိုကိုကို ရီ အရင် စမြင်လိုက်တာ၊ ရီရေ'

မောင်မောင်လတ်က ခင်ရီရီကို လှမ်းခေါ်လိုက်သည်။ ဦးသက်ထွန်းက ခင်ရီရီကို ကားပေါ်မှ မဆင်းရန် လက်ပြကာ ကားဆီသို့ သွား၍ နှုတ်ဆက်နေသည်။

'ကိုကိုတို့များ မန္တလေး လာတာတောင် တိတ်တိတ်ကလေး လာတယ်၊ ရီတို့ ဘာမှ မသိရဘူး'

'အလုပ် များလွန်းလို့ ရီရေ့၊ ဘယ်မှ မထွက်အားဘူး၊ ပြီးတော့လည်း ရုတ်တရက် ရောက်လာတာ ဆိုတော့ ဘယ်သူ့မှ ဒုက္ခ မပေးတော့ပါဘူး ဆိုပြီး မီးရထား ဟိုတယ်မှာ တည်းနေလိုက်တော့တယ်၊ ကလေးတွေရော နေကောင်းကြရဲ့လား'

'ကောင်းပါတယ် ကိုကို၊ မမနှင့် တူးတူးရော နေကောင်းကြရဲ့လား'

'ကောင်းပါတယ်'

'ရီရေ၊ မနက်ဖြန် ညမှာ ကိုကို့ကို ထမင်းစား ဖိတ်ကွာ'

'ဟုတ်ပါတယ် ကိုကို၊ မနက်ဖြန် ည ရီတို့ အိမ်မှာ စားပါ'

'ကျွန်တော် လာခေါ်မယ်လေ၊ ကိုကို ဘယ်အချိန်လောက် ရှိမလဲ'

မောင်မောင်လတ်ကပါ မေးလိုက်သဖြင့် နောက်ဆုံးတွင် ဦးသက်ထွန်းမှာ အငြင်းရ ခက်နေသည်။

'အေးကွာ၊ စားတာက မခက်ပါဘူး၊ မနက်ဖြန် ငါ ကိစ္စ တစ်ခု ရှိတယ်၊ အဲဒါ ပြီးရင် လာခဲ့တာပေါ့၊ လာတော့ မကြိုပါနှင့်၊ ကဲ ငါလည်း သွားမယ်၊ သွားစရာ ရှိသေးတယ်၊ ရီ သွားမယ်ဟေ့'

ဦးသက်ထွန်းသည် သူတို့ကို နှုတ်ဆက်၍ ထွက်ခွာလာခဲ့သည်။



၄

ဦးသက်ထွန်းသည် ရန်ကုန်မှ ထွက်လာ ကတည်းက အိမ်သို့ လည်းကောင်း၊ မမထံသို့ လည်းကောင်း မပြန်ရန် ဆုံးဖြတ် ထွက်လာခဲ့ခြင်း ဖြစ်သည်။ သူ့ ဆုံးဖြတ်ချက်မှာ တစ်နေ့ထက် တစ်နေ့ ခိုင်မာ၍ လာသည်။ ထို့ကြောင့် မန္တလေး ရောက်လျှင် ဦးသက်ထွန်းသည် ရန်ကုန်ရှိ သူ့ မိတ်ဆွေ ဝတ်လုံ တစ်ဦးထံမှ သူနှင့် မမတို့၏ အဖြစ်အပျက် အားလုံးကို ဖွင့်ဟရေးကာ ကွာရှင်းရေး အတွက် ဆောင်ရွက်ပေးရန် စာရှည်ကြီး တစ်စောင်ကို ရေးထားသည်။ လိုအပ်သော ဥပဒေ အချက်အလက်များကို စဉ်းစားထားပါမည့် အကြောင်း၊ သူ ရန်ကုန် ပြန်ရောက်သည့် အခါတွင် လူ ကိုယ်တိုင်လည်း တွေ့ဆုံဦးမည့် အကြောင်း ရေးထားသည်။

သည် တစ်ကြိမ်သည် သူတို့ ကိစ္စကို ပထမဆုံး အကြိမ် ဖွင့်ပြောခြင်းပင် ဖြစ်သည်။ သို့တိုင်အောင် ဦးသက်ထွန်းသည် လူကိုယ်တိုင် တွေ့ဆုံ ပြောရမည်ကို ဝန်လေးနေပေသည်။ ထို့ကြောင့် ဝတ်လုံအား နောက်မှ လူကိုယ်တိုင် တွေ့ဆုံ ပြောမည်ဟု စိတ်ကူးလျက် စာဖြင့် ကြိုတင် အကြောင်းကြားခြင်း ဖြစ်သည်။

ဦးသက်ထွန်းသည် ဝီစကီ တစ်လုံးကို မှာကာ အခန်းထဲတွင် တစ်ခွက် ပြီး တစ်ခွက် ထိုင်သောက်နေသည်။ ဝီစကီ ပုလင်းမှာ တစ်ဝက် ကျိုးသော်လည်း အားမရနိုင်ဘဲ စိတ်ညစ်ညစ်ဖြင့် ဆက် သောက်နေမိသည်။ ခါတိုင်း ဆိုလျှင် သုံးခွက်ထက် မပိုပေ။

ဦးသက်ထွန်းသည် ဝတ်လုံထံ ရေးသည့် သူ၏ စာရှည်ကြီးကို အခေါက် ခေါက် အခါခါ ဖတ်ပြီးမှ စိတ် ကျေနပ်သွားကာ စာကို စာအိတ်ထဲသို့ ပိတ်လိုက်သည်။

အခန်းဝတွင် ဟိုတယ်မှ ဘွိုင် ပေါ်လာကာ ဧည့်သည် တစ်ယောက်က တွေ့လိုကြောင်း လာပြောသဖြင့် အခန်းထဲသို့ ခေါ်ခဲ့ရန် ပြောလိုက်ရသည်။

ခဏ ကြာလျှင် မောင်မောင်လတ် ရောက်လာသည်။

'တွေ့မှ တွေ့ပါမလားလို့ ကိုကိုရာ၊ ရှိကတော့ အစောကြီး ကတည်းက အခေါ် လွှတ်နေတာ၊ ကဲ ကိုကို အဆင်သင့် ဖြစ်ရင် သွားကြစို့'

မောင်မောင်လတ်က အားရပါးရ ပြောနေသည်။

ဦးသက်ထွန်းသည် ဘာမျှ ပြန်မပြောဘဲ စဉ်းစားနေသည်။ သူ့စိတ်ထဲတွင် ချီတုံချတုံ ဖြစ်နေသည်။ တော်တော်ကြာ စဉ်းစားနေပြီးမှ

'ဆောရီးပဲ မောင်မောင်လတ်၊ ကိုကို လိုက်နိုင်မယ် မထင်ဘူး'

ဦးသက်ထွန်းက အေးစက်စက် ပြောလိုက်သည်။ ယခုလို ငြင်းပယ်လိုက်ရသဖြင့် မောင်မောင်လတ်ကိုလည်း အားနာသလို ဖြစ်နေသည်။ သို့ရာတွင် ကွာရှင်းအုံ့ဆဲဆဲ မယား၏ မောင် ဖြစ်သူကိုလည်း ခပ်ပြတ်ပြတ်ပင် ဆက်ဆံရတော့မည်ဟု ယူဆမိသည်။ မကြာခင်ကပင် ကွာရှင်းရေး ကိစ္စကို ဝတ်လုံထံသို့ စာတစ်စောင် ရေးထားသည် မဟုတ်ပါလား။

'ဟင် ဘာဖြစ်လို့လဲ ကိုကို၊ အိမ်မှာ ဧည့်သည်တွေလည်း ဖိတ်ပြီးပြီ၊ ရှိကလည်း တမျှော်မျှော်နှင့်၊ အလုပ် သိပ် များနေလို့လား'

မောင်မောင်လတ်က အံ့အားသင့်စွာ မေးနေသည်။ ဦးသက်ထွန်းသည် မောင်မောင်လတ်ကို မကြည့်ဘဲ ဝတ်လုံထံ ပေးမည့် စာအိတ်ရှည်ကို လက်ထဲတွင် လှည့်၍ ကစားနေသည်။

'ကိုကို မင်း အိမ်မှာ လာပြီး ထမင်း မစားတာ အားလုံး အတွက် ကောင်းလိမ့်မယ်လို့ ထင်တယ် မောင်မောင်လတ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကိုကိုနှင့် မောင်မောင်လတ်တို့ရဲ့ အခြေအနေဟာ အရင်ကလို မဟုတ်တော့ဘူး၊ တစ်မျိုး ဖြစ်နေပြီ'

ဦးသက်ထွန်းက တစ်လုံးချင်း ပြောလိုက်သည်။ ဦးသက်ထွန်းသည် ခု ရှုပ်မှ နောင် ရှင်း ဆိုသလို ခပ်ရှင်းရှင်း ပြောတာ ကောင်းမည်ဟု အောက်မေ့မိသည်။ အရက်ရှိန်ကြောင့်လည်း ပို၍ ပွင့်လင်းလာသည်။

'ဘယ်လိုလဲ ကိုကို၊ ကျွန်တော် နားမလည်ဘူး၊ ဘာဖြစ်လို့လဲ'

မောင်မောင်လတ်မှာ အံ့အားသင့်နေသည်။ ဦးသက်ထွန်း ဘာ ဆိုလိုသည်ကို သဘော မပေါက်နိုင်အောင် ဖြစ်နေသည်။

'ဘာဖြစ်လို့လဲ ဆိုတာကို ပြောရရင်တော့ အရှည်ကြီးပဲ၊ ဒါပေမဲ့ အတိုချုပ်ကတော့ ငါနှင့် မမနှင့် အတူ ဆက်နေဖို့ မဖြစ်တဲ့ အခြေ ရောက်နေပြီ၊ ဒါကြောင့် ခု ကွာရှင်းဖို့ စီစဉ်ထားတယ်၊ အဲဒီတော့..'





'ဟာ ဘာဖြစ်ကြတာလဲ ကိုကိုရာ၊ ကျွန်တော်တော့ သိပ် စိတ်ညစ်တာပဲ'

မောင်မောင်လတ်မှာ မမျှော်လင့်သော စကားကို ကြားလိုက်ရသဖြင့် မျက်နှာ တစ်ခုလုံး ညှိုမည်းသွားကာ ကုလားထိုင်ပေါ်တွင် စိတ်ပျက်လက်ပျက် ထိုင်ချ လိုက်မိသည်။

'ဘာဖြစ်ကြသလဲ ဆိုရင်တော့ ကြားတဲ့ အတိုင်းပဲ'

'နေပါဦး ကိုကို၊ ကျွန်တော့်ကို ပြောပြပါဦး၊ ဘာသံ မကြား ညာသံ မကြားနှင့် အားလုံး ဒုက္ခ ရောက်ကုန်တော့မှာပဲ၊ ကျွန်တော် ယုံတောင် မယုံနိုင်ဘူး'

ဦးသက်ထွန်းသည် စာအိတ်ကို စားပွဲပေါ်သို့ ပစ်တင်လိုက်ပြီး ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်သည်။ မောင်မောင်လတ်မှာ တကယ်ပင် ဘာမျှ သိပုံမရဘဲ ဖြစ်နေသည်။

ဦးသက်ထွန်းသည် ပြောမိမှတော့ ရေလည်အောင် ပြောမှ ဖြစ်တော့မည်ကို သဘော ပေါက်လာသည်။ ယောက်ဖ လုပ်သူက အထင်လွဲ မခံရအောင်လည်း ရှင်းပြဖို့ လိုအပ်လာသည်။ တကယ်တော့ မောင်မောင်လတ်သည် သည်ကိစ္စတွင် ဘာမျှ သိသူ မဟုတ်ဘဲ ကြားလူမျှသာ ဖြစ်ပေသည်။

'အေး ဟုတ်တယ်၊ မယုံနိုင်စရာဘဲ၊ ဒါပေမဲ့ ငါက ကွာရှင်းချင်လို့ ကွာရှင်းရတာ မဟုတ်ဘူး၊ အခြေအနေက မကွာရင် မဖြစ်တော့တဲ့ အခြေအနေ ရောက်နေလို့'

'ကျွန်တော်တော့ တကယ် မယုံနိုင်အောင် ဖြစ်နေပြီ ကိုကို၊ ကိုကို့အကြောင်းကို ကျွန်တော် သိတယ်၊ ကိုကိုဟာ ဖြောင့်ဖြောင့် မှန်မှန် လုပ်ချင်တယ်၊ တစ်ဖက်သားကို သနားတတ်တယ်၊ မမဟာလည်း စိတ်သဘော ကောင်းတယ်၊ ရိုးတယ်၊ ဒီလောက် ဘက်ညီတဲ့ လင်မယားဟာ ဒီလို အခြေအနေ ရောက်လာရတယ် ဆိုတော့ ကျွန်တော်ဖြင့် အံ့သြလို့ မဆုံးဘူး ကိုကို၊ နေပါဦး ကိုကိုတို့ နှစ်ယောက် ကြားမှာ ဘာများ အထင် လွဲစရာ ပေါ်လာလို့လဲ ကိုကို၊ ကျွန်တော် သိပါရစေ၊ သိသင့်တယ်လို့လည်း ထင်ပါတယ်'

'အို အထင် လွဲစရာ ပေါ်ရုံလောက်ကတော့ ဘာ အရေးကြီးသလဲကွာ၊ ခုတော့..'

ဦးသက်ထွန်းက ဆေးတံကို ကောက်၍ မီးညှိနေလေသည်။

မောင်မောင်လတ်သည် ကုလားထိုင်ပေါ်တွင် တံတောင်ဆစ် တင်၍ နဖူးကို လက်ဝါးဖြင့် ထောက်ကာ ငိုင်၍ စဉ်းစားနေသည်။

အဖော် ကြြောတော့ သူ့ ခေါင်းထဲတွင် အလင်းရောင် တစ်ချက် လင်း...
ကာ

'တေသပါတော့ ကိုကို၊ ကျွန်တော် နားလည်ပါပြီ၊ ဒါပေမဲ့ ကိုကို ဆိုလိုချင်...
ချက်ဟာ စောလွန်းနေမလား ဆိုတာ ပြန် စဉ်းစားပါဦး ကိုကို၊ ကျွန်တော်...
ကြားရတဲ့ တစ်ယောက် အနေနှင့် ပြောတာပါ'

ဦးသက်ထွန်းက မီးခြစ်ဆံကို ခါ၍ မီး ငြိမ်းပြီး ခေါင်း ယမ်းလိုက်...

'မစောဘူး၊ မောင်မောင်လတ် မစောဘူး၊ နောက်တောင် ကျနေသေးတယ်၊ ပြီးတော့ ဒီလို ကိစ္စမျိုး ဆိုတာ လူတိုင်းကို လိုက်ပြီး တိုင်ပင်နေလို့ ဖြစ်တာ မဟုတ်ဘူး၊ ဒီတော့ ကိုယ့် ဦးနှောက်နှင့် ကိုယ် ဆုံးဖြတ်ရတာ'

'လက် မလွန်ခင် စဉ်းစားပါဦး ကိုကိုရာ၊ လွန်ပြီးမှ ဆိုရင်တော့ ကိုယ့် သိက္ခာ ကိုယ် စောင့်ထိန်းနေကြတာနှင့် ပြန်ပေါင်းဖို့ ဆိုတာ လွယ်တော့မှာ မဟုတ်ဘူး၊ ဒီ ကိစ္စကို ရီနှင့်လည်း ပြောကြည့်စမ်းပါလား ကိုကို၊ ရီဟာ ကိုကိုကိုရော မမကိုရော ခင်သားပဲ၊ မကောင်းဘူးလား ကိုကို'

မောင်မောင်လတ်က ဦးသက်ထွန်းကို ကရုဏာသက်စွာ ကြည့်ရင်း အဖြေကို စောင့်နေသည်။

ဦးသက်ထွန်းသည် ဘာမျှ ပြန်မပြောဘဲ ဆေးတံကို ဖွာ၍ စဉ်းစားနေသည်။

'ဘယ့်နှယ်လဲ ကိုကို၊ ရီနှင့် စကား ပြောကြည့်မလား'

'ငါတော့ မစဉ်းစားတတ်ဘူးကွာ၊ ဒါကြောင့် မင်းတို့ အိမ်ကို မလာတာပဲ၊ မင်းတို့လည်း စိတ်မကောင်း မဖြစ်စေချင်ဘူး၊ ရှင်းရှင်း ပြောရရင် မင်းကို တွေ့ရမှာလည်း ငါ သိပ် အားနာတယ်'

'ဘာ အားနာစရာ ရှိသလဲ ကိုကို၊ ကိုကိုတို့ အကြောင်း ကိုကိုတို့ အသိဆုံးပဲ၊ ကျွန်တော့်ကို ဘာမှ အားနာစရာ မရှိပါဘူး၊ ကျွန်တော့်မှာ ကိုကို့ ကျေးဇူး အများကြီး ရှိပါတယ်၊ အရင်လိုပဲ ကျွန်တော်တို့ကို ညီလို ညီမလို အောက်မေ့ပေါ့၊ တကယ်လို့ ကိုကို့ တွေးထင်ချက်ဟာ မှန်တယ်ပဲ ထားပါ၊ ကျွန်တော် ဘယ်သူ့ဘက်ကိုမှ လိုက်စရာ အကြောင်း မရှိဘဲ အရင်ကလိုပဲ ကိုကို့ကို အစ်ကိုလို အမြဲ ခင်နေမှာပဲ၊ ကဲပါ ကိုကို အိမ် လိုက်ခဲ့ပါ'

'ငါလည်း မင်းကို အခင် မပျက်ပါဘူး၊ မင်းကို အားနာတာပဲ ရှိတယ်၊ ကဲကွာ ဒီ အကြောင်း မပြောတာ ကောင်းပါတယ်၊ ကဲ ရော့ သောက်ဦး'

ဦးသက်ထွန်းက ဝီစကီ တစ်ခွက်ကို ထိုးပေးလိုက်၏။





'အိမ်မှာ အဆင်သင့် ပြင်ထားတယ် ကိုကို၊ အိမ် လိုက်ခဲ့ပါ၊ ဟိုကျတော့ သောက်တာပေါ့၊ ရီနှင့်လည်း ပြောဆို ကြည့်ပါဦး ကိုကိုရာ၊ ကျွန်တော် တောင်းပန်ပါတယ်'

'ကဲကွာ၊ မင်း ဒီလောက် ခေါ်လည်း လိုက်ရတာပေါ့'

နောက်ဆုံးတွင် မောင်မောင်လတ်က မရမက ခေါ်နေသဖြင့် ဦးသက်ထွန်းမှာ လိုက်ပါသွားရတော့သည်။

# ၇

မောင်မောင်လတ် အိမ်တွင် ခင်သီသီနှင့် ကိုအောင်မိုးတို့လည်း ရောက်နေသည်ကို တွေ့ရသည်။ တပ်မင်းနှင့် တပ်မင်း ကတော် ခင်လှလှတို့လည်း မြစ်ကြီးနားမှ ခွင့်နှင့် ပြန်လာချိန် ဖြစ်၍ ထမင်းစား ရောက်နေကြသည်။ ခင်သီသီမှာ မဒရပ်က ပြန်ရောက်၍ အရက် နှစ်ဆယ်လောက်ပင် ရှိသေးသည်။ ကိုယ်ရေ စစ်ကာ အသားအရေ ကြည်လင် ဝင်းပလျက် ခါတိုင်းထက် ပို၍ လှနေသည်။

ကိုအောင်မိုးနှင့် ခင်သီသီ နောက်ဆုံး တွေ့ကြသည်မှာ ကိုသက်ဆွေနှင့် ကြုံသည့် နေ့က နောက်ဆုံးပင် ဖြစ်သည်။ သည့်နောက်တွင် တစ်ယောက်နှင့် တစ်ယောက် မတွေ့ကြတော့ဘဲ ယခုမှ ပြန်တွေ့ကြခြင်း ဖြစ်ပေသည်။

ကိုအောင်မိုး ဝင်လာသည်ကို မြင်လိုက်သည်နှင့် ခင်သီသီ၏ မျက်နှာမှာ ရှက်သွေး ဖြာကာ ရဲတက်သွားသည်။ ရှက်သွေး ဖြန်းနေသော ပန်းရောင် မျက်နှာကလေးမှာ ပို၍ ချစ်စရာ ကောင်းနေသည်။ ကိုအောင်မိုးက ခင်သီသီကို သွား၍ နှုတ်ဆက်နေသည်။ ခင်သီသီက မဒရပ် အကြောင်း၊ ကျန်းမာရေး အကြောင်းများကို ပြောပြ၏။

ခင်သီသီ ပြောသည့် စကားများထဲတွင် ဘာမျှ ထူးခြားချက် မပါပေ။ သို့ရာတွင် ကိုအောင်မိုး အဖို့မှုကား ခင်သီသီ၏ အမူအရာ အားလုံးသည် ထူးခြားနေသည်။ ခင်သီသီ၏ အသံမှာ နူးညံ့ ချိုသာနေသည်။ ခင်သီသီ၏ မျက်လုံး ကြည့်ပုံသည် ကြင်နာ သိမ်မွေ့နေသည်။ ခင်သီသီ၏ အပြုံးသည် မျှော်လင့်ချက်ကို ပေးနေသည်။

ကိုအောင်မိုးသည် ခင်သီသီ၏ အမူအရာကို ကြည့်၍ အားတက်လာကာ တစ်ကိုယ်လုံး ပူနွေးသွားသည်ဟု ထင်လိုက်ရသည်။ တခြားတွင် ထိုင်စရာ မရှိသဖြင့် မောင်မောင်လတ်က ကိုအောင်မိုးအား ခင်သီသီ အနားတွင် အထိုင် ခိုင်းလိုက်သော အခါ ကိုအောင်မိုးမှာ အတိုင်းမသိ ဝမ်းသာနေသည်။

ထမင်း စားရင်းလည်း ကိုအောင်မိုးနှင့် ခင်သီသီမှာ စကား ပြောကြ ကြသည်။

ဦးသက်ထွန်းသည် အကြောင်း ပြကာ ထမင်းကို ခပ်သုတ်သုတ် စား၍ ဧည့်ခန်းထဲသို့ ပြန်ထွက်လာခဲ့သည်။ အခန်းဝတွင် ခင်ရီရီနှင့် ဆုံ... ခင်ရီရီသည် ဦးသက်ထွန်းနှင့် မမ ကိစ္စကို မောင်မောင်လတ်ထံမှ တစ်စ ကြားပြီး ဖြစ်၍ ဦးသက်ထွန်းနှင့် လွတ်လွတ်လပ်လပ် စကား ပြော... တမင် ထွက်လာခဲ့ခြင်း ဖြစ်၏။

'လာမှ လာပါ့မလားလို့ ကိုကိုရယ်၊ ရီ မောင့်ကို အစောကြီး ကတည်းက သွား အခေါ်ခိုင်းနေတာ'

ခင်ရီရီက ဦးသက်ထွန်းအား စတော်ဘယ်ရီ အိုက်စကရင် ခွက်ကို ထိုး ပေး၍ ပြောလိုက်သည်။

'မလာတော့ဘူးလို့ပဲ ရီရေ၊ ရီ မောင်တော်က ဖုတ်အတင်း ခေါ်လို့ ပါလာတာ၊ ကိုကိုလည်း သိပ် အလုပ် များနေတယ် ရီ၊ ဒီမှာ အချိန် သိပ် မရဘူး၊ မနက် ပြန်တော့မှာမို့ နှုတ်လည်း ဆက်ရအောင် ဆိုပြီး လိုက်လာတာ'

'ဟုတ်လား၊ မမကော နေကောင်းရဲ့လား ကိုကို'

ခင်ရီရီက မသိချင်ဟန် ဆောင်၍ မေးလိုက်သည်။ ဦးသက်ထွန်းက စ ပြောအောင် စကားစ ဖော်ပေးလိုက်ခြင်းလည်း ဖြစ်သည်။

ဦးသက်ထွန်းက အိုက်စကရင်ကို တမြုံ့မြုံ့ စားရင်း

'အင်း နေကောင်းပါလိမ့်မယ် ထင်ပါရဲ့'

ခင်ရီရီသည် ဦးသက်ထွန်း ဖြေပုံကို သတိ ထားလိုက်မိသည်။ သူ့ ရင်ထဲတွင် ဦးသက်ထွန်းအား ဖြောင့် ဖွင့်မေးလိုစိတ်များ တဖွားဖွား ပေါ်လာသည်။

'ရိုင်းတယ်လို့လည်း မအောက်မေ့ပါနှင့် ကိုကို၊ ရီ မသိလို့ မေးပါရစေ၊ ရီက ကိုကို့ကိုရော မမကိုရော အစ်ကို အရင်းလို အစ်မ အရင်းလို ချစ်ပါတယ်၊ ကိုကိုနှင့် မမနှင့် ဖြစ်ကြတဲ့ ကိစ္စကို ရီ သိနိုင်မယ် ဆိုရင် သိပါရစေ၊ မမမှာ ကိုကို မနှစ်သက်စရာ ဘာတွေများ တွေ့နေလို့ပါလဲ'

ခင်ရီရီသည် အရဲစွန့်၍ မေးချလိုက်သည်။ သူ့ အသံမှာ တုန်နေသည်။

ခင်ရီရီသည် ဦးသက်ထွန်းအား ချစ်ကြောက် ရိုသေသူ တစ်ဦး ဖြစ်သည်။ သို့ရာတွင် မမေးလျှင် ပြောမည် မဟုတ်သဖြင့် မအောင့်နိုင်တော့ဘဲ မေးလိုက်မိသည်။





ဦးသက်ထွန်းက မျက်မှောင် ကုတ်၍ မျက်လုံးများကို စေ့စေ့ ပိတ်လိုက်...

'...မမနှင့် ပတ်သက်ပြီး ကိုကို ဘာကြောင့် ဒီလို ဆုံးဖြတ်ချက် ချရတဲ့ ...ကိုလည်း မောင်မောင်လတ် ပြောပြီး ဖြစ်လိမ့်မယ် ထင်တယ် ရီ၊ ကိုကို ...ချင်ဘူး'

'နည်းနည်းပါးပါးတော့ ကြားပြီးပါပြီ ကိုကို၊ ဒါပေမဲ့ ရီတော့ ယုံတောင် ...နိုင်လောက်အောင်ဘဲ'

ထမင်းစားခန်းထဲမှ ဧည့်သည်များ ထွက်လာကြသဖြင့် ခင်ရီရီက လွတ်လပ်လပ် စကား ပြောနိုင်ရန် ဝရန်တာဘက်သို့ ခေါ်သွားသည်။

ဦးသက်ထွန်းသည် အရုပ်လို ခင်ရီရီ နောက်သို့ လိုက်လာမိသည်။

ဝရန်တာမှ ကုလားထိုင်ပေါ်တွင် ထိုင်မိကြတော့မှ ခင်ရီရီက

'တကယ်ပဲ ကိုကို၊ ရီတော့ နား ရှိလို့သာ ကြားရတယ်၊ ယုံဖို့တော့ ခပ်ခက်ခက်ပဲ'

'စိတ်ကူးယဉ် အိပ်မက်ကိုသာ မယုံဘဲ နေချင် နေလို့ ရမယ်၊ တကယ့် အဖြစ် တကယ့် ဘဝကိုတော့ မယုံဘဲ နေချင်လို့ မရဘူး ရီ'

'ဒီ အခြေအနေ ရောက်ရအောင် မမက ဘာများ လုပ်ခဲ့လို့လဲ ကိုကို၊ ကိုကို မကြိုက်တာ မမ ဘာများ လုပ်နေသလဲ'

'ကိုကို မကြိုက်တာကို လုပ်တာက အရေး မကြီးဘူး ရီ၊ အရေးကြီးတာက သူ မလုပ်သင့်တာကို လုပ်တဲ့ အချက်ပဲ၊ တစ် အချက်ကတော့ မမဟာ မယား တစ်ယောက် အနေနှင့် ဝတ္တရား ပျက်ကွက်တယ်၊ နှစ် အချက်က ယောကျ်ားကို လိမ်တယ်၊ အဲဒါ သူ့ အပြစ်တွေပဲ'

'ကိုကို မမ အပေါ်မှာ အထင် လွဲတာများ ဖြစ်နေမလား ကိုကို'

ခင်ရီရီက နားထင် နှစ်ဖက်ကို လက်ဖြင့် နှိပ်ကာ မျက်လုံးများကို မှိတ်၍ တွေးနေသည်။

ဦးသက်ထွန်းသည် ခင်ရီရီ၏ စကားများကို တွေး၍ တစ်ယောက်တည်း ကျိတ်ပြုံး နေမိသည်။ ပြုံးသာ ပြုံးရသော်လည်း ရင်ထဲမှာတော့ ပူလောင် နာကြည်းလှပေသည်။

'ဒီမှာ ရီ၊ သူ့ရဲ့ အိမ်ထောင်သက် ခုနစ်နှစ်လုံးလုံးဟာ ငရဲ ကျသလို စိတ်ဆင်းရဲရပါတယ်၊ ကလေး တစ်ယောက် မွေးမှ သိရတာဟာ အသိ နောက်ကျပါတယ် ဆိုပြီး မယား လုပ်သူ ကိုယ်တိုင်က ဖောက်ပြန်ပုံတွေကို မရှက်

မကြောက် ဖွင့်ပြောတာကို နားနှင့် ဆတ်ဆတ် ကြားရပြီးပြီ၊ ဒီလို ကြားပြီးမှ ဆုံးဖြတ်တဲ့ ကိုကို့ ဆုံးဖြတ်ချက်ဟာ မမှားနိုင်ဘူးလို့ ထင်တယ်’

ဦးသက်ထွန်းက စိတ်လိုက် မာန်ပါ ပြောချလိုက်သည်။ စကား ပြောပြီးလျှင် တရှူးရှူး ဖြစ်နေလေသည်။

‘ကိုကို ပြောလို့သာ ယုံရတယ်၊ မမနှင့် ဒီလို ကိစ္စမျိုးဟာ ဆက်စပ်ပြီး တွေးလို့တောင် မရဘူး ကိုကို’

‘ဒီမှာ ရီ’

ဦးသက်ထွန်းက ဆေးတံကို ချကာ အလန့်တကြား ခေါ်လိုက်ပြီး ခင်ရီရီကို စူးစိုက် ကြည့်နေသည်။ ပြီးမှ

‘ကိုကိုလည်း ကိုယ့် မိန်းမကို ဒါမျိုးနှင့် ဆက်စပ်ပြီး သင်္ကာမကင်း မဖြစ်ချင်ပါဘူး၊ မဖြစ်လည်း မဖြစ်ရက်ပါဘူး၊ မသင်္ကာ စိတ်တွေ ဝင်လာတိုင်း စိတ်ဆင်းရဲခဲ့ရတယ်၊ ဒါကြောင့်မို့ မသင်္ကာစိတ် ဝင်လာရင် ကြာကြာ လက်မခံဘဲ မောင်းထုတ်ပစ်ခဲ့တယ်၊ ဒါပေမဲ့ အဲဒီလို မသင်္ကာ ဖြစ်နေရတာကပဲ တော်သလိုလို ရှိသေးတယ်၊ ဟုတ်မှာ မဟုတ်ပါဘူးလေ ဆိုပြီး မျှော်လင့်ချက် ထားလို့ ရသေးတယ်၊ ခုတော့ မရတော့ဘူး၊ လုံးလုံး မျှော်လင့်စရာ မရှိတော့ဘူး၊ ကိုကိုတော့ သူ့ကို ခုကိစ္စတင် မသင်္ကာရုံ မကဘူး၊ ဘယ်ကိစ္စကိုမှ မယုံတော့ဘူး၊ အို ကုန်ကုန် ပြောမယ်၊ တူးတူးကိုတောင် မုန်းလာပြီ၊ တစ်ခါတလေများ တူးတူးဟာ ကိုကို့ သားမှ ဟုတ်ပါလေစ ဆိုပြီးတောင် သံသယဖြစ်မိတယ်၊ ခက်တယ် ရီ၊ ကိုကို့ နေရာက ဝင်ကြည့်ရင် ဒီ အခက်ဟာ ဘယ်လောက် ကြီးတဲ့ အခက်လဲ ဆိုတာ ရီတို့ နားလည်လာလိမ့်မယ်၊ ဒီကိစ္စ တွေးတိုင်း သိပ် စိတ်ညစ်ရတယ်’

အမှန်ကတော့ စိတ်ညစ်ကြောင်းကို ပြောရန်ပင် မလိုတော့ပါ။ ဦးသက်ထွန်း၏ မျက်နှာကို ကြည့်ရုံဖြင့်ပင် သိနိုင်ပါ၏။

ခင်ရီရီသည် ဦးသက်ထွန်းကို ကြည့်၍ စိတ်မကောင်း ဖြစ်နေမိသည်။

အတန်ကြာ တိတ်ဆိတ် နေပြီးမှ ခင်ရီရီက သက်ပြင်း ချလိုက်ကာ

‘ဒါဖြင့် ကွာရှင်းဖို့ စီစဉ်ပြီးပြီပေါ့’

‘အားလုံး စီစဉ်ပြီးပြီ၊ ကိုကို့မှာ ဒါပဲ လုပ်စရာ ရှိတော့တယ်’

ခင်ရီရီသည် ဦးသက်ထွန်း၏ စကားများကို စိတ်ထဲက လိုက်၍ ရွတ်ဆို နေမိသည်။

‘ဒီလိုလည်း အရင်စလို မလုပ်ပါနှင့်ဦး ကိုကိုရယ်’





ခင်ရီရီက တောင်းပန် တိုးလျှိုးသံဖြင့် ပြောလိုက်သည်။ ဦးသက်ထွန်းသည် ဆေးတံကို မီးညှိ၍ ဖွာနေသည်။

‘ငါ့ ညီမကို ပြောရတာ ရှက်လည်း ရှက်ပါရဲ့၊ ဒီ ကိစ္စမျိုးဟာ ဒီပြင်ကိစ္စနှင့် မတူဘူး ရီ၊ တစ်ယောက်က ရွှေဘုံကြီးပေါ်မှာ အသစ်နှင့် ပျော်နေတာကို နောက်တစ်ယောက်က နောက်ချေးပုံပေါ်မှာ ရပ်ပြီး ငြိုးငြိုးလေး ကြည့်နေနိုင်ဘူး၊ တစ်ခုခုတော့ လုပ်ရမှာပဲ’

‘ကိုကို ပြောတာလည်း ဟုတ်တော့ ဟုတ်ပါတယ် ကိုကို၊ ရီ နားလည်ပါတယ်’

ခင်ရီရီသည် သူ၏ အိမ်တွင်းရေးကို ပြန်၍ စဉ်းစားနေမိသည်။ မောင်မောင်လတ် ကိစ္စတုန်းက သူ ကိုယ်တိုင်ပင်လျှင် ဘယ်လောက် စိတ်ဒုက္ခ ရောက်ခဲ့ပါသနည်း။ ဒေါသ ထွက်ခဲ့ပါသနည်း။

ဦးသက်ထွန်း အဖို့ ဆိုလျှင် မိန်းမက ဖောက်ပြားသူ ဖြစ်နေ၍ ပို၍ အခံရခက်မည်ဟု ကိုယ်ချင်း စာနာမိသည်။

‘ဒါပေမဲ့ ကိုကို၊ ကွာရှင်းလိုက်ရင် ဘယ်လို ဖြစ်သွားမလဲ ဆိုတာလည်း စဉ်းစားပါဦး’

‘စဉ်းစားပြီးပြီ ရီ၊ အကုန်လုံး စဉ်းစားပြီးပြီ၊ သူ ဖွင့်မပြောခင် ကတည်းကလည်း စဉ်းစားခဲ့တယ်၊ ဖွင့်ပြောပြီးမှလည်း စဉ်းစားခဲ့တယ်၊ ဒီ ကိစ္စကို မေ့ပျောက်ပစ်ပြီး အရင်လို နေကြဖို့လည်း ပြောခဲ့ပြီးပြီ၊ သူ့ကိုယ်သူ ပြန်ပြီး အဖတ်ဆယ်မလားလို့ အချိန်လည်း ပေးခဲ့ပြီးပြီ၊ သူ့ကို ကိုကို အဖတ် ဆယ်ဖို့လည်း ကြိုးစားခဲ့ပြီးပြီ၊ မရဘူး၊ အလကားပဲ၊ ကိုကို ကြိုးစားသမျှ သည်းခံသမျှတွေဟာ သူ့ကို လွတ်လပ်စွာ ဖောက်ပြန်ခွင့် ပေးသလို ဖြစ်နေတယ်၊ ရောင့်တက်အောင် အားပေးသလို ဖြစ်နေတယ်၊ ပျက်စီးနေတဲ့ လူ တစ်ယောက်ကို အဖတ်ဆယ်ဖို့ ဆိုတာဟာ သူကိုယ်၌ကိုက မပျက်စီးစေချင်တဲ့ စိတ် ရှိနေမှ ဖြစ်တာ၊ သူကိုယ်၌က အပျက်ကို အကောင်း ထင်နေရင် မီးတောင်ကို ရွှေတောင် ထင်နေရင် အလကားပဲ ဖြစ်မှာပဲ’

‘မကွာရှင်းဘဲနှင့် ဒီပြင် နည်းရော မရှိတော့ဘူးလား’

‘ဘယ်နည်း ရှိသေးသလဲ ရီ၊ ရှိရင် ကိုကို့ကို ပြောပါ၊ ကိုကို စဉ်းစားပါမယ်’

ခင်ရီရီသည် အတန်ကြာ စဉ်းစားနေသည်။

ဦးသက်ထွန်းသည် ဆေးတံကို ဖွာနေသည်။

'ဒီက ဖြစ်စေချင်တာကို ပြောတာပါ၊ ရီလည်း မစဉ်းစားတတ်တော့ ဖြစ်နေပြီ၊ ဒါပေမဲ့ ကိုကို၊ ကိုကိုက စွန့်ပစ်လိုက်ရင် မမတော့ ဒုက္ခ ရောက်တော့မှာပဲ'

'မတတ်နိုင်ဘူး ရီ၊ သူလည်း ဆွေကြီး မျိုးကြီးပဲလေ၊ အရှက်ကို ဂုဏ်နှင့် ဖုံးလိုမှမပေါ့၊ ကိုကို့ အတွက် စိတ်မကောင်း ဖြစ်ရလို့ ဝမ်းနည်းပါတယ်၊ ကိုကို ပြန်မယ်'

ဦးသက်ထွန်းက ထိုင်ရာမှ ထလိုက်သည်။

'ဟုတ်ကဲ့ ကိုကို၊ ဒါပေမဲ့ စဉ်းတော့ စဉ်းစားပါဦး ကိုကို၊ ရီလည်း မောင် ဒီလို ဖြစ်ဖူးလို့ ကိုကို့ကို ကိုယ်ချင်းစာပါတယ်၊ အဲဒီတုန်းကများ မောင်ကို သိပ် စိတ်ဆိုးတာပဲ၊ သူ့ကို ပစ်သတ်ပြီး နောက်ဆုံး ကိုယ့်ဘာသာ ကိုယ်လည်း သတ်သေ ရမလားလို့တောင် စိတ်ကူး မိတယ်၊ နောက်ကျတော့ မမ ရောက်လာပြီး စေ့စပ် ပေးသွားလို့ ရီလည်း ခွင့်လွှတ်လိုက်ပါတယ်၊ ဒီတော့ ရီ တောင်းပန်ချင်တာက ကိုကိုလည်း ခွင့်လွှတ်ဖို့..'

ခင်ရီရီက စကားကို ဆုံးအောင် မပြောဘဲ မရှုံ့မရဲနှင့် ရပ်ထားလိုက်ပြီး ဦးသက်ထွန်းကို လှမ်းကြည့်နေသည်။

ဦးသက်ထွန်းက ခေါင်းကို ယမ်းလိုက်ပြီး

'မဖြစ်ဘူး ရီ၊ ကိုကို ခွင့်မလွှတ်နိုင်ဘူး၊ ခွင့်လွှတ်နိုင်တဲ့ ခွင့်လွှတ်သင့်တဲ့ အမှားမျိုးလည်း မဟုတ်ဘူး၊ ဒီ မိန်းမဟာ ခွင့်လွှတ်သင့်တဲ့ မိန်းမ တစ်ယောက် မဟုတ်ဘူး၊ သူ့ကို အဖတ် ဆယ်ဖို့ အတွက် ကိုကို အစွမ်းကုန် ကြိုးစားခဲ့တယ်၊ သူ ဘာလုပ်တယ် ထင်သလဲ၊ ကိုကို ကြိုးစားသမျှကို မထီမဲ့မြင် ပြုပြီး ကိုကို့ကို နွံ့ပုပ်ထဲ ချနင်းပစ်ခဲ့တယ်၊ ကိုကို့ အကြောင်းကို ရီ သိပါတယ် ရီ၊ ကိုကိုဟာ ရန်ငြိုး ဖွဲ့တတ်တဲ့ လူမျိုး မဟုတ်ပါဘူး၊ ဘယ်သူ့ကိုမှလည်း မမုန်းခဲ့ပါဘူး၊ ဒါပေမဲ့ သူ့ကိုတော့ ကိုကို မုန်းတယ် ရီ၊ သိပ် မုန်းတယ်၊ ဒီ အမုန်းဟာ ကိုကို့ အသားထဲ အရိုးထဲ အသွေးထဲမှာ ရောက်နေပြီ၊ ခွင့်လွှတ်ဖို့ စကားကို ကိုကို့ မပြောပါနှင့်တော့'

ဦးသက်ထွန်းက အံကြိတ်၍ ပြောလိုက်သည်။ သူ့ အမုန်းသည် အရိုးထဲ အသားထဲ အသွေးထဲတို့တွင် မကတော့ဘဲ မျက်လုံး နှုတ်ခမ်း စသည့် ပြင်ပ အမူအရာများတွင်လည်း ထင်းထင်းကြီး ပေါ်နေကြသည်။

'ဒါပေမဲ့ ကိုကိုရယ်၊ ကိုယ့်ကို မုန်းထားတဲ့ လူကိုတောင် ပြန်ပြီး ချစ်တန် ချစ်ရသေးတာပဲ၊ ဒီမှာလည်း..'





'ဟုတ်တယ် ရီ၊ ကိုယ့်ကို မုန်းတဲ့ လူကို ချစ်လို့ ရသေးတယ်၊ ဒါပေမဲ့ ကိုယ့်ကိုယ်တိုင်ကိုက အသွေးထဲ အသားထဲက မုန်းနေတဲ့ သူတစ်ယောက်ကိုတော့ ဘယ်နည်းနှင့်မှ ချစ်လို့ မရဘူး၊ ကဲ ကိုကို့ အတွက်နှင့် အားလုံး စိတ်ဆင်းရဲကုန်ကြရပြီ၊ ဝမ်းနည်းပါတယ် ရီ၊ ကိုကို သွားမယ်'

ဦးသက်ထွန်းသည် ဧည့်ခန်းထဲတွင် ရောက်နေသူများ အားလုံးကို နှုတ်ဆက်၍ ထွက်လာခဲ့သည်။

# ၉

ခင်သီသီ ထမင်းစားခန်းထဲမှ ထသွားသည့် အခါတွင်မှ ကိုအောင်မိုးသည် [illegible] နောက်မှ ထ၍ လိုက်သွားချင်သည်။ သို့ရာတွင် မောင်မောင်လတ်နှင့် [illegible] ပြောထဲတွင် စကား ကောင်းနေသဖြင့် မထသာဘဲ ကျန်နေရစ်ခဲ့ [illegible] အလွတ် ရသည်နှင့် ကိုအောင်မိုးသည် ဧည့်ခန်းထဲသို့ ထ၍ လိုက်လာခဲ့ [illegible]။

ခင်သီသီသည် အခန်းထောင့် တစ်နေရာတွင် ဖဲထုပ် တစ်ထုပ်ကို ကုလား ဖန်ထိုးနေသည်။

'အစ်ကိုအောင် ဒီည ထမင်းစားပွဲကို လာမှ လာပါ့မလားလို့'

ခင်သီသီက လှမ်း၍ ပြောလိုက်ပြီး ဖဲချပ် တစ်ချပ်ကို ပစ်ချလိုက်သည်။ ဖဲချပ်မှာ ဟတ် တစ် ဖဲချပ်ကလေး ဖြစ်နေသည်။

ခင်သီသီသည် ဟတ် တစ် ဖဲချပ်ကို ကြည့်လိုက်ပြီး ကိုအောင်မိုးကို တစ်ချက် လှမ်းကြည့်လိုက်သည်။

ကိုအောင်မိုးကလည်း ဖဲချပ်ကို လှမ်းကြည့်လိုက်ပြီး ခင်သီသီကို ကြည့် လိုက်သည်နှင့် ဆုံနေသည်။

'လာပါတယ် သီသီရ၊ သီသို့ကို မေးစရာ စကား တစ်ခွန်း ရှိနေတာနှင့် [illegible] သွားစရာ ရှိတာတောင် မသွားတော့ဘူး'

'ဘာလဲ၊ မေးလေ'

'ခပ်တိုတိုပဲ သီသီ၊ ငါ နင့်ကို ချစ်တယ်လို့ ပြောခဲ့တုန်းက မဖြစ်နိုင်ပါ ဘူးလို့ နင် ပြောခဲ့တဲ့ စကားကို နင် မှတ်မိသေးသလား'

ခင်သီသီ၏ မျက်နှာမှာ ရှက်သွေးတွေ လျှမ်းသွားပြီး ဘာမှ စကား ပြန် မပြောဘဲ ခေါင်းငုံ့နေသည်။

'အေးလေ နင်ကတော့ ပြောတဲ့လူ ဆိုတော့ မေ့ချင် မေ့နေမှာပေါ့၊ ငါက တော့ အပြော ခံရတဲ့လူ ဆိုတော့ ဒီ စကားလုံးကို တစ်သက်လုံး မမေ့ဘူး၊

ဒါပေမဲ့ ငါ နားလည်တာကတော့ မဖြစ်နိုင်ဘူးလို့ နင် ပြောခဲ့တာဟာ အချို့အတန့် အတွက် ပြောတာပဲလို့ နားလည်ခဲ့တယ်၊ ဘယ့်နှယ်လဲ'

ခင်သီသီ တစ်ချက်မှ မျက်လွှာကို လှန်ကြည့်လိုက်ပြီး

'ခုကော အစ်ကိုအောင်က ဘယ်လို ထင်သလဲ'

'ဒါက ငါက ပြန်မေးရမယ့် စကားပါ'

'အစ်ကိုအောင် သီသို့ကို စိတ်ဆိုးတယ် မဟုတ်လား'

ခင်သီသီက ပြုံး၍ မေးလိုက်သည်။

'စိတ်တော့ မဆိုးပါဘူး၊ ဒါပေမဲ့ စိတ်မကောင်းဘူး၊ အစ်ကို့ ဘဝမှာ အစ်ကိုဟာ ဘာမှ မအောင်မြင်ခဲ့ဘူး ဆိုပြီး ဝမ်းနည်းတယ်၊ ဒါပေမဲ့ သီသီ နင့်ကို အစ်ကို ချစ်တယ်၊ အစ်ကို့မှာ မိန်းကလေး တစ်ယောက်ရဲ့ မက်လောက်စရာ ဆိုလို့ ဘာမှ မရှိဘူး၊ ဒီဂရီ မရှိဘူး၊ ရုပ် မချောဘူး၊ ဂုဏ် မရှိဘူး၊ ဒါကို အစ်ကို သိတယ်၊ အစ်ကို သီသို့ကို ဘာမှ မပေးနိုင်ဘူး၊ အစ်ကို ပေးနိုင်တဲ့ အရာဟာ အချစ်ပဲ ရှိတယ်၊ အစ်ကို ပေးတဲ့ တန်ဖိုးဟာ သိပ် မများပေမဲ့ သိပ်တော့ မနည်းဘူးလို့ အစ်ကို ထင်တယ်'

ခင်သီသီသည် အသည်းပွင့် နီနီကလေး ရေးထားသည့် ဖဲချပ်ကလေးကို ကိုင်၍ နေသည်။ တိုက်တိုက်ဆိုင်ဆိုင် ကိုင်မိလျက်သား ဖြစ်နေပုံကိုလည်း တွေး၍ အံ့သြနေမိသည်။

'အစ်ကို ပေးတဲ့ တန်ဖိုးဟာ နည်းတယ် များတယ်လို့ သီသီ ဘယ်တုန်းက ဆုံးဖြတ်ခဲ့ဖူးလို့လဲ အစ်ကို၊ အစ်ကို ပေးတဲ့ တန်ဖိုးကို တခြား လူတွေ ပေးတဲ့ တန်ဖိုးနှင့်တောင် နှိုင်းယှဉ်ပြီး မစဉ်းစားခဲ့ပါဘူး၊ မစဉ်းစားရက်ပါဘူး'

'ဒါဖြင့် အခု စဉ်းစားပါလား သီသီ'

'သီသီ စဉ်းစားပြီးပြီ အစ်ကို'

'ဒါဖြင့် သီသီရဲ့ ဆုံးဖြတ်ချက်ကို အစ်ကို့ ပြောမပြနိုင်ဘူးလား'

ကိုအောင်မိုးက စိတ်ပျက်လက်ပျက်ဖြင့် မေးလိုက်သည်။ ခင်သီသီသည် ဘာမျှ ပြန်မပြောဘဲ ကိုအောင်မိုးကို ပြုံး၍ ကြည့်ကာ ဖဲ အသည်းပွင့်ပေါ်တွင် လက်သည်းများဖြင့် ခြစ်နေလေသည်။

'ပြောလေ သီသီ'

ခင်သီသီက ကိုအောင်မိုးကို ပြုံး၍ ကြည့်လိုက်ပြီး လက်သည်းဖြင့် ခြစ်ခြစ် ခြစ်နေသည်။

'ဘာလဲ မပြောချင်ဘူးလား'





'ပြောနေတာပဲ ကြည့်ပါလား'

ခင်သီသီက ဖဲချပ်ကို လက်သည်းဖြင့် ခြစ်ပြနေသည်။ ကိုအောင်မိုးသည် ခင်သီသီ ခြစ်ပြနေသည်ကို နားမလည်ဘဲ ငေးကြည့်နေသည်။ နားမလည်သော်လည်း ခင်သီသီ၏ မျက်လုံးများမှာ တောက်ပကာ မျက်နှာကလေးက ပြုံးလျက်ရှိသည်ကို သတိထားလိုက်မိသည်။ ခင်သီသီက ဖဲချပ်ပေါ်တွင် စာလုံး သုံးလုံးကို ရေးပြနေသည်။

နောက်ဆုံး ကိုအောင်မိုးက နားမလည်သလို စိုက်ကြည့်နေတော့

'ငိုင်အီးအက်စ်တဲ့ သိပြီလား၊ ဒါကြောင့် အ တယ် ပြောတာ၊ အ တယ် ပြောတော့ မခံချင်ဘူး'

ခင်သီသီက မျက်စောင်းလေး ထိုး၍ ပြောလိုက်သည်။ သည်အတွင်း ဧည့်ခန်းထဲသို့ လူစုံ ပြန်ရောက်လာကြ၍ သူတို့ နှစ်ယောက်မှာ ဣန္ဒြေဆည်နေလိုက်ကြသည်။

ခင်ရီရီမှာ ဦးသက်ထွန်းနှင့် စကား ပြော၍ စိတ်ညစ်ခဲ့ရသလောက် ကိုအောင်မိုးနှင့် ခင်သီသီကို တွေ့လိုက်ရသော အခါ ကြည်နူးသလို ခံစား လိုက်ရသည်။

ညဥ့်နက်၍ ပြန်ခါနီးတော့ ကိုအောင်မိုးက ခင်သီသီကို လိုက်ပို့သည်။ သူတို့ ကိစ္စကို သူ့ မေမေအား ဖွင့်ပြောရန်လည်း ခင်သီသီက ကတိ ပေးသွားလေသည်။

ခွဲခါနီးတွင် ကိုအောင်မိုးသည် ခင်သီသီ၏ ပါးပြင်ကို လည်းကောင်း၊ နှုတ်ခမ်းကို လည်းကောင်း နမ်းရှုပ်ပစ်လိုက်သည်။

အိမ်သို့ အသီးသီး ပြန်ရောက်ကြပြီးသည့် နောက်တွင် ခင်သီသီရော ကိုအောင်မိုးပါ အိပ်မပျော်ကြဘဲ မျက်လုံးတွေ ကြောင်နေကြ၏။

ခင်သီသီ၏ မိခင် ဒေါ်ညွန့်ညွန့်သည် အစတွင် ငြင်းသလိုလို ဖြစ်သော်လည်း ခင်သီသီ ကိုယ်တိုင်က ကိုအောင်မိုးကို ချစ်နေပြီဟု ဖွင့်ပြောလိုက်သော အခါတွင် အံ့အားသင့်စွာဖြင့် သမီးကို ကြည့်ကာ ဦးငွေခင်နှင့် တိုင်ပင်ဦးမည်ဟု ဆို၍ မယုတ်မလွန် ပြောသွားသည်။ ဦးငွေခင်ကို တိုင်ပင်၍ ဦးငွေခင်ကပါ ဝမ်းမြောက်ကြောင်း သဘော တူလိုက်သော အခါတွင်မူကား ဒေါ်ညွန့်ညွန့်မှာ မငြင်းသာတော့ဘဲ သဘော တူလိုက်ရလေသည်။

မန္တလေးမှ ပြန်ခါနီးတွင် ကိုအောင်မိုးသည် ခင်သီသီတို့ အိမ်သို့ သွား၍ နှုတ်ဆက်လေသည်။

ခင်သီသီက သူ့အား တံခါးဝမှ ဆီးကြိုကာ ဦးဌေးခင်နှင့် ဒေါ်ညွန့်ညွန့်တို့က သဘော တူကြောင်း၊ လူကြီးစုံရာနှင့် တောင်းဖို့ အကြောင်းများကို ပြောပြလိုက်သော အခါ ကိုအောင်မိုးမှာ မယုံနိုင်အောင် ဖြစ်နေသည်။

'တကယ်လား သီသီ'

'အလကား ပြောတာ၊ အလကား ပြောတာ'

ခင်သီသီက မျက်လုံးကလေး ပင့်ကာ ပြောင်သလိုလို ပြောလိုက်သည်။

'အစ်ကိုတော့ မယုံနိုင်စရာတွေချည်းဘဲ တွေ့နေရတယ်၊ သီသီက အစ်ကိုကို ချစ်တယ် ဆိုတာလည်း မယုံနိုင်စရာဘဲ၊ ဒေါ်ဒေါ်တို့က သဘော တူတယ် ဆိုတာလည်း မယုံနိုင်စရာဘဲ'

ဦးဌေးခင်နှင့် ဒေါ်ညွန့်ညွန့်တို့ကလည်း ကိုအောင်မိုးနှင့် ခင်သီသီကို ခါတိုင်းလို တင်းကျပ်စွာ မထားတော့ဘဲ ရှောင်ပေးကြသည်။

ဦးဌေးခင်နှင့် ဒေါ်ညွန့်ညွန့်တို့ ထွက်သွားကြသဖြင့် ခင်သီသီနှင့် ကိုအောင်မိုးတို့ နှစ်ယောက်မှာ ဧည့်ခန်းထဲတွင် ကျန်ရစ်ခဲ့ကြသည်။



# ၇

ဦးသက်ထွန်းသည် မီးရထား ဟိုတယ်သို့ ပြန်လာခဲ့၍ နာရီကို ကြည့်လိုက်တော့ ည ခုနစ် နာရီ ခွဲနေပေပြီ။ ဟိုတယ်သို့ ပြန်ရောက်သည့်တိုင်အောင် ဦးသက်ထွန်းသည် ခင်ရီရီနှင့် ပြောခဲ့သည့် စကားများကို အနုလုံ ပဋိလုံ တွေး၍ လာသည်။ မမကို ခွင့်လွှတ်လိုက်ရန် ခင်ရီရီက ဦးသက်ထွန်းအား ပြောလိုက်သည့် အတွက် ဦးသက်ထွန်း စိတ်ထဲတွင် မကျေနိုင် မချမ်းနိုင် ဖြစ်နေသည်။ မမအား ခွင့်လွှတ်ရေးမှာ လုံးဝ မဖြစ်နိုင်ဟု ယူဆထားသည်။ ထို့ပြင် ကွာရှင်းရေး ကိစ္စ အထိပင် ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီးသား ဖြစ်နေသဖြင့် ခင်ရီရီ၏ အကြံကို လုံးဝ ထည့် စဉ်းစားခြင်း မပြုဘဲ ခေါင်းထဲမှ ဖျောက်ပစ်လိုက်သည်။

ဦးသက်ထွန်းသည် နောက် တစ်နေ့ ရန်ကုန် ပြန်ရေး ကိစ္စကိုသာ စဉ်းစားပြီး ရေမိုးချိုး အဝတ်အစား လဲရန် ပြင်ဆင်နေသည်။

'နံပါတ် ၁၇ ဟာ ဦးသက်ထွန်းလား ခင်ဗျာ'

ဟိုတယ် မန်နေဂျာက တံခါးဝတွင် ပေါ်လာကာ ရပ်၍ မေးလိုက်သည်။

'ဟုတ်ပါတယ်၊ ဘာ ကိစ္စပါလဲ'

'ကြေးနန်း လာပါတယ်'

ဦးသက်ထွန်းက ကြေးနန်းကို ဖွင့်၍ ဖတ်လိုက်သည်။ ကြေးနန်းမှာ မမထံက ကြေးနန်း ဖြစ်နေသည်။

မမ ဆိုသော စာလုံးများသည် စာရွက်ပေါ်တွင် ထင်းထင်းကြီး ပေါ်နေကြသည်။

အသည်းအသန် ဖြစ်နေသည်။ အမြန် ပြန်လာပါ။ ခွင့်လွှတ်လျှင် သေပျော်ပါပြီ။ မမ။

ဦးသက်ထွန်းသည် မှုံပြီး ပြုံးလိုက်ပြီး ကြေးနန်း စာရွက်ကို လိပ်ချိုး၍ လွှင့်ပစ်လိုက်သည်။ သူ့ စိတ်ထဲတွင် သူ့ကို လိမ်၍ ကြေးနန်း ရိုက်ခြင်း ဖြစ်သည်ဟု ထင်နေသည်။ သို့ရာတွင် တကယ် အသည်းအသန် ဖြစ်မည် ဆိုလျှင်လည်း ဖြစ်နိုင်လောက်သည်ဟု တွေးမိပြန်သည်။ မမမှာ ကျန်းကျန်းမာမာ မဟုတ်ဘဲ ကိုယ်လေး လက်ဝန်ကြီးနှင့် ဖြစ်ရာ သည်အချိန် ဆိုလျှင် လ စေ့၍ မျက်နှာ မြင်လေပြီလားဟု တွေးလိုက်မိသည်။

သို့တိုင်အောင် ကိုသက်ဆွေနှင့် ရသည့် ကလေးကို မျက်နှာ မြင်သည့် ကိစ္စမှာ သူနှင့် ဘာဆိုင်ပါသနည်း။ သူကိုယ်တိုင်ကလည်း မမကို ကွာရှင်း ပြတ်စဲရန် ဆုံးဖြတ်ချက် ချပြီးရုံမက ကွာရှင်းရေး ကိစ္စကို ဝတ်လုံသို့ပင် အကြောင်းကြားပြီး ဖြစ်ရာ သူနှင့် မမသည် ဘာများ သံယောဇဉ် တွယ်စရာ ရှိပါတော့သနည်း။ သူနှင့် မမတို့ ကြားတွင် ဆက်သွယ် ဖွဲ့နှောင်ထားသည့် တစ်ပင်တည်းသော သံယောဇဉ် ဖြစ်သူ တူးတူးကိုလည်း သူ့ နှမများထံ အပ်ခဲ့ပြီး ဖြစ်ရုံမက မမကိုလည်း ကွာရှင်းရေး ကိစ္စကို အသိ ပေးပြီး ဖြစ်ပါလျက် မမသည် သူ့အား သံကြိုး ရိုက်၍ မှာရန် ဘာ အကြောင်းများ ရှိပါသေးသနည်း။

တကယ်တော့ ဦးသက်ထွန်းနှင့် မမသည် ကိုယ်ခန္ဓာ ပေါင်းစည်း ဖွဲ့စည်းမှုမှ လည်းကောင်း၊ စိတ်ဆန္ဒ ဆက်သွယ် နှောင်ဖွဲ့မှုမှ လည်းကောင်း ကွာရှင်း ပြတ်စဲခဲ့ကြပြီး ဖြစ်သည်။ နှစ်ဦးစလုံး၏ သဘောထားများသည် ပြတ်ပြတ်စဲစဲ ဖြစ်ကြပြီးသား ဖြစ်သည်။ သို့ဖြစ်လျှင် မမသည် သူ့ကို အရေးတကြီး ကြေးနန်း ရိုက်၍ ခေါ်စရာ ဘာ အကြောင်း ရှိပါသနည်း။ သည် ကြေးနန်းသည် သူ့ကို လိမ်၍ ရိုက်သော ကြေးနန်းမှ အပ ဘာမျှ မဖြစ်နိုင်ဟု ဦးသက်ထွန်း ယူဆလိုက်မိသည်။

သူ့ကို ရန်ကုန် အရောက် ခေါ်၍ မမသည် ကိုသက်ဆွေနှင့် ရသော ကလေးကို ဦးသက်ထွန်းနှင့် ရသော ကလေးပါဟု တရားဝင် ဖြစ်အောင် လုပ်ရန် ကြံရွယ်လေသလား၊ သို့တည်းမဟုတ် သူနှင့် ပြန်၍ စေ့စပ်ကာ ကွာရှင်းရေး ကိစ္စကို ဖျက်ပစ်ရန် ကြံရွယ်လေသလားဟုလည်း စဉ်းစားမိသည်။

ဦးသက်ထွန်းသည် လုံးခြေ၍ လွှင့်ပစ်ထားသော ကြေးနန်း စာရွက်ကို ကောက်၍ ဖတ်ကြည့်မိပြန်သည်။ 'အသည်းအသန် ဖြစ်နေသည်' ဆိုသော စာလုံးများကို တွေ့ရပြန်သော အခါ တကယ်ပဲလားဟု သံသယ ဖြစ်လာမိပြန်သည်။ တကယ် အသည်းအသန် ဖြစ်လျက် အိပ်ရာပေါ်တွင် သေမင်းနှင့် လွန်ဆွဲ နေချိန်တွင် သူ့ကို တကယ်တမ်း တ၍ ရိုက်လိုက်သော ကြေးနန်း





ဖြစ်လေသလားဟုလည်း တွေးမိပြန်သည်။ တကယ် သေလုမြောပါ၊ ဖြစ်နေပါလျက် သူက လိမ်ခေါ်သည်ဟု ယူဆခဲ့မိ၍ မသွားဘဲ နေခဲ့ပါလျှင်လည်း သူ့ အတွက် ဝဋ္ဋရား ပျက်ရာ ကျတော့မည်ဟု ယူဆမိပြန်သည်။ ထိုမျှမက တစ် လောကလုံးကလည်း သူ့အား ရက်စက် စိမ်းကားသူဟု အပြစ် ဖို့ကြတော့ မည်ကို တွေးမိပြန်သည်။

ထို့ကြောင့် ဦးသက်ထွန်းသည် ည ရထားနှင့် ရန်ကုန်သို့ ပြန်လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။ ကြေးနန်းတွင် ပါသည့် အတိုင်း မမ အသည်းအသန် ဖြစ်နေသည် ဆိုပါလျှင် သူသည် မမကို မသေမီတွင် တွေ့ကာ ပြုသမျှ အပြစ်များ အတွက် ခွင့်လွှတ်ရန် ဆုံးဖြတ်လိုက်သည်။ အကယ်၍ ထိုသို့ မဟုတ်ဘဲ လိမ်ခေါ်ခြင်း ဖြစ်လျှင်လည်း ဘာမှ မပြောဘဲ ထွက်လာခဲ့ရုံသာ ရှိပေသည်။

ဦးသက်ထွန်းသည် ရှစ်နာရီ ရထားဖြင့် ရန်ကုန်သို့ လိုက်လာခဲ့သည်။ တစ်လမ်းလုံးလည်း အိပ်၍ မပျော်ဘဲ တကယ် အသည်းအသန် ဖြစ်လေသလား၊ လိမ်ခေါ်လေသလားဟု တွေးလာခဲ့မိသည်။

ရန်ကုန်သို့ ရောက်လျှင် ဦးသက်ထွန်းသည် တက္ကစီ တစ်စီးဖြင့် အိမ်သို့ လာခဲ့သည်။

လိမ်ခေါ်ခြင်း ဖြစ်လျှင် စိတ်ကို ငြိမ်သက်စွာ ထားကာ အေးအေးဆေးဆေး ထွက်လာမည်။ တကယ် အသည်းအသန် ဖြစ်နေသည် ဆိုလျှင် သေခါနီး လူ တစ်ယောက် အသေ ဖြောင့်အောင် ခွင့်လွှတ်လိုက်မည်ဟု တွေးလာသည်။ သို့ဖြင့် သူ ဘယ်တော့မှ မပြန်ဟု ဆုံးဖြတ်ထားသော အိမ်သို့ ရောက်လာခဲ့၏။

သူ့ကို မြင်တော့ အစေခံမလေးက ပျာပျာသလဲ တံခါး ဖွင့်၍ ပေးလေသည်။

'နင့် မမ ဘယ့်နှယ် နေသေးလဲ'

'မနေ့ကပဲ မျက်နှာ မြင်ပါတယ်'

ဦးသက်ထွန်းသည် တုံ့ခနဲ ဖြစ်သွားပြီး မျက်နှာမှာ သွေး မရှိတော့သလို ဖြူရော်သွားသည်။ သေသွားရင် ဘယ်လောက် ကောင်းလိမ့်မလဲဟုလည်း စိတ်ထဲက ကျိန်ဆဲလိုက်မိသည်။

'ခုကော ဘယ့်နှယ် နေသေးလဲ'

'သိပ် အသည်းအသန် ဖြစ်နေပါတယ်၊ မနေ့ ညက ဆရာဝန်ကြီး ကာနယ် မင်းဇံကို ခေါ်ပါတယ်၊ ခုလည်း ဆရာဝန်ကြီး ရောက်နေပါတယ်'

'သွား သွား၊ ကားပေါ်က ငါ့ ပစ္စည်းတွေ သွား သယ်ခဲ့'

သူ တောင့်တသလို မမသည် သေသွားနိုင်သည်ဟု ယူဆ၍ စိတ်ထဲတွင် ကျေနပ်သွားသည်။ သေသွားရင်လည်း သူတို့ အားလုံး အတွက် ဒုက္ခ ဝေးပေမည်။ အရှက်တကွဲ အကျိုးနည်း ဖြစ်ရခြင်းမှ လွတ်ပေတော့မည်။

ဦးသက်ထွန်းသည် ဆု မတောင်း ကောင်းသော အရာကို ဆုတောင်းရင်း အိမ်ထဲသို့ ဝင်လာခဲ့သည်။

လှေကား၀ အကျီ ချိတ်သော ကျွန်းသား တိုင်တွင် ကုတ် အကျီ တစ်ထည်ကို ချိတ်လျက်သား တွေ့ရသည်။

ဦးသက်ထွန်းသည် လှေကားပေါ်သို့ လှမ်းတက်မည် ပြုရင်းက ကုတ် အကျီကို တစ်ချက်မျှ လှမ်းကြည့်လိုက်ရင်း

'အိမ်ပေါ်မှာ ဘယ်သူတွေ ရှိသလဲ'

'ဆရာဝန်ကြီးရယ်၊ ဆရာမရယ်၊ ဆရာ ဦးသက်ဆွေရယ်'

ဦးသက်ထွန်းသည် ဘာမျှ ပြန်မပြောဘဲ အိမ်ပေါ်သို့ တက်လာခဲ့သည်။ အိမ်ရှေ့ခန်းမှာ ဘယ်သူမှ မရှိဘဲ ဟာလာဟင်းလင်း ဖြစ်နေသည်။ သူနာပြု ဆရာမလေးသည် အခန်းထဲမှ ထွက်လာသည်။

'ဪ မင်းကြီး ပြန်ရောက်လာပြီလား၊ မင်းကြီးကို ခဏ ခဏ မေးနေပါတယ်'

ဦးသက်ထွန်းက ဘာမှ ပြန်မပြောခင် အခန်းထဲက ရေခဲ အယူခိုင်းသည့် ဆရာဝန်ကြီး၏ အသံ ထွက်ပေါ်လာသဖြင့် ဆရာမလေးသည် အောက်ထပ် ထမင်းစားခန်းသို့ ခပ်သုတ်သုတ် ဆင်းသွားသည်။

ဦးသက်ထွန်းသည် မမ၏ အိပ်ခန်းနှင့် ကပ်လျက် ရှိသော သူ့ အခန်းထဲသို့ ဝင်လာခဲ့သည်။ သူ့ စာရေး စားပွဲတွင် ကိုသက်ဆွေသည် မျက်နှာကို လက်ဝါးနှင့် အပ်၍ တရှုပ်ရှုပ် ငိုနေသည်။

ဆရာဝန်ကြီး၏ ရေခဲ ယူခိုင်းသံကို ကြားလိုက်ရသဖြင့် ကိုသက်ဆွေသည် မတ်တတ် ထလိုက်သည်တွင် ဦးသက်ထွန်းနှင့် ပက်ပင်း တိုးနေသည်။

ဦးသက်ထွန်းနှင့် ကိုသက်ဆွေသည် တစ်ယောက်ကို တစ်ယောက် စကား မပြောမိကြဘဲ ရပ်နေမိကြသည်။

ကိုသက်ဆွေသည် ဦးသက်ထွန်းကို မြင်လိုက်ရတော့ အံ့အားသင့်သွားကာ တစ္ဆေခြောက် ခံရသလို တွေတွေကြီး ကြည့်၍ ရပ်နေသည်။ သူ့ မျက်လုံးတွင် မျက်ရည်တွေ ဝဲနေသည်။





အတော် ကြာတော့မှ ကိုသက်ဆွေသည် အားလျော့သွားဟန်ဖြင့် ခေါင်း ငိုက်နိုက်ကြီး ကျကာ ကုလားထိုင်တွင် ပြန်၍ ထိုင်လိုက်သည်။ ဦးသက်ထွန်းနှင့် မမတို့၏ ကြားတွင် သူသည် အပြင်လူ တစ်ယောက်မျှသာ ဖြစ်နေသည်ကို သတိ ထားလိုက်မိသည်။

ကိုသက်ဆွေသည် စိတ်ထဲတွင် ဂနာ မငြိမ်ဘဲ ယောက်ယက် ခတ်နေသည်။ ထို့ကြောင့် ကြာကြာ မနေနိုင်ဘဲ မတ်တတ် ရပ်လိုက်ရသည်။

'တော်တော် ဆိုးနေပြီ၊ ဆရာဝန်ကတော့ မျှော်လင့်ချက် မရှိတော့ဘူးလို့တောင် ဖွင့်ပြောပြီးပြီ၊ ဦးသက်ထွန်း ကျွန်တော့်ကို ကြိုက်သလို လုပ်နိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ကို သူ့ အနားမှာ စောင့်ကြည့်ခွင့် ပေးပါလို့တော့ ကျွန်တော် တောင်းပန်ပါရစေ၊ ကျွန်တော် ကျွန်တော်..'

ကိုသက်ဆွေသည် စကားကို ဆက် မပြောနိုင်တော့ဘဲ ကျိတ်၍ ရှိုက်နေသည်။ မျက်ရည်များသည် ပါးပြင်ပေါ်သို့ လိမ့်ကျလာကြသည်။

ဦးသက်ထွန်းသည် သူတစ်ပါး မျက်ရည်ကျတာကို မြင်လျှင် စိတ် ထိနိုက် လွယ်ကူသူ ဖြစ်သည်။

ထို့ကြောင့် ကိုသက်ဆွေကို မကြည့်တော့ဘဲ မျက်နှာလွှဲကာ မမ၏ အခန်းဘက်သို့ ထွက်လာခဲ့သည်။

အိပ်ခန်းထဲမှ မမ၏ စကား ပြောသံကို ကြားရသည်။ သို့ရာတွင် ဘာမျှ မသဲကွဲလှဘဲ လုံးထွေးနေသည်။ ဦးသက်ထွန်းသည် အိပ်ခန်းထဲသို့ ဝင်လာပြီး မမ၏ ခုတင် ဘေးတွင် ရပ်လိုက်သည်။ မမ၏ မျက်နှာမှာ ဖြူရော်ကာ နှုတ်ခမ်းများမှာ တုန်ယင်စွာ လှုပ်နေကြသည်။ လက်များက မွေ့ရာကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ ကုပ်နေကြ၏။

'ကိုသက် ကိုသက်၊ ကိုကို ကိုကို၊ ကိုကို မမကို ခွင့်လွှတ်တယ်နော်၊ ခွင့်လွှတ်ပါ ကိုကိုရာ၊ ကိုကိုဟာ စိတ်သဘောထား ကြီးပါတယ်နော် ကိုကို၊ ဟင်း.. ကိုကို ပြန်လာတော့မယ်နော်၊ ကိုကို ပြန်လာခဲ့ပါ ကိုကိုရယ်၊ သမီးလေးကို ကိုကို မကြည့်ချင်ရင် ဆရာမကို ပေးလိုက်ပါနော် ကိုကို၊ မောတယ် ကိုကို မောတယ်၊ ပြန်လာပါ ကိုကိုရယ်နော် ပြန်လာခဲ့ပါ'

မမသည် ကယောင်ကတမ်း ပြောနေသည်။ မျက်လုံးများမှာ မှိတ်၍ နေကြသည်။ မျက်နှာသည် တစ်ချက် တစ်ချက်တွင် ကြည့်ရက်စရာ မရှိအောင် ရှုံ့မဲ့နေသည်။

'မမ မမ၊ သတိထားလေ၊ မင်းကြီး ရောက်နေပြီ'

ဆရာမလေးက မမ အနားသို့ ကပ်၍ ပြောလိုက်သည်။

မမသည် မျက်လုံးများ ဖွင့်၍ ဆရာမကို ကြည့်လိုက်သည်။ သူ့ ကြည့်ပုံမှာ ကြောင်ကြောင်ကြီး ဖြစ်နေသည်။ ဘာကိုမျှ မြင်ပုံ မရပေ။

'ညာမပြောကြပါနှင့်၊ မမကို ညာမပြောကြပါနှင့်၊ သူ မလာတော့ပါဘူး၊ မမ သိပါတယ်၊ ကိုကိုဟာ မမကို ခွင့်မလွှတ်တော့ဘူး ဟုတ်လား၊ ကိုကို့ အကြောင်း မောင် မသိပါဘူး မောင်ရယ်၊ မမ သိပါတယ်၊ မမ သိပ်သိပါတယ်၊ တူးတူးကို ထမင်း ကျွေးပြီးကြပြီလား ဟင်၊ တူးတူးကို သူ့ ညီမလေးနှင့် အတူတူ သိပ်ပါနော်၊ တူးတူးရေ ညီမလေးကို မမုန်းပါနှင့်ကွယ်၊ နော် သား'

မမ၏ နှုတ်ခမ်းများမှာ ပြာလာစ ပြုနေကြသည်။ မွေ့ရာတွင် ကုပ်ထားသော လက်များမှာ ငြိမ်သွားကြသည်။ မမသည် မျက်လုံးကြီး ပြူး၍ ဦးသက်ထွန်းအား လှမ်းကြည့်နေသည်။ နောက် ထိုးနက်ချက် တစ်ခုကို ကာသလို မျက်နှာကို လက်မောင်းဖြင့် ကွယ်ထားလိုက်၏။

'မကြောက်ဘူး မကြောက်ဘူး၊ ကိုကို့ကို မမ မကြောက်ဘူး၊ မမ သေရမှာကို ကြောက်တယ်၊ ကိုကို ကိုကို၊ မမ အနားကို လာပါ၊ မြန်မြန် လာစမ်းပါ ကိုကိုရယ်၊ မမ သွားရတော့မယ်၊ မမ မနေရတော့ဘူး၊ မြန်မြန် လာပါ ကိုကို၊ အချိန် မရှိတော့ဘူး၊ မမ သွားရတော့မယ်'

ဦးသက်ထွန်း မမကို ကြည့်၍ ရင်ထဲတွင် လှိုက်လာသည်။ မမ လက်ကို ဆုပ်ကိုင်ထားပြီး စကား ပြောကြည့်သည်။ သို့ရာတွင် ဘာသံမှ ထွက်မလာဘဲ နှုတ်ခမ်းများကသာ လှုပ်နေကြသည်။

'ခဏ နေကြပါဦး၊ ကိုကိုနှင့် စကား ပြောပါရစေဦး၊ ကိုကို ကိုကို၊ မမလေ ကိုကို့ကို ချစ်ပါတယ် ကိုကိုရယ်၊ မအံ့သြပါနှင့် ကိုကို၊ မမ သတိမလွတ်ပါဘူး၊ ဒါပေမဲ့ မမ ရင်ထဲမှာ ဒီပြင် မိန်းမ တစ်ယောက် ပူးနေတယ် ကိုကို၊ အဲဒီ မိန်းမက ကိုကို့ကို မုန်းခိုင်းပြီး သူ့ကို အချစ်ခိုင်းနေတယ်၊ မမနှင့် ဒီ မိန်းမနှင့် မတူပါဘူး ကိုကိုရယ် နော်၊ တစ်ယောက်စီပါ၊ ခု ဒီ မိန်းမ မရှိတော့ပါဘူး ကိုကိုရယ်၊ မမပဲ ရှိပါတော့တယ်၊ မမ မနေရတော့ဘူး ကိုကို၊ ရင်ဘတ်ပေါ်မှာ အလေးကြီး တင်ထားသလို လေးနေပြီ၊ မမ ကြာကြာ မနေရတော့ပါဘူး ကိုကိုရယ်၊ မမ မသေခင်မှာ ကိုကို ခွင့်လွှတ်တယ် ဆိုတဲ့ စကားကို ကြားသွားပါရစေနော်၊ ခွင့်မလွှတ်တော့ဘူးလား ကိုကို၊ မလုပ်ပါနှင့် ကိုကိုရယ်၊ မမကို ခွင့်လွှတ်ပြီးတော့မှ ဒီလောကကြီးက နှင်လိုက်ပါနော် ကိုကို'





မမသည် ဦးသက်ထွန်း၏ လက်ကို ဖျစ်ညှစ်၍ ဆုပ်ကိုင်ထားသည်။ မမ၏ လက်များသည် မီးလို ပူနေကြသည်။ ဦးသက်ထွန်းသည် ရင်ထဲမှာ တလှိုက်လှိုက် ဖြစ်လာသည်။ နှလုံးသည် လျှင်မြန်စွာ ခုန်လျက် ရှိသည်။

မမ၏ အခြေအနေကို မြင်လိုက်ရတော့ သံမဏိခဲလို မာကျောသော ဦးသက်ထွန်း၏ နှလုံးသားမှာ ပွဲကျ အရည်ပျော်၍ သွေးထဲတွင် ရောနှော ပါသွားကာ ပွက်ပွက် ဆူနေသည်ဟု ထင်မှတ်ရလေသည်။

ဦးသက်ထွန်းသည် ကြာကြာ မချုပ်တည်းနိုင်တော့ဘဲ ခုတင်ဘေးတွင် ဒူးထောက် ထိုင်ချလိုက်ပြီး ကွေးထားသော မမ တံတောင်ဆစ်ပေါ်တွင် ခေါင်းတင်ကာ ရှိုက်ကြီးတငင် ငိုချလိုက်သည်။ မမသည် ဦးသက်ထွန်း၏ လည်ပင်းကို သိုင်း၍ ဖက်လိုက်ပြီး စောင်းငဲ့ ကြည့်လိုက်သည်။

'ကိုကို၊ ကိုကို လာတယ်နော်၊ မမကို ခွင့်လွှတ်တယ်နော် ကိုကို၊ ဝမ်းသာလိုက်တာ ကိုကိုရယ်၊ မမ ဝမ်းသာလိုက်တာ၊ ဟင်း'

မမသည် သက်ပြင်း ချရင်း ကိုယ်တွင် ခြုံထားသည့် စောင်များကို ဖယ်ရှား ပစ်လိုက်သည်။ သူ့ ရင်ညွန့်သည် ဖားဖိုလို လျှင်မြန်စွာ လှုပ်နေသည်။

'ကိုကို့ဆီက မမ တစ်ခုပဲ လိုချင်ပါတယ် ကိုကိုရယ်၊ မမကို ခွင့်လွှတ်တယ် ဆိုတဲ့ စကားကို ကြားရရင် မမ သေပျော်ပါပြီ၊ ဒီကို လာလေ'

မမက အခန်းဝတွင် ရပ်နေသည့် ကိုသက်ဆွေကို မျက်လုံး လှန်ကြည့်လိုက်ပြီး ခေါင်းညိတ် ခေါ်လိုက်သည်။ ကိုသက်ဆွေသည် မရဲတရဲနှင့် အနားသို့ ကပ်လာပြီး မမကို လှမ်းကြည့်နေသည်။

နောက် ခုတင်တိုင်ကို မှီကာ မျက်နှာကို ငုံ့လိုက်ပြီး မျက်စိကို လက်ဝါးဖြင့် ကန့်လန့်ဖြတ် အုပ်ထားလိုက်မိသည်။

'မောင်၊ မောင့် လက်ကို ဖယ်ပစ်လိုက်စမ်းပါ မောင်ရယ်၊ ကိုကို့ကို သေသေချာချာ ကြည့်လိုက်စမ်းပါ၊ ကိုကိုဟာ သူတော်ကောင်းကြီးပါ မောင်ရယ်၊ စိတ်သဘောထား ကြီးတဲ့ သူတော်ကောင်းကြီးပါ၊ ကြည့်လေ မောင်၊ ကိုကို့ကို ကြည့်စမ်းပါ'

ကိုသက်ဆွေက မျက်နှာကို လက်ဝါးနှင့် အုပ်မြဲ အုပ်ထားသည်။

မမသည် ကိုသက်ဆွေကို လှမ်းကြည့်ကာ နှုတ်ခမ်းများကို လျှာဖြင့် လျက်နေသည်။

'ကိုကို၊ သူ့ လက်ကြီးကို ဖယ်ပေးလိုက်စမ်းပါ ကိုကိုရယ်၊ မမ သူ့ကို ကြည့်ချင်လို့ပါ'

ဦးသက်ထွန်းသည် ဒူးထောက် ထိုင်ရာမှ ထပြီး ကိုသက်ဆွေ၏ လက်ကို မျက်နှာမှ ဖယ်ရှားပေးလိုက်သည်။

'သူ့ကို လက်ဆွဲ နှုတ်ဆက်လိုက်ပါ ကိုကို၊ သူ့ကိုလည်း ခွင့်လွှတ်ပါနော်'

ဦးသက်ထွန်းသည် ကိုသက်ဆွေ၏ လက်ကို ဆွဲ၍ ကိုင်လိုက်သည်။ ဦးသက်ထွန်း မျက်လုံးတွင် မျက်ရည်တွေ စီးနေကြသည်။

'ကျေးဇူးတင်လိုက်တာ ကိုကိုရယ်၊ မမ ဝမ်းသာလိုက်တာ၊ ဒါပါပဲ ကိုကို၊ မမ လိုချင်တာ ဒီ တစ်ခုပါပဲ၊ ဒေါက်တာ ကျွန်မ အိပ်ချင်ပြီ၊ ဒေါက်တာ ကျွန်မကို အိပ်ဆေး ထိုးပေးပါ ဒေါက်တာ၊ ကျွန်မ သွားရတော့မယ်'

မမသည် စကားတွေကို တတွတ်တွတ် ပြောနေသည်။ သို့ရာတွင် ငိုငိုသာသာ မဟုတ်တော့ပေ။ ခဏ ကြာတော့ မမသည် အိပ်ရာပေါ်တွင် လူးလိမ့်ရင်း ငြိမ်သက်၍ သွားလေသည်။

ဆရာဝန်က မမ၏ ရောဂါမှာ မြူပါရယ် ခေါ် အဖျား တစ်မျိုး ဖြစ်၍ တစ်ရာလျှင် တစ်ယောက်လောက်သာ အသက် ရှင်ဖို့ အခွင့်အလမ်း ရှိကြောင်း ပြောပြနေသည်။ မမသည် ထိုနေ့ တစ်နေ့လုံး အဖျား တက်လိုက်၊ ငိုးမောက်လိုက်၊ သတိ လစ်လိုက်နှင့် မသက်သာဘဲ ဖြစ်နေသည်။ ည သန်းခေါင်တွင်မူ မမမှာ သတိ လုံးဝ ပြန်လည် မလာတော့ဘဲ သွေးဆုတ်စ ပြုလာသည်။ သွေး စမ်း၍ပင် မရတော့သလောက် ဖြစ်လာသည်။

ဆရာဝန်ကလည်း လက်လျှော့ကာ နောက်ဆုံး အချိန်ကိုသာ စောင့်ဖို့ လို တော့ကြောင်း၊ အသက် ထွက်လျှင် ညင်ညင်သာသာ ထွက်ဖို့ကိုသာ ဆေးထိုး ပေးခဲ့မည် ဖြစ်ကြောင်း ပြောပြ၍ နှုတ်ဆက် ပြန်သွားလေသည်။

ကိုသက်ဆွေလည်း အိမ်သို့ ပြန်လာခဲ့ပြီး မနက် အိပ်ရာက နိုးသည်နှင့် အခြေအနေကို စုံစမ်းရန် ထွက်လာခဲ့ရပြန်သည်။

အိမ်အောက်တွင် ဦးသက်ထွန်းနှင့် တွေ့၍ ဦးသက်ထွန်းက နံနက် လင်း ခါနီးတွင် အဖျားကျ၍ သတိ လည်လာကြောင်း ပြောပြီး ကိုသက်ဆွေကို အိပ် ခန်းထဲသို့ ခေါ်သွားသည်။

သို့ရာတွင် နေ့လယ်တွင် အဖျား ဖောက်လာပြီး သတိ လစ်သွားပြန်သည်။ တတိယမြောက် နေ့တွင်လည်း ထို့အတူပင် ဖြစ်သည်။

ဆရာဝန်ကြီး ကာနယ် မင်းဇံမှာ အံ့အားသင့်ကာ သည်အတိုင်း ဆိုလျှင် မျှော်လင့်ချက် ရှိသေးကြောင်း ပြောပြသည်။ ထိုနေ့က ဦးသက်ထွန်းမှာလည်း ဝမ်းသာ၍ နေလေသည်။





ဦးသက်ထွန်းသည် မမ အိပ်ခန်းနှင့် ကပ်လျက် ရှိသော အခန်းထဲတွင် ထိုင်နေသည့် ကိုသက်ဆွေထံသို့ လျှောက်လာခဲ့ပြီး အခန်း တံခါးကို ပိတ်ကာ မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။ ကိုသက်ဆွေမှာလည်း မျှော်လင့်ချက် ရှိ၍ ဝမ်းသာသည့် အရိပ်အယောင် ပေါ်လွင်နေသည်။

ဦးသက်ထွန်း စကား စရန် ဟန်ပြင်လိုက်သည်နှင့် ကိုသက်ဆွေက ထိုင်ရာမှ ထလိုက်ကာ

'ကျွန်တော် တောင်းပန်ပါတယ် ဦးသက်ထွန်း။ ဒီ ကိစ္စမှာ ဦးသက်ထွန်း စိတ်ဆင်းရဲသလို ကျွန်တော်လည်း စိတ်ဆင်းရဲရပါတယ်၊ ဒီတော့ ဒီ အတော အတွင်းမှာ စကား မပြောပါရစေနှင့်'

ဦးသက်ထွန်းသည် ကိုသက်ဆွေ၏ လက်ကို ဖမ်းဆွဲထားလိုက်ပြီး စိုက် ကြည့်နေသည်။ ပြီးမှ

'ကျုပ် အိမ်ကို မောင်သက်ဆွေ မလာရဘူးလို့ ပြောထားတာ မသိဘူး ထင်တယ်'

'ကျွန်တော် သိပါတယ်'

ကိုသက်ဆွေက ခပ်ဆတ်ဆတ် ပြန်ပြောလိုက်၏။

'ကဲ သိရင် ခဏ ထိုင်ပါဦး၊ မောင်သက်ဆွေက စကား မပြောချင်ပေမဲ့ ကျုပ်က ပြောရလိမ့်မယ်၊ ကျုပ် ရင်ထဲမှာ ပြောစရာတွေ အများကြီး ရှိနေတယ်၊ ဒီတော့ တစ်ဆိတ် နားထောင်ပါ၊ ခပ်တိုတိုပါပဲ၊ ဒါမှ ကျုပ်နှင့် မောင်သက်ဆွေ တို့ ကြားမှာ ရှင်းသွားလိမ့်မယ်'

ကိုသက်ဆွေသည် စာရင်း ရှင်းကြရန် ဦးသက်ထွန်းက တောင်းဆိုနေပေ သလားဟု ဦးသက်ထွန်းကို လှမ်းကြည့်လိုက်သည်။

ဦးသက်ထွန်းက သူ့ကို မကြည့်ဘဲ လက် နှစ်ဖက်ကို နောက်ပစ်၍ လမ်း လျှောက်ရင်း

'ဒီ ကိစ္စနှင့် ပတ်သက်လို့ ကျုပ် တော်တော် စိတ် ထိခိုက်တယ်၊ ကျုပ် ရူးမတတ် ဖြစ်ခဲ့ရတယ်၊ တစ်ယောက်တည်း ကျိတ် ခံစားခဲ့ရတယ်၊ ဆောက် တည်ရာ မရ ဖြစ်ခဲ့ရတယ်၊ ကျုပ် ရင်ထဲမှာ ဘယ်လောက်ထိ ဖြစ်နေတယ် ဆိုတာကို ခွဲဝေပေးလို့ ရရင် မောင်သက်ဆွေကို ခွဲဝေပေးပြီး ခံစားကြည့်စေ ချင်တယ်၊ ဘယ်လောက်ထိအောင် ခံစားရသလဲ ဆိုရင် ကျုပ် ချစ်တဲ့ မိန်းမကို ကျုပ် တစ်ခါတည်း ပြတ်စဲလိုက်တော့မယ်လို့ ဆုံးဖြတ်ချက် ချမိတဲ့ အထိ ဖြစ်ခဲ့ရတယ်၊ အေးလေ ဒါတွေ ထားပါတော့'

ကိုသက်ဆွေသည် မျက်နှာကို လက်ဝါးဖြင့် အုပ်၍ ထိုင်ရင်း ဦးသက်ထွန်း၏ စကားများကို နားထောင်နေ၏။

"မြစ်ကျွန်းတစ်ခုတော့ ကျုပ်ဟာ ဒီ အကြောင်းကို တွေးတိုင်း ကျုပ် [illegible] ခံရမလဲ ဆိုပြီး နာကြည်းတယ်၊ ရှက်တယ်၊ ရှက်သမှ ကိုယ့် [illegible] ကို စောနှင့်တော့ လိုးစေချင်တယ်၊ နာကြည်းလွန်းလို့ မောင်သက်ဆွေကိုတောင် [illegible] မောင်ဖို့ ငါ စိတ်ဆင်းရဲသလို သင်းတို့လည်း စိတ်ဆင်းရဲရအောင် လက်စား ချေမယ်လို့ စိတ်ကူးခဲ့တယ်၊ ကြေနွန်း ရပြီး ရုန်ကုန် ရောက်တဲ့ အထိ လက်စား ချေလိုစိတ်နှင့် ပြန်လာခဲ့တယ်၊ လင့် အပေါ်မှာ ဒီလောက် သစ္စာမဲ့တဲ့ မိန်းမ မြင်မြင် သေပါစေလို့ တချိန် ဆုတောင်းလာခဲ့တယ်၊ ဒါပေမဲ့.."

ဦးသက်ထွန်း၏ မျက်လုံးမှ မျက်ရည်တွေ စီးကျလာသည်။ ဦးသက်ထွန်းသည် မျက်ရည်တွေ သုတ်လိုက်ပြီး

"ဒါပေမဲ့ အိမ်ရာပေါ် အသက် ငင်နေတဲ့ မိန်းမ တစ်ယောက်ကို မြင်တော့ ကျုပ် အသိတရား ရလာတယ်၊ လင်ကို သစ္စာ ဖောက်လောက်အောင် စိတ်အား ပျော့ညံ့တဲ့ မိန်းမနှင့် သူ့များ မိန်းမကိုတောင် မရှောင်နိုင်လောက်အောင် စိတ်ဓာတ် ပျော့ညံ့တဲ့ လူ တစ်ယောက်ကို လက်စားချေလို့ အလကားပဲလို့ ကျုပ် သဘော ပေါက်လာတယ်၊ ခေါင်း အေးအေးနှင့် စဉ်းစားတဲ့ အခါကျတော့ ကျုပ်ဟာ ရှက်စရာ မဟုတ်တာကို ရှက်နေတယ် ဆိုတာ သိလာရတယ်၊ ဟုတ်တယ် မောင်သက်ဆွေ၊ တကယ်ကျတော့ ကျုပ်က ဘာမှ ရှက်စရာ မရှိဘူး၊ ဘာမှ သူတကာ ဝိုင်းပြီး လက်ညှိုးထိုး ခံရအောင် မလုပ်ခဲ့ဖူးဘူး၊ သူတစ်ပါးကို လိမ်တာ စော်ကားတာ သစ္စာ ဖောက်တာဟာ ရှက်စရာကြီးလို့ လူ့ကျင့်ဝတ် အသိများတွေ ဖွင့်ဆိုခဲ့ကြတယ်၊ ဒီတော့ သစ္စာ မရှိတဲ့သူ စော်ကားတဲ့သူ လိမ်တဲ့သူကမှ မရှက်လို့ လူ့ကျင့်ဝတ် တရားတွေကို ဖောက်ဖျက်ပြီပဲ၊ သစ္စာ ဖောက် ခံရတဲ့ အစော်ကား ခံရတဲ့ အလိမ် ခံရတဲ့ ကျုပ်က ဘာရှက်စရာ ရှိသလဲ၊ မဟုတ်ဘူးလား၊ ဒါကြောင့် ကျုပ်မှာ ရှက်တဲ့စိတ် မရှိတော့ဘူး၊ လက်စား ချေချင်တဲ့ စိတ်လည်း မရှိတော့ဘူး၊ သူ သေကောင်ပေါင်းလဲ ဖြစ်နေတဲ့ အချိန်ထိ ကျုပ်ဟာ လူ့ကျင့်ဝတ်ကို စောင့်ထိန်းတယ် ဆိုတာ ပြခဲ့တယ်၊ ခွင့်လွှတ်ခဲ့တယ်၊ မောင်သက်ဆွေကိုလည်း ခွင့်လွှတ်တယ်၊ ဒါကြောင့် မောင်သက်ဆွေ မရှက်တတ်လို့ ကျုပ် ပါး တစ်ဖက်ကို လာချရင် ကျုပ် လက်စား မချေချင်ပါဘူး၊ မရှက်တတ်ရင် ထပ်ရိုက် ဆိုပြီး ကျန်တဲ့ ပါး တစ်ဖက်ကို ကျုပ် ထိုးပေးမှာပဲ၊ ဒီ့ထက် ပိုပြီး မရှက်တတ်သေးရင် ကျုပ်ကို ရွှံ့ပုပ်ထဲ ပစ်ချပြီး





[illegible] နိုင်သေးတယ်၊ ဒါဟာ အစော်ကား ခံရတာနှင့် ပတ်သက်ပြီး ကျုပ် [illegible] ဖွင့်ဆိုချက်ပဲ"

ဦးသက်ထွန်း၏ မျက်ရည်များမှာ ခန်းခြောက်သွားကြပြီ ဖြစ်သည်။ သူ [illegible] ပြောလိုက်ရသဖြင့်လည်း ရင်ထဲတွင် ပေါ့ပါးသွားဟန် ရှိသည်။

"ကျုပ် ပြောတာတွေက ဆန်းနေလို့ ရှိရင် ကျုပ်ကို အရူးလို့ ထင်ချင် ထင်နိုင်သေးတယ်၊ အေး တစ်ခုတော့ ရှိတယ်၊ ကျုပ် မိန်းမကို ကျုပ် [illegible] တယ်၊ တယ်တော့မှ မစွန့်ပစ်ဘူး၊ ကျုပ် ဝတ္တရားဟာ ကျုပ် မိန်းမနှင့် သေ ရှင်မကွဲ နေဖို့ပဲ၊ သူက မောင်သက်ဆွေကို တွေ့ချင်တယ် ဆိုရင် ကျုပ် မောင်သက်ဆွေကို အကြောင်း ကြားမယ်၊ အင်မတန် တွေ့ချင်တယ် ဆိုရင် [illegible] တွေ့ဖို့ ကျုပ် စီစဉ်ပေးမယ်၊ ဒါပေမဲ့ ခု လောလောဆယ် အဖို့တော့ မောင်သက်ဆွေ ဒီက အမြန်ဆုံး ထွက်သွားရင် ကောင်းလိမ့်မယ်လို့ ထင်တယ်၊ ကျုပ် မောင်သက်ဆွေ အတွက် တံခါး ဖွင့်ထားတယ်၊ ဒါပဲ ကျုပ် ပြောချင်တယ်"

ဦးသက်ထွန်းသည် ထိုင်ရာမှ ထလိုက်ပြီး တံခါးကို ဖွင့်ပေးလိုက်သည်။

ကိုသက်ဆွေသည် ဦးသက်ထွန်း ဖွင့်ပေးလိုက်သော တံခါး အတိုင်း ခေါင်း ငိုက်စိုက်ချ၍ ထွက်လာခဲ့သည်။

# ၈

ကိုသက်ဆွေသည် ဦးတည်ချက် မရှိဘဲ ကန်တော်ကြီးစောင်း အတိုင်း မော်တော်ကားကို မောင်းလာခဲ့သည်။ ဘယ် သွား၍ ဘယ် လာရမည်ကိုလည်း ဝေခွဲ မရအောင် ဖြစ်နေသည်။ ဦးသက်ထွန်းသည် ယဉ်ယဉ်ကလေးနှင့် သူ့ကို လောကတွင် ရှက်စရာ အကောင်းဆုံး လူတစ်ယောက်ဟု စွပ်စွဲလိုက်ခြင်း ဖြစ်ကြောင်းကို စဉ်းစားမိသည်။

ကိုသက်ဆွေသည် ဦးသက်ထွန်း၏ စကားများကြောင့် ရှက်လည်း ရှက်သည်။ အားလည်း ငယ်မိသည်။ ဦးသက်ထွန်း၏ စကားကို နားမထောင်ရခင်တုန်းကတော့ သူသည် သူ့ကိုယ်သူ အနိုင် ရသူဟု ထင်ခဲ့သည်။ မိန်းမတစ်ယောက်အား လင်နှင့် သားကို ပစ်၍ သူ့နောက်သို့ ကောက်ကောက် လိုက်လာနိုင်အောင် စွမ်းဆောင်နိုင်သူဟု ကိုယ့်ကိုယ်ကိုယ် အထင် ကြီးခဲ့သည်။

သို့ရာတွင် ဦးသက်ထွန်း၏ စကားများကို ကြားရသော အခါတွင်မှ သူသည် အရှုံးသမား ဖြစ်နေကြောင်းကို တွေ့ရှိလာရသည်။ လွဲမှားစွာ အထင်ကြီးနေသူ ဖြစ်ကြောင်းကို သဘော ပေါက်လာခဲ့သည်။

အရင်တုန်းကတော့ ဦးသက်ထွန်းသည် သနားစရာ ကောင်းသော သတ္တဝါ၊ သတ္တိ ကြောင်သော ယောက်ျား၊ ရယ်စရာ ကောင်းသော လင်ဟု အောက်မေ့ကာ ကိုယ့်ကိုယ်ကိုယ် အကျေနပ်ကြီး ကျေနပ်ခဲ့သည်။ သို့ရာတွင် သူ အထင်သေးခဲ့သော ဦးသက်ထွန်းသည် ယခုတော့ ရန်ငြိုး မဖွဲ့တတ်သော၊ အကင်းပါးသော၊ သနား ငဲ့ညှာတတ်သော၊ လေးစားဖွယ် ကောင်းသော၊ သဘောထားကြီးသော လူတစ်ယောက်၏ အဖြစ်ကို သရုပ်ဆောင် ပြလိုက်ပြီဟု သဘော ပေါက်လာသည်။

သူသည် ဦးသက်ထွန်းကို ယုတ်ညံ့စွာ လိမ်လည် သစွာ မဲ့နေချိန်တွင် ဦးသက်ထွန်းသည် စိတ် ဒုက္ခတွေ ပင်လယ်ဝေသည့် ကြားက ခွင့်လွှတ်နိုင်သေးသည်ကို တွေ့ရသော အခါ ကိုသက်ဆွေသည် ကိုယ့် လိပ်ပြာကို ကိုယ်

ရုက်၍ လာသည်။ ထို့ပြင်လည်း သူ့ကို အသည်း နင့်အောင် ချစ်သည်ဟု ထင်ခဲ့သော မမသည် ဘဝတွင် နောက်ဆုံး အချိန်ပိုင်းကလေးသို့ ရောက်လာသော အခါ၌ ဦးသက်ထွန်းကို တဖွဖွ မြည်တမ်းခဲ့ကာ ဦးသက်ထွန်းဘက်သို့ ရှိန်နှင့်ညွှာကို စောင်းငဲ့ ပေးခဲ့သည်။

မမ၏ အသည်းထောင့် တစ်နေရာတွင် မသိမသာ ဖုံးကွယ်နေသော ဦးသက်ထွန်းကို ချစ်ခင်စိတ် အားကိုးစိတ်တို့သည် ခေါင်းပြူ ပေါ်လာကြကာ မမ၏ အသည်း အပေါ်ယံ အလွှာတွင် ကြီးစိုး မင်းမူနေသော ကိုသက်ဆွေ၏ ရုပ်ပုံလွှာကို ဖယ်ရှားပစ်လိုက်သည်။

ကိုသက်ဆွေသည် စဉ်းစားရင်းဖြင့်ပင် အိမ်သို့ ရောက်လာခဲ့သည်။

သုံးည ဆက်တိုက် အိပ်ရေး ပျက်သဖြင့် သူ့ တစ်ကိုယ်လုံးမှာ နုံး၍ နေသည်။ ကိုသက်ဆွေသည် အဝတ်အစားပင် မလဲတော့ဘဲ ခုတင်ပေါ်မှာ ပစ်၍ လှဲချလိုက်မိသည်။ ခေါင်း တစ်ခုလုံး အုံကာ ရှုပ်ထွေ နောက်ကျိလျက် ရှိသည်။ သူ့ နားထဲတွင် ဦးသက်ထွန်း၏ စကားလုံးများသည် ခေါင်းလောင်း ထိုးသလို မြည်ဟည်း၍ နေကြသည်။ သူ့မျက်လုံးထဲတွင် ဦးသက်ထွန်းနှင့် မမ၏ ရုပ်ပုံလွှာသည် အရုပ် ရေးထားသလို ပီသနေ၏။

သူသည် ဦးသက်ထွန်းအား စော်ကားခဲ့၍ မမအား ဖြားယောင်းခဲ့၏။

'စော်ကားတဲ့ လူကမှ မရှက်လို့ စော်ကားပြီပဲ၊ အစော်ကား ခံရတဲ့ လူက ရှက်စရာ မရှိပါဘူး မောင်သက်ဆွေ'

သည် စကားလုံးများမှာ အနာကို အက်စစ်ရည် တို့လိုက်သလို အစပ်ရခက်စေသော စကားများ ဖြစ်သည်။ ရှက်စရာ ကောင်းသော စကား ဖြစ်သည်။ ထို့ပြင် မမ၏ ရှေ့တွင် သူ့ မျက်နှာကို အုပ်ထားသော လက်ဝါးများကို ဦးသက်ထွန်းက လာရောက် ဖွင့်လိုက်သည့် အခါတွင်လည်း သူ့ မျက်နှာထားသည် ဘယ်လောက် ရယ်စရာ ကောင်း၍ ဘယ်လောက် ရှက်စရာ ကောင်းလိမ့်မည်ကို တွေး၍ နေမိသည်။

သူများ မယားကို ကြာခိုတဲ့ မျက်နှာ ဆိုတာ ဟောဒီမှာပေါ့ဟု ပါးစပ်က ဖွင့်မပြောရုံသာ ကျန်တော့သည် မဟုတ်ပါလော။

ကိုသက်ဆွေသည် အဖြစ်အပျက်များ အားလုံးကို ခေါင်းထဲမှ ပျောက်ပျက်လိုက်ပြီး မျက်လုံးများကို မှိတ်၍ အိပ်ရန် ကြိုးစားကြည့်သည်။ သို့ရာတွင် အိပ်၍ မပျော်ပါတကား။ မျက်လုံးကို မှိတ်လိုက်တော့မှ ရုပ်ပုံလွှာများသည် ပို၍ ထင်ရှားစွာ ပေါ်လာကြပြန်သည်။





ထို့ကြောင့် ဦးသက်ထွန်းအား ဟန်ဆောင်ကောင်းသူ၊ အားပျော့သူ၊ သတ္တိကြောင်သူဟု မကောင်းတာတွေ အကုန် ပုံ၍ တွေးကြည့်သည်။ သို့ရာတွင် ဦးသက်ထွန်း မကောင်းတာတွေကို တွေးသည့် ကြားက ကောင်းတာတွေ ပေါ်ပေါက် လာတတ်ပြန်သည်။

ထို့ကြောင့် ကိုသက်ဆွေသည် သည့်ကိစ္စတွေကို မတွေးတော့ဘဲ သူ့ ရှေ့ရေး၊ ရာထူး တိုးရေး၊ ပတ်ဝန်းကျင် စသည်တို့ကို တွေးကြည့်မိပြန်သည်။ သို့ရာတွင် ဘာကိုမျှ ပီပီသသ မတွေးနိုင်တော့ပေ။

အရင်တုန်းက ရာထူး တက်ရေး၊ လခ ကောင်းရေး၊ ပညာရေး စသည်တို့သည် ကိုသက်ဆွေ အဖို့ အဓိပ္ပာယ် ရှိသော အရေးများ ဖြစ်ခဲ့ကြသည်။ ယခုတော့ ထိုအရာများသည်လည်း အဓိပ္ပာယ် မရှိကြတော့ပေ။

ကိုသက်ဆွေသည် ကုတ်အင်္ကျီကို ချွတ်ပစ်၍ ပစ်တင်လိုက်ပြီး အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေသည်။

ရူးတယ် ဆိုတာ သည်လိုက အစပြုတာလား၊ ကိုယ့်ကိုယ်ကိုယ် သတ်သေကြတာဟာ ဒါမျိုးတွေကြောင့်လားဟုပင် တွေးလိုက်မိသည်။ လူတွေသည် ရှက်စရာ အလုပ် လုပ်တုန်းကတော့ မရှက်ကြဘဲ လုပ်ပြီးမှ ရှက်တတ်ကြသည်။ သည် အရှက်ကို ပြန်၍ မတွန်းလှန်နိုင်သော အခါတွင် ကြံမိရာ ကြံတတ်ကြသည်။ ကိုသက်ဆွေသည် သည်လို အစားထဲ ရောက်နေပြီလားဟုပင် ကိုယ့်ဘာသာကိုယ် မေးနေမိသည်။

ကိုသက်ဆွေသည် အံကြိတ်လိုက်ပြီး တံခါးကို မင်းတုပ် ချလိုက်သည်။ နောက် စားပွဲ အံဆွဲထဲမှ ခြောက်လုံးပြူးကို ထုတ်ကိုင်လိုက်ပြီး တွေနေမိသည်။ တော်တော် ကြာသည့် တိုင်အောင်ပင် ကိုသက်ဆွေသည် ခြောက်လုံးပြူးကို လက်ထဲ ကိုင်လျက်က ခေါင်းငိုက်စိုက် ချ၍ ရပ်နေမိသည်။

ကိုသက်ဆွေသည် သူ့ ခေါင်းထဲသို့ ဝင်လာသော ရုပ်ပုံလွှာများကို ဖျောက်ပစ်လိုက်ပြီး လောကကြီးကို မေ့ထားလိုက်သည်။ နောက် ခြောက်လုံးပြူးကို ဘယ်ဘက် ရင်ဘတ်တွင် မိမိရရ ထောက်ကာ မောင်း ဖြုတ်ချလိုက်သည်။ သူ့နားထဲတွင် ဘာသံမှ မကြားလိုက်ရသော်လည်း ရင်ဘတ်ကို ဆောင့်တိုးလိုက်သလို ခံစားလိုက်ရပြီး ယိုင်၍ သွားသည်။

ကိုသက်ဆွေသည် စားပွဲ အစွန်းသို့ လှမ်း၍ ကိုင်လိုက်ပြီး ခြောက်လုံးပြူးကို လွှတ်ချလိုက်သည်။ ဒူးတွေ တုန်လာကာ ကြမ်းပေါ်သို့ လဲကျသွားသည်။ သို့ရာတွင် သတိ မလွှတ်သေးဘဲ မျက်စိထဲတွင် တိုးဝင်လာသည့် စားပွဲ ခြေ

ထောက်ကို လည်းကောင်း၊ အဝတ်ထည့် ကြိမ်ခြင်းကို လည်းကောင်း၊ ပေါ်မှ ကျလာသော သားရေကြိုးကို လည်းကောင်း ဖြူး၍ ကြည့်နေမိသည်။ ဒီနံ့ သူ့အခန်း၏ ပုံစံမှာ တစ်မျိုးကြီး ဖြစ်နေသည်။ သူ့အခန်း မဟုတ်မှန်း စိတ်က ထင်လာမိသည်။ အပြင်ဘက်မှ တခုန်းခုန်း ပြေးလာသော သူ့ တာဝန်ရှိ ဖြေသံကို ကြားတော့မှ လွတ်လုဆဲ သတိကို ပြန်၍ ထိန်းထားလိုက်သည်။ ကြမ်းပေါ်သို့ လဲကျနေသည်ကို သတိရလာသည်။ ကြမ်းပေါ်မှ သေွးကွက်များ နှင့် လက်မောင်းက ဒဏ်ရာကို မြင်တော့ ကိုယ့်ကိုယ်ကိုယ် သေနတ်နှင့် ပစ်ခံရကြောင်းကို ပြန်၍ သတိရလာလေသည်။

ကိုသက်ဆွေသည် ရုပ်၍ မှန်သွားသည်ကို မကျေမနပ် ဖြစ်ကာ အံကြိတ်လိုက်ပြီး ခပ်လှမ်းလှမ်း ကြမ်းပြင်ပေါ်တွင် ကျနေသည့် ခြောက်လုံးပြူးဆီသို့ လှမ်းသွား၍ ယူလိုက်သည်။ မမီသေးသဖြင့် နောက်တစ်ဆင့် သွားရန် အားယူ၍ လက်ကို ထောက်လိုက်သည်။ သို့ရာတွင် ကိုယ်ကို မဟန်နိုင်တော့ဘဲ သွေးကွက်ထဲတွင် လဲကျသွား၏။

သူ တပည့်သည် ကြမ်းပြင်က သွေးအိုင်ထဲတွင် လဲကျနေသော ကိုသက်ဆွေကို ကြည့်၍ အံ့အားသင့်နေကာ တစ်ဖက် ခြံသို့ ပြေး၍ အကူအညီ တောင်းနေသည်။

အတော် ကြာတော့ တစ်ဖက်ခြံမှ ဆရာများနှင့် ဆရာဝန်များ ရောက်လာလေသည်။



# ၉

မမသည် နောင်တ ရမည့် မိန်းမစားမျိုး မဟုတ်ဟု ဦးသက်ထွန်း ထင်ခဲ့၏။ ထို့ပြင် သူ ကိုယ်တိုင်ကလည်း မမလို မိန်းမစားကို ဘယ်တော့မှ ခွင့်မလွှတ်နိုင်တော့ဟု ဦးသက်ထွန်း ယုံကြည်ခဲ့သည်။ သို့ရာတွင် မန္တလေးက ပြန်ရောက်လာ၍ အသက် ငင်နေသော ဇနီးသည်၏ အိပ်ရာ ဘေးသို့ ရောက်လာခဲ့သော အခါတွင်မူကား မမသည် တကယ် ရိုးသားစွာပင် နောင်တ ရကြောင်းကို တွေ့ခဲ့သည်။ သူ ကိုယ်တိုင်ကလည်း သူ၏ အသည်းနှလုံးသည် မမအား ချစ်လျက်ပင် ရှိသေးသည်ကို အံ့သြစွာ တွေ့လာရသည်။

သည်တော့မှ ဦးသက်ထွန်းသည် ကိုယ့်အမှားကို ကိုယ် သိရှိလာခဲ့သည်။ ပြတ်စဲနိုင်ပြီဟု ထင်သော်လည်း မပြတ်စဲနိုင်ကြောင်းကို တွေ့လာရသည်။ အတော်ကား ခံရသူ ဖြစ်၍ ရှက်စရာ မရှိဟု အားတင်း၍ ယုံကြည်ထားခဲ့သည်။ သို့သော်လည်း ကွယ်ရာတွင် သူ့ကို မေးငေါ့ကြလေမလားဟု မသိုးမသန့် ဖြစ်နေခဲ့သည်။ သူ့ သဘောကို လူတွေက နားမလည်ဘဲ ရယ်စရာ လူတစ်ယောက်ဟု အထင် သေးကြမည်လားဟုလည်း စိုးရိမ်နေမိသည်။

ထို့ပြင် သူကိုယ်တိုင်က မမကို တကယ် ခွင့်လွှတ်ရန် ကြိုးစားခဲ့သော်လည်း လက်တွေ့မှု မမနှင့် ဆက်ဆံရေးမှာ ဟက်ဟက်ပက်ပက် မရှိဘဲ ခပ်စိမ်းစိမ်း ဖြစ်နေသည်။

မမ ကိုယ်တိုင်ကလည်း အိပ်ရာပေါ်တွင် ပက်လက် နေခဲ့ရတုန်းကတော့ လူ့ဘဝတွင် နောက်ဆုံး အချိန်ဟု ဆိုကာ စိတ်ကို အလျှော့ပေး၍ ဝန်ချ တောင်းပန်ခဲ့သည်။

သို့ရာတွင် တဖြည်းဖြည်း ကျန်းမာလာသော အခါတွင် မမသည် ဦးသက်ထွန်းကို ရှိန်၍ နေသည်။ ဦးသက်ထွန်း၏ မျက်နှာကို ရဲရဲ မကြည့်ရဲသလို ဖြစ်နေသည်။ ဦးသက်ထွန်းနှင့် နေရသည်ကိုပင် ကျဉ်းကျပ်သလိုလို ဖြစ်၍ နေပေသည်။

ယနေ့တွင် ကလေး အငယ်မလေးမှာ ကောက်ရသလို ရုတ်တရက် ပျော့လေသည်။ ဦးသက်ထွန်းသည် ကလေး အနားတွင် တစ်မနက်လုံး ထိုင်ကာ ဆရာဝန်ကြီး ရောက်လာတော့မှ ရုံးသို့ ထွက်သွားပြီး ရုံးဆင်းသည်နှင့် အိမ်သို့ တောက်လျှောက်ပြန်လာခဲ့သည်။

အိမ်ရှေ့ ဆင်ဝင် အောက်တွင် ကားတစ်စီး ရပ်ထားသည်ကို တွေ့ရသည်။

'ဘယ်သူ့ ကားလဲ ဟေ့'

'အတွင်းဝန် ကတော် ဒေါ်မြမြမေပါ'

အစေခံမလေး ပြော၍ သူ့ ခေါင်းပေါင်း၊ အင်္ကျီများကို သိမ်းသွားသည်။ မမနှင့် ဒေါ်မြမြမေသည် အပေါ်ထပ် ဧည့်ခန်းထဲတွင် စကား ပြောနေကြသည်။

ဦးသက်ထွန်းသည် ကလေးကို ဂရုမစိုက် နေနိုင်လွန်းသော မမကို စိတ်ထဲတွင် ထောင်းခနဲ ဖြစ်သွားသည်။ ကိုသက်ဆွေ၏ အစ်မ ဝမ်းကွဲ ဒေါ်မြမြမေနှင့် စကား ပြောနေသဖြင့်လည်း စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားသည်။

ဦးသက်ထွန်းသည် ကလေး၏ အခြေအနေကို ကြည့်ရန် အိမ်ပေါ်ထပ်သို့ တက်လာခဲ့ပြီး ဧည့်ခန်းနားမှ ဖြတ် အလာတွင် သူ မကြားချင်ဆုံးသော စကား တစ်ခွန်းကို တစ်စွန်း တစ်စ ကြားလိုက်ရသည်။

'မင်းကြီး ရှိရင်တော့ ထားပါတော့ မမရယ်၊ မင်းကြီးလည်း ရှိတာမှ မဟုတ်ဘဲ၊ ခဏတစ်ဖြုတ်ပေါ့'

ဒေါ်မြမြမေ၏ အသံ ဖြစ်သည်။ ဦးသက်ထွန်းသည် ခြေလှမ်း တုံ့သွားကာ နားစွင့်လိုက်မိသည်။

'ကိုကိုကတော့ ဘာမှ ပြောမှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ မမ မတွေ့ချင်ဘူး မြရယ်၊ မပြောပါနှင့်တော့'

'မတွေ့ချင်ပေမဲ့ မမကြောင့် ကိုယ့်ကိုယ်ကိုယ် သတ်ဖို့ ကြိုးစားတဲ့ လူတစ်ယောက်က လာ နှုတ်ဆက်တာကို လက်မခံဘူးလား ဟင် မမ'

'အဲ ဒါကြောင့်မို့ မမ မတွေ့ချင်တာ မြရေ၊ မမ မတွေ့ပါရစေနှင့်'

ဦးသက်ထွန်းသည် မကြားချင်ယောင် ပြုကာ ကလေး အိပ်ခန်းထဲသို့ ထွက်လာမည် ပြုပြီးမှ တိတ်တိတ်ပုန်း နားထောင်သည့် အဖြစ်သို့ ရောက်သွားမည် စိုးသဖြင့် ချောင်းဟန့်သံ ပေးကာ ဧည့်ခန်းထဲသို့ ဝင်လာခဲ့ရသည်။ စကား ပြောသံများသည် တိတ်သွားသည်။

မမသည် ဦးသက်ထွန်းကို မြင်တော့ မနေတတ်သလို ဖြစ်ကာ ဒေါ်မြမြမေကို အကဲခတ်၍ နေသည်။





ဒေါ်မြမြမေမှာ ခေတ်အဆန်ဆုံး ပြင်ဆင် ဝတ်စားထားသည်။

ဒေါ်မြမြမေမှာ ဦးသက်ထွန်းကို မြင်သည်နှင့် မျက်နှာ ပျက်သွားသည်။ သို့ရာတွင် ချက်ချင်း ဣန္ဒြေ ဆည်၍ နှုတ်ဆက်လိုက်သည်။ နောက် ကြာကြာ မနေတော့ဘဲ ပြန်ရန် နှုတ်ဆက်၍ ထလိုက်သည်။

ဦးသက်ထွန်းနှင့် မမကလည်း ပြုံး၍ နှုတ်ဆက်လိုက်ကြသည်။

ဒေါ်မြမြမေ ပြန်သွားတော့မှ ဦးသက်ထွန်းက မမကို စေ့စေ့ ကြည့်ကာ

'ဘာတွေများ စကား ကောင်းနေကြသလဲ'

မမသည် ဦးသက်ထွန်း၏ အမေးကြောင့် လန့်သွားသည်။ ဦးသက်ထွန်းအား ဖုံးဖိ မထားဘဲ ပြောရ ကောင်းမလားဟု စဉ်းစားနေမိသည်။

အတန် ကြာမှ

'ကိုကို့ကို မမ ထိမ်ချန်နေစရာ မလိုပါဘူး ကိုကို၊ မောင်သက်ဆွေက သူ ကလော သွားမှာမို့ မမကို လာနှုတ်ဆက်ချင်တဲ့ အကြောင်း မြက လာပြောနေတယ်၊ မမက အတွေ့ မခံနိုင်ဘူးလို့ ပြောလိုက်တယ်'

'ဒီလို ကိုကို့ကို မထိမ် မဝှက်ဘဲ ပြောတဲ့ အတွက် ကိုကို ဝမ်းသာတယ် မမ၊ ပြီးတော့ မမက အတွေ့ မခံဘူးလို့ ပြောလိုက်တဲ့ အတွက်လည်း ကိုကို ဝမ်းသာတယ်၊ ကိုကို့ အနေနှင့်လည်း မောင်သက်ဆွေက ကလော မကလို့ ဥဩဘုံ အပြင်ဘက် သွားသွား မမကို လာပြီး နှုတ်ဆက်စရာ အကြောင်း မရှိဘူးလို့ ထင်တယ်၊ ဒါပေမဲ့'

'တော်ပါတော့ ကိုကို၊ မမ အတွေ့ မခံနိုင်ဘူးလို့ ပြောလိုက်ပြီးပါပြီ'

မမက ကြားဖြတ်၍ ပြောလိုက်သည်။

ဦးသက်ထွန်း၏ သဘောထားမှာ လက်လွှတ်စပယ် နိုင်လွန်းသည်ဟု ထင်သည်။ မမက မတွေ့တော့ဘူး ငြင်းလွှတ်လိုက်သည့် နောက်တွင် ပြောစရာ မလိုတော့ဟု ထင်သည်။ သူ ချစ်သော မမ အတွက် ဆောက်တည်ရာမရ ဖြစ်သွားရသော ကိုသက်ဆွေအား ပစ်ပစ်ခါခါ ငြင်းလိုက်ရသည့် အတွက်လည်း စိတ်ထဲမှာ ဗလောင်ဆူ၍ လာသည်။

သို့ရာတွင် မမသည် စိတ်ကို ထိန်းကာ ခပ်အေးအေးဖြင့်

'ဒီ အကြောင်းတွေကို နောက်ထပ် မပြောကြပါစို့နှင့် ကိုကို'

'ကိုကိုကလည်း မပြောပါဘူး၊ မမဘာသာ အတွေ့ ခံချင်ရင် တွေ့ မတွေ့ချင်ဘူး ဆိုလည်း မတွေ့နှင့်၊ မမ သဘောကျ ဆုံးဖြတ်ဖို့ပါပဲ'

'ကိုကို့ သဘောနှင့် တူပါတယ် ကိုကို၊ မတွေ့ပါဘူး'

'ဒီလိုဆိုလည်း ပြီးတာပေါ့ မမ၊ ဒါပေမဲ့ ဒေါ်မြမြမေဟာ [illegible]
တွေရဲ့ အိမ်ထောင်ရေးမှာ ဝေဘက်ဝင်နေတာကိုတော့ ကိုကို မကြိုက်[illegible]
မိန်းမဟာ..'

'မပြောပါနှင့်တော့ ကိုကိုရယ်၊ ရှိကြီးနိုးပါရဲ့'

ဦးသက်ထွန်းသည် သက်ပြင်း ချလိုက်သည်။

'ကိုကို ဆရာဝန် အခေါ်ခိုင်းထားတယ်'

'မမ နေကောင်းသားပဲ၊ ဘာဖြစ်လို့လဲ'

'ကလေး အတွက်ပါ၊ ကလေး အဖျားက မကျသေးဘူးလို့ ပြော[illegible]'

'ကလေးကို ဆရာမနှင့် မထားပါနှင့်လို့ အစက မမ ပြောတယ်၊ [illegible]

'ကလေးကို ဆရာမနှင့် ပြုစုပါရစေ ဆိုတော့ ကိုကိုက တားတယ်၊ [illegible]
လား ကိုကို၊ မမ ကိုယ်တိုင် ပြုစုပါရစေ [illegible]
သိတယ် ကိုကို၊ မမ မအေပါဘူး၊ ဒီကလေးနှင့် မမကို သေကွဲ ကွဲရရင် [illegible]
မကွဲရင် ရှင်ကွဲ ကွဲအောင် လုပ်နေတာ'

'ဒီလို မပြောပါနှင့် မမ'

'မမတော့ ဒီအတိုင်းပဲ ထင်တယ်၊ ကိုကို အကြိုက် လိုက်ပြီး [illegible]
ကလေး အနား သိပ် မကပ်ရင် မမဟာ ကလေးကို ဂရုမစိုက်ဘူးလို့ [illegible]
အပြစ် တင်ဦးမယ်'

'မမကို ကိုကို ဘာပြောလို့လဲ၊ ဘယ်မှာ အပြစ် တင်လို့လဲ'

'သိတယ် ကိုကို၊ ဒီလောက် ပေါင်းလာကြမှတော့ နားလည်နေပြီ၊ [illegible]
သေသွားရင် ကောင်းတယ်'

မမသည် ရှိုက်၍ ငိုနေသည်။

ဦးသက်ထွန်းသည် မမ အနားမှ ထွက်လာခဲ့သည်။

'ဒီအတိုင်း တကျက်ကျက် ဆိုရင်တော့ မဖြစ်ဘူး'

သူဘာသာသူ တွေးလာမိသည်။

သည်လို နေလို့တော့ မဖြစ်သေးဟု ထိုနေ့က စ၍ ဦးသက်ထွန်းသည် သဘောပေါက်လာသည်။ သူ့ မိန်းမ၏ အမုန်းသည် မပြေနိုင် ပြီးတတ်ပို၍ သည့် မုဆိုး တစ်ပိုင်း မိန်းမရိုင်း ဖြစ်သည်ကို ပိုလို့ ထင်မြင်လာသည်။ သူ ကိုယ်တိုင် ချမ်းမြေ့ သာယာသော အိမ်ထောင်ရေးကို မျှော်၍ အားလုံးကို ခွင့်လွှတ်ခဲ့သော်လည်း အရာ မထင်ဘဲ စိတ်ဆင်းရဲမြဲ စိတ်ဆင်းရဲရသည်ကို တွေ့လာရသော အခါတွင် ဒေါသ ထွက်၍ လာသည်။ လူတွေသည် သူ၏ ခွင့်လွှတ်မှုကို ချီးကျူးခြင်း မပြုကြဘဲ ကဲ့ရဲ့ ပြစ်တင်သံများကို ကြားလာရသော





[illegible]

# ၁၀

ဦးသက်ထွန်းသည် ဆေးတံကို ဖွာ၍ ငေးနေသည်။ မောင်မောင်လတ်သည် သူနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်။ ဦးသက်ထွန်းက တစ်ချက်မျှ လှမ်းကြည့်ကာ

'မပြန်သေးဘူးလား မောင်မောင်လတ်'

'နှစ်ရက်လောက်တော့ ကြာဦးမယ် ထင်တယ် ကိုကို'

နှစ်ယောက်စလုံးမှာ မျက်နှာ အထားရ ခက်နေသည်။

ဦးသက်ထွန်းက မိန်းမ၏ မောင်ကို အားနာသည်။ မောင်မောင်လတ်ကလည်း အစ်မ၏ ယောကျ်ားကို အားနာနေ၏။

'မနေ့က လာသေးတယ် ဆို'

'ဟုတ်ကဲ့၊ ကိုကို့ဆီ လာတာပါပဲ'

'ဆိုပါဦး၊ ကိစ္စက'

ဦးသက်ထွန်းက စိတ် မပါတပါ ပြောရင်း ဆေးတံကို ဖွာနေသည်။ မောင်မောင်လတ်သည် ဘယ်က စ၍ ပြောရမည် မသိဘဲ အစရ ခက်နေသည်။

'ကိစ္စကတော့ ကိုကိုနှင့် စကား ပြောချင်လို့ပါ'

မောင်မောင်လတ်က မပွင့်တပွင့် ပြောလိုက်သည်။ ရှေ့ဆက်၍ ဘာပြောရမှန်း မသိ ဖြစ်နေသည်။ အတန် ကြာမှ တံတွေးကို မျိုချလိုက်ပြီး

'မမနှင့် ကိုကိုတို့ ကိစ္စနှင့် ပတ်သက်လို့ ကျွန်တော် နည်းနည်း စကားပြောချင်ပါတယ် ကိုကို၊ ကိုကို့ကို ကျွန်တော့် အစ်ကို အရင်းလိုပဲ အောက်မေ့လို့ ကျွန်တော် ပွင့်ပွင့်လင်းလင်း..'

ဦးသက်ထွန်းက မပြုံးချင့် ပြုံးချင် ပြုံးလိုက်ပြီး သူ့ ယောက်ဖကို လှမ်းကြည့်လိုက်သည်။

ထို့နောက် စားပွဲပေါ်တွင် တစ်ပိုင်းတစ်စ ရေးထားသည့် စာကို ယူ၍

'ငါလည်း ဒီကိစ္စကို စဉ်းစားနေတယ် မောင်မောင်လတ်၊ ငါနှင့် သူနဲ့ တစ်ယောက် တစ်ခွန်း စကား များကြားမှာ မြင်လို့ သူ့ကို ငါ ပြောချင်တဲ့ စကားတွေကိုပဲ ရေးထားတယ်၊ ရော့ ဖတ်ကြည့်'

မောင်မောင်လတ်သည် စာကို ဖတ်ရင်း အံ့အားသင့်သွားသည်။ မျက်လုံးများကို စာရွက်ထွင် စူးစိုက်ကာ မန္တာတမ်း ဖတ်နေသည်။

'ကျုပ် ပြန်ရောက်လာတာ မင်း အဖို့ စိတ်ဆင်းရဲစရာ ဖြစ်နေပြီလို့ ကျုပ် ထင်တယ်။ ဟုတ်တယ်။ မင်းနှင့် မင်းရဲ့လူ ကြားမှာ ကျုပ်ဟာ မကောင်း နိုင်ပါ၊ တစ်ကောင်ပဲ။ ခုလို ဖြစ်ရတာတွေနှင့် ပတ်သက်လို့ မင်းကို ကျုပ် အပြစ် မတင်ချင်ပါဘူး။ ဒါကြောင့်ပဲ မင်း နေမကောင်းတုန်းက ဆိုရင် ကျုပ် တာ မင်း ဆီရောက်ရသေး အရောက် ပြန်လာခဲ့ပြီး မင်းကို ခွင့်လွှတ်ဖို့ ဆုံးဖြတ်ခဲ့ တယ်။ ဖြစ်ခဲ့တာတွေ အားလုံးကို သင်ပုန်း ချေလိုက်ပြီး ဘဝ အသစ်ကို ထူ ထောင်မယ်လို့ ပိုင်းဖြတ်ခဲ့တယ်။ ကျုပ် ဆုံးဖြတ်ချက်ဟာ မမှားပါဘူး။ ဒီလို ဆုံးဖြတ်တဲ့ နေရာမှာ ကျုပ် မင်းဆီက တစ်ခုပဲ မျှော်လင့်တယ်။ အဲဒါက ဘာလဲ ဆိုရင် မင်း စိတ်ချမ်းသာမှုပဲ။ ဒါပေမဲ့ မင်း စိတ်ချမ်းသာမှု မရဘူး ဆိုတာ ကျုပ် သိပါတယ်။ ကျုပ်နှင့် နေရတာဟာ မင်းအဖို့ ငရဲဘုံမှာ ရောက်နေသလို စိတ်သောက ရောက်ရတယ် ဆိုတာကို မင်း မျက်လုံးတွေက ပြောနေကြတယ်။ ဖုံးကွယ်လို့ မရပါဘူး။ ဒီတော့ ဘယ်လို နေရမှ မင်း စိတ် ချမ်းသာမယ် ထင်သလဲ။ ကျုပ်ကို ပြောပါ။ ကျုပ် အတတ်နိုင်ဆုံး လုပ်ပေး မယ်။

မောင်မောင်လတ်သည် စာကို ဖတ်ပြီး ဦးသက်ထွန်းအား လှမ်းပေးလိုက် သည်။

မောင်မောင်လတ်သည် ဦးသက်ထွန်း၏ သဘောထားကို အံ့အားသင့်နေ သည်။

'ဒါ ငါ့ သဘောပဲ'

ဦးသက်ထွန်းက ဆေးတံကို ခဲနေသည်။

'ကျွန်တော် နားလည်ပါတယ် ကိုကို'

မောင်မောင်လတ်၏ မျက်လုံးတွင် မျက်ရည်တွေ ဝေ့လာသည်။ သူသည် ဦးသက်ထွန်းကို ကြည့်၍ သနားနေသည်။





'ဒီတော့ သူ ဘာလုပ်ချင်သလဲ၊ ငါ့ကိုကော ဘာလုပ်စေချင်သလဲ ဆိုတာ ငါ သိချင်တယ် မောင်မောင်လတ်'

'ခက်တယ် ကိုကို၊ မမဟာ သူ ဘယ် အခြေအနေ ရောက်နေပြီလဲ ဆို တာကို နားလည်ပုံ မရဘူး၊ တော်တော် ခက်တယ်၊ ဒီ အထဲမှာ ကိုကိုက သဘော ကောင်းတော့ သူ ရောင့်တက်နေတယ်၊ ကိုကို သဘောထား ကြီး တော့ သူ လုပ်ချင်ရာ လုပ်နေတယ်'

'ငါ ဘာတတ်နိုင်မှာလဲ မောင်မောင်လတ်၊ သူလည်း စဉ်းစားနိုင်တဲ့ အရွယ် တစ်ယောက်ပဲ၊ အေး ခုတော့ ငါလည်း သူ့ကို နားမလည်နိုင်အောင် ဖြစ်နေပြီ၊ အတိတ်ကို သင်ပုန်းချေပါပြီ ဆိုရက်နှင့် ခုထက်ထိ မျက်ရည်နှင့် မျက်ခွက် ဆိုတော့ ငါလည်း မစဉ်းစားတတ်တော့ဘူး'

'ကျွန်တော့် သဘောကို ပြောရမယ် ဆိုရင် ဒီ ကိစ္စကို မြန်မြန် ပြီးစီး အောင် လုပ်လိုက်တာ ကောင်းတယ် ထင်တယ်'

'မြန်မြန် ပြီးအောင် လုပ်ဖို့ ဆိုတာ ပြောတော့ လွယ်တယ်ကွ၊ ဒါပေမဲ့ ဘယ်လို လုပ်မလဲ၊ ကဲ မင်း ပြောစမ်းပါဦး'

'လွယ်ပါတယ် ကိုကို၊ မမဟာ ကျွန်တော့် အစ်မပါ၊ ဒါပေမဲ့ သူ ဒီလောက် တောင် ဖြစ်နေရင်လည်း ကွာသာ ပစ်လိုက်ပါ၊ ကိုကိုလည်း အစတုန်းက ဆုံး ဖြတ်ပြီးသားပဲ၊ တစ်ယောက်နှင့် တစ်ယောက် ပျော်ပျော်ရွှင်ရွှင် ကြင်ကြင်နာနာ ရယ်လို့မှ မရှိကြတော့တဲ့ အတူတူ ဘာထူးတော့မှာလဲ'

'ကွာပစ်လိုက်ရမယ် ဟုတ်လား'

'ဟုတ်တယ်၊ ကွာတာပဲ ကောင်းတယ်၊ လင်နှင့် မယားဟာ အတူ နေပြီး ဒီလောက် စိတ် မချမ်းမသာ ဖြစ်နေကြရတဲ့ နောက်မှတော့ ကွာလိုက်တာပဲ ကောင်းတယ်၊ အတူ နေလို့ မဖြစ်တော့ဘူး ဆိုမှတော့ ဘာလုပ်ဦးမှာလဲ၊ ဒီ နည်းပဲ ရှိတော့တာပဲ'

ဦးသက်ထွန်းသည် မျက်လုံးများကို မှိတ်ထားလိုက်ပြီး စဉ်းစားနေသည်။

'တစ်ခုပဲ ရှိတယ်၊ ကိုကိုရော မမရော နောက်ထပ် အိမ်ထောင်သစ် ထူဖို့ စိတ်ကူးကြရင်တော့ တူးတူး အတွက် ခက်လိမ့်မယ်'

ဦးသက်ထွန်းသည် ဘာမျှ ပြန်မပြောတော့ဘဲ စဉ်းစား၍သာ နေမိသည်။ မောင်မောင်လတ် အဖို့ကား လွယ်ကောင်း လွယ်ပေမည်။ သို့ရာတွင် တကယ် လုပ်ကြည့်တော့ မလွယ်ပေ။ ကွာရှင်းရေး ကိစ္စကို ဦးသက်ထွန်းသည် အပြန်ပြန် အလှန်လှန် စဉ်းစားခဲ့ပြီး ဖြစ်သည်။ စဉ်းစားတိုင်း မဖြစ်နိုင်ကြောင်းကို တွေ့

လာရသည်။ သူနှင့် မမသည် အကြောင်း တစ်ခု ရှာကာ နှစ်ဦး သဘောတူ ကွာရှင်းနိုင်မည် ဆိုပါက သည့် ကိစ္စသည် အင်မတန် လွယ်ကူသော ကိစ္စ ဖြစ်သည်။ အလွန်ဆုံး ဖြစ်တင် ရှုတ်ချခြင်း ခံရရုံလောက်သာ ရှိသည်။ ထို့ ထက် ဆိုလျှင် အိမ်ထောင်ရေးတွင် အဆင်မပြေကြသူများဟု အပြောခံရရုံသာ ရှိသည်။

သို့ရာတွင် သူတစ်ပါးနှင့် ဖောက်ပြားသည်ဟု အကြောင်း ပြကာ ရုံးတော်တွင် ကွာလိုမှု စွဲလျှင်ကား သူ၏ ဂုဏ်သိက္ခာကို သာမက အားလုံး၏ ဂုဏ်သိက္ခာကိုပါ ရွှံ့ပုပ်ရေဖြင့် ပက်သလို ဖြစ်တော့မည်ကို စဉ်းစားမိသည်။ မမအားလည်း သစ္စာ မဲ့သော မိန်းမဟု တိုင်းသိ ပြည်သိ အရှက် ခွဲသလို ဖြစ်ရော့မည်ကို စိုးရိမ်မိ၏။

ထိုမျှမက သည့်ထက် သေးနုပ်သော အကြောင်းများလည်း ရှိသေးသည်။ အကယ်၍ ကွာရှင်း ဖြစ်ခဲ့ကြပါလျှင် တူးတူး၏ နောင်ရေးသည် မည်သို့ ဖြစ်လေမည်နည်း။ တူးတူးအား သူ့ အမေနှင့် ထားပစ်ခဲ့ရန်မှာ လုံးဝ မဖြစ်နိုင်သော ကိစ္စ ဖြစ်သည်။

မမတွင် ကိုသက်ဆွေနှင့် တိတ်တိတ်ပုန်း ရသော သမီး ရှိနေရုံမျှမက မမနှင့် ကိုသက်ဆွေသည် အကြင် လင်မယား အဖြစ် နေထိုင်ကြတော့မည် ဆိုလျှင် တူးတူးသည် ပထွေး၏ လက်အောက်တွင် မယားပါ သား အဖြစ် ညိုးညိုးငယ်ငယ် နေရတော့မည်ကို တွေး၍ ပူမိသည်။

သို့မဟုတ်လျှင် တူးတူးကို သူနှင့် အတူ ခေါ်လာမည်လောဟု စဉ်းစားမိပြန်သည်။ သို့ဆိုလျှင်လည်း သားကို အသည်းနှင့်အောင် ချစ်သော မမအား လက်စား ချေသကဲ့သို့ ဖြစ်ကာ သားအမိကို ရှင်ကွဲ ကွဲအောင် လုပ်ခြင်းမျိုး ဖြစ်နေပြန်သည်။ သည်လောက်တော့လည်း သားကို လည်းကောင်း၊ အမေကို လည်းကောင်း မရက်စက်ချင်ပေ။

ထိုမျှမက ကွာရှင်းလိုက်ကြလျှင် မမသည် စိတ်လေလေဖြင့် ထင်ရာကို လုပ်ကာ ပျက်စီးသွားမည်ကိုလည်း စိုးရိမ်မိသည်။

ကွာရှင်းကြလျှင် မမသည် ကိုသက်ဆွေ နောက်သို့ လိုက်သွားမည်မှာ သေချာလှသည်။ သို့ရာတွင် ခု တစ်လင် ကွာ၍ နောက် တစ်လင်ကို ချက်ချင်း ကောက်ယူရေးမှာ မမလို အတန်းအစား အဖို့ လည်းကောင်း၊ ကိုသက်ဆွေ အဖို့ လည်းကောင်း မဖြစ်နိုင်ပေ။ အချိန် အတော် ကြာမှသာ ကိုယ့် ဣန္ဒြေကိုယ် ဆည်ကာ လက်ထပ်ကြမည်သာ ဖြစ်သည်။





သို့ရာတွင် လက်မထပ်ခင် ကြားတွင် မမသည် ကိုသက်ဆွေ၏ တိတ်တိတ်ပုန်း မယား အဖြစ် တည်ရှိနေဦးမည် ဖြစ်သည်။ သည် အတောအတွင်း ကိုသက်ဆွေက သစ္စာ ရှိလျှင် ကိစ္စ မရှိပေ။ အကြောင်း တစ်စုံ ပြကာ စွန့်ပစ်လိုက်လျှင်မူကား..။

ဦးသက်ထွန်းသည် ကွာရှင်းရေး ကိစ္စကို အကြိမ်ပေါင်း များစွာ တွေးပြီး ဖြစ်လေသည်။ သည်ကိစ္စသည် မောင်မောင်လတ် ထင်သလောက် လွယ်ကူသော ကိစ္စ မဟုတ်ကြောင်းကို ကောင်းစွာ သဘောပေါက်ပြီး ဖြစ်လေသည်။

'အရေးကြီးတာက ဘယ်လို စည်းကမ်းချက်တွေနှင့် ကွာရှင်းခွင့် ပေးမလဲ ဆိုတာကိုသာ စဉ်းစားပါ ကိုကို၊ ရှုပ်ပါတယ် ကျွန်တော်လည်း ကိုကို့ကို အားနာလှပြီ၊ ကျွန်တော့် အထင်တော့ သူ ကိုကို့ဆီက ဘာမှ တောင်းမယ် မထင်ဘူး၊ တောင်းလည်း တောင်းရဲမှာ မဟုတ်ပါဘူး၊ မနေနိုင်ရင် ကိုကိုက ရှိတဲ့ ပစ္စည်း ခွဲဝေ ပေးလိုက်ရုံပဲ'

'ငါတော့ မစဉ်းစားတတ်အောင် ဖြစ်နေပြီ၊ ကဲပါကွာ မထူးပါဘူး၊ တူးတူးကိုပါ သူ ခေါ်သွားတာ ကောင်းပါတယ်၊ ဒီဘဝ ဒီမျှပဲလို့ အောက်မေ့ရတော့မှာပေါ့၊ မင်းသာ ကြည့် စီစဉ်ပေတော့၊ အားတော့ ခပ်နာနာပဲ'

ဦးသက်ထွန်းသည် သူ့ ယောက်ဖ မောင်မောင်လတ်ကို အာဏာကုန် လွှဲကာ ပြတင်းပေါက် နားက ကုလားထိုင်တွင် ပစ်၍ ထိုင်ချလိုက်သည်။ သူ့ရင်ထဲတွင် ယောက်ယက်ခတ်နေသည်။ ဘာကိုမျှ မစဉ်းစားတတ်။

# ၁၁

ကိုသက်ဆွေ၏ သေနတ် ဒဏ်ရာမှာ တော်တော် ပြင်းထန်သည်။ သို့ရာတွင် မျက်လုံးကို မထိသဖြင့် ကံကောင်းသည်ဟုပင် အောက်မေ့ရသည်။ သို့တိုင်အောင် ကိုသက်ဆွေမှာ အိပ်ရာထဲတွင် အတော်ကြာ လဲနေရကာ သေမင်းနှင့် စစ်ခင်း နေခဲ့ရပေသေး၏။

'မမြ မတော်တဆ ကျည်ဆန် ထွက်သွားတာပါလို့ ပြောပါနော်၊ လူသိရင်တော့ ရှက်စရာ ကောင်းတယ်ဗျာ'

'အို မောင်သက်ဆွေ၊ သိပ် စကား မပြောနှင့်လေ'

ဒေါ်မြမြမေက ကိုသက်ဆွေအား လာ၍ စောင့်ပေးလေသည်။ တော်တော် သက်သာလာပြီ ဖြစ်၍ အားလုံး ဝမ်းသာနေကြသည်။

'အနာက နာသေးသလား'

'နည်းနည်း အောင့်သေးတယ်'

ကိုသက်ဆွေက ဘယ်ဘက် ရင်ဘတ်ကို ထိုးပြသည်။ ဒေါ်မြမြမေက သူ့ အနာကို ရေနွေးဖြင့် ဆေးကြောပေးကာ ပတ်တီး စည်းပေးသည်။

'ကျွန်တော် သတိ မလွတ်ပါဘူးနော်၊ တမင် ပစ်သတ်တာလို့တော့ မထင်ပါဘူးနော် မမြ'

'အို ဘယ်သူကမှ မထင်ပါဘူးကွယ့်၊ အေး တစ်ခုတော့ ရှိတယ်၊ နောင်တစ်ခါ ဒီလို မတော်တဆ ကိစ္စ မဖြစ်ပါစေနှင့်တော့၊ တောင်းပန်ပါရစေ ငါ့မောင်ရယ်'

ဒေါ်မြမြမေက ပြုံး၍ ပြောလိုက်သည်။

'မတော်တဆ မဖြစ်တော့ပါဘူး မမရဲ့'

ကိုသက်ဆွေကလည်း ပြုံး၍ ပြောလိုက်သည်။ ပြုံးသာ ပြုံးရသော်လည်း စိတ်ထဲကတော့ မချိလှပေ။ ကိုသက်ဆွေသည် ဦးသက်ထွန်း စကားကို ကြားခဲ့ရပြီးသည့် အချိန်မှ စ၍ လင်နှင့် မယား ကြားတွင် မဝင်တော့ဘဲ ကင်းရှင်းစွာ

နေတော့မည်ဟု ဆုံးဖြတ်ခဲ့သည်။ မမနှင့် ဝေးဝေး နေတော့မည်ဟု ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် မမ၏ အချစ်ကို ဆုံးရှုံးရသည့် အတွက်ကား စိတ်ထိခိုက်ကြိတ်၍ ခံစားနေခဲ့ရပေသည်။

နွေရာသီ ကျောင်း ပိတ်၍ အနားကာလလည်း ကျက်ပြီ ဖြစ်သဖြင့် ကိုသက်ဆွေသည် မောင်းမကန်သို့ စိတ်ပြေလက်ပျောက် သွားရန် စိတ်ကူး ထားသည်။ ကိုသက်ဆွေ သွားခါနီးတွင် ဒေါ်မြမြမေက အတွေ့ ခံရန် မမအား သွား၍ ပြောခဲ့သည်။ သို့ရာတွင် မမက ငြင်းလွှတ်လိုက်သဖြင့် ဒေါ်မြမြမေသည် စိတ် မသက်မသာနှင့် ပြန်လာခဲ့ရသည်။ ကိုသက်ဆွေကလည်း အတွေ့မခံတာပဲ ကောင်းတယ်ဟု ယူဆခဲ့မိသည်။ ပြတ်လက်စနှင့် ပြတ်တာ ကောင်းတယ်ဟု အားတင်းခဲ့သည်။

သို့ရာတွင် နောက်တစ်နေ့ ဒေါ်မြမြမေ ရောက်လာ၍ ဦးသက်ထွန်းက မမအား ကွာရှင်းရန် သဘော တူပြီးကြောင်း၊ ထိုသတင်းကို မောင်မောင်လတ်က ပြောပြကြောင်း၊ ထို့ကြောင့် ကိုသက်ဆွေအား မမနှင့် သွားတွေ့ဖို့ ကောင်းကြောင်း ပြောပြသော အခါ ကိုသက်ဆွေသည် ဒေါ်မြမြမေကိုပင် နှုတ်မဆက်နိုင်တော့ဘဲ မမတို့ အိမ်သို့ ထွက်လာခဲ့သည်။

ကိုသက်ဆွေသည် လှေကားကို အပြေး တက်ကာ အိမ်ပေါ်သို့ ရောက်လာခဲ့သည်။ အပေါ်ထပ် ဧည့်ခန်းထဲတွင် ထိုင်နေသော မမကို တွေ့လျှင် ဘာကိုမျှ သတိ မထားနိုင်တော့ဘဲ မမအား တအား သိမ်းကျုံး ဖက်လိုက်ကာ မျက်နှာ၊ နှုတ်ခမ်း၊ လည်ပင်းတို့ကို အငမ်းမရ နမ်းနေသည်။ သူ့ မျက်လုံးတွင်လည်း မျက်ရည်တွေ ဝဲနေသည်။

သည်လို တွေ့ခြင်းမျိုးကို မမကလည်း စောင့်မျှော်လျက် ရှိလေသည်။ မမကလည်း အသင့် ဖြစ်နေပေသည်။ မမသည် ဘာကိုမျှ ပြန်မပြောနိုင်တော့ဘဲ မျက်ရည်တွေကို သွန်ချလိုက်ကာ ကိုသက်ဆွေကို တအား ပြန်ဖက်ထားလိုက်မိသည်။

‘မောင် မောင်၊ မောင့်ကို မမ မပယ်လှန်နိုင်ပါဘူး မောင်ရယ်၊ မမ ဘ၀ဟာ မောင်နှင့် ကင်းပြီး မရပ်တည်နိုင်ပါဘူး မောင်၊ မမဟာ မောင့်ရဲ့ အချစ် မောင့်ရဲ့ မယားပါနော် မောင်’

‘ဟုတ်တယ် မမ၊ မမဟာ မောင့် အချစ် မောင့် မယား၊ ဘယ်သူ ဘာပြောပြော မမ မရှိဘဲ မောင် မနေနိုင်ဘူး၊ မောင်တို့ နှစ်ယောက် အသက် ရှိနေသေးသမျှ ခွဲပြီး မနေနိုင်ဘူး၊ မောင် သိတယ်’





မမသည် ရင်ခွင်တွင် အပ်ထားသော မောင်သက်ဆွေ၏ ခေါင်းမှ ဆံပင်များကို ဖွ၍ ကစားနေသည်။

‘ဟုတ်တယ် မောင်၊ ဘယ်လောက် အခက်အခဲ အနှောင့်အယှက်တွေ ရှိနေပေမဲ့ မောင့်ကို ချစ်မြဲ ချစ်နေတာပဲ’

‘ဘာလို့ အခက်အခဲ ရှိရမလဲ၊ ဘာ အခက်အခဲမှ မရှိဘူး၊ ဘယ် အတားအဆီးမှ မရှိဘူး၊ မောင်တို့ နှစ်ယောက် ကြားထဲမှာ ဘယ်သူမှ မရှိရဘူး၊ မောင့်အချစ်ဟာ အတားအဆီး အနှောင့်အယှက်တွေကို ကျော်လွှားနိုင်တယ်၊ ကျော်လွှားနိုင်ရမယ်’

ကိုသက်ဆွေက မမကို ကြည့်၍ စိတ်အား ထက်သန်စွာ ပြောလိုက်သည်။

မမသည် ကိုသက်ဆွေကို ပြုံး၍ ကြည့်ကာ နဖူးကို နှုတ်ခမ်းဖြင့် ထိနမ်းလိုက်ပြီး

‘မောင်က ဆံပင် ညှပ်ပြီးခါစ ဆိုတော့ မောင်လေးနှင့် တူနေတယ်နော်၊ ပိုပြီးလည်း နုလာတယ်’

‘မမလည်း နုပျိုလာတယ်၊ ဒါပေမဲ့ နည်းနည်း ဖျော့တော့တော့ ဖြစ်နေသလိုပဲ’

‘ဟုတ်တယ် မောင်၊ သိပ် အားနည်း နေတယ်’

မမက ပြုံး၍ ပြောလိုက်သည်။ မမ၏ နှုတ်ခမ်းများသည် မသိမသာ တုန်နေသည်။

‘မောင် မောင်းမကန်ကို သွားရင် မမပါ လိုက်ခဲ့၊ ဟိုမှာ မမနှင့် မောင် ပျော်ပျော်ကြီး နေမယ်၊ အနားယူမယ်’

‘ဖြစ်ပါ့မလား မောင်ရယ်’

‘လာပြန်ပြီလား၊ ဘာလို့ မဖြစ်ရမှာလဲ၊ ခု ဒီအတိုင်း ဖြစ်ဖို့ပဲ ရှိတော့တယ်၊ ဖြစ်ပါ့မလား ဘာလား လုပ်မနေနှင့်၊ ကိစ္စက ရှင်းနေပြီ’

‘မောင်မောင်လတ်က ပြောတော့ သူက အားလုံး သဘောတူ ပြီးပြီတဲ့၊ ဒါပေမဲ့ မမ သူ့ကို သနားတယ် မောင်၊ မမအဖို့ကတော့ ကွာရှင်းလည်း မထူးပါဘူး၊ ခုလည်း ကွာရှင်းပြီးသားလို ဖြစ်နေကြပြီပဲ၊ တူးတူးနှင့် ပတ်သက်လို့ သူ ဘယ်လို ဆုံးဖြတ်မလဲ ဆိုတာကိုသာ သိချင်တာ တစ်ခုပါပဲ’

‘ဒါတွေ ပြောမနေပါနှင့်တော့ မမရယ်’

ကိုသက်ဆွေက အဝေးသို့ ငေးကြည့်နေသော မမကို သူ့ဘက်သို့ ဆွဲလှည့်လိုက်သည်။

မမသည် အဝေးသို့ ငေးမြို ငေးရင်းက

'မမ သေတာက ကောင်းလိမ့်မယ် ထင်တယ် မောင်၊ ဒီကောင်မ သေရင် အားလုံး ဒုက္ခ ငြိမ်းမှာပဲ၊ ငြိုပ်ကောင်မ'

မမ၏ မျက်လုံးအိမ်တွင် မျက်ရည်တွေ စီးကျလာသည်။

ကိုသက်ဆွေသည် မမကို ငေးကြည့်ကာ စိတ်မကောင်း ဖြစ်သွားသည်။ သည်တော့မှ မမက ချက်ချင်း ကြိုးစား၍ ပြုံးပြကာ

'မောင် စိတ်မကောင်းရင် မမ မငိုတော့ပါဘူး မောင်နော်၊ မမ မငိုတော့ပါဘူး'

ကိုသက်ဆွေသည် မျက်ရည် ကြားမှ ပြုံးနေသော မမကို သနားသွားကာ ပွေ့ဖက် နမ်းရှုပ်လိုက်သည်။ သူ့ စိတ်ကူးထဲတွင် မောင်းမကန်၌ အနားယူကြမည်။ နောက် ကိစ္စ အားလုံး အေးဆေး၍ ကဲ့ရဲ့သံများ တိတ်သွားကြသော အခါ၌ မမနှင့် တရားဝင် လက်ထပ်မည်ဟု စဉ်းစားထားသည်။

နောက် တစ်လလောက် ကြာသော အခါတွင်မူကား ဦးသက်ထွန်းနှင့် တူးတူးတို့သည် ရန်ကုန် အိမ်ကြီးတွင် ကျန်ရစ်ခဲ့ကြပြီး ကိုသက်ဆွေနှင့် မမ တို့မှာ မောင်းမကန်သို့ အတူတူ ထွက်သွားကြသည်။ ကွာရှင်းရေး ကိစ္စမှာ ရန်ကုန်တွင် ဦးသက်ထွန်းနှင့် အတူ မပြတ်မသား ဖြစ်ကျန်ရစ်ခဲ့ပေသည်။



# အပိုင်း ၅

# ၁

ကိုအောင်မိုးသည် ပစ္စည်းများကို အိမ်ပေါ်သို့ အတင် ခိုင်းလိုက်ပြီး ကား တံခါးကို ဖွင့်၍ ခင်သီသီကို လက် ဆွဲ၍ ခေါ်လာသည်။ သူတို့ နှစ်ယောက် အဖို့ လွတ်လပ်ခွင့် ရပေပြီ။

ကိုအောင်မိုးနှင့် ခင်သီသီတို့သည် မနေ့က မန္တလေး မြို့တော်ခန်းမတွင် တခမ်းတနား လက်ထပ်ခဲ့ကြသည်။

မျက်နှာကြီး မင်္ဂလာဆောင် ဖြစ်၍ ပရိသတ်များမှာ ဝက်ဝက်ကွဲအောင် စည်ကားလှသည်။ နှစ်ယောက်သား ဖုံကြီးများပေါ်တွင် ထိုင်ကာ ဘိသိက် ဆရာတို့ ရွတ်ဖတ်သံကို နားထောင်ရင်းဖြင့် လည်းကောင်း၊ လက်ထပ်ခြင်းဖြင့် လည်းကောင်း၊ ငွေဖလားတွင် ရေ သွန်း၍ ဘိသိက် ခံခြင်းဖြင့် လည်းကောင်း လင်မယား အရာ မြောက်ခဲ့ကြသည်။

မန္တလေးချိတ် ပိုးပုဆိုး ရွှေဖလားရောင်၊ နံ့သာရောင် တိုက်ပုံ အင်္ကျီ၊ ရွှေဖလားရောင် ခေါင်းပေါင်းဖြင့် ကိုအောင်မိုးမှာ ခံ့ညားနေသည်။ ခင်သီသီကလည်း ရွှေဖလားရောင် မန္တလေး ကြိုးကြိုးချိတ်၊ ထိုင်မသိမ်းကို ဝတ်၍ ဆံမြိတ်ဖားဖား ချထားသဖြင့် နန်းဆန်နေသည်။

ကိုအောင်မိုးသည် သည်လို အခမ်းအနားဖြင့် လက်ထပ်ရန် အတန်တန် ငြင်းခဲ့သော်လည်း နောက်ဆုံးတော့ ခင်သီသီ၏ သဘောကို လိုက်လျောခဲ့ရသည်။

မနေ့က တစ်နေ့လုံး မင်္ဂလာ အခမ်းအနားဖြင့် အလုပ် ရှုပ်နေသည်။ ညနေပိုင်းတွင်လည်း ရွှေကြို တားသူ၊ ခဲဖိုး တောင်းသူ စသဖြင့် မိတ်ဆွေ သူငယ်ချင်းများ တစ်သိုက်ပြီး တစ်သိုက် ရောက်လာကြသဖြင့် မအား မလပ်နိုင်ဘဲ ညဉ့်ခံ နေရသည်။

နောက်တစ်နေ့တွင်ကား မင်္ဂလာဦး ခရီး ထွက်သည့် အနေဖြင့် မေမြို့သို့ ထွက်လာခဲ့ကြကာ မောင်မောင်လတ် ဝယ်ထားသော အိမ်သို့ ရောက်လာခဲ့ကြ၏။

'ဝင်ယှဉ်းသလား သီသီ'

ကိုအောင်မိုးက ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

'ဟင့်အင်း မဝင်ယှဉ်းပါဘူး၊ ကိုယ့် ချစ်သူနှင့်..'

'ဘယ်က ကိုယ့် ချစ်သူရှိမှာလဲ၊ ကိုယ့်လင် ခင်ဗျူ၊ ခု လင် ဖြစ်နေပြီ၊ သိရဲ့လား'

ကိုအောင်မိုးက ကြားဖြတ်၍ ပြောလိုက်သည်။

ခင်သီသီက ပြုံးကာ

'ပြောရတာ သိပ် မရဲသေးဘူး၊ တစ်မျိုးကြီးပဲ'

'ကဲပါ၊ ဒါ ထားပါတော့၊ အစ်ကိုအောင်ကို ချစ်ရဲ့လား'

'ခု မမေးနှင့် အစ်ကိုအောင် စောသေးတယ်၊ သားတွေ သမီးတွေ ရတော့မှ မေး'

ခင်သီသီက မျက်စောင်း ထိုး၍ ပြောလိုက်သည်။ ကိုအောင်မိုးမှာ ခင်သီသီ၏ စကားနှင့် အမူအရာကို သဘောကျ သွားကာ ခင်သီသီ၏ ပခုံးကို ဖျစ်ညှစ်လိုက်သည်။

'ဟုတ်တယ်၊ အစတုန်းကဖြင့် အစ်ကိုအောင်လေ တထိတ်ထိတ် စိုးရိမ်လိုက်ရတာ၊ ဒေါက်တာ သက်ဆွေကိုများ'

'အစ်ကိုအောင်နော်၊ ကျောကြီး ထုလိုက်ရ၊ ကဲ ကဲ'

ခင်သီသီက ကိုအောင်မိုး၏ ကျောကို တအုန်းအုန်း ထုနေသည်။

'မဟုတ်ဘူးလား၊ ဒေါက်တာ သက်ဆွေကို နည်းနည်းလေးမှ မကြိုက်ခဲ့ဘူးလား၊ ကဲ ပြောလေ'

'ဟုတ်တယ်၊ ကြိုက်တယ်၊ သနားလို့ အစ်ကိုအောင့်ကို ယူတာ သိပြီလား'

ခင်သီသီက ပြုံးကာ ကိုအောင်မိုး၏ နဖူးကို လက်ညှိုး ထောက်၍ တွန်းလိုက်သည်။ ကိုအောင်မိုးက ခင်သီသီ၏ လက်ကို ဖမ်းဆွဲကာ ကိုင်ထားလိုက်သည်။

'နာတယ် အစ်ကိုအောင်ရဲ့၊ လွှတ်ပါ'

'မလွှတ်ဘူး၊ သူ့ကို မကြိုက်ဘူးလို့ ပြောမှ လွှတ်မယ်'

'ဒါဖြင့် အစ်ကိုအောင်က သို့ကို ဘာလို့ စသေးသလဲ၊ လွှတ် ပြောမယ်'

'မလွှတ်ဘူး၊ အရင် ပြော'

'ဟင့်အင်း မပြောဘူး၊ လွှတ်မှ'





'ကိုင်း'

ကိုအောင်မိုးက လွှတ်လိုက်သည်။

ခင်သီသီက ရယ်နေသည်။

'ပြောလေ၊ ကိုသက်ဆွေကို နည်းနည်းလေးမှ မချစ်ဘူးလား'

'ချစ်တယ်'

ခင်သီသီက ပြော၍ ရယ်နေသည်။

ကိုအောင်မိုးက မျက်နှာကြီး ရှုထားလိုက်ပြီး

'အကောင်း ပြောပါ သီရယ်၊ တကယ်ပါ'

'အစ်ကိုအောင့်ကို ချစ်လို့ ဒီ ဘဝ ရောက်နေပြီပဲ၊ မေးစရာ လိုသေးသလား အစ်ကိုအောင်ရဲ့၊ ကိုသက်ဆွေကို ချစ်ရင် မမလို ကိုသက်ဆွေ နောက် လိုက်သွားမှာပေါ့၊ ကဲ သိပြီလား'

ခင်သီသီက ကိုအောင်မိုး နဖူးကို လက်သီးဖြင့် ထုလိုက်သည်။

ကိုအောင်မိုးက ခင်သီသီ့ လက်ကို ဖမ်းဆွဲထားပြီး

'အင်း နေပါဦး သီ၊ ခု မမနှင့် ကိုသက်ဆွေ ညားနေကြပြီတဲ့လား'

'အမယ်လေး၊ အဲဒါကြောင့် အ တယ်လို့ ပြောတာ၊ ခု ညားလို့ မောင်းကျန် ဆိုလား ပေလီ ဆိုလား ထွက်ပြေးကြပြီတဲ့၊ သိပြီလား'

'မမက ဦးသက်ထွန်းကို မချစ်ဘူးတဲ့လား သီရယ်'

'မချစ်လို့ပေါ့ အစ်ကိုအောင်၊ ချစ်ရင် ဒီလို ဖြစ်ပါ့မလား'

'ဒါဖြင့် မချစ်ဘဲနှင့် ဘာလို့ ယူခဲ့သေးသလဲ'

ကိုအောင်မိုးက စိတ်မကောင်းဟန်ဖြင့် မေးလိုက်၏။

'အဲဒါ မမရဲ့ အမှားပဲ၊ မမဟာ အချစ် ဆိုတာကို ဘာမှ နားမလည်ဘဲနှင့် ဦးသက်ထွန်းကို ယူခဲ့တယ်၊ ဦးသက်ထွန်းမှာ ဂုဏ် ရှိတယ်၊ ရာထူး ရှိတယ်၊ ဒီဂရီ ရှိတယ်၊ ဒါတွေ ရှိရင် သူတို့ အိမ်ထောင်ရေးဟာ ပျော်စရာ ကောင်းမယ်လို့ ထင်ခဲ့တယ်၊ နောက်ကျတော့မှ သူ့ အမှားကို သူ တွေ့လာပြီး ဖြစ်ချင်ရာတွေ လျှောက်ဖြစ်တော့တာပဲ'

'အိမ်ထောင်ရေးမှာ အသည်းနှလုံးက ပေါက်ဖွားလာတဲ့ အချစ်ဟာ အရေးကြီးဆုံးပဲနော် သီသီ'

'ဒါပေါ့ အစ်ကိုအောင်၊ ဒါကြောင့်မို့ သီသီဟာ စောစောတုန်းက ဆရာကိုသက်ဆွေ ဘက်ကို ယိုင်ခဲ့သလိုလို ရှိပေမဲ့ သီ စိတ် ယိုင်သွားတာ အချစ်ကြောင့် မဟုတ်ဘဲ ဆရာ ကိုသက်ဆွေရဲ့ အဆောင်အယောင်တွေကြောင့် ဆို

တာ သီ အချိန်မီ သတိ ရခဲ့တယ်၊ မဒရပ်မှာ နေရင်းလည်း ဒီပြဿနာကို [illegible] စားခဲ့တာပဲ၊ ဒါကြောင့် ဒီကို ပြန်ရောက်တာနှင့် တစ်ပြိုင်နက် အစ်ကို [illegible] ကို သီ အဖြေ ပေးနိုင်ခဲ့တာပေါ့'

'သီ့ ဆုံးဖြတ်ချက်ဟာ မှန်တယ် သီ၊ အစ်ကိုအောင့်ကို ရွေးချယ်လို့ [illegible] တယ် ပြောတာ မဟုတ်ပါဘူး၊ တကယ်ပါ၊ လူတွေဟာ အိမ်ထောင်ရေးမှာ မေတ္တာရဲ့ တန်ဖိုးကို ထည့် မစဉ်းစားကြတော့ဘဲ ပကာသနရဲ့ တန်ဖိုးကို အလေး ပေးလာကြတယ်၊ အိမ်ထောင်ရေးကို စဉ်းစားတိုင်း ကြေးညှိ လာကြတယ်၊ နောက် အိမ်ထောင် ကျပြီး သူတို့ မျှော်လင့်တဲ့ အတိုင်း မဖြစ်လာကြတော့ သူတို့ အိမ်ထောင်ရေးဟာ ပြိုကွဲကြတာပဲ'

'ကဲ အဲဒီမှာ ဆရာကြီးရဲ့ အဘိဓမ္မာတွေ သိပ် ထုတ်မနေနှင့်ဦး၊ ယာ တောကို လိုက်ပြမယ် ဆို'

ခင်သီသီက မတ်တတ် ရပ်လိုက်သည်။

ကိုအောင်မိုးက ခင်သီသီ့ ခါးကို သိမ်းကျုံး ဖက်လိုက်ပြီး သည်တော့မှ

'ဩော် ဟုတ်တယ်၊ သီ့ကို ပြရမယ်၊ အစ်ကိုက ယာတောမှာ ယာ ထွန် ယက်ရင် သီက နွားနို့ ညှစ်ရမယ်၊ သီဟာ အစ်ကိုနှင့် ဒိုးတူပေါင်ဖက် လုပ်ရ မယ်၊ အစ်ကိုက ဓားသွေးရင် သီက..'

'တော်ပါ'

ခင်သီသီက ကိုအောင်မိုး၏ ကျောကို ထုလိုက်သည်။ ကိုအောင်မိုးသည် ခင်သီသီကို ပွေ့ဖက်လိုက်လေ၏။



၂

မောင်းမကန်မှ ပြန်လာပြီးနောက် မမနှင့် ကိုသက်ဆွေသည် သူငယ်ချင်း စစ်ဗိုလ် တစ်ယောက်ထံမှ ခေတ္တ ယူထားသော တိုက်ခံ အိမ်ကြီး တစ်လုံးတွင် ခေတ္တ နေထိုင်လျက် ရှိသည်။ သမီးငယ်လေး အတွက် ကရင်မ နာ့စ် တစ်ယောက်ကို လည်း ငှားထားခဲ့သည်။

သူ ပြန်ရောက်ပြီး နောက် တစ်နေ့တွင် ကိုသက်ဆွေသည် သူ့ အစ်ကို ဝမ်းကွဲ အရာရှိကြီးကို သွား၍ တွေ့သည်။ သူ့ အစ်ကို မိန်းမက မောင်းမကန် အကြောင်းကို မေးသည်။ သို့ရာတွင် မမနှင့် ကိစ္စကိုကား တစ်ခွန်းမျှ မမေးဘဲ မသိဟန် ပြု၍ နေသည်ကို တွေ့ရသည်။ သူ့ အစ်ကိုနှင့် နှစ်ယောက်တည်း ကျန်ခဲ့တော့မှ ကိုသက်ဆွေက သူနှင့် မမမှာ အကြင်လင်မယားကဲ့သို့ တစ် နေရာတွင် နေထိုင်လျက် ရှိကြောင်းကို ဖြောင့်ဖြင့် ပြောချလိုက်သည်။ ဦးသက် ထွန်းသည် မမအား ကွာရှင်းပေးမည်ဟု မျှော်လင့်ကြောင်းလည်း ပြောလိုက် သည်။ သူနှင့် မမတို့ ကိစ္စကို သူ့ မိဘများအား ပြောပေးရန်လည်း ဖွင့်ပြော လိုက်သည်။

'တစ်ကမ္ဘာလုံးက ကျွန်တော်တို့ကို ဝိုင်းပြီး လက်ညှိုး ထိုးကြပါစေ ကျွန် တော် ဂရုမစိုက်ပါဘူး အစ်ကိုလေး၊ ဆွေမျိုးတွေက ဝိုင်းပယ်ကြရင်လည်း ကျွန် တော် မတတ်နိုင်ဘူး သဘောပဲ၊ ဒါပေမဲ့ ကျွန်တော့်ကို ဆွေမျိုးလို အသိ အမှတ် ပြုကြသေးရင်တော့ ကျွန်တော့် မိန်းမကိုလည်း အသိအမှတ် ပြုရလိမ့် မယ်၊ ကျွန်တော့်ကို တစ်မျိုး ကျွန်တော့် မိန်းမကို တစ်မျိုးတော့ သဘောထား လို့ မဖြစ်ဘူး'

ကိုသက်ဆွေ၏ အစ်ကိုသည် ဘာမျှ မပြောဘဲ စဉ်းစား၍ နေသည်။ တခြား ဆွေမျိုးများ၏ သဘောကို မသိရသေးသော်လည်း သူ့ အနေနှင့်မူ ဘာမျှ ပြောစရာ မရှိဘဲ ရှင်းနေသည်။ ကိုသက်ဆွေတို့ အိမ်သို့ လိုက်လာကာ မမနှင့်ပင် တွေ့လိုက်သေးသည်။ ကိုသက်ဆွေကလည်း သူ့ အစ်ကို ရှေ့တွင်

မမအား ခါတိုင်းလို ဆက်ဆံသည်။ သို့ရာတွင် သူတို့ အကြောင်းကို သူ သိပြီး ဖြစ်ကြောင်း မမ သဘောပေါက် နားလည်စေသော ဆက်ဆံပုံမျိုး ဖြစ်၏။

ရန်ကုန် ပြန်ရောက်တော့ သူတို့ ထင်သည့် အတိုင်း ပတ်ဝန်းကျင်သည် သူတို့ကို ဝိုင်းပယ် ထားကြသည်။ ကိုသက်ဆွေနှင့် မမကို ဝိုင်းပယ်၍ စိမ်းငြိုးများဖြင့် ပက်ကြသည်။ လူတွေသည် သူတို့ ကိုယ်တိုင် လူကျင့်ဝတ်များကို တစ်နည်း မဟုတ် တစ်နည်းဖြင့် ဖောက်ဖျက် နေကြသည်ကို မေ့လျော့ကာ ဖြုံ၍ နေနိုင်တတ်ကြသည်။

သို့ရာတွင် အခြားသူက ဖောက်ဖျက်သော အခါတွင်မူကား ဝိုင်း၍ လက်ညှိုး ထိုးရန် မေ့လျော့ခြင်း မရှိဘဲ ရက်ရက်ရောရောကြီး အပြစ်တို့ ပစ်တင်ကြသည်။ လူတစ်ယောက်သည် ကိုယ့်စိတ် ကိုယ် ထိန်းချုပ်ကာ နာရီပေါင်းများစွာ လှုပ်ရှား ညောင်းညာခြင်း မရှိဘဲ တင်ပျဉ်ခွေ၍ ထိုင်နေကောင်း ထိုင်နေနိုင်မည် ဖြစ်သော်လည်း ဘေး ပတ်ဝန်းကျင်က ဝိုင်း၍ မလှုပ်ရှားရန် သတိပေးလာသော အခါတွင်မူ အကြောအခြင်တွေ ကိုက်လာသလိုလို၊ ခြေထောက်တွေ ထုံကျင်လာသလိုလို၊ ကိုယ်က ယားလာသလိုလို ခံစားလာရကာ လှုပ်ရှားချင်လာသည်။

ကိုသက်ဆွေသည် ပတ်ဝန်းကျင်နှင့် တွေ့တိုင်း သည်လိုပင် ခံစားလာရသည်။ သူတို့ဘာသာ သူတို့ နေကြတုန်းကတော့ ကိုယ့်သိက္ခာ ကိုယ် ထိန်းကာ လင်မယား အဖြစ်ပင် မရောက်သေးဟန် ကြိုးစား၍ နေခဲ့သည်။ သို့ရာတွင် ဘေး ပတ်ဝန်းကျင်က သူတို့ နေပုံ ထိုင်ပုံများကို မှတ်ချက် ချလာသော အခါတွင် ကိုသက်ဆွေသည် ဟန်ဆောင် မနေချင်တော့ဘဲ လင်မယားလို အထင်အလင်း ပြောင်ပြောင်တင်းတင်း နေချင်လာသည်။ ပတ်ဝန်းကျင်သည် သူ့ကို တံခါး ဖွင့်၍ ကြိုဆိုခဲ့သော်လည်း မမကိုမူ တံခါး ပိတ်ကာ လက်ခါ၍ ငြင်းခဲ့သည်။ သူ့ကို လက်မြှောက်၍ နှုတ်ဆက်ကြသော်လည်း မမကို ဆိုလျှင် မြှောက်ထားသော လက်များသည် အောက်သို့ ကျလာကြကာ မမ၏ လာလမ်းကို ပိတ်ထားကြပေသည်။

ကိုသက်ဆွေ၏ ဖခင်သည် တရားသူကြီး ဝီဝီ သား၏ ကိစ္စကို အရှိုး အကောင်း ထုတ်ဖော် ပြောဆိုခြင်း မပြုဘဲ စိတ်ထဲတွင် သိုဝှက်ထားသော်လည်း ကိုသက်ဆွေ၏ မေမေကမူ သူ့သား သည်အဖြစ်သို့ ရောက်ရခြင်းသည် မမ ကြောင့်သာ ဖြစ်သည်ဟု တရားသူကြီး၏ ဇနီး ဝီဝီ တစ်ဖက်သတ် မမကို





ဖြစ် ရှိချင်လိုက်သည်။ ကိုသက်ဆွေ၏ မေမေသည် မန္တလေး သွားတုန်းက ရောက်ပေါ်တွင် မမကို အထင် ကြီးကာ ချီးမွမ်း စကားများ ပြောခဲ့ဖူးသော် လည်း ယခုအခါတွင် အထင် သေးကာ ရှုတ်ချ ပြစ်တင်လျက် ရှိသည်။ သူ့ မေမေသည် သူ့ သား၏ ရှေ့ အလာအလာကို ဖျက်ဆီးသူဟု အထင် ရောက်ကာ အနာ သွားတာမှ ဆို၍ မြူလောက်မျှပင် မရှိဘဲ မမ၏ ဂုဏ်သိက္ခာကို နှိမ့်ချကာ ပြောလျက် ရှိသည်။ ကိုသက်ဆွေသည် သူ့ မေမေ၏ သဘောကို သိပြီးသူ ဖြစ်၍ လုံးဝ အတွေ့ မခံဘဲ ရှောင်နေခဲ့ရှုမှုကာ သူတို့ နေရာကိုယ် [illegible] ထားခဲ့၏။

ထို့ကြောင့် ကိုသက်ဆွေသည် စိတ်ကောင်း ရှိသူ၊ နားလည်တတ်သူဟု ထင်ရသော မိတ်ဆွေများကို ရှုံးကာပင်ကာ မမကို ပူတတ်တတ်နေသော အတိုင်း အတိုင်းထဲသို့ မမအား ပြန်လည် ဆွဲသွင်းရန် ကြိုးစားခဲ့သည်။ သည် မိတ်ဆွေများမှာ တစ်ပွသိန်များ မဟုတ်ဘဲ ကျိုးကြောင်း ဆင်ခြင်တတ်သူများ ဖြစ်၍ မမအား နှိပ်ပုပ် ရေများဖြင့် ပက်လိမ့်မည် မဟုတ်ဟု မျှော်လင့်ခဲ့သည်။

သို့ရာတွင် သူ အမျှော်လင့်ကြီး မျှော်လင့်ခဲ့သူများ ကိုယ်တိုင်က ထင်သလို မဟုတ်ဘဲ အေးစက်စက် ဖြစ်နေသည်ကို တွေ့ရသော အခါတွင် ကိုသက်ဆွေသည် လူတွေကို စိတ်နာလာသည်။ သူ စိတ် အထိနိုက်ဆုံးမှာ သူ၏ အစ်မဝမ်းကွဲ ဒေါ်မြမြမေ ကိုယ်တိုင်ကပင်လျှင် မမအား နောက်တစ်ခါ အိမ်သို့ ခေါ်မလာရန် စောင်းပါးရိပ်ခြည် ပြောလိုက်ခြင်းပင် ဖြစ်သည်။

'မောင်သက်ဆွေကိုရော မမကိုရော မမြ ခင်ပါတယ် မောင်သက်ဆွေ၊ ဒါပေမဲ့ မမနှင့် မောင်သက်ဆွေ စော စော ဒီကို လာရင် မမြတို့ကိုပါ မင်းကြီးက အထင် လွဲပြီး အိမ်က လူနှင့်ပါ အခင် ပျက်ကုန်ကြလိမ့်မယ်၊ မမြက မမကို အထင် သေးလို့ ပြောနေတာ မဟုတ်ဘူးနော်၊ မမသာမက ဘယ်မိန်းမ ဖြစ်ဖြစ် သူ့လို အခြေအနေမျိုး ဆိုရင် ဒီလိုပဲ ဖြစ်မှာပဲ၊ မမကို အပြစ်တင်နေတာ မဟုတ်ဘူး။ ပြီးတော့ မမနှင့် လွဲပြီး ဟိုသွား ဒီသွား လုပ်တာလည်း အိမ်က လူကြီးက မကြိုက်ဘူး၊ မောင်သက်ဆွေ၊ သမီးပျိုလေးတွေလည်း ရှိတော့ အိမ်က လူက ကြိမ်းမှာလည်း ကြောက်ရသေးတယ်၊ မောင်သက်ဆွေတို့ အခြေအနေကို မမြတို့ နားလည်နိုင်ပေမဲ့ တခြားသူက နားလည်နိုင်မှာ မဟုတ်ဘူး'

သူတို့ နှစ်ယောက် အခြေအနေကို နားအလည်ဆုံး ဒေါ်မြမြမေ ကိုယ်တိုင်က ခပ်ဖယ်ဖယ် ပြောလာသော အခါတွင် ကိုသက်ဆွေသည် ဒေါ[illegible]သည်။

[illegible] မေမြင့်ကို အိမ်ကို ဝင်ထွက် သွားလာနေကြပါတယ် [illegible] အချက်မှာ သမီး ရှိတယ်။ ဘိုရိုက [illegible] ဒေါ်မြမြမေကို [illegible]

သည်။

"မေမြင့် အခေါ် ရွှေပါရှင့် မောင်သက်ဆွေ၊ စိတ်မဆိုးပါနှင့်၊ မေမြ [illegible] ပါတယ်"

"မရှိပါဘူး၊ စိတ်လည်း မဆိုးပါဘူး၊ ဒါပေမဲ့ မမမြလို အင်မတန် ရိုးသား [illegible] မေတ္တာ ရှင့်လျှော်ကြတဲ့ကိုးလို့ တွေးပြီး ဝမ်းနည်း တယ်ပဲ"

ကိုသက်ဆွေသည် ဒေါ်မြမြမေတို့ အိမ်မှ ထွက်လာခဲ့သည်။ ရန်ကုန်မြို့ကို ပြန်လာရသည်မှာ အသိ မိတ်ဆွေ မရှိသော မြို့ တစ်မြို့ကို လာရသလို ဖြစ်နေသည်။ ကုဲ့ရဲ့ ရှုတ်ချသံတွေကို ကြားရမည် စိုးသဖြင့် အသိ မိတ်ဆွေ ဟူသမျှကို ရှောင်နေခဲ့သည်။ အရေးကြီးသော အကြောင်း တစ်ချက်ကို ပြကာ တက္ကသိုလ်ကျောင်းမှလည်း ခွင့်ယူထားလိုက်သည်။ ရန်ကုန်တွင် နေရသည့် အတွက် ကိုသက်ဆွေ စိတ် အဆင်းရဲရဆုံးမှာ ဦးသက်ထွန်း၏ သတင်းများကို အမြဲတစေ ဆိုသလို ကြားနေခြင်းပင် ဖြစ်သည်။ ဦးသက်ထွန်းမှာ အရေးကြီးသော အစိုးရ ဌာန တစ်ခုမှ မင်းကြီး တစ်ယောက် ဖြစ်၍ သူ့ နာမည်မှာ သတင်းစာများတွင် မကြာခဏ ပါလာတတ်သည်။ နိုင်ငံခြားမှ ရောက်လာသော ဧည့်သည်များနှင့် အတူ သူ့ ဓာတ်ပုံများကို သတင်းစာများတွင် မကြာခဏ မြင်နေရသည်။ မိတ်ဆွေများထံမှ သူ့ သတင်းကို မကြာခဏ ကြားနေရ၏။

ထိုအရာများထက် ကိုသက်ဆွေ ပို၍ စိတ်ဆင်းရဲသည့် အချက်မှာ မောင်းမကန်မှ ပြန်ရောက်လာကတည်းက မမသည် သူ့အား ဆက်ဆံရာတွင် တစ်မျိုး တစ်ဖုံ ပြောင်းလဲနေသော အချက် ဖြစ်သည်။

မမသည် သူ့ကို ချစ်မြဲ ချစ်သော်လည်း တစ်ခါတစ်ရံတွင် အေးစက်စက် ဖြစ်ကာ အရင်ကလို ကြည်ကြည်လင်လင် မရှိလှဘဲ မှိုင်တွေ၍ နေတတ်သည်။ မေကို ကြည့်ရသည်မှာ တစ်စုံတစ်ခု အတွက် များစွာ စိတ်သောက ရောက်နေပုံ ရသည်။ ကိုသက်ဆွေ မသိအောင် ရင်ထဲတွင် ကျိတ်၍ ဝေဒနာ တစ်ခုခုကို ခံစားရပုံမျိုး ဖြစ်နေပေသည်။



၃

မောင်းမကန်မှ ရန်ကုန်သို့ အပျော်အမြန် ပြန်လာခဲ့ကြရာတွင် မမ၏ အဓိက ရည်ရွယ်ချက်ကြီးမှာ သားလေး တူးတူးနှင့် တွေ့ရန်ပင် ဖြစ်ပေသည်။ မောင်းမကန်မှ ထွက်လာခဲ့သည့် အချိန်က စ၍ သား တူးတူးကို တွေ့လို မြင်လိုမှုသည် ရင်ထဲတွင် တဖွားဖွား ပေါ်ပေါက်နေခဲ့သည်။ ကိုသက်ဆွေနှင့် မမ တို့ စီးလာခဲ့သော ပြည်တော်ညွှန့် သင်္ဘောသည် ရန်ကုန် မြစ်ဝထဲသို့ ဝင်လာသော အခါ၌မူ တူးတူးအား တွေ့ရတော့မည်ဟု မမ စိတ်ထဲတွင် အပျော်ကြီး ပျော်နေခဲ့သည်။ ဝမ်းသာလွန်းသဖြင့် တူးတူးနှင့် တွေ့ရန် မည်သို့ စီစဉ်ရမလဲ ဆိုသည့် ပြဿနာကိုပင် ထည့်သွင်း၍ စဉ်းစားခြင်း မပြုနိုင်ခဲ့ပေ။ မိခင်နှင့် သားသည် တစ်မြေတည်း နေ တစ်ရေတည်း သောက်၍ တစ်မြို့တည်းတွင် နေခဲ့ကြလျှင် မိခင်က သား ဖြစ်သူအား တွေ့ရန် ကိစ္စသည် သဘာဝ ကျ၍ လွယ်လည်း လွယ်ကူသော ကိစ္စ တစ်ခုသာ ဖြစ်သည်ဟု ယူဆထားခဲ့သည်။ သို့ရာတွင် မြေပေါ်သို့ ခြေချမိသည်နှင့် မမသည် လူ့ အဖွဲ့အစည်းတွင် သူ ရောက်ရှိ ရပ်တည်နေသော အနေအထားကို သတိထား လာမိသည်။ သူ့လို လူ့ အဖွဲ့အစည်းက စွန့်ပစ်ထားခြင်း ခံရသူ တစ်ယောက် အဖို့ သား ဖြစ်သူနှင့် တွေ့ရေး ကိစ္စသည် ထင်သလောက် မလွယ်ကူကြောင်းကို တွေ့လာရသည်။

မမသည် ရန်ကုန်သို့ ပြန်လည် ရောက်ရှိလာသည့် နှစ်ရက်စလုံးတွင် သားနှင့် တွေ့ရန်ကိုသာ စိတ်စောနေမိသည်။ သားနှင့် တွေ့ရအောင် ဘယ်လို လုပ်မလဲဟုသာ အချိန် ရှိသရွေ့ တွေးတောနေမိသည်။ ဘာကိုမျှ စိတ်ဝင်စားခြင်း လည်း မရှိတော့ပေ။ ကန်တော်ကြီးစောင်း အိမ်သို့ တိုက်ရိုက် သွားတွေ့လျှင် ဦးသက်ထွန်းနှင့် ပက်ပင်း သွား၍ တိုးနေမိမည်ကို စဉ်းစားမိသည်။ ထို့ပြင် လည်း မိမိသည် ဦးသက်ထွန်းနှင့် အိမ်ကြီးကိုပါ စွန့်ပစ်၍ ကိုသက်ဆွေ နောက်သို့ တောက်တောက် ပါအောင် လိုက်ခဲ့ပြီး ဖြစ်နေသဖြင့် ကန်တော်ကြီးစောင်း အိမ်သို့ သွား၍ တွေ့ရန် အခွင့်အရေး မရှိတော့ဟုလည်း စိတ်ထဲတွင် ထွေပြီးနေ

[illegible]

[illegible] ပြန်သည်။

မမသည် တူးတူးအား လမ်းလျှောက်နေသည်ကို လည်းကောင်း၊ ကလေး [illegible] ချောင်းမြောင်း ကြည့်ရှုဖြင့်လည်း နေသည်ကို လည်းကောင်း [illegible] မတင်းတိမ် အားမရနိုင်ပေ။ တူးတူးနှင့် အေးအေးဆေးဆေး ပြောနေချင်သေးသည်။ တူးတူးအား မွေ့ဖက်ကာ နမ်းရှုပ် နေချင်သေးသည်။ ထို့ကြောင့် တူးတူးနှင့် တွေ့ရန် နည်းလမ်းများကိုသာ စဉ်းစားနေမိလေသည်။ တူးတူးအား ထိန်းသည့် ကရင်မ နာနီကြီးကို ချဉ်းကပ်၍ အကူအညီ တောင်းလျှင် ရလေမလားဟု စဉ်းစားကြည့်မိပြန်သည်။ နာနီကြီးမှာလည်း ဦးသက်ထွန်း အိမ်တွင် မရှိတော့ဘဲ တခြား အိမ်သို့ ရောက်နေပြီဟု သိရသောကြောင့် ဘယ်လို ကြံရမှန်း မသိတော့ဘဲ စဉ်းစားရင်းဖြင့်သာ အချိန် ကုန်ခဲ့ရသည်။

ဦးသက်ထွန်းနှင့် ဘဏ္ဍာမင်းကြီး ကတော် ဒေါ်ထားထားမှာ များစွာ ရင်းနှီးသည်ဟု မမ သိသဖြင့် မောင်းမကန်မှ ပြန်ရောက်ပြီး တတိယမြောက် နေ့တွင် မမသည် ဒေါ်ထားထားထံသို့ စာတစ်စောင် ရေးလိုက်သည်။ စာထဲတွင် တူးတူးအား တွေ့ခွင့်ရရေးမှာ ဦးသက်ထွန်း၏ သဘောထားကြီးမှု အပေါ်တွင် တည်ကြောင်း၊ ဒေါ်ထားထားက ဦးသက်ထွန်းအား နားဝင်အောင် ပြောပေးပါမည့် အကြောင်းဖြင့် ရှည်လျားစွာ ရေးလိုက်သည်။ ဤစာကို ဦးသက်ထွန်းသာ ဖတ်ရပါလျှင် သဘောထား ကြီးကြောင်းကို အခွင့် ကြုံတိုင်း ပြလိုသော ဦးသက်ထွန်းသည် ငြင်းပယ်လိမ့်မည် မဟုတ်ဟု တွေးမိသည်။

သို့ရာတွင် ဒေါ်ထားထားထံသို့ သွားပို့သူသည် ပြန်လာပြီး အရက်စက်ဆုံးသော [illegible] အဖြေကို ယူလာခဲ့သည်။ ယင်း အဖြေမှာ ဒေါ်ထားထားက တစ်ခွန်း တစ်ပါဒမျှ အကျိုးအကြောင်း ပြန်လည် ပြောကြား [illegible] မရှိ ဟူသော အဖြေပင် ဖြစ်သည်။



[illegible]

[illegible] ပူလောင်နေမိသည်။

တကယ်တော့ ကိုသက်ဆွေကို ဖွင့်ပြော၍လည်း ဘာ အကျိုး ထူးဦးမည်နည်း။ မမ သည်လို ပူဆွေး ဒုက္ခ ရောက်ရသည့် အကြောင်းရင်းသည် ကိုသက်ဆွေ ဖြစ်သော်လည်း တူးတူးနှင့် တွေ့ဆုံရေး အတွက် မမ တွေ့ကြုံနေရသည့် အခက်အခဲ ပြဿနာ အားလုံးတို့သည် ကိုသက်ဆွေ အဖို့ အရေးကြီးသော ပြဿနာ မဟုတ်ကြောင်းကို မမ ကောင်းကောင်း သိပေသည်။ ကိုသက်ဆွေသာမက တစ်လောကလုံးကလည်း သည်ကိစ္စ အတွက် မမ ဘယ်လောက် ခံစားနေရသည်ကို သိရှိ နားလည်ကြမည် မဟုတ်ကြောင်းကို မမ သဘော ပေါက်ပေသည်။

ကိုသက်ဆွေ သည်ကိစ္စတွင် အေးတိအေးစက် လုပ်နေသော အခါ မမသည် ကိုသက်ဆွေကိုပါ မုန်းတီး လာမိလေသည်။

မမသည် တစ်လောကလုံးတွင် ဘာကိုမျှ ကြောက်လှပါသည်ဟု မရှိသော်လည်း သားနှင့် ရှင်ကွဲ ကွဲရမည့် အဖြစ်ကိုမူ တွေးတိုင်း စိမ့်၍ ကြောက်နေမိသည်။

မမသည် တစ်နေ့လုံး ဘယ်ကိုမျှ မထွက်တော့ဘဲ တူးတူးနှင့် တွေ့ရန် နည်းလမ်းကိုသာ ရှာကြံ စိတ်ကူးနေမိသည်။

နောက်ဆုံး ကြံရာ မရသည့် အဆုံးတွင် ဦးသက်ထွန်းထံ တိုက်ရိုက် စာရေး၍ ဆုံးဖြတ်လိုက်သည်။

သို့ ဆုံးဖြတ်ချက် ချကာ ဦးသက်ထွန်းထံ စာရေးလိုက်ရာ ဒေါ်ထားထားထံတွင် စာပို့လွှတ်လိုက်သူလိုပင် ပြန်ရောက်လာပြန်သည်။

ထို့ကြောင့် မမသည် စာရွက် အားလုံးကို ဆုတ်ပစ်လိုက်ပြီး မျက်ရည်ရွှဲကို သုတ်ချလိုက်မိသည်။ သူ့အား ဝိုင်းပယ် ထားကြသော လောကကြီးကိုလည်း စိတ်နာ၍ လာလေသည်။

မမသည် ဘာကိုမျှ စဉ်းစားခြင်း မပြုနိုင်တော့ဘဲ ကန်တော်ကြီးစောင်းရှိ ဦးသက်ထွန်း အိမ်သို့ တောက်လျှောက် သွားကာ တူးတူးအား သွားတွေ့ရန် ဆုံးဖြတ်လိုက်သည်။ တူးတူး၏ မွေးနေ့ ဖြစ်၍လည်း စိတ်ထဲတွင် မသွားဘဲ မနေနိုင်အောင် ဖြစ်လာသည်။ အကယ်၍ ဦးသက်ထွန်းကို မတွေ့လျှင် အစေခံများအား လာဘ်ထိုး၍ ရအောင် ဝင်မည်ဟုပင် ဆုံးဖြတ်ထားမိသည်။ နောက်တစ်နေ့မှာ တူးတူး၏ မွေးနေ့ ဖြစ်သဖြင့်လည်း မဂိုလမ်းရှိ ကစားစရာ ဆိုင်ကြီး တစ်ဆိုင်သို့ သွားကာ ကစားစရာများကို ဝယ်ထားလိုက်သည်။

နောက် တစ်နေ့ နံနက် စောစောတွင် မမသည် ဆံပင်ကို ခေတ် အဆင်ဆုံး ပြုပြင် ခြယ်သကာ အောက်က ဘာရာစီယာ ခံပြီး စပတ်ကလင်း နိုင်လွန် အထူ ပန်းရောင်နှင့် ဘာရိကိတ် ပန်းနုသွေးကို ဝတ်လိုက်သည်။ နောက် တစ်ကိုယ်လုံး မွှေးကြိုင်နေအောင် လိမ်းခြယ်ပြီး မျက်မှန် အနက်ကြီးကိုလည်း တပ်ထားသည်။ ဆင်းရဲ ညှိုးငယ်သော ရုပ်ဖြင့် သွားလျှင် ဦးသက်ထွန်း၏ စိတ်ထဲတွင် သူနှင့် ကွဲသွားသည့် အတွက် ညှိုးညှိုးငယ်ငယ် နေရသည်ဟု အောက်မေ့ကာ ကျိတ်၍ ဝမ်းသာနေမည် စိုးသဖြင့် ခါတိုင်းထက် တောက်ပစွာ ဆင်ယင် လိမ်းခြယ်ထား၏။

ရှစ်နာရီ ထိုးသည်နှင့် မမသည် လက် တစ်ဖက်က လက်ဆွဲ အိတ်ကို ဆွဲ၍ အခြား တစ်ဖက်က ကစားစရာ အရုပ် သေတ္တာကို ပိုက်ကာ တက္ကစီ တစ်စီးကို ခေါ်၍ ကန်တော်ကြီးစောင်းသို့ ထွက်လာခဲ့သည်။ မမသည် ဦးသက်ထွန်း အိပ်ရာမှ မထခင် မီအောင် နံနက် စောစော ထွက်လာ၏။

ကား ဆိုက်လိုက်သည်နှင့် အစေခံ တစ်ယောက်က တံခါး လာဖွင့်ပေးသည်။ ယခင်က မိန်းကလေး အစေခံများ မရှိကြတော့ဘဲ ယောကျ်ား အစေခံများ ရောက်နေသည်ကို မမ သတိထားလိုက်မိသည်။

'ဘယ်သူ့ကို တွေ့ချင်လို့ပါလဲ ခင်ဗျာ'

'တူးတူးနှင့် တွေ့ချင်လို့ပါ'

မမက အစေခံ ယောကျ်ားကို မျက်မှန်နက်ထဲမှ အကဲခတ် နေမိသည်။

'ဘာ ကိစ္စပါလဲ ခင်ဗျာ'

မမသည် ရုတ်တရက် ဘယ်လို ဖြေရမည်ကို မသိဘဲ တွေနေမိသည်။





ပြီးမှ ချက်ချင်း ပြုံးလိုက်ကာ

'ဪ မန္တလေးက သူ့ ဦးလေး ဦးမောင်မောင်လတ်က လက်ဆောင် ပေးလိုက်လို့ပါ'

'အိပ်ရာက မနိုးသေးပါဘူး ခင်ဗျာ'

အစေခံ ယောကျ်ားက မမကို ငေး၍ ကြည့်ရင်း ပြောလိုက်သည်။ သူ ရှစ်နှစ်လုံးလုံး နေလာခဲ့ရသည့် အိမ်ကြီးကို မြင်လိုက်ရသော အခါ မမ စိတ်ထဲတွင် တစ်မျိုး ဖြစ်လာသည်။ အတိတ်က အဖြစ်အပျက်များသည် တရိပ်ရိပ် ပေါ်လာကြသည်။

'အထဲကို ကြွပါ ခင်ဗျာ၊ ခဏ ထိုင်ပါ၊ မကြာခင်ပဲ နိုးပါလိမ့်မယ်'

မမသည် တစ်စုံတစ်ရာကို မေးလိုက်တော့မည် ပြုပြီးမှ သူ့ အသံကို သိပ် မမှတ်မိစေလိုသဖြင့် ခပ်မဆိတ်ပင် နေလိုက်သည်။ မမသည် ဧည့်ခန်းထဲတွင် ထိုင်ရမည်ကို သတိ မရဘဲ သားကို တွေ့လိုစောဖြင့် ယောင်ယမ်းကာ အိမ်ပေါ်ထပ် တက်သော လှေကားဆီသို့ လျှောက်သွားမိသည်။

အစေခံ ယောကျ်ားသည် အံ့အားသင့်သလို မမကို ကြည့်နေသည်။

ခဏ ကြာလျှင်

'ဧည့်ခန်းထဲကို ကြွပါ ခင်ဗျာ၊ နိုးပါပြီ၊ ထမင်းစားခန်းထဲမှာ ကော်ဖီ သောက်နေပါတယ်၊ ခုပဲ လာပါလိမ့်မယ်'

မမသည် အပေါ်ထပ် လှေကားသို့ လှမ်းတော့မည့် ခြေလှမ်းများကို ရပ်ကာ လှေကားရင်းတွင် ရပ်နေမိသည်။ ထမင်းစားခန်းထဲမှ တူးတူး၏ စကားပြောသံကို ကြားရသည်။ အသံ ကြားလိုက်ရသည်နှင့် မမသည် တူးတူးကို မျက်စိထဲတွင် မြင်ယောင်လာသည်။

'ကိစ္စ မရှိပါဘူး၊ ထမင်းစားခန်းထဲ သွားတာပေါ့'

မမသည် လှေကား ဘေးမှ ကွေ့ကာ ထမင်းစားခန်းထဲသို့ ဝင်လာခဲ့သည်။ တူးတူးမှာ စားပွဲတွင် ထိုင်ကာ ကော်ဖီ သောက်ရင်း ကာတွန်း စာအုပ်ကို ကြည့်နေ၏။

'သား တူးတူး'

မမသည် အသည်းထဲ နှလုံးထဲက ထွက်လာသော အသံဖြင့် အားရပါးရ ခေါ်ရင်း တူးတူးထံသို့ လျှောက်လာခဲ့သည်။ တူးတူးမှာ ပိန်ချုံးနေသည်။ ဆံပင်ကလည်း ရှည်နေသဖြင့် ညှဉ်းသိုးသိုး ဖြစ်နေသည်။

'သား'

တူးတူးသည် ကာတွန်း စာအုပ်ကို ဖတ်နေရာမှ မော်ကြည့်လိုက်မိသည်။ မျက်မှန်နက်ကြီး တပ်ထားသော အသွင် တစ်မျိုး ပြောင်းနေသော မမကို စူးစူး အတော် ကြာမျှ ငေးကြည့်နေသည်။

'သား တူးတူး မေမေလေ'

မမသည် မောသံကြီးဖြင့် ပြောကာ တူးတူးကို ဖက်လိုက်သည်။ မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလာကြသည်။

'မေမေ'

သည်တော့မှ တူးတူးက မမကို ခေါ်ကာ ပြန်ဖက်ထားလိုက်သည်။

မမသည် တူးတူးကို ပွေ့ချီကာ အားရပါးရ နမ်းရှုပ် နေမိလေသည်။ နောက် တူးတူး၏ မျက်နှာ၊ ဆံပင်၊ လက်မောင်းတို့ကို လက်ဖြင့် စမ်းသပ်နေသည်။

'မေမေ့ကို မှတ်မိတယ်နော် သား'

မမက မျက်ရည်တွေ ပြည့်လျှမ်းနေရာက တူးတူး မျက်နှာကို မော့ယူ၍ ကြည့်ရင်း ပြောလိုက်သည်။

'မှတ်မိပါတယ် မေမေရဲ့၊ ဘာဖြစ်လို့ ငိုတာလဲ မေမေ ဟင်'

'မငိုပါဘူး သားရယ်၊ မေမေ မငိုပါဘူး၊ သားကို မြင်ရတော့ ဝမ်းသာလွန်းလို့ပါ'

မမက မျက်ရည်များ သုတ်ကာ အားယူ၍ ပြုံးရင်း ပြောနေသည်။ ရင်ထဲတွင် တလိပ်လိပ် တက်လာသော ငိုချင်စိတ်ကို ချုပ်တည်း၍ ပြောလိုက်ရသော မမ အသံမှာ တုန်ယင်လျက် ရှိသည်။

မမသည် ဖရိုဖရဲ ဝတ်စားထားသော တူးတူးကို ကြည့်၍ ရင်ထုမနာ ဖြစ်နေသည်။

'မေမေ မရှိတော့ သားကို ဘယ်သူ အဝတ် လဲပေးသလဲ ဟင်'

'ကိုအောင်စိန် လဲပေးတယ် မေမေ၊ ကိုအောင်စိန်က မေမေ မရှိမှ ခေါ်ထားတာ မေမေရဲ့၊ ခင်မေတို့ကိုလည်း ခု မထားတော့ဘူး၊ မောင်းထုတ် ပစ်လိုက်ပြီ၊ ဖေဖေက အိမ်မှာ မိန်းမ အစေခံ မထားဘူးတဲ့၊ မေမေတို့ ဘယ်မှာ သွားနေသလဲ ဟင်၊ ဒီတစ်ခါ မေမေ ဘယ်ကိုမှ မသွားရတော့ဘူးနော်'

တူးတူးက မမကို အားရပါးရ ဖက်ထားလိုက်သည်။

'သားက မေမေ ဘယ် သွားနေတယ်လို့ ထင်လို့လဲ သားရဲ့၊ မေမေ သေပြီလို့ရော မထင်ဘူးလား'





'ဟင့်အင်း၊ အန်ကယ် ဦးသက်ဆွေနှင့် သွားနေတယ်လို့ ကိုအောင်စိန်က ပြောတယ်၊ ဖေဖေကတော့ မေမေ့ အကြောင်း မပြောရဘူးတဲ့၊ ဖေဖေနှင့် မေမေ ရန်ဖြစ်သလားဟင် မေမေ'

'မဖြစ်ပါဘူး သားရယ်၊ ဘာမှ မဖြစ်ပါဘူး'

မမမှာ မျက်နှာ ညှိုးကျသွားသည်။

တူးတူးက ခေါင်းကို ယမ်းလိုက်ရင်း

'ဟင့်အင်း၊ တူးတူး သိတယ်၊ ဖေဖေနှင့် မေမေ ရန်ဖြစ်တယ်၊ တူးတူး သိတယ်'

တူးတူးက မမ ရင်ခွင်ထဲသို့ ခေါင်းဝှေ့၍ ဝင်ကာ ပြောနေလေသည်။

# ၄

ကိုအောင်စိန်သည် အိမ်သို့ နံနက် စောစော ရောက်ရှိလာသော မိန်းမကို ဘယ်သူ ဘယ်ဝါဟု ဝေခွဲ၍ မရအောင် ဖြစ်နေသည်။ သို့ရာတွင် တူးတူးနှင့် ပြောဆိုကြပုံကို အပေါက်ဝမှ ကြားလိုက်ရသော အခါတွင် တူးတူးနှင့် ပြောဆိုနေပြီး ရှုပ်ပစ်သွားသော တူးတူး မေမေ ဖြစ်ကြောင်းကို သိလာပေသည်။

ကိုအောင်စိန်သည် တူးတူးနှင့် မမ၏ အနားကို သွားရပ်နေရမည်လား၊ သို့မဟုတ် အပေါ်ထပ်သို့ တက်၍ ဦးသက်ထွန်းအား သွားပြောရလေမလားဟု ဝေခွဲမရအောင် ဖြစ်နေမိသည်။ နောက်ဆုံးတွင် သူ့ ဝတ္တရားမှာ တူးတူးနှင့် လာတွေ့နေသူမှာ ဘယ်သူ ဘယ်ဝါ ဖြစ်ကြောင်း စဉ်းစားရန် မဟုတ်ဘဲ တူးတူးအား ရေမိုး ချိုးပေးခြင်း၊ အဝတ်အစား လဲပေးခြင်း၊ ကျောင်းသို့ ပို့ခြင်းစသော လုပ်ငန်းများသာ ဖြစ်သည်ကို သတိရကာ ထမင်းစားခန်းထဲသို့ ဝင်လာခဲ့၏။

သို့ရာတွင် သားနှင့် မိခင်တို့ တတွတ်တွတ် ပြောဆိုနေကြပုံ၊ အားရပါးရ ပွေ့ဖက် နမ်းရှုပ်နေကြပုံကို မြင်ရသော အခါတွင်မူ စိတ်တစ်မျိုး ပြောင်းသွားပြန်သည်။

ထို့ကြောင့် ကိုအောင်စိန်သည် သက်ပြင်း တစ်ချက် မှုတ်ထုတ် ခေါင်းယမ်းကာ အပြင်သို့ ပြန်ထွက်လာခဲ့မိပြန်သည်။ နောက်ထပ် ဆယ်မိနစ်လောက်တော့ စောင့်ဦးမည်ဟု အောက်မေ့နေမိသည်။

အိမ်ရှိ ဒရိုင်ဘာမှ အစ ထမင်းချက် အဆုံး အစေခံ ငါးယောက်မှာ တစ်ယောက်နှင့် တစ်ယောက် တီးတိုး ပြောကာ တလှုပ်လှုပ် ဖြစ်နေကြသည်။ သူတို့ မတွေ့ဖူးသည့် အိမ်ရှင်မသည် ကိုအောင်စိန်၏ ခွင့်ပြုချက်ဖြင့် ဧည့်ခန်းထဲတွင်သာမက ထမင်းစားခန်းထဲသို့ပင် ရောက်ရှိလာကာ သား ဖြစ်သူနှင့် တွေ့ဆုံ နေကြသည်ကိုလည်း သိပြီး ဖြစ်နေကြသည်။ သူတို့၏ အိမ်ရှင်မကို မြန်မြန် အပြန် မခိုင်းလျှင် ကိုးနာရီ ထိုးသည်နှင့် ရေမိုးချိုးကာ အောက်ထပ်

[illegible]

“ကျုပ်လည်း အစက ဘယ်သိမလဲဗျ။ အထဲ ရောက်မှ သိတာ၊ [illegible] မထုတ်ရဲဘဲ သည်အတိုင်း ကြည့်နေရတာပေါ့၊ ခင်ဗျား နှင်ထုတ်ခဲ့ရင် [illegible] ထုတ်ချည်ပါလား”

“အို ကျုပ်နှင့် ဘာမှ မဆိုင်ဘူး”

ကိုအောင်စိန်သည် ဦးသက်ထွန်း သိလျှင် ဒုက္ခ ရောက်တော့မည့် အဖြစ်ကို ကြောက်လန့်လာကာ အတော်ကြာ စဉ်းစားပြီးမှ ထမင်းစားခန်းထဲသို့ ဝင်လာခဲ့သည်။

ကိုအောင်စိန် ထမင်းစားခန်းထဲသို့ ရောက်လာသော အခါတွင် တူးတူးသည် သူ့ မေမေအား သူတို့ ကျောင်းက ဖန်ဖဲယား အကြောင်းကို ပြောပြလျက် ရှိသည်။

မမသည် ထိုသို့ အားရပါးရ ပြောနေပုံကို ကြည့်၍ ပီတိ ဖြစ်နေသည်။ သို့ရာတွင် သူ့ သားနှင့် တွေ့ရခြင်းမှာ တခဏမျှသာ ဖြစ်၍ နောက် တခဏတွင် မမသည် သားကို ခွဲကာ ဤ အိမ်ကြီးမှ ပြန်ထွက် သွားရတော့မည်ကို တွေးမိသော အခါတွင် ပီတိ မဖြစ်နိုင်တော့ဘဲ တလှိုက်လှိုက် ငိုချင်လာမိပြန်သည်။

ကိုအောင်စိန်သည် ချောင်းဟန့်ကာ အနားသို့ ကပ်လာသည်။ မမသည် အစေခံတွေ အပြင်ဘက်တွင် ပြောနေကြသည်ကို တစ်စွန်း တစ်စ ကြားပြီး ဖြစ်သည်။

ကိုအောင်စိန် ဝင်လာကာ သူ့အား ပြန်ရန် ပြောတော့မည်ကိုလည်း ရိပ်မိလိုက်သည်။ သူသည် ကြာခင်တွင် သားကို ခွဲကာ ဤ အိမ်ကြီးမှ ပြန်ထွက်လာရတော့မည်ကိုလည်း သတိ ထားမိသည်။

သို့ရာတွင် မမသည် လူ ဝင်စ်ကာ ကျောက်ရုပ် ဖြစ်သွားသလို စကားလည်း မပြောနိုင်၊ ထလည်း မထနိုင်ဘဲ မလှုပ်မယှက် ထိုင်နေမိလေသည်။



[illegible]

သို့ရာတွင် တူးတူးသည် သူ့ မေမေ ပြောပြသည့် စကားများကို [illegible] နေသည်။ သူ့မေမေသည် သူ့ကို ဘယ်လောက် ချစ်ကြောင်းကို သူ သိသည်။ မေမေ ဘယ်လောက် စိတ် မချမ်းမသာ ဖြစ်နေရကြောင်းကိုလည်း သူ ရိပ်မိသည်။ ကိုအောင်စိန်က မမ အနားသို့ ကပ်၍ တီးတိုး ပြောနေစဉ်တွင် “တိုးနက်” ဆိုသော စကားကိုလည်း တစ်စွန်းတစ်စ ကြားလိုက်ရပြီ ဖြစ်ကာ သည်အချိန်မှာ သူ့ဖေဖေ ရုံးသွားရန် ပြင်ဆင်၍ ဆင်းလာသော အချိန် ဖြစ်ကြောင်းကိုလည်း သူ နားလည်လိုက်ပြီး ဖြစ်လေသည်။ သူ့ ဖေဖေနှင့် မေမေသည် မျက်နှာချင်း ဆိုင်၍ မဖြစ်ကြတော့မည့် အခြေအနေကိုလည်း နားလည်သလိုလို ရှိသည်။

သို့ရာတွင် တူးတူး နားမလည်သော အချက် တစ်ချက် ရှိသည်။ ယင်းမှာ သူ့ မေမေ၏ မျက်နှာတွင် စိုးရိမ် ထိတ်လန့်နေသည့် အမူအရာနှင့် ရှက်ရွံ့နေသည့် အမူအရာတို့ပင် ဖြစ်သည်။ သူ့ မေမေ၏ မျက်နှာတွင် သူ့ ဖေဖေကို ကြောက်လန့်ကာ တစ်စုံတစ်ရာကို ရှက်ရွံ့နေသည့် အမူအရာ ပေါ်နေသည်။ တူးတူးသည် သည်အကြောင်းကို သူ့ မေမေအား ဖွင့်မေးချင်သော်လည်း မမေးရက် မမေးရဲဘဲ ဖြစ်နေသည်။

‘မသွားပါနှင့်ဦးလား မေမေရယ်၊ ဖေဖေ မနိုးပါဘူး”

မမသည် တူးတူးကို ပခုံး နှစ်ဖက်မှ ကိုင်ကာ မျက်နှာကို သေသေချာချာ ငုံ့ကြည့်လိုက်မိသည်။

တူးတူး၏ မျက်နှာ အမူအရာမှာ သူ့ ဖေဖေ အကြောင်းကို မေးနေသလိုလို သူ့ မေမေကို မကျေနပ်သလိုလို အမူအရာမျိုး ဖြစ်နေသည်။

“သား သား၊ မင်း ဖေဖေကို ချစ်ပါကွယ်နော်၊ [illegible]

မမရေ အငြိမ်းစားယူပြီးမှ ... သားကို သား ကြီးလာတဲ့ အခါကျတော့ ... လိုက်မယ် ... သား'

'ကြွက်ဆိုး မေမေ မေမေ့ကို ချစ်တယ်၊ မေမေဟာ မေမေ့ အမေကြီး ... ကို ချစ်မှ တူတူကို ချစ်တယ်၊ တူတူး မေမေ့ကို မချစ်ဘူး။ ... မေမေ့ဆီနေ့'

တူးတူးက မမ ပေါင်ကို ဖက်၍ ငိုနေသည်။ မမသည် အဲဒီကို ကြည့်... စီးကျလာသော မျက်ရည်တွေကို စီးကျခွင့် မပေးဘဲ ချုပ်တည်း ထားလိုက်သည်။ သို့ရာတွင် မရပါတော့။

ထမင်းစားခန်းမှ ခြေသံ ကြားရတော့ ကိုမောင်မောင်သည် ပျာယီးပျာယာ လျှောက်လာသည်။

'မင်းကြီး နိုးပြီ၊ အပေါ်ထပ်က ခြေသံ ကြားတယ်'

ကိုမောင်မောင်သည် အသက်ရှူ မမှန်ဘဲ ပြောနေသည်။ တူးတူးသည် အလန့်တကြားဖြင့် မမ လက်မှ ရုန်းထွက်ကာ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ မမသည် မျက်ရည်တွေ စို့စွတ်နေသော တူးတူး၏ မျက်နှာကို ငုံ့ နမ်းကာ စားပွဲပေါ်က အထုပ်ကို လည်းကောင်း၊ လက်ပွေ့အိတ်ကို လည်းကောင်း ကောက်ပြီး အပြင်ဘက်သို့ ပြေးထွက်လာခဲ့၏။

လှေကားရင်းတွင် မားမားကြီး ရပ်နေသော ဦးသက်ထွန်းကို မြင်လိုက်ရသော အခါတွင် မမ၏ တစ်ကိုယ်လုံးမှာ လျှပ်စစ်ဓာတ်ဖြင့် တို့၍ ဆွဲလိုက်သလို ဖြစ်သွားပြီး တွေတွေကြီး ရပ်နေမိကာ ဦးသက်ထွန်းအား တစ်ချက်မျှ မော့မရဲ လှမ်းကြည့်လိုက်သည်။ ဦးသက်ထွန်းသည် မျက်မှောင်ကြီး ကုတ်ကာ ရွံ့အားသင့်သလို မော့ကြည့်နေပြီးမှ မျက်နှာကို လွှဲထားလိုက်သည်။

ဦးသက်ထွန်းသည် သူ့ထက် သဘော ကောင်းသူ၊ သနား ငဲ့ညှာတတ်သူဟု တူးတူးအား ကြောခင်ကမှ ပြောခဲ့သော်လည်း ဦးသက်ထွန်းကို ပြက်ပြက်ထင်ထင် မြင်လိုက်ရသော အခါတွင် မမသည် သူ့ကို မုန်းတီး စက်ဆုပ်၍ လာသည်။ ကလေးကို သိမ်းပိုက်ခွင့် ရထားသူ ဟူ၍လည်း ရင်ထဲတွင် မနာလို စိတ်လို ဖြစ်လာသည်။

မမသည် ချက်ချင်း သတိရလာကာ မျက်မှန်နက်ကို စွပ်လိုက်ပြီး အိမ်ပြင်ဘက်သို့ ပြေးထွက်လာခဲ့လေသည်။

သူ့ လက်ထဲတွင် ကလေးရော သေတ္တာကြီးမှာ စွဲ၍ မပေးခဲ့ရသော ပြိုချ ပါလာသည်။ မမသည် အိမ်ပြင် ရောက်ခါမှ သတိထားမိလေတော့သည်။



## ၁

တူးတူးကို သွား၍ မတွေ့ခင်တုန်းကတော့ မမသည် သည်မျှလောက် စိတ်ထိခိုက်လိမ့်မည်ဟု မမျှော်လင့်ခဲ့ပေ။ သို့ရာတွင် အိမ်သို့ ပြန်ရောက်တော့မှ သူ့သားနှင့် တွေ့ခဲ့ရသည့် အဖြစ်သည် ဘယ်လောက် ရင်နာစရာ ကောင်းသည်ကို သတိထားမိလာခဲ့သည်။ သားနှင့် ခွဲပြီး ယခု ပြန်ရောက်လာတော့ ရင်ထဲတွင် ဟာတာတာကြီး ဖြစ်ကာ နေမထိ ထိုင်မထိ ဖြစ်နေလေသည်။

မမသည် အဝတ်အစားကိုပင် မလဲနိုင်ဘဲ ခုတင်ပေါ်တွင် ပစ်၍ လှဲချလိုက်မိလေသည်။ သူ့ နှလုံးသည် တဒိတ်ဒိတ် ခုန်နေသည်ကို ခံစားလိုက်မိသည်။ တူးတူးနှင့် လည်းကောင်း၊ ဦးသက်ထွန်းနှင့် လည်းကောင်း တွေ့ခဲ့ရတုန်းက မမသည် တစ်ကိုယ်လုံး ထုံပူကာ ကိုယ့်ကိုယ်ကိုယ်ပင် သတိ မထားနိုင်ဘဲ သညာ ကင်းမဲ့သူလို ဖြစ်ခဲ့သည်။ အိမ်သို့ ပြန်ရောက်တော့မှ ကန်တော်ကြီးစောင်းရှိ ဦးသက်ထွန်း၏ အိမ်ကြီးသို့ ဘယ်ပုံ ရောက်၍ အိမ်ကြီးထဲမှ ဘယ်ပုံ ပြန်ထွက်လာခဲ့ကြောင်းကို ပြန်လည် စဉ်းစားမိလေသည်။

မမသည် မော်လမြိုင်ဘက်မှ ခေါ်လာသည့် အစေခံမကလေး ပေးလာသော နံနက်စာ ကော်ဖီနှင့် ပေါင်မုန့် ထောပတ်သုတ်ကို မစားတော့ဘဲ ပြန်ယူသွားရန် ပြောလိုက်ပြီး ကရင်မ နာနီကြီး လာပေးသော သမီးငယ်ကိုမူ ပွေ့၍ ချီလိုက်သည်။

သမီးကလေးမှာ ဖြူဖြူထွားထွား မျက်နှာဝိုင်းကလေး ဖြစ်လေသည်။ မေမေ့ကို မြင်သည်နှင့် အရစ် အရစ် ထနေအောင် ပြည့်ဖြိုး တစ်ရစ်ကာ နီ ဆင်းနေသော လက်ကလေး နှစ်ဖက်ကို လှမ်းလိုက်ပြီး ပြုံးရယ်နေသည်။ သွားပေါက်စေသေးသဖြင့် သမီးကလေး၏ အပြုံးမှာ ပို၍ ချစ်စရာ ဖြစ်နေလေသည်။

မမသည် သမီးငယ်ကို မြင်လိုက်တော့မှ စိတ် နောက်ကျိခြင်းမှ သက်သာရာ ရသလို ဖြစ်သွားသည်။ မမသည် သမီးငယ်၏ အပြုံးကို မြင်လိုက်သွင်ပြီး မရယ်ဘဲ မနေနိုင်တော့ပေ။

မမသည် သမီးငယ်ကို မွေ့ရှိုက်လိုက်ပြီး ပါးပြင် နဖူး လည်ပင်းတို့ကို ကမြတ်မြတ် မြည်အောင် နှုတ်ခမ်းဖြင့် စုပ်နမ်းနေမိလေသည်။

ရင်နှစ်သည်းချာကို ချစ်သော မေတ္တာစိတ်သည် မမ၏ ပူလောင်နေသော နှလုံးသားကို အေးမြလာစေပေသည်။ သို့တိုင်အောင် သမီးငယ်ကို မြင်လိုက်ရသည့် ရင်ထဲတွင် ပေါ်လာသော ခံစားချက်သည် တူးတူးအား မြင်လိုက်ရသော အခါက ပေါ်လာသော ခံစားချက်နှင့် နှိုင်းစာလိုက်ပါလျှင် လေးလေးပင်ပင် ရှိသလို ဖြစ်နေသည်ကို မမ သတိထားလိုက်မိသည်။

သမီးငယ်သည် အပြစ် ကင်း၍ နှစ်လို ချစ်ခင်စဖွယ်ပင် ဖြစ်သော်လည်း မမ၏ ရင်ထဲတွင်မူကား ဘာကြောင့် ဟူ၍ မသိဘဲ တူးတူးကို ချစ်သလောက် နှစ်နှစ်ကာကာ မရှိလှသည်ကို တွေ့လာရလေသည်။

မမသည် သူ ချစ် နှစ်သက်သော ဦးသက်ထွန်းနှင့် ပေါင်းဖက်ခဲ့ပြီး [illegible] အကျိုး ထူးထူးကို မွေးဖွားလာခဲ့ခြင်း ဖြစ်သော်လည်း သားဦး ဖြစ်သူ တူးတူး ကို အသည်းနှင့် တသားတည်း ကျနေအောင် ချစ်သည်။ အိမ်ထောင်ရေးနှင့် [illegible] သက်၍ စိတ်ညစ်ရသော ကြားထဲမှ မွေးထွက်လာသော သမီးငယ်ကိုမူ [illegible] ချစ်သူ ကိုသက်ဆွေနှင့် ပေါင်းဖော်ခြင်းဖြင့် မွေးဖွား လာခဲ့သည့် [illegible] လည်း နှစ်နှစ်ကာကာ မရှိလှသည်ကို ကိုယ့်ဘာသာ ကိုယ် သတိ ထားမိ လေသည်။

မမသည် သမီးငယ်ကို နမ်းရှုပ်လိုက်ပြီးနောက် ကရင်မ နာနီကြီးအား ပြန် ပေးလိုက်သည်။ ကရင်မ နာနီကြီးက ကလေးကို ချီ၍ ပြန်ထွက်သွားသည်နှင့် မမသည် အပေါ်ထပ် ဧည့်ခန်းသို့ ထွက်လာခဲ့ကာ စားပွဲ အောက်ရှိ အံဆွဲ [illegible] ကို လှန်ပြီး သမီးလေး အရွယ်လောက်က ရိုက်ထားသော တူးတူး၏ ဓာတ်ပုံကို ရှာရှာ ကြည့်နေမိသည်။ ထို့နောက် တစ်ဖန် တူးတူး အရွယ် အမျိုးမျိုးတွင် ရိုက်ထားသော ဓာတ်ပုံများကို အယ်လ်ဘမ်တွင် လှန်လှော ကြည့် နေမိသည်။

မမသည် တူးတူး၏ ဓာတ်ပုံများကို နှိုင်းယှဉ် ကြည့်ချင်လာသဖြင့် ဓာတ်ပုံများကို အယ်လ်ဘမ်ထဲမှ ဖြုတ်ယူကာ စားပွဲပေါ်တွင် စီတန်း၍ ရှု ကြည့်နေမိသည်။

နောက်ဆုံး ရိုက်ထားသည့် တူးတူး၏ ဓာတ်ပုံကို ဖြုတ်ယူသော အခါ တွင်ကား စောစောက ဓာတ်ပုံများကို ဖြုတ်ရသလောက် မလွယ်တော့ဘဲ အခက် တွေ့နေသည်။





မမသည် သေးသွယ် နုထွေးသော လက်ချောင်းများဖြင့် ဖြုတ်ယူသော် လည်း ဓာတ်ပုံမှာ တစ်စုံတစ်ခုနှင့် ငြိတွယ်နေသဖြင့် ဖြုတ်မရဘဲ ဖြစ်နေလေသည်။ ထို့ကြောင့် တူးတူး၏ ဓာတ်ပုံ ကပ်ထားသည့် စာရွက်ကြားတွင် ညှပ်လျက် ဖြစ်နေသော ပို့စကတ်ဆိုဒ် ဓာတ်ပုံကြီး တစ်ပုံကို [illegible] ဖြင့် တူးတူး၏ ဓာတ်ပုံကလေးကို ကော်ထုတ်လိုက်သည်။ တူးတူး ဓာတ်ပုံကို ဖြုတ်ပြီး ပို့စကတ်ဆိုဒ် ဓာတ်ပုံကြီးကို လှန်ကြည့်လိုက်သော အခါ [illegible] ကုန်းက ရိုက်လာခဲ့သော ကိုသက်ဆွေ၏ ပုံကြီး ဖြစ်နေသည်ကို တွေ့ လိုက်ရလေသည်။

သည်တော့မှ မမသည် ကိုသက်ဆွေကို သတိရတော့သည်။

ယနေ့ တစ်မနက်လုံး မမသည် တူးတူး အကြောင်းကိုသာ စဉ်းစားနေ [illegible] ကိုသက်ဆွေကို လုံးဝ သတိ မရမိ [illegible]။ ယခု ဓာတ်ပုံကို မြင် လိုက်ရသော အခါတွင်မူကား သူနှင့် သူ့သားကြီး တူးတူး၏ အကြားတွင် ကို သက်ဆွေသည် တောင်ကြီးပမာ ကာဆီးနေသည်ကို [illegible]

[illegible]

ကိုသက်ဆွေသည် [illegible] ထွက်သွားလေသည်။ [illegible]

ခဏ ကြာလျှင် အစေခံကလေး ပြန်ရောက်လာကာ [illegible] သက်ဆွေ၏ မိတ်ဆွေ [illegible] တစ်ယောက် ရောက်နေကြောင်း [illegible] ဖြစ်ကြောင်း ပြောလေ၏။

ကိုသက်ဆွေသည် မနေ့ည ကတည်းက မမက စကား ပြောမည် ကြံ တိုင်း ရှောင်ဖယ်ဖယ် လုပ်နေခဲ့သည်။ ယခုလည်း စကား ပြောရန် အခေါ် လွှတ်သည်ကို ခေါ်သည်နှင့် အတူ တက်လာမည် ဆိုနေပြန်သဖြင့် သူ စကား

[illegible]

[illegible] တစ်ယောက်ကို အပေါ် ဓါးဆောင်လာသည်ကိုလည်း သတိမကောင်း [illegible]

လေသည်။

ကိုသက်ဆွေသည် သူ့အား မချစ်တော့ပါဟု ဆိုလျှင် ပြောင်မြှင့်၍ [illegible] သင့်သည်။

သို့မှသာ မမသည် သူ့ဘဝ ရှေ့ခန်းတွင် ဘယ်လို လှမ်းရမည်ကို ကြိုတင် စဉ်းစားနိုင်ပေလိမ့်မည်ဟု မမ ယူဆမိလေသည်။

အကယ်၍ ကိုသက်ဆွေကပါ စွန့်ခွာလိုက်လျှင် သူ့ ဘဝသည် ဘယ် [illegible] အခြေသို့ ရောက်တော့မည်ကို မမသည် မစဉ်းစားရဲလောက်အောင်ပင် ဖြစ် [illegible] နေသည်။

မမသည် အတွေးမျှင်များကို ရပ်သိမ်းလိုက်ကာ အခန်းထဲသို့ ပြန်ဝင်ပြီး မှန်ရှေ့တွင် ရပ်လျက် ကိုသက်ဆွေ အမက်မောဆုံးသော အပြင်အဆင်မျိုးကို ရအောင် ပြင်ဆင် ဖြီးလိမ်းကာ အိမ်ရှေ့ ဧည့်ခန်းထဲသို့ ထွက်လာခဲ့သည်တွင် အောက်ထပ်မှ တက်လာသော ကိုသက်ဆွေတို့နှင့် လှေကားဝတွင် သွားတွေ့ကာ အတူတူ ဧည့်ခန်းသို့ ဝင်လာခဲ့ကြသည်။

သုံးယောက်သား ဧည့်ခန်းတွင် ထိုင်မိကြတော့မှ မမက ကိုသက်ဆွေ၏ မိတ်ဆွေ ကထိက ကိုမြင့်တင်နှင့် စကား စမြည် ပြောဆိုနေလေသည်။

ကိုသက်ဆွေကမူ ဘာတစ်လုံးမျှ ဝင်၍ စွက်ဖက်ခြင်း မပြုဘဲ စားပွဲပေါ်တွင် စောစောက မမ တန်းစီချထားသော တူးတူး ဓာတ်ပုံများကို မျက်မှောင်ကုတ်၍ ကြည့်နေ၏။





[illegible]

[illegible] ကိုမြင့်တင် [illegible]

လေသည်။

နှစ်ယောက်တည်း ကျန်ရစ်ခဲ့တော့မှ မမက ကိုသက်ဆွေ၏ [illegible] လိုက်ကာ သူ၏ ခါးကို အသာ [illegible]

'မောင်ပါ အိမ်မှာ ထမင်း စားစေချင်လို့ ကိုမြင့်တင်ကို ထမင်းစား ဖိတ်လိုက်တာ၊ မောင် မမကို စိတ်ဆိုးနေပြီလား'

'မဆိုးပါဘူး မမရဲ့၊ ဘာဆိုးစရာ ရှိသလဲ'

ကိုသက်ဆွေက မမ၏ ပါးပြင်ကို မွှေးလိုက်သည်။

'ပြီးတော့ မောင့်ကိုလည်း စကား ပြောစရာ ရှိတယ်'

မမက မျက်နှာကို လွှဲထားလိုက်လေသည်။ မမသည် စိတ်ထဲက သံသယ ရှိနေ၍သာ ပြောရသော်လည်း ကိုသက်ဆွေ၏ ချိုသာ နူးညံ့သော မျက်နှာကို မြင်ရသော အခါ သူ့ သံသယကို ဖွင့်၍ မမေးရက်အောင် ဖြစ်နေသည်။ ထို့ကြောင့် မျက်နှာကို တစ်ဖက်သို့ လွှဲထားခြင်း ဖြစ်ပေသည်။

'ဘာများ ထူးထူးထွေထွေ ပြောစရာ ရှိလို့လဲ မမ'

'သြော် တခြား မဟုတ်ပါဘူး၊ မောင်ဟာ မမကို အရင်တုန်းကလို ချစ်သေးရဲ့လားလို့ မေးချင်လို့ပါ၊ ပြီးတော့ မမလည်း ရန်ကုန်မှာ ကြာကြာ မနေ

ချင်ဘူး မောင်၊ ရန်ကုန်မှာ မမ အဖို့ ငရဲဘုံကြီးလိုပဲ၊ မမ ဒီက ပြေးချင်ပြီ၊ မောင်နဲ့ အတူ လူတွေနဲ့ ဝေးရာကို သွားနေချင်လှပြီ၊ မေမြို့က မောင့် အစ်ကို အိမ်ကို သွားနေမယ်ဆို၊ မောင် တစ်ခါက ပြောတာ မှတ်မိသေးသလား၊ သွားရင်လည်း သွားကြပါစို့ မောင်ရယ်၊ ဒီမှာ ကြာကြာ နေရင် မမ သေလိမ့်မယ် ထင်တယ်"

"သွားပါမယ် မမရယ်၊ မမ စိတ်ချမ်းသာမယ် ဆိုရင် ငရဲတောင် လိုက်ရ လိုက်ရလို့ မောင် ပြောထားဖူးတယ် မဟုတ်လား၊ ဒီမှာ မောင့် ကိစ္စကလေးတွေ မပြီးပြတ်သေးလို့ပါကွယ် ဟုတ်လား၊ ခုတောင် ပါမောက္ခက ခေါ်ထားလို့ မောင် သွားဦးမယ်နော်၊ ဟုတ်လား"



## ၆

ကိုသက်ဆွေသည် ပါမောက္ခနှင့် တွေ့ကာ အင်းလျားအိမ်သို့ ပြန်လာခဲ့လေသည်။ ပါမောက္ခက ကိုသက်ဆွေအား စာမေးပွဲ အဖြေလွှာများကို စစ်ဆေးရန် အတွက် ကိုသက်ဆွေအား ခွဲဝေပေးခဲ့ရာတွင် ကိုသက်ဆွေက ငြင်းပယ်ခဲ့သည့် ကိစ္စနှင့် ပတ်သက်၍ ထုချေခိုင်းလေသည်။

ကိုသက်ဆွေသည် အကြောင်း အမျိုးမျိုး ပြကာ ပါမောက္ခအား ထုချေခဲ့သည်။ သို့ရာတွင် ပါမောက္ခမှာ ကျေနပ်ပုံ မရဘဲ နောင်တွင် ဤလို ဌာနအကြီးအကဲ၏ အမိန့်ကို ငြင်းပယ်ပါက ပါမောက္ခချုပ်သို့ တင်ပြမည် ဖြစ်ကြောင်း၊ တက္ကသိုလ် ကထိက တစ်ယောက်သည် သူနှင့် ထိုက်တန်သော တာဝန်ကို ဆောင်ရွက်ရမည်သာ ဖြစ်ကြောင်း၊ တာဝန် ပျက်ကွက်ခြင်းသည် တစ်နေ့တွင် ကိုသက်ဆွေ၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်လာနိုင်ကြောင်း၊ ယခု အချိန်တွင် အဖြေလွှာများ စစ်ဆေးရေးမှာ အရေးကြီး နေသဖြင့် အဖြေလွှာများကို နက်ဖြန် အပြီး စစ်ဆေးပေးစေလိုကြောင်းများဖြင့် ရှည်လျားစွာ ပြောကာ သတိ ပေး၍ အဖြေလွှာထုပ်များကိုလည်း ပေးလိုက်သည်။

ပါမောက္ခသည် ကိုသက်ဆွေ၏ ကိုယ်ရေးကိုယ်တာ ပြဿနာများကို ရည်ညွှန်း ပြောဆိုခြင်း မပြုသော်လည်း သွယ်ဝိုက်၍ လိမ္မာ ပါးနပ်စွာ သတိ ပေးသွားကြောင်းကို ကိုသက်ဆွေသည် သတိ ထားလိုက်မိလေသည်။

အိမ်သို့ ကိုသက်ဆွေ ပြန်ရောက်သော အခါ မမကို မတွေ့ရပေ။ ကိုသက်ဆွေ ထွက်သွားပြီးနောက် မကြာခင်တွင်ပင် မမထံသို့ အမျိုးသမီး မိတ်ဆွေ တစ်ဦး ရောက်လာကာ ထိုမိတ်ဆွေနှင့် ထွက်သွားကြောင်းကို သိရလေသည်။ ကိုသက်ဆွေသည် ရုတ်တရက် ဒေါပွ သွားလေသည်။ တကယ် ဆိုလျှင် မမသည် ဘယ်ကို သွားမည် ဆိုသည့် အကြောင်းလောက်ကို မှာထားခဲ့ဖို့ ကောင်းသည် မဟုတ်ပါလော။ အရေးကြီးလွန်း၍ သွားလျှင်လည်း ခပ်မြန်မြန် လာဖို့ ကောင်းသည် မဟုတ်ပါလော။ ထိုမျှမက မမသည် ယနေ့ တစ်နေ့လုံး ကိုသက်

ဆွေအား ဘာမျှ ပြောဆို တိုင်ပင်ခြင်း မရှိဘဲ သူ သွားလိုရာသို့ စည်း မရှိ ထွက်သွားနေခဲ့သည်။

သူတို့၏ ဓာတ်ပုံများကို ကိုင်ကြည့်တုန်းကလည်း ကိုသက်ဆွေအား ပြ သူ ရှုံ့ဘက်ကြီးပမာ ကြည့်ခွင့် မပေးဘဲ ဧည့်သည် ရှေ့ တွင်ပင် မရှောင်နိုင် ဘဲ မျက်နှာသိ မျက်နှာထားဖြင့် ဓာတ်ပုံကို ဆွဲယူသွားခဲ့သည်။

ကိုသက်ဆွေသည် မမ၏ အပြုအမူကို တွေးရင်း ဒေါသ ထွက်သည်ထက် ထွက်လာလေသည်။

ထို့ကြောင့် နောက်နောင်တွင် ယခုကဲ့သို့ လက်လွှတ်စပယ် သွားလာ လိုင်ခြင်း မပြုရန် ပြောင်ပြောင်တင်းတင်း ဖွင့်ပြောမှ ဖြစ်တော့မည်ဟု ယူဆ လိုက်မိပြီး ဧည့်ခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်ရင်း မမ ပြန် အလာကို စောင့်နေမိလေသည်။

အချိန် အတော်ကြီး ကြာမှ မမသည် အိမ်သို့ ပြန်ရောက်လာသည်။ သို့ရာ တွင် သူ တစ်ယောက်တည်း မဟုတ်ဘဲ ဒေါ်မြမြမေပါ ပါလာသဖြင့် ကိုသက် ဆွေမှာ မပြောသာတော့ဘဲ နှုတ်ပိတ်၍ နေလိုက်ရလေသည်။ စောစောက လာ ရောက် လည်ပတ်၍ မမနှင့် အတူ ထွက်သွားသူမှာ ဒေါ်မြမြမေပင် ဖြစ်လေ သည်။

မမသည် မျက်စိ မျက်နှာ ပျက်ကာ စိတ် အလို မကျဟန် ဖြစ်နေသော ကိုသက်ဆွေကို လုံးဝ သတိ မမူဘဲ ဗိုလ်ချုပ်ဈေးမှ သူတို့ ဈေးဝယ် လာခဲ့ သည့် အကြောင်းများကိုသာ ပြောပြနေလေသည်။ ကိုသက်ဆွေသည် မမ၏ အမူအရာတွေကို ကြည့်၍ တစ်မျိုးတစ်ဖုံ ပြောင်းလဲနေသည့် အဖြစ်ကို အကဲ ခတ် နေမိသည်။ မမနှင့် သူ စတင် တွေ့ကြတုန်းကတော့ ကိုသက်ဆွေသည် မမ၏ ဟန်ပန်များကို ကြည့်ရှု နှစ်သိမ့်မိသော်လည်း ယခုတော့ မမ၏ ဟန်ပန် များကို ကြည့်ကာ စိတ်ထဲတွင် နောက်ကျိ ရှုပ်ထွေးကာ ထိတ်လန့်သလိုလို ဖြစ်လာလေသည်။

ညနေ ခြောက်နာရီ ထိုးသည်နှင့် ကိုမြင့်တင်နှင့် သူ့မိတ်ဆွေ လက်ထောက် ကထိက တစ်ဦးပါ ရောက်လာကြကာ ထမင်းစားကြလေသည်။ အမေရိကန် ဘဲလေးကို သွားကြည့်ကြမည့် အကြောင်း စကား စပ်ကာ ကိုမြင့်တင်က လက်မှတ်များ ဝယ်လာကြောင်း ပြောလိုက်သည်နှင့် ကိုသက်ဆွေမှာ မျက်နှာ တစ်ချက် ပျက်သွားကာ သူ့တွင် အဖြေလွှာများကို အမြန်ဆုံး စစ်ဆေးပေးရန် ပါမောက္ခက ခိုင်းထားသဖြင့် လိုက်နိုင်မည် မဟုတ်ကြောင်း ပြန်ပြောလိုက်





သည်။ ကိုမြင့်တင်မှာ အားနာသွားကာ လိုက်ဖို့ရန် အတန်တန် တောင်းပန် လေသည်။ ကိုမြင့်တင်သာမက ဒေါ်မြမြမေနှင့် ကိုမြင့်တင် သူငယ်ချင်းကပါ အတန်တန် တောင်းပန်ကြလေသည်။ သို့ရာတွင် မမကမူကား တစ်လုံး တစ် ပါဒမျှ ဝင်ရောက် ပြောဆိုခြင်း မပြုသည်ကို ကိုသက်ဆွေ သတိ ထားလိုက်မိ လေသည်။

ထမင်း စားသောက်ပြီးကြ၍ ဧည့်သည်များ အားလုံး ဧည့်ခန်းတွင် ခေတ္တ ထိုင်ကြစဉ်က မမသည် အဝတ်အစား လဲရန် အပေါ်ထပ်သို့ တက်သွားလေသည်။ ကိုသက်ဆွေသည် ဧည့်သည်များနှင့်သာ စကားပြော နေရစ်ခဲ့သော်လည်း စိတ်ထဲတွင်ကား ယောက်ယက်ခတ်လျက် ရှိသည်။

သူ့ယောက်ျားကို အကြောင်း ပြကာ မမအား ခပ်ဖယ်ဖယ် လုပ်နေခဲ့သည့် ဒေါ်မြမြမေသည် ယနေ့ ညတွင် မမထံသို့ ဘာကြောင့် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရသနည်းဟုလည်း စဉ်းစားနေမိသည်။ နံနက်တုန်းက အမေရိကန် ဘဲလေးကို သွားကြည့်မည်ဟု ပြောစဉ်က ကိုသက်ဆွေသည် တကယ် ကြည့် ဖြစ်မည် မဟုတ်သေးဟု ထင်ကာ ဘာမျှ မပြောဘဲ နှုတ်ပိတ်ရေငုံ နေခဲ့သည်။

ပေါင်းဟောင်းသင်းဟောင်းများကို ရှောင်ပုန်းနေခဲ့သော မမသည် ပေါင်း ဟောင်းသင်းဟောင်းများနှင့် ဒက်ထိကြီး သွား၍ ဆုံမည် ဖြစ်သော အမေရိကန် ကပွဲကို သွားမည်ဟု ပြောခဲ့ခြင်းမှာ ပါးစပ် ရှိ၍သာ ပြောခြင်းမျှသာ ဖြစ်၍ တကယ် သွားဖြစ်လိမ့်မည် ဆိုသော အခါ ကိုသက်ဆွေသည် မမ၏ အပြုအမူ တွေကို နားမလည်အောင် ဖြစ်လာသည်။

ဧည့်သည်များနှင့် စကားစ ပြတ်သည်နှင့် ကိုသက်ဆွေသည် မသိမသာ ထလာကာ အိမ်ပေါ်ထပ်သို့ တက်လာခဲ့သည်။ မမနှင့် လှေကားထိပ်တွင် ဆုံမိ ကြလေသည်။ မမမှာ နှင်းပန်းရောင် ဇာပေါက် နိုင်လွန် လက်စကနှင့် အနက် ဖိန်းတွင် ရွှေနှယ် ရွှေပွင့်တို့ ခြယ်ထားသော ဘရိုကိတ် ထဘီကို ဝတ်ထားလျက် ပိုးဇာပဝါ ဖြူဖြူကို ကျောတွင် သိုင်းကာ ချိုင်းကြားမှ လျှို၍ ထုတ်ပြီး လက် မောင်း နှစ်ဖက်ပေါ်တွင် တင်ထားလေသည်။

မမ၏ ရဲရင့်သော အလှသည် ထင်းထင်းကြီး ပေါ်နေလေသည်။

'မမ တကယ် သွားကြည့်မလို့လားဟင် မမ'

ကိုသက်ဆွေက မမကို မကြည့်ဘဲ မျက်နှာ လွှဲ၍ မေးလိုက်သည်။ မမ သည် ကိုသက်ဆွေက သူ့ကို မကြည့်ဘဲ မျက်နှာ လွှဲထားသည်ကို သတိ ထား လိုက်မိသဖြင့် ဒေါပွ သွားမိပြန်သည်။

'ဟုတ်တယ် မောင် သွားမလို့၊ မမ သွားတာဟာ သေမင်းပြည် သွားတာ မဟုတ်ပါဘူး၊ ဘာဖြစ်လို့ ဒီလောက် ဖြစ်နေရတာလဲ'

'ဘာမှတော့ မဖြစ်ပါဘူး'

'မဖြစ်လည်း ပြီးတာပဲ၊ မမ သွားမယ်'

မမက လှေကားထစ်ကို နင်း၍ ဆင်းလိုက်သည်။ ကိုသက်ဆွေသည် ရှေ့ ခဲ့ လှည့်ကာ မမ လက်ကို လှမ်းဆွဲထားလိုက်လေသည်။

'မမ၊ ဒီနေ့ တစ်နေ့လုံး မမ ကြည့်ရတာ တစ်မျိုးပဲ၊ ဘာဖြစ်နေတာလဲ ဟင်၊ မောင့်ကို ပြောမပြနိုင်ဘူးလား'

ကိုသက်ဆွေက အနူးအညွတ် လေသံဖြင့် မေးနေသည်။ ဦးသက်ထွန်းသည်လည်း တစ်ကြိမ်က သည်လိုပင် မမ၏ ရှေ့မှောက်တွင် နူးညွတ်စွာ တောင်းခံခဲ့ရသည်။ ယခု ကိုသက်ဆွေ အလှည့်သို့ ရောက်လေပြီ။

'မမ ဘာမှ မဖြစ်ဘူး၊ ဒါကြောင့်မို့ မောင့်ကိုလည်း ဘာမှ ပြောစရာ ရှိမယ် မထင်ပါဘူး'

'ဒီလို ပွဲမျိုးတွေကို သွားခဲ့မိလို့ ဘယ်လောက် စိတ်ဆင်းရဲပြီး ပြန်ပြန်လာခဲ့ရတယ် ဆိုတာ မမ သိပါတယ် မမရယ်၊ ဟိုရောက်ရင် သိပ်ဟောင်းကျွမ်းဟောင်းတွေနှင့်..'

'အို မမ တစ်ယောက်တည်း သွားတာမှ မဟုတ်ဘဲ၊ ကိုမြင့်တင်တို့လည်း ပါတယ်၊ မြလည်း ပါသေးတယ်၊ ဒါ ဘာဖြစ်လဲ'

'ဒါဖြင့် မမကို လူတွေ ကဲ့ရဲ့ မေးငေါ့ကြမှာ ဂရုမစိုက်တော့ဘူးပေါ့'

'ဟင့်အင်း ဘာလို့ ဂရုစိုက်ရမှာလဲ၊ ထင်ချင်တဲ့ လူက ထင်ချင်ရာကို ထင်ကြပစေပေါ့၊ မမ ဂရုမစိုက်ဘူး၊ ဘယ်သူ့ကိုမှ ဂရုမစိုက်လို့ ဒီကို လိုက်နေတာပေါ့၊ ဒီအခြေ ရောက်မှတော့လည်း မမနှင့် မောင့် အဖို့ ဘယ်သူ့မှ ဂရုစိုက်စရာ လိုမယ် မထင်တော့ပါဘူး၊ လူတွေရဲ့ ထင်မြင်ချက်က အရေး မကြီးပါဘူး၊ အရေးကြီးတာက မမနှင့် မောင်ဟာ တစ်ယောက်ကို တစ်ယောက်ချစ်ကြရဲ့လား ဆိုတဲ့ အချက်ပဲ၊ မမ မောင့်ကို ချစ်တယ်၊ တံတွေးခွက်မှာ ပက်လက် အမျောခံပြီး မောင့်နောက်ကို လိုက်လာခဲ့တယ်၊ ဒါပေမဲ့ မောင် မမကို မချစ်ဘူး၊ မောင့် အပြုအမူတွေဟာ တစ်မျိုး ဖြစ်လာတယ်'

'ချစ်ပါတယ် မမရယ်၊ မောင့် သဘောထား မောင့် အချစ်ဟာ မပြောင်းလဲပါဘူး၊ အရင်ကလိုပဲ ပိုရင်သာ ပိုမယ်၊ လျော့မသွားပါဘူး၊ ဒါကြောင့်မို့ ကပွဲကို မသွားပါနှင့် မမရယ် နော်၊ မောင် တောင်းပန်ပါတယ်'





'ဒီမှာ မောင်၊ ဧည့်သည်တွေ စောင့်နေကြပြီ၊ မမ မလိုက်တော့ဘူးလို့ ပြောလို့ ကောင်းမတဲ့လား၊ နောက်ပြီး ပွဲသွားကြည့်တာပဲ အရေးကြီးတဲ့ ကိစ္စ မဟုတ်ပါဘူး၊ ကဲ သွားမယ်'

'မောင်ကတော့ ကပွဲမှာ မိတ်ဟောင်း ဆွေဟောင်းတွေနှင့် တွေ့ပြီး မမကို..'

မမသည် ကိုသက်ဆွေ၏ စကားကို ဆုံးအောင် နားမထောင်တော့ဘဲ တစ်ချက်မျှ ပြုံးလိုက်ပြီး အောက်သို့ ဆင်းလာခဲ့လေသည်။

သူတို့ အားလုံး ထွက်သွားကြသော အခါတွင် ကိုသက်ဆွေသည် ဧည့်ခန်းထဲတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။ မမသည် လူ့ အဖွဲ့အစည်းတွင် သူ ရောက်ရှိနေရာကို စဉ်းစား ဆင်ခြင်ကာ ဆင်ဆင်ခြင်ခြင် နေထိုင်သင့်ပါလျက် သူ့ စကားကို နားမထောင်ဘဲ ခွတ်ထွက်သွားသော အခါတွင် ကိုသက်ဆွေသည် မမအား ပထမဆုံး အကြိမ် ဒေါသ ထွက်မိသည်။ ဒေါသ ထွက်ရုံမက မုန်တီး စက်ဆုပ်၍ပင် လာသည်။

မမလို လူကုံထံ အသိုင်းအဝိုင်းတွင် ထင်ရှား ကျော်ကြားသော မိန်းမ တစ်ယောက်သည် လင်နှင့် သားကို ရက်ရက်စက်စက် စွန့်ခွာပစ်ခဲ့ပြီးနောက်တွင် ယခုကဲ့သို့ အကြော့ဆုံး အလှဆုံး ဝတ်စား ဆင်ယင်လျက် လူတောထဲသို့ ပြောင်ပြောင်တင်းတင်း ဝင်ပြလိုက်ခြင်းမှာ ကိုယ် သိက္ခာ မဲ့ကြောင်းကို အထုပ် ဖြေ၍ ပြသလို ဖြစ်နေရုံမျှမက လောကကြီးကိုလည်း ဆန့်ကျင် အရွဲ့တိုက်ရာ ရောက်နေသည်ဟု ကိုသက်ဆွေ ထင်မိလေသည်။

ထို့ကြောင့်လည်း ကပွဲသို့ မသွားရန် အတန်တန် တားခဲ့ခြင်း ဖြစ်သည်။

အမေရိကန် ဘဲလေး အကမှာ ပထမဆုံး စတင် ကပြသည့်နေ့ ဖြစ်၍လည်း ယနေ့ ညတွင် သူ့ မိဘများနှင့် ဦးသက်ထွန်း အပါအဝင် ရန်ကုန်မြို့နေ လူကုံထံ မင်း ပရိသတ်များ စုံလင်စွာ လာရောက် ကြည့်ရှုကြမည်ကို ကိုသက်ဆွေ သိပြီးသား ဖြစ်သည်။

သည်မျှလောက် မင်း ပရိသတ် စုံလင်လှသော ပွဲကို သွားမည် ဆိုခြင်းမှာ ဝတ်ရုံကို ခွာကာ ဇာတိရုပ် ဖွင့်ပြသလို ဖြစ်နေမည် ဖြစ်သောကြောင့်လည်း အလေးအနက် တားဆီး ကန့်ကွက်ခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် ကိုသက်ဆွေ ကန့်ကွက်သည်ကို နည်းနည်းကလေးမျှ ဂရုမစိုက်ဘဲ ထွက်သွားသည်ကို မြင်ရသော အခါ ကိုသက်ဆွေ၏ ဒေါသသည် ရင်ထဲတွင် ဆူပွက် လာလေသည်။

ကိုသက်ဆွေသည် အခန်းထဲတွင် စဉ်းစား၍ ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေရာမှ ဒေါ်ပွလာကာ စားပွဲပေါ်ရှိ ပန်းအိုးကို ကိုင်၍ ကြမ်းပြင်ပေါ်သို့ ပေါက်ချလိုက်ပြီးနောက် အိမ်ပေါ်ထပ်သို့ တက်လာခဲ့လေသည်။



၇

ကိုသက်ဆွေသည် အဖြေလွှာများကို စစ်၍သာ နေရသော်လည်း စိတ်မဝင်စားလှဘဲ မမ လုပ်ပုံကိုသာ တွေး၍ ဒေါ်ပွနေမိသည်။ ကိုးနာရီ ထိုးသော အခါတွင် မအောင့်နိုင်တော့ဘဲ အင်းလျားလမ်းရှိ မြန်မာ အမေရိကန် အသင်းပိုင် လေဟာပြင် ဓာတ်ရုံသို့ လိုက်လာခဲ့လေသည်။

ကိုသက်ဆွေသည် ကားကို တက္ကသိုလ်ရိပ်သာ လမ်းမ ဘေးတွင် ရပ်ခဲ့ပြီး အုတ်လှေကား အတိုင်း မြက်ခင်းပြင်ရှိ ကုလားထိုင်တန်းများဆီသို့ လျှောက်လာခဲ့သည်။ ကြွလာကြသော မင်း ပရိသတ်များမှာ ကွင်းပြင် တစ်ခုလုံး ပြည့်ကျပ်နေသည်။ ကိုသက်ဆွေသည် အုတ်လှေကား အောက်ဆုံးတစ်တွင် ရပ်ကာ မမကို လိုက်လံ ကြည့်ရှုနေ၏။

မီးမောင်းကို ကွယ်ထိုးထားသည့် စင်မြင့်ပေါ်တွင် အမေရိကန် အမျိုးသမီး ဘဲလေး ကချေသည်မှာ နွဲ့နှောင်း လှပစွာ ကပြနေသည်။ စင်မြင့်ဘေး တီးဝိုင်းမှ ငြိမ့်ညောင်းသော တေးသံသည် တနွဲ့နွဲ့ ထွက်ပေါ်လျက် ရှိလေသည်။

ကိုသက်ဆွေသည် ရုတ်တရက် ရှာမတွေ့သည်နှင့် ကုလားထိုင်များကြား လူသွား လမ်းကလေး အတိုင်း အလယ် အထိ လျှောက်လာခဲ့သည်။

သူနှင့် မိတ်ဆွေများကို မမြင်ချင်ယောင် ဆောင်ကာ ရှေ့ခုံတန်းတွေနား အထိ လျှောက်လာခဲ့သည်။

ကိုသက်ဆွေသည် လှမ်း၍ ကြည့်သော်လည်း မမတို့ တစ်သိုက်ကို မတွေ့ရဘဲ ဖြစ်နေသည်။ သူ့အစ်ကို ဝမ်းကွဲနှင့် ဇနီးသည်တို့မှာ ဒုတိယ ခုံတန်းတွင် ယှဉ်တွဲ ထိုင်နေကြသည်ကို မြင်ရလေသည်။ ရှေ့ဆုံးတန်းများမှာ ထိတ်ထိတ်ကြီးများ ထိုင်လေ့ ရှိသော နေရာ ဖြစ်၍ မမတို့လည်း ရှေ့ဆုံးတန်းများတွင် တွေ့ရလိမ့်မည်ဟု မျှော်လင့်ထားလေသည်။ ကိုသက်ဆွေ၏ မျက်လုံးများသည် မမတို့ကိုသာမက ဦးသက်ထွန်းကိုပါ ရှာဖွေလျက် ရှိသည်။

သို့ရာတွင် ကံအားလျော်စွာ ဦးသက်ထွန်းကိုမူ မတွေ့ရပေ။

သယ်သူကိုမူ ရှာမတွေ့တော့သည့် အဆုံး ကိုသက်ဆွေသည် တစ်ဦး ရှေ့ဆုံးတန်း အစွန်ရှိ ကုလားထိုင်လွတ် တစ်လုံးတွင် ဝင်ထိုင်လိုက်ပြီးမှ မျက်လုံးများဖြင့် မမကိုသာ ရှာဖွေနေမိသည်။ စင်မြင့်ပေါ်မှ အခန်း တစ်ခန်း ကပြပြီးစီးသွားသဖြင့် သူ့ဘေး ပရိသတ်၏ မျက်လုံးများမှာလည်း လက်ယာဘက် ဒုတိယတန်း အလယ်ဘက်ကို စူးစိုက်ကာ တီးတိုး ပြောနေသည်ကို တွေ့ရသည်နှင့် ကိုသက်ဆွေ လှမ်းကြည့်လိုက်သော အခါ မမကို တွေ့ရ၏။

မမသည် ကိုမြင့်တင်၏ ဘေးတွင် ကပ်လျက် ထိုင်နေသည်။ မီးရောင်အောက်တွင် ဘေးကနေ၍ ကြည့်မြင်ရသော မမ၏ အလှမှာ တလက်လက် တောက်ကြွေးနေသည်ဟုပင် ထင်ရသည်။ မမသည် နုံးသာ ယပ်တောင်ကို ပါးစပ် ရှေ့တွင် ကွယ်ကာ ကိုမြင့်တင်ဘက်သို့ လှည့်၍ စကား ပြောနေသည်။ ဝင်းမွတ်သော ပန်းသား နှစ်ဖက်ကြားတွင် လည်တိုင် သွယ်နွဲ့နေဟန်မှာ ရှု၍ မငြီးနိုင်စရာပင် ဖြစ်သည်။

ကိုသက်ဆွေသည် မန္တလေး အငြိမ့်ပွဲတွင် သူနှင့် မမတို့ ထိုင်၍ စကား ပြောခဲ့ကြသည်ကို အမှတ်ရကာ ကိုမြင့်တင်နှင့် တွဲထိုင်နေသည်ကို ကြည့်၍ မနေလိုစိတ်တွေ တဖွားဖွား ပေါ်၍ လာလေသည်။

မမ ဘေးတွင်မူ အတွင်းဝန်ဟောင်း ဘုတ် အဖွဲ့ တစ်ဖွဲ့၏ လူကြီး ဦးဘထွေးတို့ လင်မယား ထိုင်နေသည်ကို မြင်ရသည်။ ဦးဘထွေးမှာ မမနှင့်လည်း နဂို ကတည်းက သိကျွမ်းသူ ဖြစ်သည်။ မမသည် ဦးဘထွေးဘက်သို့လည်း တစ်ခါ တစ်ခါ လှည့်၍ စကား ပြောနေသည်ကို မြင်ရလေသည်။

တစ်ခါတွင်မူ ဦးဘထွေး၏ ဘေးတွင် ထိုင်နေသော ဦးဘထွေး ကတော်က ဘာပြောလိုက်သည် မသိပေ၊ သူ့ ယောကျ်ား ဦးဘထွေးမှာ မျက်နှာကြီး မည်းသွားကာ မမမှာလည်း ဦးဘထွေး ကတော်ကို လှမ်းကြည့်ပြီး မျက်နှာ ပျက်သွားသည်ကို သတိ ထားလိုက်မိသည်။

ဦးဘထွေးမှာ သူ့မိန်းမကို ချော့မော့ နှစ်သိမ့်ကာ မမအား အားနာသည့် ဟန်ဖြင့် ကြည့်နေသည်ကိုလည်း တွေ့လိုက်ရသည်။ ဦးဘထွေး ကတော်သည် မမအား မဲ့ရွဲ့ ကြည့်လိုက်ပြီး ထိုင်ခုံမှ ထကာ အပြင်သို့ ထွက်သွားသည်။ ဦးဘထွေးမှာ မယောင်မလည် ကျန်ရစ်နေခဲ့ပြီးမှ သူ့မိန်းမ နောက်သို့ ထလိုက်သွားသည်။

ကိုမြင့်တင်မှာ အံ့အားသင့်ဟန်ဖြင့် ရှိနေသည်။





ကိုသက်ဆွေသည် ဘာဖြစ်ကြသည်ကို အသေအချာ မသိသော်လည်း မမအတွက် အရှက်ရစရာ စိတ်ညစ်စရာ တစ်ခုခုတော့ ဖြစ်ပြီဟု သိလိုက်လေသည်။ ထို့ကြောင့် ကိုသက်ဆွေသည် စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွားကာ ဒုတိယတန်း အစွန်တွင် ရှိနေသော သူ့အစ်ကိုဆီကို အကြောင်း ရှာ၍ ထသွားသည်။

‘ဦးဘထွေး မိန်းမကြီးဟာ ဒီလိုချည်းပဲ ကိုရဲ့၊ တကယ်ဆို ဣန္ဒြေ ဆောင်ပါဦးတော့လား၊ ခုတော့ မမ ခမျာ..’

သူ့အစ်ကို ဝမ်းကွဲ၏ မိန်းမက သူ့ယောကျ်ားကို ပြောပြနေသည်။ သို့ရာတွင် ကိုသက်ဆွေ ရောက်လာသည်ကို မြင်လိုက်သဖြင့် ဆက်မပြောဘဲ ရပ်ထားလိုက်သည်။

‘ဟေ့ မင်းလည်း လာသလား’

သူ့အစ်ကို ဝမ်းကွဲက မေးလိုက်သည်။

‘ဟုတ်တယ် ခုတင်ကပဲ ရောက်တယ်၊ ဘာဖြစ်ကြတာတဲ့လဲ အစ်ကိုကြီး’

ကိုသက်ဆွေက မေးလိုက်သဖြင့် လင်မယား နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်နေကြသည်။ အတန် ကြာတော့မှ မိန်းမက

‘မောင်သက်ဆွေ မသိသေးဘူးလား’

‘ဟင့်အင်း’

‘ဘာမှ မဟုတ်ပါဘူးကွာ’

သူ့အစ်ကိုက စကား ပိတ်၍ ပြောလိုက်သည်။ မိန်းမက မလျှို့ဝှက်အပ်သည့် စကားကို လျှို့ဝှက်ရမည်လားဟု ယောကျ်ားကို လှမ်း အပြစ် တင်လိုက်ကာ

‘ဦးဘထွေး ကတော်ကြီးပေါ့ကွယ်၊ ဒီ မိန်းမကြီးကို မုန်းစရာ ကောင်းလွန်းလို့၊ မမကို..’

ကိုသက်ဆွေ၏ အစ်ကိုက မျက်ရိပ် ပြလိုက်သည်။

‘မဟုတ်ပါဘူး၊ မခံချင်လွန်းလို့ပါ’

‘ဘာဖြစ်လို့လဲ မမကြီး၊ ပြောစမ်းပါဦး’

‘ကွယ် ဦးဘထွေးနှင့် မမက ဘာလေး အကြောင်း ပြောနေကြတာ၊ အဲဒါ မိန်းမကြီးက မခံနိုင် ဖြစ်ပြီး လူတွေ ရှေ့တင် သူ့ယောကျ်ားကို ပေါင် ဆွဲလိမ်ပြီး သတိ ပေးသတဲ့၊ မမကိုလည်း မကြားတကြားနှင့် ပြောဆိုပြီး ထသွားသတဲ့၊ ကောင်းသလားကွယ့်၊ ဒါလောက်တောင်’

ကိုသက်ဆွေသည် ပြုံး၍ နားထောင်နေသည်။ ပြုံးသာ ပြုံးရသော်လည်း ရင်ထဲတွင် မချိတော့ပေ။ ထိုအခိုက် နောက်တစ်ခန်း ဆက် အပြတွင် မမတို့ တစ်သိုက်လည်း ထပြန်သွားကြသည်။ ကိုသက်ဆွေသည် နောက်တစ်ခန်း ပြီး ဆောင် သူ့အစ်ကို အနားတွင် စောင့်ကြည့်နေပြီးနောက် ထ၍ ပြန်လာခဲ့လေ သည်။

မမမှာ အိမ်သို့ ပြန်ရောက်ပြီး အဝတ်အစားပင် မလဲသေးဘဲ အိပ်ခန်းထဲ တွင် ထိုင်နေပြီး ရှေ့တည့်တည့်သို့ စူးစိုက် ကြည့်နေသည်။ ကိုသက်ဆွေ ဝင် လာတော့မှ တစ်ချက်မျှ လှမ်းကြည့်ပြီး ထိုင်မြဲ ထိုင်နေသည်။

'မမ'

ကိုသက်ဆွေက မမဆီသို့ လျှောက်သွားလေသည်။

'မောင့်ကြောင့် မောင့်ကြောင့်၊ ဒီလို ဖြစ်ရတာတွေ အားလုံးဟာ မောင့် ကြောင့်ချည်းပဲ'

မမက အော်၍ ပြောကာ ငိုချလိုက်သည်။ ကိုသက်ဆွေသည် မမကို သနား၍ သွားလေသည်။

'မောင် တောင်းပန်ပါတယ် မမရယ်၊ မမကို မသွားပါနှင့်လို့ မောင် ပြောတယ် မဟုတ်လား၊ ခုလို စိတ် မချမ်းသာစရာတွေကို တွေ့မှာ စိုးလို့'

'ဘာ စိတ်မချမ်းသာစရာလဲ၊ ရှက်စရာ သိရဲ့လား ရှက်စရာ၊ တစ်သက်မှာ ဒီတစ်ခါပဲ ဒီလို အပြော ခံရသေးတယ်၊ ဒီလောက် သောကော ရောကောမှန်း သိရင် လာတောင် မကြည့်ဘူးတဲ့ ပြောသွားလိုက်တာ'

'ဒီ့ မိန်းမကြီး အကြောင်း သိသားပဲ မမရာ၊ သူ ပြောသွားတာများ အရေး လုပ်လို့'

'မောင်က အပြော ခံရတဲ့ လူမှ မဟုတ်ဘဲကိုး၊ ဘယ်နာမလဲ၊ အပြော ခံရတဲ့ သူကတော့ နာတာပေါ့၊ သိပါတယ်၊ မမကိုမှ မချစ်တော့တာ၊ မောင် က ဘယ်နာမလဲ၊ နေသာတော့မှာပါ'

'ခက်လိုက်ပါဘိ မမရယ်၊ မောင်က မမကို ချစ်တယ် မချစ်ဘူး ဆိုတဲ့ ပြဿနာ မပေါ်ပါဘူး'

'ပေါ်တယ် ပေါ်တယ်၊ မမ ချစ်သလို မောင် မမကို ချစ်ရင် ဒီလို အပြော ခံရတာ မောင်လည်း နာမှာပဲ'

နောက်ဆုံးတွင် ကိုသက်ဆွေသည် ရှိုက်၍ ငိုနေသော မမအား ပွေ့ဖက် ကာ ချော့မော့ နှစ်သိမ့်ရလေသည်။





ယင်းသို့ ပွေ့ဖက် နှစ်သိမ့်ရခြင်းမှာ လင်မယား ရန်ဖြစ်ပြီး နောက်တွင် အရိပ်လို ကပ်၍ လိုက်ပါလာသော ထုံးစံကလေး တစ်ခုလို ဖြစ်နေသည့် အတွက် ကြောင့် တစ်ကြောင်း ပြုလုပ်ရခြင်း ဖြစ်သော်လည်း ကိုသက်ဆွေ၏ ရင်ထဲ တွင်မူ ဟက်ဟက်ပက်ပက် မရှိလှဘဲ အေးစက်စက်ကြီး ဖြစ်နေပေသည်။ မမအား ယခုလို ချော့မြူနေရခြင်းသည် ကိုသက်ဆွေ အဖို့ ဝဋ်ဒုက္ခကြီး တစ်ခုကို ခံစားနေရသလို ပင်ပန်း လေးပင်လှသည်ဟု ထင်မိလေသည်။

သို့ရာတွင် ကိုသက်ဆွေ၏ ပြုစု ယုယမှုကို ခံရသူ မမ အဖို့ကား သုခ ဘုံကြီးတွင် ခံစားနေရသကဲ့သို့ ကြည်နူးစရာကြီး ဖြစ်နေသည်။

သို့ဖြင့် ကိုသက်ဆွေနှင့် မမတို့သည် တစ်ယောက်ကို တစ်ယောက် ချော့မြူ ကျီစယ်ကြရင်းဖြင့် ထုံးစံအတိုင်း ပြန်လည် သင့်မြတ်သွားကြပြီး နောက် တစ်နေ့တွင်မူ မေမြို့သို့ ထွက်ခွာသွားကြလေသည်။

# အပိုင်း ၆

# ၁

ခင်ရီရီသည် နွေရာသီတွင် ကလေးများနှင့် အတူ မေမြို့ရှိ အိမ်တွင် လာရောက် နေထိုင်လျက် ရှိလေသည်။ မတ္တရာက လယ်မြေများကို ရောင်းပြီး ကတည်းက ခင်ရီရီသည် ကလေးများ ကြီးပြင်းလာလျှင် ခြံ မြေ တိုက်တာနှင့် အဆင်သင့် ဖြစ်နေရန် လည်းကောင်း၊ မောင်မောင်လတ် အလုပ်မှ ထွက်၍ အနားယူသည့် အခါတွင် အေးချမ်းစွာ နေထိုင်ကြရန် လည်းကောင်း၊ နွေရာသီ ကာလတွင် ...ပေါ်၍ ခြောက်သွေ့ ပူပြင်းလှသည့် မန္တလေးကို စွန့်ခွာကာ လာရောက် အနားယူရန် လည်းကောင်း ရည်ရွယ်ချက်ပေါင်း များစွာဖြင့် မေမြို့မှ အိမ်ကို တိုးချဲ့ ပြင်ဆင်ကာ ခြံဝင်းကြီးထဲတွင်လည်း နောက်ထပ် တစ်ထပ် ဆင်ဝင် အိမ်ကလေး တစ်ဆောင်ကို သားနားစွာ ဆောက်လုပ်ထားခဲ့လေသည်။

မိခင် ဒေါ်ညွန့်ညွန့်၏ တိုက်တွန်းချက် အရ ကိုအောင်မိုးနှင့် ခင်သီသီ တို့သည် နောက်ထပ် ဆောက်လုပ်သော အိမ်ကလေးကို ပြောင်းလာပြီး အမြဲ တမ်း နေထိုင်လျက် ရှိကြသည်။ ဦးငွေခင်နှင့် ဒေါ်ညွန့်ညွန့်တို့ နှစ်ဦးစလုံးမှာ အထွေးဆုံး ခင်သီသီကို အချစ်ဆုံး ဖြစ်သည့် အတွက်ကြောင့် တစ်ကြောင်း၊ ခင်သီသီ၏ အိမ်ထောင်ရှင်မ အရည်အသွေးကို အကဲခတ်ကာ သွန်သင်စရာ ရှိက ကိုယ်ဖိ ရင်ဖိ သွန်သင်ရန် အတွက်ကြောင့် တစ်ကြောင်း ခင်သီသီတို့နှင့် အတူ လာရောက် နေထိုင်လျက် ရှိသည်။

မောင်မောင်လတ်မှာ အလုပ် ဝတ္တရားများကြောင့် စနေနေ့ ညနေကျမှ မေမြို့သို့ တက်လာကာ နောက်တစ်နေ့ နံနက်တွင် မန္တလေးသို့ ပြန်ဆင်းသွား ရလျက် ကျန် သီတင်းရက်များတွင် မန္တလေး၌သာ ရုံးကိစ္စများနှင့် အချိန် ကုန် လျက် ရှိလေသည်။

ခင်ရီရီသည် ကိုသက်ဆွေနှင့် မမတို့ ရေချမ်းအိုးဘက်တွင် ရောက်ရှိ နေ သည်ကို ကြားသည်နှင့် သွားချင်စိတ် စောနေသည့် အတိုင်း ကနေ့ ညနေတွင် ရေချမ်းအိုးဘက်သို့ ရထားလုံး တစ်စီး ငှား၍ ထွက်လာခဲ့လေသည်။

ကိုသက်ဆွေနှင့် မမအား ခင်ရီရီက ယခုကဲ့သို့ တကူးတက သွားရောက် တွေ့ဆက်ခြင်းကို ကိုအောင်မိုးနှင့် ခင်သီသီကမူ များစွာ သဘော မကျလှပေ။ အထူးသဖြင့် ကိုအောင်မိုးက ကိုသက်ဆွေနှင့် တစ်စုံတစ်ရာ ပတ်သက်လိုဟန် ရှိပုံကို ခင်ရီရီ သတိ ထားမိရုံမျှမက ကိုအောင်မိုး အနေဖြင့် ယခုကဲ့သို့ ကိုသက်ဆွေနှင့် ခပ်ခွာခွာ နေချင်သည့် အကြောင်းရင်းကိုလည်း ခင်ရီရီ ကောင်းစွာ နားလည် သဘောပေါက်သည်။

သို့ရာတွင် မိမိ အနေနှင့်မူကား ယောက်မ အရင်းကြီး ဖြစ်နေရုံမျှမက သူနှင့် မောင်မောင်လတ်တို့ ကတောက်ကဆ ဖြစ်နေစဉ်တွင် ရန်ကုန်မှ ကသုတ်ကရက် ရောက်လာကာ ကြားဝင် စေ့စပ် ပေးသွားသဖြင့်လည်း မတွေ့လျှင် မကောင်းသည့် အခြေအနေတွင် ရှိပေသည်။

တကယ်ဆိုလျှင် မမနှင့် ကိုသက်ဆွေတို့ ယခု အခြေသို့ ရောက်လာကြရခြင်းမှာ သူနှင့် မောင်မောင်လတ်တို့ ငြိုးဖွဲ့ရာက အစ ပြုလာသည်ဟုလည်း သွယ်ဝိုက်၍ ပြောဆိုနိုင်သေးသည်။ ထို့ပြင် တစ်ခါတုန်းက မင်းကြီးကတော် အဖြစ် ဝိုင်းဝိုင်းလည်အောင် အရေးတယူ ဂရုပြု ခံရသည့် မမသည် ယခု အခါတွင် လင်ကို စွန့်ပစ်ကာ ကိုသက်ဆွေနှင့် ခပ်ကုပ်ကုပ် နေရသည့် ဘဝသို့ ကျရောက်နေပေရာ သည်လို ညှိုးငယ်သော ဘဝတွင် မမအား သူက သွားတွေ့ခြင်း မပြုလျှင် သူ့ဘက်က ဝတ္တရား ပျက်သည်ဟု ထင်စရာ ဖြစ်မှာကိုလည်း ခင်ရီရီ စိုးရိမ်မိသေးသည်။

မမသည် ဘယ်မျှလောက် နိမ့်ကျသော ဘဝသို့ ကျရောက် နေစေကာမူ မမ အပေါ်တွင် သူ့ သဘောထားသည် တစ်စုံတစ်ရာ ပြောင်းလဲခြင်း မရှိဘဲ ယခင်ကကဲ့သို့ပင် လေးစား ချစ်ခင်လျက် ရှိကြောင်းကိုလည်း သူ့ အနေဖြင့် ပြသလိုပေသည်။

ထို့ကြောင့် ခင်ရီရီသည် မမတို့ နေထိုင်ရာ ရေချမ်းအိုးဘက်သို့ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

မေမြို့ ပတ်ဝန်းကျင် တစ်ဝိုက်ရှိ ဗိုလ်အိမ်ကလေးများကဲ့သို့ပင် မမတို့ အိမ်မှာလည်း အုတ်ကြွပ်မိုးနီနီဖြင့် တိုက်အိမ်ကလေး တစ်လုံး ဖြစ်ပြီး ခြံဝင်းထဲတွင် သစ်ပင် ပန်းပင်များဖြင့် လှပ ဆိတ်ငြိမ်သော နေရာကလေး ဖြစ်ပေသည်။ သည်အိမ်မှာ ကိုသက်ဆွေ၏ မိတ်ဆွေ ဗိုလ်မှူး တစ်ယောက် ဝယ်ထားသည့် အိမ်ကလေး ဖြစ်၍ ကိုသက်ဆွေသည် မိတ်ဆွေ ဗိုလ်မှူး၏ စီစဉ်ပေးချက်အရ မမနှင့် အတူ ရောက်လာခြင်း ဖြစ်ပေသည်။





မမသည် ပိန်ချုံးကာ ဖျော့တော့နေသော ခင်ရီရီကို ကြည့်၍ ဘာကြောင့် သည်မျှလောက် ပိန်ချုံး ကျသွားရသည်ကို မေးလိုက်မည် ပြုပြီးမှ သူကိုယ်တိုင်မှာ ခင်ရီရီကပင် ငေးကြည့်ရလောက်အောင် ခင်ရီရီထက် အဆပေါင်း များစွာ နုနယ် ပျိုမျစ် လှပနေကြောင်းကို သတိ ထားမိကာ ထိုသို့ မေးလိုက်ခြင်းဖြင့် တစ်ဖက်သားအား စိတ်ထိခိုက်အောင် လုပ်သလို ဖြစ်သွားမည်ကို စိုးရိမ်ကာ မမေးတော့ဘဲ အသာ နေလိုက်သည်။ ပြီးမှ သူ့အား အားကျသလို ရွှန်းရွှန်းစားစား ကြည့်နေသော ခင်ရီရီ၏ ပခုံးကို လှမ်းဖက်လိုက်ရင်း

'ဘာကြည့်နေတာလဲ ရီရဲ့၊ မမကတော့ သည်လို နေရတာတောင် စိတ်ပျို ကိုယ်နုပြီး ဝလို့ လှလို့လို့ စိတ်ထဲမှာ ထင်နေသလား၊ ရီကတော့ မမကို ဘယ်လို ထင်သလဲ မသိဘူး၊ ရီမို့လို့ အမှန် အတိုင်း ပြောရမယ် ဆိုရင် မမဖြင့်လေ မမရဲ့ ဘဝကို ကျေနပ်တယ်၊ ပျော်တယ်၊ အရင်တုန်းကတော့ မမဘဝဟာ အိပ်မက်ဆိုး မက်ရာက လန့်နိုး လာသလို ကြောက်ပြီး ပျော်စရာကို တွေးလို့တောင် မရခဲ့ဘူး၊ ခု မေမြို့ ရောက်လာမှ မမဖြင့်လေ ဘဝသစ်ကို ရောက်ရသလိုပဲ သိလား'

မမက တဟင်းဟင်းဖြင့် မျှင်းမျှင်းကလေး ရယ်မောကာ သူ့ စကားတွေကို ခင်ရီရီက ဘယ်လိုများ တုံ့ပြန်လေမည်လဲဟု အကဲခတ် ဟန်ဖြင့် ကြည့်နေသည်။

'ဘယ်လိုမှ မထင်ပါဘူး မမရယ်၊ ရီဖြင့် မမကို ဒီလို ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင် တွေ့ရတာ ဝမ်းသာလို့ မဆုံးဘူး၊ မမတို့ လာမယ့် အကြောင်း ဘာဖြစ်လို့ ရီ့ဆီကို စာ မရေးသလဲ မမရယ်၊ တကယ်ဆို လာမကြိုရပါလား'

'ဟင့်အင်း၊ ဒီလောက်တော့လည်း မမ မျက်နှာပြောင် မတိုက်ရဲပါဘူးကွယ်၊ ကိုယ့် အခြေအနေကလည်း တစ်မျိုး ပြောင်းနေပြီ ဆိုတာ သတိ ထားရသေးတာပေါ့'

'ရီ့ အဖို့ကတော့ မထူးပါဘူး မမရယ်၊ မမကို ကြည့်ပြီး...'

မမက အစေခံမကလေးကို ခေါ်ကာ လိမ္မော်ရည် အယူခိုင်းနေသဖြင့် ခင်ရီရီက စကားကို ဖြတ်ထားလိုက်သည်။ မမက ခိုင်းစရာ ရှိသည်ကို ခိုင်းပြီးမှ ခင်ရီရီဘက်သို့ လှည့်ကြည့်ပြီး

'ဆိုပါဦး၊ မမကို ရီ ဘယ်လို မြင်သလဲ၊ မမတို့ ကိစ္စကိုကော ရီ ဘယ်လို သဘောထားလဲ'

'ဘယ်လိုမှ မထင်ပါဘူး မမရယ်၊ ရီဟာ မမကို အရင်တုန်းကလည်း ချစ်တယ်၊ ခုလည်း ချစ်တယ်၊ လူ တစ်ယောက်ကို ခင်မိပြီ ဆိုရင် ဘယ် အချက်ကို မကြိုက်ဘူး ဘယ် အချက်ကို ကြိုက်တယ်လို့ မခွဲခြားတတ်ပါဘူး၊ ခင်တယ် ဆိုရင် ခင်တာပဲ'

မမသည် မျက်လွှာကို ချ၍ လက်သည်းချင်း ပွတ်ရင်းက ခင်ရီရီ၏ စကားများကို နားထောင်လျက် ရှိ၏။

မမ၏ ပြုံ့မှု ပြောဆိုဟန်ကို အမြဲတမ်း ဂရုစိုက် လေ့လာ၍ အတု ခိုးလေ့ ရှိသော ခင်ရီရီသည် ယခုလို မျက်လွှာ ချ၍ လက်သည်းချင်း ပွတ်နေသော ဟန် အသစ်ကို လေ့လာ မှတ်သားနေမိသည်။ သည် ဟန်ကို အရင်တုန်းက ခင်ရီရီ မမြင်ဖူးပေ။

'ရီ မပြန်ပါနှင့်ဦးလားကွယ်၊ ဒီမှာ တစ်ညတလေ အိပ်သွားပါဦးလား ဟင်၊ မမနှင့် စကားတွေ အားရပါးရ ပြောရအောင် နော်၊ အိပ်မယ် မဟုတ် လား'

'အိပ်လို့တော့ မဖြစ်ဘူး ထင်တယ် မမရယ်၊ အိမ်ကိုလည်း ပြောခဲ့တာ မဟုတ်ဘူး၊ ကလေးတွေကလည်း..'

'အို မောင်မောင်လတ်မှ ရှိတာ မဟုတ်ဘဲ၊ အိမ်မှာလည်း ရီတို့ ဒေါ်ဒေါ် ရော ရှိသားပဲ၊ အိပ်ပါကွယ် ရီကလည်း နော်၊ မမတို့ ခြံထဲက ခြံစောင့်တဲ့ သူငယ်ကလေးကို စာရေးပြီး လွှတ်လိုက်ပေါ့ ဟုတ်လား'

နောက်ဆုံးတွင် မမက အတင်း တိုက်တွန်းသဖြင့် ခင်ရီရီသည် မမ၏ စီစဉ်ချက်ဖြင့် အိမ်သို့ စာပေး လွှတ်လိုက်ပြီး တစ်ည အိပ်ရန် သဘောတူလိုက် ရလေသည်။

မမသည် ခင်ရီရီအား သူ့ အခန်းသို့ ခေါ်သွားကာ အဝတ်အစား လဲပေး ပြီး ရေမိုးချိုးစေသည်။

မမကို ကြည့်ရသည်မှာ ဝမ်းသာ ရွှင်မြူး၍ နေကာ သပိတ်လွှယ် ငှက် ကလေး တစ်ကောင်လို ပေါ့ပါး ဖျတ်လတ်လျက် ရှိသည်။ လူတွေကို ရှောင် ပုန်းကာ လူတွေ၏ ကဲ့ရဲ့ခြင်းကို ခံခဲ့ရသော မမသည် သူ့ အား ခင်မင် မပျက် သော ခင်ရီရီကို တွေ့ရသဖြင့် ဝမ်းသာနေပုံ ရပေသည်။

ရေချိုး ပြီး၍ ခင်ရီရီက ရင်လျားဖြင့် သနပ်ခါး လိမ်းနေသော အခါတွင် လည်း မမသည် အနားက ခုတင်ပေါ်တွင် ထိုင်ကာ စကား တတွတ်တွတ် ပြောလျက် ရှိလေသည်။





'မမဖြင့် ရီနှင့် တွေ့ရတာ ဝမ်းသာလိုက်တာ ရီရယ်၊ ကဲ ရီ့အကြောင်း ပြောပြစမ်းပါဦး၊ မောင်မောင်လတ်တော့ ရန်ကုန် လာတုန်းက အိမ် ဝင်လာသေး တယ်၊ ဒါပေမဲ့ ကောင်းကောင်း စကား မပြောလိုက်ရပါဘူး၊ တွေ့တယ် ဆိုရုံ ပဲ၊ ကလေးတွေကော နေကောင်းကြရဲ့လား၊ အကြီးမ ချိုချိုက တော်တော် ကြီး နေရောပေါ့နော်'

'သိပ် ထွားတယ် မမရဲ့၊ အရပ်ကြီးကလည်း နည်းတဲ့ အရပ်ကြီး မဟုတ် ဘူး၊ ခုတော့ အစ်ကိုအောင်တို့ သီသီတို့ရော တစ်ခြံတည်းမှာ အားလုံး ပေါင်း နေကြတာပဲ'

'ဟုတ်လား၊ ရီတို့က မမကို အခင်အမင် မပျက်တာ တွေ့ရတော့ သိပ် ဝမ်းသာတာပဲ ရီရယ်၊ မောင်မောင်လတ် ဆိုတာလည်း မောင် .. မောင်နှင့် ရင်းနှီးသားပဲ'

မမသည် ယောက်မ၏ ရှေ့တွင် ကိုသက်ဆွေအား မောင်ဟု ပါးစပ်က ထွက်လိုက်ရမည်ကို မထွက်ရဲသလို ဖြစ်နေသဖြင့် ထစ်နေသည်။ နောက်ဆုံးမှ တံတွေးကို တစ်ချက်မျှ မျိုလိုက်ကာ ဇွတ်ထွက်လိုက်သည်။

သို့ရာတွင် မမ၏ မျက်နှာမှာ ရှက်သွေး ဖြာသဖြင့် နီရဲလျက် ရှိပေ သည်။

'သူကလည်း အလုပ် ခပ်များများ မဟုတ်လား မမရဲ့'

ခင်ရီရီက ပြန်၍ ပြောလိုက်သည်။

'အေးပါကွယ်၊ မမက ဘယ်လိုမှ မအောက်မေ့ပါဘူး၊ ရီ ခုလို အမှတ် တရ ရောက်လာတာကိုပဲ ဝမ်းသာလှပါပြီ၊ ဒါပေမဲ့ မမတို့ ကိစ္စနှင့် ပတ်သက် လို့ ရီ ဘယ်လို သဘောထားတယ် ဆိုတာ မမကို မပြောသေးဘူးနော်၊ ခုနက စကား ပြတ်သွားကြတယ်၊ ကဲ ခု ရီ ထင်မြင်ချက်ကို ပြောပြစမ်းပါဦး၊ ရီဟာ ဒီကိစ္စကြောင့် မမ အပေါ်မှာ ထင်မြင်ချက် ပြောင်းမသွားဘူး ဆိုတာတော့ မမ ဝမ်းသာပါတယ်ကွယ်၊ တချို့က မမဟာ ကိုယ် လုပ်တာကို တရားရာ ရောက်အောင် သူ့ အပေါ်ကို အပြစ်တွေ ပုံချနေတယ်လို့ စွပ်စွဲကြတယ်၊ အမှန် ကတော့ မမ ဘယ်သူ့ကိုမှ အပြစ် မတင်ပါဘူးကွယ်၊ ဘယ်သူ့ကိုမှလည်း စိတ် မဆင်းရဲစေချင်ပါဘူး၊ စိတ်ဆင်းရဲရင် ကိုယ့်ဘာသာ ကိုယ် ကြိတ်မှိတ်ပြီး ခံမယ်လို့ ဆုံးဖြတ်ပြီးသားပါ၊ ဒါပေမဲ့ မမဟာ သူ့ကို မချစ်တော့ဘူးလို့ ဆို ရင်တော့ မမ ချစ်တဲ့သူကို မမ ရွေးချယ်ပိုင်ခွင့် ရှိတယ်လို့တော့ ယူဆတယ်၊ အေးပါလေ ဒီကိစ္စက နည်းနည်း အချိန် ယူပြီး ပြောမှ ပြီးမယ့် ကိစ္စကြီး ဖြစ်

နေတော့ နောက်မှ အေးအေးဆေးဆေး ပြောကြသေးတာပေါ့၊ လာ ခြံထဲ ဆင်းလျှောက်ရအောင်၊ မောင်လည်း ရှိတယ်'

မမက လက်ပတ် နာရီကို ကြည့်ကာ လမ်းလျှောက် ခေါ်သဖြင့် ခင်ရီရီသည် ခြံဝင်းထဲသို့ လိုက်လာခဲ့လေသည်။



## ၂

ဝါဖျော့သော နေခြည် အကြွင်းအကျန်များသည် သစ်ပင်များပေါ်သို့ ပြေပြေလျော့လျော့ ကျလာကြပေသည်။ နေခြည် ဟပ်သဖြင့် မှိုင်းညို့သော သစ်ပင်များ ရွှန်းစို တောက်ပ၍ နေကြသည်။

ခြံစည်းရိုးတွင် ပေါက်နေသော မေမြို့ ပန်းများသည် ကြည့်လိုက်တိုင်း ရင်အေးစရာ ဖြစ်ပေသည်။

ရေမိုးချိုးပြီးကြ၍ ကိုသက်ဆွေ၊ မမနှင့် ခင်ရီရီတို့သည် ပန်းခင်းများဘေး မြေနီလမ်းကလေး တစ်လျှောက်တွင် လမ်းလျှောက်နေကြသည်။

ခင်ရီရီသည် ကိုသက်ဆွေကို အနီးကပ် လေ့လာကြည့်သော အခါတွင် ရည်မွန် ဖော်ရွေသူ တစ်ယောက် ဖြစ်နေကြောင်းကို တွေ့ရလေသည်။

ခင်ရီရီသည် မမ နေရာကို ဝင်၍ ကိုသက်ဆွေအား လေ့လာနေမိသည်။ စိတ်သဘော ကောင်းပုံ၊ တစ်ဖက်သားကို ငဲ့ညှာတတ်ပုံ၊ အလိုက်သိတတ်ပုံတို့မှာ မမ စွဲမက်လောက်သော အရည်အချင်းများ ဖြစ်ပေသည်။

ကိုသက်ဆွေ၏ မျက်လုံးများသည် ပုံပြင် တစ်ခုကို ပြောပြနေသလို ထင်မှတ်ရပေသည်။

'ဩော် ရီ၊ မောင်နှင့် စကား ပြောနေကြဦးနော်၊ မမ ကောင်မလေးတွေ ထမင်း ပြင်ခိုင်းထားတာ သွားကြည့်လိုက်ဦးမယ်'

မမက ညစာ အတွက် ပြင်ဆင် ချက်ပြုတ် ခိုင်းထားသည်ကို စိတ်မချသဖြင့် ကြည့်ရှု စစ်ဆေးရန် အိမ်ထဲသို့ ထ၍ သွားသောကြောင့် ကိုသက်ဆွေနှင့် ခင်ရီရီတို့ နှစ်ယောက်သာ ခြံထဲတွင် ကျန်ရစ်ခဲ့ကြလေသည်။ ခင်ရီရီသည် ကိုသက်ဆွေ၏ မျက်လုံးများကို ကြည့်ခြင်းအားဖြင့် ကိုသက်ဆွေတွင် တစ်စုံတစ်ရာ ပြောစရာ တစ်ခု ရှိနေသည်ကို သတိ ထားမိသည်။

ခင်ရီရီ တွေးထင်သည့် အတိုင်းပင် မမ ထွက်သွား၍ နှစ်ယောက်တည်း ကျန်ရစ်ခဲ့သည်နှင့် ကိုသက်ဆွေက စကား စလိုက်သည်။

'ရီကို ကျွန်တော် ပြောစရာ ရှိတယ် ဆိုတာ ရီ သတိ ထားမိမလား သိဘူး၊ ရီဟာ မမရဲ့ ညီမ ဆိုလည်း ဟုတ်တယ်၊ မိတ်ဆွေရင်း ဆိုလည်း ဟုတ်တယ်၊ မဟုတ်ဘူးလား ရီ'

ကိုသက်ဆွေက မြက်ပင်များပေါ်တွင် ပျံ့ဝဲနေသည့် ပုစဉ်းများကို လက်ဖြင့် ယမ်းရင်း ပြောလိုက်သည်။

ခင်ရီရီသည် ဘာမျှ မပြောဘဲ သစ်ရွက်ကလေး တစ်ရွက်ကို ချိုးကာ အစိတ်စိတ် အမြွှာမြွှာ ဖြစ်အောင် ဆိတ်နေလေသည်။

ကိုသက်ဆွေသည် သူ့အား အထူးအထွေ ဘာများ ပြောစရာ ရှိပါလိမ့်ဟု တွေးနေမိသည်။

သူတို့ ကိစ္စနှင့် ပတ်သက်၍ ထင်မြင်ချက်ကို တောင်းခံရန် အတွက်လော။

သို့မဟုတ် ခင်သီသီနှင့် ပတ်သက်၍ သူ့တွင် အပြစ် ရှိသည်ဟု ဝန်ခံရန် အတွက်လော။

ခင်ရီရီသည် ကိုသက်ဆွေ ဘာများ ပြောမလဲဟု တွေးမိသည်။ ရင်မှာလည်း တဒိတ်ဒိတ် ခုန်လျက် ရှိလေသည်။

'မမဟာ ရီကို ချစ်ပါတယ် ရီ၊ ရီ ပြောတဲ့ စကားကိုလည်း နားထောင်ပါလိမ့်မယ်လို့ ထင်ပါတယ်၊ ဒါကြောင့် ရီကို ကိုသက်ဆွေ အကူအညီ တစ်ခု တောင်းချင်ပါတယ်၊ ကူညီနိုင်မယ် မဟုတ်လား ဟင် ရီ'

ခင်ရီရီသည် ကိုသက်ဆွေ တောင်းသော အကူအညီကို နားမလည်နိုင်ဘဲ ကိုသက်ဆွေကို စူးစမ်းသော အကြည့်မျိုးဖြင့် လှမ်းကြည့်နေသည်။ နေရောင်သည် သစ်ရွက်များ ကြားမှ လျှောကျကာ ယောကျ်ား ပီသသော ကိုသက်ဆွေ၏ မျက်နှာပေါ်သို့ ထိုးရိုက်လျက် ရှိသည်။

'ရီဟာ ခုလို ကျွန်တော်တို့ကို မှတ်မှတ်ရရ လာတွေ့ဖော်ရတဲ့ အတွက် ကျေးဇူးတင်ပါတယ် ရီ၊ မမရဲ့ မိတ်ဆွေက မမကို ခုလို တကူးတက လာပြီး တွေ့တာဟာ ရီ တစ်ယောက်ပဲ ရှိပါတယ်၊ ဒီကို လာလည်တာကို ထောက်ပြီး ရီဟာ ကျွန်တော့် အပေါ်မှာရော မမ အပေါ်မှာရော အရင်ကလိုပဲ ခင်မင်မြဲ ခင်မင်နေတုန်းပဲလို့ ကျွန်တော် နားလည်ပါတယ်၊ ဒါတင် မကဘူး ကျွန်တော်တို့မှာ တွေ့ကြုံနေရတဲ့ အခက်အခဲတွေကိုလည်း တတ်နိုင်သလောက် ကူညီ ဖြေရှင်းပေးဖို့ စေတနာ ရှိတယ်လို့ ကျွန်တော် နားလည်ထားပါတယ်၊ ကျွန်တော် ထင်တာ မှားရင် ပြောပါ ရီ'





'ရီ မမှားပါဘူး ကိုသက်ဆွေ၊ ကိုသက်ဆွေ ထင်တဲ့ အတိုင်းပါပဲ'

'မမဟာ သောင် မတင် ရေ မကျတဲ့ အခြေအနေမှာ ရောက်နေတယ် ရီ၊ ဒါကြောင့် ကျွန်တော်တို့မှာ အခက် တွေ့နေရတယ်၊ ခက်သမှ အခက်ကလေး မဟုတ်တဲ့ အခက်ကြီး ဖြစ်နေတယ်၊ ဒီ အခက်ဟာ ဘယ်လောက် ကြီးမားသလဲ ဆိုတာ ရီလည်း နားလည် သဘောပေါက်လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်၊ အမှန်ကတော့ မမ ဒီလို အခြေအနေ ရောက်ပြီး ဒီလို အခက် တွေ့ရတာတွေဟာ ကျွန်တော့် အပြစ်ချည်းပါပဲ ရီ၊ ကျွန်တော့် အပြစ်ချည်းပါပဲ၊ ဒါကြောင့်မို့ ကျွန်တော် တော်တော် စိတ်မကောင်း ဖြစ်ရပါတယ်'

ခင်ရီရီသည် ကိုသက်ဆွေက ရိုးသားစွာ ဝန်ခံ ဖြောင့်ချက်ပေးနေသော အခါ ကိုသက်ဆွေကို သနားသွားသည်။

'ဟုတ်ပါတယ် ကိုသက်ဆွေ၊ ရီ နားလည်ပါတယ်၊ ဒါပေမဲ့ ကိုသက်ဆွေက ကာယကံရှင် ဖြစ်နေလို့ ကိုယ့် အပြစ်ကို ပိုပြီး တွက်နေတာ ဖြစ်ပါလိမ့်မယ်၊ မမ အဖို့ အခက် တွေ့တယ် ဆိုတာတော့ ဟုတ်သင့်သလောက် ဟုတ်ပါတယ်၊ ဒါပေမဲ့..'

'ဟုတ်သင့်သလောက်တင် မကဘူး ရီ၊ ဟုတ်သင့်တာထက် ပိုနေတယ်၊ ဒါကြောင့် ခက်နေတယ်၊ မမနှင့် ကျွန်တော့် အဖို့ ဒီ လောကကြီးထဲ နေရတာဟာ ငရဲဘုံကြီးလို ဖြစ်နေတယ်၊ သင်္ချိုင်းကုန်းကြီးလို ဖြစ်နေတယ်၊ ကျွန်တော်တို့ နှစ်ယောက်ဟာ ဘယ်နေရာကိုပဲ ပြေးပြေး ဘယ်ကိုပဲ သွားသွား လူတွေရဲ့ လက်ညှိုးတွေဟာ ကျွန်တော်တို့ နောက်ကို တကောက်ကောက် လိုက်ထိုးနေကြတယ်လို့ ကျွန်တော် ထင်တယ်၊ မျက်စိ နှစ်လုံး မှိတ်ပြီး အိပ်တဲ့ အချိန်မှာတောင် ဒီ လက်ညှိုးတွေဟာ အိပ်မက်ထဲမှာ ကျွန်တော်တို့ကို လိုက်ပြီး ထိုးနေကြတယ်၊ ကျွန်တော်ဟာ ကျိန်စာ သင့်တဲ့ လူလို ဖြစ်နေပြီ ရီ၊ ဒါကြောင့်မို့ လူတွေနှင့် ဝေးရာကို ကျွန်တော် ပြေးလာခဲ့တာပဲ'

'လူတွေနှင့် မတွေ့အောင် ရှောင်လို့ ရမတဲ့လား ကိုသက်ဆွေ'

'ဟုတ်တယ် ရီ၊ ခုထိတော့ ရှောင်လို့ မရသေးဘူး၊ နောင်လည်း သိပေါင်း ကျွမ်းပေါင်း ပတ်ဝန်းကျင်နှင့်တော့ မတွေ့ရတော့ဘူး ရီ၊ ဒါ တစ်ခုတော့ စိတ်ချမ်းသာရတယ်'

'မတွေ့ချင်တဲ့ လူကို မတွေ့ရရင် တော်ရောပေါ့ ကိုသက်ဆွေ၊ ဘာဖြစ်လို့ ကိုယ့်စိတ်ကို ညှဉ်းဆဲနေမလဲ၊ ပျော်ပျော် နေပါ၊ မမကို ကြည့်စမ်း၊ ဘယ်လောက် လန်းဆန်းနေသလဲ'

'ဟုတ်တယ်၊ ကျွန်တော်သာ တစ္ဆေ အခြောက်ခံနေရတာ၊ မမကတော့ ဒီရောက်မှ တော်တော်ကလေး လန်းဆန်းလာတယ်၊ အတိတ်ကို ပြည့်ဖုံးကား ချရပြီး ပစ္စုပ္ပန်မှာ ပျော်နိုင်တယ်၊ ကျွန်တော့်မှာသာ အနာဂတ်ကို တွေးပြီး ရင်လေးနေရတာပါ ရီ'

နှစ်ယောက်သား ခုံတန်းလျားကလေး တစ်ခု အနီးသို့ ရောက်လာကြလေသည်။

ခင်ရီရီသည် ညောင်းညောင်း ရှိသဖြင့် ခုံတန်းလျားပေါ်တွင် ဝင်ထိုင်လိုက်သည်။ ကိုသက်ဆွေက ခင်ရီရီနှင့် မျက်နှာချင်းဆိုင်၌ ရပ်နေသည်။ ကိုသက်ဆွေသည် ပန်းပွင့်ကလေး တစ်ပွင့်ကို ခူးလိုက်ကာ ဆိတ်ဖွဲ့ရင်း တွေးနေသည်။

အတန်ကြာတော့မှ

'ဟုတ်တယ် ရီ၊ သူ ဒီရောက်မှ တော်တော် ပျော်နေပုံ ရတယ်၊ ဒါပေမဲ့ သူ့ ပျော်ရွှင်မှုဟာ တာရှည် ခံပါ့မလားလို့ ကျွန်တော် သံသယ ရှိနေတယ်၊ ကျွန်တော်တို့ ကိစ္စဟာ မှားတာ မှန်တာ အပထား၊ ကောင်းတာ မကောင်းတာတွေ အပထား၊ လွန်လွန်ကျွံကျွံတွေ ဖြစ်ကုန်ကြပြီ၊ နောက်ပြန် ဆုတ်ဖို့ ဆိုတာ မလွယ်ဘူး၊ မမနှင့် ကျွန်တော်ဟာ သေတပန် သက်တစ်ဆုံး လျှောက်ဖို့ အတွက် ဒီလမ်းကို ရွေးမိခဲ့ကြပြီးပြီ၊ အချစ်ရဲ့ အနှောင်အဖွဲ့တွေထဲမှာ ရုန်းထွက်လို့ မရတဲ့ ဘဝကို ရောက်နေကြပြီ၊ ခု ကျွန်တော်တို့မှာ တစ်ယောက်နှင့် တစ်ယောက် သံယောဇဉ် တင်းစရာ အဖြစ် ကလေး တစ်ယောက် ရခဲ့ကြပြီ၊ နောင်လည်း ကလေးတွေ မွေးဖွားလာကြတော့မယ်၊ ဒါပေမဲ့ ကျွန်တော်တို့ ကိစ္စဟာ ခုလို သောင် မတင် ရေ မကျကြီး ဖြစ်နေဦးမယ် ဆိုရင် ရှေ့လျှောက်ပြီး အမယ်ဘုတ်ကဲ့ သူ့ ချည်ခင် ဆိုတာလို ရှင်း မရလောက်အောင် အရှုပ်အထွေးတွေ ပေါ်လာကြမှာပဲ၊ ကျွန်တော်တို့ဆီကို လာနေတဲ့ အရှုပ်အထွေးကြီးကို မမ မမြင်သေးဘူး၊ မြင်လည်း မြင်ချင်ပုံ မရဘူး၊ ကျွန်တော်ကတော့ ဒီ အရှုပ်ကြီးကို မတွေးနိုင် မအန်နိုင် ဖြစ်ပြီး ဒုက္ခရောက်မှာ မြင်နေသေးတယ်၊ ကျွန်တော်တင် မကပါဘူးလေ၊ ဘေးလူတွေကလည်း မြင်ကြမှာပဲ၊ ရီပဲ စဉ်းစားကြည့်လေ၊ ခု သမီးလေးဟာ ကျွန်တော့် သမီးလေး ဖြစ်နေပေမဲ့ ဥပဒေ အရ ဆိုရင် ကျွန်တော့် သမီးလို့ ကျွန်တော် မပြောနိုင်တော့ဘူး၊ ဦးသက်ထွန်းရဲ့ ကလေး ဖြစ်နေပြီ၊ ကျွန်တော့် ရင်ထဲမှာ ဒါကို တွေးတိုင်း သောက ရောက်ရတယ်၊ ပူလောင်ရတယ် ရီ'





ကိုသက်ဆွေသည် ရှည်လျားစွာ ပြောချလိုက်ကာ သက်ပြင်းကြီးကို ချလိုက်ပြီးနောက် ခင်ရီရီကို အကူအညီ တောင်းသလို ငေးကြည့်နေလေသည်။

ခင်ရီရီသည် ဘာမျှ ပြန်မပြောဘဲ ငေးမိငေးရာသို့ ငေးကာ စဉ်းစားနေ၏။

'တစ်နေ့မှာ ကျွန်တော် သားကလေး မွေးလာပြီ ဆိုပါစို့၊ ကျွန်တော့် သားလေး... ကျွန်တော့် သားဟာ ဥပဒေ အရသာ ဆိုရင် ဦးသက်ထွန်း သားပဲ ဖြစ်ရတော့မယ်၊ ကျွန်တော်ဟာ ကျွန်တော့် သားကို ဆိုင်သာဆိုင် မပိုင်တဲ့ အဖေ ဖြစ်နေပြီ၊ ကျွန်တော် ပြောတာ မဟုတ်ဘူးလား ရီ၊ ကျွန်တော်နှင့် မမရဲ့ အိမ်ထောင်ရေးဟာ အပြင်ပန်းအားဖြင့် ဘယ်လောက် ပျော်စရာ ကောင်းကောင်း မမဟာလည်း သား တစ်ရာ မွေးမွေး ကျွန်တော့်မှာ ဒီလို ကိုယ့် သားသမီးကို မပိုင်ရတဲ့ အဖြစ်ကြီးက ခြောက်လှန့် နေလေတော့ ကျွန်တော်နှင့် မမတို့ရဲ့ ကြားမှာ ခိုင်မြဲတဲ့ နှောင်ကြိုး ရှိပါဦးမလား ရီ၊ ဒီ ကလေးတွေ အားလုံးဟာ တရား ဥပဒေ သဘော အရ ဦးသက်ထွန်း ကလေးတွေ ဖြစ်နေပြီ၊ ဒီ အဖြစ်ဟာ ကျွန်တော့် အနေနှင့် ဘယ်လောက် ရင်နာစရာ ဘယ်လောက် နာကြည်းစရာ ကောင်းသလဲ၊ ကိုယ်ချင်းစာကြည့်ပါ၊ ရင်ထဲမှာ နာရလွန်းလို့ ဒီကိစ္စတွေ မမကို စကား စကြည့်တော့ သူ စိတ်ဆိုးတယ်၊ သူ မသိဘူး ရီ၊ သူ မသိဘူး၊ သူ ဒီလောက် လေးလေးနက်နက် မစဉ်းစားဘူး၊ ကျွန်တော်ကသာ ဒါတွေကို အကုန် ဖွင့်ပြောလိုက်ရင် သူ ရင်ကွဲမယ်၊ ဒါပေမဲ့ ကျွန်တော် ဖွင့်မပြောပါဘူး၊ သူ စိတ်ချမ်းသာပါစေ ဆိုပြီး ကျွန်တော် တစ်ယောက်တည်း ကြိတ်မှိတ် ခံခဲ့တယ်'

ကိုသက်ဆွေသည် ရင်ထဲမှာ မျိုသိပ်ထားရသမျှကို အန်ချနေသည်။ ကိုသက်ဆွေ၏ အသံမှာ တုန်နေသည်။ ခင်ရီရီသည် အသံကို နားထောင်ခြင်းဖြင့် ကိုသက်ဆွေ လှိုက်လှိုက်လှဲလှဲ ပြောနေကြောင်းကို သတိ ထားလိုက်မိလေသည်။

ကိုသက်ဆွေသည် လက်တွင် ကပ်နေသည့် ပန်းဝတ်မှုန်ကလေးများကို ခါချပြီး ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပဝါကို ဆွဲယူ သုတ်နေသည်။

'ဘယ်မိဘ ဖြစ်ဖြစ် ကိုယ့်သွေး ကိုယ့်သားကိုတော့ ချစ်ကြတာပဲ မဟုတ်လား၊ ကျွန်တော်လည်း ကျွန်တော့် သားသမီးကို ကျွန်တော် ချစ်ချင်တယ် ရီ၊ ကိုယ့်သား ကိုယ့်သမီးကို ဆုံးမချင်တယ်၊ သွန်သင်ချင်တယ်၊ သူတို့ရဲ့ ကံကြမ္မာကို အဖေ တစ်ယောက် အနေနှင့် ဖန်တီးပေးချင်တယ်၊ ဒါပေမဲ့ ခုလို ဖြစ်နေပုံမျိုးနှင့်တော့ ကျွန်တော့် ဘဝဟာ ကိုယ့်သားသမီးကိုတောင် ချစ်ချင်လို့မှ မချစ်ရတဲ့ ဘဝ၊ ဆုံးမချင်လို့မှ မဆုံးမရတဲ့ ဘဝ၊ ကိုယ် ချစ်တဲ့ မိန်းမနှင့်

ရှုတဲ့ ကိုယ့်သွေး ကိုယ့်သားမှန်း သိရက်နှင့် ကိုယ့်သွေး ကိုယ့်သားကို မပိုင်ရတဲ့ ဘဝ၊ ကျွန်တော့် ဘဝဟာ ဘာများ အဓိပ္ပာယ် ရှိသေးသလဲ၊ ရှိရဲ့ ကိုယ်ပဲ ချင့် ချိန်ကြည့်ပါ'

ကိုသက်ဆွေမှာ မျှားမျှား စိတ်ထိခိုက်ပုံ ရနေသည်။ မျက်ရည်များပင် ရှလည် လာနေသည်ဟု ထင်မှတ်ရပေသည်။

'ဟုတ်ပါတယ် ကိုသက်ဆွေ၊ ရီ နားလည်ပါတယ်၊ ဒါပေမဲ့ မမ ခမျှလည်း ဘာမှ တတ်နိုင်ရှာမှာ မဟုတ်ပါဘူး ကိုသက်ဆွေရယ်၊ ဒီတော့'

ကိုသက်ဆွေက ခင်ရီရီ၏ စကား မဆုံးခင် ကြားဖြတ်လိုက်ကာ

'ဟုတ်ပြီ ရီ၊ ကျွန်တော် ဆိုလိုချင်တဲ့ ကိစ္စကို ရောက်ပြီ၊ ရုတ်တရက် ကြည့်ရင်တော့ မမလည်း ဘာမှ တတ်နိုင်မှာ မဟုတ်ဘူးလို့ ထင်ရတာပဲ၊ ဒါပေမဲ့ သူ တတ်နိုင်တယ်၊ ဒီကိစ္စဟာ သူ့အပေါ်မှာ လုံးလုံးလျားလျား တည်နေတယ်၊ ဒီကိစ္စမှာ သူနှင့် ဦးသက်ထွန်းနှင့် တရားဝင် ပြတ်ပြတ်စဲစဲ ဖြစ်ဖို့ သိပ် အရေးကြီးတယ်၊ ဒီလို တရားဝင် ကွာရှင်းရေးဟာလည်း သူ့အပေါ်မှာ တည်နေတယ်၊ ရီ မောင်တော် ဦးမောင်မောင်လတ် ကိုယ်တိုင် သွားပြောတုန်းကတည်းက ဦးသက်ထွန်းက ကွာရှင်းပေးဖို့ ကတိ ပေးလိုက်ပြီးပြီ၊ ခုနေ မမအနေနှင့် ကွာပေးဖို့ ပြောလိုက်ရင် ဦးသက်ထွန်းက ကတိပေးပြီး ဖြစ်နေတဲ့အတွက် ငြင်းမှာ မဟုတ်ဘူးလို့ ထင်တယ်၊ အဲဒီတုန်း ကတည်းက မမ ကွာရှင်းချင်တဲ့ ဆန္ဒ ရှိရင် သူကလည်း ကွာရှင်းပေးပါ့မယ်လို့ ပြောလိုက်ပြီးသားပဲ၊ မမက ကွာရှင်းချင်တဲ့ အကြောင်း ဖွင့်ပြောလိုက်ရုံပဲ ကျန်တော့တယ်၊ ပြောတယ် ဆိုတာလည်း လူကိုယ်တိုင် တွေ့ဆုံ ပြောနေဖို့ မလိုပါဘူး၊ မမက စာလေး တစ်ကြောင်း ကောက်ရေးလိုက်ရင် ပြီးတာပါပဲ၊ တစ်ခုတော့ ရှိတယ်ပေါ့လေ၊ ဦးသက်ထွန်းကလည်း သူ့ဘက်က အလွန် မဖြစ်အောင် ကွာစကား တစ်လုံးမှ မပြောဘဲ မမဆီက စကားကို စောင့်နေတယ်၊ မမကလည်း သူ့ဘက်က အလွန် မဖြစ်အောင် သူက စပြီး ကွာကြောင်း မပြောချင်ဘူး၊ နှစ်ဖက်စလုံးဟာ ကိုယ့်သိက္ခာ ကိုယ် ကြည့်ပြီး ကိုယ့်မာနနှင့် ကိုယ် တင်းနေကြတယ်၊ အမှန်ကတော့ မမဘက်ကနေ ကြည့်ရင် သူ အလွန် ဖြစ်မှာ စိုးလို့ သူက စပြီး မရေးဘူး ဆိုတာလည်း သဘာဝ ကျသင့်သလောက် ကျပါတယ်၊ ဒါပေမဲ့ ရီ၊ ကိုယ်က လွတ်လွတ်ကင်းကင်း နေချင်တယ် မဟုတ်လား၊ ဒီတော့ ကိုယ်က စပြီး ရေးတန် ရေးရမှာပဲ၊ မတတ်နိုင်တော့ဘူး၊ ကျွန်တော့် အနေနှင့်ကတော့ ပြောရတာ ခက်တယ် ရီ၊ ဒါကြောင့်မို့ ရီကို အမှန်အတိုင်း ဖွင့်



ပြောပြီး မြန်မြန် ကွာစာ ရေးဖို့ မမကို ပြောပေးပါလို့ တောင်းပန်ရတော့မှာပဲ၊ မတတ်နိုင်တော့ဘူး၊ ဒီနည်းပဲ ရှိတော့တယ်'

ခင်ရီရီက 'အင်း' ခနဲ သက်ပြင်းရှည်ကြီး ချလိုက်ရင်း ဦးသက်ထွန်း အိမ်သို့ လာရောက်စဉ်က သူ့အား ပြောပြသွားသော စကားများကို စဉ်းစားနေမိလေသည်။

'ပြောပေးမယ် မဟုတ်လား ရီ'

'ပြောပေးစေချင်ရင်လည်း ပြောပေးရတာပေါ့ ကိုသက်ဆွေ'

ခင်ရီရီက ကိုသက်ဆွေကို ကြည့်၍ ပြောလိုက်သည်။ မမသည် အလားအလာတွေကို ထည့်သွင်း မစဉ်းစားမိသဖြင့် သည်ကိစ္စတွင် တင်းတင်းမာမာ သဘောထားနေသလားဟုလည်း စဉ်းစားနေမိသည်။ တကယ်ဆိုလျှင် မမသည် နောက်တွင် လိုက်ပါလာမည့် ပြဿနာတွေ အားလုံးကို မျက်လုံး ကျယ်ကျယ် ဖွင့်၍ ကြိုတင် သိမြင်ထားသင့်သည်ဟု ခင်ရီရီ ယူဆမိလေသည်။ မမသည် လေးနက်သော ပြဿနာများကို စဉ်းစားတိုင်း ဝေးဝေးကို ကြည့်လေ့ မရှိဘဲ မျက်လွှာကို အောက်ချထားတတ်ကြောင်းကို မကြာမီကပင် ခင်ရီရီ သတိ ထားမိခဲ့သေးသည်။ မမသည် ဟန်ဆောင် အမူအရာတွင်သာ မျက်လုံး မှိတ်ခြင်း မဟုတ်တော့ဘဲ သူ့ ဘဝကို ပြန်လှန် ကြည့်ရှုရာတွင်လည်း မျက်လုံး တစ်ဝက် မှိတ်၍ စဉ်းစားလေ့ရှိသလားဟုပင် တွေးမိလာပေသည်။

သို့ဖြင့် အတော် ကြာကြာ စကား ပြောဆိုနေကြစဉ် မမက ထမင်းစား ခေါ်သောကြောင့် ကိုသက်ဆွေနှင့် ခင်ရီရီတို့သည် ထမင်းစားခန်းထဲသို့ ဝင်လာခဲ့ကြလေသည်။

## ၃

ညှိန်းထဲတွင် မမ၊ ကိုသက်ဆွေနှင့် ခင်ရီရီတို့ သုံးယောက်သား ညဥ့် အတော် နက်သည် အထိ စကား ပြောဆိုကြပြီးနောက် ခင်ရီရီသည် သူ့ အတွက် သီး သန့် ပြင်ထားသော အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။ အဝတ်အစားများကို လဲပြီး ခုတင်ပေါ်တွင် ထိုင်ကာ အိမ်တွင် ကျန်ရစ်ခဲ့သည့် ကလေးများ အကြောင်းကို တွေးမိနေသည်။ တွေးလို့မှ မဆုံးသေးမီ အခန်းဝမှ ခြေသံ ကြားရလေ၏။

'အိပ်ပြီလား'

တံခါးကို တွန်းဖွင့်လိုက်သံနှင့် အတူ မမသည် အခန်းထဲသို့ ဝင်လာလေ သည်။

နေ့လယ်တုန်းက မမသည် သူ့ အသည်းနှလုံးထဲတွင် ရှိနေသော စကား များကို ပြောပြရန် စကား စခဲ့သည်။ သို့ရာတွင် နောက်ကျမှ အေးအေးဆေးဆေး ပြောတော့မည်ဟု လည်းကောင်း၊ နှစ်ယောက်တည်း ကျတော့မှ အားရပါးရ ပြောတော့မည်ဟု လည်းကောင်း အကြောင်း ပြကာ စကားစကို ပြန်သိမ်း၍ သာ သွားခဲ့လေသည်။

ယခုတော့ မမနှင့် ခင်ရီရီသည် နှစ်ယောက်တည်း လွတ်လပ်စွာ တွေ့နေ ကြပြီ ဖြစ်လေသည်။ သို့ရာတွင် တကယ်ကျတော့ မမတွင် ရင်နှင့် အပြည့် ရှိနေသော စကားများသည် တစ်လုံးမှ ထွက်မလာကြတော့ဘဲ မမ ကိုယ်တိုင် ကယ်က စ၍ ဘာကို ပြောရမည် မသိဘဲ ဖြစ်နေလေသည်။

အတန် ကြာတော့မှ မမက သက်ပြင်းကို ချလိုက်ပြီး

'နေပါဦး ရီ၊ သီသီတို့ကော နေကောင်းရဲ့လား'

'ကောင်းပါတယ် မမ'

ခင်ရီရီက ပြန်၍ ပြောလိုက်သည်။ မမသည် ရှေ့တွင် ဘာဆက်ပြောရ မည် မသိဘဲ လက်သည်းများကို ပွတ်နေမိလေသည်။ သူ့ စိတ်ထဲတွင် တစ်စုံ တစ်ရာကို ဖွင့်မေးရ ကောင်းမလားဟုလည်း ချီတုံချတုံ ဖြစ်နေသည်။ မေး၍

သင့်တော်ပါ့မလားဟုလည်း တွေးနေမိသည်။ မမေးဘဲ မသိလိုက် မသိဘာသာ နေလိုက်လျှင်လည်း ခင်ရီရီ စိတ်ထဲတွင် တစ်မျိုး ထင်နေဦးမည်ကို စိုးရိမ်နေမိ ပြန်သည်။

မမသည် ကိုယ့် လိပ်ပြာ ကိုယ် မလုံမလဲ ဖြစ်နေသည်။

နောက်ဆုံးတွင် မအောင့်နိုင်တော့ဘဲ

'မမ ရီ့ကို မေးချင်တာ တစ်ခု ရှိတယ်၊ ရီ မှန်မှန် ဖြေမလား ဟင်'

'ဖြေမှာပေါ့ မမရဲ့၊ ရီ သိတာ ဆိုရင် မမကို ဘာ မဖြေနိုင်စရာ ရှိသလဲ'

'သီသီဟာ မမကို အထင်လွဲပြီး စိတ်ဆိုးနေသလားလို့ မမ သိချင်တယ် ရီ'

ခင်ရီရီသည် မမျှော်လင့်သော အမေးကို ကြားလိုက်ရသဖြင့် အံ့အားသင့်သွားသည်။ မမသည် သည်အမေးကို မေးလိမ့်မည်ဟု ခင်ရီရီ မမျှော်လင့်ခဲ့ပေ။

'မဆိုးပါဘူး မမရယ်၊ ဘာဆိုးစရာ ရှိသလဲ'

'စိတ်မဆိုးပေမဲ့ သီသီဟာ မမကို အတော် စက်ဆုပ်လိမ့်မယ် ထင်တယ်၊ မမ စိတ်ထဲမှာ ဒီလိုပဲ ထင်နေတယ်'

'အို မမုန်းပါဘူး မမရဲ့၊ ဒါပေမဲ့ ကြားစတုန်းကတော့ စိတ်မကောင်းဘူးပေါ့ မမရယ်'

'ဟုတ်တယ် ရီ၊ မမ သိတယ်၊ အနည်းဆုံး သူ့ စိတ်ထဲမှာ အနှောင့်အယှက်တော့ ဖြစ်မှာပဲ၊ ခုတော့ သူဟာနှင့်သူ ကိစ္စ ပြီးသွားကြပေမဲ့ မမဟာ သူနှင့် မောင် ကြားမှာ အနှောင့်အယှက်ကြီးလို ဖြစ်နေတဲ့ အတွက် မမ စိတ်မကောင်းဘူး၊ မမ မန္တလေး လာတုန်းက သူ့ရဲ့ မွေးနေ့ ည အငြိမ့်ပွဲမှာ သူ အိမ်ထဲ ပြန်ဝင်သွားကတည်းက မမ ရိပ်မိပါတယ်၊ ဒါပေမဲ့ မမ အပြစ် မဟုတ်ပါဘူးကွယ်၊ မမ အပြစ် မဟုတ်လို့ ဘယ်သူ့ အပြစ်လဲလို့ မေးရင်လည်း မမ မဖြေတတ်ဘူး၊ ကံ အတိုင်း ဖြစ်လာကြရတာပဲလို့ မမ ယူဆမိတယ်၊ မဟုတ်ဘူးလား ရီ၊ နောက်ဆုံးတော့ မမတို့ ဒီလို ဖြစ်ကြရတာတွေဟာ ကံတရား ပစ်ချသလို ခံကြရတာပဲလို့ မမတော့ ဖြေရတော့မှာပဲ'

'ဒါပေါ့ မမရယ်၊ ကံစီမံရာ ခံကြရတာပဲလို့ အောက်မေ့ရတော့မှာပေါ့'

မမသည် စိတ်မကောင်းဟန်ဖြင့် တွေး၍ နေလေသည်။

အတန် ကြာမှ

'ဒါထက် သီသီ့ ယောကျ်ားကကော သူ့ကို ချစ်ရဲ့ မဟုတ်လား၊ တော်တယ်လို့တော့ ပြောကြတာပဲ'





'တော်ရှာပါတယ် မမရယ်၊ သီသီ့ကို ချစ်လိုက်တာလည်း ငုံထားမတတ်ပဲ'

'အေး ဒီလို ကြားရတာ ဝမ်းသာပါတယ်ကွယ်'

မမက ရင်ထဲမှ လှိုက်လှဲစွာ ထွက်ပေါ်လာသော အသံဖြင့် ပြောလိုက်သည်။ သူသည် အချစ်တွင် ကံ မကောင်းသူ ဖြစ်ကြောင်းကို မမ သိသည်။ အိမ်ထောင်ရေးတွင် စိတ်ဆင်းရဲခဲ့ရသူ ဖြစ်သည်။ သူများ အိမ်ထောင်တွေ ပျော်ရွှင် ချမ်းမြေ့စွာ နေကြသည်ကို မြင်ရသော အခါ မမသည် တကယ်ပင် ဝမ်းသာမိလေသည်။

'မမ အကြောင်း ပြောပြမယ်ဆို ပြောပြပါဦး၊ ရီလည်း ကောင်းကောင်းကို နားမထောင်ရသေးဘူး၊ ရီတောင် ကိုသက်ဆွေနှင့် ဒီ အကြောင်းတွေ ပြောနေကြသေးတယ်'

'ရီတို့ ပြောနေတာ မမ သိပါတယ်ကွယ်၊ မမကလည်း ရီ့ကို ပြောပြမလို့ လာခဲ့တာပါပဲ၊ ဒါပေမဲ့ မမ အကြောင်းကို မပြောခင်မှာ မမ ဘဝကို ရီ ဘယ်လို မြင်သလဲ၊ မမကို ရီ ဘယ်လို ထင်သလဲ ဆိုတာကို မမက အရင် မေးချင်တယ်'

မမက ခင်ရီရီကို လှမ်းကြည့်နေသည်။ ခင်ရီရီသည် ဘယ်လို ဖြေရမည်ကို မသိဘဲ စဉ်းစားနေသည်။

'ရီ ဘယ်လို မြင်သလဲ ဆိုတော့'

ခင်ရီရီက စကားကို ဖြတ်ထားလိုက်သည်။ ဘာကို ဆက် ပြောရမည် မသိဘဲ အတန်ကြာ တွေးနေမိသည်။

'အို ရီ မပြောတတ်ပါဘူး မမရယ်'

'ရီ ပြောပြတတ်သလောက်ပဲ ပြောပြပါ၊ မမ ဘဝကို ရီ မြင်သလိုပဲ ပြောပါ၊ မမကို ဘာမှ ငဲ့ညှာ မနေပါနှင့်၊ ပွင့်ပွင့်လင်းလင်းသာ ပြောပါ၊ ဒါပေမဲ့ မမ ကောင်းကြောင်းကိုတော့ မကြားပါရစေနှင့်၊ လူတွေဟာ ကိုယ့်အကြောင်းကိုတော့ အကောင်း ပြောတတ်တဲ့ လူချည်းပဲ၊ ဒါကြောင့်မို့ ရီ့ဆီက မမ ကောင်းကြောင်း စကားတော့ မကြားပါရစေနှင့်၊ ရီ့ စိတ်ထဲမှာ တကယ် မကောင်းဘူး ထင်နေရင်တော့ မမကို ပွင့်ပွင့်လင်းလင်းကြီး ပြောချလိုက်စမ်းပါ'

ခင်ရီရီမှာ မမ၏ စကားများကြောင့် အံ့သြနေသည်။ ထို့ကြောင့် တစ်စုံတစ်ရာ ပြန်၍ ပြောရန် ပြင်လိုက်သည်။

သို့ရာတွင် မမက ဆက်၍

'မမဟာ ဆိုးဆိုး ကောင်းကောင်း မမကိုတော့ အခင် မပျက်ပါနှင့်နော်၊ မမဟာ ပတ်ဝန်းကျင်က ဝိုင်းပယ် ခံထားရသူပါ၊ မမဟာ ကဲ့ရဲ့သံတွေကို နားထောင်ရင်း အိပ်ရာက နိုးခဲ့ရပြီး ကဲ့ရဲ့သံတွေကို နားထောင်ရင်း အိပ်ရာထဲ ဝင်ခဲ့ရသူပါ၊ မမကို သနားတဲ့သူ ကဲ့ရဲ့တဲ့သူ ခွင့်လွှတ်တဲ့သူရယ်လို့ ရှိမယ် မထင်တော့ပါဘူး၊ ဒါကြောင့် မမ ရန်ကုန်က ထွက်ပြေးလာပြီး ဒီကို လာပုန်း နေရတာပါ၊ ဒီရောက်တော့ စိတ်ချမ်းသာသလို ရှိပေမဲ့ သိပ် နှစ်နှစ်ကာကာတော့ မရှိလှဘူး၊ ဒီတုန်းမှာ ရီ မမကို လာတွေ့တော့ မမဖြင့် ဝမ်းသာလို့ မဆုံးအောင် ဖြစ်မိတယ်၊ မမကို အမှတ်တရ လာတွေ့တဲ့သူ ဆိုလို့ ရီ တစ်ယောက်ပဲ ရှိသေးတယ်၊ နောက်လည်း မကြာ မကြာ လာပါ ရီ၊ မမကို ပစ်မထားပါနှင့်၊ မကြာခင် မောင်လည်း မန္တလေး ဆင်းလိမ့်မယ်၊ မန္တလေးမှာ သူ ပြိုင်မြင်းတွေ မွေးထားတယ်၊ အခန့်သင့်ရင် ရန်ကုန်ကိုပါ ဆင်းဖြစ်မလား မသိဘူး၊ ဒီမှာ မမ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရင် မမကို ပစ်မထားပါနှင့်နော်၊ မကြာ မကြာ လာလည်ပါကွယ်၊ ရီ လာတာ မမမှာ အား ရှိပါတယ်၊ ကဲပါလေ ဒါတွေ ထားပါတော့၊ မောင်က ရီ့ကို ဘာတွေများ ပြောလိုက်သလဲ'

မမက စကားကို ဖြတ်၍ ခင်ရီရီဘက်သို့ လှည့်မေးလိုက်သည်။

'သူ ပြောတာကတော့ ရီနှင့် တစ်သဘောတည်းပါပဲ၊ ဒါကြောင့် ရီပဲ သူ့ဘက်က ရှေ့နေ လိုက်ရတော့မှာပဲ'

'ဘာများလဲ ရီရဲ့'

'ဒီအတိုင်း ဆက်နေဖို့ မကောင်းဘူး ဆိုတဲ့ အကြောင်းပါပဲ၊ ထူးထူးထွေထွေတော့ မဟုတ်ပါဘူး၊ ရှုပ်ပါတယ် မမရယ်၊ ဖြစ်နိုင်ရင် အတိအလင်း လက်ထပ်လိုက်ကြပါ၊ ရီလည်း ဒီလို လုပ်တာ ကောင်းမယ်လို့ ထင်တာပဲ'

'ဘာလဲ ရီ၊ မောင်နှင့် လက်ထပ်ပါ ဆိုတော့ ကိုကိုနှင့် ကွာရှင်းရမယ် ဆိုတဲ့ သဘောလား၊ ဒါကို မမလည်း စဉ်းစားမိတယ်၊ ဒီကိစ္စမှာ မောင့်သဘောကလည်း ဒီအတိုင်းပဲလား၊ ပြီးတော့ ဘာတွေများ ပြောပြသေးသလဲ'

'ဪ သူကတော့ မမ အတွက်ရော သူ့ အတွက်ရော တွေးပြီး စိတ်မကောင်းတဲ့ အကြောင်းတွေပေါ့ မမရယ်၊ သူ့ဘက်ကနေ ကြည့်တော့လည်း အကြောင်းပြချက်တွေက ခိုင်လုံသလောက် ခိုင်လုံနေတယ် မမ၊ ဟိုနှင့် ပြတ်စဲပြီး သူနှင့် လက်ထပ်ဖို့ တိုက်တွန်းရင်လည်း သူဟာ တစ်ကိုယ်ကောင်း ဆန်တယ်လို့ မမက အထင်လွဲမှာကို စိုးရိမ်နေတယ်၊ တကယ်လည်း တစ်ကိုယ်





ကောင်း ဆန်ရာ ရောက်ချင်တော့ ရောက်မပေါ့လေ၊ ဒါပေမဲ့ သူ့ကိုလည်း အပြစ် မဆိုသာပါဘူး၊ သူ့ သမီးကို သူ တရားဝင် သမီး ဖြစ်စေချင်မယ်၊ သူ့ကိုယ်သူလည်း တရားဝင် လင်ယောကျ်ား ဖြစ်ချင်မယ်၊ မဟုတ်ဘူးလား ဟင် မမ၊ ကိုယ့်မိန်းမကို ပိုင်ပိုင်နိုင်နိုင် ဖြစ်ချင်ပေမှာပေါ့'

'ဒီထက် ပိုင်နိုင်ရဦးမလား ရီ၊ မမဟာ သူ့နောက်ကို လိုက်ခဲ့တယ်၊ တစ်ချက်ကလေးမှ ငြိုငြင်ခြင်း မရှိဘဲ သူ့စိတ် အလို လိုက်ခဲ့တယ်၊ မမဟာ သူ့ကျွန် ဖြစ်ရုံ တစ်မည်ပဲ ရှိတော့တယ်'

'သူကတော့ မမ စိတ် ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင် ရှိရင် ကျေနပ်တာပါပဲ'

'အို ဒါကတော့ စိတ်ညစ်စရာ တွေ့လည်း ညစ်မှာပေါ့၊ ဘယ်တတ်နိုင်မလဲ၊ ပြီးတော့ကော ဘာတွေ ပြောလိုက်သေးသလဲ'

'နောက် သူ အတောင့်တဆုံးကတော့ ကလေးတွေကို တရားဝင် သူ့ကလေးတွေ ဖြစ်စေချင်တယ်၊ ဒီကလေးနှင့် ပတ်သက်လို့ သူ ပိုင်ပိုင်နိုင်နိုင် ဖြစ်ချင်တယ်'

'ဘယ်ကလေးတွေလဲ ရီ'

'ခု သမီးလေးနှင့် နောက်မွေးမယ့် ကလေးတွေကိုပေါ့'

'ဒါတွေ အတွက် သူ ဒီလောက် စိတ်ညစ်နေစရာ မလိုပါဘူး ရီ၊ မမဟာ နောက်ထပ် ကလေး မွေးတော့မှာမှ မဟုတ်တော့ဘဲ'

'ဟင် ဘာဖြစ်လို့'

ခင်ရီရီက မမကို အလန့်တကြား လှမ်း၍ မေးလိုက်၏။

'မမွေးချင်တော့လို့ပေါ့ ရီ'

မမက ခင်ရီရီကို ပြုံး၍ ပြောလိုက်ပြီး အံ့အားသင့်ဟန်၊ နားမလည်ဟန်၊ စိုးရိမ်ဟန်တို့ ပေါ်နေသော ခင်ရီရီ၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။ ခင်ရီရီကလည်း မမကို နားမလည်သလို ကြည့်နေမိသည်။ မမသည် ကိုသက်ဆွေနှင့် အတူတူ မနေတော့ ဆိုသည့် အဓိပ္ပာယ်လော ဟူ၍လည်း စဉ်းစားနေမိသည်။

'မမ နောက်ထပ် ကလေး မရအောင် လုပ်လိုက်ပြီးပြီ'

သည်တော့မှ ခင်ရီရီသည် သက်ပြင်းကို ချလိုက်မိ၏။

'ဒါပေမဲ့ မမရယ်၊ ကလေး ရတာ မရတာ အပ ထားပြီး ဒီ အတိုင်း နေလို့တော့ မကောင်းဘူးလို့ ထင်တာပဲ၊ ဖြစ်နိုင်ရင် တရားဝင် ဖြစ်အောင် တစ်ခုခု လုပ်ဖို့တော့ ကောင်းတာပဲ'

'ဖြစ်နိုင်ရင်တော့ ကောင်းသားပေါ့ ရီ၊ မမကလည်း ခုလို မပြတ်မသား ကြီး နေချင်ပါ့မလား'

မမက အေးစက်စက်ဖြင့် ပြန်ပြောလိုက်သည်။

'ကိုကိုနှင့် ကွာဖို့ ကိစ္စဟာ ဖြစ်နိုင်တယ် မဟုတ်လား မမရယ်၊ သူ ကိုယ်တိုင်က သဘော တူပြီးသား မဟုတ်ဘူးလား'

'ဒီ အကြောင်းကို မမ မပြောချင်ဘူး ရီ၊ မပြောပါရစေနှင့်'

မမက လှိုက်လှဲစွာ ပြောလိုက်သဖြင့် ခင်ရီရီမှာ အားနာ၍ သွားသည်။ သူ ပြောလိုက်သည့် စကားကြောင့် မမ စိတ်ထိခိုက်သွားသဖြင့်လည်း စိတ် မကောင်း ဖြစ်နေ၏။

'ဆောရီး မမ၊ မမ စိတ်ထိခိုက်ရင် ရီ မပြောတော့ပါဘူး၊ ဒါပေမဲ့ မမ ဟာ အကောင်းကို မတွေးဘဲ အဆိုးတွေကိုသာ တွေးနေတယ် ထင်တာပဲ'

'အဆိုးကို မမလည်း မတွေးချင်ပေမဲ့ မရဘူး ရီ၊ အဖြစ်ကိုက ဆိုးတော့ အဆိုးပဲ တွေးရတော့မှာပဲ၊ ဒါကြောင့် မမဟာ စိတ်ပျက်ပျက်နှင့် ဘာကိုမှ မစဉ်းစားတော့ဘဲ ပေယျာလကန် ထားလိုက်တော့တာပဲ'

'ဒီလိုလည်း မဟုတ်သေးဘူး မမ၊ တတ်နိုင်သမျှတော့ ကောင်းအောင် ကြိုးစားပြီး လုပ်ရမှာပေါ့'

ခင်ရီရီက မမကို အားပေး စကား ပြောလိုက်သည်။ သို့ရာတွင် မမမှာ အားတက်ဟန် မရှိတော့ပေ။

'မမ ဘာတတ်နိုင်မှာလဲ ရီ၊ မမ ဘာမှ မတတ်နိုင်ဘူး၊ ရီက မောင်နှင့် တရားဝင် လက်ထပ်ဖို့ ပြောပေမဲ့လည်း မမ ခုတော့ မစဉ်းစားချင်တော့ဘူး၊ ဖြစ်သလိုပဲ နေတော့မယ်လို့ စိတ်ကူးတယ်'

မမသည် ခုတင်ပေါ်တွင် ထိုင်နေရာမှ ထကာ ပြတင်းပေါက်နားတွင် သွား၍ ရပ်နေသည်။

'ရီ မပြောခင် ကတည်းက မမဟာ သူနှင့် လက်ထပ်ဖို့ စဉ်းစားခဲ့တယ် ရီ၊ စဉ်းစားသမှ နေ့ရှိသရွေ့ စဉ်းစားခဲ့တယ်၊ နာရီနှင့် အမျှ စက္ကန့်နှင့် အမျှ စဉ်းစားခဲ့တယ်၊ စဉ်းစားတိုင်း မမမှာ ရူးမတတ် ဖြစ်ခဲ့ရတယ်၊ ဒီ အကြောင်း စဉ်းစားမိရင် အိပ်မပျော်လို့ အိပ်ဆေး သောက်ရတာလည်း အခါပေါင်း မရေ တွက်နိုင်တော့ဘူး၊ ဒါကြောင့်မို့ ခုတော့ ဒါတွေ မစဉ်းစားတော့ဘူး၊ ပျော်သလိုပဲ နေတော့မယ် ဆိုပြီး တမင် ပျော်အောင် နေတယ်၊ ကောင်းပြီ မောင်နှင့် လက် ထပ်မယ် ဆိုရင် ပထမ သူ့ဆီက ကွာခွင့် တောင်းရမယ်၊ ဒါပေမဲ့ သူက မမ





ကွာခွင့် မပေးဘူး၊ မောင်မောင်လတ်ကို ပြောလိုက်တယ် ဆိုတာလည်း ရေရာတာ မဟုတ်ဘူး'

ခင်ရီရီသည် ခုတင်ဘက်သို့ ပြန်လျှောက်လာသော မမကို သနားသလို ကြည့်နေမိသည်။

'ကွာခွင့် ရအောင် မမကလည်း ကြိုးစားကြည့်ပါလား မမရဲ့'

'ကောင်းပြီ၊ ရီ ပြောသလို မမက ကြိုးစားပြီ ဆိုပါစို့၊ မမ ဘယ် အခြေ ရောက်သွားမလဲ ရီ၊ မမဟာ သူ့ကို မုန်းတယ်၊ သူ့ကို အောက်မကျို့ချင်ဘူး၊ သူ့ကို ကွာပေးဖို့ သွားပြောရတာဟာ အောက်ကျနောက်ကျ နိုင်တယ်လို့ ထင် တယ်၊ နောက်တစ်ချက်က မမဟာ သူ့ကို ချစ်တာ မချစ်တာ အပထား မယား တစ်ယောက် အနေနှင့် သူ့ကို သစ္စာ ဖောက်ခဲ့တယ်၊ သူကလည်း မမကို ချစ် တာ မချစ်တာ အပထား မမ အပေါ်မှာ သူ သဘောထား ကြီးပါတယ် ဆို တာကို လူသိရှင်ကြား ပြခဲ့တယ်၊ ဒီကြားထဲက မမက ဇွတ်အတင်း ကွာရှင်း ပေးရမယ် ဆိုရင် မမဟာ တော်တော် တရားလွန်နေပြီ၊ မမဟာ အပြစ် ကျူး လွန်သူ ဖြစ်နေလေတော့ ဒီအပြစ် အတွက် ဘာလုပ်ရမယ်လို့ မမမှာ တောင်း ဆိုခွင့် မရှိတော့ဘူး၊ သူ ပေးသမျှ အပြစ်ကို မမ ခံဖို့ပဲ ရှိတော့တယ်၊ ဒါ ကြောင့်မို့ မမက ကွာရှင်း ပေးဖို့ ပြောစရာ အကြောင်း မရှိဘူး၊ ပြောလည်း မပြောချင်ဘူး၊ သူ့ သဘောနှင့် သူ ဆုံးဖြတ်ချင်သလို ဆုံးဖြတ်လို့ပဲ အောက် မေ့ ထားလိုက်တယ်'

မမက ခုတင် ရှေ့တွင် လမ်းလျှောက်ရင်း ပြောနေသည်။

မမ၏ အကြောင်းပြချက်များမှာ ခိုင်လုံနေသဖြင့်လည်း ခင်ရီရီမှာ မပြော သာအောင် ဖြစ်နေသည်။

မမက လမ်းလျှောက်ရာမှ ရပ်လိုက်ပြီး

'ကဲ ဆိုကြပါစို့၊ မမက ကွာပေးဖို့ ပြောလို့ သူက ကွာပေးရင် တော် သေးရဲ့၊ မကွာပေးဘူးလို့ ငြင်းလိုက်ရင် မမမှာ နှစ်ခါ ထပ်ပြီး ရှက်ရဦးမယ်၊ မဖြစ်ဘူး ထင်တယ် ရီ၊ မဖြစ်ဘူး'

မမက သက်ပြင်း ချလိုက်သည်။ ခင်ရီရီသည် မမ၏ ပြဿနာကို ခုမှ ပို၍ သဘော ပေါက်လာပေသည်။

ခင်ရီရီလည်း သည်တော့မှ မမ၏ အခက်အခဲများကို ပို၍ နားလည်လာ မိလေသည်။ အပြင်ပန်းအားဖြင့် ကြည့်လျှင် လွယ်မယောင် ထင်ရသော်လည်း ကာယကံရှင်များ၏ မာနစိတ်ကလေးများကို သေသေချာချာ မြင်လိုက်ရသော

အခါ ထင်သလောက် မလွယ်ဘဲ ဆုပ်လည်း ရှုး စားလည်း ရှုး ဆိုသည့် အခြေအနေတွင် ရောက်နေသည်ကို တွေ့လာရလေသည်။

မမက အခန်း အစွန်ဘက်ဆီသို့ လျှောက်သွားပြီး ပြန်လှည့်လာကာ သူ့ ရှေ့နားသို့ ရောက်သည်နှင့်

'ရီက ထင်ချင် ထင်မယ်၊ မမက မာနကြီးလို့ အောက် မကျို့ချင်လို့ ကိုယ့် ဒုက္ခ ကိုယ် ခံနေတာလို့၊ မဟုတ်ဘူး ရီ၊ မမ အကုန် စဉ်းစားပြီးပြီ၊ အောက်ကျတာ မကျတာတွေ ဖယ်ထားပြီး မမကလည်း ကွာရှင်းခွင့် တောင်းလို့ နောက်ဆုံး သူက ကွာရှင်း ပေးလိုက်ပြီပဲ ထားပါဦး၊ ရီတို့ ထင်သလို ပြီးလိမ့်မယ် ထင်သလား၊ မပြီးသေးဘူး၊ တူးတူး အတွက် ဘယ့်နှယ် လုပ်ကြ မလဲ၊ မမကို ကွာခွင့်ပေးချင် ပေးပေမဲ့ တူးတူးကို မမနောက် မထည့်လိုက် မှာကတော့ သေချာတယ်၊ တူးတူးကို သူ ယူထားလိုက်ရင် တူးတူးဟာ အဖေ့ စိတ်တွေ အဖေ့ အမုန်းတွေ ဝင်ပြီး မမကို အမုန်းကြီး မုန်းတော့မယ်၊ စိတ် အနာကြီး နာတော့မယ်၊ အဲဒါ မမ အသည်း အနာဆုံးပဲ၊ မမ အဖို့ ဒီလောက ကြီးမှာ အချစ်ဆုံး သတ္တဝါ နှစ်ယောက်ပဲ ရှိတယ်၊ အဲဒါက တူးတူးနှင့် မောင်ပဲ'

မမက မျက်လုံးတွင် မျက်ရည်တွေ ဝဲကျလာသဖြင့် မျက်ရည်တွေကို လက်ကိုင်ပဝါဖြင့် သုတ်နေသည်။

'ဒီ သတ္တဝါ နှစ်ယောက်ဟာ မမကို တော်တော် ဒုက္ခ ပေးတယ် ရီ၊ သူတို့ နှစ်ယောက်ကို မမ ချစ်တယ်၊ တစ်ယောက်ကို တစ်မျိုးစီ ချစ်တာပဲ၊ ဘယ်သူ့ကိုမှ မပိုဘူး၊ ဒီတော့ မမဟာ ဒီနှစ်ယောက်စလုံးကို တစ်ပြိုင်တည်း ပိုင်ဆိုင်ချင်တယ်၊ ဒါပေမဲ့ ပိုင်လို့ မရဘူး၊ တစ်ယောက်ကို ပိုင်ရင် တစ်ယောက် ကို စွန့်ရတော့မယ်၊ ဒါကြောင့်မို့ ခုတော့ မထူးပါဘူး ဆိုပြီး ဘာကိုမှလည်း မစဉ်းစားတော့ဘူး၊ သူ့ အကြောင်းနှင့် သူ ဖြစ်လာလိမ့်မယ် ဆိုပြီး အားလုံးကို မေ့ထားလိုက်တယ်၊ ဒီတော့ မမကို သနားရင် ချစ်ရင် ဒီအကြောင်း မပြောပါ နှင့်တော့ ရီ'

မမသည် မျက်ရည်များကို သွန်ကာ ငိုချလိုက်သည်။ ခင်ရီရီသည် ဘာ လုပ်ရမည် မသိဘဲ ရှိုက်၍ ငိုနေသော မမကိုသာ ငေးကြည့်နေသည်။ အရွယ် နှင့် မလိုက်သော မမ၏ သောကကို ကိုယ်ချင်းစာမိကာ မမကိုသာ သနားနေ မိသည်။ မမသည် ခုတင်ပေါင်တွင် လက်တင်၍ အားရပါးရ ငိုချပြီးမှ ခင်ရီရီ ဘက်သို့ လှည့်ကာ ခင်ရီရီ၏ ပခုံး နှစ်ဖက်ကို ဆုပ်ကိုင်လျက် မျက်နှာကို အားရပါးရ ကြည့်ရင်း





'ရီ စိတ်ညစ်သွားပြီလား ရီ၊ မမကို မမုန်းကြပါနှင့်၊ မစိမ်းကားကြပါ ရီ၊ မမကို ခွင့်လွှတ်ကြပါနော်၊ ဟုတ်လား ရီ၊ ရီတို့ တစ်တွေကပါ ခွင့် လွှတ်ကြတော့ဘူး ဆိုရင် လောကမှာ မမလောက် ကံဆိုးတဲ့ မိန်းမ မရှိတော့ ဘူး ရီ၊ ရီတို့က ခွင့်လွှတ်ကြမယ် ဆိုရင် မမ သေပျော်ပါပြီ ရီရယ်၊ မမ သေ ပျော်ပါပြီ'

မမ၏ မျက်ရည်များသည် ကုန်ခန်းနေပြီဟု ထင်ရသော်လည်း စီးကျ လာပြန်ကာ ပို၍ သည်းထန်စွာ ငိုချလိုက်သည်။ နောက် မမသည် ခင်ရီရီကို အားရပါးရ နမ်းရှုပ်ကာ ထွက်သွားလေသည်။

ခင်ရီရီသည် တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့မှပင် သက်ပြင်းကို ချ လိုက်ရင်း ပြုနေကျ ထုံးစံ အတိုင်း ဘုရား ဝတ်ပြုနေသည်။ မမ စကားတွေ ကြားရတုန်းကတော့ မမကို သနားကာ အားလုံးကို မေ့လျော့နေခဲ့ သော်လည်း သူ တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့မှ ကလေးနှင့် လင်သားကို သတိ ရလာသည်။ တကယ်ဆိုတော့ သူတို့ အိမ်ထောင်ရေးသည် အဆင် မပြေတာတွေ ရှိသည် မှန်သော်လည်း မမ၏ အိမ်ထောင်ရေးနှင့် နှိုင်းစာလျှင် ကောင်းပြည့်နှင့် နတ်ဘုံလို အကွာကြီး ကွာခြားနေသည်ကို တွေ့လာရလေသည်။

မမသည် ခင်ရီရီ၏ အခန်းထဲမှ ထွက်လာခဲ့ပြီး အိပ်ခန်းဆီသို့ လျှောက် သွားပြီးမှ မျက်ရည်တွေကို မြင်လျှင် ကိုသက်ဆွေ တစ်မျိုး ထင်မည် စိုး သဖြင့် မဝင်သေးဘဲ ထမင်းစားခန်းဘက်သို့ လျှောက်လာခဲ့၍ ကြောင်အိမ် ထဲမှ အိပ်ဆေး ပုလင်းကို ယူကာ အိပ်ဆေး တစ်ပြားကို သောက်ချလိုက် သည်။ နောက် အငိုရှိုက် ရပ်အောင် အတန်ကြာ ထမင်းစားခန်းတွင် ထိုင်နေပြီးမှ အိပ်ခန်းထဲသို့ ဝင်လာခဲ့လေသည်။

ကိုသက်ဆွေသည် မမ၏ ခြေသံကို ကြားရတော့မှ ဖတ်နေသော စာအုပ် ကို မျက်နှာမှ ခွာလိုက်ပြီး လှမ်းကြည့်လိုက်သည်။ ခင်ရီရီ အခန်းထဲတွင် သည်လောက် ကြာပုံထောက်လျှင် သူ ညနေက ခင်ရီရီကို ပြောလိုက်သည့် စကားများနှင့် ပတ်သက်၍ သူတို့ နှစ်ယောက် ပြောဆို ဆွေးနွေးပြီးကြလောက် ပြီဟု အောက်မေ့လိုက်မိသည်။ သို့ရာတွင် မမမှာ ဣန္ဒြေ ဝတ်ရုံကို ပိပြားစွာ ဆင်ယင်ထားသဖြင့် ကိုသက်ဆွေသည် မမ၏ မျက်နှာပေါ်တွင် ဘာ ထူးခြား ချက်ကိုမျှ မမြင်ရဘဲ တည်ငြိမ်သော အလှကိုသာ မြင်ရလေသည်။

ကိုသက်ဆွေသည် သူတို့ နှစ်ယောက် ဘာတွေ ပြောကြသည်ကိုလည်း မမေးချင်၍ မမ၏ အပြောကို စောင့်နေမိသည်။

ကိုသက်ဆွေသည် မမ၏ ထူးဆန်းသော အပြုအမူတွေကို ကြည့်ကာ သူ မသိဘဲ မမ ဘာတွေများ လုပ်ဖို့ ကြံစည် စိတ်ကူးနေပါလိမ့် ဟူ၍ပင် သက်သာ မကောင်း ဖြစ်လာသည်။ သို့ရာတွင် စကား မများချင်၍ ဘာမျှ မပြောဘဲ နေလိုက်သည်။

'မမများ ပျင်းနေမလား ဟင်'

'မပျင်းပါဘူး မောင်၊ သမီးလေးလည်း ရှိသားပဲ၊ ပြီးတော့ ဟိုဘက်ခြံက သူငယ်လေးက မဂ္ဂဇင်းတွေလည်း ငှားထားတယ်'

ကိုသက်ဆွေသည် မန္တလေးသို့ ရောက်လျှင် ဝယ်သူနှင့် အတူ သူ့မြင်းများကို သွားကြည့်ကာ အရောင်းအဝယ် ကိစ္စကို ပြုလုပ်ပြီး မန္တလေးရှိ ရင်းနှီးသော မိတ်ဆွေများကို သွား၍ တွေ့လေသည်။ မန္တလေးမှ မိတ်ဆွေများ အားလုံးကပင် ကိုသက်ဆွေတို့ ကိစ္စကို ဘာမျှ မမေးဘဲ မသိလိုက် မသိဘာသာ နေကြသဖြင့် ကိုသက်ဆွေမှာ သောကတွေကို မေ့ပျောက်ကာ ပျော်သလိုလို ဖြစ်လာသည်။ မေမြို့တွင် နေခဲ့ရသည်မှာ ကြာပြီ ဖြစ်၍လည်း မန္တလေးတွင် အပြောင်းအလဲ တွေ့ကာ ခေတ္တ ခဏအားဖြင့် ကိုယ့် ဘဝကို မေ့သွားလေသည်။

သို့ဖြင့် ကိုသက်ဆွေသည် မန္တလေးတွင် တစ်ပတ်လောက် ကြာသွားခဲ့လေသည်။ သည်အတောအတွင်း ကိုသက်ဆွေ မန္တလေး တက္ကသိုလ်သို့ သွားရောက်ကာ မိတ်ဆွေများကိုလည်း သွားရောက် နှုတ်ဆက်ခဲ့သေးသည်။ သွားနေ့တွင် အဖော် ကောင်းသဖြင့် မိတ္ထီလာသို့ပင် နေ့ချင်းပြန် လိုက်သွားခဲ့သေးသည်။

ကိုသက်ဆွေသည် လွတ်လပ်ခွင့် ရသဖြင့် သောကတွေ အားလုံးကို မေ့ပျောက်နေမိလေသည်။ မမထံသို့မူ ကိစ္စ မပြီးပြတ်သေး၍ ကြာဦးမည် ဖြစ်ကြောင်း စာတစ်စောင် ထည့်လိုက်သည်။

မိတ္ထီလာမှ ပြန်ရောက်ပြီး နောက်တစ်နေ့တွင်မူ အိမ်ရှင်က စာ တစ်စောင် လာပေးသဖြင့် ကိုသက်ဆွေသည် ဖွင့်၍ ဖတ်လိုက်သည်။

စာမှာ မမထံမှ စာ ဖြစ်လေသည်။ ကိုသက်ဆွေသည် စာ မဖတ်ခင် ကတည်းက စာထဲတွင် ပါမည့် အကြောင်းအရာများကို သိပြီးသား ဖြစ်နေသည်။ သူသည် မမအား မြင်း အရောင်းအဝယ် ကိစ္စဖြင့် နှစ်ရက်လောက် ကြာမည်ဟု ပြောခဲ့သော်လည်း တစ်ပတ်ကျော်သွားသည့်တိုင် မပြန်ဖြစ်သေးဘဲ ဖြစ်နေရာ မမ၏ စာသည်လည်း သူ့အား အချိန်မီ ပြန် မရောက်သဖြင့် ဆူပူ ကြိမ်းမောင်းသော စာပင် ဖြစ်လိမ့်မည်ဟု တွေးလိုက်မိသည်။





စာကို ဖွင့်ဖတ်လိုက်သော အခါ သူ မျှော်လင့်သည့် အတိုင်း ဖြစ်နေသည်။ သို့ရာတွင် စာထဲတွင် ပါသည့် အကြောင်း တစ်ခုကြောင့် ကိုသက်ဆွေမှာ [illegible] ဖြစ်သွားလေသည်။

'သမီးလေး ရုတ်တရက် ကောက်ရသလို အပြင်း ဖျားနေတယ်၊ ဆရာဝန်တော့ နိုးနိုးယားလို့ ပြောတယ်၊ မမလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ဘူး၊ မောင် ပြန်လာမလားလို့ နေ့တိုင်း မျှော်တယ်၊ မလာတော့မှ ဒီစာကို ရေးလိုက်တာပဲ၊ မပြန်နိုင်လောက်အောင် ဘာတွေများ တွေ့နေလို့လဲ၊ မောင် အမြန် ပြန်လာခဲ့ပါ၊ မမ ဘာလုပ်ရမှန်း မသိတော့ဘူး၊ မောင် မြန်မြန် မလာရင် မမ လိုက်လာမှာပဲ'

ကိုသက်ဆွေသည် ကလေး အသည်းအသန် ဖြစ်နေသည် ဆို၍ စိတ်ထဲတွင် ထင့်နေရာက သူ့ နောက်သို့ မမ လိုက်လာမည်ဟု ဖတ်လိုက်ရသော အခါ ဒေါ်ပွလာသည်။ ကိုယ့် သားသမီး ကိုယ့် သွေး ဆိုသော အသိသည် ကိုသက်ဆွေ၏ စိတ်တွင် ကြီးစိုးနေသည်။ သူ ပေးလိုက်သော စာကို မမ မရသေး၍ ရေးလိုက်ခြင်း ဖြစ်ဟန်လည်း ရှိသည်။ ကိုသက်ဆွေသည် ကြာကြာ မနေနိုင်တော့ဘဲ တက္ကစီ တစ်စီးကို ငှားကာ မေမြို့သို့ ပြန်တက်လာခဲ့လေ၏။

## ၅

ကိုသက်ဆွေ တစ်ရပ်တခြားသို့ သွားမည် ပြုသည့် အခါတိုင်း မမနှင့် ကိုသက်ဆွေသည် စကား များကြရသည်။ သူ သွားခါနီးတိုင်း စကား များကြရသဖြင့် ကြာလျှင် ကိုသက်ဆွေသည် သူ့ အပေါ်တွင် စိတ်ပျက်လာမည်ကို မမ တွေး၍ စိုးရိမ်လာမိလေသည်။ ထို့ကြောင့် ကိုသက်ဆွေ မန္တလေး သွားခါနီးတွင်မူ မမသည် ခါတိုင်းလို စကား မများတော့ဘဲ ကိုယ့်စိတ်ကို ချုပ်တည်းကာ ဣန္ဒြေ မပျက် နေနိုင်ရန် ကြိုးစားခဲ့သည်။ သို့ရာတွင် မန္တလေးသို့ ဆင်းခါနီးတွင် ကိုသက်ဆွေက ကြင်ကြင်နာနာ မရှိလှဘဲ သာမန်လောက်သာ နှုတ်ဆက်ကာ ထွက်သွားသော အခါ၌မူ မမ စိတ်သည် ဗလောင် ဆူလာကာ လှုပ်ရှား လာပြန်သည်။

ကိုသက်ဆွေသည် အိမ်မှ ထွက်ခွာသွားရာတွင် သား မယား ရှိသူနှင့် နည်းနည်းမျှ မတူဘဲ လွတ်လွတ်လပ်လပ် လူပျို တစ်ယောက်လို ဖြစ်နေသည်။ မြင်း အရောင်းအဝယ် ကိစ္စကို မမထက် အလေးပေး ဂရုပြုဟန်လည်း ထင်ရှားစွာ ပေါ်နေသည်။

တကယ်တော့ မမသည် မိန်းမသား ဖြစ်၍ ကိုသက်ဆွေသည် ယောကျ်ားဖြစ်သည်။ ကိုသက်ဆွေသည် သူ ကြိုက်သည့် နေရာသို့ သွားချင်သည့် အချိန်တွင် ထသွားနိုင်သည်။ သို့ သွားလိုရာ သွားနိုင်သည့် အခွင့်အရေးလည်း ရှိသည်။ သွားရုံမျှမက မမကို မချစ်တော့၍ စွန့်ခွာသွားမည် ဆိုကလည်း သွားနိုင်သည့် အခွင့်အရေး ရှိနေသည်။ သူ ရက်စက်၍ စွန့်ခွာသွားလျှင် မမ ဘာတတ်နိုင်မည်နည်း။ ယောကျ်ားသား ဖြစ်သော ကိုသက်ဆွေတွင် အခွင့်အရေးတွေ ရှိသလောက် မိန်းမသား ဖြစ်သူ မမတွင် ဘာ အခွင့်အရေးမျှ မရှိဘဲ ဆုံးရှုံးနေသည်။ ကိုသက်ဆွေ၏ အပြုအမူများသည် မချစ်ပြင်ပြင် နိုင်လွန်းလှသည်ဟုလည်း မမ တွေးမိလေသည်။ ကိုသက်ဆွေသည် သူ့ကို စွန့်ခွာသွားရန် နိဒါန်း ပျိုးနေလေပြီလော ဟူ၍ပင် တွေးလိုက်မိသည်။

သို့ဖြင့် ကိုသက်ဆွေသည် သူ၏ အမုန်းငြိုကာ နိဒါန်းကို စတင် ရေးသားစ ပြုနေပြီဟု မမ သိသော်လည်း မမသည် ဘာတတ်နိုင်မည်နည်း။ ယခင်ကကဲ့ သို့ပင် သူ့ အလှနှင့် သူ့ အချစ်ကို ပိုမို ထင်ရှားအောင် ပြသခြင်းဖြင့်သာလျှင် ကိုသက်ဆွေ၏ အမုန်း နိဒါန်းကို ချေဖျက်နိုင်တော့မည် မဟုတ်ပါလော။

ကိုသက်ဆွေသည် သူ့ကို မချစ်တော့ပြီဟု ဆိုပါလျှင်လည်း မမသည် ဘာတတ်နိုင်ပါဦးမည်နည်း။ ယခင်ကကဲ့သို့ပင် နေ့လယ်တွင် စိတ်ပြေလက်ပျောက် အိမ်တွင်း အလုပ်များကို လုပ်၍ ညတွင် အိပ်ဆေးကို သောက်ခြင်းဖြင့်သာလျှင် ကိုယ့်စိတ်ကို ဖြေသိမ့်ရတော့မည် မဟုတ်ပါလော။

မမ အဖို့ ကိုသက်ဆွေထံမှ သူ အလိုချင်ဆုံး အရာမှာ ကိုသက်ဆွေက သူ့ကို ယခင်ကကဲ့သို့ ချစ်မြဲ ချစ်နေရန်ပင် ဖြစ်သည်။ ကိုသက်ဆွေနှင့် အတူ တကွ နေကြရန်ပင် ဖြစ်သည်။ ကိုသက်ဆွေက သူ့ကို စွန့်ခွာ မသွားရန်ပင် ဖြစ်သည်။

သို့ဖြစ်လျှင် မမ ဘာလုပ်ရပါမည်နည်း။ နည်းလမ်း တစ်ခုတည်းသာ ရှိသည်ဟု မမ ထင်လေသည်။ ယင်းနည်းလမ်းမှာ ဦးသက်ထွန်းနှင့် တရားဝင် ပြတ်ပြတ်စဲစဲ ကွာရှင်းကာ ကိုသက်ဆွေနှင့် တရားဝင် လက်ထပ်ကြရန်ပင် ဖြစ်သည်။

ထို့ကြောင့် မမသည် မာနတွေ သိက္ခာတွေကို ဘေးဖယ် ပစ်လိုက်ကာ ဦးသက်ထွန်းက မောင်မောင်လတ်မှ တစ်ဆင့် ကွာရှင်းပေးဖို့ စကား စလာလျှင် မဆိုင်းမတွ သဘောတူ ခေါင်းညိတ်လိုက်ရန် ပထမဆုံး အကြိမ် ဆုံးဖြတ်လိုက်လေသည်။

တူးတူးနှင့်ရော ကိုသက်ဆွေနှင့်ရော အတူတူ နေရအောင် လုပ်မည် ဆိုသော အကြံအစည်ကို လက်လျှော့လိုက်မိလေသည်။ တစ်ယောက်ကို လိုလျှင် ကျန်တစ်ယောက်ကို စွန့်ပစ်ရတော့မည် မဟုတ်ပါလော။

မမသည် ကိုသက်ဆွေ မရှိသည့် တစ်ပတ်လုံးလုံး သည်အကြောင်းတွေ ကိုသာ တွေးနေမိသည်။

ခုနစ်ရက်မြောက်သော နေ့တွင် သမီးကလေးမှာ ကျောပူ ခေါင်းပူ ထကာ အဖျား ဝင်လာသည်ကို တွေ့ရသည်။ သို့ရာတွင် သမီးလေးမှာ အသည်းအသန် ဖျားခြင်းမျိုး မဟုတ်သည့် အတွက်ကြောင့် တစ်ကြောင်း၊ မမ ကိုယ်တိုင်က လည်း ကိုသက်ဆွေနှင့် သူ၏ နောင်ရေး အတွက် စိတ်ထွေနေသည့် အတွက် ကြောင့် တစ်ကြောင်း မမသည် ခပ်ပေါ့ပေါ့ပင် ဂရုမစိုက်ဘဲ နေလိုက်သည်။





ကလေးကို ဂရုမစိုက်ဘဲ နေလိုက်သည့် အကြောင်းများ အနက် အခြား အရေးကြီးသော အကြောင်းအချက်လည်း ရှိသေးသည်။ ယင်းမှာ မမသည် သမီးကလေးကို ချစ်ခင် တွယ်တာခြင်း မရှိသည့် အချက်ပင် ဖြစ်သည်။ မမ သည် ကိုယ်က မွေးသည့် ရင်သွေး ဖြစ်၍ သမီးလေးကို ချစ်ရန် အမျိုးမျိုး ကြိုးစားကြည့်သည်။ သို့ရာတွင် လူတစ်ယောက်ကို ချစ်လာအောင် ကြိုးစား သည် ဆိုခြင်းမှာ လုပ်၍ ရကောင်းသော အရာ မဟုတ်ပါတကား။

ထိုနေ့ ညနေစောင်းသည် အထိ ကိုသက်ဆွေ ပြန်မလာသော အခါ မမ သည် ကလေးကို ပစ်ထားခဲ့ကာ ကိုသက်ဆွေ ရှိရာ မန္တလေးသို့ လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။

သို့ရာတွင် ပြန်၍ စဉ်းစားပြီးမှ မသွားတော့ဘဲ ကလေး အသည်းအသန် ဖြစ်နေသည်ဟု လိမ်ညာ ရေးကာ မေ-မန်း တက္ကစီ ကားကြုံဖြင့် ကိုသက်ဆွေ ထံ စာတစ်စောင် ပါးလိုက်လေသည်။

သို့ရာတွင် နောက်တစ်နေ့ နံနက် ကိုသက်ဆွေထံမှ စာ ရသော အခါ တွင် မမသည် သူ လိမ်၍ ရေးလိုက်သည်ကို နောင်တ ရလာလေသည်။ ကလေး အသည်းအသန် မဖြစ်ဘဲ လိမ်ရေးရမည်လားဟု ကိုသက်ဆွေက စိတ်ဆိုးမည်ကိုလည်း စိုးရိမ်၍ လာမိလေသည်။

မမသည် အိမ်ရှေ့ခန်းတွင် မီး ဖွင့်ကာ စာအုပ် တစ်အုပ်ကို ဖတ်ရင်း ကိုသက်ဆွေကို စောင့်နေမိသည်။ အိမ်ရှေ့ လမ်းမမှ ကားသံ ကြားတိုင်း ကို သက်ဆွေလားဟု ထင်မိသည်။ မဟုတ်မှန်း သိတော့မှ စိတ်ပျက်သွားကာ စာ ကို ဖတ်နေမိပြန်သည်။ သို့ရာတွင် စာကို သိပ် စိတ်မဝင်စားလှဘဲ ကိုသက်ဆွေ စိတ်ဆိုးနေမည်ကိုသာ တွေးပူနေမိသည်။ သမီးလေးမှာ ကိုသက်ဆွေထံမှ စာ မရေးမီ နှစ်ရက်လောက် ကတည်းက ပြန်၍ ကောင်းသွားပြီ ဖြစ်လျက်နှင့် လိမ် ရေးလိုက်မိသည်ကိုလည်း စိတ်မကောင်း ဖြစ်နေသည်။

အိမ်ရှေ့တွင် ကားဆိုက်သံ ကြားတော့မှ မမသည် တံခါးကို ဖွင့်ကာ ဝမ်းသာအားရ ဆီးကြိုမိသည်။

'ကလေး ဘယ့်နှယ် နေသေးလဲ မမ'

ကိုသက်ဆွေက လှေကားထစ်ပေါ်တွင် ရပ်ရင်း စိုးရိမ်တကြီး မေးနေ သည်။

'ခုတော့ နေကောင်းသွားပါပြီ မောင်'

'မမကော နေကောင်းရဲ့လား'

မမသည် ခေါင်းညိတ်ပြကာ ကိုသက်ဆွေ၏ လက်နှစ်ဖက်ကို ဆွဲယူပြီး သူ့ ခါးတွင် ရစ်ပတ် နှောင်ထားလိုက်ပြီး ကိုသက်ဆွေ၏ မျက်နှာကို ရှုံ့စိုက် ကြည့်နေသည်။

'အလုပ်တွေ မပြီးသေးလို့ ကြာသွားတယ် မမ'

ကိုသက်ဆွေက မမ ခါးတွင် ရစ်ပတ်ထားသော လက်များကို ဖြုတ်ကာ ကုလားထိုင်တွင် ထိုင်ပြီး ဖိနပ်ကို ချွတ်နေသည်။ ကိုသက်ဆွေ၏ အမူအရာ သည် တကယ်ပင် အေးစက်စက် နိုင်လွန်းလှသည်ဟု မမ ထင်သည်။ သို့ရာ တွင် အေးစက်စက် ဖြစ်ချင်လည်း ဖြစ်ပါစေ၊ မမ အနားတွင် သူ ရှိလျှင် မမ ကျေနပ်ပါပြီ။

ထမင်း စားရင်း ကိုသက်ဆွေက မြင်း အရောင်းအဝယ် ကိစ္စကို ပြောပြ သည်။

မမကလည်း အိမ်တွင် စိတ်ဝင်စားစရာကလေးများကို ပြောပြသည်။

ကရင်မ နာနီကမူ ကိုသက်ဆွေ မရှိတုန်းက မမမှာ ညတိုင်း အိပ်ဆေး သောက်ရကြောင်း ပြောပြနေသည်။

'ဘယ့်နှယ် လုပ်မလဲ နော်တူးရဲ့၊ ည ည အိပ်လို့ မရဘဲ မိုးသာ စင်စင် လင်းရော တစ်မှေးမှ အိပ်မရဘူး၊ ဟုတ်တယ် မောင်၊ မောင် ရှိတုန်းက ဘယ် မှာများ သောက်ရလို့လဲ'

မမက ကိုသက်ဆွေကို လှမ်းမေးလိုက်သည်။

ထမင်း စားသောက်ပြီးကြ၍ နှစ်ယောက်တည်း ရှိတော့မှ မမသည် ကို သက်ဆွေက သူ့အား စွန့်ခွာ မသွားသေးပါကလားဟု တွေးမိကာ ကြည်နူးမှု များ ပြန်လည် ဝင်ရောက်လာ၏။

'မောင် မမ စာရတော့ စိတ်ညစ် မသွားဘူးလား၊ လိမ်ခေါ်တာလို့ မထင် ဘူးလား'

'ဟုတ်တယ် မမ၊ စာ ရတော့ ထူးဆန်းသွားတယ်၊ အစပိုင်းမှာ သမီး လေး အသည်းအသန် ဖြစ်တယ်လို့လည်း ရေးထားတာ တစ်မျိုးပဲ'

'အမှန်အတိုင်း ရေးတာပါ မောင်၊ မလိမ်ပါဘူး'

'မောင်ကလည်း လိမ်တယ်လို့ မထင်ပါဘူး'

'ဒါပေမဲ့ နည်းနည်းတော့ သံသယ ဖြစ်တယ် မဟုတ်လား'

'သံသယလည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ စိတ်ထဲမှာတော့ ထင့်ခနဲ ဖြစ် သွားတယ်၊ ဟိုမှာလည်း မောင့် ကိစ္စတွေက မပြီးပြတ်သေးတော့..'





'ဘာလဲ မောင်၊ ဟိုမှာ ကောလိပ် ကျောင်းသူ အပျိုလေးတွေနှင့် ရုပ်ရှင် ကြည့်ရတဲ့ ကိစ္စတွေလား'

'ဒီလို မပြောပါနှင့် မမ'

'ပြောရလိမ့်မယ် မောင်၊ ပြောရလိမ့်မယ်၊ ဒါပေမဲ့ မောင် လုပ်တာ နည်း တရား မလွန်ဘူးလားလို့ ကိုယ့်ဘာသာ ကိုယ်ပဲ စဉ်းစားကြည့်ပါ၊ နှစ် ဆိုပြီး ထွက်သွားလိုက်တာ'

'ဟိုမှာ ကိစ္စ မပြီးပြတ်သေးလို့ စောင့်နေရတယ် မမ၊ ခုတောင် မပြီးပြတ် သေးဘူး၊ သွားရဦးမှာ၊ မောင် သိပါတယ်၊ မမဟာ မောင့်ကို စိတ်မချဘူး၊ မမ မပါဘဲ မောင် တစ်ယောက်တည်း သွားတာကို သဘော မကျဘူး၊ မဟုတ် ဘူးလား၊ သံသယ မရှိပါနှင့် မမ၊ မောင်ဟာ ဒီလောက်လည်း သစ္စာ မမဲ့သေး ပါဘူး၊ အချစ်လည်း မပြယ်ပါဘူး၊ တကယ်လို့ မမကို မချစ်ဦး၊ သမီးလေး ကို..'

မမသည် ခြွင်းချက် စကားကို ကြားလိုက်ရသည်နှင့် ရင်ထဲမှာ နာလာ သည်။ သွေးတွေ ဆူပွက်လာသည်ဟု ထင်မှတ်လိုက်ရသည်။

'သိပါတယ်၊ မောင်ဟာ မမကို မချစ်တော့ပါဘူး၊ သမီး သံယောဇဉ် ကြောင့် နေရတာ မဟုတ်လား၊ မောင်ဟာ မမကို ငြီးငွေ့နေပြီ မဟုတ်လား၊ ယောကျ်ား ဆိုတာ ဒီလိုချည်းပါပဲ၊ သူတို့ အလိုရှိတုန်း လာမယ်၊ အလို မရှိရင် သွားမယ်၊ မမ နားလည်ပါပြီ'

'ဒီလို မပြောပါနှင့် မမရယ်၊ မောင်ဟာ မမ အတွက် ဘဝ တစ်ခုလုံး မြှုပ်နှံထားတဲ့ သူပါ'

မမက ကိုသက်ဆွေ စကားကို မကြားဘဲ သူ ပြောချင်ရာကို ပြောနေ သည်။

'ကိစ္စ မပြီးပြတ်သေးလို့ မန္တလေးကို ဒီတစ်ခေါက် သွားရင် တစ်ယောက် တည်းတော့ မသွားရဘူး၊ မမပါ လိုက်မယ်၊ ဒီမှာတော့ တစ်ယောက်တည်း မနေရစ်ခဲ့တော့ဘူး၊ မမနှင့် မောင် နှစ်ယောက် အတူ နေရမယ် ဆိုရင် နေမယ်၊ တကွဲတပြားစီတော့ မမလည်း မနေချင်ဘူး'

'မနေရပါဘူး မမရယ်၊ မမ လိုက်ချင်တယ် လိုက်နိုင်တယ် ဆိုရင် မခေါ် ဘဲ နေပါ့မလား၊ ကဲပါ တိတ် တိတ်'

ကိုသက်ဆွေက မမ၏ မျက်ရည်ကို သုတ်ပေးနေ၏။

"အို လိုက်ချင်တာပေါ့၊ မောင်ဟာ မမ ယောကျ်ား၊ မမရဲ့ လင်၊ ကိုယ့်လင် ကိုယ့်ယောကျ်ားနှင့် ခွဲမနေနိုင်ဘူး"

သို့ဖြင့် မမနှင့် ကိုသက်ဆွေတို့၏ ရန်ပွဲသည် နောက်ဆုံးတွင် စေ့စပ်ခြင်း၌ အဆုံးသတ်လေသည်။

မကြာမီပင် မမသည် သူ့အား ကွာရှင်း ပေးရန် ဦးသက်ထွန်းထံ စာတစ်စောင် ရေးလိုက်လေသည်။

နွေရာသီ ကုန်၍ မိုးဦးကျတွင် မမနှင့် ကိုသက်ဆွေသည် မန္တလေးသို့ဆင်းလာခဲ့ကြလေသည်။

မမနှင့် ကိုသက်ဆွေသည် ဦးသက်ထွန်းထံမှ ပြန်စာကိုသာ မျှော်ရှိသရွေ့စောင့်မျှော်လျက် ရှိနေကြသည်။ ဦးသက်ထွန်းထံက ပြန်စာ ရလျှင် ချက်ချင်းလက်မှတ်ထိုး ကွာရှင်းရန်လည်း အဆင်သင့် ဖြစ်နေသည်။



# အပိုင်း ၇

၁

မောင်မောင်လတ်နှင့် ကိုအောင်မိုးသည် မီးရထား ဟိုတယ်မှ ထွက်လာခဲ့ကြကာ မော်တော်ကား ထားရာဆီသို့ လျှောက်လာခဲ့ကြသည်။ သူတို့ နှစ်ယောက်သည် မီးရထား ဟိုတယ်ထဲတွင် ကျန်ရစ်ခဲ့သော ကိုသက်ဆွေ အကြောင်းကို ပြော လာကြသည်။

'လူတစ်ယောက်ကို အဝေးကနေပြီး ဆုံးဖြတ်ထားတာ မကောင်းဘူးနော်'

ကိုအောင်မိုးက ကိုယ့်အတွေးနှင့် ကိုယ် ပြောလိုက်သည်။ သူသည် ကိုသက်ဆွေကို များစွာ အထင်သေးသူ ဖြစ်သည်။ ခင်သီသီ ကိစ္စကြောင့် လည်းကောင်း၊ မမနှင့် ပတ်သက်သည့် ကိစ္စကြောင့် လည်းကောင်း အလိုလို ကိုသက်ဆွေကို ရွံမုန်းခဲ့သည်။ ထိုမျှမက ကိုသက်ဆွေ ကိစ္စကြောင့်ပင် ခင်သီသီနှင့် ကတောက်ကဆ ဖြစ်ခဲ့ရသေးသည်။

ကိုအောင်မိုးနှင့် ခင်သီသီသည် လွန်ခဲ့သော သုံးလလောက်က စ၍ မန္တလေးသို့ ပြောင်းလာခဲ့ကြသည်။ ခင်သီသီမှာ ကိုယ်ဝန် အရင့်အမာနှင့် ဖြစ်၍ ဒေါ်ညွန့်ညွန့်က မန္တလေးတွင် မွေးဖွားစေလိုသည်ဟု ဆိုသဖြင့် ဆင်းလာခဲ့ကြရခြင်း ဖြစ်၏။ ကိုအောင်မိုးသည် ဇီဇာကြောင်လှသော ဒေါ်ညွန့်ညွန့်နှင့် သဘောမတူသော်လည်း ခင်သီသီ စိတ်မကောင်းမည် စိုး၍ လိုက်လျောခဲ့သည်။

တစ်နေ့၌ ခင်သီသီသည် ဖခင် ဦးငွေခင်နှင့် အတူ နန်းတွင်းရှိ တပ်မင်းကတော် ခင်လှလှတို့ အိမ်သို့ သွားရောက် လည်ပတ်ရာတွင် ကိုသက်ဆွေနှင့် သွား၍ တွေ့နေလေသည်။ ခင်သီသီသည် ကိုသက်ဆွေကို မြင်တော့ အသက်ရှူများကာ ရှက်သွေးတွေ ဖြာလာသည်။ ရင်တွေ တဒိတ်ဒိတ် ခုန်လာသည်။

ခင်သီသီသည် ကိုသက်ဆွေကို ပြုံး၍ နှုတ်ဆက်ကာ စကား တစ်လုံးစ နှစ်လုံးစ ပြောပြီး အသာပင် နေလိုက်သည်။ ကိုသက်ဆွေမှာ ဦးငွေခင်နှင့် စကား ကောင်း နေသဖြင့်လည်း ခင်သီသီမှာ ကိုသက်ဆွေနှင့် စကား ပြောချိန် မရတော့ဘဲ ခင်လှလှနှင့်သာ စကား ကောင်းနေကြသည်။

ပြန်ခေါ်နိုးတော့မှ ခင်သီသီမှာ လောကဝတ် အနေဖြင့် ကိုသက်ဆွေကို လှမ်း၍ နှုတ်ဆက်လိုက်လေသည်။

အိမ်သို့ ရောက်လျှင် ခင်သီသီက ကိုသက်ဆွေနှင့် တွေ့ခဲ့ကြောင်း ကို အောင်မိုးအား ပြန်ပြောလိုက်သော အခါတွင် ကိုအောင်မိုးမှာ မျက်နှာကြီး နီ သွားသည်ကို သတိ ထားလိုက်မိရာက နှစ်ယောက်သား စကားနာတွေ ထိုးကာ ကတောက်ကဆ ဖြစ်ကြသည်။ နှစ်ရက်လောက် စိတ်ကောက်နေကြပြီးမှ ပြန်၍ တည့်သွားကြလေသည်။

ကိုအောင်မိုးသည် မီးရထား ပရိုတယ်တွင် ကိုသက်ဆွေကို တွေ့လိုက်ရသော အခါ နဂိုက ဓာတ်ခံသည့် ပြန်၍ ပေါ်လာကာ တစ်စားပွဲတည်း ထိုင်သည်ကိုပင် မကြိုက်သလို မျက်နှာထားနှင့် ကြည့်နေခဲ့သည်။ မောင်မောင်လတ် ကိုယ်တိုင်က သူ့ အစ်မ၏ နောက်ယောက်ျား ကိုသက်ဆွေကို ခင်ခင်မင်မင် နှုတ်ဆက် စကား ပြောနိုင်သော်လည်း ကိုအောင်မိုးမှာ စကား မပြောနိုင်ဘဲ မှုန်သိုးသိုး ဖြစ်နေသည်။

အတော် ကြာ၍ ကိုသက်ဆွေက ကိုအောင်မိုးဘက်သို့ လှည့်၍ စကားစမြည် စ ပြောလာတော့မှ ကိုသက်ဆွေမှာ သူ ထင်သလောက် ရိုင်းစိုင်းသူ မဟုတ်ကြောင်းကို သိလာခဲ့သည်။ ကိုသက်ဆွေသည် ရိုးသား ပွင့်လင်းသူ တစ်ယောက် ဖြစ်မှန်း သိလာသည်။

ထိုမှ စ၍ ကိုသက်ဆွေ အပေါ်တွင် ကိုအောင်မိုး ထားရှိသော သဘောထားမှာ ပြောင်းလဲ သွားခဲ့လေသည်။ ထို့ကြောင့် ကိုအောင်မိုးသည် သူ့ သဘောထားများကို မောင်မောင်လတ်အား ဖွင့်ပြောလိုက်ခြင်း ဖြစ်ပေသည်။

'ဟုတ်တယ်ဗျာ၊ ကျွန်တော်လည်း ဒီလူဟာ အကျင့် ပျက်တဲ့ လူ သစ္စာမရှိတဲ့ လူ ဆိုပြီး တော်တော် အထင်သေးခဲ့တယ်၊ ဒါပေမဲ့ ကျွန်တော်တို့ ထင်သလောက်တော့ မဟုတ်ပါဘူး၊ ဖော်ရွေတယ်၊ ရိုးသားတယ်၊ ပွင့်လင်းတယ်၊ သူ ယုံကြည်ရာကို သူ လုပ်ရဲတယ်၊ အစတုန်းကတော့ ကျွန်တော်လည်း စိတ်နာတာနှင့် မမဆီကိုတောင် မသွားဘူး၊ ကျွန်တော် မမဆီကို သွားတွေ့ဦးမှ ကောင်းမယ် ထင်တယ် ကိုအောင်မိုး၊ ခင်ဗျား လိုက်ခဲ့ပါ'

သူတို့ နှစ်ယောက်သည် ကားပေါ်သို့ တက်ကာ ထွက်လာခဲ့ကြသည်။

'ဗျာ'

ကိုအောင်မိုးမှာ သူ့အား မောင်မောင်လတ်က မမထံ ခေါ်သည်ကို မမျှော်လင့်ဘဲ ကြားလိုက်ရသဖြင့် အံ့အားသင့်သွားသည်။





'သူတို့ မန္တလေး ရောက်နေတယ် ဆိုတာ ကျွန်တော် သိတယ် ကိုအောင်မိုး၊ ဒါပေမဲ့ ကျွန်တော် ရှက်လည်းရှက် စိတ်လည်းနာ ဆိုတော့ သွား မတွေ့ချင်ဘူး၊ တွေ့တာတောင် အတွေ့ မခံလိုက်ဘူး၊ ခုတော့ သွားတွေ့မှ ကောင်းမယ် ထင်တယ်၊ ခင်ဗျားပါ လိုက်ခဲ့ပါ'

'ကျွန်တော် လိုက်လို့ ကောင်းပါ့မလား'

ကိုအောင်မိုးက တွန့်ဆုတ်ဆုတ် ဖြစ်နေသည်။ သူတို့ မောင်နှမ တွေ့ကြရာတွင် လိုက်ပါ ကောင်းပါမည်လားဟုလည်း သံသယ ဖြစ်နေသည်။

'လိုက်ခဲ့ပါ၊ ကိစ္စ မရှိပါဘူး၊ ခင်ဗျားလည်း မမနှင့် မတွေ့ဖူးသေးဘူး မဟုတ်လား၊ ပြီးတော့မှ သူတို့ ကိစ္စဟာ ခုလိုကြီး တန်းလန်း ဖြစ်နေတာကိုလည်း ကျွန်တော် မကြိုက်ဘူးဗျာ၊ ဒီတော့ ဒီကိစ္စကိုလည်း ကျွန်တော် ပြောချင်တယ်၊ ခင်ဗျား လိုက်ခဲ့ရမယ်'

'ဘယ်လို အခြေအနေ ရောက်နေလို့လဲ'

'ဦးသက်ထွန်းနှင့် နှစ်ဦး သဘောတူ ကွာရှင်းရေး အတွက် ကျွန်တော်ကပဲ ကြားက ဝင်နေတယ်၊ မတတ်နိုင်တော့ဘူးဗျာ၊ ရှက်စရာတော့ ကောင်းသားပဲ၊ ဒါပေမဲ့ ခုလို မပြတ်မစဲ ဖြစ်နေတာကြီးကြောင့် အရှက် ရတာနှင့်စာရင် ကိုယ်တိုင် ကြားဝင် လုပ်ပေးရတာက တော်သေးတယ်လို့ အောက်မေ့ရတာပဲ၊ ခုတော့ ဦးသက်ထွန်းကလည်း ကွာရှင်းပေးဖို့ သဘော တူလိုက်ပါပြီ၊ ဒါပေမဲ့ ကလေးကိစ္စကြောင့် အခက် တွေ့နေတယ်၊ ကွာရှင်း ပြီးရင်တော့ ကိုသက်ဆွေနှင့် လက်ထပ်ကြမယ် ထင်ပါရဲ့၊ ခုတော့ မမလည်း သူ့ဟာသူ ရှက်ပြီး ဘယ်မှလည်း မသွားဘူး၊ ဘယ်သူ့ကိုမှလည်း မတွေ့ဘူး၊ အတွေ့လည်း မခံဘူး၊ ရီ တစ်ယောက်နှင့်ပဲ တွေ့သေးတယ်'

မောင်မောင်လတ်သည် မော်တော်ကားကို မမတို့ အိမ်သို့ မောင်းလာခဲ့၏။ မောင်မောင်လတ်ကို မြင်ရသော အခါ မမမှာ ဝမ်းသာ ရွှင်မြူးနေသည်။ မောင်မောင်လတ်က မမအား ကိုအောင်မိုးနှင့် မိတ်ဖွဲ့ပေးသည်။

ကိုအောင်မိုးသည် ကျက်သရေ ရှိသော မမကို ငေး၍ ကြည့်နေ၏။ မမ၏ အလှမှာ ထင်ရှား ပေါ်လွင်သော အလှ ဖြစ်သည်။

ကိုအောင်မိုးသည် မမနှင့် မောင်မောင်လတ်တို့ စကား ပြောနေစဉ်တွင်လည်း မမကိုသာ အကဲခတ်နေမိသည်။

မမ၏ အပြုံး၊ မမ၏ အကြည့်၊ မမ၏ ဟန် အားလုံးတို့သည် တင့်တယ်လှပ၍ နေကြပေသည်။

ညဥ့်နက်သည် အထိ စကား ကောင်းနေကြပြီးမှ မောင်မောင်လတ်နှင့် ကိုအောင်မိုးသည် ပြန်လာခဲ့သည်။

ကိုအောင်မိုးသည် မောင်မောင်လတ်ကို နှုတ်ဆက်ကာ အိမ်သို့ ပြန်လာရာ ခင်သီသီမှာ သူ့ကို စောင့်မျှော်နေသည်ကို တွေ့ရလေသည်။ မျက်နှာမှာ ညိုနေလေ၏။

'ဘယ်ကိုများ ကြွနေလို့ ဒီလောက် နောက်ကျနေရတာလဲ'

'ဩော် ကိုသက်ဆွေနှင့် တွေ့လို့ပါ သီရာ၊ ကိုသက်ဆွေကို အထင် သေး ခဲ့တာဟာ အစ်ကိုအောင် မှားတယ် သီ၊ တကယ် ဆိုတော့ ကိုသက်ဆွေဟာ အစ်ကိုအောင် ထင်သလို မဟုတ်ပါဘူး'

ကိုအောင်မိုးက သူ့ အမှားကို ဖွင့်၍ ဝန်ခံလိုက်သည်။

ခင်သီသီမှာ မျက်နှာထား တင်းတင်း နေရင်းကပင်

'ပြီးတော့ ဘယ် သွားသေးလဲ'

'မောင်မောင်လတ်က ခေါ်လို့ မမဆီ လိုက်သွားတယ်'

ခင်သီသီ၏ မျက်နှာသည် မမ၏ အမည်ကို ကြားလိုက်ရသည်နှင့် ပို၍ မျက်နှာ တင်းထားသည်။ နှုတ်ခမ်းကိုလည်း မဲ့ပစ်လိုက်သည်။

ကိုအောင်မိုးသည် ခင်သီသီကို တစ်ချက်မျှ အကဲခတ် ကြည့်လိုက်ရင်း

'အစ်ကိုအောင်ကို စိတ်ဆိုးသလား သီ၊ ကိုမောင်မောင်လတ်က ခေါ်လို့ လိုက်သွားရတာပါ'

'အို ကိုယ့်စိတ်နှင့် ကိုယ် သွားတာ ပြောစရာ မလိုပါဘူး'

'တကယ်တော့ မမဟာ သနားစရာပါ သီရယ်၊ စိတ်ကောင်း ရှိပေမဲ့ လောကကြီးမှာ စိတ်ဆင်းရဲနေရတဲ့ မိန်းမ တစ်ယောက်ပါ'

'သနားကြပေါ့ သနားကြ၊ မေတ္တာ ရှိကြ'

ခင်သီသီ ခပ်ဆတ်ဆတ် လှမ်းပြောလိုက်သည်။

ကိုအောင်မိုးသည် ခင်သီသီ ဒေါပွနေသည်ကို သိသဖြင့် ဘာမျှ မပြောဘဲ အပေါ် အင်္ကျီကို ချွတ်၍ ချိတ်နေသည်။

ခင်သီသီသည် တရှုပ်ရှုပ် ငိုနေသည်။

'ဟင် ဘာဖြစ်လို့ ငိုတာလဲ သီ၊ ဘာဖြစ်လို့လဲ'

'အစ်ကိုဟာ သီ့ကို မချစ်ဘူး၊ ဒီ မိန်းမနှင့် တွေ့တော့ အစ်ကိုအောင် ဒီ မိန်းမဘက်ကို ယိုင်သွားပြီ မဟုတ်လား ဟင်၊ အစ်ကိုဟာ အရင်နှင့် မတူဘူး၊ အရင်တုန်းက အစ်ကိုဟာ အရက် မသောက်ဘူး၊ လူတွေနှင့် မရောဘူး၊ ခု





အစ်ကို နေ့တိုင်း အရက် သောက်တယ်၊ ကလပ် သွားတယ်၊ တော်ပြီ သီ တကြီး သွားမယ်၊ သီ မနေတော့ဘူး'

ခင်သီသီသည် ရင်ထဲတွင် တလှိုက်လှိုက် ဖြစ်လာကာ ငိုချလိုက်သည်။

ကိုအောင်မိုးသည် ပျာပျာသလဲ ဖြစ်ကာ ခင်သီသီကို ချော့မော့နေသည်။

ကိုအောင်မိုးက ယနေ့ ညတွင် သူ အနည်းငယ် မူးသွားကြောင်း၊ မမကို မြင်လိုက်ရတော့ သနားမိကြောင်း၊ နောင်တွင် မမအား မတွေ့ရန် ရှောင်မည် ဖြစ်ကြောင်း ဝန်ခံ ကတိ ပေးကာ ချော့မော့တော့မှ ခင်သီသီမှာ စိတ်ဆိုး ပြေ သွားလေတော့သည်။

သည်တော့မှ ကိုအောင်မိုးသည် မန္တလေးသို့ ရောက်သည့် အချိန်မှ စ၍ အရက် နေ့တိုင်း သောက်ခြင်း၊ ကလပ် တက်ခြင်း၊ ဖဲဝိုင်း သွားခြင်းဖြင့် တစ်စ တစ်စ ပျက်စီးနေကြောင်းကို သတိ ထားလိုက်မိလေတော့သည်။

ကိုအောင်မိုးသည် ခင်သီသီနှင့် အတော်ကြာ စကား ပြောနေကြပြီး သုံး နာရီ ထိုးတော့မှ အိပ်ပျော်သွား၏။

# ၂

မောင်မောင်လတ်နှင့် ကိုအောင်မိုးတို့ ပြန်သွားသော အခါတွင် မမသည် ဂနာ မငြိမ်ဘဲ ကျန်ရစ်ခဲ့လေသည်။ မမသည် ကိုအောင်မိုး အထင် ကြီးစေရန် တစ် ညနေလုံး ပုံဆောင်၍ နေခဲ့သည်။ မမသည် လူငယ် လူရွယ်များနှင့် တွေ့တိုင်း သည်လို ပုံဆောင်သော အကျင့်ကို အလိုလို ရပြီးသား ဖြစ်နေသည်။

ကိုအောင်မိုးနှင့် ကိုသက်ဆွေတို့သည် အသွင်အပြင်အားဖြင့် လည်း ကောင်း၊ စိတ်သဘောအားဖြင့် လည်းကောင်း ခြားနားကြသည် မှန်သော်လည်း ဆွဲဆောင်မှုဓာတ် ရှိပုံချင်းမှာ အတူတူပင် ဖြစ်သည်ဟု ထင်မိသည်။ ထို့ကြောင့် လည်း ခင်သီသီသည် ကိုအောင်မိုးနှင့် ကိုသက်ဆွေတို့ နှစ်ယောက် အနက် ဘယ်သူ့ကို ရွေးချယ်ရမည်ကို ဝေခွဲ မရခြင်း ဖြစ်ခဲ့ဟန် တူသည်။ ထို့ပြင် ခင်သီသီ၏ ယောကျ်ား ဆို၍လည်း ပို၍ စိတ်ဝင်စားနေမိသည်။

မမသည် အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်ရင်း တံခါးဝ မှ ကားသံကို ကြားရသဖြင့် ဣန္ဒြေ ဆည်လိုက်ကာ စာအုပ် တစ်အုပ်ကို ဖတ် နေသည်။ အိမ်ပြန် နောက်ကျသည့် အတွက်လည်း ရန်တွေ့ရန် မျက်နှာကို အသင့် ပြင်ထားလိုက်သည်။

'ပျင်းနေသလား မမ၊ ဘရစ်ချ် ကစားနေကြတာ ဝိုင်း မပြတ်တာနှင့်'

'မပျင်းပါဘူး၊ ကိုယ့် ပျော်ရွှင်မှုကို ရှာတဲ့ လူက ရှာနေတော့ မမလည်း ကိုယ့်ဘာသာ ကိုယ် ပျော်အောင် နေရမယ် ဆိုတဲ့ အတတ် ပညာကို ရနေပါပြီ၊ မောင်မောင်လတ်နှင့် ကိုအောင်မိုးလည်း လာသွားတယ်'

'ဪ ဟုတ်တယ်၊ မီးရထား ဟိုတယ်မှာ တွေ့လိုက်တယ်၊ မမဆီ သွား မယ်လို့လည်း ပြောသွားကြတာပဲ၊ မမ ကြည့်ရတာ မျက်နှာ မကောင်းပါလား၊ ဘာဖြစ်လို့လဲဟင် မမ'

မမသည် ဘာမျှ မပြောဘဲ မျက်နှာကို တမင် ညိုထားလိုက်လေသည်။ စိတ်ထဲတွင်မူ ကိုသက်ဆွေက သူ့ကို ဂရုစိုက်သဖြင့် ကျေနပ်၍ နေသည်။

'မောင့်ကို စိတ်ဆိုးသလား ဟင် မမ'

'မေးနေရသေးလား၊ ကိုယ့်ဘာသာ ကိုယ် ပြန် စစ်ဆေးကြည့်ပေါ့၊ မောင်ဟာ မမကို ပစ်ထားတယ်၊ မောင် သွားချင်ရာ သွားတယ်၊ မောင် လာချင်ရာ လာတယ်၊ မောင် ပြန်ချင်တဲ့ အချိန်ကျမှ ပြန်တယ်၊ ဒီနေ့လည်း မနက် ကတည်းက ထွက်သွားတာပဲ၊ မောင့်စိတ်နှင့် မောင့်ကိုယ် မောင် ထင်ရာ လုပ်နေတာပဲ မဟုတ်ဘူးလား'

ကိုသက်ဆွေသည် မမကို ဘာမျှ ပြန်မပြောဘဲ ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေသည်။

မမ သူ့ကို ချစ်ပုံ ချစ်နည်းမှာ မျက်စိအောက်က အပျောက် မခံနိုင်အောင် ဖြစ်နေသည်။ သူ့ကို မသင်္ကာစိတ်တွေ များနေသည်ဟု ကိုသက်ဆွေ ထင်သည်။ ကြာတော့လည်း ကိုသက်ဆွေသည် မမ၏ အချစ်ကို နားမလည်နိုင်အောင် ဖြစ်လာလေသည်။ ထို့ကြောင့် ကိုသက်ဆွေသည် မသိမသာ ခေါင်းယမ်းနေမိသည်။

မမက ကိုသက်ဆွေ စိတ် မသက်မသာဖြင့် ခေါင်းယမ်းနေသည်ကို မြင်သွားကာ

'ဘာလဲ မောင်၊ မမကို စိတ်ပျက်နေပြီ မဟုတ်လား၊ သိပါတယ် မောင် သိပါတယ်၊ မောင်ဟာ မမထက် မောင့် လွတ်လပ်မှုကို ပိုပြီး မြတ်နိုးတယ်၊ မမနှင့် နေရတာထက် ပျော်ပါးမှုတွေကို ပိုပြီး နှစ်သက်တယ်၊ မမထက် တခြား မိန်းကလေးတွေကို ပိုပြီး ဂရုစိုက်တယ်၊ မမ သိပါတယ် မောင်ရယ်'

မမသည် ကျိတ်၍ ငိုနေသည်။ ကိုသက်ဆွေသည် မမကို လှမ်းကြည့်လိုက်သည်။

'မမ ဘာတွေ ပြောနေတာလဲ ဟင်၊ မောင်ဟာ ဘာ ပျော်ရွှင်မှုကိုများ ရှာလို့လဲ၊ ဘယ် မိန်းမနှင့်များ တွဲနေလို့လဲ၊ မမ စိတ်ချမ်းသာအောင် မောင် ဘာလုပ်ရမလဲ ပြောပါ၊ မမ စိတ်ချမ်းသာဖို့ အတွက် မောင် လုပ်ပေးဖို့ အဆင်သင့် ရှိပါတယ်'

'အို ဘာမှ လုပ်မပေးပါနှင့်၊ လုပ်စရာ မလိုပါဘူး၊ မမ ထိုက်နှင့် မမ ကံ ရှိပါစေတော့'

ကိုသက်ဆွေသည် နော်တူး ခူးပေးသော ထမင်း စားပွဲတွင် ထိုင်ကာ ထမင်း စားနေသည်။

မမကို အရှုံးပေး ပေါင်းသင်းနေရသဖြင့်လည်း စိတ်ထဲတွင် မကျေမနပ် ဖြစ်နေပုံ ရသည်။





မမ အဖို့ ဆိုလျှင်လည်း ကိုသက်ဆွေသည် သူ့ကို ချစ်ကောင်း ချစ်ဦး ည် မှန်သော်လည်း အချစ်ကို ဘေးဖယ်ကာ လွတ်လပ်မှုကို ရှာလွန်းသည် ဟု ထင်မိလေသည်။

မမ ဘဝသည် ဘဝ တစ်ခုကို နေရသလို မဟုတ်ဘဲ အဖြစ်အပျက် တစ်ခုကို တွေ့ကြုံရန် ခေတ္တ အသက်ရှင် လာရသူလို ဖြစ်နေသည်။ ဦးသက်ထွန်းထံ ကွာရှင်းခွင့် ပေးရန် စာ ရေးခဲ့သော်လည်း ယခု အထိ ဘာမျှ ပြန်မလာသော အခါ မမ၏ စိတ်သည် ယောက်ယက်ခတ်စ ပြုလာပေသည်။

၃

မောင်မောင်လတ်သည် အစိုးရ ကိစ္စဖြင့် ရန်ကုန်သို့ ရောက်လာလေသည်။ ရန်ကုန်သို့ သွားခါနီးတွင် မောင်မောင်လတ်သည် ကွာရှင်းရေး ကိစ္စနှင့် စပ်လျဉ်း၍ ဦးသက်ထွန်းထံ ယတိပြတ် အဖြေ တစ်ခုခု ရအောင် ကြိုးစားခဲ့မည်ဟုလည်း မမကို ကတိ ပေးခဲ့သဖြင့် ဦးသက်ထွန်းနှင့် တွေ့ရန် ကိစ္စလည်း ရှိနေပေသည်။

ရန်ကုန် ရောက်ပြီး နောက်တစ်နေ့မှာပင် မောင်မောင်လတ်သည် ကန်တော်ကြီးစောင်း အိမ်ရှိ ဦးသက်ထွန်းထံသို့ ထွက်လာခဲ့လေသည်။ ဦးသက်ထွန်းသည် နိုင်ငံတော် ဘာသာ ကိစ္စကို လည်းကောင်း၊ အစိုးရ၏ အားရ ကျေနပ်ဖွယ် မရှိသော ဘဏ္ဍာရေး အခြေအနေကို လည်းကောင်း မောင်မောင်လတ်အား ရှည်လျားစွာ ပြောပြနေသဖြင့် မမတို့ ကိစ္စကို မပြောသာဘဲ အတော်ကြာ နားထောင် နေရလေသည်။

တစ်နာရီလောက် ကြာ၍ စကား ပြတ်သွားတော့မှ မောင်မောင်လတ်က

'ကိုကို့ကို စကား တစ်ခွန်း ပြောစရာ ရှိလို့ လာတာပဲ ကိုကို၊ ဘာ ကိစ္စလဲ ဆိုတာတော့ ကိုကိုလည်း သိပြီး ဖြစ်ပါလိမ့်မယ်၊ ကိစ္စကတော့ မမ ကိစ္စပါပဲ'

မမ၏ အမည်ကို ကြားလိုက်ရသည်နှင့် ဦးသက်ထွန်း၏ မျက်နှာထားမှာ လုံး၀ ပြောင်းလဲသွားသည်။ စောစောက ကြည်လင်သလောက် ယခု ညှိုမည်း၍ သွားသည်။ စောစောက လန်းဆန်းသလောက် ယခု ညှိုးနွမ်း၍ သွားသည်။

'ကဲ လိုရင်းကို ပြောပါဦး'

ဦးသက်ထွန်းက စာကြည့် မျက်မှန်ကို စားပွဲပေါ်သို့ တင်ထားလိုက်သည်။

'လိုရင်းကတော့ မမရဲ့ ကိစ္စကို ပြီးပြီးပြတ်ပြတ် လုပ်ဖို့ပါပဲ၊ ဒီလို မပြတ်မစဲ ဖြစ်နေတာကြီးကို ပြတ်စဲအောင် လုပ်ဖို့ ဆိုပါတော့ ကိုကို၊ ကိုကို့ကို အစ်ကိုရင်း တစ်ယောက်လို အောက်မေ့ပြီး ကျွန်တော် တောင်းပန်တာပါ'

'ဘယ်လို ပြီးပြတ်စေချင်သလဲ'

ဦးသက်ထွန်းက ခပ်တိုးတိုး ပြန်ပြောလိုက်သည်။

'မမကို သနား ညှာတာတဲ့ စိတ်နှင့် ကြည့်ပြီး ကျွန်တော် တောင်းပန်ပါတယ် ကိုကို၊ မျက်ကွယ်ရာမှာ ဆိုရင် ကျွန်တော်လည်း ဒီလောက် မပြောပါဘူး၊ ခုတော့ သူတို့ နှစ်ယောက်လုံး မန္တလေးမှာ ရောက်နေကြပြီး မျက်စိရှေ့တင် ဖြစ်နေတော့ ကျွန်တော့်မှာလည်း မကြည့်ချင် မြင်ချင်ရက်သား ဆိုသလို ဖြစ်နေပြီ၊ ဒီအတိုင်း နေရင်တော့ သူတို့ အခြေအနေဟာ ကြာလေ နစ်လေ ဖြစ်တော့မှာပဲ ကိုကို'

'ဟုတ်ပါတယ်၊ ငါလည်း စဉ်းစားပါတယ်၊ ဒါပေမဲ့ သူ့ အတွက် ငါ ဘာမှ လုပ်ပေးစရာ မရှိတော့ဘူး ထင်တယ် မောင်မောင်လတ်၊ သူ့မှာ အစစအရာရာ ပြည့်စုံနေပြီ၊ သူ လိုချင်တဲ့ အရာတွေကို ရနေပြီ၊ ငါ ဘာလုပ်ပေးစရာ လိုသေးသလဲ၊ သူကကော ဘာလိုချင်သေးသလဲ'

'ဒီ့ပြင်တော့ သူ ဘာမှ မလိုချင်ပါဘူး ကိုကို၊ သူ လိုချင်တာက ကိုကို့ဆီက ကွာရှင်းခွင့်ပါပဲ'

'ငါကတော့ ကွာရှင်းခွင့် ပေးဖို့ အဆင်သင့် ရှိတယ် မောင်မောင်လတ်၊ ဒါပေမဲ့ ကလေးကို သူ ခေါ်မသွားရဘူး ဆိုတဲ့ စည်းကမ်းချက် ပါရင် ဒီ ကွာရှင်းခွင့်ကို မင်း အစ်မက လက်ခံမတဲ့လား၊ မင်း တာဝန် ခံနိုင်မလား၊ လက်မခံဘူးကွ၊ လက်မခံဘူး၊ ကလေးကို ငါနှင့် ထားခဲ့ရင် အချိန်မရွေး ကွာရှင်းခွင့် ပေးမယ်လို့ သူ့ကို အကြောင်း ပြန်ပြီးပြီ၊ ငါ့ဘက်က ကိစ္စ ကုန်အောင် လုပ်ပြီးပြီ၊ ဒီတော့ ငါလည်း ဒီကိစ္စဟာ ပြတ်ပြီ ဆိုပြီး အေးအေး နေလိုက်တာပဲ၊ တကယ်တော့ကွာ ဒီကိစ္စက ပြတ်လည်း ပြတ်နေပါပြီကွာ'

ဦးသက်ထွန်းသည် စိတ်မရှည်သလို ပြောလိုက်သည်။

ဦးသက်ထွန်းသည် မမအား အမည်ကိုတောင် မခေါ်တော့ဘဲ မင်းအစ်မဟု သုံးနှုန်းသည်ကို မောင်မောင်လတ် သတိ ထားလိုက်မိသည်။

'ဒီလို ပြတ်ပြတ်တောင်းတောင်းလည်း သဘော မထားပါနှင့်ဦး ကိုကို၊ ကျွန်တော် တောင်းပန်ပါတယ်၊ အမှန်ကတော့ ဒီကိစ္စဟာ ကိုကို ယူဆထားသလောက်ထိတော့ မပြတ်သေးဘူး ကိုကို၊ ကိုကိုဟာ သဘောထား ကြီးစွာနှင့် သူ့ကို စွန့်လွှတ်ခဲ့တယ်၊ ကိုကို အလိုက်လျောနိုင်ဆုံး လိုက်လျောခဲ့တယ်၊ လွတ်လပ်ခွင့် ပေးခဲ့တယ်၊ နောက်ဆုံး ကွာရှင်းချင်သပ ဆိုရင် ကွာရှင်းခွင့်အထိ ပေးခဲ့တယ်၊ ဒါကိုလည်း သူ သဘောပေါက်ပါတယ်၊ ကိုကို သဘောထား





ကြီးပုံတွေကို သူလည်း နားလည်ပါတယ်၊ ဒီလို သဘောထား ကြီးမှန်း သိလို့ ကိုကို့ဆီက ထွက်သွားတော့ သူ ဘာကိုမှ မတောင်းခံခဲ့ဘူး၊ တောင်းလည်း မတောင်းရဲဘူး၊ ကလေးကို ချစ်ပေမဲ့ ကြိတ်မှိတ်ပြီး နေခဲ့တယ်၊ ဒါပေမဲ့ ခုတော့ ကြိတ်မှိတ်နေလို့ ရဟန် မတူတော့ဘူး ကိုကို၊ သားနှင့် ခွဲနေရလို့ ဘယ်လောက် ဒုက္ခ ကြီးတယ် ဆိုတာကို အချိန်နှင့် အတွေ့အကြုံတွေက စကား ပြောလာကြပြီ၊ ပြီးတော့..'

'တော်ပါတော့ မောင်မောင်လတ်၊ ငါ သူ့ အကြောင်းတွေကို နားမထောင်ပါရစေနှင့်၊ ထောင်လည်း မထောင်ချင်ဘူး၊ စိတ်လည်း မဝင်စားဘူး'

ဦးသက်ထွန်းက စကား ဖြတ်၍ ပြောလိုက်ကာ ဆေးတံကို ဖွာနေသည်။ မောင်မောင်လတ်မှာ ဘာပြန်ပြောရမည် မသိဘဲ ကြောင်နေသည်။

'မဟုတ်ပါဘူး ကိုကို၊ ကျွန်တော် ပြောပါရစေဦး၊ ကျွန်တော်ဟာ ကြားလူ တစ်ယောက် အနေနှင့် ပြောတာပါ၊ ခု မမရဲ့ အခြေအနေဟာ ဆုပ်လည်းရှုး စားလည်းရှုး ဆိုတဲ့ အခြေကို ရောက်နေပါပြီ၊ ဒီ အခြေဟာ သူ့ အတွက်လည်း မကောင်းဘူး၊ ကိုကို့ အတွက်လည်း မကောင်းဘူး၊ ဘယ်သူ့ အတွက်မှလည်း မကောင်းဘူး၊ ဒါဟာ သူ့ အပြစ်နှင့် သူပဲလို့တော့ ပြောစရာ ရှိပါတယ်၊ ဟုတ်ပါတယ်၊ သူ ပြုတဲ့ အကြောင်းကြောင့် ဒီ အကျိုးတွေ ဆိုက်လာရတယ် ဆိုတာကို ကျွန်တော်လည်း မငြင်းပါဘူး၊ သူ ကိုယ်တိုင်ကလည်း မငြင်းပါဘူး၊ ဒါကြောင့်မို့ ကိုကို့ဆီက သူ ဘာမှ မတောင်းရဲဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ တစ်တွေက မနေနိုင်လို့ ကြားဝင်ရတာပါ၊ သူ ဒီလို ခံစားနေရတော့ကော ဘာ အကျိုး ထူးမှာလဲ ကိုကို'

ဦးသက်ထွန်းမှာ မောင်မောင်လတ်၏ စကားများကို နားထောင်ရင်း မျက်နှာကြီး နီရဲလာသည်။ နဖူးကြောကြီးများသည် ပျဉ်ထောင်အိမ်တွင် ခြတက်သလို အထင်းသား ပေါ်လာကြသည်။

'ဒီမှာ မောင်မောင်လတ်၊ မောင်မောင်လတ် ပြောသလို ဆိုရင် ကျုပ်ကပဲ သူ ဒုက္ခ ရောက်အောင် တမင် နှိပ်စက်သလို ဖြစ်နေပြီ'

'အို အို ဒီလို ပြောတာ မဟုတ်ပါဘူး ကိုကို၊ ကျွန်တော် ဆိုလိုချင်တဲ့ အဓိပ္ပာယ်က တစ်မျိုးပါ၊ ကျွန်တော် ဆိုလိုတာက သူ့ အခြေအနေဟာ တော်တော် ဆိုးနေပြီ၊ အင်မတန် နက်တဲ့ ချောက်ကမ်းပါးကြီးထဲကို ခုန်ချမိတဲ့ လူလို ဖြစ်နေပြီ၊ သူ့ကို ဒီချောက်ကမ်းပါးကြီးထဲက ကယ်တင်နိုင်တဲ့ လူဟာ ကိုကို တစ်ယောက်သာ ရှိတော့တယ်လို့ ဆိုလိုတာပါ၊ ကိုကို့ကို အပြစ် ပြောတာ

မဟုတ်ပါဘူး၊ ပြီးတော့ ကိုကို့မှာလည်း သူ့ကို ကယ်တင်လိုက်ရလို့ ဘာမှ ထိနိုက် နစ်နာသွားစရာ မရှိဘူးလို့ ထင်ပါတယ်၊ ဟုတ်ပါတယ် ကိုကို၊ ကိုကို့က အင်းလို့ တစ်ခွန်းတည်းသာ ပြောလိုက်ပါ၊ ဒီကိစ္စတွေကို ကိုကို ကိုယ်တိုင် လိုက်လုပ်မနေရပါဘူး၊ ကျွန်တော် စီစဉ်သွားပါ့မယ်၊ ကိုကိုက ကွာပေးမယ် ဆိုတဲ့ ကတိ တစ်ခုပဲ ပေးပါ'

'ကတိ ပေးပြီးပြီ မောင်မောင်လတ်၊ ကလေးဟာ တို့ ကိစ္စကို အဆုံး အဖြတ် ပေးပြီးပြီ၊ ပြီးတော့ သူ့မှာ ဒီကလေး မရှိလို့ အရေး မကြီးပါဘူးကွာ၊ ခင်တွယ်ရမယ့် လူ ကြင်နာရမယ့် လူ ရှိပါတယ်၊ ငါ့မှာသာ ခင်တွယ်စရာ ကြင်နာစရာ ဆိုလို့ ဒီကလေး တစ်ယောက်ပဲ ရှိတော့တာပါ၊ ဒီလောက်တော့ သူလည်း သဘောထား ကြီးဖို့'

ဦးသက်ထွန်းသည် ရှေ့ဆက်၍ မပြောနိုင်တော့ဘဲ ရပ်ထားလိုက်သည်။ သူ့ အသံမှာ တုန်ယင်လာသည်။ မျက်လုံးထဲတွင် မျက်ရည်တွေ ရစ်ဝဲလာသည်။

ဦးသက်ထွန်းသည် ရှေ့ဆက် ပြောလျှင် ငိုကြွေး ပျက်တော့မည်ကို သိသဖြင့် မပြောဘဲ ရပ်ထားကာ ပြတင်းပေါက်ဘက်သို့ ငေး၍ ကြည့်နေသည်။

'ဟုတ်ပါတယ် ကိုကို၊ ကိုကို့ အခြေအနေကို ကျွန်တော်လည်း နားလည်ပါတယ်၊ သူကလည်း ကိုကို့ရဲ့ သဘောထား ကြီးမှုတွေကို နားလည်ပါတယ်၊ ဒါကြောင့်မို့ ကိုကို သဘောကျ စီမံတော့ ဆိုပြီး ပုံအပ်တာပါ၊ ကလေးကိုလည်း မတောင်းတော့ပါဘူး၊ ခုလို မပြတ်မစဲ သောင်မတင် ရေမကျ အခြေကြီးက လွတ်အောင် ကိုကိုက ကွာရှင်းပေးလိုက်ဖို့သာ အနူးအညွတ် တောင်းပန်နေတာပါ၊ ကွာရှင်းရေး ကိစ္စဟာ သူ့ အဖို့ သိပ် အရေးကြီးပါတယ် ကိုကို၊ သေရေး ရှင်ရေး ပြဿနာ ဖြစ်နေပါတယ်၊ ကိုကိုက ကွာခွင့် မပေးဘူးလို့ တစ်ခါတည်း ပြတ်ပြတ် ပြောလိုက်ရင် သူလည်း ဒီလောက် မျှော်လင့်ချက်ကြီး ထားမှာ မဟုတ်ပါဘူး၊ ခုတော့ ကိုကိုက ကွာခွင့် ပေးမယ်လို့ ကတိ ပေးတဲ့ အတွက် ဒီအချိန်ကို တစောင့်စောင့်နှင့် နေရတော့ သူ့ဘက်က ဘယ်လောက် စိတ် တထင့်ထင့်နှင့် ဖြစ်နေမလဲ ဆိုတာကိုလည်း ကိုကို စဉ်းစားကြည့်ပါ၊ ခုဆိုရင် ကိုကို့ သဘောကို တစောင့်စောင့်နှင့် နေရတာ ခြောက်လလောက် ရှိသွားပြီ၊ နေ့တိုင်း လူတွေရဲ့ လက်ညှိုးထိုးခံ နေ့တိုင်း ကိုကို့ဆီက အဖြေကို စောင့်ပြီး ဒုက္ခ ရောက်နေရတာကိုလည်း စဉ်းစားပါဦး ကိုကို၊ သူ့ အခြေအနေဟာ ခြောက်လလုံးလုံး လည်ပင်းမှာ ကြိုးကွင်းကြီး တန်းလန်းတပ် ခံထား





ဘယ်နေ့ ကြိုးပေး ခံရမလဲ ဘယ်နေ့ ကွင်းလုံးကျွတ် လွတ်မလဲလို့ တထိတ်ထိတ် စောင့်နေရတဲ့ အကျဉ်းသမားနှင့် ဘာထူးသေးသလဲ ကိုကို၊ သူ့ကို သနားပါ ကိုကို၊ အပြစ် ရှိသူ တစ်ယောက် အနေနှင့် မစဉ်းစားဘဲ သာမန် သတ္တဝါ တစ်ယောက် အနေနှင့် စဉ်းစားဖို့ ကောင်းပါတယ် ကိုကို၊ ခေါင်းညိတ်လိုက်ရင် ကျွန်တော် အကုန် ပြီးအောင် လုပ်ထားပါ့မယ်၊ ဒီတော့..'

'တော်ပါတော့ကွာ၊ ဒီအကြောင်း မပြောပါနှင့်တော့လို့ ငါ တောင်းပန်ပါတယ်၊ စဉ်းစားကြည့်လေ၊ ငါဟာ ငါ ကတိ ပေးပိုင်ခွင့် မရှိတာကို သွားပြီး ကတိ ပေးမိနေသလားလို့ ငါ့ကိုယ်ငါ သံသယ ရှိနေတယ်'

ဦးသက်ထွန်းက ကုလားထိုင်မှ ထကာ ပြတင်းပေါက်တွင် ရပ်၍ အပြင်သို့ ငေးကြည့်နေသည်။

'ဒါဖြင့် ကိုကို ပေးပြီးသား ကတိကို ပြန်နုတ်တဲ့ သဘောပေါ့ ကိုကို'

'ဒီမှာ မောင်မောင်လတ်၊ ငါဟာ ဖြစ်နိုင်တာ အားလုံးကို လုပ်ပေးဖို့ ဘယ်တော့မှ မငြင်းခဲ့ဘူး၊ ဒါပေမဲ့ ငါ ပေးခဲ့တဲ့ ကတိဟာ ဘယ် အတိုင်းအတာအထိ ဖြစ်နိုင်တယ် မဖြစ်နိုင်ဘူး ဆိုတာကိုတော့ စဉ်းစားဖို့ အချိန် ယူချင်သေးတယ်'

'ဒီလိုတော့ မလုပ်ပါနှင့် ကိုကို၊ ဆင်ပြောင်ကြီး အမြီးကျမှ တစ်အောင်တော့ မလုပ်ပါနှင့်၊ ကျွန်တော် တောင်းပန်ပါတယ်၊ မမဟာ နာရီနှင့် အမျှ နေ့နှင့် အမျှ စိတ်ဆင်းရဲနေရတဲ့ မိန်းမ တစ်ယောက်ပါ၊ ကိုကိုဟာ ဒီလောက်တော့ ငြင်းဖို့ မကောင်းဘူးလို့ ထင်ပါတယ်'

'ဖြစ်နိုင်တာ မှန်သမျှကို ငါ မငြင်းပါဘူး မောင်မောင်လတ်၊ ပြီးတော့ ငါဟာ အသွေးတွေ အသားတွေ အရိုးတွေနှင့် ဖွဲ့စည်းထားတဲ့ လူတစ်ယောက် ဆိုတာလည်း ထည့်စဉ်းစားပါ၊ မောင်မောင်လတ် ငါဟာ ကျောက်ရုပ် မဟုတ်ဘူး၊ စက်ရုပ် မဟုတ်ဘူး၊ ငါ့မှာ အသည်းနှလုံး ရှိတယ်၊ ခံစားချက် ရှိတယ်၊ လောကမှာ ငါဟာ ငါ လုပ်ချင်တဲ့ အရာတွေကို မလုပ်ရဘဲ ငါ မလုပ်ချင်တဲ့ အလုပ်တွေကိုချည်းပဲ လုပ်ခဲ့ရတယ်၊ ငါ လုပ်သင့်တာတွေကို မလုပ်ဘဲ သူများတွေက လုပ်သင့်တယ်လို့ သတ်မှတ်ထားတာတွေကိုချည်းပဲ လုပ်ခဲ့ရတယ်၊ ဒီတစ်ခါတော့ ငါ့ကို ခွင့်လွှတ်ပါ မောင်မောင်လတ်၊ ငါ လုပ်ချင်တာကို လုပ်ပါရစေ၊ ငါ လုပ်သင့်တယ် ထင်တာတွေကို လုပ်ပါရစေ'

မောင်မောင်လတ်သည် ဦးသက်ထွန်းကို အံ့အားသင့်ကာ ငေးကြည့်နေသည်။

'ကိုကို၊ ကိုကိုဟာ အရင် ကိုကိုမှ ဟုတ်သေးရဲ့လားလို့ ကျွန်တော် မေးပါရစေ၊ အရင်တုန်းက ကိုကိုဟာ ခွင့်လွှတ်တတ်တယ်၊ လူတစ်ဖက်သားကို သနား ညှာတာတယ်၊ သည်းခံတယ်၊ ပါးတစ်ဖက်ကို ရိုက်ရင် ကျန် ပါးတစ်ဖက်ကို ထိုးပေးမယ်လို့ ကိုကို ပြောတာ မှတ်မိသေးသလား ကိုကို၊ ကိုကို့ သဘောထားဟာ ပြောင်းနေပြီ ထင်တယ်'

မောင်မောင်လတ်က အရဲစွန့်၍ ပြောလိုက်သည်။

ဦးသက်ထွန်းသည် မောင်မောင်လတ်ကို စိုက်၍ ကြည့်ပြီးလျှင် မပြုံးချင် ပြုံးချင် ပြုံးလိုက်သည်။

ပြီးမှ ဣန္ဒြေ ဆည်လိုက်ကာ

'ဟုတ်တယ် မောင်မောင်လတ်၊ မင်း ထင်မယ် ဆိုရင်လည်း ထင်စရာပဲ၊ လူတွေဟာ မူးပြီး ရမ်းကားလေ့ ရှိတဲ့ လူတစ်ယောက် မူးရမ်းတာ တွေ့ရင် သူ့သဘာဝပဲ ဆိုပြီး ခွင့်လွှတ်တတ်ကြတယ်၊ မမူးတဲ့ လူတစ်ယောက် မူးရမ်းမိရင် ဒီလူဟာ လူဆိုး ဖြစ်သွားပြီလို့ ထင်ပြီး တုန်လှုပ် သွားတတ်ကြတယ်၊ မင်းလည်း ငါ့ကို ဒီအတိုင်းပဲ ဖြစ်မှာပဲ၊ ငါဟာ လူဆိုး တစ်ယောက် ဖြစ်သွားပြီ၊ စိတ်သဘောထား ပြောင်းသွားပြီ၊ မူးပြီး ရမ်းနေပြီလို့ ယူဆချင် ယူဆမှာပဲ၊ ငါ မမူးပါဘူး မောင်မောင်လတ်၊ သဘောထားလည်း မပြောင်းပါဘူး၊ အရင် အတိုင်းပါပဲ၊ ငါဟာ တစ်ဖက်သားကို ထိခိုက်အောင် မလုပ်တတ်ပါဘူး၊ လက်စား မချေတတ်ပါဘူး၊ အနိုင်လည်း မယူတတ်ပါဘူး၊ ယူလည်း မယူချင်ပါဘူး၊ ငါ့ပါး တစ်ဖက်ကို ချရင် ကျန်တဲ့ ပါးတစ်ဖက်ကိုလည်း ထိုးပေးဖို့ ဝန်မလေးပါဘူး၊ အရင် အတိုင်းပါပဲ၊ ဒါပေမဲ့ ကျန် ပါးတစ်ဖက်ကို အချ ခံတဲ့ နေရာမှာတော့ လှလှပပ ခံပါရစေ၊ အနိုင် ယူချင်လို့ အရှုံးသမား ဖြစ်ရင်လည်း အကောင်းဆုံး အရှုံးသမား ဖြစ်ပါရစေ၊ ဒီတော့ နောက်ထပ် ငါ့ကို ဒီအကြောင်း မပြောပါနှင့်တော့'

ဦးသက်ထွန်းသည် အရပ် ကြိုးပြတ် ထိုင်ချလိုက်ကာ မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်သည်။

မောင်မောင်လတ်က ဦးသက်ထွန်းကို ကြည့်၍ အားနာသွား၏။

'ဆောရီးပဲ ကိုကို၊ ကျွန်တော် မပြောပါဘူး၊ ကျွန်တော်က ကြားလူ တစ်ယောက် အနေနှင့် ပြောတာပါ၊ ကဲ ဒါဖြင့် ကျွန်တော် သွားမယ် ကိုကို'

မောင်မောင်လတ်က ရှေ့တွင် သွားရပ်ကာ လက်ကို ကမ်းလိုက်သည်။

ဦးသက်ထွန်းသည် မောင်မောင်လတ်၏ လက်ကို ဆွဲ၍ နှုတ်ဆက်ပြီး





'ငါ စဉ်းစားပါဦးမယ် မောင်မောင်လတ်၊ သန်ဘက်ခါကျရင် မင်းကို ငါ နောက်ဆုံး အဖြေ ပေးမယ်'

မောင်မောင်လတ်သည် ဦးသက်ထွန်းကို နှုတ်ဆက်၍ ထွက်လာခဲ့လေသည်။

နောက်တစ်နေ့တွင် မောင်မောင်လတ်သည် ဦးသက်ထွန်းထံမှ နောက်ဆုံး အဖြေကို ရရှိလေသည်။

ဦးသက်ထွန်း၏ အဖြေမှာ မမအား ကွာရှင်းခွင့် မပေးနိုင် ဟူသော အဖြေပင် ဖြစ်လေသည်။

## ၄

သူ၏ အိမ်ထောင်ရေးသည် ဘယ်သော အခါများမှ အဆင် ပြေပါမည်နည်းဟု မမ တွေးမိသည်။ အိမ်ထောင်ရေး သာယာ ချမ်းမြေ့မှုကို ရှာရာ၌လည်း လင်နှင့် မယားသည် တစ်ဦးကို တစ်ဦး စိတ်တူ ကိုယ်မျှဖြင့် ချစ်ခင် ကြင်နာဖို့ လိုသည်။ ချစ်ခင် ကြင်နာမှု လျော့ပါးလာကြပြီ ဆိုလျှင် လင်နှင့် မယားသည် အနည်းဆုံး တစ်ဦးကို တစ်ဦး လေးစား စောင့်စည်းမှု ရှိဖို့ လိုသည်ဟု မမ ထင်မိသည်။ ချစ်ခင် ကြင်နာမှုနှင့် စောင့်စည်းမှု မရှိကြတော့ဘူး ဆိုသည်နှင့် အိမ်ထောင်ရေးသည် အခြေ မခိုင်ချင်တော့ဘဲ ယိမ်းယိုင် လှုပ်ရှားစ ပြုလာလေသည်။

များစွာသော အိမ်ထောင်များသည် ခိုင်ခံ့ တည်မြဲခြင်း မရှိဘဲ ယိမ်းယိုင်ပြိုလဲလျက် ရှိကြသည်။ သည်အချက်ကို လင်ရော မယားပါ သိရှိကြသော်လည်း ပြုပြင်နိုင်ခြင်း မရှိဘဲ သည်လိုနှင့်ပင် လူ့ လောကမှ ပျောက်ကွယ်သွားကြရသည်။

မမသည် ဤသို့ပင် တွေးမိလေသည်။ ချစ်ခင် ကြင်နာမှုနှင့် စောင့်စည်းမှုတို့သည် အိမ်ထောင်ရေးတွင် ဒေါက်ကြီးများ ဖြစ်ကြပေသည်။

မမနှင့် ကိုသက်ဆွေတို့၏ အိမ်ထောင်ရေး ဘဝတွင် သည် ဒေါက်ကြီးနှစ်ချောင်းသည် တဖြည်းဖြည်း ကျိုးပဲ့ ပျက်စီးလျက် ရှိလေ၏။

မမက ကိုသက်ဆွေ၏ အချစ်သည် တဖြည်းဖြည်း လျော့ပါး ပျက်ပြယ်လာသည်ဟု ထင်သည်။

ကိုသက်ဆွေကမူ သူသည် မမ အတွက် ပတ်ဝန်းကျင်၏ ကဲ့ရဲ့ သင်္ဂြိုဟ်စကားတင်း ဆိုကြခြင်းကို ရင်ဆိုင်ကာ အစစ အရာရာ စွန့်လွှတ်ခဲ့ပြီးနောက် သူကိုယ်တိုင် တကယ့် အခက်ကြီးထဲသို့ ဆင်းသက် ဝင်ရောက်ခဲ့ပါလျက် မမက သည်အခက်ကြီးကို ပြေလည်သွားအောင် မရှင်းဘဲ ခက်သည်ထက် ခက်အောင် လုပ်နေသည်ဟု ကိုသက်ဆွေက ထင်နေသည်။

သို့ရာတွင် သူတို့ နှစ်ယောက်စလုံးသည် တစ်ဦး၏ မကျေနပ်ချက်ကို တစ်ဦး ဖွင့်ပြောခြင်း မရှိကြဘဲ မြို၍ နေကြသည်။ ဝမ်းထဲတွင်မူ တစ်ယောက်ကို တစ်ယောက် အပြစ် ဖို့ကာ သည်အပြစ်ကို လက်ဆုပ်လက်ကိုင် ထောက်ပြနိုင်ရန် ချက်ကောင်းကို စောင့်နေကြပေသည်။

မမ အမြင်၌ ကိုသက်ဆွေသည် မိန်းမ ချောချော မြင်လျှင် ချစ်တတ်သူဟု မြင်သည်။ သည်အချက်မှာ မမ မခံရပ်နိုင်ဆုံး ဖြစ်သည်။ ကိုသက်ဆွေသည် သူ့တစ်ယောက်မှ အပ ဘယ် မိန်းမကိုမှ မချစ်သင့်ဟု ယူဆကာ မိန်းကလေး ချောချောများ အပေါ်တွင် ကိုသက်ဆွေ စိတ် ကစားတတ်သည်ကို မြင်တိုင်း မနာလို ဖြစ်မိသည်။ သို့ရာတွင် ဘယ်သူ့ အပေါ်ကိုမှ မနာလို ဖြစ်ခြင်း မဟုတ်ဘဲ တစ်စ တစ်စ လျော့ပါးလာသော ကိုသက်ဆွေ အချစ်ကိုသာ မနာလိုခြင်း ဖြစ်ပေသည်။

နောက်ဆုံးတွင် မမ၏ မနာလို စိတ်သည် ဦးတည်ချက် ရှာ၍ မတွေ့ဘဲ ထစ်ခနဲ ရှိလျှင် မသက်ာသူတိုင်းကို မနာလို ပစ်လိုက်တတ်သည်။ တစ်ခါတစ်ရံတွင် မမ၏ မနာလို စိတ်သည် ကိုသက်ဆွေ လူပျို ဘဝက တွေ့ခဲ့သော မိန်းမများဘက်သို့ မြားဦး လှည့်တတ်သည်။ တစ်ခါတစ်ရံတွင် မမ၏ မနာလို စိတ်သည် ကိုသက်ဆွေ၏ တပည့်ဟောင်း ကျောင်းသူများဘက်သို့ လည်းကောင်း၊ ကိုသက်ဆွေ၏ မိတ်ဆွေဟောင်း အရာရှိ ကတော်များဘက်သို့ လည်းကောင်း ချိန်ရွယ်ထားတတ်၏။

တစ်ခါတစ်ရံတွင်လည်း ကိုသက်ဆွေသည် သူ့ကို စွန့်ပစ်ကာ သူ့ထက်နုနယ် ငယ်ရွယ်သူများကို ယူသွားလေမလားဟု စိုးရိမ်ကာ ငယ်ရွယ်သော မိန်းကလေးများကို မနာလို ဖြစ်ရတတ်သည်။

တစ်ခါတုန်းက ကိုသက်ဆွေ၏ မေမေသည် တပ်မင်း ကတော် ခင်လှလှ၏ ညီမ ရိုစီအား ကိုသက်ဆွေနှင့် လက်ဆက်ပေးရန် စိတ်ကူးကြောင်း မမအား ပြောပြခဲ့ဖူးသည်။ ထို့ကြောင့် မမသည် ရိုစီလို ခပ်ရွယ်ရွယ် မိန်းကလေးကို တွေ့လျှင် ပို၍ မနာလို ဖြစ်ရတတ်သည်။

မမသည် ကိုသက်ဆွေအား မနာလိုရုံမျှမက တစ်ခါတစ်ရံလည်း ဒေါသထွက်မိသည်။

သည်အခြေသို့ သူ ရောက်လာရခြင်းသည် ကိုသက်ဆွေကြောင့်ဟု ဆိုကာ ကိုသက်ဆွေကို အပြစ်တင်မိသည်။ သူ့အား ပတ်ဝန်းကျင်၏ အကဲ့ရဲ့ ခံရခြင်း၊ ဦးသက်ထွန်းက ကြိုးရှည်ရှည်ဖြင့် လံထားခြင်း စသည့် ကိစ္စများသည် ကိုသက်





…ကြောင့်ချည်းဟု ထင်မိသည်။ အကယ်၍ ကိုသက်ဆွေသည် မမကို ချစ်ရိုး …လျှင် မမ၏ ဘဝကို ကိုယ်ချင်း စာနာမိကာ မမအား သည်ဘဝမှ အမြန် …ဆယ်တင်ပေးသင့်သည်ဟု ထင်မိသည်။

မမသည် လူသူနှင့် ကင်းဝေးရာ မေမြို့တွင် ရှောင်ပုန်း နေချင်သည်။ ကို…ဆွေမှာ လူစည်ကားရာ မန္တလေးတွင် ပျော်ပျော်ပါးပါး နေချင်သည်။ ထို့…တူးနှင့် ယခုကဲ့သို့ ခွဲခွာနေရခြင်းသည်လည်း ကိုသက်ဆွေကြောင့်ဟု …ထင်မိလေသည်။

မမသည် ရင်ထဲမှာ ဆူပွက်နေရင်း သည်အကြောင်းတွေကို စဉ်းစားနေ…သည်။

ဘယ်လောက် ကြာသည် မသိ ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်တော့မှ …အခန်းထဲတွင် မှောင်နေသည်ကို တွေ့ရသဖြင့် မီး ခလုတ်ကို ဖွင့်လိုက်သည်။

ကိုသက်ဆွေသည် မိတ်ဆွေ တစ်ယောက်၏ မင်္ဂလာဦးကြို ထမင်းစားပွဲ…သို့ ထွက်သွားသည်မှာ ယခုတိုင် ပြန်မလာသေးပေ။

မမသည် အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်ကာ သူနှင့် ကိုသက်ဆွေတို့၏ မနေ့က ရန်ပွဲကို ပြန်၍ စဉ်းစားနေမိသည်။ တကယ်တော့ မနေ့က ဖြစ်သော ရန်ပွဲသည် ဘာမျှ အရေးမကြီးလှသော ကိစ္စကလေးမှ အစပြုခဲ့ခြင်း ဖြစ်သည်။

မမက မိန်းကလေးများ အလှပြင်ခြင်းသည် သဘာဝ ကျသော အလုပ် ဖြစ်၍ အလှ ပြင်ထိုက်သည်ဟု ဆိုသည်။ ကိုသက်ဆွေက အလွန်အကျွံ မပြင်သင့်ဟု ထုချေသည်။

တကယ်တော့ သည်ပြဿနာသည် ဘာမျှ ကြီးကျယ်သော ကိစ္စ မဟုတ်ဘဲ အသေးအဖွဲကလေးမျှသာ ဖြစ်သည်။

သို့ရာတွင် ကျောက်ခဲနှင့် တံစဉ်တို့ ခတ်မိကြပြီ ဆိုလျှင် နှစ်ခုစလုံးသည် ဘယ်သူ ဘယ်သူကိုမှ အလျှော့ မပေးကြဘဲ မီးပွင့်အောင်တော့ ခတ်လိုက်ကြသည်သာ ဖြစ်ပေသည်။

ယနေ့တွင်မူ ကိုသက်ဆွေသည် တစ်နေ့လုံး အိမ်တွင် မရှိဘဲ နံနက်ကတည်းက ထွက်သွားလေသည်။ အပြင်တွင် ထမင်း စားမည် ဟူ၍လည်း …တူးကို မှာသွားသည်။

မမသည် အိမ်တွင် တစ်ယောက်တည်း နေရသည်ကို ငြီးငွေ့လာသည်။ ကိုသက်ဆွေနှင့် ရန်ဖြစ်မိသည်ကို နောင်တ ရနေသည်။ အဆင် မပြေတာတွေ

အားလုံးကို မေ့ပစ်လိုက်ပြီး ကိုသက်ဆွေနှင့် တစ်ဦးကို တစ်ဦး ကြင်နာ ယုယစွာ နေလိုသည်။

ကိုသက်ဆွေ စိတ်ဆိုး ပြေရန် သူကိုယ်သူသာ အပြစ် ဖို့မိသည်။

'မမကိုပဲ အပြစ်ဆိုပါ မောင်ရယ်၊ မမကို အပြစ်ဆိုပါ၊ မမဟာ မနာလို တတ်တယ်၊ စိတ်ထိခိုက် လွယ်တယ်၊ အပြောင်းအလဲ မြန်တယ်၊ ဒါတွေဟာ မမ အပြစ်တွေချည်းပါပဲ၊ မမ မောင့်ကို အားလုံး အလျှော့ပေးပါတယ် မောင်ရယ်၊ မောင့် သဘောကျ နေပါ့မယ်၊ မေမြို့ကို ပြန်ကြပါစို့ မောင်ရယ်၊ မေမြို့ ပြန်ပြီး မမနှင့် မောင် အေးအေးဆေးဆေး နေကြပါစို့'

မမသည် စကားလုံးများကို စိတ်ထဲမှ ရွတ်နေမိသည်။

မမသည် သူ့ စိတ်တွေကို လျှော့ချကာ စဉ်းစားနေမိသည်။ သို့ရာတွင် ကိုသက်ဆွေ၏ ရင့်သီးသော စကားများကို ကြားယောင်လာပြန်သည်။

ကိုသက်ဆွေသည် မမက သူနှင့် ရသော သမီးကို မချစ်ဘဲ တူးတူးအား အချစ် ပိုနေသည်ကို တွေ့ရသောအခါ ကိုသက်ဆွေသည် သူ့အား ရင့်ရင့်သီးသီး ပြောခဲ့သည်။ တကယ်တော့ မမသည် တူးတူးကို ဘယ်လောက် ချစ်သည် ဆို သော်လည်း ကိုသက်ဆွေ အတွက် တူးတူးကို စွန့်လွှတ်ခဲ့ရသည်။ ကိုသက်ဆွေ သည် သည်လောက်တော့ စဉ်းစားဖို့ ကောင်းသည်။ ယခု သည်အချက်ကိုမျှ မထောက်ဘဲ သူ့အား ရင့်သီးစွာ ပြောသော အခါ ကိုသက်ဆွေသည် သူ့ကို အပြစ် ရှာကာ တခြား မိန်းကလေး တစ်ယောက်ကိုများ တွေ့နေပြီလားဟု သံသယ ဖြစ်လာသည်။

သို့ဖြင့် မမသည် စိတ်ချမ်းသာမှုကို ရှာရင်းဖြင့် စိတ်မချမ်းသာစရာ ဟူ သမျှကို ဖျောက်ပစ်လိုက်သည်။ စိတ်ချမ်းသာစရာများကို ပြန်၍ တွေးပြန်သည်။

'မောင်ဟာ သစ္စာ ရှိတယ်၊ ရိုးသားတယ်၊ မမကို ချစ်တယ်၊ မမက မောင့်ကို ချစ်တယ်၊ မကြာခင် ရန်ကုန်က ကွာရှင်းခွင့် စာက ရတော့မယ်၊ ဘာမှ မလိုတော့ဘူး၊ မောင် ပြန်လာရင် မှားမှား မှန်မှန် မမ မောင့်ကို အလျှော့ ပေးမယ် မောင်ရယ်၊ မမကပဲ အရှုံးပေးပါတယ်၊ မောင် ကျေနပ်မယ် ဆိုရင် ဘာဖြစ်ဖြစ် မမ လုပ်ပါ့မယ်၊ ပြီးတော့ မမနှင့် မောင် မေမြို့ကို ပြန်ကြမယ်'

မမသည် စိတ်ညစ်စရာတွေဆီသို့ နောက်ထပ် ပြန် ရောက်လာမည်ကို စိုးရိမ်ကာ နော်တူးနှင့် မော်လမြိုင်ဘက်က အစေခံမလေးကို ခေါ်ပြီးနောက် အထုပ်အပိုးများကို ပြင်ဆင် သိမ်းဆည်းလျက် ရှိလေသည်။

နော်တူးသည် မမကို အံ့အားသင့်စွာ ကြည့်နေမိပေသည်။

၅

...ကျတော့လည်း မမသည် မနေ့ညက ကျန်သော သိမ်းဆည်းစရာများကို ...၍ သိမ်းဆည်းနေသည်။ သို့ရာတွင် မေမြို့ကို ပြန်မည့် ရက်မှာ မသေချာ သေးပေ။ တနင်္လာ သို့မဟုတ် အင်္ဂါ တစ်နေ့နေ့တွင် ပြန်ဖြစ်အောင် ပြန်မည်ဟု ...ဖြတ်ထားလေသည်။

မမသည် အောက်ထပ် ပြတင်းပေါက်မှ ခန်းဆီးများကို ဖြုတ်၍ သေတ္တာ ...သို့ ထည့်နေစဉ်တွင် ကိုသက်ဆွေသည် အဝတ်အစား လဲကာ ဆင်းလာသည်။ ...ကို ကြည့်ရသည်မှာ အပြင် ထွက်မည့်ဟန် ပေါ်နေသည်။

'မေမေ မနေ့ ညက ရထားနှင့် ရောက်လာတယ်၊ မောင့်ကို ဒီနေ့ ငွေ ...ငါးထောင် ပေးမယ် ပြောတယ်၊ အဲဒါ သွားယူမလို့၊ ဒီနေ့ လိုတာ ပြုတာကို ...ယ်ခြမ်းပြီး မနက်ဖြန် ရထားနှင့် တက်ကြတာပေါ့'

မမသည် ကိုသက်ဆွေ၏ မေမေ မန္တလေးသို့ ရောက်လာသည်ဟု ကြား ...လိုက်သည်နှင့် စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားသည်။ သူ့ မေမေနှင့် တွေ့လျှင် ...သူ့ အပေါ်တွင် စိတ်ပျက်စ ပြုနေသော ကိုသက်ဆွေသည် ပို၍ စိတ်ပျက်သွား ...က သူ့ကိုများ စွန့်ပစ်လိုက်လေမည်လား ဟူ၍လည်း တွေး၍ ပူမိသည်။

မမသည် ကိုသက်ဆွေအား သူ့ မေမေနှင့် မတွေ့ရန် တားထားလိုက် ...ချင်သည်။ သို့ရာတွင် စိတ်ကို အနိုင်နိုင် ထိန်းချုပ် ထားလိုက်သည်။ ကိုယ် ...ချင်းစာ စိတ်၊ မိခင် စိတ်သည် မမ၏ ရင်ထဲတွင် တဖွားဖွား ပေါ်လာကြ သည်။

မမသည် သူ့သား တူးတူးကို ချစ်သလိုပင် ကိုသက်ဆွေ၏ မေမေသည် ...လည်း သူ့သားကို ချစ်ရှာပေလိမ့်မည်။

သူ့အား တူးတူးနှင့် မတွေ့ရန် ကိုသက်ဆွေက တားလျှင် မမ ဘယ်လို ...နေမည်နည်း။ သားနှင့် မတွေ့ရသော ကိုသက်ဆွေ၏ မေမေသည်လည်း ဘယ် ...လို နေလေမည်နည်း။

'ဟုတ်လား မောင်၊ ဒီလိုဆိုလည်း သွားပါ မောင်၊ တွေ့ချင် ရှာပေမပေါ့၊ သွား မောင်၊ ထမင်းစားခန်းထဲမှာ မောင့်ဖို့ ကော်ဖီ ရှိတယ်၊ သွားသောက်ချေ၊ မမတော့ ပန်းကန်လေးတွေ သိမ်းလက်စနှင့် သိမ်းလိုက်ဦးမယ်'

မမသည် ကိုသက်ဆွေ စိတ်ချမ်းသာအောင် အစွမ်းကုန် လိုက်လျောမည် ဟု စိတ်ကို လျှော့ပြီး ဖြစ်လေသည်။

ထို့ကြောင့် မမသည် စကားလှရုံ ဟန်ဆောင် ပြောခြင်း မဟုတ်ဘဲ ကိုယ် ချင်းစာ စိတ်ဖြင့် ရိုးသားစွာ ပြောလိုက်၏။

ပန်းကန်တွေ သိမ်းပြီး၍ မမ ထမင်းစားခန်းထဲသို့ ဝင်လာသော အခါ တွင် ကိုသက်ဆွေသည် ပေါင်မုန့် ထောပတ်သုတ်ကို စားလျက် ရှိသည်။

မမသည် နံဖူးတွင် ဖွာရာကျနေသော ဆံပင်များကို လက်ဖြင့် သိမ်းဖယ် ကာ ကိုသက်ဆွေ ဘေးတွင် ဝင်ထိုင်လိုက်ရင်း

'မနက်ဖြန်တော့ မေမြို့ကို ပြန်ဖြစ်အောင် ပြန်ကြစို့နော် မောင်၊ မမတော့ ရောက်ကတည်းက မေမြို့ကို ပြန်ချင်နေတာ မောင်၊ မောင့်အလို လိုက်ပြီးသာ နေရတာ၊ တကယ်တော့ မေမြို့မှာ နေရတာဟာ မမနှင့် မောင့် အဖို့ လောက နိဗ္ဗာန်ကလေးပါ မောင်၊ ဩော် မောင် ဒါထက် မောင့် မြင်းတွေ အတွက်ကော'

'မြင်း နှစ်ကောင်ပဲ ကျန်တော့တာ၊ ဟိုမှာ မြင်းဇောင်း ဆောက်ပြီးမှ ယူ တော့မယ်လေ'

'ကောင်းသားပဲ၊ အိမ် ခြံထောင့်မှာ မြင်းဇောင်း ဆောက်လိုက်ပေါ့၊ မမ လည်း ဘုရားကြီးဘက်က စက်ဆိုင်ကို အင်္ကျီတွေ သွားရွေးဦးမယ်နော် မောင်'

မမ၏ မျက်နှာမှာ ချိုသာ ရွှင်လန်းနေသည်။ အသံသည် ကြည်လင် အေးမြ ၍ နေသည်။

နော်တူးသည် ကြေးနန်း စာရွက် တစ်ရွက်ကို ကိုင်ကာ ကိုသက်ဆွေအား လာပေးသည်။

ကိုသက်ဆွေက ကြေးနန်းကို လက်မှတ် ထိုး၍ ယူလိုက်သည်။

မမသည် ကြေးနန်းကို ဖတ်နေသော ကိုသက်ဆွေအား အကဲခတ်လိုက်ပြီး

'ဘယ်က ကြေးနန်းလဲ မောင်'

မမက မအောင့်နိုင်တော့ဘဲ လှမ်း၍ မေးလိုက်သည်။

'ကိုမောင်မောင်လတ်ဆီကပါ'

'ဘာတဲ့လဲ မောင်၊ မမ မသိရဘူးလား၊ မမနှင့် မောင့် ကြားမှာ ထိမ်ဝှက် စရာများ ရှိသလား'





'မမကို မပြချင်ဘူး မမ၊ ကိုမောင်မောင်လတ်ကလည်း တစ်ဆိတ်ရှိ ကြေးနန်းချည်းပဲ ရိုက်နေတာပဲ၊ ဘာ အကြောင်းမှ မထူးဘဲ ကြေးနန်း ရိုက် ပို့ အလကားပေါ့'

'ကွာရှင်းဖို့ ကိစ္စလား မောင်'

'ဟုတ်တယ်၊ ခုထိတော့ ဘာမှ မထူးသေးဘူးတဲ့၊ တစ်ရက် နှစ်ရက် အတွင်း အဖြေ ပေးမယ် ဆိုလို့ စောင့်နေတယ်တဲ့၊ ဖတ်ကြည့်လေ'

မမသည် တုန်ယင်သော လက်များဖြင့် ကြေးနန်း စာရွက်ကို ကောက် ယူလိုက်သည်။ ကြေးနန်း အောက်ဆုံး တစ်ပိုဒ်တွင် 'မျှော်လင့်ချက် သိပ် မရှိ၊ အတတ်နိုင်ဆုံး ကြိုးစားမည်' ဟု ရေးထားသည်ကို တွေ့ရလေသည်။

'ကွာရှင်းခွင့် ရရ မရရ မမ အဖို့ အရေး မကြီးပါဘူးလို့ မနေ့ကပဲ ပြောပြီးသားပဲ မောင်ရယ်၊ မောင်က ဘာဖြစ်လို့ ဒီလောက် ကြိုးစားနေရတာလဲ၊ တကယ် ဆိုရင် မောင် လုပ်နေတာကို မမကို ဖွင့်ပြောပါလား'

မမသည် ကိုသက်ဆွေက သူ့အား ဖုံးကွယ်ထားသည်ကို ဝမ်းနည်းလာ သည်။ တခြား မိန်းကလေး တစ်ယောက်ယောက်နှင့် ဖြစ်နေကြလျှင်လည်း ကိုသက်ဆွေသည် သူ့ကို ဖုံးကွယ်ထားမည်မှာ သေချာပေသည်။

မမသည် တွေးရင်း ကိုသက်ဆွေကို မကျေမနပ် ဖြစ်လာသည်။

'နေပါဦး၊ မောင်က မမကို ဘာဖြစ်လို့ ဒီ ကြေးနန်းကို မပြချင်ရတာလဲ'

'မမ စိတ်မကောင်း ဖြစ်မှာ စိုးလို့ပါ'

'ဒီမှာ မောင်၊ မမ ဘာမှ စိတ်မကောင်း ဖြစ်စရာ မလိုတော့ဘူး၊ ကွာ ရှင်းချင်ပေး မပေးချင်နေ မမ အဖို့ မထူးတော့ဘူး'

ကိုသက်ဆွေသည် မမကို ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

'မမ အဖို့ မထူးပေမဲ့ မောင့် အဖို့ ထူးတယ်၊ မောင်က သောင်မတင် ရေမကျ ဖြစ်နေတာကြီးကို မခံနိုင်ဘူး၊ ပြတ်သားချင်တယ်'

ကိုသက်ဆွေက ခပ်မာမာ ပြောလိုက်သည်။ တကယ်လည်း သူ့ ရင်ထဲ တွင် မခံမရပ်နိုင် ဖြစ်နေသည်။

'ပြတ်သားတာ မပြတ်သားတာက အရေးမကြီးပါဘူး မောင်၊ မောင်နှင့် မမဟာ တစ်ယောက်ကို တစ်ယောက် ဘယ်လောက် ချစ်ကြသလဲ ဆိုတာသာ အရေးကြီးတာပါ၊ ဒီ ဘဝ ရောက်မှ မောင်က ဘာဖြစ်လို့ ဒီလောက် ပြတ်ပြတ် သားသား ဖြစ်နေချင်ရတာလဲ၊ လင်မယားလို နေပြီးတဲ့နောက် ဘာများ ပြတ် သားစရာ လိုသေးသလဲ'

'အများကြီး လိုတယ်၊ ဒီကိစ္စဟာ ပြတ်သားမှ ဖြစ်မယ်၊ ဒီ့ထက် ပြတ်သားဖို့ မလိုဘူး ထင်ရင် ထင်တဲ့ လူဟာ ကိုယ့်ကိုယ်ကိုယ် လိမ်နေတာပဲ'

'ဘာဖြစ်လို့ လိမ်ရမှာလဲ'

'အို လိမ်လို့ လိမ်တာပေါ့၊ မမ သိပါတယ်၊ ဒီကိစ္စ ပြတ်သားအောင် လုပ်နေတာဟာ မောင့် အတွက် မဟုတ်ဘူး၊ မမ အတွက်နှင့် မမ ကလေးတွေရဲ့ နောင်ရေးတွေ အတွက်'

'ဘယ်က ကလေးတွေလဲ'

'အို ဘယ်က ကလေးတွေ ရမှာလဲ၊ ခု သမီးလေး ရှိပြီ၊ နောင်မှာ ကလေးတွေ လာကြလိမ့်မယ် မဟုတ်လား'

'အို နောင်မှာ ဘယ် ကလေးမှ မလာတော့ဘူး၊ မမ ကလေး မရအောင် လုပ်ပြီးပြီ'

ကိုသက်ဆွေသည် မမကို အံ့အားသင့်သလို လှည့်ကြည့်လိုက်သည်။

ကလေး မရတော့ဘူး ဆို၍ စိတ်ထဲတွင် တုန်လှုပ်သွားသည်။ မနေ့က ကိုသက်ဆွေသည် ခင်သီသီ မျက်နှာ မြင်သည်ဟု ကိုအောင်မိုးထံမှ ကြားခဲ့ပြီးသည့် အချိန်မှ စ၍ ကိုသက်ဆွေသည် မမနှင့် သူတို့၏ ဘ၀ နှစ်ခုကို တင်းကျပ်သည်ထက် တင်းကျပ်အောင် ချည်နှောင်ပေးမည့် သံယောဇဉ် ကြိုးကလေးများ တစ်ပင်ပြီး တစ်ပင် ပေါ်ပေါက်လာစေချင်သည်။

အထူးသဖြင့် မမက သမီးလေးကို ဦးသက်ထွန်းနှင့် ရသည့် သားလောက် မချစ်သည်ကို တွေ့ရသော အခါ ပိုမို၍ စိတ်ဆင်းရဲကာ နောက် ကလေးတွေ ရတော့ ချစ်လိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။ သို့ရာတွင် မမက ကလေး မရတော့ဘူးဟု ပြောလိုက်သဖြင့် ကိုသက်ဆွေ၏ မျှော်လင့်ချက်များမှာ ပြိုလဲပျက်စီးသွားသည်ဟု ထင်မှတ်လိုက်ရပေသည်။

ကိုသက်ဆွေသည် နောက်ထပ် ကလေးတွေ ရလာလျှင် သူတို့ နှစ်ဦး၏ အိမ်ထောင်ရေးသည် ပို၍ စိုပြည်လာလိမ့်မည် ဟူသော စိတ်ကူးဖြင့် ဆပ်ပြာပူဖောင်းကို မှုတ်၍ ကစားရသော ကလေးငယ်လို ပူဖောင်းလေးများကို ကြည့်၍ ကြည်နူးခဲ့ရသည်။

ယခုတော့ ကိုသက်ဆွေ၏ ဆပ်ပြာ ပူဖောင်းကလေးများသည် ပေါက်ကွဲပျောက်ပျက်သွားကြပေပြီ။

'ဒါတော့ မမဟာ မိုက်မဲလွန်းတယ် ထင်တယ်'

ကိုသက်ဆွေက ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။





'ဟုတ်တယ်၊ မမဟာ မိုက်မဲရာ ရောက်ချင် ရောက်မယ်၊ ဒါပေမဲ့ မောင် [illegible]လောက် ကလေး လိုချင်နေရတဲ့ အကြောင်းကို မမ သိတယ်၊ မောင်ဟာ [မမ]ကို ငြီးငွေ့နေပြီ မဟုတ်လား ဟင်၊ စိတ်ပျက်နေပြီ မဟုတ်လား'

နောက်ထပ် ကလေး ရရေး မရရေး ပြဿနာကို မမသည် ရှည်လျား[illegible] စဉ်းစားပြီးမှ နောက်ဆုံးတွင် ကလေး မရအောင် လုပ်ခဲ့ခြင်း ဖြစ်သည်။ ကိုသက်ဆွေက နောက်ထပ် ကလေး လိုချင်သည့် အကြောင်းရင်းမှာ ကိုသက်ဆွေသည် သူ့ အလှ သူ့ အချစ်ကို တန်ဖိုး လျှော့ချလိုက်ခြင်း ဖြစ်သည်ဟု မမ [illegible] ထွက်နေသည်။

'မောင် ပြတ်ပြတ်သားသား ဖြစ်စေချင်တာက ကလေးတွေ နောင်ရေး[illegible]တင် မကဘူး၊ မမရဲ့ နောင်ရေး အတွက်လည်း ပါတယ်လို့ ပြောတယ် မဟုတ်လား၊ မမကို ငြီးငွေ့တယ် မငြီးငွေ့ဘူး ဆိုတဲ့ ပြဿနာ မပေါ်ပါဘူး၊ မမဟာ စိတ် မငြိမ်ဘူး၊ မောင် သိတယ်၊ မမဟာ ဆောက်တည်ရာ မရ ယောက်ယက်ခတ်နေတယ်၊ ဒီလို ဖြစ်ရတာဟာ ခုလို ဦးသက်ထွန်းနှင့် သောင်မတင် ရေမကျ ဖြစ်နေလို့ပဲလို့ မောင် ထင်တယ်'

'အို မဆိုင်ပါဘူး၊ ဒီ့ထက် ဘာ ပြတ်သားရဦးမှာလဲလို့ ပြောပြီးပြီကော'

မမသည် ဘာမျှ မပြောဘဲ ကော်ဖီ သောက်နေသည်။

'မမဟာ မောင့် အလိုကျ မောင့် သဘောကျ နေခဲ့တယ်၊ မောင့်ကို ချစ်နိုင်လို့ ဆွေပစ် မျိုးပစ် လင်ပစ် သားပစ် လိုက်ခဲ့တယ်၊ ပတ်ဝန်းကျင်က လက်ညှိုး ထိုးတာကို ခံခဲ့တယ်၊ မောင်ဟာ ပတ်ဝန်းကျင်က မမတို့ အပေါ် လက်ညှိုးတွေ ဝဲလာတိုင်း မမ တစ်ယောက်တည်း ဒီလက်ညှိုးတွေ အောက်မှာ အထိုးခံပြီး မောင်က ရှောင်ပြေးတယ်၊ မောင့်မှာ ဘာမှ မစွန့်ရဘူး'

'အကုန်လုံး စွန့်ရတယ် မမ၊ ဒီလို မပြောပါနှင့်'

'အကုန်လုံး မစွန့်ရလို့ ခု အမေ့ကို သွားတွေ့တာပေါ့၊ မမ ကိုယ်ချင်းစာပြီး အစက မပြောပါဘူး၊ စွန့်ရရင် အမေကို ဘာသွားတွေ့စရာ ရှိသလဲ'

'ဒီကိစ္စနှင့် ဘာမှ မဆိုင်ပါဘူး'

'ဆိုင်တယ်၊ သိပ် ဆိုင်တယ်၊ မမကို ဘယ် ဆွေမျိုးကမှ လှည့်မကြည့်တဲ့ အချိန်မှာ မောင်ဟာ မောင့် ဆွေမျိုးတွေ ကျေနပ်အောင် မောင့် အစ်မ ကျေနပ်အောင် လုပ်နေရတယ်၊ မောင့် အမေလို အသည်းနှလုံး မရှိတဲ့ မိန်းမမျိုး ကိုယ်ချင်း မစာတဲ့ မိန်းမမျိုးနှင့် မမ မပတ်သက်ပါရစေနှင့်'

'မေမေ့ကိုတော့ ဒီလို မပြောပါနှင့်'

'အို မောင့် မေမေကို ကွက်ပြောတာ မဟုတ်ပါဘူး၊ သဘောကို ပြောတာ၊ ကိုယ့်သားသမီးရဲ့ ပျော်ရွှင် စိတ်ချမ်းသာမှု ကိုယ့်သားသမီးရဲ့ ဂုဏ်သိက္ခာကို နည်းနည်းမှ မငဲ့တဲ့ မိန်းမဟာ အသည်းနှလုံး မရှိတဲ့ မိန်းမရင်လည်း ဖြစ်ရမယ်၊ ဒါမှ မဟုတ်ရင်'

'မမ တော်နော်'

'အို မတော်ဘူး၊ ပြောရဦးမယ်'

ကိုသက်ဆွေသည် ဝုန်းခနဲ ထရပ်ကာ မမ၏ ပါးကို လက်ဝါးဖြင့် ရိုက်လိုက်သည်။ ထို့နောက် လှည့်မကြည့်ဘဲ ထွက်သွားလေသည်။ အရှိန် ပြင်းသဖြင့် မမသည် ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။

မမသည် ရှိုက်ငို၍ ကျန်ရစ်ခဲ့သည်။ လင်ယောကျ်ား၏ အရိုက်ကို ခံရသည်မှာ တစ်သက်နှင့် တစ်ကိုယ် သည်တစ်ကြိမ်သည် ပထမ အကြိမ် ဖြစ်သည်။

တကယ်တော့ မမသည် ဘယ်သူ မပြု မိမိမှုဟု ဆိုသည့် အတိုင်း ကိုယ့်ကိုယ်ကိုယ်သာ အပြစ် ဖို့မိသည်။ လေမုန်တိုင်း ဆိုသည်မှာ လေ မရှိသော အရပ်တွင် ဘယ်နည်းနှင့်မျှ မရှိ၊ လေ ရှိမှသာ လေမုန်တိုင်းသည် ပေါ်ပေါက်လာနိုင်သည် မဟုတ်ပါလော။ မမသည် လေမုန်တိုင်းကို ဖိတ်ခေါ်ခဲ့သူသာ ဖြစ်သည်။ သည်အရာများ အားလုံးသည် သူ့ အပြစ်ချည်းသာ ဖြစ်သည်ကို မမ သိပါပြီ။



၆

သည့်နေ့သည် သူတို့ နှစ်ဦး တစ်ဦးကို တစ်ဦး ကြင်နာ ချစ်ခင်မှု လျော့ပါးလာပုံကို နှစ်ဦးစလုံးက ပွင့်ပွင့်လင်းလင်း ထုတ်ဖော် ပြသလိုက်ကြသော နေ့ကြီးပင် ဖြစ်လေသည်။

မမသည် ဘုရားကြီးဘက်ရှိ အပ်ချုပ်ဆိုင်မှ အင်္ကျီများကို ရွေးခဲ့ပြီး ဘယ်မှ မထွက်ဘဲ တစ်နေ့လုံး အိပ်ရာထဲတွင်သာ လှဲနေမိသည်။ သူနှင့် ကိုသက်ဆွေတို့သည် သည်လိုနှင့် ဝေးကြတော့မည်လော၊ ပြန်လည် သင့်မြတ်သွားကြရမည်လော၊ ကိုသက်ဆွေ ပြန်လာသည် အထိ စောင့်ရဦးမည်လော၊ သို့မဟုတ် မေမြို့သို့ တစ်ယောက်တည်း ထွက်ခွာလာခဲ့ရမည်လော။

မေးခွန်းများသည် မမ၏ ဦးနှောက်ကို တဒေါက်ဒေါက် တီးခေါက်နေကြသည်။

မမသည် နံနက် လင်းကတည်းက ထွက်သွားသော ကိုသက်ဆွေကို ပြန်လာနိုးဖြင့် စောင့်နေမိသည်။

ညဘက်တွင် မော်တော်ကားသံ ကြားရပြီး ကိုသက်ဆွေ၏ ခြေသံ၊ စကားပြောသံတို့ကို အောက်ထပ်မှ ကြားနေရသည်။

နောက် ခဏ ကြာလျှင် အိမ်ပေါ်သို့ တက်လာသံကို ကြားရသည်။ ကိုသက်ဆွေသည် အခန်းထဲသို့ ဝင်လာကာ စီးကရက်ကို ဖွာ၍ စာအုပ် တစ်အုပ်ကို ဖတ်နေသည့် မမ နောက် သူ့ဘေး အိပ်ရာထဲသို့ ဝင်လာခဲ့သည်။

မမသည် ကျောပေးလှဲ့ရင်း ကိုသက်ဆွေက သူ့ကို ချော့လိမ့်နိုးဖြင့် စောင့်နေခဲ့သည်။ သို့ရာတွင် ကိုသက်ဆွေမှာ သူ့ကို ကျောပေးကာ ခဏချင်း အတွင်းမှာပင် အိပ်မောကျသွားသည်ကို တွေ့ရသော အခါ မမသည် စိတ်ပျက် လက်လျှော့ လိုက်မိလေသည်။

သူတို့ နှစ်ဦးသည် သည်လိုနှင့် ဝေးကြတော့မည်လားဟု တွေးကာ မျက်ရည်တွေ ဖြိုင်ဖြိုင် စီးကျလာသည်။

ကိုသက်ဆွေသည် တကယ်ပင် သူ့ကို မုန်းလေပြီလားဟု ယူဆလိုက်မိသည်။ အစတုန်းက တစ်လောကလုံးက အမုန်း ခံရသော မမသည် သူ့ဘက်တွင် ကိုသက်ဆွေ ရှိသေးသည်ဟု အားတက်ခဲ့ရသည်။ မျှော်လင့်ချက် ထားခဲ့ရသည်။ ယခု ကိုသက်ဆွေကပါ မုန်းပြီ ဆိုလျှင် မမ၏ ဘဝသည် ဘာအဓိပ္ပာယ် ရှိပါတော့သနည်း။

ဦးသက်ထွန်းထံမှ ကွာရှင်းခွင့် ရ မရ ဆိုသည့် ပြဿနာသည် လည်းကောင်း၊ မေမြို့သို့ ပြန်ရေး မပြန်ရေး ပြဿနာသည် လည်းကောင်း မမသည် ဘာကိုမျှ မစဉ်းစားတော့ပေ။ သူ့ အဖို့ အရေးကြီးဆုံး ပြဿနာများလည်း မဟုတ်တော့ပေ။ အရေးကြီးဆုံး ပြဿနာမှာ ကိုသက်ဆွေက သူ့ကို အမုန်းပြေ၍ အချစ် ဝေစေရန် ဖြစ်ပေသည်။

မမသည် သူ သောက်နေကျ အိပ်ဆေးကို ထ၍ သောက်သည်။ အိပ်ဆေး ပုလင်းကို ကြည့်၍ တစ်ပုလင်းလုံး မျိုချလိုက်သည်ကပင် ကောင်းလိမ့်မည်လားဟု တွေးလိုက်မိသေးသည်။ နောက်မှ သူ့ စိတ်ကို သူ ထိန်းချုပ်ကာ သောက်နေကျ အတိုင်း သောက်လိုက်သည်။

မမသည် အိပ်ရာပေါ်တွင် လှဲကာ မှိန်မှိန် လင်းနေသော မီးပွင့်ကို စိုက်၍ ကြည့်ရင်း တွေးနေမိသည်။ သူ မရှိလျှင် ကိုသက်ဆွေသည် ဘယ်လို နေမည်ကို တွေးကြည့်မိသည်။ သူ ရှိလျှင် သူ့အား ပါးချကာ ရက်ရက်စက်စက် ထွက်သွားသည့် အတွက် နောင်တ ရမလားဟု တွေးမိ၏။

သို့ရာတွင် သေသေချာချာ စဉ်းစားကြည့်တော့ မမသည် ကိုသက်ဆွေအား စိတ်နာခြင်း မဟုတ်။ သူ အေးစက်စက် နေသည်ကို မကျေနပ်ခြင်းသာ ဖြစ်သည်ကို တွေ့ရသည်။ မုန်းခြင်း မဟုတ်၊ သူ့အား အသည်း နင့်အောင် ချစ်ခြင်း ဖြစ်သည်ကို တွေ့လာရသည်။

မမသည် အိပ်ရာမှ ထထိုင်ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော ကိုသက်ဆွေ၏ မျက်နှာကို ငုံ့ကြည့်ပြီး နဖူးပြင်ကို ညင်သာစွာ မွေးလိုက်မိသည်။ ကြည်နူး ဝမ်းသာခြင်းကြောင့် မျက်ရည်များသည် ပါးပြင်ပေါ်တွင် ဝဲကျလာကြသည်။

မမသည် စောင်ကို ယူကာ ကိုသက်ဆွေ၏ ကိုယ်ပေါ်သို့ အသာ လွှမ်းပေးလိုက်ပြီးနောက် နောက်ထပ် အိပ်ဆေး တစ်လုံးကို သောက်ကာ အိပ်ပျော်သွားလေသည်။

နံနက် လင်း၍ အိပ်ရာမှ နိုးသော အခါ ကိုသက်ဆွေ မရှိတော့ပေ။





မမသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်သဖြင့် လန်းသွားသည်။ မနေ့က ဖြစ်ကြသည့် ကိစ္စသည် ခေါင်းထဲတွင် ရေးရေးမျှသာ ရှိတော့သည်။

မမသည် နက်ဖြန်တွင် မေမြို့သို့ ပြန်ရေး အတွက် ကိုသက်ဆွေအား ပြောရန် ရေမိုးချိုးပြီး အောက်ထပ် ထမင်းစားခန်းထဲသို့ ဆင်းလာခဲ့သည်။ သည့်အချိန် ကိုသက်ဆွေသည် ထမင်းစားခန်းထဲတွင် ကော်ဖီ သောက်ချိန် ဖြစ်လေသည်။

လှေကားထိပ်သို့ အရောက်တွင် ဆင်ဝင် အောက်၌ ကား တစ်စီး ရပ်ထားသည်ကို မြင်ရပြီး ကားပေါ်မှ မိန်းမရွယ်ရွယ် တစ်ယောက် နော်တူးအား တစ်စုံတစ်ရာ လှမ်းပြောနေသဖြင့် မမသည် ရပ်၍ ကြည့်နေမိသည်။

ခဏ ကြာလျှင် ထမင်းစားခန်းထဲမှ ကိုသက်ဆွေ ပျာယီးပျာယာ ထွက်လာကာ ကားဆီသို့ လျှောက်သွားပြီး ပြုံးပြုံးရယ်ရယ်နှင့် စကား ပြောနေသည်။ မိန်းမရွယ်က ကားပေါ်မှ အထုပ် တစ်ခုကို လှမ်းပေးလိုက်ပြီးနောက် ကား ထွက်သွားလေသည်။

မမသည် အိပ်ခန်းထဲသို့ ပြန်၍ ဝင်လာခဲ့သည်။ စောစောက လန်းဆန်း ကြည်နူးခြင်းများသည် ပျောက်ကွယ်သွားကြပြန်သည်။ မနေ့က ပါးကို အရိုက် ခံရသည်ထက်ပင် ရင်ထဲတွင် ဆူဝေ၍ လာသည်ဟု ထင်ရလေသည်။

မမသည် အိမ်တွင် ကြာကြာ မနေချင်တော့ဘဲ တစ်နေရာရာသို့သာ အမြန်ဆုံး ထွက်ခွာ သွားချင်လှပြီ ဖြစ်သည့် အတွက် မအောင့်အည်းနိုင်တော့ဘဲ အောက်ထပ်သို့ ဆင်းလာကာ ကိုသက်ဆွေကို ဖွင့်ပြောလိုက်သည်။

'ခင်လှလှ ညီမ ရိုစီပါ၊ မေမေက ငွေ ငါးထောင်နှင့် မောင် အမေရိကသွားတုန်းက ချုပ်ခဲ့တဲ့ ကုတ် အင်္ကျီနှင့် ဘောင်းဘီ အပေး လွှတ်လိုက်တာ၊ မနေ့က မေမေ့ဆီကို မသွားဖြစ်ဘူး'

ကိုသက်ဆွေက မမကို မကြည့်ဘဲ ပြောလိုက်သည်။ မမသည် ကိုသက်ဆွေကို စူးစိုက် ကြည့်နေသည်။ စာအိတ်ထဲမှ စာတစ်စောင်ကို ဖြန့်၍ ဖတ်နေသည်။

မမက အခန်းထဲမှ လှည့်အထွက်လိုက်တွင် ကိုသက်ဆွေက

'ဪ ဒါထက်_မမ၊ မနက်ဖြန် မောင်တို့ မေမြို့ တက်ဖို့ သေချာပြီနော်၊ အားလုံး စီစဉ်ပြီးပြီ မဟုတ်လား'

'မောင် သွားတော့၊ မမ မလိုက်တော့ဘူး'

မမက လှည့်၍ ပြောလိုက်သည်။

'ဘယ်လိုလဲ မမ၊ ဒီလိုပဲ နေကြတော့မှာလား'

'မောင့် သဘော၊ မမ သဘော မဟုတ်ဘူး'

'ဒီလိုသာ ဆိုရင် အပျက်ပျက်နှင့် နှာခေါင်း သွေး ထွက်လိမ့်မယ်နော် မမ'

'ထွက်နေပါပြီ၊ မထူးတော့ပါဘူး၊ နောက်တော့သာ မောင် နောင်တ မရ ပါနှင့်၊ မမကို အပြစ် မဆိုနှင့်'

ကိုသက်ဆွေသည် မမ၏ ပြုံမူ ပြောဆိုပုံကို ကြည့်၍ ဒေါပွလာကာ ရိုက်ရန် ထလိုက်သည်။ သို့ရာတွင် ချက်ချင်း စိတ်ကို ချုပ်တည်းကာ အံကို ကြိတ်၍ ပြန်ထိုင်လိုက်သည်။

သူသည် မမကို အားလုံး လိုက်လျောခဲ့သူ၊ မမ အတွက် အားလုံးကို စွန့်လွှတ်ခဲ့သူဟု ထင်သည်။ ယခုတော့ မထူးတော့ပြီဟု သဘော ပေါက်လာသည်။ ထို့ကြောင့် ကိုသက်ဆွေသည် ခြေသံ ပြင်းပြင်း နင်းကာ မြို့ထဲရှိ သူ့ မေမေထံ သွားရန် ထွက်လာခဲ့လေသည်။

မမသည် အပေါ်ထပ်သို့ ပြန်တက်ခဲ့ကာ လှေကားထိပ်မှ ရပ်၍ ကိုသက်ဆွေကို ကြည့်နေမိသည်။

ကိုသက်ဆွေသည် သူ့ကို ပြန်စောင်း၍မှ လှည့်မကြည့်ဘဲ ကားမောင်း၍ ထွက်သွားလေသည်။



၇

'သွားပြီ၊ မောင်နှင့်တော့ ဝေးကြပြီ၊ မောင်..မောင်၊ မောင် မသွားရဘူး၊ မောင် မသွားရဘူး'

မမသည် လှေကားထိပ်တွင် သညာ ကင်းသူလို ငေး၍ ရပ်နေပြီးနောက် အိပ်ပေါ်ထပ် ညှော့ခန်းထဲသို့ ဝင်လာခဲ့သည်။ မမသည် တစ်ယောက်တည်း နေ ရသည်ကိုပင် ကြောက်သလို ဖြစ်ကာ နော်တူးကို လှမ်းခေါ်လိုက်၏။

'နင်တို့ အစ်ကို ဘယ်သွားမယ် ပြောသွားသလဲ ဟင် နော်တူး'

'မြင်းစောင်းကို သွားကြည့်မယ် ပြောပါတယ် မမ၊ မမ ကား လိုချင် ရင် ကားကို ကိုဘအောင် အယူခိုင်းလိုက်လို့လည်း ပြောသွားပါတယ်'

'ဒါဖြင့် နေဦး၊ ငါ စာ တစ်စောင် ရေးပေးလိုက်မယ်၊ ဘအောင်ကို မြင်းစောင်း လိုက်ပြီး စာ အပေးခိုင်းလိုက်'

မမသည် စားပွဲတွင် ထိုင်ကာ စာ တစ်ကြောင်း နှစ်ကြောင်း ခြစ်လိုက် သည်။

*မမ မှားပါတယ်။ အိမ်ကို ပြန်လာခဲ့ပါ။ မောင့်ကို မမ ရှင်းပြပါ့မယ်။ မမကို ချစ် သနားရင် မြန်မြန် လာခဲ့ပါ မောင်။*

မမသည် စာအိတ်ကို ပိတ်ကာ မြန်မြန် သွားပေးရန် ဘအောင်ကို ခိုင်း လိုက်သည်။ မမသည် အပေါ်ထပ်တွင် တစ်ယောက်ထီးတည်းကြီး နေရစ်ခဲ့ရ သည်ကို ကြောက်၍ လာသလို ဖြစ်ကာ အောက်ထပ် နော်တူးနှင့် သမီးလေး ရှိရာသို့ ဆင်းလာခဲ့လေသည်။

သမီးလေးမှာ လက်တွန်း လှည်းထဲတွင် ထိုင်၍ ကစားနေသည်။ ပါးစုံ့ ကလေးများမှာ အစ်နေကြသည်။ နှုတ်ခမ်းကလေးများနှင့် လက်ကလေးများ ကလည်း နီထွေး နေကြသည်။

မမသည် သမီးကို မြင်တော့ တူးတူးကို ပိုလို့ အမှတ် ရလာသည်။ တူးတူးကို ပိုလို့ လွမ်းလာရသည်။ တွေးကြည့်လိုက်သော အခါ သူ့ဘဝတွင် တူးတူးအား ဘယ်တော့မှ တွေ့ရတော့မည် မဟုတ်ဟု ထင်မြင်လာကာ ရင်ထဲတွင် တလှိုက်လှိုက် ဖြစ်လာသည်။

မမသည် မနက်ဖြန်တွင် မေမြို့သို့ ပြန်ကြမည် ဖြစ်ကြောင်း၊ အစစအရာရာ သိမ်းဆည်း၍ အဆင်သင့် ပြင်ထားစေလိုကြောင်းဖြင့် ထပ်မံ သတိ ပေးကာ လက်တွန်း လှည်းနားက ကုလားထိုင်တွင် ထိုင်၍ ကလေးကို ချော့မြူနေသည်။ သို့ရာတွင် ကြာကြာ မချော့မြူနိုင်ဘဲ သမီးလေးကို မြင်သည်နှင့် ကိုသက်ဆွေကို အမှတ် ရလာလေသည်။ ကိုသက်ဆွေသည် သူ့ကို စိတ်ဆိုး သွားလေပြီလား၊ တစ်ခါတည်း စွန့်ပစ် သွားလေပြီလားဟုလည်း စိုးရိမ်လာသည်။

မမသည် လက်မှ လက်ပတ် နာရီကို ငုံ့ကြည့်လိုက်သည်။ စာ အပေးခိုင်းလိုက်သည်မှာ နာရီဝက်ကျော်လောက် ရှိသွားပြီ ဖြစ်သည်။ သည်အချိန်လောက်ဆိုလျှင် ကိုသက်ဆွေသည် သူ့ စာကို ရရှိပြီး ဖြစ်လိမ့်မည် ထင်သည်။ ပြန်လာမည် ဆိုလျှင်လည်း နောက် ဆယ့်ငါး မိနစ် မိနစ် နှစ်ဆယ် အတွင်း ရောက်လာပေတော့မည်။ သို့ရာတွင် ကိုသက်ဆွေသည် သူ့ကို စိတ်နာပြီး သွားပြီ ဆိုလျှင် ..။

မမသည် ဆက် မတွေးတော့ဘဲ ကိုသက်ဆွေ ပြန်လာရမည်ဟုသာ အားတင်း ထားလိုက်သည်။ ကိုသက်ဆွေ၏ အကြိုက်ကို လိုက်တော့မည်။ သူ့ဘဝကို ကိုသက်ဆွေ ရင်ခွင်တွင် မြှုပ်နှံတော့မည်။ ကိုသက်ဆွေ အလိုကျမည့် ဇာတ်ကို ကတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ မမသည် ကိုသက်ဆွေ ပြန်လာ၍ မျက်ရည်နှင့် မျက်ခွက် မြင်ပါက စိတ်မကောင်းမည် စိုးသဖြင့် မျက်ရည်တွေကို သုတ်လိုက်သည်။ မှန်တင်ခုံ ရှေ့တွင် ရပ်ကာ ကိုသက်ဆွေကို ကြိုရန် အတွက် အလှ ပြင်နေသည်။ အလှ ပြင်ရင်း ခင်ရီရီတို့နှင့် သွားတွေ့ရန် စိတ်ကူး ရလာသဖြင့် နော်တူးကို ခေါ်လိုက်သည်။

'နော်တူးရေ၊ မမ ရီတို့ အိမ်ကို ခဏ သွားတယ် ပြောလိုက် ဟုတ်လား၊ ခုပဲ ပြန်လာခဲ့မယ်လို့'

ဦးသက်ထွန်း သဘောထားများနှင့် ပတ်သက်၍ နောက်ထပ် ဘာများ ထူးလေမလဲ။ ရန်ကုန်တွင် ရောက်နေသော မောင်မောင်လတ်ထံမှ ထိုကိစ္စနှင့် ပတ်သက်၍ ခင်ရီရီထံ စာများ ရောက်နေမလားဟု တွေးကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။





ဆင်ဝင် အောက်မှ ကား ရပ်သံ ကြားရသဖြင့် မမသည် ကိုသက်ဆွေ ပြန်လာပြီ ထင်ကာ ဝမ်းသာသွားသည်။ သို့ရာတွင် ကိုသက်ဆွေ မပါလာဘဲ ကားပေါ်မှ ဆင်းလာသော ဒရိုင်ဘာ ဘအောင်ကို မြင်လိုက်ရ၏။

'မတွေ့ခဲ့ဘူး ခင်ဗျ၊ မေမေကြီး တည်းတဲ့ တိုက်က ကားနှင့် လာခေါ်လို့ လိုက်သွားတယ်တဲ့၊ ကားကိုတော့ ထားခဲ့တယ်'

ဘအောင် မမ၏ စာကို ပြန်ပေးလိုက်သည်။ မမသည် ကိုသက်ဆွေအား စာကို မပေးလိုက်ရသည့် အတွက် စိတ်ပျက်သွားသည်။ သူ့ မေမေ လာခေါ်သည် ဆိုသဖြင့်လည်း စိတ်ထဲတွင် ယောက်ယက်ခတ် သွားသည်။ ကိုသက်ဆွေသည် သူ့ကို စွန့်ခွာ၍ သူ့ မေမေဘက်သို့ ပါသွားလေပြီလော။

'ဒါဖြင့် ဒီ စာကို သူ့ မေမေ တည်းတဲ့ တိုက်ကို လိုက်ပေးချည်၊ ဘာဖြစ်မှာမလဲ ဆိုတာလည်း စောင့် မေးခဲ့၊ သူ့ မေမေ တည်းတဲ့ တိုက်ကို သိတယ် မဟုတ်လား'

မမသည် ဘအောင်ကို နောက်တစ်ခေါက် လွှတ်လိုက်ပြန်သည်။

ကိုသက်ဆွေကို ဆုံးရှုံးတော့မည် ဆိုသော အသိသည် ဦးနှောက်ထဲတွင် ကြီးစိုးစ ပြုလာသည်။ ခံစားချက်သည် ရင်ထဲတွင် ဘောင်ဘင်ခတ်စ ပြုလာသည်။ ဘာလုပ်ရမည် မသိဘဲ ဂနာမငြိမ် ဖြစ်လာပြီး မျက်ရည်တွေ စီးကျလာကြသည်။

'နော်တူး၊ မမ ဘာလုပ်ရမလဲ နော်တူးရယ်၊ မမတော့ ဒုက္ခ တွေ့ပြီ ထင်တယ်'

မမသည် ကုလားထိုင်ပေါ်တွင် ထိုင်ချကာ ရှိုက်ငိုလိုက်မိသည်။ နော်တူးသည် သူ့ မမကို ငေးကြည့်နေလေသည်။ ကိုသက်ဆွေက ပစ်သွားလျှင် မမသည် ဘယ်ကို သွားရပါမည်နည်း။ ဦးသက်ထွန်းဆီ ပြန်ဖို့ ဆိုသည့် ကိစ္စကလည်း မဖြစ်နိုင်တော့ဟု ထင်သည်။ ဦးသက်ထွန်းသည် သည်အခြေအနေရောက်မှတော့ သူ့ကို ခွင့်လွှတ်ပါတော့မည်လော။ ဦးသက်ထွန်းက သဘောထားကြီး၍ ခွင့်လွှတ်နိုင်သည့်တိုင်အောင် ပတ်ဝန်းကျင်က ခွင့်လွှတ်ပါဦးမည်လော။

'ငါ ရီတို့ အိမ် ခဏ သွားဦးမယ် နော်တူး၊ ဘအောင် ပြန်လာရင် စောင့်နေလို့ ပြောလိုက်၊ ဟုတ်လား'

မမသည် မျက်ရည်စတွေကို သိမ်းကာ ရထားလုံး တစ်စီးကို ခေါ်၍ ရီရီတို့ အိမ်သို့ ထွက်လာခဲ့မိသည်။

## ၈

ခင်ရီရီတို့နှင့် စကားစမြည် ပြောရသော်လည်း မမသည် အား မရှိတော့ပေ။ ခင်သီသီကိုပါ ခင်ရီရီတို့ အိမ်တွင် တွေ့ရတော့ မမသည် သူ့စိတ်သူ မလုံမလဲ ဖြစ်လာသည်။ ခင်သီသီ၏ ဟန်ပန်များမှာလည်း သူ့အား အထင်သေး နှမ့်ချသည့်ဟန် ပေါ်လွင်နေသည်ဟု ထင်ရသည်။ မမသည် ခင်သီသီ စိတ်ထဲက ရည်မှန်းထားသူအား လုယူခဲ့သူ အဖြစ် ကိုယ့်ကိုယ်ကိုယ် နောင်တ ရကာ ရှက်လာသည်။ လူတွေ၏ အမြင်တွင် မမသည် အကျင့်သိက္ခာ မရှိသူ၊ သစ္စာမဲ့သူ၊ ဖောက်ပြားသူဟုလည်း ယူဆနေကြသည်။ သည်လို တွေးကြည့်ပြန်တော့ မမတွင် ကိုသက်ဆွေမှ တစ်ပါး အားကိုးစရာ မရှိတော့ပေ။

ခင်ရီရီတို့ အိမ်မှ ထွက်လာသော အခါ မမသည် ဘယ်ကို သွားရမည်ကို မသိဘဲ ဖြစ်နေသည်။ ကိုသက်ဆွေသည် သူ့ အမေဘက်သို့ ယိမ်းယိုင်သွားလေပြီလား။ သို့ဖြစ်လျှင် သူ့ မေမေ တည်းခိုရာ တိုက်သို့ ရောက်နေသော ကိုသက်ဆွေ နောက်သို့ လိုက်ရမည်လော။ ကိုသက်ဆွေ နောက်သို့ လိုက်လျှင် မမသည် ကိုသက်ဆွေ၏ မေမေကို တွေ့ရဲလောက်အောင် သတ္တိကို မွေးရဦးမည်။ ကိုသက်ဆွေ နောက်သို့ မလိုက်ရဲလျှင် ဦးသက်ထွန်းဆီသို့ ပြန်ပြေးရတော့မည်လော။ ဦးသက်ထွန်းထံ ပြန်ရမည် ဆိုလျှင်လည်း သူ့အား အောက်ကျို့ တောင်းပန်ရဲလောက်အောင် သတ္တိကို မွေးရပေဦးမည်။

ရထားသမားက ဘယ်သွားမည်လဲဟု လှမ်းမေးတော့မှ မမသည် အိမ်သို့ အမောင်းခိုင်းလိုက်သည်။

အိမ်တွင် ဘအောင် ပြန်ရောက်နှင့်နေပြီ ဖြစ်သည်ကို တွေ့ရသည်။

‘တွေ့ခဲ့လား-ဘအောင်’

‘တွေ့ခဲ့ပါတယ် မမ၊ စာ ပေးလိုက်ပါတယ်’

ဘအောင်က စာကို လှမ်းပေးသဖြင့် မမသည် တုန်ယင်သော လက်များဖြင့် စာကို လျင်မြန်စွာ ဖွင့်ဖတ်လိုက်သည်။

မေမေ့ကို မေမြို့သို့ လိုက်ပို့ရမည်။ ဘယ်လောက် ကြာမည်ဟု မပြောနိုင်ပါ။

သက်ဆွေ

စာမှာ ခပ်တိုတိုပင် ဖြစ်သည်။ မမသည် မိုက်ခနဲ ဖြစ်သွားကာ မှောင်ကျသွားသည်ဟု ထင်လိုက်ရသည်။ ကိုယ်ကို လဲကျ မသွားအောင် စားပွဲ အစွန်းကို မှေး၍ ကိုင်ထားလိုက်ရသည်။ သူ ချစ်ခဲ့သော၊ သူ မြတ်နိုးခဲ့သော၊ သူ စုံမက်ခဲ့သော ကိုသက်ဆွေသည် သူ့ကို စွန့်ခွာ သွားလေပြီလော။

မမသည် တွေ၍ ရပ်နေသည်။ ကိုသက်ဆွေကို မုန်းတီး စက်ဆုပ်မှု ဟူသမျှတို့သည် ရင်ထဲတွင် အလှိုင်းလှိုင်း ကြွလာကြသည်။ တစ်ပြိုင်နက် ဦးသက်ထွန်းအား သနားစိတ်သည် ဒွန်တွဲ၍ ပေါ်လာသည်။ ဘာလုပ်ရမည်နည်း။

နောက်ဆုံးတော့ မမသည် ကိုသက်ဆွေနှင့် သူ့ မေမေအား လိုက်၍ တွေ့ရဲသော သတ္တိကို မဖြစ်မနေ မွေးကာ လိုက်တွေ့ရန် ဆုံးဖြတ်လိုက်သည်။ ကိုသက်ဆွေနှင့် နောက်ဆုံး တွေ့ဆုံကာ ရင်ကို ဖွင့်ပြခဲ့ချင်သည်။ ရင်ထဲမှာ ရှိသမျှတွေကို အန်ထုတ်ပစ်ခဲ့ချင်သည်။

'ဘယ်သူတွေ ပါသေးသလဲ ဘအောင်'

'အဲဒါတော့ မသိဘူး ခင်ဗျ၊ တိုက်မှာတော့ တပ်မင်း ကတော် ဒေါ်ခင်လှလှနှင့် သူ့ ညီမကို တွေ့ခဲ့တာပဲ'

ဟုတ်ပေပြီ။ ကိုသက်ဆွေသည် သူ့ကို စွန့်ပစ်ကာ ခင်လှလှ၏ ညီမ ရိုစီနှင့် သူ့ မေမေတို့ နောက်သို့ လိုက်ပါသွားပေတော့မည်။ ထို့ကြောင့် မြန်မြန်လိုက်မှ ဖြစ်တော့မည်ကို သတိ ရလာသည်။

'သူတို့ ဘယ်တော့ သွားမတဲ့လဲ'

'ပစ္စည်းတွေ ပါလို့ မီးရထား လက်မှတ် အယူခိုင်းနေတာ မြင်တယ်'

မမသည် ဘူတာရုံကို လိုက်ရန် ဆုံးဖြတ်လိုက်သည်။ မီးရထား အချိန်စာရင်းကို လှန်လှော ကြည့်သော အခါ မေမြို့ ရထား ထွက်ရန် အချိန် အနည်းငယ် လိုသေးသည်ကို တွေ့ရသည်။

ထို့ကြောင့် မမသည် မေမြို့တွင် နေထိုင်မည့် ရက် အတွက် လိုသလောက် ပစ္စည်းများကိုသာ သားရေ သေတ္တာ တစ်လုံးတွင် ထည့်လိုက်သည်။ မေမြို့တွင် ကိုသက်ဆွေကို အားလုံး ဖွင့်ပြောပြီးနောက် ရန်ကုန်သို့ ပြန်ကာ ဦးသက်ထွန်းအား ဝန်ချ တောင်းပန်ရန် စိတ်ကူးသည်။ သည်အိမ်ကို ဘယ်တော့မှ ပြန်မလာတော့ပြီဟု ဆုံးဖြတ်လိုက်သည်။





ကိုသက်ဆွေ၊ သူ့ မေမေနှင့် ရိုစီတို့ကို တွေ့လျှင် ဘာပြောရမည်ကိုလည်း စီစဉ်ထားလိုက်သည်။ အားလုံး ပြင်ဆင်ပြီးသည့်နောက် မမသည် သမီးလေးကို နောက်ဆုံး ကြည့်ခြင်းဖြင့် ကြည့်ကာ နောက်ဆုံး နမ်းရှုပ်ခြင်းဖြင့် နမ်းရှုပ်လိုက်သည်။ မမသည် ကလေးကို နော်တူးအား ခေါ်ပေးလိုက်ပြီး နောက်ထပ် လှည့်မကြည့်တော့ဘဲ ဆင်းလာခဲ့သည်။

ဘအောင်သည် ကား တံခါးကို ဖွင့်ကာ စောင့်နေ၏။

'မင်း လိုက်မပို့နှင့်တော့ ဘအောင်၊ နေပစေ'

'ဘူတာမှာ လက်မှတ် ခံရဦးမယ် မဟုတ်လား မမ၊ ကျွန်တော် လိုက်ပို့ပါ့မယ်'

မမသည် ဘာမျှ မပြောတော့ဘဲ ဘအောင်ကို ယူလာသည့် သားရေသေတ္တာကို လှမ်းပေးလိုက်ပြီး ကားထဲတွင် ထိုင်ချလိုက်သည်။

ကားသည် ဘူတာ ရှေ့သို့ ထိုးဆိုက်လိုက်လျှင် အရှုံးမ တစ်ယောက်မှာ ခေါင်းတွင် ပန်းတွေ ဝေနေအောင် ပန်ထားကာ ကခုန်နေလေသည်။ သူ့ ဘဝနှင့် စာသော် အရှုံးမ ဘဝကပင် စိတ်ချမ်းသာစရာ ကောင်းသေးသည်ဟု မမ ထင်လိုက်မိသည်။

မမ၏ အချစ်သည် ဒီရေလို အရှိန် ထိုးတက်နေသလောက် ကိုသက်ဆွေ၏ အချစ်သည် တအိအိ ကျဆင်းလျက် ရှိသည်။ မမက ကိုသက်ဆွေကို ပိုင်ဆိုင်လိုသလောက် ကိုသက်ဆွေက မမ၏ ပိုင်ဆိုင်မှု အောက်က ရုန်းထွက်နေသည်။

အချစ် တိမ်သလ္လာ ဖုံးနေကြတုန်းကတော့ သူတို့ နှစ်ယောက်သည် အချစ်က စေခိုင်းရာကို လုပ်ခဲ့ကြသည်။ တိမ်သလ္လာတွေ ပျောက်ကွယ်သွားသော အခါတွင်မူ တကယ့် ဘဝကို မြင်စ ပြုလာကြသည်။ ချစ်နေကြတုန်းကတော့ သူတို့ နှစ်ယောက်သည် တစ်ဦးကို တစ်ဦး တွေ့ဆုံရန် တူရူ လာနေကြသော်လည်း မုန်းလာကြပြီ ဆိုတော့ တစ်ယောက်ကို တစ်ယောက် ကျောပေးကာ ဆန့်ကျင်ဘက် အရပ်ဆီသို့ ထွက်ခွာ သွားနေကြသည်။

လူတို့သည် အချစ်နှင့် အမုန်းတွင် သံသရာ လည်နေကြသူများသာ ဖြစ်သည်ဟု ထင်မြင်လာသည်။ အမုန်းသစ်လျှင် အချစ်သို့ ရောက်လာကြ၍ အချစ်ဆုံးလျှင် အမုန်းသို့ ရောက်လာကြသည်ကို ခံစားမိလာသည်။

အရင်တုန်းက ဦးသက်ထွန်းသည် မုန်းခဲ့သူ ဖြစ်၍ ကိုသက်ဆွေသည် သူ့ချစ်သူ ဖြစ်ခဲ့သည်။ ဦးသက်ထွန်းက ကွာရှင်းပေးကာ တူးတူးလေးအား ထည့်လိုက်လျှင် ကိုသက်ဆွေနှင့် လက်ထပ်မည်ဟု ဆုံးဖြတ်ခဲ့သည်။

ယခုတော့ ကိုသက်ဆွေနှင့် သူတို့၏ အချစ်သည် ဆုံးခန်းတိုင်သို့ ရောက်ခဲ့ပြီ ဖြစ်ရာ အမုန်းသည် အရိုးထဲ အသားထဲသို့ တစိမ့်စိမ့် ဝင်ရောက်လျက် ရှိနေသည်။ တကယ်တော့ သူတို့ နှစ်ယောက်သည် နောက်ဆုံးတွင် တစ်ယောက်ကို တစ်ယောက် အမုန်းဖြင့် အဆုံးသတ်ကြရန် မွေးဖွားလာကြသလားဟုပင် ထင်လိုက်မိသည်။

ကျောင်းက ပြန်လာသော ကလေး တစ်သိုက်သည် ဆူညံစွာ စကားပြော၍ သွားကြသည်။

မမသည် သူတို့ကို မြင်တော့ တူးတူးကိုလည်း အမှတ် ရလာပေသည်။

သဘောထား ကြီးသော၊ သနား ငဲ့ညှာတတ်သော ဦးသက်ထွန်းကိုလည်း အမှတ် ရလာသည်။

'မမရဲ့ အပြစ်တွေဟာ ဘယ်လိုပဲ ချေချေ မကျေတော့ပါဘူး ကိုကို၊ မမကို ခွင့်လွှတ်ပါ ကိုကို'

မမသည် ရင်ထဲမှ ရွတ်ဆိုနေမိသည်။

'မေမြို့ သွားဖို့ လက်မှတ် ခံရမှာလား မမ'

မမသည် ဘယ်ကို သွားရန် ရည်ရွယ်၍ ဘာလုပ်နေသည်ကိုပင် မေ့လျော့နေသည်။ ခဏ ကြာတော့မှ သက်ပြင်း ချကာ လက်ပွေ့အိတ် အနီကလေးထဲမှ ငါးကျပ်တန် တစ်ရွက်ကို ထုတ်ပေးလိုက်သည်။



၉

ဘအောင်သည် လက်မှတ် တစ်စောင်ကို ဝယ်ကာ မမအား လာ၍ ခေါ်သဖြင့် မမသည် နောက်က ဆင်းလာခဲ့သည်။ ပလက်ဖောင်းပေါ်တွင် လူတွေ ရှုပ်ယှက်ခတ် နေသည်။ အလုပ်သမားများမှာ လက်တွန်း လှည်းများကို တွန်းလာကြသည်။ ကောင်လေး တချို့ကလည်း မမအား ကြည့်ကာ လေချွန်လိုက်ကြသည်။

မမသည် အထက်တန်းတွဲ တစ်တွဲပေါ်သို့ တက်လိုက်ကာ ထိုင်ခုံပေါ်တွင် ထိုင်လိုက်ပြီး လက်ပွေ့အိတ်ကို ဘေးသို့ ချထားလိုက်သည်။ ဘအောင်သည် သားရေ သေတ္တာကို ချပေးပြီး နှုတ်ဆက်၍ ပြန်သွားလေသည်။

မမသည် ပလက်ဖောင်းဘက် ပြတင်းပေါက်တွင် ထိုင်မိနေသဖြင့် မျက်စိရှုပ်လာသောကြောင့် တခြားဘက်သို့ ပြောင်း၍ ထိုင်လိုက်သည်။ ခဏ ကြာလျှင် လင်မယား နှစ်ယောက် တက်လာကာ ခပ်လှမ်းလှမ်းတွင် ထိုင်လိုက်ကြ၏။

'လက်ပွေ့အိတ်က ဒီကဟာပါလား ခင်ဗျာ'

ယောကျ်ားက လက်ပွေ့အိတ် အနီကလေးကို လာ၍ ပေးသဖြင့် မမသည် သူ့ကို တစ်ချက်မျှ လှန်ကြည့်လိုက်ပြီး လက်ပွေ့အိတ်ကို ယူထားလိုက်သည်။ မမသည် ကိုသက်ဆွေတို့ ပေါ်လာနိုးဖြင့် မျှော်နေမိသည်။ သို့ရာတွင် ပထမ ဝီစီ မှုတ်သည့်တိုင်အောင် ကိုသက်ဆွေတို့ မပေါ်လာသော အခါ စိတ်ထဲတွင် ယောက်ယက်ခတ်စ ပြုလာသည်။ စကား ပြောသံ၊ ရယ်သံတို့နှင့် နှုတ်ဆက်သံကို ကြားနေရသည်။ မမသည် ရယ်သံများကို မကြားချင်ဘဲ နားကို ပိတ်ထားလိုက်ချင်သည်။ ဒုတိယ အကြိမ် ဝီစီ မှုတ်သံ ထွက်ပေါ်လာသည့် အခါတွင် မမသည် ကိုသက်ဆွေတို့များ လာဦးမလားဟု မျှော်ကြည့်မိသည်။

သို့ရာတွင် ကိုသက်ဆွေ၏ အရိပ်အယောင်ကိုသော် လည်းကောင်း၊ ကိုသက်ဆွေ မေမေ၏ အရိပ်အယောင်ကိုသော် လည်းကောင်း မမြင်ရတော့ပေ။ တတိယ အကြိမ် ဝီစီ မှုတ်သံ ပေါ်လာပြီးနောက် ရထားသည် ဂျိမ်းခနဲ မြည်

ကာ တရွေ့ရွေ့ ထွက်လာသည်။ တဖြည်းဖြည်းနှင့် ရထားသည် အရှိန် ရလာကာ ရထား ဘီးများသည် သံလမ်းများပေါ်တွင် ညင်သာစွာ လိမ့်လျက် ရှိလေသည်။

အနောက်ဘက်မှ နေရောင်သည် ရထား ပြတင်းမှ ကျော်ဖြတ်ကာ တွဲထဲသို့ ထိုးကျနေသည်။ မမသည် ဘေးပတ်ဝန်းကျင်ကို သတိ မရတော့။ သူ့ဟာသူ တွေး၍ လိုက်ပါလာသည်။

ကိုသက်ဆွေတို့သည် မေမြို့သို့ သွားမည်ဟု သူ့ကို လိမ်ပြောခြင်း ဖြစ်လေသလားဟုလည်း တွေးမိသည်။ သို့မဟုတ် မော်တော်ကားဖြင့် တက်သွားကြလေပြီလား ဟူ၍လည်း စဉ်းစားမိပြန်သည်။ မေမြို့သို့ ရောက်လျှင် ကိုသက်ဆွေနှင့် လည်းကောင်း၊ သူ့ မေမေနှင့် လည်းကောင်း သွားတွေ့ကာ ရင်ထဲ ရှိသမျှတွေကို ဖွင့်ထုတ်၍ အန်ချလိုက်ဦးမည်။ နောက် ခွင့်လွှတ်တတ်သော၊ ကြင်နာတတ်သော၊ သဘောထား ကြီးသော ဦးသက်ထွန်းထံ ပြန်တော့မည်။

ဦးသက်ထွန်းသည် သူ့အား ဆီးကြိုခြင်း ပြုပါဦးမည်လော။ သူ့ကို လက်ခံပါဦးမည်လော။ ဦးသက်ထွန်းသည် တကယ် သဘောထား ကြီးသူ ဖြစ်လျှင်၊ သားနှင့် အမေတို့၏ စိတ်ချမ်းသာမှုကို လိုလားသူ ဖြစ်လျှင် သူ့အား လက်ခံလိမ့်မည်ဟု မျှော်လင့်မိသည်။

မမ ကိုယ်တိုင်လည်း ဦးသက်ထွန်း ကျေနပ်လောက်သည် အထိ အောက်ကျို့ တောင်းပန်ရဲသော သတ္တိကို မွေးမြူပြီး ဖြစ်ပေသည်။

ကိုသက်ဆွေနှင့် သူ့ မေမေကို လိုက်တွေ့ရဲလောက်အောင် သတ္တိ ကောင်းသည် ဆိုလျှင် ဦးသက်ထွန်း၏ ခြေ အစုံကို ဖက်၍ တောင်းပန်ရဲသည့် သတ္တိကိုလည်း အဘယ်ကြောင့် မမွေးမြူနိုင်ရမည်နည်း။

မမက သူ့ အမှားကို ဖွင့်ဟ ဝန်ခံ တောင်းပန်သည်နှင့် သဘောထားကြီးသော ဦးသက်ထွန်းသည် မမကို ခွင့်လွှတ်လိမ့်မည်ဟု မမ မျှော်လင့်မိသည်။ မမအား တူးတူးနှင့် ပြန်လည် နေထိုင်ခွင့် ပေးလိမ့်မည်ဟုလည်း မျှော်လင့်ထားခဲ့သည်။ ဦးသက်ထွန်းက ခွင့်မလွှတ်သည့်တိုင် မမသည် သူ့ အမှားကို ဦးသက်ထွန်းထံ ဖွင့်ဟ ဝန်ခံ၍ တောင်းပန်ပြီး တစ်နေရာရာတွင် ချောင်ခိုကာ ခပ်အေးအေး နေသွားတော့မည်ဟု စိတ်ကူး ထားမိသည်။

မမသည် တစ်လမ်းလုံး တွေး၍ လိုက်ပါလာခဲ့သည်။ မေမြို့သို့ ရောက်လျှင် ကိုသက်ဆွေထံ သွားပြီး လေယာဉ်ပျံ ရက်ကို စောင့်ကာ ရန်ကုန်သို့ ပြန်တော့မည်ဟု စီစဉ်လိုက်သည်။





ခစ်ခစ် ရယ်သံ ကြားသံဖြင့် မမသည် နောက်သို့ မသိမသာ ကြည့်လိုက်မိသည်။ ညားခါစ ဖြစ်ဟန် တူသော လင်မယား နှစ်ယောက်မှာ တစ်ယောက်ကို တစ်ယောက် နောက်ပြောင် ကျီစယ်၍ လာကြသည်။ မမသည် သူတို့ ရယ်သံကိုလည်း မကြားချင်၊ ကြည့်လည်း မကြည့်ချင်တော့ပေ။

မေမြို့ ဘူတာထဲသို့ ရထား ဆိုက်လိုက်သော အခါတွင် နေဝင်စ ပြုနေပြီ ဖြစ်လေသည်။ ထင်းရှူးပင်များ ကြားမှ အုတ်ကြွပ်မိုး နီနီကလေးများကို တွေ့လိုက်ရသော ရှုခင်းသည် မမ စိတ်ကို ကြည်လင်လာစေသည်။

မမသည် သားရေ သေတ္တာကို မနိုင့်တနိုင် ဆွဲကာ လက် တစ်ဖက်က လက်မွေ့အိတ်နီကို လက်မောင်းတွင် ချိတ်ရင်း ပလက်ဖောင်းပေါ်တွင် လူအုပ်ကြားထဲသို့ တိုးဝှေ့ ဆင်းလာပြီး ရပ်နေမိသည်။ စိတ်ထဲတွင် ဘယ်ကို သွားရမည်ကို မသိဘဲ ဖြစ်နေသည်။ ကိုသက်ဆွေတို့သည် မေမြို့သို့ ရောက်ကြပြီလော။ မေမြို့သို့ ရောက်လျှင် သူနှင့် ကိုသက်ဆွေတို့ ယခင်က နေခဲ့ကြသော ရေချမ်းအိုးဘက်က အိမ်တွင် ရှိနေမည်လောဟု စဉ်းစားနေမိ၏။

မမ၏ ဘေးတွင် လူတွေ ရှုပ်ယှက်ခတ်နေသည်။ မီးရထား အလုပ်သမားများ၊ ခရီးသည်များကို မြင်ရသည်။ လူရွယ် တစ်သိုက်သည် လှပသော မမကို ငေးကြည့်ကာ ဝေဖန်နေကြသည်။ မမသည် ကိုယ့်ကိုယ်ကိုယ် မလုံမလဲ ဖြစ်လာသဖြင့် မျက်မှန်နက်ကြီးကို တပ်ထားလိုက်ရ၏။

မမသည် ဘယ်သွား၍ ဘယ်လာရမည်ကို မသိဘဲ ပလက်ဖောင်းပေါ်တွင် ရပ်နေပြီး နောက်ဆုံး ရေချမ်းအိုးဘက်သို့ လိုက်သွားရန် စိတ်ကူးရကာ လှည့်၍ အထွက်လိုက်တွင် ကိုသက်ဆွေ၊ ရိုစီနှင့် ကိုသက်ဆွေ၏ မေမေသည် ဘူတာရုံရှေ့တွင် ရပ်ထားသော ကား တစ်စီးပေါ်သို့ တက်ကာ မောင်းသွားသည်ကို မြင်လိုက်ရ၏။

မမသည် မျက်မှန်နက် အောက်မှ သူတို့ကို လှမ်း၍ ကြည့်လိုက်မိပြီး အနီးသို့ ရောက်လာသော လက်မှတ်စစ် တစ်ယောက်အား 'ဒီမှာရှင်၊ ဟို ကားပေါ် တက်သွားတဲ့ လူတွေက ဒီရထားနှင့် လာတာလား'

လက်မှတ်စစ်သည် သူ့ အမေးကို နားမလည်သလိုဖြင့် ကြည့်နေပြီးမှ ပြုံးကာ

'ဩော် ဆရာ ဦးသက်ဆွေတို့လား၊ မဟုတ်ပါဘူး၊ သူတို့ ပစ္စည်းတွေ ရထားမှာ ပါလာလို့ တန်ဆာ လာရွေးတာပါ၊ ဆရာ ဦးသက်ဆွေနှင့် သိပါသလား'

'ဪ မသိပါဘူးရှင်၊ ကျွန်မ မိတ်ဆွေ တစ်ယောက်နှင့် တူလို့ သူတို့များလားလို့ မေးကြည့်တာပါ'

မမက အထစ်ထစ် အငေါ့ငေါ့ ဖြေလိုက်သည်။

'ဦးသက်ဆွေက ကျောင်းတုန်းက ကျွန်တော့် ဆရာ ဖြစ်ဖူးပါတယ်၊ ကျွန်တော် အင်တာမှာ ကျလို့ လက်မှတ်စစ် ဝင်လုပ်တော့ ဦးသက်ဆွေက'

လက်မှတ်စစ်က စကား ဆက်နေပြန်သည်။ မမသည် သူ ဘာပြောနေသည်ကို မသိတော့ဘဲ တွေ၍သာ နေမိသည်။ မျက်မှန်နက် အောက်မှ မျက်လုံးများတွင် မျက်ရည်တွေ ဝဲလာကြသည်။

မမသည် လက်မှတ်စစ်ကို ကျေးဇူးတင်စကား ပြောကာ ပလက်ဖောင်းအတိုင်း လျှောက်လာခဲ့သည်။ ပလက်ဖောင်း အဆုံးသို့ ရောက်သော အခါ ဘယ်ကို သွားရမည်ကို မသိဘဲ တွေနေမိပြန်သည်။ ပလက်ဖောင်းတွင် ကလေးများနှင့် မိခင်သည် မန္တလေးမှ ဖြစ်ဟန်တူသော သူတို့ ဖေဖေကို အားရဝမ်းသာ စကား ပြောနေကြသည်။

ကျောက်စရစ်များ တင်ထားသော ရထား တစ်စင်းသည် တဖြည်းဖြည်း ခုတ်မောင်းလာ၏။ မန္တလေးသို့ ပို့ရမည့် လမ်းခင်း ကျောက်များ ဖြစ်ပေ၏။

အစတုန်းက မမသည် ကိုသက်ဆွေအား နောက်ဆုံး တွေ့ဆုံကာ ဖွင့်ပြောပြပြီးနောက် ဦးသက်ထွန်းထံ ပြန်ရန် ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် ကိုသက်ဆွေအား ဖွင့်ပြော၍လည်း ဘာမျှ ထူးတော့မည် မဟုတ်။ ထို့ကြောင့် ကိုသက်ဆွေနှင့် မတွေ့တော့ဘဲ သူ့ အဖို့ သွားရန် တစ်လမ်းသာ ရှိတော့၏။ ထိုလမ်းမှာ ဦးသက်ထွန်းထံ ပြန်ရန် ဖြစ်၏။

'ကိုကို၊ မမဟာ ကိုကို့လို သစ္စာ ရှိတဲ့ လူတစ်ယောက် အပေါ်မှာ သစ္စာမဲ့ခဲ့တယ်၊ ကိုကို့ကို လိမ်ခဲ့တယ်၊ ကိုကို့ကို မုန်းခဲ့တယ်၊ ခုတော့ မမ နောင်တရပါပြီ ကိုကို၊ မမ ကိုကို့ဆီကိုပဲ ပြန်လာပါရစေတော့၊ တကယ်တော့ ကိုကိုဟာ မမရဲ့ ကျေးဇူးရှင်၊ မမရဲ့ အချစ်၊ မမရဲ့ အသည်းနှလုံးပါ ကိုကို၊ အမိုက်မကို ခွင့်လွှတ်ပါတော့'

မမသည် အားလျှော့ချလိုက်ကာ ဦးသက်ထွန်းကို တောင်းပန်ရန် ဆုံးဖြတ်လိုက်သည်။ မေမြို့တွင် လေယာဉ်ပျံ ရက်ကို စောင့်၍ ရန်ကုန်သို့ ပြန်ရုံသာ ရှိတော့သည်။

သို့ရာတွင် မိမိသည် ဦးသက်ထွန်းအား လိမ်လည် ဖောက်ပြားခဲ့ပြီးမှ ဦးသက်ထွန်းထံ ပြန်သွားလျှင် တရားရာ ကျပါဦးမည်လော။ သူ့လို ဖောက်





ပြားခဲ့သော မိန်းမ တစ်ယောက်သည် သဘောထား ကြီး၍ ကြင်နာတတ်သော လင် တစ်ယောက်၏ ခွင့်လွှတ်မှုနှင့် ထိုက်တန်ပါသေးသလော။ တကယ်တော့ မထိုက်တန်တော့ပေ။

မမသည် ပလက်ဖောင်းတွင် ရပ်ရင်း မန္တလေးသို့ လာစဉ်က ဘူတာရုံတွင် မီးရထား ကြိတ်မိသော အဖြစ်အပျက် တစ်ခုကို သွား၍ အမှတ် ရလာလေသည်။

သည်အဖြစ်အပျက်ကို အမှတ်ရသည်နှင့် မမသည် သူ ဘယ်သွား၍ ဘာလုပ်ရမည်ကို ရုတ်ခြည်း သိမြင်လာပေသည်။

ချက်ချင်းပင် သံလမ်း တစ်ခုကို ကျော်ကာ နောက်သံလမ်း တစ်ခု ဘေးတွင် ရပ်ရင်း တဂျိမ်းဂျိမ်း ခုတ်မောင်း လာနေသည့် ရထားကြီးကို ကြည့်နေလေသည်။

ရထား ခေါင်းတွဲသည် သူ့ဘေးမှ ဖြတ်၍ ခုတ်မောင်း သွားလေသည်။ မမသည် ရထား ဘီးကြီးများကို လည်းကောင်း၊ မောင်းတံကြီးများကို လည်းကောင်း ငုံ့ကြည့်နေမိသည်။ ရထား အောက်မှ ဇလီဖားတုံးများ၊ ကျောက်မီးသွေးမှုန်များကို စူးစိုက် ကြည့်နေမိသည်။ သူ့ မျက်စိထဲတွင် ဦးသက်ထွန်းနှင့် တူးတူး၏ မျက်နှာတို့သည် ရေးရေး ပေါ်လာကြသည်။

မမသည် သူ သွားရမည့် နေရာကို သိလေပြီ။

ကျောက်တွဲကြီးတွေ သူ့ ရှေ့ ရောက်လာသည်နှင့် မမသည် ရထား အောက်သို့ လှဲချလိုက်ရန် အားယူပြီး လှဲချလိုက်သည်။ သို့ရာတွင် လက်ပွေ့အိတ်မှာ အလံချိုး တိုင်တွင် ပတ်ထားသည့် နန်းကြိုးနှင့် ငြိနေသဖြင့် တုံ့ဆွဲလိုက်သလို ဖြစ်သွားသဖြင့် မလှဲလိုက်နိုင်ဘဲ လွတ်သွားလေ၏။

မမသည် မျက်စိထဲတွင် ငယ်ငယ်တုန်းက အဖြစ်အပျက်များ၊ အပျို ဘဝက အဖြစ်အပျက်များ စသည့် ဘဝ၏ ရုပ်ပုံများကမူ တဂျိမ်းဂျိမ်း လိမ့်လာသည့် ရထားဘီးများဆီသို့သာ ရောက်နေကြသည်။

ကျောက်တွဲ တစ်တွဲ၏ ရှေ့ဘီး လွန်သွား၍ နောက်ဘီး ရောက်မလာခင်ကြား အချိန်ပိုင်းကလေး အတွင်းတွင် မမသည် လက်ပွေ့ အိတ်ကို လွှတ်ချလိုက်ပြီး ဒူးထောက် ထိုင်ကာ သံလမ်းပေါ် ခေါင်းတင်ချလိုက်၏။

နောက်ဘီးများသည် တဂျိမ်းဂျိမ်း မြည်၍ လိမ့်လာကြသည်။ သံလမ်းများသည် တဂျွတ်ဂျွတ် မြည်နေကြသည်။ သည်တော့မှ မမသည် သူ ဘာလုပ်၍ ဘာကိုင်နေသည်ကို သတိ ထားမိလာသည်။


ထို့ကြောင့် သတိ ရကာ သံလမ်းတွင် မျက်စိ မိုတ်၍ ခေါင်းတင်ထားရာမှ ခေါင်းထောင်ကာ ရုတ်ခြည်း ထလိုက်လေသည်။

သို့ရာတွင် နောက်ကျလေပြီ။

အကြင်နာ ကင်းမဲ့၍ လေးလံလှသော ရထား ဘီးကြီးသည် သူ့ အပေါ်သို့ တက်နင်း ဖြတ်ကျော်သွားလေပြီ။ မမသည် မျက်လုံးထဲတွင် ဝင်းခနဲ ဖြစ်သွားသည်ကိုသာ သိလိုက်တော့သည်။ ဘရိတ် ဆွဲသံ၊ အော်သံနှင့် အတူ မီးရထား အလုပ်သမားများ သူ့ထံသို့ ပြေးလာကြသည်။

ချစ်ခြင်းနှင့် မုန်းခြင်း၊ ဝမ်းသာခြင်းနှင့် ဝမ်းနည်းခြင်း၊ ကြည်နူးခြင်းနှင့် ကြေကွဲခြင်း၊ ကောင်းခြင်းနှင့် မကောင်းခြင်းတို့သည် ရောထွေး ယှက်တင်ရှိနေသည်။ လူ့ဘဝ ဦးကာကို ဖတ်ရှုခဲ့သော မမ၏ မျက်လုံးများသည် မှိတ်သွားကြလေပြီ။ မမ၏ ကိုယ်တွင်း၌ လူ့ဘဝ မီးတိုင်သည် အပြီးအပိုင် ငြိမ်းလေပြီ။

မြသန်းတင့်


မြသန်းတင့်
၆၆
Design